

နေနွယ်ဇင်မြင့်
ချစ်ခြင်းနိဒါန်း

# ၁

နှစ်ယောက်ခုံမှာ အေးချမ်းယှဉ်ပြီး ထိုင်လျက်ရှိသော သူဟာ ကောင်မလေးတစ်ယောက်ပဲမို့ “ပန်းစကား” တော်တော်လေး ချမ်းသာသွားရ၏။

ခုလို ... အဝေးပြေးကားကို တစ်ယောက်တည်းစီးပြီး ခရီးဝေးသွားဖူးခြင်းဟာ၊ ဒါ ... ပထမဆုံး အတွေ့အကြုံပါ။ အဲသည် အတွေ့အကြုံမျိုး မရှိဖူးသေးလို့ကို၊ ရအောင်ဖန်တီးခဲ့ခြင်းပင်။ စင်စစ် ... ပန်းစကားဆိုတာ၊ အဝေးပြေးကားမျိုးစီးမှ တစ်မြို့နှင့်တစ်မြို့ သွားလာနိုင်သူ မဟုတ်ချေ။ ကိုယ်မောင်းနေကျ ကိုရိုလာတူး Corolla-II ဟုခေါ်သည့် ကားပုသေးသေးလေးကို ကိုယ့်ဘာသာ မောင်းပြီးတော့လည်း သွားနိုင်သည်။ အိမ်မှယာဉ်မောင်းအား ဖေဖေ့ ကား ပါဂျရိုးကြီးကို မောင်းခိုင်းပြီးတော့လည်း သွားနိုင်သည်ပင်။

ပန်းစကားကိုက ... ဆတ်ဆတ်ဆော့ဆော့၊ အဝေး ပြေးကား စီးဖူးသည့် အတွေ့အကြုံကို လိုချင်လွန်းလှချည်ရဲ့ ... ဟူ၍ နားပူအောင်ပြောပြီး ပူဆာလွန်းမက ပူဆာနိုင်လွန်း၍ ဤအခွင့် အရေးကို ရခဲ့တာပင်။ မေမေက မပေးချင် ပေးချင်နှင့် ပေးလိုက် တာပင်။

"ခုခေတ်မှာ ... သမီးတို့အရွယ် မိန်းကလေးတွေဟာ၊ နိုင်ငံခြားထိတောင် တစ်ယောက်တည်း သွားနေတာ မေမေရာ ...။ အင်္ဂလန်သွားမယ်ဆိုရင်၊ ဗန်ကောက်ကတစ်ဆင့် စီးရတာမျိုး၊ စင်ကာပူကတစ်ဆင့် စီးရတာမျိုး၊ ကွာလာလမ်ပူကတစ်ဆင့် စီးရတာမျိုးတွေနဲ့၊ ညအိပ် ညနေကြီးတောင် လမ်းခရီးမှာ ကြာရသေးတာ။ မေ့သမီး အသက်နှစ်ဆယ် ကျော်ပါပြီ မေရဲ့"

"နှစ်ဆယ်ကို ဘယ်လောက်ကျော်သေးလို့ ဒီစကားကို လာပြောနေရတာလဲ။ အဘွားကြီး ဖြစ်ပလား"

မေမေက မျက်စောင်းထိုးပါသေးသည်။

"နိုင်ငံခြားတွေမှာ ဆိုရင်၊ အထူးသဖြင့် အနောက်နိုင်ငံတွေပေါ့။ ဆယ့်ရှစ်နှစ်ပြည့်ရင် မိဘအိမ်ပေါ်ကဆင်းပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကြတာပဲ။ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး အဲဒီကရတဲ့ပိုက်ဆံနဲ့ တက္ကသိုလ်တက်ကြတာ"

"တော် ... တော် ... အမေ ဆေးရုံတက်နေရလို့မှ၊ အဝေးမြို့တစ်မြို့ကနေ ပန်းစည်းတစ်စီးရောက်တဲ့ ယဉ်ကျေးမှုနဲ့ လာမယှဉ်နဲ့။ ကျုပ်တို့က ခေါင်းလေးနည်းနည်းကိုက်ရင်တောင် သမီးလက်ကို ဆွဲထားပြီး ... ဟိုအဖေကြီး အနားလာနေလို့ ပြောရမှ"

ပန်းစကား တခစ်ခစ် ရယ်ရပါသေးသည်။

"လွှတ်လိုက်စမ်းပါကွာ။ ကတ္တီပါကော်ဇောကို နင်းရတာ ခြေချော်တယ်ထင်ပြီး ခဲလုံးတွေကြားထဲ ဖိနပ်မစီးဘဲ လျှောက်ရတဲ့ အတွေ့အကြုံမျိုးကို ရချင်နေတဲ့ သမီး"



"ဟုတ်တယ် ဖေကြီးရဲ့။ အဲဒါ အမှန်ပါပဲ။ သမီးဘဝက ပန်းခင်းလမ်းပေါ်မှာချည်း လျှောက်ခဲ့ရတော့၊ ဘဝဆိုတာကြီးထဲ ဆင်းပြီးကြည့်ခွင့်ရချင်တာပါ",

"သွားအေ ... သွား၊ သွား၊ နားပူတယ်။ ဘဝဆိုတာကြီးထဲ ဆင်းကြည့်ပြီး၊ မြေကြီးစော်နံနေတဲ့ ရည်းစားကြီးသာ ကောက်ထားမလာနဲ့"

"ကြည့် ... မေက ပြောတော့မယ်"

"ကားစထွက်ကတည်းက သမ္မုဒ္ဒေ သက်စေရွှတ်၊ ဗုဒ္ဓါနုဿတိ နှစ်ဆယ့်လေးခေါက်ရွတ်"

"အကျဉ်းပဲနော် မေ"

"အကျဉ်းမရွတ်လို့ ... ရှင်က အကျယ်ရော ရတာမို့လို့လား"

မေမေ မျက်စောင်းထိုးပြန်၏။

"အိမ်ကမထွက်ခင် ဂုဏ်တော်တစ်ထောင် ပုတီးစိပ်သွားဦး၊ လမ်းတလျှောက်မှာတော့ ငေးတဲ့အခါလည်းငေး၊ သတိရရင်လည်း သမ္မုဒ္ဒေပဲ ခဏ ခဏ ရွတ်ပေါ့အေ၊ ဒါပဲ ... ဒါပဲ"

"မေက သိပ်ချစ်ဖို့ကောင်းတာ"

မေ့ပါးကို ရွှတ်ခနဲ နမ်းလိုက်ဖြစ်ပါသည်။ ပန်းစကားသည် [illegible]က်သာ နှစ်ဆယ့်သုံးထဲ ဝင်လာရော (သူ့မှာတော်တော်ကလေး ကြီးကျယ်သော လုပ်ငန်းကြီးတစ်ခုကိုလည်း စီမံအုပ်ချုပ်လုပ်ရှားနေရပါလျက်) အိမ်မှာတော့ ကလေးပေါက်စ၊ ဆယ်ကျော်သက်ပါပဲ။ အလုပ်မှာတော့ "ဒေါ်ပန်းစကား"ဆိုတာ ဆံပင်တွေအပ်လုံးသိမ်းပြီး နောက်တွဲကလေးထုံးလျက်၊ ပိုက်ပါးပါးကျဲကျဲ

လေးအုပ်ပြီးမှ ပန်းလေးတစ်ပွင့်ပန်ပြီး၊ ခုံမြင့်ဖိနပ်သုံးလက်မစီးကာ ကြော့မော့နေတတ်သည့် "အလုပ်ရှင်မမ" ဖြစ်ပါသတည်း။

ဏ ဏ ဏ

"ကျွန်မတို့ မိန်းကလေးနှစ်ယောက် တစ်ခုံတည်းကျတာ သိပ်ကောင်းတာပဲနော်"

ဘေးခုံမှ ကောင်မလေးဟာ ဆယ်ကျော်သက်လေးများလား မသိ၊ နှစ်ဆယ်မှ ပြည့်သေးရဲ့လား။ အရပ်ကလေးက ပုသည် မဆိုနိုင်ပြား၊ မြင့်လည်း မမြင့်လှပါ။ အသားရောင်လေးက ရွှေအဆင်းလို့သာ ပြောချင်တော့သည်။ ဆွတ်ဆွတ်ဖွေးပေါ်မှာ အဝါနှစ်ရိပ်ကလေး လဲ့လဲ့ပြေးလျက်၊ မျက်နှာပြင်၏ ချောမွတ်မှုဟာ ကော်ပတ်နှင့် စားထားသလားဟု မေးချင်ဖွယ်ပါ။ ဆံပင်ဖားခုံးကျော်၊ ဖြောင့်စင်းစင်း၊ အလယ်ခွဲနှင့်မို့ သူ့ဆံပင်လေးတွေဟာ နောက်သို့ ပို့လိုက်တိုင်း ရင်ဘတ်ဆီသို့ တဖြုတ်ဖြုတ် ပြန်ကြွေကျနေပုံကပင် ချစ်စရာ ကောင်းလွန်းလှတော့သည်။

ဂျင်းဘောင်းဘီ အနက်ကလေးနှင့် တီရှပ်ကရွှေအိုရောင်လေးတို့ဟာ တော်ရုံလူဝတ်လျှင် မဝတ်တတ် မစားတတ်နှင့် ကြိုရာဆွဲလွဲဝတ်ထားသလိုတောင် ဖြစ်နေနိုင်ပါသေးလျက်၊ ဒီကောင်မလေး ဝတ်ထားတော့ ပန့်တင့်လွန်းလို့ ငေးကြည့်နေရပါသည်။ လှလိုက်တဲ့ ကောင်မလေး။ သူ့အမေ ရွှေမှုန့်စားပြီး ကိုယ်ဝန်ဆောင်ခဲ့သည် ထင်ပါရဲ့။ ကိုယ့်ကိုယ်ကိုယ် တော်တော်ကြီး အချိုးတကျ ရှိလှပြီ၊ စမတ် Smart ဖြစ်လှပြီ၊ ကြည့်ကောင်း လွန်းလှပြီဟု ထင်



ထားသော ပန်းစကား၊ လူတကာက ငေးမော ကြည့်ရှု အားကျနှစ်လိုခြင်း ခံရသော ပန်းစကား၊ ကိုယ်ကသာ မရွေးသေးတာ ကိုယ့်ဘေးမှာတော့ "ချစ်သူဝိုင်းဝိုင်းလည်" ...ဟု ဆိုရမည့် ပန်းစကား၊ ကိုယ့်ကုန်တိုက်မှ အလုပ်သမားတချို့ဟာ ကိုယ့်အကြောင်းကို ပြောချင်လျှင် နာမည်ဝှက်သုံးရာ၌ "မေကြော့ရှင်း"ဟု သုံးစွဲခြင်း ခံရပါသော ပန်းစကား... အဲသည် ပန်းစကား ကိုယ်တိုင် မျက်တောင်ခတ်ဖို့ မေ့လျော့စွာ မှင်သက်ငေးနှင့် ယာယီ သေလုအောင် ရက်ရက်စက်စက် လှလွန်းသည့် ကောင်မလေးပါပဲ။

"ဟုတ်တယ် ... မင်းကို တွေ့လိုက်ရတော့ မမလည်း ပျော်သွားတယ်"

ကောင်မလေးဟာ ဆယ်ကျော်သက်မှ ဆယ်ကျော်သက်စစ်စစ်ကလေးပါ။ ဘယ်လိုမှ နှစ်ဆယ်မကျော်နိုင်သေးတာ သေချာလှပါသည်။ ကိုယ်က. နှစ်ဆယ့်သုံးဆိုတော့ ကောင်မလေးဟာ အနည်းဆုံး ... ကိုယ့်ထက်တော့ လေးနှစ်လောက် ငယ်နေနိုင်တာပင်။

"မမ ... ဟား ဟား ... ရယ်ရမှာလား၊ ဘဝင်မြင့်ရမှာလားပဲ။ ရှင်က ကိုယ့်ကိုယ်ကိုယ်၊ ကျွန်မထက်ကြီးတယ်လို့ ထင်လိုက်တာပေါ့နော်"

"မင်းဟာ ဘယ့်လိုလုပ်ပြီး နှစ်ဆယ်ကျော်နိုင်ဦးမှာလဲ"

"နှစ်ဆယ့်သုံး"

"ဟော်တော့ ... ကြည့်စမ်း၊ တို့လည်း နှစ်ဆယ့်သုံးပဲ"

ပန်းစကားဟာ အိမ်မှာတော့ တစ်ဦးတည်းသမီးနဲ့ဆိုးမို့ ကလေးလေးပါပဲ။ ဖေကြီးနှင့် မေတို့ကလည်း၊ ကလေးပေါက်စလိုပဲ ဆက်ဆံသည်။ အလုပ်မှာတော့ လူကြီးဆန်ရပါ

သည်။ မဆန်လို့မှ မဖြစ်ဘဲ။ ကိုယ်တို့ သူငယ်ချင်းလေးယောက် စုပေါင်းပြီး ဖွင့်လှစ်ထားတဲ့ ဤကုန်တိုက်မှာ (ပန်းစကားက ငါးဆယ်ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံလျက်၊ ကျန်သုံးယောက်ပေါင်းက ငါးဆယ်ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံပါသည်။) ကိုယ်က အဆင့်မြင့်ဆုံး တာဝန်ကို ရယူလျက် ရာထူးအကြီးဆုံးပဲ ဆိုပါစို့၊ ပြောရေးဆိုခွင့် အရှိဆုံးနှင့်၊ ကိုယ်ဟာ (တစ်ဦးတည်းပိုင် မဟုတ်ငြား) ပိုင်ရှင်ကဲ့သို့ ဖြစ်နေရတာပင်။

ပန်းစကား အနေတည်ပါသည်။ မျက်နှာထားတင်းပါသည်။ လိုအပ်သည့်အခါမှာ ချိုပါသည်။ စည်းကမ်းကို တိကျစွာ ကိုင်တွယ်ရပါသည်။ ပန်းစကားကို ကြည့်လိုက်ပါတိုင်း၊ ရှိရင်းအသက်ထက် ပိုမှန်းကြမြဲ ဖြစ်၏။ ပန်းစကားရဲ့ ဆံပင်ဟာဘေးက ကောင်မလေးလိုပင် ပခုံးကျော်ရုံပါပဲ။ သို့ပေမဲ့ ... အလုပ်ထဲမှာ နောက်တွဲဆံထုံး ထုံးမြဲမို့ ပန်းစကားရဲ့ ဆံပင်တွေဟာ ဖြောင့်စင်းမနေကြပါ။ ခွေခွေနွဲ့နွဲ့ ရှိ၏။ ဖားလျားဝေဝေချသည့် အခါမှာတောင်၊ ကောင်မလေးလို ကတ္တီပါစ တစ်စနယ် ဖြောင့်စင်းမကျပါ။ ကောင်မလေးရဲ့ ဆံပင်တွေဟာ အလှပြင်ခန်းမ တစ်ခုခုမှာ သုံး၊လေးသောင်း ပေး၍ ဆွဲဆန့်ထားမှန်း (ကိုယ်တိုင်လည်း ဗျူတီပါလာ သွားနေကျမို့) သိပါသည်။ သို့ပေမဲ့ ... အဲသည် ဆံပင်ဖြောင့်တွေဟာ ကိုယ့်လို နောက်တွဲထုံး မဖြစ်မနေ ထုံးနေသူအတွက်၊ ဖြေချသည့်အခါမှာ ကောင်မလေးလို ကတ္တီပါနက်စ ဖြေချလိုက်သလို အပြန့်လိုက် စင်းကျမနေကြတော့ပါ။

ပန်းစကားက ရှိသမျှ ဆံပင်တွေကို အုပ်လုံးသိမ်း၍ ခပ်မြင့်မြင့် တင်စီးကာ၊ ဒီတိုင်းပဲ ချလာခဲ့သည်။ နောက်တွဲထုံး ထုံးထားသလောက် "ရင့်"မသွားသော်ငြား၊ ဘေးက ကောင်မလေး



လောက်လည်း နုမသွားပါ။ အလယ်အလတ်သဘော၊ ကိုယ့်အသက် အရွယ်နှင့် လိုက်ဖက်ရုံ တည်ငြိမ်စွာတော့ လှနေပါသည်။

"တိုက်ဆိုင်တယ်နော် ... ကျွန်မက အိမ်ကထွက်ကတည်းက ဆုတောင်းလာတာ။ တွေ့တွေ့ချင်း ရတဲ့သူဟာ မိန်းမသား လှလှကလေး ဖြစ်ပါစေ ... လို့။ ကြည့်စမ်း ... ကျွန်မ ဆုတောင်း ပြည့်လိုက်တာ"

မျက်နှာလေးတင် နုတာ မဟုတ်ပါ။ ကလေးပေါက်စ သာသာ ရုပ်ကလေး ထွက်နေရုံတင်မကပါ၊ စကားပြောတော့လည်း လောကမှာ အတွေ့အကြုံ အလွန်နည်းနေသော မလောက်လေး မလောက်စားကလေး၊ ချစ်စရာကောင်းအောင် ပြောနေသလိုပါပေ။ ဝါကျတစ်ကြောင်းအတွင်း၊ ခေါင်းကလေး နှစ်ခါ သုံးခါ ငဲ့တတ်တာ၊ နှုတ်ခမ်းကလေးက ပြုံးနေတာ၊ မျက်ဝန်းတောက်တောက်ကလေးတွေ ချိုနေတာတွေ အားလုံးဟာ၊ ကောင်မလေးကို "သူငယ်နပ်စား"ဆိုသည့် အဆင့်သို့သာ တွန်းပို့နေကြပါတော့သည်။

"တို့လည်း အဲဒီလိုပဲ ဆုတောင်းခဲ့မိတယ်"

"ဆုတောင်းခြင်း တိုက်ဆိုင်တယ်၊ ပြည့်တာခြင်း တိုက်ဆိုင်တယ်။ အသက်ချင်းလည်း တိုက်ဆိုင်တယ်။ ကျွန်မတို့ အရင်ဘဝက ညီမတွေလား မသိဘူးနော်"

"ဖြစ်နိုင်တာပေါ့"

"နောက်ဘဝလည်း ညီအစ်မ တော်ချင်တယ်"

"ဟင့်အင်း ... တို့က၊ နောက်ဘဝဆိုတာ တကယ်ရှိရင် ယောက်ျားဖြစ်ချင်တယ်"

"ဟင် ... မဖြစ်ချင်ပါဘူး။ လှလည်းမလှဘူး၊ အလှလည်း မပြင်ရဘူး၊ ကျွန်မက အလှပြင်နေရတာကို ကြိုက်တယ်"

"အလုပြင်နေရတာကို ကြိုက်တယ်"... ဆိုမှ၊ သူ့မျက်နှာကို တစိမ့်စိမ့် ကြည့်မိပါသည်။ မျက်ခုံးသည် အရင်းတုတ်လျက် စင်ရော်တောင်ပုံစံနှင့် အဖျားကလေး ရှူးကျသွားပုံ၊ တကယ့်အဖျားပိုင်းလေးမှာ မျက်ခုံးတစ်ပင်စာလောက်လေးထိ သေးသွယ်ရှူးကျပုံ အချိုးကျလွန်းခြင်းဟာ၊ မူလမျက်ခုံးထူထူ အပြားခပ်ကြီးကြီးမှ၊ တစ်ပင်ချင်း စိတ်ရှည်စွာ နုတ်သိမ်းထားခြင်းပဲ ဆိုတာ သိရတော့၏။ မျက်ခုံးမျှင်ကလေးများ နုတ်ပယ်ထားသည့် အောက်မှ မျက်ခွံသားသည်၊ အခြားအရေပြားထက် မဆိုစလောက်ကလေး ပို၍ပြူစင်နေတတ်ပါသည်။ ဒါကိုတွေ့နေရ၏။

ကော့ရှွန်း မျက်တောင်တွေဟာ ပင်ကိုယ်ရှည်တွေမို့လှပါသည်။ အဲဒါကို မက်စ်ကာရာကူလျက် ကော့ထားသည်မို့ ကော့ပျံလန်နေသလို အလှကြီး လှသွားရခြင်းပင်။ ရွှေအဆင်းဝါမွတ်ညက် ပါးပြင်ပြောင်ပြောင်ကလေးဟာ သနပ်ခါးပေါင်ဒါတစ်မှုန်တစ်စက် မရှိဘြား၊ Cream တစ်ခုခုကိုတော့ ပါးပါးလိမ်းကျံထားသည်ပင်။ ပါးရိုးမှသည် နားထင်ဆီသို့ (ကြည့်နိုင်မှမြင်ရဝါသည်) ပန်းသွေးဖျော့ဖျော့လေး ပြေးတက်သွားတာဟာလည်း သဘာဝမဟုတ်ကြောင်း သိရပါပြီ။

"သဘာဝကိုက တို့ကိုယ်တိုင် ငေးကြည့်ရလောက်အောင် လှပြီးသားပါ၊ လေတိုက်တာ ကြိုက်ရဲ့လား၊ တံခါးမိတ်[illegible]ရမလား"

ပန်းစကားက ပြတင်းပေါက်ဘက်မှာမို့ တံခါးဖွင့်ထားပါသည်။ ရာသီဥတုက မိုးလေးတအုံ့အုံ့၊ ခပ်အေးအေး၊ မိုးသဘာဝလောကလေးဆင်ရှားတို့မှ၊ ..တာ၍ပြတင်းတွေကိုသာ ဖွင့်လျက်၊



အဲယားကွန်းကို မဖွင့်သေးပါ။ ဤမျှအလှကြိုက်သည့် မိန်းကလေးဟာ လေတိုးတာကို ခံနိုင်ရည်ရှိပါ့မလား။

"ဖွင့်ထားပါ ... ရှင်က သဘာဝလေကို ကြိုက်တယ်မဟုတ်လား"

"အင်း ... ကြိုက်တယ်။ မတတ်သာမှပဲ အဲကွန်းဖွင့်တာကို ကြိုက်တာ"

"တူပြန်ပြီနော်။ ကျွန်မလည်း သဘာဝလေကို ကြိုက်တယ်။ ကိုယ့်ကိုယ်ကိုယ် အလှပြင်ရင်သာ သဘာဝအတိုင်း မဟုတ်ဘဲ နည်းနည်းပါးပါး ပြင်ဆင်ပြုပြင်တာ။ နေဖို့ထိုင်ဖို့ကျတော့ သဘာဝကို ပိုကြိုက်တယ်။ လာသာတဲ့ညတွေ ဆိုရင်၊ အိမ်ထဲမှာ အခန်းထဲမှာ နေရတာထက် ခြံထဲဆင်းနေချင်တယ်။ လမင်းကြီးကို မော့ကြည့်နေချင်တယ်။ ရှင်ရောပဲလား"

ပန်းစကားက ပြုံး၍ ခေါင်းညိတ်ပြမိ၏။

"ကျွန်မလေ ... မိုးရွာရင် ခြံထဲဆင်းတာပဲ။ အဆောင်းတွေဘာတွေ မပါဘူး။ ခုလို ဝတ်စားထားတဲ့ အဝတ်အစားပြည့်နဲ့ ခြံထဲဆင်းပြီး မိုးရေချိုးတယ်"

"တို့ရောပဲ။ တို့ရဲ့အသားကို မိုးစက်တွေ လာထိမှန်တာ အရမ်းကြိုက်တယ်"

"ဆောင်းလေတစ်ခုပဲ ကြောက်တာ။ မျက်နှာစပ်တယ်၊ အသားပတ်တယ်။ ခုလို မိုးတွင်း၊ မိုးမရွာခင် တိုက်နေတဲ့ လေကလေးဟာ အေးစိမ့် ညှံ့သက်ပြီး သိပ်ချစ်ဖို့ကောင်းတာ"

မေက ... ကားသွားရင်း ဪတာလည်းဪ၊ သမ္ဗုဒ္ဓေလည်း ရွတ်ဟု ... မှာလိုက်ပေမဲ့၊ ကားကသာ အရှိန်မပျက် ချီတက်နေသည်။ ပန်းစကားမှာ သမ္ဗုဒ္ဓေရွတ်ဖို့ အချိန်ကို မရချေ။

"ကျွန်မ မေမေက မှာလိုက်တယ်၊ လမ်းမှာ သမ္ဗုဒ္ဓေရွတ်သွားတဲ့"

ပန်းစကား အသံကလေးထွက်အောင် ရယ်မိတော့၏။

"ဘာဖြစ်လို့လဲဟင်"

"တို့အမေကလည်း မှာလိုက်လို့ပါ။ ဒါပေမဲ့ လက်တွေ့မှာ အကောင်အထည် မပေါ်ဘူး ဖြစ်နေတယ်"

"ကျွန်မ စကားများနေလို့လား"

"တို့ကလည်း ပြောချင်နေတာပါ။ ခရီးဝေးကို မိန်းမသားတစ်ယောက်တည်း သွားတဲ့အခါမှာ ရွယ်တူတန်းတူ မိန်းမတစ်ယောက်နဲ့ ဆုံရပြီး၊ တိုက်ဆိုင်မှုလေးတွေအကြောင်း ပြောသွားရတာ ဘယ်လောက် ပျော်စရာကောင်းလဲ"

"ကားစထွက်ကတည်းက စကားပြောလာကြတာ တစ်ယောက် နာမည်တောင် တစ်ယောက် မသိကြရသေးဘူးနော်။ ကျွန်မနာမည်ကို ပြောဖြရတိုင်း နည်းနည်းတော့ ရှက်တယ်။ မေမေပေါ့။ အဲဒီနာမည်ကိုမှည့်တာ။ အသွင်တက်လွန်းလို့ဆိုပြီး တချို့က ကဲ့ရဲ့တယ်"

"နာမည်က ဘယ်လောက်ဆိုးလို့လဲ"

"ရွှေနှင့်ယိုးမှား ... တဲ့"

"ဟောတော့ ..."

"ကြည့်လေ ... ရှင်တောင် တစ်မျိုးဖြစ်သွားပြီ မဟုတ်လား။ ကျွန်မက နာမည်ပြောင်းချင်ပါတယ်။ မေမေက မပြောင်း



ရဘူးဆိုလို့။ ကျောင်းတုန်းကဆိုရင် အနောက်ခံရတယ်။ ကျောင်းခေါ်ကြိမ် ခေါ်ရင်လည်း ... ဆရာမက ... မရွှေနှင့်ယိုးမှား ... ဆိုပြီး ခေါ်တိုင်း နောက်ဘက်က ကောင်လေးတွေက ရယ်တာပဲ။ မေမေက မွေးမွေးချင်း ကတည်းက ကျွန်မအသားဟာ ရွှေရောင်ကလေးမို့တဲ့"

"တို့က လှောင်ချင်လို့ မဟုတ်ဘူး၊ အံ့သြတာ"

"ဘာဖြစ်လို့လဲ"

"တို့နာမည်က ပန်းစကား"

"ဟယ် ... တကယ်။ တိုက်ဆိုင်လိုက်တာနော်။ ရွှေနှင့်ယိုးမှား ပန်းစကားဆိုပြီး ရှေးတုန်းက ကဗျာဖွဲ့ခဲ့ကြတာနော်။ ရှင်နဲ့ ကျွန်မဟာ အမြွှာညီအစ်မဖြစ်ဖို့ ကောင်းတာ"

"တို့က မင်းလောက် မလှပါဘူး"

ကိုယ့်ထက်ငယ်လေးအဖြစ်၊ ကိုယ့်ကိုယ့်ကိုယ် ... မမ ... ပြောမိခဲ့တာကို "တို့" ဟု ပြင်ပြောဖြစ်ပေမဲ့၊ သူ့ကို "မင်း" လို့ ထုံးတာကိုတော့ မပြင်ချင်တော့ပါ။

"တို့က မင်း ... လို့ သုံးတာ ကြိုက်ရဲ့လား"

"ကြိုက်တယ် ... ရှင့်ကို အရမ်းချစ်သွားပြီ။ ခုချိန်မှာ ... ရှင်က ကျွန်မကို ဆဲရေးတိုင်းထွာနေရင်တောင် ကျွန်မ နားဝင်ချိုမှာပဲ။ ကြိုက်သလိုသာသုံး။ ဒီနေ့ ဒီရက် ... ဒီကားပေါ်မှာ ရှင်နဲ့ ကျွန်မ တိုက်ဆိုင်စွာ လာဆုံစည်းရခြင်းဟာ ရေးရေစက်အစပ်ပဲ။ တစ်ဦးတည်းသော သမီးလား"

"ဟုတ်တယ်"

"ဒီခရီးကို မိဘတွေက မလွှတ်ချင်ဘူး မဟုတ်လား"

"အစစ်ပေါ့"

"တိုက်ခိုက်ယူခဲ့ရတဲ့ အခွင့်အရေးလေ"

"မှန်လိုက်တာ"

"တကယ်ဆို ... ကိုယ့်ကား ကိုယ်မောင်းပြီး လာလို့လည်း ရတယ်။ ကား ရှိတယ်။ ကားမောင်းတတ်တယ်"

"တို့ရောပဲ"

"အိမ်ကကားကို ဒရိုင်ဘာနဲ့လာလည်း ရတယ်"

"တူတူပဲ"

"ဒါပေမဲ့ ... လူတွေအများကြီးပါတဲ့ ဒီကားထဲမှာ လူတွေဟာ ပုံစံအမျိုးမျိုး၊ ကိုနွအမျိုးမျိုး၊ ပြဿနာအမျိုးမျိုးနဲ့ လာရောက်စုဝေး ဆုံစည်းမိကြတဲ့ အဖြစ်ထဲမှာ ရောပါချင်တဲ့ ခံစားမှုကို အရမ်းရချင်တာ"

"အဲဒါပေါ့ ... တို့ရောပဲ။ တူလိုက်တာနော်"

"ဒီလောက်တူလို့လည်း၊ မိုးနတ်မင်းကြီးက တစ်ခုံတည်း တူတူထိုင်ဖြစ်အောင် စီစဉ်ပေးလိုက်တာ ဖြစ်မယ်"

ပန်းစကား ရယ်မိပါသည်။

"တို့မြန်မာတွေလည်း တရုတ်ကားတွေကြည့်ပြီး မိုးနတ်မင်းကို တိုင်တည်တတ်လာပြီ။ အရင်တုန်းကဆိုရင် ခရစ်ယာန် ဘာသာဝင်တွေကတော့ ထားပါတော့၊ ခရစ်ယာန် ဘာသာဝင်မဟုတ်တဲ့ သူတွေကလည်း ... ဘုရားသခင် အလိုတော် အတိုင်းပဲ ... လို့ ပြောရတာကို သိမ်ခံတွင်းတွေမြို့ ပြောဖြစ်ကြတာများတယ်"

"ဟုတ်တယ်နော်"

"ခုတော့လည်း ... မိုးနတ်မင်းကို တိုင်တည်နေကြပြန်ပြီ၊ မေက ပြောတယ်။ ကိုရီးယားကားတွေ ကြည့်လို့ကောင်း



ပါတယ်တဲ့။ ဓာတ်လမ်း ဓာတ်အိမ်လည်း နိုင်တယ်။ သူတို့ အမူအရာတွေလည်း ပါးပါးလေးနဲ့ သဘာဝကျတယ်၊ ဒါပေမဲ့ မိန်းကလေးက လိုက်ကြိုက်တာတော့ အတုမယူနဲ့တဲ့ ...

"ဘယ့်နှယ် ... ယောကျ်ားလေးက ကြည့်ရှောင်ရတယ်။ မိန်းကလေးက အရှက်မရှိ အတင်းလိုက်ကြိုက်၊ ဒါကို မိဘနဲ့ အစ်ကိုတွေကလည်း မဆုံးမတဲ့အပြင် အလိုလိုက်နေသေးတယ်တဲ့။ အဲဒါတစ်ခုတော့ ဆိုးတယ်တဲ့"

"ကျွန်မ မေမေလည်း ဒီလိုပဲ ပြောတယ်"

"နေဦး ... တို့နှစ်ယောက်က တိုက်ဆိုင်လွန်းလို့၊ မေးရဦးမယ်။ အခု ... တောင်ငူကို ဘာကိစ္စနဲ့ သွားမှာလဲ"

"ကျွန်မ သူငယ်ချင်း မင်္ဂလာဆောင်"

"ဘုရားရေ ... တူပြန်ပြီ။ သတို့သမီးက မြမာလာထွန်းလား"

"မဟုတ်ဘူး ... ခင်ချိုဆက်တဲ့"

"ဒီတစ်ခုတော့ လွဲပြီ"

"ကျွန်မက ဒီနေ့ရောက်၊ မနက်ဖြန်တစ်ရက် သတို့သမီးအိမ်မှာနား၊ သန်ဘက်ခါ ဆန်းဒေး မင်္ဂလာညည်ခံပွဲတက်ပြီး၊ တနင်္လာနေ့ ပြန်မှာ"

"တို့သွားမဲ့ မင်္ဂလာဆောင်လည်း ဆန်းဒေးပဲ၊ ဒါပေမဲ့ တနင်္လာနေ့ မပြန်ဖြစ်ဘူး၊ အဲဒီမင်္ဂလာဆောင်ကို မန္တလေးက သူငယ်ချင်းတစ်ယောက်လည်း လာမယ်။ တို့တွေ ဆယ်တန်းတုန်းက သူငယ်ချင်းတွေ။ တို့က အပြန်မှာ မန္တလေးကို အဲဒီသူငယ်ချင်းနဲ့ လိုက်သွားဦးမှာ။ မန္တလေးကနေပြီးမှ ... ရန်ကုန်ကို လေယာဉ်ပျံနဲ့ ပြန်မယ်"

"ကြာမှာနော်"

"အားလုံးပေါင်း တစ်ပတ်တိတိပဲ၊ နောက်သောကြာ ရန်ကုန်ကို ပြန်ရောက်မယ်"

"စပ်စုတယ် မထင်ပါနဲ့နော်၊ ရှင်က ဘာလုပ်လဲ"

ပန်းစကားက ဖြူးလိုက်၏။

"ပန်းစကားကုန်တိုက် ကြားဖူးလား"

"အိုး ... ဘာလို့ မကြားဘူးရမှာလဲ၊ ကျွန်မ အမြဲဝယ်နေကျ။ ကြည့်စမ်း ... ဟုတ်တာပေါ့။ ရှင့်နာမည်က ပန်းစကား။ အဲဒီကုန်တိုက်ကြီး၊ လေးထပ်တိုက်ကြီးနော်၊ တစ်တိုက်လုံး တစ်ဦးတည်းပိုင် ကုန်တိုက်တဲ့။ ပိုင်ရှင်က မိန်းမသားငယ်ငယ်လေးတဲ့။ အပျိုတဲ့။ သားရှင်တွေ ဝိုင်းလိုက်နေလို့ ထွက်ပြေးနေရတယ်တဲ့။ ကျွန်မ ကြားဖူးထားတာ၊ ရှင်က လက်စသတ်တော့ သူဌေးပဲရှင့်"

"ကောလာဟလတွေပါ"

"တကယ်တွေပါ"

"တစ်ဝက်ပဲ ပိုင်ပါတယ်။ ငါးဆယ်ရာခိုင်နှုန်းပေါ့။ ကျန်တာက သူငယ်ချင်းတွေ။ သူတို့နာမည်တွေကလည်း ပန်းနာမည်တွေပဲ။ ခတ္တာတဲ့။ ရင်ခတ်တဲ့။ ဇီဇဝါတဲ့"

"ကောင်းလိုက်တာ ငယ်သူငယ်ချင်းတွေပေါ့"

"မဟုတ်ဘူး။ တက္ကသိုလ်ရောက်မှ ခင်တာ။ ခု မင်္ဂလာဆောင်တဲ့ သူငယ်ချင်းနဲ့ မန္တလေးကလာမဲ့ သူငယ်ချင်းက ဆယ်တန်းတုန်းက သူငယ်ချင်းတွေ။ သူတို့တွေက အစကတည်းက နယ်က သူငယ်ချင်းတွေ။ ဆယ်တန်းသာ ရန်ကုန်မှာ ကျူရှင်ဝိုင်း လာတက်ပြီး၊ ကိုယ်မြို့ကိုယ်ပြန် ပြီးစာမေးပွဲဖြေတာ"



"ဆက်ပြီး ခင်ကြတယ်နော်"

"တို့က တစ်ဦးတည်းသမီး ဆိုတော့လေ၊ အပေါင်းအသင်း သိပ်ခင်တယ်"

"ကျွန်မကိုလည်း ခင်နော်"

"ခင်လိုက်ပြီ။ မင်းနဲ့ တို့နဲ့က ခွဲခြားလို့မှ မရတာ။ ရွှေနှင်းယိုးမှား ပန်းစကားလေ"

"ကျွန်မက ဘာအလုပ်မှ မရှိဘူး၊ ကျောင်းပြီးကတည်းက ထိုင်နေတာ။ ကျောင်းပြီးတာတောင် အဝေးသင်နဲ့"

"ဘာဖြစ်လို့ ဒေးမတက်တာလဲ"

"ပျင်းလို့"

"ဟင် ... ရယ်ရတယ်"

"ကျွန်မမှာ အပေါင်းအသင်းလည်း သိပ်မရှိဘူး၊ ကျောင်းမှာတုန်းကလည်း ဆယ်တန်းထိ ... မေမေက ကျောင်းကို ထိမင်းလိုက်ကျွေးတာ၊ ရွှေနှင်းယိုးမှား ဆိုတဲ့ နာမည်ရယ်၊ မေမေ သည်းသည်းလှုပ်ပြတာရယ်၊ ကျွန်မက စာသိပ်မတော်တာရယ်၊ ပြီးတော့ ... နည်းနည်းပါးပါး ချူချာတော့ ကျောင်းပျက်ရက် များတာရယ် ပေါင်းလိုက်တော့လေ ...

"သူငယ်ချင်း သိပ်မရဘူး။ သူတို့က မျက်စိနောက်ချင် နောက်မှာပေါ့နော်၊ မေမေကတော့ ချစ်လွန်းလို့ ဂရုစိုက်တာတဲ့။ ဒီလို ဆိုတော့လည်း စိုက်ပစေပေါ့နော်၊ တက္ကသိုလ်တက်ရင်လည်း အပေါင်းအသင်း သိပ်ရှိမှာ မဟုတ်ပါဘူး ဆိုပြီး၊ အဝေးသင်ပဲ ယူလိုက်တယ်။ အဝေးသင်မှာက တကူးတက ခင်မသွားရင် သိပ်ပေါင်းဖြစ်ဖို့ မလွယ်ဘူး၊ နေ့တိုင်းမှ ကျောင်းတက်မနေရတော့လေ ...

"ဒေးတက်မှနေချင်တော့ပါဘူး ဆိုတော့၊ မေမေက လည်း သဘောတူတယ်။ ဘွဲ့သာရရော၊ အိမ်ထဲမှာပဲ။ ခု … အရင်တုန်းကလို မချူချာတော့ဘူးလေ။ ရန်ကုန်မှာတော့ တစ်ယောက်တည်း ကားမောင်းပြီး ရှော့ပင်တွေ ဘာတွေ သွားပါတယ်။ အပေါင်းအသင်း မရှိဘူးဆိုပေမဲ့၊ ဆွေမျိုးထဲ ကလေ … ကာစင်တွေပေါ့ …

"သူတို့နဲ့လည်း ရှော့ပင်သွားတယ်၊ ရုပ်ရှင်ကြည့် တယ်၊ စတော့ချ်ရှိုးတို့ ဘာတို့ ကြည့်ဖြစ်ပါတယ်။ နည်း တော့ နည်းတာပေါ့"

"ဒါဖြင့် … မင်း တစ်နေ့ တစ်နေ့ ဘာလုပ်နေလဲ"

"စာရေးတယ်"

"ဟယ် … မင်းက စာရေးဆရာမလား၊ ကလောင်နာမည် ဘာလဲ"

"ဘယ်ကလာ … စာရေးဆရာမ မဟုတ်ပါဘူး။ ဒိုင်ယာရီ ရေးတာကို ပြောတာ။ ကျွန်မက တစ်နေ့တာ … ဒိုင်ယာရီ ကို လုံးစေ့ပတ်စေ့ အသေးစိတ် ရေးတယ်။ စာဖတ်တယ်။ စာဖတ်တာ ဝါသနာပါတယ်။ မဂ္ဂဇင်းတွေ ဂျာနယ်တွေ လုံးချင်းဝတ္ထုတွေတော့ ပိုဖတ်ဖြစ်တယ်၊ တခြားဗဟုသုတ စာအုပ်မျိုးလည်း ဖတ်တော့ ဖတ်တယ်။ နည်းတယ် …

"ပြီးရင် … ခါရာအိုခေဆိုတယ်၊ ကိုယ့်အခန်းထဲမှာ ကိုယ့်ဘာသာ တစ်ယောက်တည်းပေါ့။ ပြီးရင် ရေချိုးတယ် အလှပြင်တယ်။ ထမင်းစားရင် ဟင်းချေးများပေးလိုက်တယ်။ ကိုယ့်အလုပ်နဲ့ ကိုယ်တော့ အချိန်ကုန်သွားတာပဲ"



ပြောပြီး ရယ်နေပုံလေးက ကလေးမှ ကလေးပေါက်စ သာသာပါပဲ။ သူ့မှာက တာဝန်ရယ်လို့မှ လေးလေးပင်ပင် မရှိ။ ပေါ့ပေါ့ကလေးနေပြီး ပေါ့ပေါ့ကလေး စားနေရသည်မို့ သူ့စိတ် ကလေး မရင့်ကျက်တာ၊ စင်စစ် … အံ့ဩစရာတော့လည်း သိပ် မရှိလှပါ။

"တို့များဖြင့် … တစ်နေ့ နှစ်ဆယ့်လေးနာရီဟာ မလောက် ချင်ဘူး၊ မင်းဘဝလေး ခဏယူချင်တယ်။ များများတော့ မဟုတ်ဘူး၊ တစ်ပတ်ပဲ"

"လူချင်းလဲမယ်လေ"

"ကောင်းသားပဲ"

"ကျွန်မ … ရန်ကုန် ပြန်ရောက်ရင် ရှင်နဲ့ဆက်သွယ်မယ်။ ရှင့်ကတ်ပေး"

ပန်းစကားက ဗစ်ဇစ်တင်းကတ်ကလေး ထုတ်ပေး သည်။

"ကျွန်မမှာတော့ ဗစ်ဇစ်တင်းကတ် မရှိဘူး၊ ကျွန်မက ဘာ မှမလုပ်တော့လေ၊ ဒါမျိုးလုပ်ထားပြီး ပေးဖို့ကိစ္စလည်း မပေါ်ဘူးပေါ့။ စာရွက်နဲ့ပဲ ရေးပေးမယ်"

လိပ်စာနှင့် ဖုန်းနံပါတ်ကို ရေးပေး၏။ စာရွက်ရှာ ရင်း၊ သူ့ပေါင်ပေါ်မှ လျှောကျနေသော ပခုံးသိုင်းအိတ်ကို လိုက် ခမ်းရုံသေးသည်။ ပန်းစကားရဲ့ အိတ်ကိုလည်း စမ်း၏။ သူတို့ ယူလာသော လက်ဆွဲအိတ်တွေကလည်း သိပ်မကြီးလှတာမို့ ခြေ ရင်းနားတွင် ချထားတာကိုလည်း ဟိုစမ်း ဒီစမ်း စမ်းသေး၏။ သူ့လက်ဆွဲအိတ်ကိုလည်း ဖွင့်ရသေးသည်။ ပန်းစကားက မသိ ကျိုးကျွင်ပြုံးရင်း ပြတင်းပေါက်ဘက်သို့ (ယာယီ) မျက်နှာလွှည့်

ဆေးလိုက်သည်။ အသံက်ချင်း ရွယ်တူပေမဲ့ ရွှေနှင့်ယိုးမှားဆိုသည့် မိန်းမသားသည် ပန်းစကားလို မရင့်ကျက်၊ စည်းကမ်းမသေသပ်၊ တော်တော်ကြီး ဘော်ကြော့နိုင်ကာ မိန်းမတော်တော် မပီသတာလည်း ထင်ရှားလှပါ၏။ သူ ဖြတ်စဗျင်းတောင်း ဖြစ်နေပုံက ပြုံးချင်စရာမို့ အားနာစွာ မျက်နှာလွှဲပေးထားလိုက်ပါသည်။

သူရေးချွတ်ပြီးလို့ ပေးမှပဲ ယူတော့မည်။

"ဒီမှာရော ... ဒါပေမဲ့၊ ကျွန်မကပဲ ဆက်မှာ။ ရှင် ... နောက်ဖရိုင်းဒေး ပြန်ရောက်မှာနော်"

"သေချာတယ်။ တစ်ပတ်တောင် မနည်းအချိန်ဆွဲထုတ်ရတာ။ သူငယ်ချင်းသုံးယောက်အပေါ် တာဝန်တွေ လွှဲပေးခဲ့ရတယ်။ သူတို့ရှိလို့လည်း ဒီတစ်ပတ်ဆိုတဲ့ အချိန်ကို ဆွဲထုတ်လို့ရတာ။ ဒါပေမဲ့ ... တာဝန်က တို့အပေါ်မှာများတော့လေ"

"ရှင့်ကုန်တိုက်က အမျိုးသမီးအသုံးအဆောင် သီးသန့်နော်။ မိန်းမသားတွေအတွက် လိုလေသေးမရှိဘူး၊ အေးပဲလိုချင်လိုချင် အကုန်ရတယ်၊ အောက်ဆုံးထပ်မှာ ဖရိုးဇင်း Frozen တွေ ထားတာကျတော့ရော"

"အဲဒါလည်း အမျိုးသမီးတွေအတွက် ရည်ရွယ်တာပဲ။ အိမ်ရှင်မတချို့ဟာ အိမ်သုံးအတွက် တစ်ဈေးတစ်မျိုး လိုက်မဝယ်နိုင်ဘူးလေ။ အဲဒါကြောင့် အိမ်သုံးပစ္စည်းတွေ အောက်ဆုံးထပ်မှာထားတော့ သားငါး ဖရိုးဇင်းတွေပါ ထားလိုက်တာ"

"ကျွန်မ ရှယ်ယာဝင်ချင်တယ်၊ ရမလား"

"လောလောဆယ် အရင်းအနှီးက သိပ်တော့မလိုဘူး"



"လုပ်ငန်းထပ်ချဲ့ပေါ့"

"ထပ်တော့လည်း မချဲ့ချင်ဘူး၊ ဖေကြီးကုမ္ပဏီကလည်း ဖေကြီးနားရင် တို့ပဲ လုပ်ရမှာဆိုတော့လေ"

"ဪ ... ဘာကုမ္ပဏီလဲ"

"သွင်းကုန် ပို့ကုန်ပဲ ဆိုပါတော့"

"ဪ ..."

"ဒါပေမဲ့ ... သူငယ်ချင်းတွေကို ပြောပြပါ့မယ်။ တို့အဖွဲ့ထဲမှာ သိပ်လှတဲ့ ကောင်မလေးတစ်ယောက် ပါမယ်လို့။ မင်းကို ကောင်မလေးလို့ သုံးစွဲတာ စိတ်မဆိုးနဲ့နော်၊ တို့က မင်းကို ညီမလေးလိုပဲ မြင်နေတယ်"

"အိုခေ ... အောရိုက်။ ရတယ်။ ကျွန်မက ဘယ်တုန်းကမှ အစ်မဖြစ်ချင်တဲ့သူ မဟုတ်ဘူး၊ ငယ်ချင်တာ"

"ခုလည်း ငယ်ပါတယ်"

"ဟော ... ရှင့်ကို ကျွန်မ ... လက်ဆောင်တစ်ခုပေးချင်တယ်။ ဖြစ်လား"

"ခင်မင်မှု အမှတ်တရဆိုရင် ဖြစ်ပါတယ်။ တန်ဖိုးတော့ မကြီးစေနဲ့"

"တန်ဖိုးက ဘာကြီးသလဲ မမေးနဲ့။ ကျွန်မရဲ့ဘဝနဲ့စက်ပြီး တန်ဖိုးရှိတယ်။ ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့အရှက်၊ ကျွန်မရဲ့ အတွေ၊ ကျွန်မရဲ့ဂုဏ်သိက္ခာ၊ ကျွန်မရဲ့ မာနတွေ ပေါင်းစပ်ပျော်ဝင်နေတဲ့ တန်ဖိုးကြီးပစ္စည်း"

"အဲဒါဆိုရင် မလိုချင်ဘူး"

"ဒိုင်ယာရီတစ်အုပ်ပါ"

"ဪ ..."

"ဒါပေမဲ့ ... ဒီဒိုင်ယာရီဟာ ရွှေနှင့်ယိုးမှား ဆိုတဲ့ မိန်းမသား တစ်ယောက်ရဲ့ တစ်ဘဝစာ အသေးစိတ်ပဲ။ ကျွန်မ အသည်း၊ အသက်နဲ့ထပ်တူ မြတ်နိုးတဲ့ စာအုပ်လေး။ ကျွန်မရဲ့ ကိုယ်ပွားလေး"

"ကိုယ့်ကိုယ်ပွားဆိုတာ ကိုယ်နဲ့မကွာ ရှိသင့်တာ မဟုတ်ဘူးလား"

"ရှင့်မှာ အရိပ်ရှိတယ်လေ။ ရှင့်အရိပ်ဆိုတာ ရှင် တစ်ယောက်တည်းနဲ့သာ သက်ဆိုင်တဲ့ ရှင်ပိုင်ပစ္စည်း။ ဘယ်သူမှဝင်ပြီး ပိုင်ဆိုင်လို့မရဘူး။ ရှင်ပဲပိုင်တယ်။ ဒါပေမဲ့ ... ရှင်ပိုင်ချင်ပေမဲ့ ပိုင်လို့မရတဲ့အခါမျိုး ရှိတယ့်။ ဥပမာ ... မွန်းတည့်ချိန် ...

"မွန်းတည့်ချိန်ဆိုရင် ကိုယ်ပွားစစ်စစ်ဖြစ်တဲ့ ကိုယ့်အရိပ်ကလေးကို ဘယ်မှာလိုက်ရှာလို့မှ မတွေ့နိုင်ဘူး၊ အဲဒီလိုပဲပေါ့၊ ကိုယ်ပွားပစ္စည်းလေးပေမဲ့ ကိုယ့်ဘဝက မွန်းတည့်နေရင် ကိုယ်ပိုင်စစ်စစ်လေးဟာ ကိုယ့်ဆီမှာရှိမနေသင့်ဘူး။ ရှိမနေရဘူးပေါ့၊ ရှိမနေနိုင်တဲ့ ခိုင်လုံသော အကြောင်းအရာတွေ ရှိနေတတ်တယ်ပေါ့ ...

"ဝန်ခံရရင် ... ကျွန်မဘဝက မွန်းတည့်နေတယ့် ပန်းစကားရယ်။ ကိုယ်ပွားလေး ဆိုပေမဲ့ အရိပ်ပျောက်တဲ့ အချိန်မို့ တစ်ယောက်ယောက်စီမှာ ကျွန်မက စွန့်လွှတ်လိုက်ချင်တာ"

"တို့ကို ယုံလို့လား"

"ယုံတယ်"

"တို့က ပစ်စလက်ခတ်နဲ့ စည်းမရှိ ကမ်းမရှိ ပျောက်သွားရင်ရော"



"ဒါလေ ... စွန့်လွှတ်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မက လုံးဝမေ့ပစ်လိုက်မှာ။ ရှင်က ပစ်စလက်ခတ်ထားလို့ ပျောက်သွားလည်း ကျွန်မ မသိဘူး။ ရှင့်ဆီမှာပဲဆိုတဲ့စိတ်နဲ့ ကြည်နူးကျေနပ်နေမှာပဲ"

"တို့ဖွင့်ဖတ်မှာ မစိုးရိမ်ဘူးလား"

"မစိုးရိမ်ပါဘူး၊ ဖတ်ချင်ဖတ်ပေါ့"

"တို့က နှုတ်ဖွာရင်ဖွာမှာ။ သူများတွေကို လျှောက်ပြောရင် ဘယ့်နှယ်လုပ်မလဲ"

"ရှင်လျှောက်ပြောလည်း အကြောင်းအရာတွေသာ ပျံ့လွင့်ချင် ပျံ့လွင့်သွားမယ်၊ ကာယကံရှင် ဘယ်သူဆိုတာကိုကျတော့ မသိနိုင်ဘူးလေ"

"ကာယကံရှင်က မင်းလေ"

"ကျွန်မ တစ်ယောက်တည်း ကာယကံရှင် ဖြစ်နေလို့ ... ဇာတ်လမ်းက လှပမလား။ နောက်တစ်ယောက် ရှိရဦးမှာပေါ့။ အဲဒီနာမည်နဲ့ အဲဒီလူရဲ့ဘဝက ကွယ်ဝှက်မြှုပ်နှံပြီးသားပဲ"

"တို့ကိုမှ ဘာလို့ပေးချင်ရတာလဲ"

"ပထမအချက်က ယုံကြည်စိတ်နဲ့ ချစ်သွားလို့။ ကျွန်မတို့နှစ်ယောက်ရဲ့ တိုက်ဆိုင်မှုလေးတွေဟာ၊ ကျွန်မတို့ချင်း အပြန်အလှန် ချစ်ခင်ရင်းနှီးဖို့ မလုံလောက်ဘူးလား။ ရွှေနှင့်ယိုးမှား ပန်းစကားရယ်လို့ ဖြစ်ထွန်းသွားရုံနဲ့တင် လုံလောက်နေပါပြီ။ မဟုတ်ဘူးလား"

"ထားပါတော့"

"ဒုတိယတစ်ချက်က ကျွန်မရဲ့ကိုယ်ပွားလေးဟာ ကျွန်မနဲ့ အဝေးကွာဆုံး၊ အစိမ်းသက်ဆုံး နေရာမှာ ရှိနေခြင်းအား ဖြင့် ပိုပြီး လုံခြုံလို့။ ရှင်နဲ့ ကျွန်မဟာ ငယ်ပေါင်းတွေလည်း မဟုတ်တော့လေ ... ဒါလေး၊ ရှင့်ဆီမှာ ရှိနေခြင်းဟာ ကျွန်မနဲ့ ကျွန်မကိုယ်ပွားကြားမှာ ကင်းစိမ်းပြတ်တောက် ခြင်း ဖြစ်ထွန်းတယ်"

"ဘာတွေမှန်းလဲ မသိဘူး"... ဟု ညည်းညူချင်မိတာ အမှန်ပါ။ ဒီကောင်မလေး (ရွယ်တူဆိုပေမဲ့၊ ပန်းစကား အတွက်တော့ ကောင်မလေးပါပဲ)ဟာ စိတ်ဓာတ်ရောဂါ ပုံမှန်အလုပ် လုပ်ရဲ့လား ... ဟု တွေးမိပါသေးသည်။

"တို့က သူများကိစ္စ စပ်စုတာ ဝါသနာမပါဘူးကွာ။ ဘယ်သူ့ အကြောင်းမှလဲ မသိချင်ဘူး၊ အဲဒါ တို့တစ်သက်လုံး ကျင့် သုံးခဲ့တဲ့ တို့ရဲ့ဝါဒပဲ။ အဲဒါကြောင့် ... ဘာပဲ ဖြစ်ဖြစ်၊ တို့ မယူချင်ဘူး၊ တို့ကို ခွင့်လွှတ်ပါ"

"ဒီလောက်ထိ ခါးခါးသီးသီး ဆိုရင်တော့လည်း ကူညီမဲ့သူ ထပ်ရှာရမှာပေါ့"

"ဝမ်းနည်းပါတယ်။ တို့ တကယ်စိတ်မကောင်းပါဘူး၊ တို့ သိမ်းမထားချင်လို့ပါ"

"ရပါတယ်။ ပြီးရောလေ"

ရွှေနှင့်ယိုးမှား ... မျက်နှာလေး ပျက်ရှာသွားတော့ အမှန်ပင်။ သူ့လက်ကိုင်အိတ်နှင့် လက်ဆွဲအိတ် (သူ့လက်ဆွဲအိတ် က လက်မှဆွဲလျှင်လည်း ရသလို၊ ကျောပိုးအိတ်အဖြစ်လည်း လွယ်လို့ရသည်)တွေကို ဟိုနေရာရွှေ့ ဒီနေရာရွှေ့၊ ဘာတွေမှန်း



မသိ လှုပ်လှုပ်ရွရွ ပြုမူရင်း၊ သိသိသာသာ အသံတိတ်သွားတာတော့ အမှန်ပင်။ ပန်းစကား ... အားနာလှပါသည်။ သို့ပေမဲ့၊ ခုမြင် ခုတွေ့ ... ဘာမှန်းမသိသည့် (အကြောင်းမသိ မိန်းမသား) လူသား တစ်ဦးနှင့် အနီးကပ်ဆုံး ပတ်သက်နေသော အကြောင်းအရာ (ဒိုင်ယာရီ)တွေနှင့် လုံးထွေးရစ်ပတ် မဖြစ်ချင်တာ အမှန်ပါ။

"ကျွန်မက ... တောင်ငူက ပြန်ရင် လက်ထပ်ရတော့မှာ"

"ဪ ... ဟုတ်လား၊ ဝမ်းသာပါတယ်"

ဆယ်မိနစ်ကျော်ကျော်လောက် စကားသံ တိတ်သွား နိုက်မှာ၊ ပန်းစကားက မျက်စိလေးမှိတ်၍ (မေ မှာလိုက်သည့်အတိုင်း) သမ္မုဒ္ဒေ စရွတ်၏။

ခဏကြာတော့၊ ရွှေနှင့်ယိုးမှားထံမှ စကားသံ ပြန်ထွက် လာသည်မို့ ပြန်ပြောရပြန်၏။

"ကျွန်မက ငိုနေရတာရှင်"

"ဪ ... မလိုချင်ဘူးလား"

"ဟင့်အင်း ... အဲဒါကို မကျေနပ်ဘဲ လက်ခံရလို့လည်း ဒီခရီးကို တစ်ယောက်တည်းသွားခွင့် ရခဲ့တာ။ လဲယူရတဲ့ သဘောပေါ့။ ရှင်ရော .... လက်ထပ်ဖို့ လူရှိပြီလား"

"ဟင့်အင်း ... မရှိသေးပါဘူး"

"စိတ်ကြိုက် မတွေ့သေးဘူးပေါ့"

"မတွေ့သေးဘူး"

"စိတ်ကြိုက်ဆိုတဲ့ အဆင့်ကို ရောက်မလာဘဲ ရုတ်ချည်း... ဖျတ်ခနဲ ချစ်သွားမိတာမျိုးရော"

"မရှိပါဘူး"

ဒီလောက်ထိဆိုတော့ ပန်းစကား နည်းနည်း စိတ်ညစ်မိတော့သည်။ ခရီးဝေးမှာ ရွယ်တူတန်းတူ မိန်းမဖော်နှင့် စကားလေး တပြောပြော ရှိချင်ပေမဲ့၊ အကြောင်းအရာတွေက ကိုယ်မပြောချင်တာတွေဆီသို့ ရောက်လာပြီလေ။ ဖုံးကွယ်ထားချင်တာမျိုးလည်း မဟုတ်ပါ။ ကိုယ့်မှာက ဘာမျှကို မရှိတာ။ ဒီကိစ္စတွေဟာ ကိုယ့်ဦးနှောက်ထဲ ဝင်လာဖို့ နေရာကို မပေးနိုင် သေးတာပါ။

"လူကြီးတွေကလည်း မစီစဉ်ကြဘူးပေါ့နော်"

"ဟင့်အင်း"

"ကျွန်မကတော့ လူကြီးတွေ စီစဉ်တာပါ။ ကျွန်မမှာ ငြင်းပိုင်ခွင့် မရှိပါဘူး။ ငြင်းပယ်နိုင်တဲ့ ခွန်အားလည်း မရှိပါဘူး။ ကျွန်မက လူ့လောကထဲကို ဘာအဲစွမ်းအစမှ သိပ်မရှိဘဲ၊ ပေါ့တီးပေါ့ဆ ရောက်လာတဲ့ ခပ်ညံ့ညံ့လူသား တစ်ယောက်လေ"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ။ လူတိုင်းမှာ အရည်အချင်းဆိုတာတော့ ကိုယ်စီရှိကြမြဲပေါ့။ သူ့မှာရှိတဲ့ အရည်အချင်းမျိုး ကိုယ့်မှာ ရှိချင်မှရှိမယ်။ ကိုယ့်မှာရှိတာကျတော့လည်း သူ့မှာ ရှိချင်မှ ရှိမယ်ပေါ့။ မတူဘူးလေ။ တစ်ယောက်တစ်မျိုးစီပေါ့"

"အဲဒီ တစ်ယောက်တစ်မျိုးစီထဲမှာ၊ ကျွန်မကတော့ ညံ့တဲ့အမျိုးအစားထဲမှာ ပါပါတယ်၊ ရှင် ... ဘုရားစာရွတ်နေတာထင်တယ်။ စောစောကလေ ... မျက်စိမှိတ်ထားတာ။ ရွတ် ... ရွတ်။ ကျွန်မ စကားများတာနဲ့ အနှောင့်အယှက် ဖြစ်သွားရပြီ"

"ရပါတယ်"



ရပါတယ် ... ဆိုပေမဲ့၊ ပန်းစကား မျက်စိလေး ပြန်မှိတ်ဖြစ်ပါသည်။ မေမှာလိုက်သည့်အတိုင်း ပြန်ရွတ်ဖြစ်၏။ ဘေးက ကောင်မလေး ... စကားတွေ ပြန်မပြောခင်မှာ ခေါက် ရေများများ မဟုတ်တောင်၊ ကိုယ့်သက်စေ့ နှစ်ဆယ့်သုံးခေါက် ကလေးပဲ ရရ ..."။

ဂ ဂ ဂ

## ၂

ရောက်လာသည့် ပန်းစည်းကလေးက တော်တော်ကို လှပနေ၏။

"ဒေါ်ပန်းစကားအတွက်"

ပန်းစကားကုန်တိုက်ကြီး၏ အပေါ်ဆုံးထပ်ဟာ ရုံးခန်းနှင့် ဂိုဒေါင်ဖြစ်ပါသည်။ အောက်ဘက်သုံးထပ် (သုံးထပ် ဆိုပေမဲ့၊ မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်)မှာ အရောင်းပစ္စည်းများ ထားရှိသည်။ တတိယထပ်ထိသာ ရှိပေမဲ့ မြန်မာလိုတော့ လေးထပ်တိုက်ကြီးလို့သာ သုံးနှုန်းလိုက်ကြပါသည်။ အပေါ်ဆုံးထပ် ရုံးခန်းထဲသို့ ပန်းစည်းကိုင်၍ ရောက်လာသူ ကောင်လေးကို ပန်းစကားအံ့ဩတကြီးလေး ကြည့်လိုက်မိ၏။

"ဟောတော့ … လှလိုက်တဲ့ပန်းစည်း၊ ဘယ်သူ့ဆီ့လဲ"

ပန်းရှူး ခဏ္ဍာက သူ့စားပွဲမှ ခုန်ထလာကာ ရုံးခန်းပေါက်ဝမှာရပ်ဆဲ ကောင်လေးဆီသို့ ဇွေ့ခနဲ ရောက်လေ၏။ ခဏ္ဍာဟာ ပန်းတော်တော်ကြိုက်သူမို့ သူ့ကို "ပန်းရှူး"ဟု နာမည်ပေးထားပါသည်။ ပန်းသာရှူးတာ၊ ဘယ်တော့မှ ပန်းမန်လေ့ရှိသူ



မဟုတ်ချေ။ ပန်လို့လည်း မရ။ သူ့ဆံပင်တိုတိုလေးက ဘိုကေသာသာဝဲ ရှိသည်မို့ ပန်းကလစ်ကလေးတွေထိုးလျှင်တောင် ဆံပင်တိုလေးထဲမှာ အချိုးမကျဖြစ်ကာ ကြည့်မကောင်းတတ်ချေ။ သူ့ဆံပင်ဟာ ဘာတစ်ခုမှ ထပ်မံထိုးချိတ် ပန်ဆင်ခြင်းပြုလို့မရ၊ သူ့အာသာလေးလှအောင် ပုံသွင်းပြီးသားမို့ ဘိုကေသာသာ ဆံအုံဖောင်းဖောင်းကလေးချည်းသာလျှင် သူ့မျက်နှာသွယ်သွယ်လေးနှင့် လိုက်ဖက်တင့်မောစွာ လှပနေပါသည်။

ပန်းရှူးခဏ္ဍာက၊ သူ့ဆံပင်ပုံလေးကိုလည်း ကြိုက်လှသည်မို့ ပြောင်းမပစ်ချင်၊ ပန်းကလည်း ကြိုက်သေး … မို့၊ ပန်းတွေကို ရင်ဘတ်မှာ ထိုးလေ့ရှိသူ ဖြစ်သည်။ သူမတို့ခြံထွက် စံပယ်အိုးပုတ်ဟုခေါ်သော အချင်းတစ်လက်မခန့်ရှိသည့် အကြီးကြီး အထပ်များများနှင့် စံပယ်ဆိုလျှင် လေးငါးပွင့်ပေါင်း၍ ရင်ဘတ်မှာထိုးသည်။ တစ်ခါတလေ … နှင်းဆီ။ ဒါလည်း တစ်ပွင့်တည်းဆိုတာ ခပ်ရှားရှား၊ အဖူးအငုံလေးတွေ သုံးဖူးလောက်တော့ထိုး၏။ တစ်ခါတစ်ရံ သစ်ခွ။ သစ်ခွမှာမှ အချင်းလေးငါးလက်မလောက် ရှိတတ်သည့် ကတ်တလီယာ သစ်ခွကြီးတစ်ပွင့် (ဒါတောင်ကြီးလွန်းလို့ တစ်ပွင့်တည်းကို ထိုးလာသည်။ ဒေလီယာ ပွင့်ချိန်ဆိုလည်း (ဒေလီယာဆိုတာ အပွင့်ကြီးသောပန်းမျိုး) တစ်ပွင့်၊ တစ်ခါတစ်ရံမှာ စံပယ်တွေကို ဈေးမှာရောင်းသလို ကုံးသီပြီး လေးငါးကုံးကြီးလည်း တွဲလောင်းဆွဲချင် ဆွဲလာတတ်သူ ဖြစ်၏။

သူ့စားပွဲပေါ်က ပန်းအိုးမှာ ဘယ်တော့မှ ပန်းပွင့်ပြတ်သည်ဟူ၍ မရှိပါ။ ခဏ္ဍာက အဲသည်လောက်ထိ ပန်းရှူးသည် (ပန်းအကြောင်းဆိုလည်း အကြောင်းအရာမျိုးစုံ၊ ပန်းနှင့်စပ်သမျှ ဘွမ်းပြုနိုင်လုနီးပါး ဗဟုသုတရှိပါသည်) ရုံးခန်းတံခါးဝသို့ ရောက်

လာသည့် ပန်းစည်းကြီးနား၊ သူ အရင်ဆုံးရောက်တာ အံ့ဩစရာ မရှိတော့ပါ။

"ဒေါ်ပန်းစကား အတွက်" ဆိုသည့် စကားကို အခန်းပမှာ လူရိပ်မြင်သည်မို့ မော့ကြည့်သည့် ပန်းစကားက တန်းခနဲ ကြားလိုက်ပေမဲ့၊ စာငုံ့ရေးနေသည့် ခတ္တာက မကြားလိုက်ဖူး ထင်ပါရဲ့။

"ဒေါ်ပန်းစကား အတွက်ပါ"

"ဘယ်သူက ပို့ခိုင်းလိုက်တာလဲဟင်"

ပန်းစကားက ပန်းစည်းတစ်စည်း ရောက်လာသည့်အတွက် ရင်ထဲ နည်းနည်းပါးပါး လှုပ်ခတ်ပါသည်။ လက်ခံရမှာလား၊ ငြင်းဆိုရမှာလား မသိ၊ ဘယ်သူပို့တာလဲတော့ သိချင်သား။

"ကျွန်တော်တို့က မိုနာလီဇာဖလော်ရာကပါ"

"ဟုတ်ပါပြီ။ ပို့ခိုင်းတဲ့သူရှိရင် ရှင်တို့က အရောက်ပို့ပေးတာပေါ့"

"ဟုတ်ပါတယ်"

"အဲဒီ ... လာမှာတဲ့သူ ဘယ်သူလဲလို့ ကျွန်မမေးတာ"

ခတ္တာက ပန်းစည်းကို လှမ်းယူပြီးနေပြီ။

"အဲဒါ ... ကျွန်တော် မသိပါဘူး၊ မမဆိုဖီက သွားပို့ခိုင်းတဲ့လိပ်စာအတိုင်း ပို့ရတာပါ"

"မမဆိုဖီ ဆိုတာက ..."

"မိုနာလီဇာ ဖလော်ရာပိုင်ရှင် မမပါ"

"သူ့ဖုန်းနံပါတ်ရှိလား"

"ကျွန်တော်တို့ဆိုင်ကို ဆက်ရင် ရပါတယ်"

"အဲဒါပဲပြော ..."



ခတ္တာ နည်းနည်းပါးပါး စိတ်တိုချင်လာတာကို၊ ပန်းစကား လှမ်းတွေ့နေရပါသည်။ ပန်းစကားကသာ ကိုယ့်စားပွဲမှ မထသေးတာ၊ ဇီဇဝါနှင့် ရင်ခတ်တို့က ခတ္တာနားသို့ ရောက်သွားကြပါပြီ။ ကောင်လေးက နံပါတ်ခြောက်လုံးကို ပြောတော့၊ မိန်းမသားသုံးယောက်၏ ဦးနှောက်သုံးခုထဲမှာ တစ်ခုမဟုတ် တစ်ခုမှာတော့ စွဲလောက်ပါပေသည်။

"ဪ ... ဒီမှာခင်ဗျ"

ကောင်လေးက သူ့ရုပ်အင်္ကျီလက်တို ရင်ဘတ်အိတ်ထဲမှ ကတ်ပြားလေးကို ထုတ်ပေး၏။

"စောစောထဲက ပေးလိုက်ပြီးရော"

"အဲဒီမှာ ဖုန်းနံပါတ်နှစ်ခု ပါပါတယ်"

"တွေ့တယ်လေ"

"ပန်းစည်း၊ ပန်းခြင်းမှာချင်ရင် ဖုန်းဆက်လိုက်လို့ ရပါတယ်။ ကာယကံရှင်ဆီ လာပို့ဆိုလည်း ပို့ပါတယ်၊ ဆိုင်မှာ လာယူရင်လည်း ရပါတယ်။ တစ်နေရာရာကို ပို့ပေးဆိုလည်း သွားပို့ပေးပါတယ်။ စရန်တွေ ဘာတွေ မလိုပါဘူး၊ လက်ထဲပစ္စည်းရောက်မှ ငွေချေရုံပါပဲ"

"ဟင် ... ဒါဖြင့်၊ တို့က ဒီပန်းစည်းဖိုး ပေးရမှာလား။ တို့လည်း မမှာဘဲနဲ့"

"အစ်မတို့ကျတော့ ပေးစရာ မလိုဘူးလေ။ ဆိုင်မှာ လာမှာတဲ့သူက ငွေချေပြီးသားကို ကျွန်တော်က သူပို့ပေးပါဆိုတဲ့ဆီ လာပို့ရတာ"

"အဲဒီလာမှာတဲ့လူကို မေးတာပဲ"

"မမဆိုဖိပဲ သိမှာပါ"

"ဒီဖုန်းတွေကို ဆက်ရင် အဲဒီ မမဆိုဖိနဲ့ ပြောလို့ရတယ်ပေါ့"

"ဒါတွေက ဆိုင်ဖုန်းပါ။ ဆိုင်တာဝန်ခံနဲ့ပဲ တွေ့ရမှာပါ။ ဆိုင်တာဝန်ခံနဲ့လည်း ပြီးပါတယ်"

"ဒီပန်းစည်းကို ဘယ်သူ ပို့နိုင်းလဲ ဆိုတာ၊ အဲဒီဆိုင်တာဝန်ခံကို မေးရင် ရမယ်ပေါ့၊ သူလား ... မမဆိုဖီ ဆိုတာ"

"မမဆိုဖိက ပန်းခြံပိုင်တဲ့ သူဌေးပါ"

"ဆိုင်တာဝန်ခံက တစ်ယောက်ပေါ့"

"ဟုတ်ကဲ့"

"ဆိုင်တာဝန်ခံကို မေးကြည့်ရင် ရမယ်ပေါ့"

"ဆိုင်တာဝန်ခံဆီမှာ လာအပ်၊ လာမှာတာ ဆိုရင်တော့ ဆိုင်တာဝန်ခံက သိပါတယ်။ ဒီပန်းစည်းကတော့ မမဆိုဖီဆီကို တိုက်ရိုက်ဆက်တာတဲ့။ ဆိုင်တာဝန်ခံက ပန်းစည်းလုပ်နိုင်းတော့၊ ဆိုင်မှာ ပန်းပြင်တဲ့ ကောင်မလေးတွေက ဘယ်တုန်းကမှာမှန်း မသိလို့မေးတော့၊ မမဆိုဖိဆီ မှာတာတဲ့။ ဆိုင်တာဝန်ခံလည်း ပြောပြနိုင်မယ် မထင်ပါဘူး"

"အမယ်လေးဟဲ့ ... ရှည်လျားပေများတော် မှုပါဒီ မသိဘူးဆိုလည်း ပြီးတာပဲ"

"အစကတည်းက မသိဘူးလို့ ကျွန်တော် ပြောခဲ့ပြီးပါပြီ"

"ဟုတ်ပါတယ် ... မှားယွင်းသူက ကျွန်တော်မျိုးမတွေပါ။ ရှင့်ရဲ့ မမဆိုဖီဆီ တိုက်ရိုက်ဆက်နိုင်တဲ့ ဟန်းဖုန်းလေးဘာလေးရော ပြောနိုင်မလား။ မသိဘူးပဲလား"



"ပန်းကိစ္စဆိုရင်တော့ ဆိုင်ကိုပဲ ဆက်ပါ"

"ဒီပန်းစည်းပေးတဲ့သူတောင် ရှင်တို့ မမဆိုဖီဆီ တိုက်ရိုက်ဆက်သေးတာ၊ ကျွန်မတို့ကလည်း မမဆိုဖီဆီကို တိုက်ရိုက်ဆက်ပြီး မှာချင်တယ်ရှင် ... ကဲ"

"ပန်းမှာဖို့အတွက်ကတော့ ဆိုင်တာဝန်ခံနဲ့ ပြီးပါတယ်"

"မပြီးချင်ဘူးရှင် ... ကဲ"

ရင်ခတ်က တကဲကဲ ... နှင့် စိတ်တိုလာပြန်တာကို ကြည့်ရင်း၊ နှားထောင်ရင်း၊ ပန်းစကား ပြုံးမိရတော့သည်။ ကိုယ့်ကို ဘယ်သူဟာ ဒီလောက်လှတဲ့ ပန်းစည်းကြီး (တန်ဖိုးကလည်း ည်းမှာမဟုတ်ချေ)ကို ပို့လိုက်ပါလိမ့် ဆိုတာ ကာယကံရှင် န်းစကားက သူတို့ထက်တောင် ပိုသိချင်ပါသေးသည်။

"လာစလေ ... ဝိုင်းမေးပါဦးတော့လား။ ကာယကံရှင်ကို ဘယ်သူ အနိုကတ်ပြထားလို့ ဘေးထွက်ထိုင်နေတာလဲ"

ဇီဇဝါက လှမ်းခေါ်သည်မို့ ပန်းစကား စားပွဲနောက် ည့်၍ ထွက်လာခဲ့ရပါတော့သည်။

"ရှင့်ရဲ့ မမဆိုဖီနဲ့ တိုက်ရိုက် ပြောချင်တာ"

"ပန်းကိစ္စ ... ဆိုရင် ..."

"ကိုယ်ရေးကိုယ်တာရင် ... ကဲ ..."

"ကိုယ်ရေးကိုယ်တာ ဆိုရင်တော့ တိုက်ရိုက်ပြောလို့ရပါတယ်"

"ဟုတ်တယ် ... ကိုယ်ရေးကိုယ်တာ"

"ကဲ ... ပြော"

"ကျွန်တော်တို့ အလုပ်စည်းကမ်းပေါ့ ခင်ဗျာ ... အလုပ်ရှင်သူဌေးရဲ့ လက်ကိုင်ဖုန်းနံပါတ်ကို အလုပ်ရှင်သူဌေးက ခွင့်ပြု

လား မပြုလား မသိဘဲနဲ့ ပေးခွင့်မရှိပါဘူး၊ ခွင့်မပြုဘဲ ပြောမိရင် ကျွန်တော်တို့ အဆူခံရပါမယ်"

"ပြဿနာတစ်မျိုး တိုးပြန်ပြီ"

ပန်းစကားက ရင်ကလေး ဖိုနေသည့်ကြားမှ ရယ်ချင်သွားရတော့သည်။

"ရှင် ... သိတော့ သိတယ်ပေါ့၊ ခွင့်မပြုမှာစိုးလို့ မပြောတာပေါ့။ ဟုတ်လား"

ပန်းစကားက မေးခွန်းတစ်ခု ဝင်ထောက်သည်။

"ကျွန်တော် ပြောခွင့်လည်း မရှိပါဘူး၊ သိကိုလည်း လုံးဝမသိတာ။ ယုံပါ ခင်ဗျာ"

"သြော် ... စောစောကတော့ မပြောဘူး၊ ငါ့နှယ် ... လေတွေကုန်လိုက်တာ၊ လေဖြုန်းတီးမှု ဖြစ်စွန်းလို့ အာခေါင်တွေတောင် ခြောက်လာပြီ"

"ကျွန်တော်လည်း ခေါင်းတွေ မူးသွားတယ် ခင်ဗျ"

"ယော် ... ရှင်က"

"ဟုတ်ကဲ့ ... လက်ခံရရှိကြောင်း လက်မှတ်ကလေး တစ်ဆိတ်"

"ကျွတ် ... စိတ်တိုလိုက်တာ၊ လက်မှတ်တောင် ထိုးမပေးချင်ဘူး"

"ဒေါ်ပန်းစကား ဘယ်သူပါလဲ ခင်ဗျ"

"ပေး ... ပေး"

ပန်းစကားက လှမ်းပေးနေသော လက်ခံဖြတ်ပိုင်းစာအုပ်လေးထဲမှာ လက်မှတ်လည်းထိုး၊ ပန်းစကားဆိုသည့် နာမည်ကိုပါ ရေးပေးလိုက်ပါသည်။ လက်မှတ်ရသည်နှင့် ကောင်လေးက



ဝှစ်ခနဲ ပြေးတော့၏။ အောက်ထပ်သို့ ရောက်နေသော ဓာတ်လှေကား ပြန်တက်အလာကိုတောင် မစောင့်တော့ပါ။ လှေကားမှသာ အပြေးဆင်းသွားလေတော့သည်။

"တော်တော် ဈေးကြီးမယ်"

"ပန်းစကား ဆိုတဲ့ နာမည်နဲ့ ကုန်တိုက်ကြီးက ပန်းနာမည်နဲ့ မိန်းကလေးတွေထဲမှာ ပန်းရှုးဘွဲ့ ရထားတဲ့ ခတ္တာက လွဲရင် အားလုံးဟာ ပန်းနဲ့ ပတ်သက်လာရင် ဒုံးဝေးတဲ့ အရိုင်းတွေချည်းဆိုတော့၊ ပန်းရှူးပြောသမျှ အဟုတ်ထင်ရတော့မှာပဲ"

"အကောင်းပြောတာ"

"ဖြစ်နိုင်ပါတယ်"

"ဒီမှာလေကွ ... ဒီသစ်ခွတွေက ဈေးကြီးတယ်၊ အဲဒါ ဗင်ဒါတွေ။ ဗင်ဒါမှာတောင် အမျိုးမျိုး ရှိတာ၊ တချို့ ဗင်ဒါက ဈေးနည်းနည်းသက်သာတယ်။ သက်သာတယ် ပြောတာ၊ ပေါတော့မပေါဘူး၊ ဒီဗင်ဒါမျိုးက ပိုဈေးကြီးတယ်"

"အဲဒါ ဘာမျိုးတဲ့လဲ"

"ဆရိုးလေးယားလို့ အသံထွက်တာပေါ့၊ ဆရူလေးလို့လည်း ခေါ်တယ်၊ တွေ့တယ်မှလား၊ အပေါ်ပိုင်းက ဝါပြေပြေ၊ အလယ်ကျတော့ ဖက်ဖူးနုမှာ အောက်ဆုံးပိုင်းက ခရမ်းနုလေး၊ အရောင်ဘယ်လောက်ဆန်းလဲ၊ အပွင့်လည်းကြီးတယ်"

"ရှင့်အိမ်မှာ ရှိလား"

"နှစ်ပင်တောင်ရှိတယ်"

"တစ်ပင်ပေး"

"တစ်သက်လုံး မပေးဘူး"

ခတ္တာ၊ ရင်ခတ်နှင့် ဓိဇဝါတို့က ပန်းအကြောင်း ပြောကြ၊ ခတ္တာကို စ,ကြ၊ ရယ်ကြ မောကြနှင့်ပေမဲ့ အဲဒီထဲမှာ ပန်းစကား မပါနိုင်အောင် ဖြစ်ရတာ၊ ပန်းစကား ကိုယ့်ကိုယ် ကိုယ်လည်း စိတ်ဆိုးပါသည်။ ပန်းစကား ဆိုတာ ... အသက် အရွယ်ကတော့ ထားပါတော့၊ ကိုယ့်မှာ အလုပ်ကြီး အကိုင်ကြီး နှင့် အလုပ်သမားပေါင်းများစွာကို အုပ်ချုပ်ပြီး စီးပွားရေးလုပ် ငန်းကြီး တစ်ခုလုံးကို အဓိက တာဝန်ခံ စီမံခန့်ခွဲနေရသူ။ ဆယ် ကျော်သက်ကလေးလည်း မဟုတ်ပါဘဲ။ ပန်းစည်းတစ်စည်း ရရုံ နှင့် ရင်ခုန်လှုပ်ရှားစရာလား၊ အသံတိတ်သွားရလောက်အောင် စိတ်ဝင်စားစရာလား။ ခုလို ပန်းစည်းတစ်စည်း (ပေးပို့သူအမည် မဖော်ပဲ) ရောက်လာခြင်းဟာ ပန်းစကား အဖို့တော့ သာမန်မှ တကယ့်သာမန်ပါ။ ခုလိုသာ ဖလော်ရာတစ်ခုခုမှ တစ်ဆင့်ပို့ပေး တာမျိုး၊ ရှေးက မရှိခဲ့ဘူးတာ၊ ခြံတံခါးမှာ နှင်းဆီတစ်ပွင့် လာ ချိတ်တာမျိုး၊ နှင်းဆီအစည်းလိုက် ချိတ်သွားတာမျိုးတွေဟာ မကြာ ခဏပါ။ တက္ကသိုလ်တက်စဉ်ကဆို ...ကိုယ့်ကားရဲ့ တံချိုးဖွင့်တဲ့ ချိုင့်ခွက်ကလေးထဲ ပန်းထိုးစိုက်သွားတာမျိုး၊ အိမ်ကို စာတိုက်မှ စာတွေ အကြိမ်ကြိမ် ရောက်တာမျိုး၊ အိမ်ရှေ့ခြံတံခါးမှာ ချိတ်ဆွဲ ထားသော သတင်းစာနှင့် စာတွေထည့်ဖို့ထားသည့် စာတိုက်ပုံးနီနီ ရှည်မျောမျောလေးထဲမှာ လာထည့်ထားတာမျိုး ...။



အဲဒါမျိုးတွေ ကြုံဖူးပေါင်း များလှခဲ့ပါသည်။ အိမ် ပေါ်သို့ အသက်ကြီးကြီး လူကြီးမိဘစုံတွဲတွေ တက်လာကြပြီဆို ...ည်း ဖေဒင်မေးစရာ မလို၊ တောင်စကားပြော မြောက်စကား ...ပြောနှင့် နောက်ဆုံးမှာ မသိမသာ သမီးတောင်းကြတာတွေချည်း ...ဖြစ်သည်။

ဖေဖေနှင့် မေမေသည်· အငြင်းစကားကိုတောင် အတွေ့အကြုံ များလွန်းလို့) အလွန်လှပခြေခံစွာ ပရိယာယ်ကြွယ် ...ြွယ် ပြောဆိုတတ်နေရပါပြီ။ လာတောင်းသမျှ ... ဖေဖေနှင့် ...မေမေက ဘယ်တော့မျှ လက်မခံလိုက်ပါ။ စကားကို တစ်ဖက်သား ...းခံသာအောင် ယဉ်ကျေးသိမ်မွေ့စွာ လှည့်ပတ်ပြောရင်း၊ အဓိက ...ဓိပ္ပာယ်ကတော့၊ ဒီကိစ္စ ... သမီးကိုသာ လုံးဝလွတ်လပ်စွာ ရွေး ...ယ်ခွင့် ပေးထားကြောင်း ... ဖြစ်ပါသည်။

"ဖေဖေတို့ မေမေတို့လည်း ကိုယ်ကြိုက်တာ ကိုယ်ယူလာ တော့လေ ... သမီးကိုလည်း ကိုယ့်ဘာသာ ရွေးချယ်ခွင့် ပေးချင်တယ်။ အဲဒီလို ရွေးချယ်နိုင်ဖို့ သမီးရဲ့ခေါင်းထဲမှာ မေမေက ဦးနှောက်ထည့်ပြီး မွေးပေးခဲ့တာပဲ။ သမီးက သမီး ရထားတဲ့ အခွင့်အရေးကို အလွဲသုံးစားမလုပ်ဖို့တော့ လိုအပ် တာပေါ့ ...

"ကောင်းရင်လည်း သမီးပဲ စံစားရမှာ၊ ဆိုးရင်လည်း သမီးပဲ ခံစားရမှာ။ ဖေဖေနဲ့ မေမေက နည်းနည်းတော့ ဘောင်ခတ်ပေးမယ်။ အဲဒီဘောင်ထဲက သမီးရွေးပါ။ သမီး ဘွားဘွားလည်း မေမေ့ကို ဘောင်တစ်ခု ခတ်ပေးခဲ့တာပဲ။ မေမေက အဲဒီဘောင်ထဲက ရွေးချယ်ခဲ့တယ်။ သမီးလည်း မေမေ့လိုပဲ ရွေးပါ ...

"မေမေတို့ ခတ်ပေးမဲ့ဘောင်က ... နံပါတ်တစ် ကိုယ့်ပြည့်စုံကြွယ်ဝမှုကို မက်မောပြီး သိုက်တူးတဲ့သူ မဖြစ်စေနဲ့။ ဒီလိုပြောလို့ သူဌေးမှ ယူရမယ် မဆိုလိုဘူး၊ ဆင်းရဲတာ ချမ်းသာတာကို ဘာမှ မပြောချင်ဘူး၊ ကိုယ့်ကိုမက်တာမဟုတ်ဘဲ ကိုယ့်ပစ္စည်း မက်တာဆိုရင်၊ ကိုယ့်ဘက်က ပေးဆပ်ရတာ နစ်နာလွန်းအားကြီးတယ် ...

"နံပါတ်နှစ် ... အစွမ်းအစ ခပ်တုံးတုံးနဲ့ ကိုယ့်နောက်က လျှောက်လိုက်နေမဲ့ ယောကျ်ားမျိုး မဖြစ်စေနဲ့။ ကိစ္စကြီးကြီးပဲ ဖြစ်ပစေ၊ သေးသေးပဲ ဖြစ်ပစေ ... ကိုယ့်လောက်မှ အသုံးမကျတဲ့ ယောကျ်ားဆိုရင် ဘာလုပ်မလဲ။ အသေးဆုံး ဥပမာ ပေးရရင်၊ အိမ်မှာ မီတာဘောက်က်စ်ထဲက ဖြူးစ်ပြတ်တာတောင် တက်မလဲရဲတဲ့ ယောကျ်ားမို့ မိန်းမတာ ကိုယ့်ဘာသာ တက်လဲရတဲ့ အဖြစ်မျိုးကို မေမေ အသည်းနာတယ် ...

"နံပါတ်သုံး ... သူ့ဝင်ငွေဟာ မိန်းမဝင်ငွေထက် နည်းချင်နည်းမယ်၊ များချင်များမယ်၊ ဘာပဲဖြစ်ဖြစ်၊ နိုင်လုံတဲ့ အသက်မွေးဝမ်းကြောင်း တစ်ခုကိုတော့ စိုက်လိုက်မတ်တတ် လုပ်ဆောင်နေတဲ့သူ ဖြစ်ရမယ်။ မိန်းမလုပ်စာ ထိုင်စားချင်တဲ့ ယောကျ်ားမျိုးကို မေမေ လုံးဝအထင်သေး ရွံ့တ်ချတယ် ...

"နံပါတ်လေး ... ဘွဲ့လေးတစ်ခုတော့ ရပါစေ။ ကိုယ်တိုင် ဘွဲ့ရထားတော့၊ ဘွဲ့လေးတစ်ခုမှ မရတဲ့ ယောကျ်ားနဲ့ စကားပြောလို့ မရဘူး၊ သူ စိတ်ဝင်စားတာတွေကို အဆင့်နိမ့်ပြီး ကိုယ်က မြင့်နေရင် အလွန်စိတ် ပျက်စရာ ကောင်းတယ်။ ဒါဆို ... ဘွဲ့မရတဲ့ ယောကျ်ားတွေ မိန်းမရဖို့ မရှိတော့ဘူးလားလို့ မမေးနဲ့၊ ကိုယ်က ဘွဲ့ရဖို့ အနည်းဆုံး ဘွဲ့ရယောကျ်ားကို ယူရမယ် ပြောတာ။ ဘွဲ့မရတဲ့ ယောကျ်ားကို ဘွဲ့မရတဲ့ မိန်းမတွေယူဖို့ ထားလိုက် ...



"နံပါတ်ငါး ... နောက်ဆုံးပဲ။ မည်သူ့အပေါ်မှာမဆို ကြင်နာညှာတာတတ်တဲ့ စိတ်ဓာတ် အခြေခံကောင်းတဲ့သူ ဖြစ်ရမယ်။ တစ်ကိုယ်ကောင်းဆန်တဲ့ယောကျ်ား မဖြစ်စေရဘူး။ အဲဒီငါးခု ပါဝင်တဲ့ ဘောင်ကလေးတစ်ခု ခတ်ပြီး၊ အဲဒီထဲကမှ ကိုယ်ချစ်တဲ့သူကို ရွေးပေတော့။ အိမ်ထောင်ရေးမှာ အချစ်ဟာ အဓိကအကျဆုံး အရာတော့လည်း မဟုတ်ဘူး ...

"အချစ်သည်သာ ကိုးကွယ်ရာဆိုပြီး မျက်ကန်းတစ္ဆေ မကြောက် လုပ်လို့မရဘူး၊ ဒါပေမဲ့ ... အချစ်မပါပြန်တော့လည်း ဆားမပါတဲ့ဟင်းလိုပဲ။ အပြန်အလှန် ကြင်နာသည်းခံနိုင်စိတ် မရှိဘူး ဖြစ်တတ်တယ်။ သမီးရဲ့ ဦးနှောက်နဲ့ နှလုံးသားကို မေမေ စောင့်ကြည့်မယ်"

မေမေက အဲဒီလို ပြောတားခဲ့ပါသည်။

ပန်းစကား ကြုံတွေ့ခဲ့ဖူးသော သူတွေထဲမှာ မေမေ့ဘောင်ကလေးထဲ ဝင်သူတွေလည်းရှိ၊ မဝင်သူတွေလည်း ရှိခဲ့၏။ ...ဝင်သူတွေကို ထားပါတော့၊ စဉ်းစားစရာကို မလိုတာပါ။ ဘောင် ...င်သူတွေကို ပန်းစကား ရင်ထဲထည့်ပြီး စဉ်းစားကြည့်ခဲ့ဖူးပါသည်။ ...ပေမဲ့ ... ကိုယ့်အကြောင်းကိုယ် စဉ်းစားခြင်းဟာ သူများအကြောင်းပဲ ...ဉ်းစားနေမိသလိုလို၊ ရင်ခုန်သံ ပျောက်ဆုံး နေခဲ့၏။ စိတ်မလှုပ်ရှား ...။ ခံစားမှု ကင်းမဲ့သည်။ ဒါဟာ ... အချစ်မရှိလို့ပဲ မဟုတ်လား။ ...းစကား မချစ်တတ်သေးတာပါ။

"သော့ ... ပန်းစကား၊ အသံတိတ်လှချည်လား။ ရှင် ဘာဖြစ်နေတာလဲ၊ သွေးအေးသတ္တဝါလား"

သူ့ကိစ္စမှာ သူက လုံးဝ ဝင်မဆွေးနွေးသည်မို့ ခဏ္ဍာက မျက်ခုံးရှုံ့၍ မေးသည်။ သူတို့သုံးယောက်သည် လုပ်ငန်းကိစ္စနှင့် ဆောင်ရွက်ရင်း တစ်ပါးသူတွေရှေ့မှာဆိုလျှင် ပန်းစကားကို အရှိအသေပေး နေရာထား၍ ဆက်ဆံပေးကြပါသည်။ လေးယောက်တည်းချင်း ဆိုလျှင်တော့ သူငယ်ချင်းဟာ သူငယ်ချင်းပဲ ဖြစ်တော့သည်။

"ရင်ခုန်သံ မြန်နေတာလည်း ဖြစ်နိုင်တာပဲ"

"ဒီလောက်နဲ့များကွယ်"

"အေးလေ ... ပျင်းတောင် ပျင်းသေးတယ်"

ပန်းစကားက ဒီလောက်နဲ့များကွယ် ... ဟု ပြောလိုက်ပါသည်။ ဒါဟာ ... သူငယ်ချင်းတွေအတွက် အဖြေစကားဖြစ်သလို၊ ကိုယ့်ကိုယ်ကိုယ် သတိပေးတာလည်း ပါပါသည်။ ဒီလောက်နဲ့များ ရင်ခုန်စရာလား။ ဇီဇဝါ ပြောသည့် ... ပျင်းတောင်ပျင်းသေးတယ် ... ပဲ ဖြစ်သင့်သည်လေ။

"ဒီပုဂ္ဂိုလ် ... တော်တော်အလျင်လိုပုံ ရတယ်"

"ဘာကြောင့်လဲ"

"လမ်းအိုကြီးကို လိုက်ရှာသလေ"

"ဟုတ်ပါရဲ့ ... မိန်းမတစ်ယောက်ကို ပိုးဖို့ ပန်းစည်းပို့တယ်ဆိုတာ ... ဘယ်ခေတ်က ဗျူဟာပါလိမ့်"

"ဘိုးတော်ဦးဝိုင်းလေးဘက်သွား ..."

"ဟိုး ... အဲဒီစကားပုံ ရှိးတယ်"

"အနော်ရထာမင်း သွားပေါက်စ ..."



"ပေါ်တာကြာပြီ ..."

"ကံရာဇာကြီး ကံရာဇာငယ် ..."

"တို့ မြန်မာရှင်ဘုရင်တွေကို ဘာဖြစ်လို့ ဆွဲထည့်ချင်နေရတာတုန်း၊ တခြားဥပမာရှာပါ"

"ဆင်ဖြူရှင်ဦးဘုံမြေခေတ်"

"ရေးတောတော"

"အာဒမ်နဲ့ ဧဝ"

"ရိုက်ထိ ... မှန်လိုက်လေ။ ပန်းချီပြပွဲတစ်ခုမှာ ပန်းချီကားတစ်ချပ် တွေ့ခဲ့တယ် သိလား၊ ပန်းချီကားနာမည်က ချစ်ခြင်းနိဒါန်းတဲ့။ အာဒမ်က ဧဝကို ပန်းလေးတစ်ပွင့်ပေးနေတယ်။ ဧဝက ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းလေးငုံ့နေတယ်။ သိပ်ကောင်းတာပဲ။ ပန်းချီလက်ရာကလည်း တော်တော်ကောင်းတာ"

"ရှင်က ပန်းချီကို ဘယ်လောက် နားလည်လို့လဲ"

"နားမလည်ဘူး၊ နားလည်တဲ့သူတွေ ပြောနေတာ။ ကျုပ်နဲ့တူတူ၊ ကျုပ်ရှေ့မှာ ကြည့်နေတဲ့သူတွေထဲမှာ ပန်းချီဆရာကြီးတစ်ယောက် ပါတယ်။ သူက ဘေးက လူတစ်ယောက်ကို ပန်းချီသဘောတွေ ရှင်းပြပြီး၊ ဘယ်လို ကောင်းတာတွေ ပြောနေတာကို ကြားခဲ့တာ"

"ရှင်က ပန်းချီပြပွဲကို ဘာသွားလုပ်တာလဲ"

"မပြောရင် ... ပန်းရှူးကနေ ပန်းချီရှူးနာမည် ရဦးတော့မှာပဲ"

ပန်းချီကားအကြောင်း ပြောနေသူမှာ ခဏ္ဍာ ဖြစ်ပါသည်။

"ကျွန်ုပ်က ပန်းချီကို မဆွဲတတ်ဘူး၊ ဒါပေမဲ့ ... ခံစားတတ်တယ်၊ ပန်းချီအကြောင်းတော့ သိပ်နားမလည်ဘူး၊ ဒါပေမဲ့ ချစ်ခြင်းနိဒါန်းဆိုတဲ့ကားကို ကြည့်လိုက်ရတဲ့အခါမှာ ရင်ထဲမှာ ခံစားလိုက်ရတယ်"

"ဒါမျိုးက ရှိတတ်ပါတယ်"

ရင်ခတ်က ဆရာမကြီးဂိုက်ဖမ်းကာ ခေါင်းတညိတ်ညိတ်လုပ်လျက် သူ့မျက်မှန်ကို နှာခေါင်းရိုးပေါ် မ,တင်ရင်း ပြောသည်မို့ ခတ္တာက လှမ်းရိုက်သည်။ သူတို့လေးယောက်လုံး ပန်းစကား၏ စားပွဲပေါ် ပန်းစည်းကြီးတင်ပြီး၊ စားပွဲမှာ ဝိုင်းထိုင်နေဖြစ်ကြလေ၏။

"ရှင် မဝယ်ခဲ့ဖူးလား"

ခတ္တာတို့ မိဘတွေက သူ့နည်းသူ့ဟန်နှင့် ချမ်းသာကြသူတွေ ဖြစ်ပါသည်။ မောင်နှမသုံးယောက်မှာ အစ်ကိုတစ်ယောက်နှင့် အစ်မတစ်ယောက်က အိမ်ထောင်သည်တွေ၊ သူတို့စီးပွားရေးနှင့်သူတို့လည်း ချမ်းသာပြည့်စုံနေကြတာပင်။ အဲသည် အစ်ကိုနှင့် အစ်မကို မိဘတွေက စီးပွားရေးလုပ်ကိုင်ဖို့ ငွေထုတ်ပေးကာ အမွေခွဲပြီး၊ အိမ်တွေ ဘာတွေ ခွဲပြီးမို့ မိဘမရှိလျှင် လက်ရှိနေသော ခြံနှင့်တိုက်၊ လက်ရှိလုပ်ကိုင်နေသော မိဘ၏စီးပွားရေးကို ခတ္တာကပင် အမွေဆက်ခံရမှာ ဖြစ်သည်။ ပန်းစကား ကုန်တိုက်မှာ ရှယ်ယာအနည်းငယ်ထည့်ပြီး ဝင်ရောက်လုပ်ကိုင်နေခြင်းမှာ အတွေ့အကြုံလည်းရစေ၊ အပျင်းပြေ၊ သူငယ်ချင်းတွေနှင့် ပျော်နေတာလည်းပါ၏။ သူရသော သူ့ခွဲတမ်း အကျိုးအမြတ်ကို အိမ်သို့ ပြန်ပေးထောက်ပံ့စရာ မလိုပါ။ ဖေဖေ့ကို တစ်ခုခု လက်ဆောင်ဝယ်ပေးကန်တော့လိုက်၊ မေမေ့ကို တစ်ခုခု လက်ဆောင်ဝယ်ပေး ကန်တော့



လိုက် လုပ်ရုံနှင့် "သမီးလိမ္မာ"ဘွဲ့ကို ခံယူရရှိပြီး ဖြစ်နေသည်။ သူ့ပိုက်ဆံ သူသုံးရသည်မို့ သူဝယ်ချင်တာတွေ ဝယ်သည့်အထဲမှာ တန်ဖိုးကြီးပစ္စည်းဆိုလျှင် ပန်းချီကားက အများဆုံး ဖြစ်တော့၏။

"နေမလား။ ရောင်းရန် မဟုတ်ပါ ... တဲ့"

"ပန်းချီဆရာက ဘယ်သူလဲ"

"နာမည်အသစ်ကွ။ ကြားဖူးနေကျ ပန်းချီဆရာတွေဆိုရင်ငါ အကုန်လုံးလိုလို သိနေတာပဲ။ ပရော်ဖက်ရှင်နယ် မဟုတ်ဘဲ၊ ဝါသနာအလျောက် ဆွဲတာဖြစ်မယ်။ တချို့တွေလေ ... ကိုယ့်စီးပွားရေးအလုပ်က သပ်သပ်၊ ဝါသနာက သပ်သပ်ဆိုသလို၊ ဝါသနာအလျောက် ပန်းချီဆွဲရင်းနဲ့ ကျိတ်တော်နေတဲ့ ပညာရှင်တွေ အများကြီးရှိတယ်။ နာမည် လူမသိဘူး။ သူတို့ကလည်း ... မသိ အရေးမကြီးဘူး ဆိုသလိုလေ"

"ဘယ်သူတဲ့လဲ"

"ပြောပြတော့ ရှင်က ဘာလုပ်မလို့လဲ"

"ဇဟုသုတ"

"မပြောပြဘူး"

"မသိချင်လိုက်တာ"

ဇီဇဝါက တစ်ဖက်သို့ လှည့်သွားသည်။ ခတ္တာသည်သာ၊ ဤအလုပ်ကို အတွေ့အကြုံရရုံ (ငွေရေးကြေးရေး အတွက်ဟုတ်) လုပ်နေတာ မဟုတ်ပါ။ ဇီဇဝါရော ရင်ခတ်ရော တူတူ၊ သူဌေးသမီးတွေချည်းမို့၊ ဘာမျှမလုပ်လဲ ရသည့်သူတွေ၊ အကျိုးအမြတ် ရလာတော့လည်း မိဘပြန်အပ်ကာ အိမ်စရိတ်ထဲထည့်ဖို့လိုသူတွေ ဖြစ်ပါသည်။ သူတို့သုံးယောက်ဟာ အလုပ်ကို အလုပ်နှင့်တူအောင် အားကြိုးမာန်တက် လုပ်နေကြတာလည်း မဟုတ်ချေ။

ပန်းစကား ခိုင်းသမျှ ဆောင့်လုပ်ပြီး၊ ပန်းစကားကသာ မခိုင်းလျှင် ကိုယ့်ဘာသာ တစ်ခုမျှ မဆုံးဖြတ်ကြသူတွေလည်း ဖြစ်ကြလေ၏။

ပန်းစကားကတော့ ဤကုန်တိုက်ကြီးထဲမှာပင် သူ့တစ်ကိုယ်လုံး မြှုပ်နှံလုပ်ကိုင်သူ ဖြစ်၏။ ဇီဇဝါတို့အုပ်စုက တစ်ခါတလေကျ ... ပန်းစကားကို ကြည့်ပြီးတော့တောင် မောနေကြရသေးသည်။

"ကိုယ့်ဒုက္ခ ကိုယ်ရှာတယ်။ မီဘလုပ်စာထိုင်စား၊ ယောကျ်ားရတော့ ယောကျ်ားလုပ်စာ ထိုင်စား။ ရှော့ပင်လေးထွက်၊ ဝတ္ထုလေးဖတ်၊ ခါရာအိုခေလေးဆို၊ အလှပြင်၊ သူငယ်ချင်းတွေနဲ့ဆုံ ... အဲဒီလို နေနိုင်ပါလျက်နဲ့။ ဒီပန်းစကားဆိုတဲ့ သူငယ်ချင်းနဲ့ လူပေါင်းမှားလို့" ... ဟုလည်း ညည်းညူတတ်ကြပါသေးသည်။

"ဒါဖြင့်လည်း ... ရှင်တို့ရှယ်ယာတွေ ပြန်ထုတ်၊ စာရင်းလုပ်ရတာတောင် ရှုပ်သေးတယ်"

ပန်းစကားက တကယ် အတည်ဖြစ်ချင်တာကို ဘုပြော ပြောတော့လည်း သူတို့တွေ လက်ခါကြပြန်သည်။ ပြောကြပုံကိုကြည့်တော့ ...။

"ခုလို ... နေတိုင်း အိမ်ကနေ အလှပြင်ပြီး၊ ကိုယ့်ကားကလေး ကိုယ်မောင်းပြီးထွက်လာ၊ သူငယ်ချင်းတွေနဲ့ဆုံ ... ဆိုတဲ့ အခွင့်အရေးမျိုး ဒီရှယ်ယာလေး ဝင်ထားမိလို့ နေ့တိုင်းရနေတာ၊ မထုတ်နိုင်ပေါင်" ... တဲ့လေ။

အလုပ်ဆိုလျှင် ပန်းစကားကချည်း ကျူးလုပ်ရသည်။ သူတို့က ခိုင်းမှလုပ်၏။ ပန်းစကားက စိတ်တိုတိုနှင့် မညာမတာ ခိုင်းလျှင်လည်း မညည်းညူကြရှာပါ။ မခိုင်းသမျှကတော့ အေး



အေးဆိုသလို။ ဆုံးဖြတ်ချက် မှန်သမျှ ပန်းစကားချည်း ချရသည်။ သူတို့က ဘယ်တော့မျှ မဆုံးဖြတ်ကြပါ။

"မဆုံးဖြတ်တတ်ဘူး" ... တဲ့။

ပန်းစကားမှာ သူငယ်ချင်း သုံးယောက်အား၊ ကိုယ်ရမည့် အကျိုးအမြတ်ထဲမှ (သုံးယောက်ပေါင်းကို) တစ်ဝက်တိတိ ခွဲပေးထားရလျက် အလုပ်ကျတော့ ကိုယ့်တစ်ဦးတည်းတာဝန် ဆိုသလို ဖြစ်နေရပါ၏။ သို့ပေမဲ့ ... ပန်းစကား ကျေနပ်ပါသည်။ ခုလို ... သူငယ်ချင်းတွေနှင့် နေ့တိုင်းဆုံခွင့်ရခြင်းကလည်း ပန်းစကားကို ပျော်ရွှင်စေသည်မို့ အလုပ်မှာ ပျင်းရိခြောက်သွေ့ခြင်း ကင်းရသည်။ သူတို့ အလုပ်သိပ်မလုပ်ကြဘူး ဆိုပေမဲ့၊ သူတို့လည်း ဘွဲ့ရပညာတတ်တွေပဲမို့၊ သူတို့ခေါင်းသုံးခေါင်းမှ ဦးနှောက်သုံးခုကိုပါ ဆွဲလှဲအသုံးချခွင့် ရခြင်းဟာ ပန်းစကားအတွက် အကျိုးရှိပါသည်။ ပန်းစကား ခရီးထွက်ချင်လို့ ထားပစ်ခဲ့တော့လည်း ထိုသုံးယောက်ဟာ ယုံကြည်စိတ်ချရသော လုပ်ငန်းရှင်တွေ ဖြစ်နေပြန်၏။

စင်စစ် ... ခိုလို့ရလို့ ပျော်ပျော်ခိုနေတာသာ ဖြစ်သျှက်၊ ဤသူငယ်ချင်းတွေဟာ ငတုံးတွေမှ မဟုတ်တာ။ ပန်းစကား ပျော်ပါသည်။

"ရွှေရင်ခတ် ... အဲဒီပန်းချီပြပွဲကို ရှင် ရောက်သေးလား"

ဇီဇဝါက တစ်ဖက်သို့ လှည့်သွားသည်မို့ ခတ္တာက ရွှေရင်ခတ်ဘက်သို့ လှည့်ပြောလိုက်၏။

"ကျုပ်ကို ဂုဏ်မြင့်တဲ့အနေနဲ့ ကျုပ်နာမည်မှာ ရွှေတပ်ပြီး ခေါ်သလို ပန်းစကားကိုသာ ... ရှင် ဂုဏ်မြင့်ပြီး ခေါ်ချင်ရင် ရွှေထက် တန်ဖိုးရှိတဲ့ စိန်ကို သုံးဗျ"

"ဘာဖြစ်လို့လဲ"

"ရွှေနဲ့ မဆီလျော်လို့"

ဖိဇဝါက ခွီးခနဲရယ်ပြီး ပြန်လှည့်လာ၏။

"ကျုပ်လည်း ရွှေဖိဇဝါပဲ။ ဖြစ်တယ်။ ပန်းစကားသာ ..."

"ဟာ ... တော်တော့"

ပန်းစကားက ရယ်ပြီး ထအော်၏။

"ဟော့ ... ဟော့ ... ပန်းစကား"

ခတ္တာက ပန်းစကားလက်ကို ကိုင်လှုပ်လိုက်သည်။

"ဘာတုံး

"ကိုခွန်းဆက် ... တဲ့"

"ဘာလဲ"

"ကိုခွန်းဆက် ... တဲ့"

"ကိုခွန်းဆက် ဆိုတာ ဘာလဲ"

"ဟာ ... ပန်းစကားကလည်း တုံးလိုက်တာ"

ဖိဇဝါက မျက်စောင်းလှည့်ထိုးရင်း ပြော၏။

"ချစ်ခြင်းနိဒါန်း ဆိုတဲ့ ပန်းချီကားကိုရေးတဲ့ ပန်းချီဆရာ နာမည် ဖြစ်မှာပေါ့။ ကျုပ်က မသိချင်ဘူးဆိုလို့၊ ရင်ခတ်ကို ပြောမလို့၊ ပြပွဲရောက်သေးလား မေးမြန်းတော့လည်း ရွှေရင်ခတ် ခေါ်မိလို့ စကားက ဘေးရောက်သွားတယ်။ အဲဒါ ... သူ မပြောဘဲ မနေနိုင်လို့ ရှင့်လက်ကိုဆွဲပြီးပြောတာ"

"ဩော် ... ဒါလား"

"အေး ... ဒါပဲ"

မျက်စောင်းကြီး ထိုးနေသော ခတ္တာကို ကြည့်၍ ကျန်သုံးယောက်သားက ဝိုင်းရယ်လိုက်ကြသည်။



"ဩော် ... ခွန်းဆက်။ ခွန်းဆက်။ ပန်းချီဆရာနာမည်က ခွန်းဆက် ... အင်း"

"အေးလေ ... မပြောဘဲလည်း မနေနိုင်ဘဲနဲ့များ၊ ဈေးက ကိုင်ရသေးတယ်"

"သိရင်လည်း နည်းနည်းပါးပါး၊ ပျော်ဝင်ပါလား"

"မှတ်ထားပါ့မယ်။ နောက်တစ်ခါဆို ပျော်ဝင်မယ်"

"ရှင် ... သူ့ကို စုံစမ်းသေးလား"

"ပန်းစကား ... အဲဒါ ပျော်ဝင်တာလား"

"သိချင်လို့ မေးတာပါ။ ရွှေခတ္တာတို့က၊ အလုပ်က သိပ်အားတာ"

"လေးစားလွန်းလို့ မအားတဲ့ ကြားထဲက စုံစမ်းရတာ၊ လတ်လျားလတ်လျားလုပ်တာ မဟုတ်ဘူး"

"သိခဲ့ပလား ... ခု"

"ဟီး ... ချောတယ်တော့"

"ကြည့်လေ ... ရုပ်ကြီးကိုက"

"ဟော့ ... ဒီရုပ်ကြီးအကြောင်း မပေါက်ကြားစေနဲ့နော်။ ဦးသဝန်ကြောင် ကြားသွားလို့၊ ပြေရှင်းမဆုံး ဖြစ်နေမယ်"

"လုံခြုံစေချင်ရင် နေ့လယ်စာကျွေး"

"ကျွေးမယ်"

"ရှောရှောရှူရှူပဲဟော့"

ခတ္တာမှာ လူကြီးချင်း သဘောတူထားသူ ရှိပါသည်။ ...ဘ္ဘာထက် ကိုးနှစ်စနီ့ ကြီးသည်။ အသားလည်း ညိုရှာ၏။ သူ...သည်း သူ့ပညာနှင့် သူ့အလုပ်အကိုင်နှင့် အောင်မြင်နေသူမို့၊ ...က်ကြမ်းရေရှိုသာသာ့ရည်ရည်နှင့် အသားညိုညိုယောကျ်ားတစ်

[illegible]တာ သုံးဆယ့်နှစ်ဆိုသော အသက်ကို၊ ကြီးရင့်ပြီဟု မဆိုနိုင်[illegible]။ သူ့နည်းသူ့ဟန်ဖြင့်တော့ သမီးရှင်အချို့ မျက်စိကျခြင်း ခံရ[illegible]သား။ သူက ခတ္တာကိုမှ သဘောကျ၏။ ခတ္တာမိဘတွေကလည်း [illegible]တူသည်။ ခတ္တာက ငြင်းဆိုရန် မရှိပါ … ဆိုသော အနေ[illegible]မှ တိုးတက်လျက် သံယောဇဉ်တွယ်ခဲ့ပြီလည်း ဖြစ်၏။ [illegible]က သူငယ်ချင်းတွေနှင့် လွတ်လွတ်လပ်လပ် နေချင်သေး၏။ [illegible]ထပ် နှစ်နှစ်စောင့်ပါ … အသက်အစိပ် ကျမှ လက်ထပ်ပါရ[illegible]။ ယောကျ်ားတစ်ယောက်အဖို့ လက်ထပ်ချိန်မှာ သုံးဆယ့်လေး[illegible]ဆိုလည်း နောက်မကျသေးပါဘူး … ဟု ပြောထားတာကို လိုက်[illegible]၍ စောင့်ဆိုင်းနေရသူ ဖြစ်ပါသည်။

"သက်သက်မဲ့ အချိန်ဆွဲနေရာမရှိ၊ ရှာကြံဆွဲထား တာ။ မင်း … ကိုယ့်ကို မချစ်ပါဘူး" … ဟု မျက်နှာပုပ်ကြီးနှင့် ပြော သည်ဆိုတာကို ပြန်ကြားရချိန်မှာ သူငယ်ချင်းတွေ ဝိုင်းရယ်ရသေး ၏။

"ကျုပ်က ကိုးနှစ်ငယ်နေလို့တဲ့ တော်ရော … တွေ့ သမျှ မြင်သမျှ သဝန်တိုနေတော့တာပဲ။ လူကောင်ကြီး ထွား သလောက် သဘောထားက ပိစိကွေး။ အရပ်မြင့်သလောက် သဝန် ကျတော့ တိုတယ်" … ဟု ခတ္တာကိုယ်တိုင်ပြောကာ "ဦးသဝန်ကြောင် ကြီး"ဆိုသော နာမည်ကိုလည်း သူကိုယ်တိုင် ပေးတာပင်။

"ဖြေရှင်းရတာ စိတ်ရှုပ်လွန်းလို့ကို ဘာအကြောင်း မှတောင် မပြောရဲဘူး" … တဲ့။

ခတ္တာမှာ ရုပ်ရှင်မင်းသား၊ အဆိုတော်တွေ အကြောင်း ဆိုလည်း ဟဟမပြောရဲပါ။ ဦးသဝန်ကြောင်ကြီးက သဝန်တိုတာပင်။ ခတ္တာကလည်း အနုပညာရှင်တွေဆိုလျှင် စိတ်ဝင်စားသည်။ လေးစား



သည်။ ခင်မင်ချင်သည်။ ဘာသဘောမျှ မဟုတ် … ကြည်ကို ကြည် သိုတာ ဖြစ်၏။

"ရှင်တို့က ပန်းရှူးလို့ နာမည်ပေးထားတဲ့ ကျုပ်ရဲ့ သက်ဝဲဖက်ရင်အုံအောက်မှာ အနုပညာကိုချစ်တတ်တဲ့ အလွန် သိမ် မွေ့နူးညံ့သော နှလုံးသားတစ်ခု ရှိလေရဲ့" … ဟု တဖွဲ့တနွဲ့ ပြော သည်မို့ ဇီဇဝါက "ကိုယ်ကျိုးနည်း" … ဟု သြဘာပေးပြီးပါပြီ။

"ကျုပ်တော့ အနုပညာရှင်တွေကို ချစ်မှာပဲ၊ ဘယ်သူတား တား မရဘူး"

အမြဲစုထဲမှာ လာပြောနေသည်မို့ "ရှင့်လူကြီးကို ရှင် မြှောက်၊ ရှင်ပြောတာ လူမှား နေရာမှား ဖြစ်နေပြီ" … ဟု ပြောကြ သေးသည်။ ခတ္တာလို အနုပညာရှင်တွေကို လေးစားခင်မင် [illegible]ဘ်သူနှင့် ဦးသဝန်ကြောင်ကြီးနှင့်ကတော့၊ ရေ့လျှောက် "မလွယ် [illegible]ဘာ"ဆိုတာလည်း အားလုံးက သိထားကြပါသည်။

"ပြောပါဦး … အဲဒီ ပန်းချီဆရာခွန်းဆက် အကြောင်း"

"ထိုက်တိုက်ဆိုင်ဆိုင်ပေါ့ဟယ် … အဲဒီနေ့က ပြပွဲကို သူ လည်း ရောက်နေတယ်ဆိုတော့ ကျုပ်က သွားမိတ်ဆက် တာ"

"ဦးသဝန်ကြောင်ကြီး သိရင် ရိုက်ပေါက်ပဲ"

"ဖော်ဖော်ရွေရွေတော့ ရှိတယ်။ ဒါပေမဲ့ … သိပ်တည်ကြည် တယ်။ တည်ကြည်နေတဲ့ သူ့မျက်ဝန်းတွေထဲမှာ သိမ်မွေ့မှု ကိုလည်း တွေ့နေရတယ်"

"ဘာရောင်လေးလဲ"

"ဝင်မရှုပ်နဲ့"

"အစိမ်းနုလေးလားလို့ပါ"

"ရှင့်နှုတ်ခမ်းတော့ စုပါဂလူးနဲ့ ကပ်မှပဲ"

"အေးလေ ... ဟုတ်သားပဲ၊ ဆက်ပြော ခတ္တာ၊ ကျုပ် စိတ်ဝင်စားတယ်"

"ရောဂါက ခတ္တာဆီမှာ နေခွင့်မရှိ၊ ဦးသဝန်ကြောင်ကြီး နေရာဦးပြီးသား ဆိုတော့၊ ရင်ခတ်ဆီ ကူးသွားပြီကွာ။ မြန်တယ်နော်"

"ဇီ ... ဇဝါ"

ခတ္တာ ထ,အော်သည်မို့ ဇီဇဝါက သူ့နှုတ်ခမ်းကို တင်းတင်းစေ့ပြီး၊ လက်နှစ်ဖက်နှင့်ပါ ထပ်အုပ်ထားလိုက်တော့သည်။

"ပြော ... ခတ္တာ"

ပန်းစကားကပါ ဝင်ထောက်ပေးလိုက်သည်။

"အရပ်မြင့်တယ်၊ အသားဖြူတယ်။ အသားဖြူတယ်ဆိုတာ အဖြူလေးဆမှာ အစိမ်းနုတစ်ဆ ဝင်ရောထားတဲ့ အဖြူမျိုး၊ အသားဖြူတဲ့သူတွေ တွေ့ဖူးတယ်ကွာ၊ အဝါရိပ် ပြေးတယ်၊ ပန်းသွေးရိပ် ပြေးတယ်။ သူက ငှက်ပျောညွန့်ရောင်လေး ပြေးတာ။ မျက်ခုံးကလည်း စိမ်းမှောင်နေတယ်။ မျက်တောင်တွေက ရှည်ပေမဲ့၊ မကော့ဘူး၊ စင်းနေတယ်"

"ချောပြီပေါ့"

"ယောကျ်ားတစ်ယောက် အနေနဲ့ မလိုလားအပ်စွာကို ချောတာကွာ"

"အနုပညာသမား တချို့ဟာ ဘာကိုမှ သိပ်ဂရုမစိုက်ဘဲ ပစ်စလက်ခတ်ကြီး နေတတ်ကြတယ်၊ သူက ဘယ်လိုမျိုးလဲ"



"ရှပ်အင်္ကျီလက်ရှည် ကွမ်းရိုးစင်း၊ သေးသေးလေးတွေ အရောင်ခပ်ဖျော့ဖျော့နဲ့၊ လုံချည်က ဆိပ်ခွန်မှိုင်းမှိုင်း၊ ဆံပင်ကအစ သပ်သပ်ရပ်ရပ်၊ ခြေချောင်းတွေ လက်ချောင်းလေးတွေက စပြီး ဖြူဖြူစင်စင်နဲ့၊ သူ့ခြေချောင်းဖွေးဖွေးတွေပေါ်မှာ ခြေမွေးရှည့်ရှည် စိမ်းစိမ်းလေးတွေကအစ"

"ဒီထိ ငုံ့ကြည့်ခဲ့ရသလားဟယ်"

"ခြေထောက်ညစ်ပတ်တဲ့ ယောကျ်ားတွေဆို ... ကျုပ်က သိပ်ရွံတာ၊ သူ့ခြေထောက်ကတော့ သန့်ပြန့်နေတာပဲ၊ မျက်ဝန်းတွေလည်း အစိမ်းရောင်တော့"

"ရာမမင်းသားနဲ့များ မှားသလား"

"ဇီဇဝါနော်"

"အဲဒီလူကို ပန်းချီပဲ ဆွဲတာလား"

"ကြည့်စမ်း ... သူ့စိမ်း ယောကျ်ားတစ်ယောက် အကြောင်းကို ပန်းစကား စိတ်ဝင်စားတာ ဒီတစ်ခါပဲ ရှိသေးတယ်"

"မဟုတ်ဘူး ... ကျုပ်က လူတစ်ယောက်အကြောင်း ကြားဖူးထားတာနဲ့ ဆင်နေလို့"

"ဘယ်ကလူလဲ"

"ထားပါ ... အဲဒီလူက အရေးမကြီးပါဘူး၊ အသိတစ်ယောက်ရဲ့လူပါ"

"သူက ကော်ဖီဆိုင်လေးတစ်ဆိုင် ဖွင့်ထားတယ်တဲ့၊ ခြံကျယ်ကြီးထဲမှာတဲ့၊ ဆိုင်နာမည်က Candle Light တဲ့"

"သြော် ... တို့တွေ ကြားဖူးတယ်နော်၊ ရောက်သာမရောက်ဖူးသေးတာ"

"ဆိုင်ရဲ့အပြင်အဆင်လေးက Very Romantic လို့ ပြောတယ်။ ဆိုင်ထဲ ဝင်သွားတာနဲ့ ကဗျာတစ်ပုဒ်ထဲ ရောက်သွားရသလိုပဲလို့ ပြောကြတယ်၊ ကျုပ်တို့ သွားမယ် … သွားမယ်နဲ့ မရောက်ဖြစ်သေးတာနော်"

"ဇီဇဝါတောင် လိမ္မာလာပြီ"

ဇီဇဝါ စကားကောင်း ဝင်ပြောသည်မို့ ရင်ခွင်ရှင်က ရယ်၍ ပြော၏။

"အင်း … ပြောပါဦး"

ဝင်ထောက်သူက ဇီဇဝါ ကိုယ်တိုင်ပါတည်း။

"သူ့မှာ စတူဒီယိုတစ်ခုလည်း ရှိတယ်တဲ့၊ ဆီးရီးတွေ ဘာတွေ သွင်းတာ၊ ကျုပ်တို့က အဆိုတော်တွေနဲ့ သိပ်မနီးစပ်လို့မသိတာ၊ စတူဒီယိုနာမည်က Candle Light"

"သြော် … ကြားဖူးတယ်၊ ကျုပ်တို့ သီချင်းတွေဝယ်ရင် အဲဒီနာမည် တွေ့နေတာပဲ"

"သူကိုယ်တိုင်လည်း ထုတ်လုပ်တယ်၊ သူ ထုတ်လုပ်ရင် သူ့စတူဒီယိုမှာသွင်း၊ သူ့မှာ အပိုင်တီးဝိုင်းလည်း ရှိတယ်၊ လုပ်ကာစမို့ နာမည်သိပ်မရသေးဘူး၊ Candle Light ပဲ"

"ရပါပြီ။ Candle Light က စတူဒီယို ရှိပြီးသွားဆိုတော့၊ တီးဝိုင်းဖွဲ့လိုက်တာနဲ့ တစ်ပြိုင်တည်း၊ ဒီနာမည်က လူသိပြီးသား ဖြစ်သွားပါတယ်။ တခြားလူတွေလည်း ဆီးရီးတွေဘာတွေ တီးကြပါပြီ"

"အဲဒီလို သူများငှားရင်လည်း တီးတယ်၊ သူထုတ်တဲ့အခွေဆိုလည်း တီးတယ်၊ ပြီးတော့ ဖြန့်ချိရေးလည်း သူ့ဘာသာပဲ။ သူ့အခွေတွေလည်း သူ ဖြန့်တယ်။ သူများအခွေတွေလည်း ဖြန့်ပေးတယ်"



"သူ့ဘာသာ ဆိုဖို့ပဲ ကျန်တော့တယ်"

"ကျုပ် ပြောတာပေါ့၊ ကိုယ်တိုင် ဆိုဖို့ပဲ ကျန်တော့တယ်လို့"

"ဟယ် … အခုသိခဲ့တာတွေအားလုံး၊ ဘေးက ကြားတာ မဟုတ်ဘူးပေါ့၊ ရှင်ကိုယ်တိုင် မေးခဲ့တာလား"

"ဒီလိုကွာ … သွားတုန်းက သက်ထားတို့ အုပ်စုလည်းပါတော့"

ဒီလောက်ဆို သဘောပေါက်ပါပြီ။ သက်ထားတို့အုပ်စုဆိုတာက ခတ္တာ၏ညီမဝမ်းကွဲတွေ၊ ဆယ်တန်းကျောင်းသူလေးတွေ၊ ဆိုမီလျှင် ကြက်တူရွေး ငရုတ်သီးစားထားသလို၊ သူတို့အားဝိုင်းထဲ ရေတစ်ပုံးသာ ပက်ထည့်ကြည့်လိုက်ပါ၊ တကယ့်ရေပက်မဝင်တာ ဖြစ်၏။ သက်ထားတို့အုပ်စုပါမှတော့ တစ်ယောက်တစ်ပေါက်နှင့်၊ ထုတ်လိုက်ကြမည့် မေးခွန်းတွေ …။

သေချာတာတစ်ခုက ခတ္တာ … ခွန်းဆက်နှင့် သွားရောက် မိတ်ဆက်ကြောင်း ဦးသဝန်ကြောင်ကြီးဆီ ဘယ်လိုမှ ပြန်ရောက်မှာပင်။ သက်ထားတို့အုပ်စုဟာ ဦးသဝန်ကြောင်ကြီးကိုတွေ့လျှင် "ခဲအိုလောင်းကြီး" ဆိုကာ ဝိုင်းပူဆာ၊ ဝိုင်းကျွေးခိုင်းနှင့် အနိုင်ကျင့် နှိပ်စက်ကြပေမဲ့ သဝန်ကြောင်တာကြီးကို အလွန်နှမ်းတီးကြသည်။ ခတ္တာနှင့် သဘောတူထားကြပါလျက်၊ ဦးသဝန်ကြောင်ကြီး မကြိုက်တာ ခတ္တာလုပ်လျှင် သူတို့အုပ်စုက ရေငုံထားဘာထက်တောင် နှုတ်ပိတ်ကြပါသေးသည်။

"အင်း ... ကိုယ်တိုင် ဆိုဦးမှာတဲ့လား"

"အဲဒါတော့ မဆိုရဲဘူးတဲ့။ သူဟာ အနုပညာကို ဝါသနာအရမ်းပါတယ်တဲ့။ သူ ရထားတဲ့ဘွဲ့နဲ့ အနုပညာနဲ့ကတော့ မဆီမဆိုင်ပါပဲတဲ့"

"ဘာဘွဲ့လဲ"

"မက်ကယ်နီကယ်အင်ဂျင်နီယာ"

"ဟင် ... စက်ကိရိယာတွေ"

"အေး ... အနုပညာနဲ့ပဲ လုပ်ကိုင်စားသောက်နေပါတယ်တဲ့။ ဒါပေမဲ့ ... လူရှေ့ထွက်ဖို့ကျတော့ ဝန်လေးတယ်တဲ့။ ပန်းချီပညာဟာ သူ့ရဲ့ ဝါသနာပါဆုံး အနုပညာတဲ့။ ငယ်ငယ်လေးတည်းက စဆွဲခဲ့တာတဲ့၊ အခုကျတော့ ... မြန်မာ့ပန်းချီကားတွေ နိုင်ငံခြားကို ရောင်းရတာနဲ့ ဘာနဲ့၊ ပန်းချီဆရာတွေ အောင်မြင်လာတာ သူ အရမ်းဝမ်းသာတယ်တဲ့ ...

"ပရိသတ်ရှေ့ ထွက်စရာမလိုဘူးတဲ့၊ သီချင်းဆိုတာကိုလည်း သူ ဝါသနာပါပါတယ်တဲ့၊ ဒါပေမဲ့ ... ပရိသတ်ရှေ့ မထွက်ရဲဘူးတဲ့။ အဲဒါတစ်ခု သူရဲဘောကြောင်တယ်တဲ့။ အဲဒါကြောင့် ကိုယ်တိုင်တော့ ဘယ်တော့မှ ဆိုဖြစ်မှာမဟုတ်ဘူးတဲ့"

"အတီးထဲကရော ရှိသေးလား"

"တယောထိုးတယ်တဲ့။ ပန်းချီဆွဲရင်း၊ ခေါင်းထဲမှာ ပင်ပန်းလာရင် တယောထထိုးတယ်၊ ခဏကြာရင် ဆက်ဆွဲတယ်တဲ့။ အဲဒီ ချစ်ခြင်းနိဒါန်းကို ပန်းချီဆွဲလိုက် တယောထိုးလိုက်နဲ့ ဆွဲထားတာတဲ့"

"တကယ့် အနုပညာရှင်ပဲနော်"



"သူ့စတူဒီယိုတွေ၊ တီးဝိုင်းတွေ၊ တေးထုတ်လုပ်ရေးတွေကကိုပဲ နည်းနည်းနောနော သူဌေးမဟုတ်ဘူး၊ ဒါတွေမပါရင်တောင် Candle Light ကော်ဖီဆိုင် တစ်ခုတည်းနဲ့တင်လည်း သူဌေးပဲကွာ၊ ဒီလူ သူဌေး ဘယ်နှထပ်ကွမ်းနေလဲ မသိဘူး"

"အားကျတယ်။ လူဆိုတာ ကိုယ်ဝါသနာပါတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုရတာ နည်းတဲ့ကုသိုလ်မဟုတ်ဘူး၊ လူတွေ တော်တော်များများဟာ ဝါသနာတခြား၊ အသက်မွေးဝမ်းကျောင်းတခြား ဖြစ်တတ်ကြတာ များတယ်"

"ကျုပ်ကတော့ ဝါသနာနဲ့ အသက်မွေးဝမ်းကြောင်း တူတယ် ပြောရမလားပဲ။ ကျုပ် ဆယ်တန်းလောက်ကတည်းက ဘွဲ့ရလို့ စီးပွားရေးထဲဝင်ရင် ကုန်တိုက်ဖွင့်မယ် စိတ်ကူးခဲ့တာ"

"ဒါက အလုပ်လေ။ ရှင်ကြိုက်တဲ့ စီးပွားရေးလေ။ ဝါသနာက သပ်သပ်ရှိမှာပေါ့"

"ဒါတော့ ဟုတ်တယ်။ ကျုပ်က စာဖတ်တာ ဝါသနာပါတယ်။ ဒါပေမဲ့ ... စာဖတ်တာ ပိုက်ဆံမရဘူးကွ။ စာဖတ်ခြင်းဆိုတဲ့ စီးပွားရေး မရှိတော့ ကုန်တိုက်ဖွင့်ရတာ"

"ရေးတာရော ..."

"မရဘူး၊ ကျောင်းတုန်းက စာစီစာကုံး ရေးရင်တောင် ဆယ်မှတ်ပေးရင် တစ်ခါမှ ငါးမှတ်က မကျော်ဘူး၊ လေးမှတ်ခွဲလောက်နဲ့ ရပ်နေတာ"

"စာရေးတာ ဝါသနာပါရင် စာရေးဆရာမလုပ်၊ ထုတ်ဝေသူလုပ်လို့ ပြောမလို့"

"ထုတ်ဝေသူသာ ဖြစ်ချင်ဖြစ်မယ်။ စာရေးဆရာမတော့ မဖြစ်မှာ သေချာတယ်၊ စာမျက်နှာ သုံးလေးရာကြီးဝေးလို့ သုံးလေးရွက်တောင် ... ငါးမှတ်ပဲ ရပါတယ်ဆို"

"ကျုပ်က ပြောတယ် ... ကိုခွန်းဆက်ကို ကျုပ်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်တယ် ဆိုတော့လေ"

"ဇာတ်လမ်းက ခုမှ ကလိုင်းမက်ကစ် Climax ရောက်တာ"

"နောက်တော့ ဆက်တာပေါ့တဲ့၊ ဖြည်းဖြည်းပေါ့တဲ့။ သူက စကားကို အများကြီး မပြောတတ်ဘူးတဲ့။ ဒီနေ့တော့ သူက ဖန်တီးပြောရတာထက် မေးခွန်းဖြေရတာများမို့ ဒီလောက်ကြာကြာ ပြောဖြစ်တာတဲ့"

"လူရိုးလူအေးကြီး ထင်တယ်နော်"

"လူအေးကြီးကလည်း ချစ်ခြင်းနိဒါန်းတွေ ဘာတွေနဲ့"

"ဒါတော့ ... ပန်းချီဆိုတာ စိတ်ကူးယဉ်ပြီး ဆွဲရတာလည်း ရှိတာကိုးကွ"

"နေပါဦး ... ရှင်က ကိုခွန်းဆက်တွေ ဘာတွေနဲ့"

"ကျုပ်က ဆရာလို့ ခေါ်ပါတယ်၊ သူက ခွန်းဆက်ပဲခေါ်ပါဆိုတော့၊ ကိုခွန်းဆက်ပေါ့"

ရုံးခန်းတံခါးဝမှာ လူတစ်ယောက် လာရပ်သည်မို့ လေးယောက်လုံး လှည့်ကြည့်လိုက်ကြ၏။

"မမ ... ပထမထပ် ကော့စမက်တစ် ကောင်တာမှာ ရေမွှေးပုလင်း တစ်ပုလင်း ကျကွဲလို့"

ကောင်တာမှ အရောင်းစာရေးမလေးပါ။

"ဘယ်လိုကွဲတာလဲ"



"ကိုင်ကြည့်နေရင်း လွတ်ကျပြီး သမံတလင်းပေါ် ကျသွားတာပါ မမ။ အဲဒါ ပြန်ကောက်တော့ မကွဲသေးဘူး၊ နည်းနည်းတော့ အက်ချင် အက်မှာပေါ့လေ၊ ထပ်လွတ်ကျပြန်ရော"

"နစ်ဒါတောင်"

"မှန်တာကို"

"အမင်များ လွှတ်ချသလားဟယ်"

"နေပါဦး ... ခု ဘာတဲ့လဲ"

"အခုလျော်ကြေးဝင်းလိုက်ရမလား မမ၊ အရောင်းစာရင်းထဲ ထည့်ရမှာပေမဲ့ ငွေချေဖို့ ကက်ရှ် Cash မှာ သွားတင်ရင် ဖုစ္စည်းက ပါမှာမဟုတ်တော့ဘူး၊ ပုလင်းကွဲတွေ ကောက်သိမ်းရင်း ကောင်တာတစ်ခုလုံးတော့ မွှေးကြိုင်နေတာပဲ"

"ဘာရေမွှေးလဲ၊ ဈေးက ဘယ်လောက်လဲ"

"Arden Beauty အာဒင်ဗြူတီပါ မမ။ ဈေးက သုံးသောင်းရှစ်ထောင်"

"Cash ကို လိုက်သွားပြီး ပုလင်းကွဲပြ၊ အရောင်းစာရင်းထဲ သွင်းလိုက်လေ"

"ဟုတ်ကဲ့ပါ မမ"

ကောင်မလေး ပြန်ဆင်းသွားတော့သည်။

"အမျိုးသားမှ ဟုတ်ရဲ့လား မသိဘူး"

"အေးကွ ... မမေးလိုက်ရဘူး"

"ဟုတ်မှာပါ ... ဟိုရုပ်ရှင်ကားဟာလေ ... နာမည်တောင် မေ့သွားပြီ။ ရုပ်ရှင်ကြည့်ရင် ဘယ်တော့မှ နာမည်မမှတ်မိဘူးကွာ။ အဲဒီကားထဲမှာ ကောင်မလေး တစ်ယောက်က

အဲဒီလိုပဲ ရေမွှေးပုလင်းလွှတ်ချပြီး သူဌေးနဲ့တွေ့ဖို့ အကွက်ဆင်တာ၊ အဲဒီရုပ်ရှင် ကြည့်ဖူးလို့ နေမှာပေါ့။ ကျုပ်တို့ဆိုင်ကျတော့၊ သူဌေးက မိန်းမဖြစ်နေတော့ ယောကျ်ားတွေ ရေမွှေးပုလင်း လာခွဲကြမှာပေါ့"

"ကွယ် ... သူက သူဌေးမနဲ့ တွေ့မယ်မှ မပြောတာ။ မတော်တဆ ဖြစ်ပါလိမ့်မယ်"

"နှစ်ခါပြန် မတော်တဆတဲ့ နမော်နမဲ့လူမျိုးကို အံ့ထင်သေးလိုက်ပါဘိ"

"ဟုတ်ပါ့"

အဲဒီနေ့မနက်တစ်ပိုင်းလုံး ဘာအလုပ်မျှ မယ်မယ်ရရ မလုပ်ဖြစ်လိုက်ကြပါ။ ခင္ဗာက ကတိအတိုင်း မှာကျွေး၍ လာပို့သော နေ့လယ်စာကိုသာ လေးယောက်သား အားရပါးရ စားဖြစ်လိုက်ကြတော့၏။

ဏ ဏ ဏ



# ၄

ဇီဇဝါက ...

"ကျုပ် ... ဒီနေ့၊ ကော့စမက်တစ်ကောင်တာမှာ သွားထိုင်စောင့်မယ်၊ ဒီနေ့ ဘယ်သူ ရေမွှေးပုလင်း လာခွဲမလဲလို့" ဟူ၍ ပြော၏။

"လုပ်မနေနဲ့ ... အကြံအဖန် ဆိုရင်၊ မနေ့ကတည်းက ဆိုင်ပိုင်ရှင်သူဌေးမနဲ့ တွေ့ပြီး ဖြေရှင်းပါရစေ ပြောမှာပေါ့၊ သူ့ဘာသာ အေးဆေးလျော်သွားခဲ့တာ"

"ယောကျ်ားမှန်း မိန်းမမှန်းတောင် မမေးလိုက်ရဘူး"

"ဒါမျိုး မသိရရင် ... ဇီဇဝါ သိပ်အသည်းယားတယ်"

ဇီဇဝါက ဆိုင်တွင်းပြော ဖုန်းကို ကောက်လှည့်၏။

"ယဉ်ယဉ်အေးလား။ အေး ... သံမီး၊ မနေ့က ရေမွှေးပုလင်း ကျကွဲတာ ယောကျ်ားလား မိန်းမလား သိချင်လို့"

"ယောကျ်ားပါ မမ။ အရမ်းချောတာပဲ"

"ချောတာနဲ့ ရေမွှေးပုလင်းကွဲတာနဲ့ ဘာဆိုင်လဲဟ၊ ရှင်လေးက အလျှော်တောင် ယူချင်ပုံမရဘူး ထင်တယ်"

"မဟုတ်ပါဘူး၊ ချောတာကို ပြောတာပါ။ လက်ရှိ ရုပ်ရှင်မင်းသားတွေ သူ့လောက် တစ်ယောက်မှ မချောဘူး"

"ရှင်က ရုပ်ရှင်မင်းသားတွေ အကုန်လုံးကို အပြင်မှာမြင်ဖူးလို့လား"

"ဘာပဲဖြစ်ဖြစ် မမရဲ့၊ အဲဒီလူကြီး သိပ်ချောတာပဲ"

"သေလိုက် ... ညည်းတို့ တစ်ကောင်တာလုံး ဆေးသွင်နေပြီ"

အရောင်းစာရေးမလေးများနှင့် တိုက်ရိုက် ဆက်ဆံရသည့် အလုပ်ကို၊ ဇီဇဝါ လုပ်ရပါသည်။ သဘောကောင်းပြီး ပျော်တတ်သည့် ဇီဇဝါက ကောင်မလေးတွေထဲမှာ အငယ်တူတွေပါလည်း "သမီး"ခေါ်ချပြီး "မမ"နေရာမှာနေလျက်တူပင် သူငယ်ချင်းပေါင်း ပေါင်းပြန်သည်။ ကောင်မလေးတွေက ဇီဇဝါကို ပြောရဲဆိုရဲ ရင်းနှီးကြပေမဲ့ ခတ္တာနှင့် ရင်ခတ်တို့ကိုကျတော့ မဆိုစလောက်ကလေး ပို၍စိမ်းချင်၏။ ဇီဇဝါနှင့်လောက် မရင်းနှီးတော့ပါ။ သူတို့အားလုံး ကြောက်ရွံ့လေးစားကြတာတော့ "မမပန်း စကား" ပါပဲ။

ဇီဇဝါနှင့် ရင်ခတ်တို့က ပန်းကျော် ဆံပင်တွေကို ဖြောင့်ထားကြသည်။ ဆံပင်က အလယ်ခွဲ။ က,ကြီးနဖူးလေးများ ကိုယ်စီနှင့်။ နဖူးဆံစပ်ကလေးထဲ လက်ငါးချောင်း ,ထိုးသွင်းဆွဲဖွလိုက်ပြီးတိုင်း ဆံပင်ဖြောင့်တွေက ပခုံးပေါ်သို့ ဘုတ်ခနဲ ဘုတ် ခနဲ ပြုတ်ပြုတ်ကျတာဟာလည်း အလွန်ကြည့်ကောင်းလှပါသည်။ ခတ္တာကျတော့ ဖောင်းဖောင်းဖွဖွ၊ လှိုင်းကြီးကြီးနှင့် ဘိုကေသာသာ ဆံပင်ဖြစ်ပြန်၏။ အဲသည် သုံးယောက်လုံး ပန်းပန်လေ့ မရှိပါ။ သူတို့ဆံပင်တွေဟာ ပန်းပန်ဖို့ အဆင်ပြေသော ဆံပင်ပုံတွေ မဟုတ်ကြပါ။



ပန်းစကား တစ်ဦးတည်းသာ။

တကယ်ဆို ... ပန်းစကား ဆံပင်သည်လည်း ဖြန့်ချမည်ဆိုလျှင် ကုပ်ထိရုံတချို့၊ ကုပ်ဝဲတချို့၊ ကုပ်ကျော်ကျော်တချို့နှင့် အထပ်အထပ်ကလေးတွေဖြစ်လျက် အလွန်လှပါသည်။ သို့ပေမဲ့ ပန်းစကားကုန်တိုက် တစ်ခုလုံး၊ ပန်းစကား ဆံပင် ဘယ်လောက်ရှည်လဲ ဘယ်သူမှ မသိကြပါ။ ပန်းစကားသည် ရှိစုမဲ့စု ဆံပင်အားလုံးကို နောက်ဘက်နားမှာ စုချည်သည်။ ဆံပင်တွေးလေးကို ပိုက်ကျဲပါးပါးလေး အုပ်ချလိုက်ရုံနှင့်၊ တကူးတက ထုံးဖွဲ့စရာမလိုသော နောက်စွဲဆံထုံးလေး ဖြစ်သွားရ၏။ အဲသည် ဆံထုံးလေးမှာ ပန်းစကားအော ပန်းလေးတစ်ပွင့်၊ ပန်းသေးလျှင် အခိုင်နှင့် ပွင့်တတ်သည့် ပန်းသေးသေးလေးတွေ ဆိုလျှင်၊ ခိုင်လိုက်ဖြစ်စေ၊ အခိုင်လိုက် မဟုတ်တောင် သုံးလေးပွင့်ဆိုသလို ပန်တတ်၏။

သဇင်ပွင့်ချိန်မှာ သဇင်၊ မိုးတွင်းမှာ ပွင့်တတ်သော ဂေါ်သဇင်(သဇင်ခက်ကလေးတွေနှင့်ဆင်သည်)ကိုလည်း ပန်းစကား နှစ်သက်သည်၊ အဲသည်လို အခက်ကလေးတွေကျတော့ ဝေနေအောင် ပန်တတ်ပြန်သည်။ အဲသည် ပန်းစကားကို ... ပန်းစကားကုန်တိုက်၊ ပန်းစကားကုမ္ပဏီဝန်ထမ်းအားလုံးက ရှိန်ကြသည်။ ဖြိုကြသည်။ သူတို့အလုပ်ရှင်၊ သူတို့သူဌေးဟာ ဒေါ်ပန်းစကားဟူ၍ သတ်မှတ်ကာ လေးစားရိုသေကြပါသည်။ အဲသည်လို ဖြိုလောက်အောင်လည်း ပန်းစကား မျက်နှာထားကတည်၏။ ဝတ်စားပြင်ဆင်ပုံက အသက်ထက်ပို၍ ရင့်ကျက်ပြထားသည်။ သို့ပေမဲ့ ... ပေးစရာရှိသည့် အခွင့်အရေးကိုကျတော့ ရက်ရောစွာ ပေးတတ်သည်။ ကိုယ့်ဝန်ထမ်းတွေမှာ လိုအပ်နေသည့် လူမှုရေး ကိစ္စမျိုးမှာလည်း ကူညီ၏။ မျက်နှာကြောကိုတော့ နည်းနည်းလေးမျှ မလျှော့

ပါ။ အဲသည်လို နေလို့လည်း ဤကုန်တိုက်ကြီး တစ်ခုလုံးကို ပိုင်နိုင်စွာ အုပ်ချုပ်နိုင်တာ ဖြစ်ပါသည်။

"ဇီဇဝါ ဘယ်လဲ"

"ကော့စမက်တစ်ကောင်တာမှာ သွားထိုင်မလို့"

"ရှင်ကတော့လေ .. တုံးရမယ်ဆိုရင် နှစ်ယောက်မရှိဘူး၊ မတော်တဆပဲဖြစ်ဖြစ်၊ တကူးတကပဲဖြစ်ဖြစ်၊ သုံးသောင်းကျော်တန် ရေမွှေးပုလင်းကို ဘယ်သူ နေ့တိုင်းလာခွဲနိုင်မှာလဲ၊ စဉ်းစားများလည်း ကြည့်ပါဦး"

"ဟီး ... ဟုတ်သား"

"ညှံ့ချက်ကတော့လေ"

"ဘာပဲဖြစ်ဖြစ် ... မတ်တတ်ထရပ်ပြီးနေပြီ၊ ပြန်တော့ မထိုင်နိုင်ဘူး၊ ရပ်လက်စနဲ့ ဟိုလျှောက်ဒီလျှောက် လုပ်လိုက်ဦးမယ်"

အပေါ်ဆုံးထပ် ရုံးခန်းမှာ သူတို့လေးယောက်ထဲမှီ လွတ်လပ်စွာ ပြောဆိုနေထိုင်ကြပါသည်။ ဝန်ထမ်းတွေရှေ့မှာ အလွန်တည်ကြည်သော ပန်းစကားပင်လျှင် ရုံးခန်းထဲမှာကျတော့ သူငယ်ချင်းတွေနှင့် တန်းတူ၊ ရောနှော ပြောဆိုတတ်သည်ပင်။ ပန်းစကားသည် ရုံးခန်းထဲနှင့် ရုံးခန်းပြင်ပ ... နှစ်နေရာမှာ လူနှစ်ဦး သပ်သပ်စီလို၊ တစ်ပုံစံနှင့် တစ်ပုံစံ ဘယ်လိုမှ မတူအောင် နေထိုင်တတ်ပါဘိခြင်းလေ။

"ဟာ ... မျက်စောင်းထိုးတိုက်ရဲ့ အောက်ဆုံးထပ်မှာ ဖလော်ရာတစ်ခု လာဖွင့်ထားပါလား။ ဘယ်တုန်းကလဲ၊ မသိဘူး ကြည့်စမ်း။ ခတ္တာရေ၊ ပန်းရူးရေ ... ရှင် အလုပ်သွားလျှောက်ပါလား၊ ဒါမှမဟုတ် ... ရှင့်ခြံကပန်းတွေ သွင်းဖို့ ဖောက်သည်သွားလုပ်ချင်လုပ်"



ဇီဇဝါက ခတ္တာကို အော်ပြောလိုက်ပေမဲ့ ရင်ခတ်ပါရောက်လာ၏။ ပန်းစကားသည်သာ သူ လုပ်စရာရှိတာတွေ လုပ်နေသည်။ သူငယ်ချင်းသုံးယောက်ကတော့ ပြတင်းပေါက်မှာ ပြုံတိုးနေကြပါပြီ။

"အေးဟဲ့ ... ကျုပ်တို့လည်း မသိလိုက်ရပါလား"

"ပတ်ဝန်းကျင် လေ့လာမှု ညံ့သကိုး"

ပန်းစကားက သူ့ဆီ တက်လာသော ဖိုင်တွဲတချို့ကို ...တ်ရင်း မော့မကြည့်ဘဲ ပြော၏။

"အမယ် ... ရှင်ရော သိလို့လား"

"ဆန်းဒေးက ဆိုင်ဖွင့်တာ၊ မန်းဒေးမှာ ကျုပ်ဆီပန်းစည်းရောက်တာပဲ၊ ကျုပ်ဆီရောက်တဲ့ ပန်းစည်းဟာ အဲဒီဆိုင်က ..."

"တော်ပါပေ့ရှင်။ ရှင့်ကို လိုက်မမီတာ၊ ဒါတွေပဲ"

"ပေါ့ပေါ့နေ ပေါ့ပေါ့စား နေကြတာကိုး၊ လေးလေးနက်နက်မှ မရှိတာ"

"လေးလေးနက်နက် ရှိချင်ရင် ကိုယ့်ဘာသာကုမ္ပဏီထောင်မှာပေါ့၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားရင်းနဲ့ အမြတ်ရှယ်ယာခွဲချင်လို့ ရှင့်ဆီမှာ နေတာပေါ့"

"ဝန်ခံပုံက ချစ်စရာလေး"

"လာပါ ... လာကြည့်စမ်းပါ။ ပန်းတွေ အရမ်းလှတာပဲ။ လက်ကိုင်ပန်းတွေလည်း ရှိတယ်တော့။ ဒါ ... ရှမ်းပြည်နယ်က သယ်ရတာ။ ရန်ကုန်မှာ မပွင့်ဘူး၊ ဥတွေယူလာပြီး စိုက်ကြည့်ပြီးပြီ၊ အပင်တော့ ပေါက်တယ်၊ မပွင့်ဘဲ သေသွားတယ်"

ပန်းနှင့်ပတ်သက်လျှင် ခတ္တာက ဗဟုသုတစုံ၏။

"မင်္ဂလာဆောင်တွေမှာ ... သတို့သမီးနဲ့ သတို့သားရှေ့မှာ ချတဲ့ပန်းပုံထဲမှာ အဲဒီ လက်ထပ်ပန်း ပါချင်ရင် ဈေးပိုကြီး တယ်"

"ရှင် ဘယ်ဟာကို ပြောနေတာလဲ"

"ဟိုမှာလေ ... အစိမ်းရောင်အရိုးနဲ့ အဖြူပွင့် ခပ်ကြီးကြီး၊ အော်လံလိုလို ပိန်းပန်းလိုလို"

"ဟော့ ... အဲဒါ ဟယ်ယွမ် ကြိုက်တဲ့ ဟိုက်ဒရန်း မဟုတ် လား။ ရင်ဟော့လည်း ကြိုက်တယ်"

"ကိုရီးယားရှုးနဲ့ တွေ့ပြန်ပြီ။ ကျေးဇူးမြစ်မဘွားတဲ့ နှလုံး သားရပ်ကွင်းထဲကဟာတွေ ဒီမှာလာမပြောနဲ့"

"အဲဒီလို ပြောနိုင်ကတည်းက ကိုရီးယားရှုးထဲမှာ ရှင်လည်း ပါလို့ပေါ့"

"ဟော့ ... အဲဒီကားထဲမှာ မင်ယူ လုပ်တဲ့ မင်းသားဟာ၊ ဟို အရင်တုန်းက ဂျွန်စောလေ"

"သိပါတယ် ... မလျှာရှည်ရဲ့"

"အကောင်းပြောမလို့၊ ကိုခွန်းဆက်ဟာ အဲဒီမင်းသားနဲ့ ခပ်ဆင်ဆင်ကွ။ ကိုခွန်းဆက်က မင်ယူလို ဆံပင် ဖိုသီ ဖတ်သီနဲ့ မဟုတ်ဘူး၊ ခပ်တိုတိုပဲ။ သပ်သပ်ရပ်ရပ် ဖြီး ထားတယ်။ ပြီးတော့ ... မင်ယူက ပေါက်တတ်ကရ ဝတ် တယ်၊ အင်္ကျီချိုင်းပြတ် အမွေးဖွားတွေ ဝတ်လိုဝတ်နဲ့၊ ကိုခွန်းဆက်က ရှပ်အင်္ကျီအဖြူ၊ လည်ကတုံး ...

"အဲဒီ မင်းသားကို မျက်စိထဲမှာ ကြည့်လိုက်ကွာ၊ သူ့လို မျက်စိမမှေးဘူး၊ မျက်ဝန်းရစ်ပါတယ်၊ မျက်ခုံးကောင်း



တယ်၊ နှာတံလှရုံပေါ်တာ တူတယ်၊ မျက်နှာကျ တူတယ်၊ နှုတ်ခမ်းလည်းတူတယ်။ အသားက အစိမ်းနုရောင်လဲ့လဲ့ ပြေးတယ်၊ ဆံပင်သပ်သပ်ရပ်ရပ်နဲ့၊ အဲဒီ ဂျွန်စောနဲ့သဘော ချင်းတော့ ဆင်တယ်၊ ဂျွန်စောထက် ပိုချောတယ်"

"ရှင် ပြောပုံနဲ့ဆိုရင် ... သူ့ကိုပဲ ပုံစံထိုင်နိုင်းပြီး၊ ပန်းချီ ဆွဲယူရမှာတော့မဲ့ပုံ"

"အေးကွ ... ငါမြင်ဖူးသမျှ ယောကျ်ားတွေထဲမှာ အချော ဆုံးပဲ။ ဟော့ ... ဟိုမှာ လူတစ်ယောက် ကျုပ်တို့အခန်းကို မော့ကြည့်နေပါလား။ ကွယ် ... ကွယ်"

စိန်းဒိုင်းသံတွေ ထွက်ကကာ ကိုယ်ကလေးတွေ ပြိုင် ...ပုချ၊ သူ့ထက်ငါ အရင်ပုနိုင်အောင်လုကြနှင့်မို့ အလဲလဲအပြိုပြိုမှာ ...ယ်သံတွေပါ ထွက်လာရတော့၏။

"ရှင်တို့ ဘာယ်တော့ လူလားမြောက်မှာလဲ"

ပန်းစကားက အခွင့်သင့်တုန်း နိပ်ကွပ်ပေးလိုက် ...မဲ့ သူကိုယ်တိုင် စားပွဲနောက်မှ ထွက်လာသည်။ ပြတင်းပေါက် ...ခန်းဆီးကို လက်တစ်ဖက်နှင့် ဆွဲကွယ်၍ ရပ်လိုက်၏။ ဟုတ် ...။ ယောကျ်ားတစ်ယောက်ဟာ ပန်းစကားတို့ ကုန်တိုက်ကြီးကို ...မော့ကြည့်နေပါသည်။ ပန်းစကားတို့ အခန်းကိုလား၊ တတိယထပ် ...နှင့် ဒုတိယထပ်လောက်ကိုလားတော့ မသိ။ မော့ကြည့်ပုံ အနေ ...အထားကြောင့် တတိယထပ်နှင့် ရုံးခန်းဆီသို့သာ ဖြစ်နိုင်ပါသည်။ ...သူ့မျက်နှာကို ပန်းစကား တစ်ခါမျှ မမြင်ဘူးတာတော့ သေချာ ...သည်။

ပန်းစကားက ခပ်တည်တည်ပဲ ပြန်လာ၏။

"သူများကျတော့ နိပ်ကွပ်ပြီး၊ သူလည်း နေနိုင်တာ မဟုတ်ဘဲနဲ့"

"ပတ်ဝန်းကျင် လေ့လာတာ သိရဲ့လား"

"တွေ့လိုက်လား"

"သေသေချာချာကို တွေ့တာပေါ့"

"ချောတယ်မှလား"

"ရွှေခတ္တာ ... ရှင့်မျက်စိထဲမှာ ဦးသဝန်ကြောင်ကြီးကလွဲရင် ယောကျ်ားမှန်သမျှ လူချောချည်းပဲလား။ ရှင်လက်ထပ်ရမှာ ဦးသဝန်ကြောင်ကြီးနော်"

"သိပါတယ်ဟာ ... ချောလို့ ချောတယ် ပြောတာ"

"ခတ္တာ"

"ဘာတုံး"

"ရှင့်ပန်းချီဆရာ ကိုစွန်းဆက်နဲ့ ဘယ်သူက ပိုချောလဲ"

"ဟီး ... ကိုစွန်းဆက်ကိုတော့ မမီဘူးကွ၊ ဒီလူက နည်းနည်းပုတယ်။ ကျုပ်တို့က ငုံ့ကြည့်ရလို့လည်း ဖြစ်တော့ ဖြစ်နိုင်တာပေါ့လေ။ ယောကျ်ား တစ်ယောက်ဟာ အသားဖြူနှာတံပေါ်ပြီး မျက်ခုံးကောင်းတယ် ဆိုရင်ပဲ လူချော ဖြစ်ပြီပဲကွ"

"သူ ဘာကိုကြည့်တယ်ထင်လဲ ပန်း ... ဟင်"

သူငယ်ချင်း လေးယောက်မှာ အချင်းချင်း နာမည်အပြည့်အစုံကိုသာ ခေါ်လေ့ရှိပေမဲ့၊ တစ်ခါတလေကျတော့ ပန်းခီ၊ ရင်ခတ်ကိုကျတော့ ရင်၊ ခတ္တာကိုကျတော့ တာဟူ၍ ခေါ်ကြလည်း ရှိကြပါသည်။



"ရှင့်ကိုကြည့်တာ နေမှာပေါ့။ ရုံးခန်းပေါ်မှာ တစ်နေ့ တစ်နေ့ ဘာလုပ်နေလဲ ဆိုပြီး ဦးသဝန်ကြောင် လွှတ်ထားတဲ့ စုံထောက်ဖြစ်မှာ"

"ဦးသဝန်ကြောင် လွှတ်ရင် စုံထောက်တော့ မဖြစ်ဘူးကွ၊ စုံထောက်ကို ပြောင်းပြန်ပြောကြည့်၊ အဲဒါပဲ ဖြစ်မှာ။ ကျုပ်ကို သဝန်ကြောင်လွန်းလို့ တမင်ရွဲ့ပြီး ထင်ရာတွေ လုပ်ထားလည်း နည်းနည်းလေးမှ မရိပ်မိတဲ့သူပဲ။ ဆရာသမားကိုယ်တိုင် ဒီလောက်ထုံနေမှ သူလွှတ်တဲ့ စုံထောက်လည်း ..."

"ဟော့ ... တော်တော့"

"တော်လို့ မဖြစ်ဘူး၊ ဒီကိစ္စ မစုံစမ်းရရင် ဖီဇဝါ အရမ်းအသည်းယားတယ်"

"သွားမလုပ်နဲ့နော်၊ နာမည်ပျက်မယ်၊ အေးဆေးနေ"

"အေးပါ ... အေးပါ"

"လက်ခံတာ မြန်လွန်းတော့ ယုံတောင် မယုံချင်ဘူး"

"မနက်ဖြန်လောက်ဆို ကိုယ်ရေးရာဇဝင် အတိအကျ တင်ပြမယ်၊ စိတ်ချ"

"ဒီ ... မလုပ်နဲ့နော်၊ ကုမ္ပဏီပါ နာမည်ပျက်မယ်"

"မလုပ်ပါဘူးဆို"

"ဇီရေ ... ကျုပ်ဆီမှာတော့ သက်ထားတို့အုပ်စု ရှိလေရဲ့။ ဆားပုလင်းနှင်းမောင်ရဲ့ ကုလားလေးတွေထက်တောင် အားကိုးရဦးမယ် မှတ်ပါ"

"ကျုပ်ကုမ္ပဏီနဲ့ ကျုပ်ကုန်တိုက်နာမည် ပါလာရင်တော့ ရှင်တို့နဲ့ လမ်းအခွဲပဲ"

"ဝမ်းသာလိုက်တာ။ ခွဲချင်နေတာ ကြာပြီ"

တစ်ယောက်နှင့် တစ်ယောက် မခံချင်အောင် ပြောကြပေမဲ့၊ ဤသူငယ်ချင်း လေးယောက်ဟာ ဘယ်တော့မှ မခွဲနိုင်သည့် စိတ်တူကိုယ်တူ သူငယ်ချင်းတွေပါပဲ။

ကော် ကော် ကော်

ခဏကြာတော့ ... ပုံမှန်ရောက်မြဲ ပန်းစည်းရောက်လာ၏။ လာပို့သူကတော့၊ ဟိုကောင်လေး၊ ခါတိုင်းလာနေကျ ကောင်လေးပါပဲ။

"သူငယ်လေးရေ ... ရှင့်ခမျာ၊ ကျုပ်တို့ရုံးခန်းကို နေ့တိုင်း တက်ရတာ မမောဘူးလား။ ရုံးခန်းထဲ ဝင်ပါဦး။ ရှင့်ကို အအေးတိုက်မလို့"

"ဟာ ... နေပါစေခင်ဗျာ"

ကောင်လေးဟာ အသက်နှစ်ဆယ်လောက်ပဲ ရှိပါဦးမည်။ ဇီဇဝါတို့ထက်တော့ ငယ်ပါသည်။ သို့ပေမဲ့ ... ဒီကောင်လေးသာ သူဌေးသား၊ ကားကိုယ်တိုင် မောင်းလို့၊ တက္ကသိုလ်ကျောင်းသားကလည်း ဖြစ်နေသေး ... ဆိုလျှင်တော့ ဇီဇဝါဟာ ဘယ်နည်းနှင့်မျှ သူငယ်လေးဟု ခေါ်ဖြစ်မည် မထင်ပါ။ ခုတော့ ပန်းဆိုင်တစ်ဆိုင်မှ အလုပ်သမားကောင်လေးဟာ ပညာလည်း သိပ်တတ်ပုံမရ၊ လူမှုရေးမှာလည်း ကျေညက်ပုံမပေါ်၊ ရုပ်ကလေးက ခပ်မွဲမွဲနှင့်မို့ သူငယ်လေးဟုပဲ ရဲဝံ့စွာ ခေါ်ချလိုက်၏။ ရုံးခန်းထဲသို့ လာပါဦးဟု ဖိတ်၏။ ဒီကောင်လေးတစ်ယောက်လောက်တော့ မိန်းမသားလေးယောက်ပေါင်းက အပျော့ဟု ယူဆလိုက်ပုံပါ။ ဇီဇဝါ



ဖိတ်ခေါ်မှုကို ပန်းစကားက မကြိုက်လှပေမဲ့ ပြောမနေတော့ပါ။ ဒီသူငယ်ချင်းသုံးယောက်ဟာ ကိုယ့်လောက်တော့ လူလားမမြောက်ကြသေးတာ အမှန်ပင်။

"လာပါ လာစမ်းပါ။ ပြောစရာရှိလို့။ ဆွဲလည်းမခေါ်ချင်ဘူး။ ရှင်ဝင်မလာရင်တော့၊ ဟိုမှာတွေ့လား။ ယောက်ျားဆောင်း ထီးခေါက်ကြီး ရှိတယ်။ အဲဒါနဲ့ ချိတ်ဆွဲပြီးခေါ်ရမှာပဲ"

ကောင်လေးခမျာ မအောင့်နိုင်စွာ ပြုံးမိရင်း ရုံးခန်းထဲသို့ ဝင်ရှာတော့သည်။

"ဒေါ်ပန်းစကား အတွက်ပါ ခင်ဗျာ"

လက်ထဲမှ ပန်းစည်းကို ပန်းစကားရှေ့မှာ သွားချလေ၏။ နေ့စဉ်ရက်ဆက် ပို့နေခဲ့တာ လေး,ငါးရက် ရှိပြီမို့ ဒေါ်ပန်းစကားဟာ ဘယ်သူဆိုတာ ကောင်လေး သိသွားခဲ့ပါပြီ။

"ထိုင်ပါဦး။ မင်းနာမည် ဘယ်လိုခေါ်လဲ"

ပန်းစကား၏ စားပွဲနားထိ ရောက်လာသည်မို့ ပန်းစကားက ထိုင်ရာမထ လှမ်းယူကာ အေးသို့ချ၏။ ခဏ္ဍာက မနေနိုင်စွာ)၊ ရုံးခန်းထဲမှာ အလှထားသော တရုတ်ကြွေပန်းအိုးကြီး (သုံးပေခန့် မြင့်သည်)မှာ အစည်းလိုက် သွားစိုက်၏။ ကောင်လေးက ပန်းစကား မေးငေါ့ပြသော၊ စားပွဲရှေ့မှ ကုလားထိုင်မှာ ပန်းစကားနှင့် မျက်နှာချင်းဆိုင်) ထိုင်၏။ ပန်းစကားက သူ့ကုလားထိုင် ကျောမှီမှာ မှီလိုက်သည်။ ခွေခွေခေါက်ခေါက်ကြီး မဟုတ်ပါ။ ကျောမှီကိုက ခပ်မတ်မတ်မို့ စတိုင်ကျရုံရှိ၏။ လက်နှစ်ဖက်ကို လက်တန်းနှစ်ခုပေါ် တင်လိုက်သည်။ ပန်းစကားသည် လေးတန်းကျောင်းသားလေးရှေ့မှ ကျောင်းအုပ်ကြီး၊ တရားခံရှေ့မှ တရားသူကြီး

ပုံစံ ထွက်ကာ၊ လူက အလိုလိုနေရင်း အဆင့်မြင့်သွားသလို ဖြစ်လေ၏။

အဲဒါသည်ပင်လျှင် ပန်းစကားထဲမှ လျှံထွက် ဖြာထွက်နေလေ့ရှိသော တင့်တယ်ခြင်းပါပေ။ ကောင်လေး ခမျာမှာတော့ တရားခံ လေးတန်းကျောင်းသားလေး ဖြစ်ရရှာတော့သည်။

"ပြောပါဦး ... နာမည် ဘယ်လိုခေါ်လဲ"

"သံခဲပါ ခင်ဗျ"

"နာမည်က တယ်သတ္တိကောင်းပါလား"

သူတို့အုပ်စုမှာ ရယ်စရာ အပြောနိုင်ဆုံးက ဇီဇဝါပါ။ ဇီဇဝါက အမြဲတမ်းလိုလို စကားတိုင်းမှာ အရွန်းဖောက်တတ်သည်။ ပြီးလျှင် သူ့ဘာသာရယ်၏။ ကျန်သုံးယောက်က မျက်နှာတည်ကြီးတွေလုပ်ကာ "ရယ်လည်း မရယ်ရဘူး၊ ရယ်စရာပြောတာ မရယ်ရလို့၊ ရယ်တောင် ရယ်ချင်သေးတယ်"... ဟု ပြောတတ်မြဲပါ။

"မင်း ... တို့ကုန်တိုက်နဲ့ မျက်စောင်းထိုး မရှိတရှိ ဆိုင်ခန်းကလား၊ မြေညီထပ်လေ"

"ဟုတ်ကဲ့"

"မင်း လာပို့တော့ အဲဒီဆိုင် မဖွင့်သေးဘူး"

"ဟုတ်ကဲ့"

"ပန်းလာပို့ပြီး သုံးလေးရက်ကြာမှ မင်းတို့ဆိုင် ဒီမှာလာဖွင့်တာ"

"ဟုတ်ကဲ့"

"ဒီဆိုင်မှာ လာမဖွင့်ခင်က ဘယ်မှာဖွင့်လဲ။ ဟုတ်ကဲ့လို့ မပြောနဲ့"



သံခဲက ဇီဇဝါကို မော့ကြည့်သည်။

"ကမ္ဘာအေးစေတီလမ်းပေါ်ကနေ၊ နည်းနည်းဝင်ရတဲ့ လမ်းလေးပါ။ အဲဒီမှာ မြေကြီးကတော့ သိပ်မကျယ်ပါဘူး၊ အဲဒီမှာ ပန်းပင်တွေလည်း နည်းနည်းရှိပါတယ်။ ပန်းဆိုင်လည်း ဖွင့်ထားပါတယ်။ မိုနာလီဇာဖလော်ရာပါ"

"အခု ဒီဆိုင်ကလည်း နာမည်က မိုနာလီဇာပဲလား၊ ဆိုင်းဘုတ် မတွေ့သေးဘူးလားလို့"

"မိုနာလီဇာဆိုင်ခွဲပါပဲ။ ဒီနေ့ပဲ ဆိုင်းဘုတ်တင်ပါပြီ"

"ကမ္ဘာအေးစေတီလမ်းက ဆိုင်မှာ ရှင်ပြောတဲ့ မမဆိုဖီဆိုတာ နေတယ်ပေါ့"

ရှင့်ခတ်က မှတ်မိစွာ မေး၏။

"မမဆိုဖီက တခြားမှာ နေပါတယ်၊ ကျွန်တော် မသိဘူးခင်ဗျ။ ကျွန်တော်က ရန်ကုန်ရောက်တာ ငါးလပဲ ရှိပါသေးတယ်။ ကမ္ဘာအေးစေတီလမ်းကခြံမှာရှိတဲ့ တိုက်သေးသေးလေးက ရုံးခန်းသဘောပါပဲ။ ပန်းစည်းတွေ ပန်းခြင်းတွေ၊ လက်ကိုင်ပန်းတွေ၊ အဲဒီမှာ အကုန်လုံး လုပ်ကြပါတယ်"

"ဒီလမ်းထဲက ဆိုင်မှာရော မလုပ်ဘူးလား"

"မလုပ်ပါဘူး မမ။ ပန်းတွေပဲ ပြထားတာပါ။ ပန်းချည်းဝယ်ရင် ရောင်းပါတယ်။ ပန်းစည်း လုပ်ချင်ရင်၊ ဘာပန်းနဲ့ဆိုတာ ပြရင်၊ ပန်းတွေကို ကမ္ဘာအေးစေတီလမ်းခြံ ချက်ချင်းပို့ရပါတယ်၊ အဲဒီမှာ ပန်းစည်း စည်းတတ်တဲ့ အလုပ်သမား မိန်းကလေးတွေက ချက်ချင်းပြင်၊ ချက်ချင်း လိုက်ပို့လုပ်ပါတယ်"

"ဒါဆို ... ပန်းခြံကြီးက ဘယ်မှာလဲ"

"ကျောက်ရေတွင်းမှာဆိုလား၊ ကျွန်တော် သိပ်မသိပါဘူး၊ ကျွန်တော့် အလုပ်က ပန်းတွေ လိုက်ပို့ရတဲ့အလုပ် သီးသန့်ပါ"

"ဒီပန်းစည်းကို ဘယ်မှာစည်းတာလဲ"

"ဘယ်ပန်းစည်း မဆို၊ ကမ္ဘာအေးစေတီလမ်းမှာပဲ စည်းပါတယ်"

"ဒီကိုလာမှာရင်ရော၊ ဆိုပါတော့ ... တစ်ယောက်ယောက်က ဒီလမ်းထဲကဆိုင်မှာ လာမှာမယ်၊ ရှိတဲ့ပန်းနဲ့ပဲ။ ဒီဆိုင်မှာရှိတဲ့သူက ချက်ချင်း ထစည်းမပေးနိုင်ဘူးလား"

"သိပ်ခက်ခက်ခဲခဲ မဟုတ်ရင်တော့ ချက်ချင်း ထစည်းပေးနိုင်ပါတယ်"

"အခု ... ရှင်ယူလာတဲ့ ပန်းစည်းရဲ့ တန်ဖိုးက"

"ကျွန်တော် မသိပါဘူးခင်ဗျ၊ ကျွန်တော် ... ဒီပန်းစည်းကို ကမ္ဘာအေးစေတီလမ်းကနေ တိုက်ရိုက်ပို့တာပါ"

"စောစောတုန်းက၊ ရှင့်ကို အောက်ကဆိုင်မှာ တွေ့လိုက်သလားလို့"

အဲဒါတော့ ... ဇီဇဝါ သက်သက်အစ်တာ ဖြစ်၏။

"ဟုတ်မှာပါ၊ ကျွန်တော် ... အောက်ဆိုင်ကို ဝင်ပါသေးတယ်။ ပန်းစည်း နောက်နစ်စည်း လာပို့တာပါ။ အောက်ဆိုင်မှာ အမှာရှိလို့"

"ရှင် သွားမပို့ရဘူးလား"

"အဲဒါ ကိုယ်တိုင်လာယူမဲ့ ပန်းစည်းတွေပါ"

"တော်တော်ကြီးလား"



"ခပ်တန်တန်လေးလောက်ပါပဲ၊ ကျွန်တော် ပြန်လို့ရပြီလားဗျာ၊ ကျွန်တော် အချိန်ကြာနေရင်၊ ကျွန်တော်တို့ မန်နေဂျာက စစ်ဆေးမေးမြန်းပါတယ်"

"ကြွပါရှင် ... သိချင်တာလည်း ဘာမှမေးလို့မရဘူး"

"ကျွန်တော် ဗဟုသုတနည်းလို့ပါ"

"သြော် ... ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ရင်ခတ်က မဲ့ပြောတော့ ကောင်လေးက လှစ်ခနဲ တစ်ချက်ပြုံးကာ ထွက်သွားလေတော့သည်။

အဲဒီနေ့ညမှာ ပန်းစကားထံ ဖုန်းလာ၏။

ဂ ဂ ဂ

"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

ပန်စကားက တယ်လီဖုန်းထူးလျှင် အလွန်ယဉ်ကျေးသိမ်မွေ့ပါသည်။ ကိုယ်က စီးပွားရေးသမားလေ။ အလုပ်ကိစ္စနှင့် ပတ်သက်ပြီး ဆက်ဆံရသူတွေဟာ ကိုယ်နှင့် အဆင့်တူတွေပဲဖြစ်ဖြစ်၊ ကိုယ့်လောက် မဖြစ်ထွန်းသေးသူတွေပဲ ဖြစ်ဖြစ်၊ ကိုယ့်ထက် ပိုမိုအောင်မြင်နေသူတွေပဲဖြစ်ဖြစ်၊ ကိုယ် တလေးတစား ဆက်ဆံရမည့်သူချည်း ဖြစ်၏။

"ပန်းစကားလား"

ပန်းစကား ရုတ်တရက် ဆွံ့အသွားရတော့၏။

တစ်ခါမျှ မကြားဘူးသောအသံဖြစ်သည်။ ယောကျ်ားသံလည်း ဖြစ်၏။ ထိုအသံသည် ကိုယ်ကြားနေမကျ၊ ကိုယ်နှင့်

စကားပြောနေကျ၊ ကိုယ့်မိတ်ဆွေ အပေါင်းအသင်းထဲမှ မဟုတ်တာ သေချာ၏။ မကြားဘူးသော အသံသစ်မျိုးကို ကြားရတာလည်း၊ ပန်းစကားအဖို့ ဆန်းလှသည်တော့ မဟုတ်ပါ။ စီးပွားရေးသမားမို့ မိတ်ဆွေအသစ်တွေလည်း တိုးတက်မြဲဖြစ်၏။ သို့ပေမဲ့ ယခုအသံသည် ထူးခြားနေ၏။ ရိုးရိုးစကားပြောတာပေမဲ့ သူ့အသံသည် အနီးစပ်ဆုံး ဥပမာပေးရလျှင် သီချင်းစာသားတစ်ပိုင်းတစ်စကို ရေရွတ်လိုက်တာနှင့် တူ၏။

ပန်းစကား၏ မိတ်ဆွေတွေထဲမှာ အဆိုတော်အချို့လည်း ပါသည်။ ပန်းစကားသည် ဂီတနှင့် အသက်မွေးဝမ်းကျောင်းမပြုခြား၊ ဂီတကို ဝါသနာပါသည်။ သီချင်းတွေကို ချစ်သည်။ ကိုယ်တိုင် ဆီးရိုးသွင်း၍ စင်ပေါ်တက်ဖို့ ဝါသနာမပါခြား၊ အိမ်မှာ တစ်ခုခု လုပ်တိုင်း နှုတ်ဖျားမပြတ် သီဆိုနေလေ့ရှိသော သီချင်းသံသည် ယနေ့ခေတ် အဆိုတော်များနှင့် တန်းတူ ကောင်းသည်ပင်။

ပန်းမစိုက်ပေမဲ့ ပန်းကြိုက်သော (နေ့တိုင်းပန်းပန်သည်) အဆိုတော် မလုပ်ပေမဲ့ နှုတ်ဖျားမပြတ်၊ သီချင်းသံမြဲလေ့ရှိသော ပန်းစကားသည် စာဖတ်ရခြင်းကိုလည်း အလွန်ဝါသနာပါသည်။ ကိုယ်တိုင်တော့ဖြင့် ဒိုင်ယာရီတောင် ရေးလေ့မရှိပါ။ ပန်းချီနှင့် ပန်းပုကို ခံစားတတ်သည် မြတ်နိုးတတ်သည်၊ ကိုယ်တိုင်ဖြင့် လုံးဝမလုပ်တတ်ပါ။ အနုပညာမျက်စိရှိသည်ဟု သူများတွေက သတ်မှတ်ခြင်းကိုလည်း ခံရသူ ဖြစ်သည်။ အဲသည်... ပန်းစကား၏ နားစည်မှာ ... ပန်းစကားလား ... ဆိုသော စကားလေးလုံးက သီချင်းစာသားတစ်ပိုဒ် ဖြတ်ပြေးသလို ခံစားလိုက်ရပါသည်။ မူလအသံကိုက လည်ချောင်းမှ ပေါ့ဆစွာ ထွက်လာ



တာမျိုးမဟုတ်၊ ရင်ခေါင်း၏ အနက်ရှိုင်းဆုံးနေရာမှ လှိုက်တက်လာသည့် ချိုရှရှအသံတည်း။

"ပန်းစကားလား ..."

ဒုတိယအကြိမ် မေးခွန်းကိုကျမှ ဖြေနိုင်ပါတော့၏။

"ဟုတ်ကဲ့ပါ"

"ကျွန်တော် ... ပန်းစည်းပို့တဲ့သူပါ"

"ဩော် ..."

ဇီဇဝါကို ဖျတ်ခနဲ သတိရလိုက်၏။ ဇီဇဝါသာဆို၊ သိလျက်သားနှင့်ပင် ... မောင်သံခဲလား ... ဟု မေးမှာဟုတ္တေးရင်း လွန့်လွန့်ကလေး ပြုံးဖြစ်သွားရတော့၏။

"ပန်းစည်းတွေ ရတာယ်မှလား"

"ရပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ... နေ့တိုင်းကြီးတော့ မပို့ပါနဲ့လား။ ကျွန်မ ပန်းကြိုက်တတ်တာ မှန်ပေမဲ့၊ တစ်ခါတလေပဲ ရချင်ပါတယ်။ ပို့ပြီးသလောက်ကို ကျေးဇူးတင်ပါတယ်။ နောက်ထပ် မပို့ပါနဲ့တော့။ ကျွန်မ ... မေတ္တာရပ်ခံတာပါ"

လူကြီးတစ်ယောက်၏ ဟန်ပန်မျိုးဖြင့် တည်ငြိမ်လှပစွာ ပြောနိုင်အောင် ဇွတ်ကြီး ကြိုးစားလိုက်ရတာကို ကိုယ့်ဘာသာပဲ သိပါသည်။ ရင်ထဲမှာ ဒိန်းဒိုင်းခုန်၏။ ဒါဟာရင်ခုန်စရာလား ...ဟု ကိုယ့်ရင်ခုန်သံကိုလည်း ကိုယ့်ဘာသာ အပြစ်တင်ရပါသည်။ ဒေါ်ပန်းစကား ဆိုတာ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးတစ်ယောက်လေ။ ဘာမဟုတ်တာလေးလောက်နှင့် ရင်ခုန်စရာလား၊ ကိုယ့်ဆီ ပန်းစည်းရောက်ဖူးတာမျိုးဟာ ခုမှ အသစ်အဆန်းလည်း

ဟုတ်မှ မဟုတ်တာ။ သစ်ရွက်လှုပ်ရုံနှင့် တခစ်ခစ် ရယ်ရမည့် အရွယ်ကိုလည်း ကျော်လွန်ခဲ့ပြီလေ။

"ကျွန်တော် ... ဘာကြောင့်မှ မဟုတ်ပါဘူး။ လက်ဆောင် ပေးချင်လို့ပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်။ ရပြီးခဲ့သလောက်ဟာ ပြည့်စုံပါပြီ"

"ကျွန်တော် စကားနည်းနည်း ပြောချင်ပါတယ်၊ ပြောခွင့် ပြုပါ၊ ရိုးရိုးသားသားပါ"

သူ စကားပြောပုံကို၊ ပန်းစကား 'သဲသောကျ' နှစ်ခြိုက်မိပါသည်။ စကားပြောလျှင် ဝါကျထဲမှ "လုံးပို"တွေပါလာလျှင် ပန်းစကား နားကလောခြင်း၊ နားမထောင်ချင်။ စိတ်မရှည်။ ပြောသူအပေါ်မှာလည်း အထင်သေးစိတ် ဝင်ချင်သည်။ စကားပြော မကောင်းသူဟု သတ်မှတ်ကာ၊ အဲဒီလိုလူမျိုးနှင့် လုံးဝ ... စကားလက်ဆုံ မကျချင်တော့ပါ။ ဒါဟာ ... ပန်းစကားရဲ့ အဒေါ် တစ်ဝမ်းကွဲ၊ မေမေ့ညီမ တစ်ဝမ်းကွဲ၊ အပျိုကြီး၊ ကျောင်းအုပ်ဆရာမ ကြီးက လေ့ကျင့်ပေးခဲ့ခြင်း ဖြစ်၏။ ဆရာမအန်တီကြီး သည် B.A, B.Ed အောင်၏။ စနစ်သစ် B.Ed မဟုတ်ပါ။ စနစ်ဟောင်း B.Ed မို့ ရေ့မှာ ဘွဲ့တစ်ခုခုရပြီးမှ တက်ရသော B.Ed ဖြစ်သည်။

"အန်တီတို့ ဆရာမတွေထဲမှာ ဒေါ်သန်းသန်းလှတို့၊ ဒေါက်တာဒေါ်စောခင်တို့၊ ဒေါက်တာဒေါ်ခင်မြ တို့ဟာ စာသင် တော်ရုံတင်မကဘူး၊ စာသင်ပါ ကောင်းတာ။ စာသင်တော်တယ် ဆိုတာက ပညာရပ်ကို ပြောတာ၊ ဘာသာရပ်ကို ပြောတာ၊ ကောင်း တယ် ဆိုတာက တစ်ဖက်သားနားထဲမှာ တစ်သက်လုံး စွဲသွား အောင် သင်နိုင်တာ" ... တဲ့။



ပညာရေးမဟာဌာနမှ ပညာရေးတက္ကသိုလ်ရယ်လို့ ခွဲဖွင့်သည့်နှစ်၊ ကိုယ့်တက္ကသိုလ်နှင့်ကိုယ်၊ ကထိကများ၊ ပါမောက္ခများ၊ ပါမောက္ခချုပ် စသည်ဖြင့် ဖြစ်သည့်နှစ်မှာ D.T တစ်နှစ်၊ ဒုတိယနှစ် ဆက်တက်တော့ B.Ed ဘွဲ့ ရခဲ့သော အန်တီ ဖြစ်ပါ သည်။

"ကျောင်းဆရာ လုပ်မဲ့သူဟာ၊ သင်ခန်းစာနဲ့ ပတ်သက်တဲ့ စကားအပြင်၊ လုံးပိုတွေ မပါအောင် ပြောနိုင်ရမယ်။ ဟို ... ကျွန်တော်တို့ ... ဆိုတဲ့ စကား၊ ဟိုဒင်း မဖြစ်ဘူး ဆိုတဲ့ စကား၊ အဲဒီဆိုလို့ရှိလို့ရှိရင် ဆိုတာမျိုးတွေ၊ အဓိပ္ပာယ်မရှိတဲ့ လုံးပိုတွေ ထည့်ပြောတာလောက် ညံ့တာ မရှိတော့ဘူး ...

"အဲဒီဟာက အဲဒီလို ဖြစ်သွားရော၊ ဖြစ်သွားပြီးတဲ့ အခါကျတော့ ဆိုလို့ရှိရင် ... ဆိုတာမျိုး၊ ဘာမှအဓိပ္ပာယ် မရှိတဲ့ လုံးပိုတွေပါ နားထဲသွင်းရတော့ ကလေးတွေရဲ့ နား ထဲမှာ၊ ဦးနှောက်ထဲမှာ မှတ်သားရမဲ့ စကားလုံးတွေ နေရာ ကျဖိတာပေါ့၊ ချောင်ချောင်ချိချိမရှိဘူး ...

"ဒါ ... အန်တီကြီးတို့ ပညာရေးတက္ကသိုလ်တက် တုန်းက ဆရာတွေ ဆရာမတွေ တင်းကျပ်စွာ သတိပေးတဲ့ စကားပဲ။ စာသင်ခန်းထဲဝင်ရင် မြေဖြူခဲလေးကို လက်ဖဝါး ထဲထည့်၊ မြှောက်ဆော့ပြီး ဝင်လာတာမျိုးတို့၊ စာသင်ရင်း မှာ မလိုလားအပ်တဲ့ လှုပ်ရှားမှုမျိုးလည်း မလုပ်ရဘူး၊ ကလေးတွေက စာထဲ စိတ်မရောက်ဘဲ၊ လှုပ်ရှားမှုကို လိုက်ကြည့်နေမှာပေါ့ ...

"အဲဒါ ... စာသင်ခန်းထဲတင် မဟုတ်ဘူး၊ စာသင် ခန်းပြင်ပမှာပါ လိုက်နာသင့်တဲ့ စည်းကမ်းတွေပဲ၊ သမီးက

စီးပွားရေးသမား လုပ်မဲ့သူဆိုတော့၊ သမီးနဲ့လည်း ဆိုင်တယ်၊ ကိုယ်က လိုရင်းကို ပြောတော့မယ် ဆိုတဲ့အခါမှာ၊ ဟို ... ဟို ... ကျွန်မတို့၊ အဲဒီတော့၊ ဒီလိုလေ ... ဟိုဥစ္စာပေါ့၊ အဲဒါ ဟိုသင်းဖြစ် ... ဆိုရင် သွားရော၊ အဲဒီစီးပွားရေး လုပ်ငန်းရှင်ဟာ အပြောမပိုင်တာနဲ့တင် ...

"လုပ်ငန်း မအောင်မြင်တော့ဘူး၊ အောင်မြင်မယ်ဆိုရင်တောင်၊ အောင်မြင်သင့်တာထက် လျော့ပြီး အောင်မြင်မယ်၊ စကားပြောရင်, သိပ်သတိထားရတယ်။ ကောက်ပင်ရိတ်လှီး စကားပြောနည်းဆိုတာ၊ ကောက်ပင်တွေကို လက်နဲ့သိမ်းကျုံးပွေ့ပစ်လိုက်လို့ စုစုစည်းစည်း ဖြစ်နေတော့မှ တံဇဉ်နဲ့ တိခနဲ ဖြတ်လှီးလိုက်ရင်၊ အားလုံး တိတိကျကျ ပြတ်သွားတာကို ပြောတာ" ... တဲ့။

ပန်းစကား ... သူငယ်ချင်းတွေနှင့်၊ မိဘနှင့် စကားပြောလျှင်တော့ ပြောချင်သလို၊ ကြိုက်သလို ပြောတာ့ချည်းပင်။ လုပ်ငန်းစကားသော်လည်းကောင်း၊ သူစိမ်းတစ်ယောက်နှင့် ဆိုလျှင်သော်လည်းကောင်း၊ သိပ်သတိထားပါသည်။ ယခုပြောသည့် သူကလည်း လိုရင်းတိုရှင်းကို တိကျစွာ ပြောနိုင်၏။ အဲသည်လို ပြောလျှင် တစ်ခါတစ်ရံ ရိုင်းပျသည့်ဘက်သို့ ရောက်သွားတတ်သေးသည်။ ထိုယောကျ်ားမှာတော့ ချိုရှဆွဲဆောင်သော အသံကြောင့်ပင် ရိုင်းပျသည့် စကားကိုဆိုလျှင်တောင် နားပျော်ဖွယ် ဖြစ်နေတော့မှာမျိုးပင်။

"ကျွန်တော် ... ပန်းစကားကုန်တိုက်ကို ပစ္စည်းဝယ်ရင်း ရောက်လေ့ရှိပါတယ်။ တစ်နေ့မှာ ပိုင်ရှင့်သူဌေး ဆိုတဲ့ ပန်းစကားကို တွေ့လိုက်ရပါတယ်။ ဆံပင်နောက်တွဲထုံးမှာ ပန်းတစ်ခိုင် ပန်ထားတာ တွေ့ပါတယ်။ စပယ်ကြက်ရုံးဆိုတဲ့ ပန်းပါ။ ငါးပွင့်လောက် ပါမယ်ထင်ပါတယ်။ အဲဒီနေ့ကစပြီး၊ ပန်းစကားကို ပန်းလက်ဆောင်ပေးလိုစိတ် ဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့် ပို့ပေးတာပါ။ ကျွန်တော် တောင်းပန်ချင်တာကတော့ နေ့တိုင်း ပို့ပါရစေ ဆိုတာပါပဲ"



"အဲဒါက ရှင့်ဘက်ကလေ။ ကျွန်မဘက်ကကျတော့ တန်ဖိုးကြီးတဲ့ ပန်းစည်းကို လက်ခံလိုစိတ် မရှိပါဘူး။ တစ်ခါတစ်ရံ ဆိုရင်လည်း ရှိစေတော့ သဘောထားရရဲ့။ အခုလို နေ့တိုင်းကြီးကျတော့၊ ရှိစေတော့လို့လည်း သဘောမထားနိုင်ပါဘူး။ အဲဒါကြောင့် ... ကျွန်မ တောင်းပန်ချင်တာက၊ ရှင်ပို့ပေးသမျှနဲ့ ပြည့်စုံသွားပါပြီ။ နောက်နေ့ကစလို့ မပို့ချင်ပါနဲ့တော့။ ရှင့်မှာ အထွေအထူး ပြောစရာမရှိတော့ဘူးဆိုရင် ကျွန်မ စာဆက်ဖတ်ချင်ပြီ"

"သြော် ... ဖတ်ပါ။ ကျွန်တော်လည်း မအိပ်ခင် စာအုပ်ကလေး ကောက်ကိုင်ရမှာ စာနည်းနည်းလေးမှ မဖတ်လိုက်ရရင် အဲဒီနေ့အဖို့ တစ်နေ့တာ လုပ်ငန်းတွေ မပြည့်စုံသလိုပါပဲ။ ဒါပါပဲ။ စကားပြောခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူ့ဘက်မှပင် ဖုန်းချသွားတော့၏။

တကယ်ဆို ... ကျွန်တော် ဘယ်သူဘယ်ဝါပါ ... ဆိုတာ၊ တစ်ခြားယောကျ်ားသာဆိုလျှင် ပြောမည်ထင်၏။ မိတ်ဆက်ခံလိုသူ ... တစ်နေ့ ပန်းတစ်စည်း ပို့ပေးနေခြင်းဟာ မိတ်ဆက်မဟုတ်ဘူးလား။ မိတ်ဆက်ချင်တဲ့သူဟာ၊ သူ ဘယ်သူ ဘယ်ဝါ

ဆိုတာမှ ပြောမသွားလျှင်၊ မိတ်ဆက်ခြင်းကိစ္စ၊ ဘယ်လို အထ မြောက်လိမ့်မလဲ။

သူ ... ဘယ်လိုလူလဲ။

ဘဘဘ

နောက်တစ်နေ့မှာလည်း ပန်းစည်း ရောက်မြဲတိုင်း ရောက်၏။ လာပို့သူက မောင်သံခဲပါပဲ။

"ဒီပန်းစည်း တစ်စည်း ဘယ်လောက်တန်လဲ မောင်သံခဲ။ မသိဘူးလို့ မပြောနဲ့။ ဖလော်ရာတစ်ခုရဲ့ ဝန်ထမ်းတစ်ယောက်ဟာ အတိအကျ မသိတောင်၊ တန်ဖိုးကိုတော့ အနီးစပ်ဆုံး ခန့်မှန်းနိုင်မှာပဲ၊ မသိပါဘူးလို့ဖြေရင်၊ ကိုယ်လုပ်တဲ့ အသက် မွေးကျောင်းမှာ စိတ်ဝင်စားမှုနည်း တဲ့အကြောင်း မဲဆိုဗီကို တိုင်မယ်၊ မောင်သံခဲကို အလုပ်ဖြုတ်ပါလို့"

ဇီဇဝါ အတည်ပေါက်နှင့် လိုမ့်သည်မို့ ရင်ခတ်နှင့် ခစ္စာတို့က ရယ်ချင်စိတ်ကို အောင့်ထားကြရသည်။ အသည်လို အောင့်ကြရသည်မို့လည်း သူတို့မျက်နှာတွေကဟာ တည်တည်တင်း တင်းကြီးတွေ ဖြစ်နေ၏။ ပန်းစကားကတော့ ပြုံးနေ၏။

"ရှစ်ထောင်၊ ကိုးထောင်လောက် ဖြစ်လိမ့်မယ် ထင်ပါတယ်။ အတိအကျက တကယ်မသိတာပါ။ ပန်းစည်းတွေက ပုံမှန် ဈေး မရှိပါဘူး၊ မှာတဲ့သူတွေက ဘာပန်းကြိုက်တယ်၊ ဘယ် လောက်ကြီးကြီး လိုချင်တယ်ဆိုပြီး မှာတဲ့ဆီမှာ ဈေးကွာ သွားပါတယ်"



"ရှင် ... မိုနာလီဇာဖလော်ရာက ဆိုတာ သေချာတယ် နော်"

"ဟုတ်ကဲ့"

"လမ်းထဲက၊ တို့ကုန်တိုက်ရဲ့ မြေညီထပ်နဲ့ မျက်စောင်း မထိုးတဲ့ဆိုး"

"ဟုတ်ကဲ့"

"တို့ အခုပေါ်ကနေ လှမ်းကြည့်တယ်။ အဲဒီမှာ လက်ထပ် ပန်းတွေ တွေ့တယ်၊ တို့ဆီပို့တဲ့ ပန်းစည်းထဲမှာ တစ်ခါမှ လက်ထပ်ပန်း ပါမလာဘူး"

"လက်ထပ်ပန်းက ဈေးကြီးပါတယ်။ ရှမ်းပြည်နယ်ကနေ သယ်ခဲ့ရတာပါ။ မင်္ဂလာဆောင်တွေကို ဦးစားပေးရပါတယ်။ ဒါပေမဲ့ ... ပန်းစည်းလည်း၊ မှာတဲ့သူက မှာရင် လုပ်ပေးမှာပါ။ ထည့်မမှာလို့နေ့ တူပါတယ်"

"ဪ ... အင်း၊ ရှင်းပြီ။ ရှင်းပြီ"

မောင်သံခဲ ပြန်ဆင်းသွားတာနှင့် ရင်ခတ်က ပြတင်း ပေါက်ခန်းဆီနားသို့ လှစ်ခနဲ ရောက်တော့သည်။ ဟိုနေ့ကတွေ့ သည့်လူကို အပေါ်ထပ်သို့ မော့ကြည့်လျက်သား ပုံစံနှင့်ပင်တွေ့ ပါသည်။ သူ ကြည့်ပုံက လေးထပ်ရုံးခန်းသို့လည်း ဖြစ်နိုင်၏။ သုံးထပ်သို့လည်း ဖြစ်နိုင်၏။ နှစ်ထပ်တောင် မဖြစ်နိုင်ဘူးထင် သည်။ သူ တော်တော်ရမှာ၍ ကြည့်နေသည်ပဲ။

"ဟိုပုဂ္ဂိုလ် ရှိတယ်။ မော့ကြည့်နေတယ်။ သိလား ... ပန်းစကား"

"ကြည့် ... ကြည့်ဟာ"

ဟိုနေ့က လှစ်ခနဲ မြင်လိုက်ရာတွင် အသားဖြူဖြူနှင့် ရုပ်ခပ်ဖြောင့်ဖြောင့်ထဲကပဲ ဟုတော့ သိလိုက်ပါသည်။ သို့ပေမဲ့ ရင်မခုန်ပါ။ မျက်နှာသည် အသံလောက်တောင် ရင်ခုန်စရာ မကောင်းပါ။

"ရှင် ... စိတ်မဝင်စားဘူးလား"

"ပျင်းလို့။ ကျုပ်ကိုချည်း လွှဲချနေကြသလား။ ဒီရုံးခန်းထဲမှာ အပျိုလေးယောက်တောင် ရှိတယ်"

"ပန်းစည်းက ဒေါပန်းစကား အတွက်တဲ့"

"ပန်းစည်းပို့တဲ့သူနဲ့၊ မော့ကြည့်နေတဲ့သူနဲ့ တစ်ယောက်တည်းလို့ ဘယ်သူပြောလဲ၊ တစ်ယောက်စီလည်း ဖြစ်နေနိုင်တာပဲ"

"ရှင့်ကို တခြားနည်းနဲ့ အဆက်သွယ် မလုပ်သေးဘူးလား။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို တကယ်ချစ်ရင်၊ ရှုထောင့်အထွေထွေကနေ နည်းမျိုးစုံနဲ့ ချဉ်းကပ်ရမှာပေါ့၊ မရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်လေ"

"ဟုတ်ပါ့၊ ရပြီးတော့မှ ဖျာလိုခင်း၊ ခြေနဲ့နင်း၊ ရှု့ထောင့်အထွေထွေကနေ နည်းမျိုးစုံနဲ့ လျစ်လျူရှုပေါ့၊ ဒါ ... ယောကျ်ားတို့ရဲ့ သဘာဝ"

"ဟော့ ... ရွှေခတ္တာ၊ ရှင် ဘယ်တော့မှ ဦးသဝန်ကြောင်ကြီးနဲ့ လက်မထပ်နဲ့၊ သိလား၊ ရှင့်ကို ဖျာလိုခင်းပြီး ခြေနဲ့နင်းသွားရင်၊ သူ့ခြေထောက်က ညစ်ထီးညစ်ပတ်တွေ ရှင့်မှာ ပေကျံကုန်ခဲ့မှာ၊ အဲဒီလူကြီး ဘယ်တော့မှ ခြေမဆေးဘူး"



"အဲဒီခြေထောက်ကို ကျုပ်တောင် ငုံ့မကြည့်ဖူးဘူး၊ ရှင် က ငုံ့ကြည့်ထားသလား"

"ကျုပ်က ဘယ်ယောကျ်ားမဆို၊ မျက်နှာမကြည့်ဘူး၊ ခြေထောက်ပဲ ကြည့်တာ၊ ခြေထောက်တောင်မှ သန့်ပြီဆိုရင် မျက်နှာကို ပြောစရာမလိုတော့ဘူး။ မျက်နှာလေးပဲကြည့်ပြီး သန့်ရှင်းတာနဲ့ ဒီလူမညစ်ပတ်ဘူး ထင်ရင် မှားပြီ။ များသောအားဖြင့် ယောကျ်ားတွေဟာ မျက်နှာလေးတစ်ကွက်သာသန့်ပြီး ခြေထောက်ကျရင် အားကြီးညစ်ပတ်တတ်ကြတယ်"

"အေး ... ဦးသဝန်ကြောင်ကြီးကို ပြောလိုက်မယ်။ ရင်ခတ်က ကြည့်မရလို့ ခြေထောက်ဆေးပေးပါ။ ဆေးကြောပြီး ရင်လည်း ဖြတ်တောက်ပြီး ရင်ခတ်ဆီ ပို့လိုက်ပါလို့"

"ရှင့်ရုံးကြီး ခြေထောက် ... ဘာလုပ်ဖို့လဲ"

"ကျုပ်ပို့နိုင်တာကို ကျုပ်လှူတာ၊ ရှင့်ဆီ ရှစ်ထောင် ကိုးထောင်တန်တဲ့ ပန်းစည်းတစ်စည်း နေ့တိုင်းမှ မပို့နိုင်တာ၊ ကျုပ်ပိုင်တာ ပို့နိုင်တာဆိုလို့ ဦးသဝန်ကြောင် ခြေထောက်ပဲ ရှိတယ်"

"ကြည့်လည်းပို့ ခတ္တာ။ ရင်ခတ်က စိတ်ချရတာ မဟုတ်ဘူး၊ ခွပ်ပြုတ်လုပ်မသောက်ဘူးလို့ ဘယ်သူ အာမခံလဲ"

"ခွပ်ပြုတ်တော့ လုပ်မယ်၊ မသောက်ဖို့တော့ လုံးဝအာမခံတယ်။ ခြေထောက်ခွပ်ပြုတ်ရရင် ရင်ခတ်အတွက် ငရုတ်ကောင်းမှုန့်လေး ဖြူးပြီး ပို့ပေးမယ်"

"ယေ့ ... ပန်း၊ ဒေါပန်းစကား၊ ဒီနေ့ စကားနည်းလှချည်လား။ ငေါင်လည်း ငေါင်သလိုပဲ၊ ကေန္ဒ၊ လျှို့ဝှက်ချက်

ရှိပြီကွ၊ အဲဒီလျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်တဲ့သူ ... လူတော်၊ မဖော်ထုတ်နိုင်ရင် လူရော့်"

ပန်းစကားနားသို့ သုံးယောက်လုံး ဝိုင်းလိုက်ကြပါ၏။

"ပြောစရာရှိတာ ဖွင့်မပြောပဲ ရင်ထဲချန်ထားရင် စိတ်ဝေအားကြီးစိတ်ဆိုးတယ်"

"အသည်းယားတာ မဟုတ်ဘူးလား"

"အသည်းလည်း ယားတယ်၊ အသည်းယားတာ ကုတ်မရလို့ ယားယီမေ့ထားတယ်။ ခုတော့ စိတ်ဆိုးတာပဲ"

"ဒီလိုလည်း ရတယ်လား"

"ဒီလိုကိစ္စမျိုး ရှိတယ်"

"သိုင်းရှူး"

"ဘာပဲရှုးရ ရှုးရ၊ ဘာကြောင့်ပဲ ရှုးရှုး၊ အရှုးမပါးဖြစ်ပြီး လူကောင်းဆိုတဲ့ လူတွေရဲ့ မျက်ခုံးပေါ် စကြီးလျှောက်နိုင်မှ ဖြစ်မယ်"

"တော်ပြီကွာ ... စကားပိုတွေ အကုန်တိတ်၊ ခုချိန်ကစပြီး ပန်းစကား၏ မြှုထားသော စကားများကို ဝိုင်းနှိုက်ထုတ်ကြမယ်"

သုံးယောက်သား၊ လူချင်းထိအောင် ကပ်လိုက်သည်မို့ ပန်းစကားက တခစ်ခစ် ရယ်ရင်း၊ စားပွဲပေါ်သို့ မျက်နှာမှောက်ချထားလိုက်ပါသည်။

"အလို ... ကြက်သီးတွေ ထလို့ပါလား"

အဲသည်တော့မှ ပန်းစကား ကိုယ်ဘာသာ မြင်နိုင်သည့် နေရာလေးတွေသို့ ကြည့်ဖြစ်၏။ တကယ်ပဲ ကြက်သီးမွေး



သင်းကလေးများနှင့် "လူကြောက်မလေး"အသွင်ကို ဆောင်နေတော့သည်။

"ရေချိုးခန်း ဝင်ချင်လို့လား"

"ဟာ ... ဘာဆိုင်လို့လဲ"

ပခုံးပေါ် လာတင်သည့်လက်ကို ပုတ်ချလိုက်ပါသည်။ သို့ပေမဲ့ ... ရင်ထဲမှာ စုနဲ့ဆဲ။ ဒီအချိန်မှာ ရင်စုန်တယ်ဆိုတာ ... ရင်ခုန်သံ နောက်ကျနေပါပြီ။

✓ ✓ ✓

# ၄

တောင်ငူခရီးဟာ ပန်းစကား အတွက် မမေ့နိုင်သော ခရီး ဖြစ်ခဲ့ပါ၏။

တောင်ငူသို့ သွားခဲ့သော်ငြား၊ ပန်းစကား တောင်ငူသို့ မရောက်ခဲ့ပါ။ သူငယ်ချင်း မင်္ဂလာဆောင်သို့ မတက်ရောက်နိုင်ခဲ့ပါ။ မင်္ဂလာပွဲအစား၊ ဆေးရုံသို့သာ ရောက်ရှိသွားခဲ့ပါ၏။ တော်သေးတာက ပွန်းရုံပဲ့ရုံ နာကျင်ရုံလောက်သာမို့ဖြစ်၏။ ကုသိုလ်ကံဆိုတာ မည်သူမျှ ကြိုတင်မြင်နိုင်သည့်အရာ မဟုတ်ပါ။ ပြီးတော့ ... ကံကြမ္မာဟူသည် ... နှစ်ယောက်ထိုင်ခုံမှာ နှစ်ယောက်ယှဉ်တွဲ၍ ထိုင်နေကြသူ နှစ်ဦးအပေါ်မှာလည်း တူညီသော အခွင့်အရေးကို မပေးခဲ့ပါ။

အဲသည်နေ့က အကြောင်းသည် ယခုပြန်တွေးလျှင် ယခု ရင်တုန်စွာ ခံစားခဲ့ရဆဲ ဖြစ်၏။ ရွှေနှင့်ယိုးမှား ပန်းစကား ဟူသော စကားလုံးလှလှလေး တစ်ပိုဒ်ကို ပူးတွဲ ပိုင်ဆိုင်ခဲ့သော မိန်းမသားနှစ်ဦးဟာ အသက်ချင်းကလည်း တူ၏။ တိုက်ဆိုင်ခြင်းများစွာနှင့် ခုံတစ်ခုတည်းမှာ နှစ်ယောက်တူတူ ထိုင်ဖြစ်ခဲ့ကြသည်။



ံဖွဲဖွဲရွာနေသော မိုးကျဲကျဲထဲမှာ လမ်းပေါ်သို့ ဖြတ်တက်ပြေးာသည့် နွားတစ်ကောင်၊ သူ့နောက်မှ လူတစ်ယောက်၊ ထိုလူစ်ယောက်နှင့် ထိုနွားတစ်ကောင်တို့ဟာ ဘယ်လိုပြဿနာဖြစ်န်းတော့ မသိချေ၊ နွားက ရှေ့မှပြေးပြီး လူက နောက်မှပြေးက်လာခဲ့၏။ ထိုမြင်ကွင်းမျိုးက ဖြစ်တောင့်ဖြစ်ခဲဟူ၍ (နောက် စကားပြောနိုင်၍ စုပေါင်းပြောဆိုကြသည့်အခါမှာ) ယာဉ်မောင်း အဖော်က ထူးဆန်းပုံကို ပြောဆိုနေပါသည်။

ထိုနွားတစ်ကောင်နှင့် လူတစ်ယောက်ကို ကွေ့ဝိုက်ာင်ရှားရင်း၊ စိုတိစိုစွတ် လမ်းပေါ်မှာ အရှိန်ပြင်းကားက ဘီးာ်တော့သည်။ ကားသည် တစ်ပတ်လည်သွားပြီးမှ တိမ်းမှောက်သည်၊ တိမ်းမှောက်ရာတွင် လမ်းဘေးအနိမ့်ပိုင်းသို့ စိုက်ကျ၏။း၏ဦးခေါင်းထိုးဆင်းမှု ရပ်တန့်သွားသော နေရာမှာ လမ်းဘေးညှိုပင်ကြီးတည်း။ အဖြစ်ဆိုး၏ ရလဒ်မှာ ယာဉ်မောင်းခများင်းပြီး ရှာ၏။ ကားတစ်ပတ်လည်(အရှိန်နှင့်)ပြီး ပိတ်ထားသော ါးပွင့်ကာ ထွက်ကျသူတွေကျ၏။ ဘေးစောင်းမှောက်သည်မို့ းပိသူတွေ ပိ၏။ ခြေကျိုးလက်ပဲ့တွေ၊ ထိခိုက်ဒဏ်ရာသမားမှာ ဒဏ်ရာပြင်းထန်သူနှင့် သိပ်မပြင်းထန်သူဟူ၍သာ ကွာလျက် ဘာဒဏ်ရာမှ မရသူဆိုတာ မရှိခဲ့ချေ။ ပွဲချင်းပြီး သေသူတစ်ဦး၊ ဆေးရုံမှာ သေဆုံးသူနှစ်ဦး၊ သုံးဦး သေဆုံး၍ ကျိုးပဲ့င်ရာဖြင့် ဆေးရုံရက်ရှည်လများ တက်ရသူ ရှစ်ဦးခန့်ရှိသည်။

ဆေးရုံရောက်မှ သေဆုံးသော ကံဆိုးရှာသူ နှစ်ဦးက် တစ်ဦးမှာ "ရွှေနှင့်ယိုးမှား"ဖြစ်၏။ သူ့မိဘတွေ လိုက်ကာ၊ ရုပ်ကလပ်ကို သူတို့ကိုယ်ပိုင်ကားဖြင့် ရန်ကုန်သို့ ပြန်ယူသည် ဆိုသော သတင်းကိုသာ ကြားလိုက်ရသည်။ နာရေး

ကြော်ငြာတောင် မဖတ်ရပါ။ ပန်းစကားက ပွန်းရုံပဲ့ရုံ ဆိုပေမဲ့ သုံးချက်ချုပ်ရတာ တစ်နေရာနှင့် လေးချက်ချုပ်ရတာ တစ်နေရာ (ဘာနှင့် ဘယ်လို ခြစ်မိ ထိုးမိ ခိုက်မိသည်လည်း မပြောတတ်တော့ပါ)။ အဲသည်နှစ်နေရာကြောင့် ဖေတို့ မေတို့ လိုက်လာကြသော်ငြား၊ ရန်ကုန်ပြန်ခွင့်မရ၊ တောင်ငူဆေးရုံမှာပင် ချုပ်ရိုးခြေသည်ထိ ငါးရက်၊ ဆေးရုံတက်ခဲ့ရပါသည်။

မင်္ဂလာဆောင် သတို့သမီးမှာ၊ နောက်တစ်နေ့တွင် ပျားရည်ဆမ်းခရီးထွက်ဖို့ စီစဉ်ပြီးဖြစ်သော်ငြား၊ ခရီးစဉ်ကို ရက်ရွှေ့လျက်၊ သူ့မင်္ဂလာပွဲသို့ လာငြား၊ သူ့မင်္ဂလာပွဲကို မဆင်နွှဲလိုက်ရသော သူငယ်ချင်း (ပန်းစကား)ကို ဆေးရုံမှာ လာပြုစုရသည်။ မန္တလေးမှ ရောက်လာသည့် သူငယ်ချင်းက မင်္ဂလာပွဲ တက်နိုင်၏။ ပန်းစကားကို မန္တလေးသို့ ခေါ်သွားခွင့်မရှိတော့ဘဲ၊ တောင်ငူမှာပဲ နှစ်ရက်, သုံးရက် ဆက်နေပြီး ဆေးရုံသို့ လာရောက် ကြည့်ရှု သတင်းမေးပြီး၊ ပြန်ရရှာ၏။

အဖြစ်အပျက်များသည် မမျှော်လင့်စွာ ဖြစ်ထွန်းခဲ့လေ၏။

ပန်းစကား ရန်ကုန်ပြန်ရောက်ပြီး၊ သူ့ခရီးဆောင်အိတ်ကို သူ့ဘာသာ ရှင်းနိုင်သည့်အခါကျမှ၊ "ဒိုင်ယာရီ"စာအုပ်ကို တွေ့တော့သည်။

"ကြည့်စမ်း ... ဘယ်တုန်းက ထားသွားမှါလိမ့်"

ကော်ပီစာအုပ်အရွယ်၏ တစ်ဝက်ခန့်သာရှိသော စာအုပ်ကလေးမှာ ရွက်ရေတော့ များ၏။ အရွယ်အစားသေးငြား တော်တော်လေး ထူသည်။ လမ်းမှာ ... ပန်းစကား မျက်စိမှိတ်ပြီး သမ္ဘွေရွတ်ဆိုနိုက်မှာ ထည့်သွားခြင်း ဖြစ်နိုင်၏။



"သူ ထည့်သွားတော့ရော၊ ကားသာ မမှောက်ရင် သူ့ကို ပြန်ပေးနိုင်တာပဲ"

အဲသည်အတွေး ... ရွှေနှင့်ယိုးမှား ... မှာ မဝင်ဘူးလား။ ဒါမှမဟုတ်၊ တောင်ငူသူငယ်ချင်း မင်္ဂလာဆောင်လာတယ်ဆိုတာ မဟုတ်ဘဲ၊ မိဘစီမံတာ မခံချင်၍ ထွက်ပြေးလာသော အိမ်ပြေးမှုလေးလား၊ တောင်ငူမှာ ဒီကားက ရပ်မှာပေမဲ့၊ တောင်ငူမှာ ယာယီနိုပြီးလျှင် တစ်နေရာရာသို့ ဆက်ပြေးဦးမည့် သူလေးလား။ ဒါမှမဟုတ်၊ ရန်ကုန်သို့ တိတ်တဆိတ်ပြန်ပြီး၊ သူ ချစ်လှစွာသော "ကိုကြီး"ဆီကို အရောက်ပြေးမလို့လား။

ရွှေနှင့်ယိုးမှားနှင့် ပတ်သက်ကာ အတွေးမျိုးစုံဝင်ရပါသည်။ သတင်းစာယောင်းများကို ပြန်ရှာ၍ မရွှေနှင့်ယိုးမှား၊ အသက် ၂၃-နှစ်ဆိုသည့် နာရေးကြော်ငြာလေးကို ဖတ်ခွင့်ရလျှင် သူ့နေရပ်လိပ်စာကို သိခွင့်ရနိုင်ပါမည်။ သူ့ဒိုင်ယာရီလေးကို သူ့မိဘထံ သွားအပ်နိုင်ပါသည်။ သို့ပေမဲ့ ... သနားစရာကောင်းသော၊ သနားစိတ်နှင့် ချစ်ခင်သွားမိသော ရွှေနှင့်ယိုးမှားဟာ၊ ဤစာအုပ်ကလေးကို ကိုယ့်ဆီမှာသာ ရှိနေစေချင်တာ အထင်အရှား မို့ ကိုယ်ပဲ သိမ်းဆည်းထားရမှာလား။

အယူသီးတာ မဟုတ်ပေမဲ့၊ အဲသည်စာအုပ်ကလေးကို မှန်တင်ခုံ၏ အံဆွဲတစ်ခုထဲမှာသာ ထည့်ထားလိုက်ခဲ့လျက်၊ ယနေ့ထိ အစမှအဆုံး မဖတ်မိသေးတာဟာ၊ စိတ်ထဲမှာ ခံစားမှုတစ်ခုခု ရှိနေလို့ပဲ ဖြစ်ရပါမည်။ ပထမပိုင်း သုံး,လေး,ငါးရွက်ကိုတော့ ဘာရယ်မဟုတ် ဖတ်လိုက်မိ၏။

"'ရွှေနှင့်ယိုးမှား ပန်းစကား' ... တဲ့။ ရွှေနှင့်ယိုးမှားနဲ့ ပန်းစကားဟာ ခွဲခွာလို့ ရစကောင်းတာ မဟုတ်ပါဘူး

ပန်းစကားရယ်။ ရွှေနှင့်ယိုးမှားရဲ့ တစ်ဘဝစာ ခံစားချက်လေးတွေကို ပန်းစကားရဲ့ ရင်ခွင်မှာ အရိပ်ခိုခွင့် ပြုပေးပါ”

အဲဒါကိုတော့ စာရွက်ကလေးတစ်ရွက်နှင့် သီးသန့်ရေးကာ စာအုပ်၏ အဖုံးမာမာလေးနှင့် ပထမဆုံး စာရွက်ကြားမှာ ညှပ်ထားတာမို့၊ ကားပေါ်မှာပဲ သူ ရေးလိုက်တာ ဖြစ်ပါလိမ့်မည်။ ပြီးတော့၊ သိပ်မကြီးလှသည်မို့ ကိုယ့်ထိုင်ခုံရှေ့နားတင်ပဲ လွယ်ကူစွာ ချထားကြသော သူ့အိတ်နှင့် ကိုယ့်အိတ်တွေကို နေရာရွှေ့လိုက်၊ သူ့အိတ်ကိုဖွင့်လိုက်၊ ဘာတွေမှန်းမသိ ထုတ် လိုက်၊ ပြန်ထည့်လိုက်၊ သူ စလွယ်သိုင်းကလေး လွယ်ထားသည့် စလင်းဘက်ကြိုးကလျှောကျလိုက်၊ ပြန်တင်လိုက်၊ ပခုံးစွန်းမှ ချွတ်ပြီး ပေါင်ပေါ်တင်လိုက်၊ ခြေထောက်နား ပြုတ်ကျလိုက်၊ အဲသည်အိတ်ကို ဖွင့်လိုက်၊ ဘာယူချင်မှန်းမသိ လက်နှိုက်လိုက် (ပစ္စည်းတစ်ခုခု နှိုက်ယူလေသလား၊ မယူဘဲ ပြန်ပိတ်လေသလား မသိ) ပိုက်ဆံအိတ်ကို ပြန်ပိတ်လိုက်နှင့် သူတစ်ယောက်တည်း ရှုပ်ယှက်ခတ်နေချိန်မှာ ပန်းစကားမျက်စိမှိတ်ထားခဲ့ပါသည်။ သမ္ဗုဒ္ဓေ ရွတ်နေခဲ့ပါသည်။ သမ္ဗုဒ္ဓေ တန်ခိုးက ကယ်တင်လျက် ဒဏ်ရာပြင်းထန်စွာ မရခဲ့ခြင်း ဖြစ်နိုင်ပါသည်။

မိခင်တွေက သမ္ဗုဒ္ဓေရွတ်ပါ၊ နှစ်ဆယ့်လေးပစ္စည်းရွတ်ပါဟု မှာလိုက်ကြပါလျက်၊ ပန်းစကားကသာ လိုက်နာဆောင်ရွက်ခဲ့ပြီး၊ ရွှေနှင့်ယိုးမှားကတော့ ဆောင်ရွက်လိုက်နာခဲ့ပုံ မရပါ။ ပန်းစကား ရွတ်ဖတ်နေချိန်မှာ ရွှေနှင့်ယိုးမှားသည် တချိုးချိုးတချွတ်ချွတ် အသံမြည်လျက် ဘာတွေလုပ်နေမှန်းမသိ၊ သူ့တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေခဲ့ပါ၏။ ပန်းစကားကို မှာကြားသည့်စာတိုလေးလည်း အဲသည်အချိန်မှာပဲ ရေးမှာဖြစ်သလို၊ ဒိုင်



ယာရီလေးကိုလည်း အဲဒီအချိန်မှာပဲ ပန်းစကားအိတ်ကို အလစ်ဖွင့်ပြီး ထည့်လိုက်တာ ဖြစ်နိုင်ပါသည်။

ကိုယ့်ဆီမှာ ဒီလောက်ထားချင်သည့် စာအုပ်လေးကို၊ ကိုယ့်ဆီမှာပဲ ထားလိုက်ပါတော့မည်ဟု ဆုံးဖြတ်ခဲ့ပေမဲ့၊ ဖွင့်ဖတ်ဖို့ ဝန်လေးနေခဲ့ပါသည်။ ဒီနေ့တော့ ... ဘာကြောင့်မှန်းမသိဖတ်လိုစိတ်က ရင်ထဲသို့ဝင်သည်။ တစ်ကြောင်းက ... အားနေလို့လည်း ဖြစ်နိုင်ပါသည်။ ဒီနေ့ ... ပန်းစကား နည်းနည်းဖျား၏။ အဖျားက တစ်ရက်တစ်မို့ ဆရာဝန်ခေါ်တာတွေ ဆေးခန်းသွား တာတွေ လုပ်မနေတော့ဘဲ ကိုယ့်ဘာသာ ဆေးသောက်လိုက်သည်။ ပါရာစီတာမော်လ်လောက်နှင့် အဖျားမကျမှဘဲ ဆရာဝန်ဆီ သွားတော့မည်။

“ဇီ ... ကျုပ် ဒီနေ့ ရုံးခန်းမလာဘူး”

ဇီဇဝါ့ဆီ ဖုန်းဆက်လိုက်၏။

“ဖျင်းလို့မှ ဟုတ်ရဲ့လား”

“ကိုယ်ချင်းမစာနဲ့နော်။ ဒီမှာ ဖျားနေတာ”

“အသံကတော့ မာတုန်းပါပဲ၊ အသက်နေနဲ့ ဝေးမှာပါ။ တစ်ပတ်လောက်တော့ နေရနိုင်ပါသေးတယ်၊ မသကာ ရှစ်ရက်မြောက်လောက်ကျမှ ကံကုန်နေ့စေ့ ဖြစ်ရင် ဖြစ်မှာပါ”

သူတို့သူငယ်ချင်းတွေဟာ အတိတ်နိမိတ်ဆိုတာတွေလည်း (ခေတ်လူငယ်တွေမို့) ယုံကြည်စိတ်မရှိ။ လူကြီးတွေက ... နိမိတ်မရှိ၊ နမာမရှိ မပြောနဲ့၊ ဖွ ... ဖွ ... ဟု လုပ်တတ်သောစကားတွေကို အချင်းချင်းထဲမှာ ချပြောဖို့၊ ပြောသည့်သူကလည်း ဝန်မလေး၊ အပြောခံရသူကလည်း စိတ်မဆိုးပါ။

"မနက်ဖြန် ရှင့်ကို လိုက်မပို့ရဖို့ အရေးကြီးပါတယ်၊ ကျန်းမာရေးကို ဂရုစိုက်ဦး"

ဖျားနေသူကလည်း ပြန်နောက်၏။ နောက်ရင်းမှ မေမေ့ကို လှည့်ပတ်ရှာရသေးသည်။ ဤစကားမျိုးပြောတာ မေမေက မကြိုက်ပါ။ "ဖွ ... ဖွ"... ဟု ဘာအဓိပ္ပာယ်မှန်းမသိ သော စကားလုံးလေးနှင့် မန်းမှုတ်နေတတ်ပါ၏။

"ဟိုနှစ်ကောင်ကိုလည်း ပြောလိုက်ဦး"

"စိတ်ချထား ... ရှင့်ကုန်တိုက်ကို လေးထပ်က မြေကြီးထဲ စိုက်ပြီး၊ မြေညီထပ်က တိမ်ထဲထိုးဝင်နေအောင် လှုပ်ထားမယ်၊ အရောင်းကောင်တာက ကောင်မလေးတွေလည်း ကင်းမြီးကောက် ထောင်နေကြပစေပေါ့၊ ကုန်တိုက်ကြီး ခေါက်ထိုးဖြစ်နေပြီ ဆိုတော့လေ"

ပန်းစကား စိတ်တိုပြီး ဖုန်းချပစ်မှ ဇီဇဝါက ပြန်ခေါ်သည်။

"အဖျား ဘယ်လောက် ..."

"ဘယ်လောက်ဖြစ်ဖြစ်"

"အကောင်းပြောတာ၊ ဘာလုပ်ပေးရဦးမလဲ"

"ရှင်တို့သာ ကျုပ်ကုန်တိုက်ကို မှောက်မထားနဲ့"

"ညနေ ... တစ်နေ့ ရောင်းရငွေ အပ်ရင်းနဲ့မှ ရှင့်ကိုလာ ကြည့်တော့မယ်၊ ဘာဝယ်ခဲ့ရမလဲ၊ ဘာစားမလဲ"

"ကျုပ်အတွက်တော့ ဘာမှမလိုဘူး၊ ရှင်တို့လာရင်သာ အိမ်မှာ ညှော်ခံကျွေးမွေးစရာ မရှိလို့၊ ခတ္တာကို ပြောပြီး ဦးသဝန် ကြောင်ကြီး ခြေထောက်စွပ်ပြုတ် ယူလာခဲ့၊ ကိုယ့် ဘာသာ သောက်ကြ"



ဇီဇဝါက တခစ်ခစ် ရယ်၏။

"အဖျား ဘယ်လောက်ရှိလဲ၊ အကောင်းမေးတာ၊ ဆရာဝန် လေးဆီ ဖုန်းဆက်ပေးရမလား"

ပန်စကားထံမှာ ချစ်ခွင့်ပန်ထားသည့် ဆရာဝန် တစ်ယောက် ရှိပါသည်။ အဲဒါနှင့် စ,ခြင်းပင် ဖြစ်၏။

"မလိုဘူး။ တစ်ရာတစ်လောက်များ ကျုပ်ဘာသာ ကုတတ်တယ်"

"အကောင်းပြောမလို့၊ နေ့ခင်း လာခဲ့ရမလား"

"မလာပါနဲ့၊ ရပါတယ်ကွာ။ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ဆို ရှင် ရုံးတက်နိုင်ပါတယ်။ မေက မလွှတ်လို့ ဒီလောက် ဖျား တာများ အသေးအဖွဲပါ။ မိဘစကား နားထောင်တဲ့ သမီး အလိမ္မာမို့၊ အိမ်မှာ ပျင်းပျင်းကြီးနဲ့ နေရမှာ"

"ဩော် ... သမီးအလိမ္မာလေး၊ အမေ ပြောရင် တစ်ခွန်း ဝဲပေါ့။ ရှင့်အမေက ရှင့်ကို ကပွလီနဲ့ နားချမလို့ဆိုပဲ"

"ရှင့်မှာ အဲဒီစိတ်ကူး ရှိနေကြောင်း ရှင့်အမေကို ပြောပြ လိုက်ပါ့မယ်၊ ရှင့်အမေကလည်း သဘောတူမှာပါ"

"ဒီကိစ္စ ... ရှင်ခတ်အတွက်သာ ဖြစ်စေတော့"

ရယ်ရင်း မောရင်းက ပန်းစကား ချွေးလေးတောင် စို့လျှင်လာရသည်။ သူတို့လေးယောက်ဟာ အလုပ်အကိုင်နှင့် ဝင်ငွေကောင်း၊ ရုပ်ရ၊ သူဌေးသမီး အပျိုမလေးတွေမို့၊ တစ်ဦးချင်းစီမှာ ချစ်ခွင့်တောင်းထားသူတွေ တစ်ယောက်မက ရှိကြသလို၊ လေးယောက်ထဲမှ ဘယ်သူ့ရရ ဆိုတာမျိုးနှင့် အတင်းဝင်ရော၊ အတတ်နိုင်ဆုံး ကပ်တွယ်ကာ၊ ကိုယ်ရည်သွေးလိုက်ရတာလည်း မပြော နှင့်တော့၊ ဟုတ်တာလည်းပါ၊ ကြွားတာလည်းပါ ... ဆိုသလို၊

အဲသည်အမျိုးသား တစ်ဦးကိုတော့ အနားကပ်ပြီး ပလီနိုင်လွန်းသူအဖြစ် "ကပ်ပလီ"ဟု နာမည်ပေးထားကြပါသည်။ အဲသည်ကပ်ပလီက တကယ့်ကပ္ပလီလောက် အသားမည်းသလို၊ ထောင်ထောင်မောင်းမောင်း လူထွားကြီးမို့လည်း ကပ္ပလီရုပ် တကယ်ပေါက်ရှာ၏။

"တစ်ယောက်တည်း ပျင်းနေရင်၊ ခါရာအိုခေ့လေး ဘာလေးဆိုနေပေါ့"

"ရှင် ... တစ်ချိန်လုံး ပြောသမျှစကားတွေထဲမှာ ဒီတစ်ခွန်းပဲ စကားကောင်း ပါသေးတယ်"

ဓိဇဝါ ဖုန်းချသွားပြီး နောက်မှာ၊ ဓိဇဝါ ပြောသည့်အတိုင်း တစ်ယောက်တည်း သီချင်းဆိုနေဖို့ စိတ်ကူးရှိပါသည်။ သို့ပေမဲ့ ... ချမ်းစိမ့်စိမ့်လိုမို့ အနွေးထည်လေးဝတ်ကာ အိပ်ရာပေါ်မှာပဲ လှဲနေဖြစ်ခိုက် ... ရောက်လာသူက ခတ္တာပါ။

"ပန်းစည်း လာပို့တာ"

ရနေကျပန်းစည်းကြီးက ပန်းစကားကုန်တိုက်ကို ရောက်လာသည်မို့ ခတ္တာက လာပို့၏။

"တကူးတကဟယ် ... ရုံးခန်းမှာပဲ ထားလိုက်ပြီးရော"

"ရှင်က နေ့တိုင်း အိမ်သယ်နေကျမို့"

အဲသည်ပန်းစည်းတွေကို၊ ပန်းစကား နေ့တိုင်းအိမ်သယ်ဖြစ်ပါသည်။ ဘာကြောင့်မှန်းမသိ ... ရင်ထဲခံစားမှုတစ်ခုဖြစ်ထွန်းကာ၊ ပန်းတွေခြောက်သွားသည်ထိ အခန်းထဲမှာပဲ ထားဖြစ်၏။ ပန်းစည်းခြောက်ကြီးတွေကိုပါ သိမ်းထားဖို့ အတွေးဝင်သေး၏။ အစီးလိုက်ဆိုတော့ ပစ္စည်းကြီးက ကြီးနေတာရယ်၊ ဘယ်နှရက် ဆက်ရမယ်မှန်း မသိတော့၊ အကုန်လုံးသာ သိမ်းထားရလျှင်၊



ရက်ပေါင်းများစွာ ဆက်ရနေသေးလျှင်၊ ကိုယ့်အခန်းထဲမှ ပန်းခြောက်ပုံကြီးဟာ အမှိုက်ပုံကြီးလို ဖြစ်တော့မှာဟု ... တွေးမိလျက် ဖဲပြားလေးတွေကိုသာ ဖြုတ်ယူသိမ်းဆည်းထားပြီး ပန်းခြောက်တွေကိုတော့ နှမြောတ,သစွာ လွှင့်ပစ်ခဲ့ရပါသည်။

အဲသည်ပန်းခြောက်တွေကို လွှင့်ပစ်ရတိုင်း၊ ရင်ထဲမှာ နှမြောတ,သ ခံစားမှုဖြစ်ထွန်းရတာကိုလည်း အံ့သြ၏။ ဘာကိုမှန်းမသိ. တွယ်တာနေမိသလို ရှိလေ၏။

"ညနေကျ ... ပိုက်ဆံတွေ လာပို့မလို့ဆို၊ မနက်က ဖီ ပြောတော့၊ အေး ... လို့ပဲ ပြောလိုက်တယ်၊ တကူးတက လာပို့မနေနဲ့တော့လေ၊ တစ်ယောက်ယောက် ယူသွားလည်း ဖြစ်တာပဲ၊ နောက်တစ်နေ့ ဘဏ်သွားသွင်းတော့လည်း ကျုပ်သွင်းနိုင်မှာ မဟုတ်သေးဘူး၊ ရှင်တို့ပဲ သွားသွင်းရမှာ ဒီနေ့အဖျားကျရင်တောင်၊ မနက်ဖြန်လည်း ဆက်နားလို့ မေကပြောနေလို့ စိတ်ညစ်နေတာ၊ ပျင်းလို့သေတော့မယ်၊ အဖျားကမနက်ဖြန်မှဖျားကျရင် သန်ဘက်ခါ ဆက်နားရမယ်တဲ့။ ဖျားလို့မသေ၊ ပျင်းပြီး သေတော့မယ်ဟာ"

ခတ္တာက ရယ်၏။

"ဝေဒနာမခံစားရဘဲ၊ ပျင်းရုံနဲ့ သေလို့ရရင်၊ ကျုပ်လည်း သေချင်တယ်"

"အမယ် ... ရှင့်မှာ သေချင်လောက်တဲ့ ပြဿနာဖြင့် မရှိဘဲနဲ့"

"ဟာ ... ဦးသဝန်ကြောင်ကြီးကို ရည်းစားတော်ထားရတာ ပျင်းလာပြီ"

ပန်းစကားက ခိခနဲ ရယ်၏။

"ပျင်းတာမှနော် ... သေချင်လောက်အောင် ပျင်းတာ"

"ကောင်းရှာပါတယ်ဟယ်"

"ကောင်းလွန်းလို့ ပျင်းတာပေါ့။ ကျုပ် ဘာပြောပြော၊ လက်ညှိုးတောင် ခေါင်းညိတ်ပြီး၊ သဝန်တိုတာက လွဲရင် ဘာတစ်ခုမှ မဆန့်ကျင်တော့ အရမ်းပျင်းတာပဲ။ ကျုပ် မုန့်ဟင်းခါးကြိုက်တယ်ကွယ်။ သူ လိုက်ကြိုက်တယ်။ အုန်းနို့ ခေါက်ဆွဲလေး ဘာလေး ကြိုက်ပါလား"

"တော်တော်ကြီးတဲ့ ပြဿနာပဲ"

"ကျုပ်က ရှော့ပင်ဝါသနာပါတယ်၊ သူက ကျုပ်နောက်က လိုက်ပြီး အထုပ်ဆွဲပေးရတာ ဝါသနာပါတယ်တဲ့"

"ရှေ့သွားနောက်လိုက်ကို ညီလို့"

"အဲဒီလို မညီချင်ဘူး၊ ရန်ဖြစ်ချင်တယ်၊ စိတ်ကောက်ချင်တယ်၊ အချော့ခံချင်တယ်၊ ခုတော့ ... ရန်ကိုဖြစ်လို့မရဘူး။ သူနဲ့ ကျုပ်နဲ့က အရပ်နှစ်လက်မပဲ ကွာတာ၊ အဲဒါကိုလည်း စိတ်က ခပ်ညစ်ညစ်ရယ်"

ခတ္တာက မိန်းမသားထဲမှာ အရပ်တော်တော်မြင့်သူ ဖြစ်၏။ ငါးပေနှင့် ခြောက်လက်မတိတိ ရှိသည်။ အရပ်သာမြင့် တာ ဒေါက်ဖိနပ်ကျတော့လည်း ကြိုက်သေး၏။ အနည်းဆုံးတော့ နှစ်လက်မဒေါက်ကို အမြဲစီးသည်။ သူငယ်ချင်းတွေနှင့် ရှော့ပင်တို့ ပွဲလမ်းတို့ (သို့မဟုတ် မိဘနှင့်) သွားလျှင် သူက သုံးလက်မဒေါက် ကို စီးသေးသည်။ ဦးသဝန်ကြောင်ကြီးနှင့် သွားသည့်အခါမှာ ခတ္တာ၊ ဖိနပ်ပါးလေးတွေ စီးရ၏။ စီးနေကျ နှစ်လက်မဒေါက်ကို စီးလျှင် အရပ်ချင်းက တညီတည်း ဖြစ်တော့သည်။ တစ်ခါမှာ တော့ ... ခတ္တာမွေးနေ့မှာ ရင်ခတ်က လေးလက်မဒေါက်၊ Pencil Heel ဖိနပ်တစ်ရံ လက်ဆောင်ပေး၏။ ဒေါက်ဖိနပ်ကြိုက်သော



ခတ္တာကက အဲသည်ဒေါက်ဖိနပ်နှင့် အပြင်သွားကာနီး (တစ်ဝမ်း ကွဲညီမတွေနှင့်) ဦးသဝန်ကြောင်ကြီး ရောက်လာကာ သူပါလိုက် မည်ဟု ဆို၏။ အုပ်စုကြီးထဲမှာ သူတစ်ယောက်တည်း ယောကျ်ား ကာ၊ တစ်ဖွဲ့လုံးက မြင့်မြင့်ကြီးတွေ ဖြစ်နေကြသည်။ ဦးသဝန် ကြောင်နှင့် တန်းတူဖြစ်သူကဖြစ်၊ တစ်လက်မလောက်သာ နိမ့်သူက ... (မိန်းမသားအားလုံး ဒေါက်ဖိနပ်ကိုယ်စီနှင့်) အားလုံးထဲမှာ မြင့်ဆုံး၊ မူလအရပ်နှင့် ဒေါက်ဖိနပ်နှင့် ပေါင်းကာ ငါးပေနှင့် ... ဆယ်လက်မ ဖြစ်နေသည့် ခတ္တာနားမှာ ငါးပေရှစ်လက်မသမား ... သဝန်ကြောင်ကြီးက ကပ်လျက်။

"ဖွာဒီ ... ကျွန်မက မြင့်နေတာ မရုက်ဘူးလား၊ ခပ်ဝေးဝေး ... က လိုက်ပါလား"

ခတ္တာက ရှက်တက်တက် ဖြစ်နေ၏။ ညီမဝမ်းကွဲ ... ပ်စုက ပြုံးစိစိ။

"ကိုယ်က အရမ်းမြင့်တဲ့ ချစ်သူကို ရထားတာ၊ သူက ဒေါက်ဖိနပ် စီးထားလို့ ကိုယ့်ထက်ပိုမြင့်သွားတာ၊ ကိုယ်က ဘေးနားမှာ ပုတုတုနဲ့ လိုက်ရတာကို ပျော်နေတာ"

ကမ်းကုန်ပါလေရော။ ခတ္တာက သူငယ်ချင်းတွေထဲ ... န်ပြောသည့်မို့ "ပုတုပုတုနဲ့ လိုက်ရတာကို ပျော်တဲ့လူကြီး" ဟု ... ခေါ်ကာ အတော်မသတ်အောင် ရယ်မောကြရင်း၊ ဦးသဝန်ကြောင် ... ကြီးအတွက် ရောက်ထပ်ရရှိသွားသော နာမည်တစ်ခုမှာ "ပုတုတုကြီး" ... ဖြစ်တော့သည်။

"ရှင်နားမှာ နေပေးရဦးမလား"

"ရတယ် ... တဖတ်ချင်ဖတ်၊ သီချင်းဆိုချင်ဆို၊ ဒါမှ မဟုတ်လည်း အိပ်မယ်ကွာ"

"ပြီးရော … ကျုပ်တို့က သုံးယောက်ပေါင်းတာတောင် ရှင် တစ်ယောက်စာလောက် အလုပ်မလုပ်တတ်တာ၊ ဟိုမှာ နှစ် ယောက်တည်းကျန်တော့ ဘာမှအလုပ်ဖြစ်မှာ မဟုတ်တော့ ဘူး၊ သေချာတာက မိုနာလီဇာဖလော်ရာကနေ အပေါ်ကို မော့ကြည့်နေမဲ့လူကို ပြတင်းပေါက်ကနေ ချောင်းနေမှာ ကျုပ်ပြန်ထိန်းမှ ဖြစ်မယ်၊ ဟိုနှစ်ယောက်ဟာ မပြောရင် မပြောသလို"

"အမယ် … သူ့ကျတော့ လူကြီးကျလို့"

"ဟီး … ရှင် အထင်ကြီးမလားလို့"

"တစ်ခါမှ မကြီးခဲ့ဘူး"

"ကျေးဇူးတင်စရာပဲ"

ခက္ခာ ပြန်သွားသည်နှင့် ပန်းစည်းကို မှန်တင်ခုံ ပေါ်မှ အိပ်ရာပေါ်သို့ ရွှေ့တင်ခဲ့သည်။ ပန်းတွေကို ငေးစိုက်ကြည့် နေလိုက်သည်။ ရွှေနှင့်ယိုးမှားကို ရုတ်တရက် သတိရမိလိုက်၏။ ရွှေနှင့်ယိုးမှား၏ ဒိုင်ယာရီ ပထမဆုံး စာမျက်နှာမှာ …

"ကျွန်မလေ … ကိုကြီးကို ချစ်လွန်းလို့ နေ့တိုင်း ပန်းစည်း တစ်စီး ရောက်အောင်ပို့ပေးခဲ့တယ်။ ကျွန်မခြံထဲက ပန်း ကို ကျွန်မကိုယ်တိုင်စည်းပြီး ပို့ခဲ့တဲ့ပန်းစည်းလေးတွေဟာ အရွယ်အစားအားဖြင့် သိပ်မကြီးလှပေမဲ့၊ ကျွန်မရဲ့ချစ်ခြင်း ထုထည်ဟာတော့ ကြီးမားလှပါတယ် ကိုကြီးရယ်" _တဲ့

"ချမ်းသလားသမီး"

မေမေ ဒေါ်စုစုလွင်က ဝင်လာ၏။ အဲကွန်းကိုပိတ် သည်။

"နည်းနည်းပါမေ"



ဒေါ်စုစုလွင်က ပြတင်းပေါက် မှန်တံခါးတွေ သွားဖွင့် ကာ ခြင်ဆန်ကာတံခါးပဲ ချန်ထား၏။

"ဖျားရင်၊ အဲကွန်းလည်း အဖျားပြင်းရင် ဖွင့်သင့်ရင် ဖွင့်ရ တာပဲ၊ ဒါပေမဲ့ … သဘာဝ လေဝင်လေထွက်က ပိုကောင်း တယ်၊ ကိုယ့်ကို လေတိုက်ရိုက်လာမထိဘဲ၊ သူ့ဘာသာ လေဝင်လေထွက် ကောင်းနေတာမျိုး ဖြစ်သင့်တယ်"

ဟုပြောပြီး သမီးနဖူးကို လာစမ်းသည်။

"ဆာပြီလား"

"ဟင့်အင်း"

"မေတို့ ငယ်ငယ်တုန်းကတော့ နည်းနည်းလေး ဖျားတာနဲ့ ဆန်ပြုတ်ပဲ။ ခုခေတ်တော့ တော်ရုံအဖျားကို ထမင်းကျွေး တယ်နော်၊ လက်လုပ်ချဉ်နဲ့ အစပ်ကြီးပဲ ရှောင်နိုင်းတာ"

"သမီးက အငန်အစပ်ကြိုက်တာ"

"ဒီလိုလုပ်ပါလား၊ ငရုတ်သီးစိမ်းလေးကို ထက်ပိုင်းချိုး၊ လျှာမှာပွတ်လိုက်၊ ပြီးရင် ငရုတ်သီးစိမ်းကို လွှင့်ပစ်လိုက် ပေါ့။ လျှာစပ်နေတုန်း ထမင်းလုပ်ခွံ့လိုက်၊ အစပ်လည်း စားရရော၊ ဝမ်းထဲလည်း မရောက်ဘူး၊ မကောင်းဘူးလား"

"ဟုတ်မှလည်း လုပ်ပါကွာ … သမီးကို မြှောက်စရာမရှိ၊ မြှောက်ပေးနေပြန်ပြီ"

"ဟင် … ဖေကြီး၊ ကုမ္ပဏီ မသွားဘူးလား"

"နိုင်ငံခြားသား ကြိုစရာရှိလို့၊ ကြိုပြီး သူ့ကို ဟိုတယ်ပို့ပြီး မှပဲ ရုံးသွားမလို့၊ ခု … သွားတော့မယ် ဆိုတာ လာပြောတာ"

ဖေနှင့်မေ ထွက်သွားတော့ ပန်းစကား ဖြိုး၍ကျန်ရစ် သည်။

ပန်းစကားတို့အိမ်၏ စည်းကမ်းက အိမ်ဦးနတ်ဖြစ်သော ဖေကြီးကစ၍ မေနှင့် ပန်းစကားအပါအဝင် အိမ်မှ အလုပ်သမားတွေပါမကျန်၊ တစ်နေရာရာ ...းကာနီးမှာ သွားတော့မည်ဟု ပြောပြီးမှ အသိပေး၍ သွားရ၏။ ပြန်ရောက်လာလျှင် ရောက်ပါပြီ ... ဟု ပြောရ၏။

"တချို့မိဘတွေ ရှိတယ်သိလား၊ ကိုယ့်သားသမီးဘယ်ရောက်လို့ ရောက်နေမှန်း မသိဘူး၊ အဲပြင်သွားတယ်ပဲ ပြောနိုင်တယ်၊ ဘယ်အပြင်လဲဆိုတာ မသိဘူး၊ သူ့အပြင်က ဝင်ရိုးစွန်းလည်း ဖြစ်နိုင်တယ်၊ အိကွေတာလည်း ဖြစ်နိုင်တယ်၊ သွားတဲ့သူကလည်း ပြောမသွားဘူး၊ အဲဒါမျိုး စည်းမရှိကမ်းမရှိ နည်းနည်းလေးမှ မကြိုက်ဘူး"... တဲ့။

အဲဒါ ... မေ့ရဲ့တင်းကျပ်သော စည်းကမ်းမို့ ဖေကြီးက ဘယ်သွားသွား၊ ကုမ္ပဏီသို့ နေ့တိုင်း သွားတာတောင် "လွင်ရေ ... သွားပြီ"ဟု နှုတ်ဆက်ရပါသည်။ မေက ဖေကြီးကို အိမ်ပေါက်ဝထိ လိုက်ပို့၏။

ခုတင်ပေါ်မှာ၊ အနွေးထည်ပါးပါးဝတ်လျက်၊ ခါးတစ်ဝက်ချည်စောင်ပါးလေး ခြုံလျက် ပန်းစကားက မှန်တင်ခုံအံဆွဲကို၊ ခုတင်ပေါ်မှပဲ လှမ်းဆွဲ၍ ဖွင့်လိုက်၏။ ရွှေနှင့်ယိုးမှား၏ ဒိုင်ယာရီစာအုပ်ဟာ ခုတင်နှင့်ကပ်လျက်ဘက်ခြမ်း အံဆွဲ... ဒုတိယဆင့်ထဲမှာ ရှိပါသည်။ ပန်းစကား ... ကိုယ်က... ၍ ယူတော့ လက်လှမ်းမှီ၏။ ဒီနေ့တော့ ဒိုင်ယာရီလေးကို ဖတ်ကြည့်ဖြစ်တော့မည်။



"ရွှေနှင့်ယိုးမှား ပန်းစကား"... တဲ့။ ရွှေနှင့်ယိုးမှားနဲ့ ...န်းစကားဟာ ခွဲခွာလို့ ရစကောင်းတာ မဟုတ်ပါဘူး ပန်းစကား ...ယ်။ ရွှေနှင့်ယိုးမှားရဲ့ တစ်ဘဝစာခံစားချက်လေးတွေကို ပန်းစကား ... ရင်ခွင်မှာ အရိပ်ခိုခွင့် ပြုပေးပါ။

အဲသည် စာရွက်ကလေးက အဖုံးမာနှင့် ပထမဆုံး ...ာရွက်ကြားမှာ ရှိဆဲဖြစ်လေ၏။

... ကျွန်မလေ၊ ကိုကြီးကို ချစ်လွန်းလို့၊ နေ့တိုင်း ...န်းစည်းတစ်စည်း ရောက်အောင်ပို့ပေးခဲ့တယ်။ ကျွန်မ ခြံထဲက ...ကို ကျွန်မကိုယ်တိုင် စည်းပြီးပို့ခဲ့တဲ့ ပန်းစည်းလေးတွေဟာ၊ ...ရွယ်အစားအားဖြင့် သိပ်မကြီးလှပေမဲ့၊ ကျွန်မရဲ့ ချစ်ခြင်းထုထည် ...တော့ ကြီးမားလှပါတယ် ကိုကြီးရယ် ...

စာရွက်တစ်ရွက်ကို လှန်လိုက်တော့ ...

"အချစ်ဆိုတာ ဘာလဲ။ ပေးဆပ်ခြင်းတဲ့။ ရယူပိုင် ...ိုင်ခြင်းတဲ့။ စွန့်လွှတ် အနစ်နာခံခြင်းတဲ့။ အဓိပ္ပာယ် အမျိုးမျိုးနဲ့ ...ဖွင့်ဆိုခဲ့ကြတာပဲ။ ကျွန်မ အတွက်တော့ အချစ်ဟာ ပေးဆပ် ...လည်းမဟုတ်၊ ရယူပိုင်ဆိုင်ခြင်းလည်းမဟုတ်၊ စွန့်လွှတ် အနစ် ...ခံခြင်းလည်း မဟုတ် ...။

ပေးဆပ်ချင်ပေမဲ့ ချစ်သူက လက်ခံမှ ဖြစ်တာ။ ...ယူပိုင်ဆိုင်ချင်ပေမဲ့ ချစ်သူကပေးမှဖြစ်တာ၊ စွန့်လွှတ်အနစ်နာ ...ချင်ပေမဲ့ ချစ်သူလျစ်လျူမရှုမှဖြစ်တာ။ ကျွန်မဟာ ပေးဆပ်ခွင့် ...ည်းမရ၊ ရယူပိုင်ဆိုင်ခွင့်လည်းမရှိ၊ စွန့်လွှတ်အနစ်နာခံပါရစေ

လို့လည်း ဒူးထောက်ခွင့်မရ၊ ကျွန်မရဲ့ အချစ်ဟာ ချစ်သူဆီမှာ ဘယ်လိုအခွင့်အရေးကိုမှလဲ မရခဲ့၊ ဘယ်လိုဆုံးရှုံးနစ်နာမှုကိုလဲ မရခဲ့၊ အချစ်ဟာ အချစ်သီးသန့်အဖြစ်သာ တည်ရှိခွင့်ရခဲ့တာမို့၊ ကျွန်မအဖို့တော့ အချစ်ကို အဓိပ္ပာယ်ပြန်ရရင် အချစ်=အချစ်ပါပဲ ချစ်သူရယ်။

ချစ်သူရေ ... ရှင့်ကို ကျွန်မ သိပ်ချစ်တယ်။

ရှင်က ကျွန်မကို ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ၊ မချစ်မမုန်းနဲ့ ဥပေက္ခာပြု လျစ်လျူရှုသည်ဖြစ်စေ၊ ကျွန်မတော့ ချစ်မြဲချစ်ဆဲမို့ ရှင်ဟာ ကျွန်မချစ်တဲ့သူ၊ ကျွန်မရဲ့ချစ်သူ။

ချစ်သူရေ ... ရှင်ဟာ ကျွန်မရဲ့ချစ်သူပါ။

ဘ ဘ ဘ



## ( ၁ )

တကယ်တော့ ...

ချစ်သူရဲ့နာမည်ဟာ "ကိုကြီး" မဟုတ်သလို၊ ကျွန်မရဲ့နာမည်ဟာလည်း "ရွှေနှင့်ယိုးမှား" မဟုတ်ပါချေ။

"ရွှေနှင့်ယိုးမှား" ... ဆိုသော စကားစုဟာ လူနာမည်အဖြစ်မှည့်လေ့ရှိတဲ့ စကားလုံးမျိုးမှ မဟုတ်တာလေ။ သို့ပေမဲ့ ကျွန်မကိုယ် ကျွန်မကတော့ "ရွှေနှင့်ယိုးမှား"ပါပဲ။

"ရွှေရောင်အသားဆိုတာ ဒီအရောင်လေးပဲနော်"

ချစ်သူတို့က ညီအစ်ကိုနှစ်ယောက်။ ဒါကြောင့် ... ချစ်သူကို "ကိုကြီး"၊ ချစ်သူရဲ့ညီကို "ကိုလေး"ရယ်လို့ ကျွန်မ နာမည်ပေးခဲ့တာ။ ကိုလေးဟာ ကျွန်မကို ဖျပ်ဖျပ်လူး ချစ်ရှာရဲ့။ ကျွန်မရဲ့ဆံပင်၊ ကျွန်မရဲ့အသားအရေ အရောင်၊ ကျွန်မ မျက်နှာကျစ်သွယ်သွယ်ပုံ၊ ကျွန်မရဲ့ မျက်ခုံးစိမ်းတန်းတန်း စင်းရော်တောင်လေး၊ ကျွန်မရဲ့ ဖူးရှုတော့ကလက်တဲ့ မျက်ဝန်း၊ ဆေးမကူဘဲ တျာတျာရဲတဲ့ နှုတ်ခမ်းလေး။ အလှဆုံးကတော့ ဆင်းလာတဲ့နှာတံ၊ ဒါတွေကို "ကိုလေး"ဟာ တစ်ခုချင်းလည်း ချီးကျူးရဲ့၊ တကယ်လည်း ကော်မောတွယ်တာရဲ့။

ကျွန်မနဲ့ ချစ်သူတို့ ညီအစ်ကိုဟာ သူငယ်ချင်းတွေဆိုလည်းဟုတ်၊ ညီကိုမောင်နှမ ကစားဖော် ကစားဖက်တွေဆိုလည်းဟုတ်၊ လူကြီးမိဘတွေက ရင်းနှီး၊ ကျွန်မက တစ်ဦးတည်းသမီးမို့သာပဲ။ ကျွန်မမှာသာ ချစ်သူလို ညီအစ်မနှစ်ယောက်ရှိခဲ့ရင် (ရှိခဲ့ရင်လည်း၊ နောက်တစ်ယောက်ဟာ ကျွန်မရဲ့ ညီမလေးပဲဖြစ်ပါစေ)၊ ကျွန်မတို့ ညီအစ်မမှာ အငယ်ကလေးဟာ ကိုလေးအတွက်၊ အကြီးဖြစ်သော ကျွန်မဟာ ကိုကြီးအတွက် [illegible]သားပေးသမီးယူခြင်း မင်္ဂလာဟာ အဆင်ပြေလိုက်မဲ့ ဖြစ်ခြင်းနော်။

မေမေဟာ ကျွန်မ တစ်ယောက်တည်း မွေးခဲ့တာကို၊ ကျွန်မ တကယ်ပဲ ရန်တွေ့ချင်မိပါရဲ့။ မေမေရယ်... ကိုလေးအတွက် တစ်ယောက်လောက်များ ပိုမွေးခဲ့ပါတော့။

ခုတော့လေ ... ကိုလေးဟာ ကျွန်မကို ချစ်[illegible]။ ကျွန်မရော ... ကိုလေးကို ချစ်တာပါပဲ။ ဒါပေမဲ့ ... ကျွန်မအချစ်က သူငယ်ချင်းလို၊ မောင်နှမလို။ ကိုလေးဟာ ကျွန်မနဲ့ မီးဝင်မီးထွက်လို့ မေမေတို့ ပြောနေသံလည်း ကြားဖူးပါရဲ့။ ကိုလေး ခုနစ်ရက်သားမှာ ကျွန်မကို မွေးတယ်တဲ့။ မီးဝင်မီးထွက် ဖြစ်တာနဲ့ပဲ ကျွန်မနဲ့ ကိုလေးဟာ၊ လောကအလယ်မှာ လက်တွဲဖို့ ဖြစ်စရာလား။ ခုခေတ်မှာ မီးနေသည်ရယ်လို့ ပြောရအောင် ဘယ်လို ကလေးမွေးလူနာမျိုးက မီးကြီးဖိုပြီး လှုံနေတာမို့ မီးနေသည် သတ်မှတ်ရမှာလဲ။ ကလေးမျက်နှာမြင်ခြင်းဆိုတဲ့ ကိစ္စတစ်ခုကို ဆေးရုံပေါ်မှာ ဆောင်ရွက်ကြတာကလွဲလို့၊ သွေးနုသားနုဖြစ် သွားတာကလွဲလို့၊ ဝေဒနာရှင်၊ ရောဂါသည်လို့ သတ်မှတ်လို့ရတဲ့ ကိစ္စတောင်မှ မဟုတ်တော့တာလေ။ မီးနေသည်ရယ်လို့တောင် မရှိမှတော့ မီးဝင်မီးထွက် ဆိုတာလည်း မရှိကြပါနဲ့တော့လား။ ခေတ်မီတဲ့ အမေနှစ်



ယောက်ဟာလည်း မီးဝင်ဖို့ မီးထွက်ဖို့ဝေးလို့၊ ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်တာနဲ့ ကလေးကို နို့တိုက်တာ ကလွဲရင်၊ အလှပြင်မပျက်၊ မိတ်ကပ်လိမ်းလျက်၊ နှုတ်ခမ်းနီဆိုးလျက်၊ အပျိုစင်နဲ့ တော်တော်တောင် ရွေး[illegible]ရလောက်အောင် လှကြပကြဆဲ မဟုတ်လား။

ဒါကို ပြောနေတာက မီးဝင်မီးထွက် ဆိုတာကြီးကို စိတ်နာလွန်းလို့ပါ။

"ကိုယ့်သားနှစ်ယောက်ထဲက ဘယ်သားကိုပဲရွေးရွေး၊ ရွေးချင်တဲ့သားကိုသာ သမက်တော်ပေတော့၊ ကိုယ်ကတော့ ဘယ်သားနဲ့ပဲဖြစ်ဖြစ်၊ ရွှေလေးဟာ ကိုယ့်ချွေးမပဲနော်"

"ကိုလေးနဲ့ မီးဝင်မီးထွက်လေ"

"ကိုယ်ကလည်း ဒါကို ပိုပြောချင်တာပါ။ မင်း စိတ်ကြိုက်ရွေးနိုင်အောင် သားနှစ်ယောက်ကို ဈေးရောင်းသလို ဗန်းထဲထည့်ချပြပြီး ရွေးခိုင်းရတာ။ ကိုလေးနဲ့ ရွှေလေးဟာ မီးဝင်မီးထွက်တွေ၊ ရွယ်တူတန်းတူတွေ၊ တူတူကစားခဲ့ကြတယ်၊ ကျောင်းတူတူ တက်ခဲ့ကြတယ်၊ မုန့်တူတူစားခဲ့ကြတယ်၊ နတ်သိကြားများ ဆင်းလာပြီး စုံဖက်ပေးရင်တောင် ဒီနှစ်ယောက်ထက်ပိုပြီး လိုက်ဖက်တဲ့စုံတွဲမျိုး နောက်တစ်တွဲ မရနိုင်တော့ဘူး"

ဒီ ... အမေနှစ်ယောက်ရယ်။ ကိုလေးနဲ့မှ နတ်ဖက်ရ[illegible]လား။ ကိုကြီးနဲ့ ဆိုရင်ရော။

ကျွန်မ ... လူမှန်းသိစ အရွယ်ကတည်းက၊ ကျွန်မရဲ့ ဇာတ်လိုက်ဟာ ကိုကြီးပါ။ ကိုလေးနဲ့ ကစားစရာလုပ်ကြရင် ...

"ရွှေလေးကို ပေးလိုက်လေ ... ညီ။ မင်းက ယောက်ျား။ ယောက်ျားဆိုတာ မိန်းမသားကို ညှာရတယ်"... တဲ့။

အို ... ကိုကြီးရယ်။ ကျွန်မ ပျော်လိုက်တာ။ ကိုကြီးသည်သာ ကျွန်မဘဝရဲ့ မီးအိမ်ရှင်၊ လမ်းပြကြယ်၊ ကျွန်မဦးခေါင်းထက်က မွှေးသော ပန်းတစ်ပွင့်ပါ။

"ရွှေလေး ... ညီ မုန့်လာပေးရဲ့လား၊ ညီပိုယူရင် ကိုကြီးကို တိုင်နော်"

ကိုလေးဟာ သူ့အိမ်မှာ အငယ်မို့၊ အငယ်တို့ရဲ့ ရသင့်ရထိုက်သော အခွင့်အရေးကို အကုန်ယူတတ်တဲ့သူ။ ကိုကြီးကိုဆိုရင် နိုင်စားရမှ၊ ကိုကြီးရဲ့ကစားစရာ အရုပ်တွေကို ဖျက်ဆီးရမှ၊ မုန့်ဆို ကိုကြီးထက် ပိုစားရမှ၊ ကိုလေးထက် သုံးနှစ်သာ ပိုကြီးတဲ့ ကိုကြီးဟာ ကလေးဘဝမှာ၊ ကလေးချင်းတူတူ၊ ကိုကြီးက ဆင်ကြီးဖြစ်ရပြီး၊ ကိုလေးက တက်စီးသူ။

"ရွှေလေး ... ဆင်ကြီးစီးမလား"

ကြမ်းပြင်ပေါ်မှာ ထောက်ထားရတဲ့ ကိုကြီးရဲ့ ဒူးနှစ်ဖက်နဲ့ လက်ဖဝါးနှစ်ဖက်တို့ ရဲရဲနီနေတာကို ဆွဲယူပြီး အာငွေ့နွေးနွေးနဲ့ မှုတ်ပေးရင်း ... ကိုကြီး နာလားဟင် ... မေးတတ်ခဲ့တာ၊ ကလေးဘဝကတည်းကပါ။ ကိုကြီးရဲ့ အကြင်နာတွေကို ခံစားတတ်ခဲ့တာ ကလေးဘဝကတည်းကပါ။ ကိုကြီးကို အကြင်နာတွေ ပေးခဲ့မိတာဟာလည်း ကလေးဘဝတည်းကပါ။ ကိုလေးက ဗိုလ်ကျ၊ အနိုင်ကျင့်၊ နွဲ့ဆိုး ဆိုးပြီး သူကပဲ အရင် စိတ်ကောက်၊ မိဘကို ဦးအောင်ပြေးတိုင် ...။ အကြောင်းချင်းရာ သေချာမသိခင်မှာပဲ၊ အန်တီက ...

"ကိုကြီး ... ညီလေးကို ညှာစမ်း" ... လို့ လှမ်းအော်ရင် ပထမဆုံး မျက်ရည်ပေါက်ခနဲ ကျရတာက ကျွန်မပါရှင်။

"ကိုကြီးဟာ မွေးစားသားလား"



ဉာဏ်ကလေး တစ်ထွာတစ်မိုက်နဲ့ မေးမိလို့၊ ကလေးနဲ့မလိုက် ပြောရပါမယ်လားရယ်လို့ ကျွန်မ တင်ပါးကို မေမေက မရိုက်စဖူး လက်ဝါးနဲ့ ဖြန်းနေ ရိုက်စဉ်က။ ကျွန်မကို လာပွေ့ချီသွားပြီး အကြင်နာမျက်ဝန်းတွေနဲ့ စိုက်ကြည့်ခဲ့သူ ဟာလည်း ကိုကြီးပါရှင်။ ကိုလေးကတော့ ...

"ကောင်းတယ်။ ငါ့ကိုဆို အမြဲကုန်းထောင်တဲ့ စုန်းမ။ အရိုက်ခံရတာတောင် နည်းသေးတယ်" ... တဲ့။ လက်ခုပ် များတောင်တီးပြီး ကျေနပ်နေတတ်တဲ့ စိတ်ပုပ်ကလေးဟာ ကိုလေးပါ။

ချစ်သူရေ ... ရှင့်အပေါ် တွယ်တာခြင်း သံယောဇဉ်တွေဟာ ကလေးဘဝကတည်းက စခဲ့ပါတယ်။ လေးစားခြင်း၊ နှစ်လိုခြင်း၊ သဘောကျ နှစ်ခြိုက်ခြင်း၊ ရင်းနှီးခင်မင်ခြင်း၊ အနားမှာ တူတူရှိနေလိုခြင်း ဆိုတဲ့ ဖြူစင်သော "ကလေးဆန္ဒ" လေးများဟာ ကျွန်မ ချစ်တတ်လာတဲ့နေ့ထိ ခိုင်မြဲနေခဲ့တော့ "အပျိုစင်တစ်ယောက်ရဲ့ဆန္ဒ"အဖြစ် ကူးပြောင်းလာခြင်းဖြင့် "အချစ်"ဆိုတာ ပေါက်ဖွားဖြစ်ထွန်းခဲ့ရတာပါ။

မုန့်လုစားသော၊ အရုပ်လုသော၊ ကျွန်မကို ရန်စလေ့ရှိသော၊ ကျွန်မကို လူကြီးတွေ ဆူအောင်၊ ရိုက်အောင် ကုန်းထောင်လေ့ရှိသော၊ ကျွန်မမှာ ဆိုးကျိုးတစ်ခုခု ဖြစ်ထွန်းရရှိတိုင်း လက်ခုပ်လက်ဝါးတီးပြီး ပျော်နေတတ်သော ကိုလေးရဲ့ ငယ်ကျင့်ဆိုးတွေဟာ ကျွန်မ ရင်ထဲမှာ ဒဏ်ရာဖြစ်ပြီး မကျန်ရစ်ပါဘူး။ ငယ်ဆိုးတွေကို ဧယ်ကာလနဲ့အတူ လွင့်မျှောလိုက်နိုင်တဲ့ ကျွန်မကို ...။

"နင် အရမ်းလှလာတာပဲ ရွှေလေးရယ်။ နင့်ကို ဘယ်သူ့မှ မပေးနိုင်ဘူး၊ ငါပဲ ပိုင်ဆိုင်ချင်တယ်၊ နင့်ကို ငါချစ်တယ် ရွှေလေး" ... တဲ့။

ကိုလေး ...။ နင့်ကို ငါ ခင်ပါတယ်။ ချစ်လည်း ချစ်ပါတယ်။ ဖြူစင်စွာလေ။ ငါ့မှာ ချစ်စရာ ခင်စရာ ဆွေမျိုးသားချင်း ဘယ်မှာလဲ၊ မွေးထားတာက တစ်ယောက်တည်း၊ ဝမ်းကွဲဆိုလည်း ခပ်ရှားရှား။ ကိုကြီးနဲ့ ကိုလေးသာ သူငယ်ချင်းဆိုလည်း ဟုတ်၊ မောင်နှမဆိုလည်းဟုတ်။ ငယ်သံယောဇဉ်က ရစ်ပတ်နှောင်ဖွဲ့။ ဘယ်မှာ မချစ်ဘဲ ရှိပါ့မလဲ ကိုလေးရယ်။ ဒါပေမဲ့ ... ငါ့အချစ်က နင့်အတွက် ဖြူစင်ရိုးသားနေတယ်။ နင်ချစ်သလို ငါမချစ်နိုင်တာဟာ၊ နင် ကံဆိုးဖို့လား၊ ငါ ကံဆိုးဖို့လား၊ နင်ရော ငါပါ နှစ်ယောက်လုံး ကံဆိုးဖို့လား။ ကိုကြီး ကံဆိုးဖို့လား ဆိုတာ ငါ မပြောပြတတ်ဘူး ကိုလေးရယ်။

"ချစ်လားဟင် ... ရွှေလေး"

"နင်ချစ်တဲ့ အချစ်မျိုးနဲ့တော့ မချစ်ဘူး"

"ဟာကွာ ... ဘာဖြစ်လို့လဲ"

"မပြောတတ်ဘူး။ အကြောင်းပြချက် မရှိဘူး။ မချစ်တာဟာ မချစ်လို့ပဲ။ သူငယ်ချင်းလို မောင်နှမလိုကတော့ ငါ တအားခင်ပါတယ်၊ ငါ ... နင်နဲ့ လက်မထပ်ချင်ဘူး ကိုလေးရာ ... အဲဒါ နင့်အမေကို နင် ရအောင်ပြော"

"ပြောမှာ ... ဒါပေမဲ့၊ နင့်ကို ရအောင်တောင်းပေးဖို့ ပြောမှာ"

"ငါ့အမေဆီမှာ ငါ ရအောင်ငြင်းမယ်"

"နင်နဲ့ ငါနဲ့ လောင်းမလား။ ငါက ရအောင်တောင်းနိုင်မလား၊ နင်က ရအောင်ငြင်းနိုင်မလား"

"လက်ထပ်ခြင်းဟာ လောင်းကစားတစ်မျိုးလား ကိုလေး၊ နင့်ကို ငါ ချစ်သူတစ်ယောက်လို ကြိုးစားမြင်ကြည့်လို့ မရတဲ့အထဲမှာ အဲဒါတွေလည်း ပါတယ်"



ကိုလေးဟာ စာညံ့ကြီးထဲက မဟုတ်ပေမဲ့ ကိုကြီးလို တော့ လျှမ်းလျှမ်းမတောက်တာ အမှန်လေ။ ကိုကြီးဟာ ကျောင်းက ပေးသမျှဆုတွေ၊ နယ်မြေခုတွေကို နှစ်စဉ်သိမ်းကျုံးယူနေကျ၊ ပြီးတော့ ... အိမ်မှာ အိမ်ဖော်ပြတ်သွားတဲ့ အချိန်တွေ၊ မိခင်က မီးဖိုထဲဝင်ချက်နေရင် ငရုတ်သီးထောင်း၊ ပန်းကန်ဆေး ... ကူညီနေတာက ကိုကြီးလေ။

"မလုပ်ပါနဲ့ သားကြီးရယ်၊ မေမေ နိုင်ပါတယ်"

"မွေးထားတဲ့ထဲမှာ သမီးမှ မပါတာ မေမေရဲ့၊ မေမေ့ကို ကျွန်တော်မှ မကူရင် ဘယ်သူကူမှာလဲ၊ အိမ်ဖော်ခဏပြတ်တုန်း ကူရတာ၊ အိမ်ဖော်ရောက်လာတော့လည်း ကူစရာမှ မလိုတော့တာ"

"သားစာကျက်ပါ။ သားက စာသမား ပေသမား၊ စာဖတ်တာကို ဝါသနာကြီးတာ မေမေ သိတာပေါ့။ စာကျက်စရာ ရှိရင်လည်း ကျက်ပါ။ ကိုလေး တစ်ယောက်တော့ စာမကျက်၊ မီဘမကူနဲ့ ဘာလုပ်နေတယ် မသိဘူး"

"သူ့ဝါသနာက ဂစ်တာတီးမယ်၊ သီချင်းဆိုမယ်၊ ကိုလေးကို မေမေ တစ်နေ့ ဆီးရိုးထုတ်ပေးရလိမ့်မယ်"

"ဝါသနာသဘောလောက် လိုက်စားပြီး၊ ပညာရေးက သပ်သပ် ကြိုးစားရင်လည်း မေမေ ကြိုက်တယ်၊ စာကိုမကျက်ချင်တော့ဘူး၊ သီချင်းပဲ ဆိုချင်သပဆိုလည်း၊ တစ်ခါတည်း ခေတ်ချွှေ ပရိဖက်ရှင်နယ်လုပ်၊ ဖြစ်ထွန်းအောင် ကြိုးစား၊ ပုံပိုးရမှာက မေမေတို့ တာဝန်။ နှောင်တစ်ချိန် ... မိန်းမ ယူပါတော့မယ်ဆိုရင် သားကျွေးမှု မယားကျွေးမှု၊ ခိုင်လုံတဲ့ အသက်မွေးဝမ်းကျောင်း တစ်ခုတော့ ရှိမှ ...

"ဒါတောင် ... အဆိုတော်ဘဝဟာ အာမခံချက် သိပ်ရှိတာ မဟုတ်ဘူး၊ အောင်မြင်တုန်း စန်းပွင့်တုန်းမှာ လူတကာရဲ့ နှုတ်ဖျားမှာ ရေပန်းစား၊ ကိုယ့်လက်ဖျားကျတော့ ငွေသီး၊ စန်းချိန်ကုန်လို့ ဝုန်းခနဲ ကျတာနဲ့၊ ဘယ်သူကမှ ဆေးဖော်ကြောဖက် လုပ်တော့တာ မဟုတ်ဘူး။ ဒါကြောင့် အာမခံချက် သိပ်မတောင့်တင်းဘူး ...

"ဝါသနာကဏ္ဍလောက်ထားပြီး ကိုယ့်အသက်မွေးဝမ်းကျောင်းကတော့ သပ်သပ်ရှိကိုရှိမှ၊ ကိုကြီးကရော ဘာလုပ်ချင်တာလဲ၊ ဘာဝါသနာပါလဲ"

"ကျွန်တော်လည်း ဂီတဝါသနာပါတာပါပဲ"

"ကိုကြီးက အားအားရှိ၊ စာကျက်ချိန်ကပိုတိုင်း ပန်းချီဆွဲဆွဲနေတာတွေ့လို့၊ မေမေ့ကိုတောင် ပြောရသေးတယ်။ ကိုကြီးက ပန်းချီကို သဲကြီးမဲကြီး ဝါသနာပါပုံရတယ် မေမေတို့ ပံ့ပိုးဦးမှလို့"

"ကျေးဇူးတင်ပါတယ် မေမေ၊ သီချင်းကို ကိုယ်တိုင်ဆို ရတာထက်၊ သူများဆိုတာကို ပိုနားထောင်ချင်ပါတယ်။ ပန်းချီဆွဲတာတော့ ဝါသနာပါတယ်၊ ဒါပေမဲ့ ... ပန်းချီပညာဟာလည်း ခုချိန်မှာ အာမခံချက် တောင့်တင်းတဲ့ အသက်မွေးဝမ်းကျောင်း မဟုတ်ပြန်ဘူး မေမေရဲ့။ ညီ ဆီးရီးထုတ်ပေးနိုင်အောင် ကျွန်တော် ကိုယ်တိုင် စတူဒီယို ဖွင့်မှ တေးသံသွင်းနဲ့ ဖြန့်ချိရေးလုပ်မှ ထင်တယ်။ ဒီအလုပ်ကတော့ ဝါသနာလည်းပါ၊ အသက်မွေးဝမ်းကျောင်း လုပ်ဖို့ အာမခံချက်လည်း ခိုင်တယ် မေမေ။ ညီကိုလည်း ပံ့ပိုးပြီးသား ဖြစ်ရော"



"သားကြီးဟာ ဘယ်တော့ပဲဖြစ်ဖြစ်၊ ဒီညီတစ်ယောက် အတွက် အမြဲဦးစားပေး စဉ်းစားတယ်"

"ချစ်စရာဆိုလို့ ဒီညီတစ်ယောက်ပဲရှိတာ မေမေရယ်"

"ညီမတစ်ယောက်လည်း ရဦးမှာပါ။ ရွှေလေးလေ"

"ရွှေလေးကိုလည်း ညီမတစ်ယောက်လို ချစ်ပါတယ်"

"ချစ်မှ ... ချစ်မှ၊ ရွှေလေးကို မကြာခင် ညီမတော်ရကိန်း မြင်တယ်"

"ညီနဲ့လား မေမေ"

"ဒါပေါ့ ... သူတို့က မီးဝင်မီးထွက်လေ"

"ရွှေလေးအတွက်ဆိုရင် ညီကို အိမ်ထောင်ရှင်ကောင်းတစ်ယောက်ဖြစ်ဖို့ လေ့ကျင့်ပေးရဦးမယ်"

"အဲဒါ ... သားကြီးတာဝန်ပဲ"

ချစ်သူရယ် ... ညီဖြစ်သူကို လေ့ကျင့်ပေးမဲ့ အစား ...။

ချစ်သူကို ကျွန်မ ချစ်ခဲ့ရတာ ဟို ... ငယ်ငယ်ကလေးကလို့ ပြောခဲ့ပါတယ်နော်။ အဲဒီတုန်းက ကလေးစိတ်နဲ့ သံယောဇဉ်ချစ်ပါ။ ကြီးပြင်းလာတဲ့ အခါမှာ ချစ်သူရဲ့ယောကျ်ားပီသမှု၊ မြင့်မြတ်တဲ့ စိတ်သဘောထားတွေဟာလည်း အားနွဲ့မျိုး အတွက် အားကိုးချင်ဖွယ်ကြီး ဖြစ်လာခဲ့ပါတယ်။

ချစ်သူရယ် ...

ရှင့်ဆံပင်နက်မှောင်မှောင်တွေဟာ ဘာဖြစ်လို့ အစိမ်းရောင်သမ်းနေကြတာလဲ။ ရှင့်အသားဖွေးဖွေးဟာ ဘာဖြစ်လို့ အဖြူလေးဆမှာ ဖက်ဖူးနုတစ်ဆ ရောစပ်ထားတဲ့ ဆေးတစ်ခွက်လို စိမ်းဖန့်ဖန့် ဖြစ်နေရတာလဲ။ မျက်ခုံးမှောင်မှောင်တွေကို တင်စားရရင်တော့ အမြဲစိမ်းသစ်တောတစ်အုပ်၊ ရှင့်နဖူးပြေပြေရဲ့ အခြေမှာ ရောက်ရှိ

တည်တံ့နေသလိုပေါ့။ ရှင့်ရဲ့ စိမ်းမှောင်မှောင် မျက်တောင်တွေဟာ ကျွန်မရဲ့ မျက်တောင်တွေထက်တောင်ပိုပြီး ရှည်လျားနေသေးတာကိုတော့ မနာလိုချင်ပါဘူးရှင်။ အဲဒီမျက်တောင်တွေ ကော့ညွှတ်သွားရင်တောင် အစိမ်းရောင်သူငယ်အိမ်နဲ့ မျက်ဆန်စိမ်းမှောင်မှောင် မျက်သားဖွေးဖွေးတို့ဟာ ဒီလောက် စိတ်ဝင်စားစရာ ကောင်းမယ် မထင်တော့ဘူး၊ ခုတော့ ... မျက်ကြောစင်းများနဲ့ ကာရံထားတဲ့ ရှင့် မျက်ဝန်း စိမ်းတောက်တောက်၊ လက်ဖြာဖြာတွေဟာ ကျွန်မ့ အပါ အဝင် မိန်းမသားထု တစ်ရပ်လုံး ... စိတ်ဝင်စားကြတော့ ... လို့များ ဖန်ဆင်းထားလေသလား။

ချစ်သူရဲ့ နှုတ်ခမ်းရဲရဲတွေဟာ ... ရှင်ဘယ်တုန်းက မှ ဆေးလိပ်မသောက်ခဲ့ဘူး ဆိုခြင်းရဲ့ သက်သေတွေ။ ခြောက် ပေတိတိ မြင့်ပါတယ်ဆိုတဲ့ ချစ်သူရဲ့ အရပ်အမောင်း၊ အရုပ်အမောင်း နဲ့ လိုက်ဖက်သော ပြည့်ဖြိုးသည့် အသားအရေ၊ ချစ်သူရဲ့ လက် ချောင်းရှည်ရှည်၊ လက်သည်းရှူးရှူး ပန်းသွေးလေး တွေတောင်မှ လို့၊ အဲဒီလက်နဲ့ကိုင်ပြီး ပေးလာခဲ့ရင်၊ ကျွန်မအတွက်လို့ ချစ်သူပေး လာခဲ့ရင်၊ သေဆေးတစ်ခွက် ဆိုရင်တောင် ကျွန်မ ချိုမြိန်စွာသောက် မိမယ်ထင်ရဲ့။

ချစ်သူရယ် ... ခြေဖျား၊ ခြေဖမိုးနဲ့ ဖနောင့်သားလေး တွေဟာ ဘာကြောင့်များ ဒီလောက်သန့်ရှင်း စင်ကြယ်နေတာလဲ ချစ်သူရဲ့ စည်းကမ်းရှိခြင်း၊ သန့်ရှင်းသပ်ရပ်စွာ နေတတ်ခြင်းတွေ ယောကျ်ားတိုင်းမှာ တွေ့နိုင်ခဲတဲ့ အရည်အချင်း။ ရှင်ဟာ ယောကျ်ား တစ်ယောက်အနေနဲ့ လှချင်လွန်းစွာ အလှပြင်ထားတာလည်း မဟုတ် ရှင့်ရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုလေးဟာ ရှင့်ရဲ့စည်းကမ်းနဲ့ စိတ်ဓာတ် ကို ဖော်ပြနေကြတာပဲမို့ ကျွန်မ မက်မောမိပါတယ်ရှင်။



ချစ်သူရဲ့ရိုးသားခြင်းနဲ့ ကြိုးစားခြင်းတွေ၊ နိုင်လုံတဲ့ အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်ဖို့ တည်ဆောက်ကြရာမှာ ရှင်ဟာ ကဗျာတစ်ပုဒ်ထဲ ဖြတ်ပြေးရင်းနဲ့ အသက်မွေးသွားသလို ပါလားရှင်။ ရှင့်ရဲ့အသက်မွေးဝမ်းကျောင်းမှုမှာ စမ်းရေစီးသံလေးတွေလည်း ကြား ရရဲ့၊ မျှားရည်မြစ်တစ်စင်းလည်း ဖြတ်စီးလျက် ပန်းကလေးတွေ လည်းပွင့်လို့၊ ပွင့်တဲ့ပန်းကလေးတွေတိုင်းမွေးလို့၊ ရှင်ဟာ ဥယျာဉ်မှူး ကောင်းတစ်ယောက်လည်း ဖြစ်ပါရဲ့၊ ကိုယ်တိုင်လည်း ပန်းတိုင်ပေါ် က အလှတလူလူလို လွင့်မျောနိုင်ပါရဲ့။ ယောကျ်ားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေ ကျွန်မချစ်သူဆီမှာ ပြည့်လျှံ လို့ပါရှင်။

ယောကျ်ားတစ်ယောက်ဟာ ရိုးသားခြင်း၊ ကြိုးစား ခြင်း၊ ဇွဲသတ္တိနှင့် ပြည့်စုံခြင်း၊ ဝီရိယစိုက်ထုတ်ခြင်းတွေ ရှိနေရ မယ်။ ကိုယ်တိုင်အောင်မြင်သူ ဖြစ်ရမယ်။ မိသားစုကို ကြင်နာစွာ စောင့်ရှောက်ရမယ်။ လူသားတိုင်းအပေါ်မှာ မေတ္တာစေတနာ ထား နိုင်ရမယ်။ ဒီထက် ကောင်းမြတ်တဲ့ အာဇာနည် မင်းယောကျ်ား မျိုးဟာ ရှိနိုင်ပါဦးမလား။ ချစ်သူရေ ... ရှင့်ကို ရှင့်မေမေ ထုတ် ပေးလိုက်တဲ့ သိန်းငါးရာဆိုတဲ့ အရင်းအနှီးကို ရှင်ဟာ လေးနှစ် အတွင်း ပြန်ဆပ်နိုင်ခဲ့တယ်။ အဲဒီအချိန်မှာ ရှင်ဟာ စတူဒီယိုတစ်ခု ပိုင်ခဲ့ပြီ။

ချစ်သူစင်တင် မြှောက်စားပေးလိုက်လို့ အောင်မြင် သွားတဲ့ ဂီတအနုပညာရှင်တွေဟာ ချစ်သူရဲ့ ညာဘက်လက်ကလေး ချိုးလို့ ကုန်ခဲ့ပြီမို့ ဘယ်ဘက်လက်ချောင်းလေးတွေကို တောင်ပြောင်း လို့ ချိုးနေခဲ့ရပြီ။ ချစ်သူကိုယ်တိုင်လည်း အောင်မြင်တယ်။ ဗီဇသန္တေ မှာ အနုပညာသွေး ပါလာခဲ့သူတွေကိုလည်း အောင်မြင်အောင်

လုပ်ပေးနိုင်ခဲ့တယ်။ မျက်နှာစိမ်းတစ်ယောက် ကို အနုပညာစင်မြင့်ပေါ်တင်ပေးရတယ် ဆိုတာ တော်ရုံသတ္တိနဲ့ မဖြစ်ထွန်းဘူးလေ။ ချစ်သူကတော့ စွန့်စားခဲ့တယ်။ ရဲဝံ့ခဲ့တယ်။ စွန့်စားခြင်းနဲ့ ရဲရင့်ခြင်းရဲ့နောက်မှာ ဖွဲနဲ့ လုံ့လဝီရိယတွေပါခဲ့တယ်။ စေတနာတွေ ပါခဲ့တယ်။

"မင်းတို့ကို ဖြစ်ထွန်းမယ် ထင်လို့ ငါ တင်တာ။ ငါ့ဆုံးဖြတ်ချက်နဲ့ငါ၊ အောင်မြင်သွားရင် အပျော်ဆုံးလူသားဟာ မင်းတို့ရှေ့မှာ ငါရှိနေတယ်။ မင်းတို့က မင်းတို့အရည်အချင်းနဲ့ မင်းတို့ အောင်မြင်တာ။ ငါက ကျောက်ရိုင်းတုံးတွေကို သတ္တိရှိရှိနဲ့ စွန့်စွန့်စားစား သွေးရဲတဲ့ ကျောက်သွေးသမား တစ်ယောက်ရဲ့ အောင်မြင်မှုပီတိကို ခံစားရတာ၊ မင်းတို့ အောင်မြင်တဲ့အခါမှာ ငါ့ကို ဘာမှလုံးဝပြန်ငဲ့ကြည့်စရာ မလိုဘူး။ အနုပညာမြစ်ထဲမှာ လွတ်လပ်စွာ ကူးခတ်စီးမျောခွင့် ရှိတယ်။ ဘာနှောင်ကြိုးမှ တဲမထားဘူး" ... တဲ့လေ။

စိတ်ထားဖြူစင် မြင့်မြတ်လွန်းတဲ့ ချစ်သူရယ်။

ချစ်သူလျှောက်သော လမ်းကလေးဟာ အနုပညာတွေနဲ့ ထုံမွှမ်းရင်း၊ လမ်းဘေးမှာ တွေ့ရှိသမျှ အသီးအနှံလေးတွေပဲ ခူးဆွတ်စားသောက်မယ်။ ဝမ်းဝဖို့အတွက်ဆိုရင် အဲဒီသစ်သီးကို ရွေးချစားစရာ မလိုပါဘူးတဲ့နော်။ ရှင် ပြောခဲ့တာ။ အနုပညာအလွှာတော်တော်များများမှာ ကျွန်မချစ်သူဟာ အောင်မြင်ခဲ့သူပါ။ တစ်နှစ်လုံးနေမှ ပန်းချီတစ်ကားလောက် ပြီးတတ်ပေမဲ့၊ ချစ်သူသာ ရောင်းမယ်ဆိုရင် နိုင်ငံခြားသားတွေက ဒေါ်လာနဲ့ ဝယ်ချင်ခဲ့တာပါ။ မရောင်းလိုက်နဲ့နော်။ တကယ်လို့များ ... ရှင်နဲ့ကျွန်မ ဖူးစာဆုံခဲ့ရင်၊ ကျွန်မတို့အိမ်ရဲ့ နံရံတွေဟာ ချစ်သူ့ရဲ့ပန်းချီကား



ဘွနှင့် ပြည့်နေစေရမယ်။ ကိုယ်ပိုင်လုပ်အားနဲ့ရတဲ့ ငွေထဲက လိုအပ်သော်လည်း)မိဘထံ ပြန်အပ်တတ်တဲ့ ဖြစ်ရပ်လေးရဲ့ပိုင် င်၊ ကျွန်မချစ်သူဟာ ခုခေတ်မှာတော့ သက်ရှိရှားပါးပစ္စည်းလေး ပဲ။ ကျွန်မ ချစ်တာပေါ့ရှင်။

ကျွန်မရဲ့ရင်ထဲ၊ နှလုံးအိမ်ထဲမှာ ပထမဆုံးနဲ့ တစ် ယောက်တည်းသော ချစ်သူဟာ ... ရှင်ပါပဲ ကိုကြီးရယ်။

ေ ေ ေ

အဲဒီနေ့လေးကို ကျွန်မ ဘယ်လိုမေ့လို့ ရနိုင်ပါ့မလဲ။

ရှင့်ရဲ့လုပ်အား၊ ရှင့်ရဲ့ ကြိုးစားမှုတွေနဲ့ ရှင်အောင် မြင်စွာ ပိုင်ဆိုင်ထားသော ... အားလုံးဟာ ကဗျာတစ်ပုဒ်ထဲ စီးဝင် သလို နှစ်လိုဖွယ် ဖြစ်နေသော ... စတူဒီယို၊ တေးသံသွင်းဆိုင်၊ ပြန့်ချီရာဌာန၊ ရှင်ဖွင့်ထားတဲ့ ကော်ဖီဆိုင်လေး၊ (ရှင့်ရဲ့ အသက် မွေးဝမ်းကြောင်းမှန်သမျှဟာ ကဗျာဆန်နေကြလေရဲ့)၊ ညအိပ်ရုံ လောက်သာ ပြန်ရောက်နိုင်တော့တဲ့ ရှင့်မိဘအိမ်ကိုတော့ ဖယ်ထားပါ။ ရှင်တစ်ယောက်တည်း ပန်းချီဆွဲလေ့ရှိတဲ့ ပန်းချီခန်းလေး၊ အဲဒီနေရာ တွေ အားလုံးမှာ ရှင့်ကို ကျွန်မ လိုက်ရှာခဲ့ တယ်။ ရှင်ပိုင်ဆိုင်သော နေရာလေးများ၊ ရှင်ရှိနိုင်တဲ့ အရပ်ဒေသလေးတွေအားလုံးကို ရောက် ခဲ့ရတဲ့ ကျွန်မရဲ့ သာယာကြည်နူး ခြင်းတွေဟာ အနှိုင်းမဲ့။

အားလုံးဟာ လှပဆွတ်ပျံ့ဖွယ် ဖြစ်နေအောင်လည်း ခန့်တီးထားတတ်ပါပေရဲ့၊ အပြင်အဆင်က စလို့ပေါ့။ ပြောပါဦး။ အရပ်ခြောက်ပေတိတိမြင့်တဲ့ လူထွားလူချောကြီး တစ်ယောက်ရဲ့

နှလုံးသားဟာ ဒီလောက် ကဗျာဆန်နေသတဲ့လား။ ကျွန်မဟာ ... အဲဒီနေ့မှာ ခြေဖျားစွတ်ရုံ စီးဆင်းနေတဲ့ ရေကြည်စမ်းချောင်းလေးထဲ လျှောက်ခဲ့ရသလို၊ နှလုံးအိမ်ကို ညွတ်ပျောင်းသွားအောင် ဖန်ဆင်းလိုက်နိုင်တဲ့ တေးသိင်္ဂီရဲ့ သီချင်းလေးတွေ ကြားလိုက်ရသလို၊ ပျားရည်မြစ်ထဲမှာ နစ်စိမ်လိုက်ရသလို၊ ချိုမြည့်သက်၊ ကြည်နူးခြင်းများစွာနဲ့ ထူးကဲစွာလည်း ခံစားခဲ့ရပါရဲ့။ ရှင်နဲ့ပတ်သက်သမျှ အရာတိုင်းဟာ အနုပညာရသလေးတွေ ဖန်တီးပေးစွမ်းနိုင်ပါပေရဲ့လို့လည်း အားကျကြည်နူးရင်း။

နောက်ဆုံးရောက်ခဲ့တဲ့ ပန်းချီခန်းလေး။

အို ... လှလိုက်တာ။ ရေးလက်စ ပန်းချီတစ်ချပ်က ဒေါက်ကလေးနဲ့တင်လို့၊ ဘောင်ကျက်ထားတဲ့ ပန်းချီကားတချို့၊ စုတ်တံမျိုးစုံနဲ့ ဆေးခွက်ကလေးတွေဟာ ဖြစ်ကတတ်ဆန်း ဖရိုဖရဲ မဟုတ်ကြဘဲ၊ သူတို့တည်ရှိနေပုံက တစ်ခုနဲ့တစ်ခု လိုက်ဖက်တင့်မောနေကြသလို ရှိရာမှ၊ ဘယ်နေရာက ထွက်လာမှန်းမသိ (ကက်ဆက်ကို မမြင်နိုင်အောင် တမင်ကွယ်ထားတယ် ထင်ပါရဲ့) အံ့ဆိုမပါ၊ တေးသွားချည်းသက်သက်၊ ငြိမ့်ညောင်း ချိုအီပွဲ့နွဲ့နေတဲ့ တေးသံလေးကလည်း တိုးတိုးလေး ပျံ့လွင့်လို့၊ သဘာဝမဟုတ်ပေမဲ့ (အဲကွန်း ဖွင့်ထားတယ် ဆိုပေမဲ့) ချမ်းမြေ့စိမ့် သက်ရှုံအေးတဲ့ အအေးဓာတ်ကလေးဟာလည်း တစ်ခန်းလုံးက ပန်းချီကားတွေကိုရော မွှေ့ဖက်ထားသလား ထင်ရဖွယ်၊ ပန်းအိုး ခပ်ကြီးကြီးထဲမှာ ခွေကာနွဲ့ကာ သွယ်ဝိုက်ကျနေတဲ့ နွာဖြူပွင့် အနွယ်တွေဟာလည်း စားပွဲပုလေးပေါ် ငိုက်ကျရင်း တံခါးပိတ် အခန်းတစ်ခန်းလုံးကို မွှေးအီကြိုင်လှောက်ဖို့ တာဝန်ကို ထမ်းဆောင်လျက်။

ချစ်သူရယ် ... ကျွန်မ ကြည်နူးလိုက်တာရှင်။



ချစ်သူရဲ့ ခြေရင်းခြေဖျားလေးတွေနား ပြေးသွားပြီး ...စက်နားခိုလိုက်ချင်စိတ်ကို "အတ္တ"ဆိုတဲ့ မိန်းမသားမာနနဲ့ ...ာ မထိန်းချုပ်နိုင်ခဲ့ရင်၊ အရည်ပျော်နှလုံးသားဟာ ရုပ်ပျက်ဆင်း...က် နိုင်ခဲ့တော့မှာပါ။

"ကိုကြီးရယ် ..."

ခေါ်သံတိုးဖွဖွလေးကိုတောင် ရှင် ကြားတယ်နော်။

"ဪ ... မွှေလေး၊ ဘယ်ကလာလဲ"

ကျွန်မ ... ချစ်သူနားကို ကပ်လာမိပါတယ်။ ချစ်သူ ခြေရင်း ကြမ်းခင်းကော်ဇောပေါ်မှာပဲ ကျုံ့ကျုံ့ကလေး ထိုင်လိုက် ...ါတယ်။ ချစ်သူကို မော်ဖူးခွင့်ရတဲ့ ပီတိဟာ ကျွန်မရဲ့ ဘဝ ...စ်သက်စာ အနှိုင်းမဲ့ ရွှန်းမြခြင်းပါပဲ။

"ကိုကြီး ... ကျွန်မ ကိုလေးကို မချစ်ဘူး"

ကျွန်မရဲ့ မော်ဖူးမျက်ဝန်းတွေထဲမှာ တောင်းပန်တိုး...ခြင်း၊ ဝပ်စင်းခယခြင်းနဲ့ အရှုံးပေးခြင်းတွေပါ ရောစွက်နေမှာ ...နမ သိသလို၊ ချစ်သူလည်း ခံစားနိုင်မှာပါ။

"ကိုလေးဟာ လူဆိုးမှ မဟုတ်ဘဲ"

"ကောင်းလည်း ကောင်းမှ မကောင်းလှတာ"

ကိုလေးဟာ ကိုကြီးလောက် သဘောထား မကြီး...ာ ခွဲလုံ့လ မရှိတာ၊ ဝီရိယအား နည်းတာ၊ ထိရှလွယ်သလောက် ...ားမှု တစ်ဖက်စွန်းရောက်တာ၊ တစ်ဖက်သားထက် ကိုယ့်အတ္တ ...ာ အရင်ရောက်နှင့်နေတာ၊ ကိုယ့်အတ္တနှင့် မယှဉ်သည့်ကိစ္စတွေ ...တောင် သူတစ်ပါးအတွက်ဆိုလျှင် ကြိုမြင်မပေးနိုင်တာ၊ အောက် ...က်မကျေတာတွေဟာ မိသားစုတစ်ခုရဲ့ အလိုလိုက်ခံ သားမျိုး ...ာ ရှိတတ်သော သာမန်သဘောထားတွေပါပဲ။ ကိုကြီးကတော့

အဲဒါတွေက လွန်မြောက်ပြီးတော့ကို အတ္တနှင့် မာနကို မေ့ထားတတ်သူပါ။

"ကိုလေးမှာရှိတဲ့ မကြိုက်ချင်စရာတွေဟာ ပုံမှန်လူသားတစ်ယောက်မှာ ရှိတတ်တဲ့ ခပ်ပေါ့ပေါ့ အပြစ်မျိုးတွေပဲ"

"ဘာပဲဖြစ်ဖြစ် ... အချစ်မှာ ကောင်းခြင်း ဆိုးခြင်း ဆိုတာ မပါဝင်ဘူး ထင်တာပဲ။ သူ ... ကိုကြီးလောက် ကောင်းနေရင်လည်း ..."

"ကိုကြီးက ရွှေလေးကို ညီမရင်းလေးလို သဘောထားတော့ ..."

"ကျွန်မမှာ ချစ်သူရှိနေပါတယ် ကိုကြီးရယ်"

"လောကကြီးဟာ စိတ်ကူးယဉ်နဲ့ ဘဝနဲ့ တစ်ထပ်တည်း ကျခဲသားပဲ"

"ကျွန်မချစ်သူနဲ့ အတူဆိုရင် မိုက်မဲရဲပါတယ်"

"မိုက်မဲခြင်းဆိုတာ ကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ"

"ကိုကြီးက ကျွန်မကို ညီမလေးလို သဘောထားတယ်ဆို ... ကိုကြီးရဲ့ ညီမလေးကို မချစ်မနှစ်သက်သူဆီကို တွန်းပို့ရက်သလား"

"တွန်းပို့တဲ့ အုပ်စုထဲမှာ ကိုကြီး မပါဘူး"

"ဒါဖြင့် ... ဆွဲထားပေးဖို့ရော စိတ်ကူးရှိလားဟင်"

"မရှိပါဘူး"

"ကိုကြီး ... ကျွန်မ အပေါ်မှာ နည်းနည်းကလေးမှ သံယောဇဉ် မရှိပါဘူး"

"သံယောဇဉ် ရှိပါတယ်။ မျက်စိအောက်တင် ကြီးပြင်းလာတဲ့ ကလေးပဲ"



"သုံးနှစ်ကလေး ပိုကြီးရုံနဲ့ ဘာဖြစ်လို့ ရောမလူကြီးကြီး ဖြစ်နေရတာလဲ"

"လူတစ်ကိုယ် စိတ်တစ်မျိုး မဟုတ်လား"

"ကျွန်မချစ်သူ ... ဘယ်သူလဲလို့ မမေးတော့ဘူးလား"

"အဲဒါ ကိုကြီးအလုပ်မှ မဟုတ်တာ။ သိတော့ရော။ ရွှေလေးဘက်က ကူညီပြီး ဆောင်ရွက်ပေးနိုင်မှာမှ မဟုတ်တာ"

"ကိုကြီးရဲ့ ဆွဲလက်စ ပန်းချီကားကို ရပ်ထားပေးမလား"

"ဘာအတွက်လဲ"

"ဒီတစ်နေ့ ... ကျွန်မကို အပိုင်ပေးပါ။ ဒီပန်းချီခန်းလေးထဲမှာ နေချင်တယ်။ တိုးတိုးလေး ညည်းနေတဲ့ ဂီတတေးသွားလေးကို နားဆင်မယ်။ ကိုကြီးကို ကော်ဖီဖျော်တိုက်မယ်။ ကိုကြီးက စကားတွေ အများကြီးပြောရင် နားထောင်မယ်၊ ကိုကြီးက မပြောဘူးဆိုရင် ကျွန်မ တစ်ယောက်တည်း တစ်နေကုန် ပြောမယ်၊ နေဝင်ချိန်မှာ လမ်းခွဲကြမယ်၊ ကျွန်မလည်း ကျွန်မလမ်း ကျွန်မသွား၊ ကိုကြီးလည်း ကိုယ့်ဘဝကိုယ်လျှောက်"

"တစ်နေ့တာ အပိုင်ပေးဖို့ဝေးလို့၊ ခဏတောင် ပြန်သင့်နေပြီ"

"ဟင် ... ကိုကြီး၊ အပြောရက်စက်လိုက်တာ"

"ရွှေလေးဟာ ကိုလေးရဲ့ခနီးလောင်းလေ။ သူစိမ်းယောကျ်ားတစ်ယောက်နဲ့၊ ဘယ်သူမှမရှိတဲ့ အခန်းထဲမှာ နှစ်ယောက်တည်း ရှိမနေသင့်ဘူး။ ဒါဟာ မြန်မာအမျိုးသမီးလေးတိုင်း ထိန်းသိမ်းစောင့်ရှောက်ရမဲ့ သိက္ခာပိုင်းဆိုင်ရာ"

"ကိုကြီးက သူစိမ်းလား"

"ယောက်ျားဆိုတာ၊ ကြီးသော ငယ်သော၊ စိမ်းသော၊ ကျက်သော ရယ်လို့ စိတ်ချရခြင်း မချရခြင်းဆိုတာ မရှိဘူး၊ ဖခင်ရင်း၊ မောင်ရင်းတို့ကလွဲရင် ယောက်ျားဆိုတဲ့ အမျိုးအစားဟာ၊ မိန်းကလေးတွေအတွက်၊ ဒုက္ခမပေးချင်ရင်သာ နေမယ်၊ ပေးမယ်ဆိုရင် ပေးနိုင်တဲ့ ပေးတတ် တဲ့ အမျိုးအစားချည်းပဲ။ မိန်းမသားမှာလည်း အန္တရာယ် ရှိတယ်။ ခင်ပွန်းလောင်းမှာလည်း အနာကို ကျွဲခတ်မယ်"

ကိုကြီးက ပြုံးပြီး ပြောနေပေမဲ့ ကျွန်မ ဘယ်လိုပြုံးနိုင်ပါမလဲရှင်။

"လိုက်ပို့ပေးရမလား"

"ကျွန်မမှာ ကိုယ်ပိုင်ခြေထောက်နှစ်ချောင်း ရှိနေပါသေးတယ်"

"အဲဒါဆို ... ပြန်တော့"

"ကိုကြီးဟာ ကိုယ့်ကိုယ်ကိုယ် ဒီလောက်မှ ယုံကြည်စိတ်ချခြင်း မရှိဘူးလား၊ ဒါ ... ကိုကြီးရဲ့ ကိုယ်ကျင့်သိက္ခာလား"

"သိပ်စိတ်ချတာပေါ့။ ဒီနေရာမှာ ရွှေလေးမှ မဟုတ်ဘူး၊ မိုးပေါ်က နတ်သမီးဆိုလည်း ကိုယ့်ကိုယ်ကိုယ် စိတ်ချတယ်"

"ဒါဖြင့် ပြီးရောပေါ့။ ဘာဖြစ်လို့ နှင်လွှတ်တာလဲ"

"နှင်သင့်တယ် ထင်လို့ပါ"

"ကိုကြီးက ကျွန်မကို အထင်သေးတာလား"

"ကိုယ့်ညီမလေးတစ်ယောက်ကို ဆုံးမတာ"

"ကိုကြီး ကျွန်မကို မုန်းတယ်ဆိုတာ သိပါပြီ"

"အဲဒါတော့ မှားတယ်။ ရွှေလေးကို မမုန်းဘူး"



"မမုန်းပေမဲ့ ချစ်မှမချစ်တာ"

"ကိုယ့်မှာ ညီမမှ မရှိတာ၊ ညီက ညီ၊ ရွှေလေးက ညီမ၊ ဒီနှစ်ယောက်ကိုပဲ သဲမဲချစ်ရတာ၊ ကိုယ့်ညီမလေးပဲ၊ ညီမလေးလို့ ချစ်တာပေါ့"

"ပြီးရော"

ကျွန်မ ပြန်ခဲ့ရပါတယ်။ အဲဒီနေ့ကများ ကိုကြီးက ... သူလေးရေ သတ္တိရှိလား ... လို့ တစ်ခွန်းမေးရင် ကျွန်မဟာ မြောက်ဝင်ရိုးစွန်းထိ၊ ကိုကြီးလက်ကို ဆွဲပြီးပြေးမဲ့ အမိုက်အမဲပါ။ ကျွန်မ သိပါပြီ။ ကိုကြီးဟာ ကျွန်မကို ချစ်သူတစ်ယောက်လို ချစ်တို မချစ်တာပါ။ ဘာကြောင့်လဲ မေးလို့ရော ရမလား။ ကျွန်မ ကိုကြီးကိုချစ်တဲ့ အချစ်ကို၊ ဘာကြောင့်လဲ ... လို့ လာမေးခဲ့ရင် ကျွန်မမှာလည်း အဖြေမှမရှိတာ။ သိပ်ချစ်တာပဲ ကိုကြီးရယ်။ ကျွန်မ ပွင့်တော့မယ်။ ကိုကြီးကို ချစ်တဲ့စိတ်နဲ့ ရှူးတော့မယ်။ မိန်းမသား ဆိုတော့လည်း ရှူးစေလေစေတော့၊ အရှက်နဲ့သိက္ခာကို ဦးစားပေး ပေးပါတယ်။

ချစ်သူရယ် ... ရှင့်ကို ကျွန်မ အရမ်းတအားချစ်တယ်။ အလွန်အမင်းနဲ့ သိပ်ကိုချစ်ပါတယ်။ ရှင့်အတွက်ဆိုရင် ကျွန်မရဲ့ အသက်ကိုလည်း ပေးဆက်ဝံ့ပါရဲ့။ ရှင် ယုံနော်။ ကမ္ဘာပေါ်မှာ ရှိသမျှ ချစ်သူစုံတွဲတိုင်းရဲ့ ချစ်ခြင်းတွေကို ပေါင်းစပ်ပြီး အစိုင်အခဲ တစ်ခု လုပ်လို့ရခဲ့မယ်ဆိုရင် လုပ်ချင်တယ်။ အဲဒီအစိုင်အခဲဟာ ကျွန်မ... ချစ်သူအပေါ်မှာထားတဲ့ ချစ်ခြင်း ထုထည်ကို မမီနိုင်ဘူး။ ပြောပြနိုင်တာထက် အများကြီး ပိုချစ်တယ်။ အမြဲစိမ်းသစ်တောလို စိမ်းမှောင်နေတဲ့ ချစ်သူရဲ့မျက်ခုံး၊ မျက်ဝန်းနဲ့မျက်တောင်တွေ အပြာရောင်ကို ပြောင်းကုန်ကြတဲ့ထိလည်း ရှင့်ကို ကျွန်မ ချစ်နေမယ်။

ချစ်သူရဲ့ဘဝ ရှင်သန်နေသမျှ၊ ကျွန်မသေလို့ တစ္ဆေဖြစ်ရင်လည်း ချစ်သူရဲ့အနားမှာပဲ တဝဲဝဲရယ်တဲ့ တလည်လည်ဆိုသလို၊ အရိပ်ဘဝနဲ့ ချစ်နေမယ် ချစ်သူရယ်။ ဒီဘဝမှာ... ကျွန်မသက်တမ်းတိုခဲ့ရင်၊ ကျွန်မ ဆုတောင်းတစ်ခု ပြုချင်ပါတယ်။ နောက်ဘဝမှာ ချစ်သူရဲ့ ချစ်ခြင်းကို လက်ခံရရှိ ပိုင်ဆိုင်နိုင်တဲ့ ကိုယ် ... ဖြစ်ရပါစေသား။ ချစ်သူကို ချစ်ခွင့်ပိုင်ပိုင် ရစေသား။ အပြန်အလှန် အချစ်ချင်း မညီကြဘူးဆိုရင်တောင် တစ်ဖက်သတ်အချစ်နဲ့၊ ချစ်သူ့နားမှာ နေခွင့်ရပါစေသား။

နောက်ဘဝကျမှ ချစ်သူကို ချစ်ခွင့်ရမယ်ဆိုရင် ဒီဘဝမှာ ကျွန်မသက်တမ်း တိုပါစေသား။

အလွန်အမင်းနဲ့ အရမ်းတအားကြီး ချစ်ပါတယ် ချစ်သူရယ်။



# ၆

ကိုယ့်မှာတော့ သူ့ကို "ရွှေနှင့်ယိုးမှား" ဆိုသည့် ချစ်စရာနာမည်လေး၊ လှလွန်းသော မျက်နှာလေးတို့ကြောင့် ချစ်ခင်တွယ်တာလိုက်ရတာ၊ ကိုယ် ဆေးရုံရောက်နေစိုက်မှာ၊ ဆေးရုံတက်လူနာမို့ ဘယ်သူတွေ ဘယ်လိုထိနိုက်ပြီး၊ ဘယ်သူက ကွယ်လွန်ကြောင်း သတင်းကို ဖုံးဖိထားကြပါသည်။ နောက်မှ ...

"ရွှေနှင့်ယိုးမှား"ရော ... ဟု မေးကြည့်သည့်အခါ ကိုယ် လက်လှမ်းမီသလောက်ထဲက မည်သူမျှ ရွှေနှင့်ယိုးမှားကို မသိကြပါ။

"ရွှေနှင့်ယိုးမှား ဆိုတဲ့ နာမည်က အလွန်ဆန်းတာပဲ၊ အဲဒီနာမည်နဲ့တော့ မကြားမိဘူး"

အိမ်ပြေးမလေးမို့ နာမည်မှန်ကို နာမည်များလုပ်ချင်လည်း လုပ်ထားနိုင်တာပဲ၊ တခြားနာမည်တစ်ခုခုလည်း ကောက်တပ်ထားလိုက်နိုင်တာပဲဟု အပေါ်ယံလောက်သာ တွေးမိပါသည်။

"ပန်းစကားနဲ့ တစ်ခုတည်း ဘောချင်းယှဉ်ပြီး ထိုင်ခဲ့တဲ့ အသားဝင်းဝင်းနဲ့ ကလေးမလေးရော့မျာတော့ ဆုံးရှာ တယ်"... တဲ့။

ဒါဟာ ရွှေနှင့်ယိုးမှားပဲဟု မှတ်ယူလိုက်ရပါသည်။ ကိုယ် သေသေချာချာ နေကောင်းတော့၊ သတင်းစာထဲမှာ ရွှေနှင့်ယိုးမှား နာမည်နှင့် နာရေးကြော်ငြာရှာဖတ်ဖို့ စိတ်ကူးမိသေးပေမဲ့ အကောင်အထည် မပေါ်ခဲ့ပါ။ ကိုယ့်ဆီမှာ ကျန်နေသည့် စာအုပ်ကလေးတောင် လ,နှင့်ချီပြီးကြာမှ၊ ဒါတောင် ... ကိုယ်နေမကောင်းလို့ အလုပ်မသွားနိုင်ဘဲ အိမ်မှာပျင်းပျင်းကြီး ခေါင်းနေသည်မို့ ဖတ်ဖြစ်ခဲ့တာ၊ ဖျားသာမဖျားလျှင် ယခုထက်တိုင် ဖတ်ဖြစ်ပါဦးမည်လား မဆိုနိုင်ပါ။ ရွှေနှင့်ယိုးမှား ... ဆိုတာ သူ့နာမည်မဟုတ်ဘူးဆိုမှတော့ သူ စာရွက်ပေါ် ရေးပေးခဲ့သည့် လိပ်စာဟာလည်း မှန်နိုင်မည် မထင်ပါ။

သူ့လို အိမ်ပြေးမလေး (မိဘပေးထားသည့်သူကို မယူချင်၍ ထွက်ပြေးသူ)ဟာ နေရပ်လိပ်စာနှင့်တကွ၊ နာမည်ပါ ပြောင်းထားတာ သမားရိုးကျ လိမ်လည်ခြင်းပါပေ။ ရှိစေတော့ သို့ပေမဲ့ ... သူ့စာထဲမှ "ကိုကြီး"ဆိုသူ၊ အဲဒီလူသာ လောကမှာ အမှန်တကယ် ရှိခဲ့သည်ဆိုလျှင်၊ ယောကျ်ားကောင်းတစ်ယောက်အဖြစ် စိတ်ဝင်စား လေးစားဖွယ်ပင်။ ဒိုင်ယာရီသာဆို ... ဝတ္ထုပေါက်စလေး တစ်အုပ်လို ရေးထားတာမို့ ဖြစ်ရပ်မှန်တွေ ဖြစ်နိုင်သလို၊ စိတ်ကူးယဉ်တွေလည်း ဖြစ်နေနိုင်ပါသေးသည်။ သူ့စာအုပ်ထဲမှ ကိုကြီး၏ စည်းကမ်းရှိမှု၊ သန့်ရှင်းသပ်ရပ်မှုတွေကတော့ ပန်းစကား စံထားသတ်မှတ်ထားသည့် အရည်အချင်းတွေ ဖြစ်သည်။ ဒါကြောင့်မို့ ... ဟိုတစ်နေ့က ခတ္တာ ပြောသော "ခွန်းဆက်"ဆိုသည့် ပန်းချီဆရာတစ်ယောက် အကြောင်းကို စိတ်ဝင်စားမှုနားထောင်ခဲ့မိတာဖြစ်၏။ ယောကျ်ားမို့ ... ဟုဆိုကာ လွှဲဖို့မှမလွယ်ဘဲ၊ အလုပြင်တာ ယောကျ်ားအလုပ်မဟုတ်၊ မိန်းမလျာတွေလည်း



ကြတာဆိုသော ဆင်ခြေနှင့် ဖြစ်တတ်ဆန်း ညစ်တီးညစ်ပတ်နေသော ယောကျ်ားမျိုးကို ပန်းစကား အထင်သေးပါသည်။

"ယောကျ်ားဆိုတော့ မိတ်ကပ်လိမ်းပြီး ရေမွှေးဆွတ်ဖို့တော့ မလိုဘူးပေါ့ကွာ။ ယောကျ်ားမို့ ချွေးနံ့တဟောင်ဟောင်နဲ့ နေရမယ်လို့တော့ ဥပဒေ မရှိပါဘူး"... ဟု ပြောခဲ့ဖူးသူပါ။

ဦးသဝန်ကြောင်ကြီးတောင် တစ်ခါတလေ ညနေရိုးဆင်းချိန် ခတ္တာကို လာကြိုလျှင်၊ ခတ္တာတော့ မပြောတတ် (ခတ္တာလည်း ကြိုက်မည်မထင်ပါ) ချွေးချဉ်နံ့ တသင်းသင်းနှင့်ဆို ပန်းစကား အရင်ဆုံး နှာခေါင်းရှုံ့ထားလိုက်ပါသည်။

"ရှင့်လူကြီးကို ရေချိုးခိုင်း"... ဟု ခပ်ကျယ်ကျယ်လေး ကာသကဲရှင်ကြားအောင်၊ တမင်ပြောပစ်ခဲ့တာကို၊ ခတ္တာကိုယ်တိုင် အလုံးအရင်းနှင့် ထောက်ခံခဲ့ဖူးပါသည်။

ပန်းစကား ... နှစ်ရက်တိတိ အလုပ်ပျက်ပြီး၊ နောက်တစ်နေ့မှ ကုန်တိုက်သို့ ပြန်လာနိုင်ခဲ့၏။

* * *

"ပထမနေ့ ... ခတ္တာ ရှင့်ကို ပန်းစည်း အိမ်လိုက်ပေးတဲ့နေ့ကလေ ... မောင်သံခဲက မေးသွားတယ်ရှင့်၊ သိလား။ ဒေါ်ပန်းစကားရောတဲ့။ ဖျားနေတယ်လို့ ကျုပ်က ပြောလိုက်တယ်။ ဒေါ်ပန်းစကား မရှိလို့ မထားခဲ့ချင်ရင်လည်း ပြန်ယူသွားလို့ ပြောလိုက်မှ ထားခဲ့တာ"

အလုပ်ပြန်ဆင်းဆင်းခြင်းမှာ မည်သူမျှ အလုပ်အကြောင်းကို မပြောနိုင်သေးဘဲ ပန်းစည်းအကြောင်းကိုပဲ စပြောကြတော့၏။

"ဟုတ်ပါရဲ့ ... ပန်းစည်းသွားပို့တော့၊ အဲဒါ ပြောခဲ့ဖို့ ကျုပ်မေ့သွားတယ်"

"ဒုတိယနေ့ကျတော့ သူ ကိုယ်တိုင် အိမ်လိုက်ပို့မလို့ဆိုဘဲ ဦးသံခဲကလည်း အလာကြီး။ လိပ်စာတော့ မပြောနိုင်ဘူး၊ ထားချင်လည်း ထားခဲ့၊ မထားခဲ့ချင်လည်း ပြန်ယူသွားဆိုတော့ ရှာရှည်တော်မူဦးတယ်လေ၊ ပို့ဖြစ်အောင် ပို့ပေးပါတဲ့။ စိတ်ချလို့၊ ဒီနေ့ ဝန်ထမ်းတွေ လခထုတ်တဲ့ရက်၊ ရုံးမှာ အလုပ်ရှုပ်တယ်၊ ပန်းစကားလည်း မရှိတော့ ...

"ဘယ်သူမှ အပြင်မထွက်နိုင်ဘူး၊ ဒီနေ့တော့ မရောက်နိုင်ဘူး၊ နောက်တစ်နေ့ကျမှ နှစ်စည်းပေါင်းပို့မယ်လို့ ပြောလိုက်တယ်၊ သိပ်ကျေနပ်ပုံ မရဘူး၊ ကျွန်တော် သွားပို့ပေးပါ့မယ်၊ လိပ်စာပြောပါချည်း မေးနေသေးတယ်၊ ဘယ်နေ့ရုံးပြန်တက်မှာလဲတဲ့။ မသိဘူး၊ နေကောင်းတဲ့နေ့ တက်လိမ့်မယ်၊ ယောက်ျားရသွားရင်လည်း ဒီကုန်တိုက်ကို ငါတို့ကို ပြေးခဲ့မှာလို့ ပြောပစ်လိုက်တယ်"

အားလုံးဝိုင်းရယ်ကြပါသည်။ ပန်းစကားက မရယ်ဖြစ်ဘဲ၊ မနေ့က ပို့တာပေမဲ့ ဒီနေ့ထိ လန်းဆဲဖြစ်သော ပန်းစည်းကို လှမ်းကြည့်နေမိ၏။

"ရှင်ကလည်း ပန်းစည်းပို့ရုံနဲ့တော့ မလာခဲ့နဲ့၊ ပိုက်ဆံတွေလည်း တစ်ယောက်ယောက် သယ်သွား ... ရတာပဲဆိုလို့။ မနေ့က တကယ်အလုပ်ရှုပ်တယ်ကွာ၊ ပန်းအိုးတစ်လုံးလည်း ကျကွဲသေးတယ်၊ ပန်းအိုးခွဲတဲ့ ကောင်လေးက မလျော်ဘူး လုပ်နေလို့၊ သူ့လက်ထဲက လွတ်ကျတာမဟုတ်ဘူး၊ အရောင်းစာရေးမလက်ထဲက ကျတာတဲ့ ...

"ကျော့စုံထက်လေ ... သိတယ်မှလား။ အဲဒီကောင်တာက။ ကျော့စုထက်ကလည်း လှမ်းပေးပြီးပြီ၊ ကောင်လေးလက်ထဲက လွတ်ကျတာလို့ ပြောတယ်။ ပြဿနာတက်ပြီး၊ ရန်ဖြစ်တော့မလို ဖြစ်နေတော့၊ ဈေးလာဝယ်တဲ့သူတွေကလည်း ရယ်ရတယ်ကွာ ... ကိုယ့်ဘာသာမဝယ်နိုင်တော့ဘူး၊ စကားများနေတဲ့ ကောင်လေးနဲ့ ကျော့စုထက်ကိုပဲ ဝိုင်းကြည့်နေကြတော့တယ် ...

"ပြဿနာက ရုံးခန်းရောက်လာတော့ ရင်ခတ် ဆင်းလိုက်သွားတယ်။ လူတွေအများကြီး ရှေ့မှာဆိုတော့ ကိုယ့်ဘက်က လျှော့ပေးလိုက်ပါတယ်။ ကျော့စုထက် မှန်ပုံရတယ်၊ ကောင်လေးက သက်သက်ငြင်းတာ နေမှာ၊ ဒါပေမဲ့လေ ... ကိုယ့်ကုန်တိုက်က အများနဲ့ ဆက်ဆံကြရတာ ဆိုတော့ ...

"မနေ့က တစ်နေ့လုံးက အလုပ်တွေကလည်းများ၊ ဘာလုပ်ရမှန်းလဲ မကျွမ်းကျင်၊ ရှင့်ပဲထိုင်ပြီး မေတ္တာပို့နေကြတာ။ မြန်မြန်နေကောင်းပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေနဲ့။ တော်ပါသေးရဲ့ ... ရှင် ဒီနေ့ရုံးတက်လာလို့၊ ရှင်သာ ဆယ်ရက်လောက် ဆက်ဖျားရင် ကျုပ်တို့သုံးယောက် ရူးတောင် ရူးနိုင်တယ်"

"သိပြီလား။ ကျုပ် တစ်ယောက်တည်း ကျူးလုပ်နေရတုန်းက ဘယ်လောက်ပင်ပန်းမယ် ဆိုတာ"

"သိပါပြီ။ ကုန်တိုက်များ ဘယ်တော့မှ မဖွင့်ကြီးထဲကလို ကို ဆုံးဖြတ်ပစ်လိုက်တယ်။ ပစ္စည်းလာသွင်းတဲ့ သူကလည်း သူ့ပစ္စည်း တင်ချင်လို့လာပြ၊ ဆုံးဖြတ်နိုင်တဲ့သူ ရုံးမတက် သေးလို့ ပြန်တော်မူပါဦးပြောလည်း မရ၊ ပေကတ်ကတ်နဲ့"

"ပျံတော်မူပါဦး ဆိုတော့၊ ရှင့်စကားက သေခိုင်းတာကြီး။ ဘယ်သူက ဘယ်ပျံတော်မူချင်ပါ့မလဲ"

"ဟာကွာ ... ကွန်ပလိန့်တွေက အမျိုးမျိုး။ အလှကုန် ကောင်တာမှာလည်း၊ ပစ္စည်းဝယ်မလိုလိုနဲ့ နှုတ်ခမ်းနီတစ် တောင့် ကောက်ဆိုးတဲ့သူကဆိုး၊ အဲဒါ Test လုပ်ဖို့ထား တဲ့ဟာ မဟုတ်လို့ ဝယ်ပေတော့ ဆိုတော့လည်း မဝယ်နိုင် ဘူးတဲ့၊ ပိုက်ဆံကို မပါတာတဲ့။ သူ့ပိုက်ဆံအိတ်ထဲ ကောင်တာပေါ် မှောက်ချပြတယ် ...

"ပိုက်ဆံအိတ်က ရှစ်ထောင် တစ်သောင်း တန်တယ် အထဲထဲမှာကျတော့ မှတ်ပုံတင်ရယ်၊ ပေါင်ဒါဖတ်ဗူးရယ်၊ ရယ် ပိုက်ဆံက အားလုံးပေါင်းမှ နှစ်ရာသုံးဆယ့်ငါးကျ ပဲပါတယ်။ သူ ကောက်ဆိုးလိုက်တဲ့ နှုတ်ခမ်းနီဘူးက ခုနစ်ထောင်တန်တဲ့ ရယ်ဗလွန် နှုတ်ခမ်းနီ၊ စိတ်ညစ်တယ် ကွာ၊ ပြဿနာကို ရှုပ်နေတာပဲ"

"ကျုပ် အောက်ကို ခဏခဏဆင်းပြီး ရှင်းခဲ့ရတုန်းက ရှင်တို့ပဲ ပြောကြတယ်၊ ကျုပ်ကိုက မနေနိုင် မထိုင်နိုင် ပါတာဆို"

"အေးကွာ ... ကုန်တိုက်တစ်တိုက်၊ ဒီလောက်ပြဿနာများ မှန်း မသိဘူး။ အစွန်းထွက် ငါးကျပ်မအမ်းလို့ဆိုတဲ့ ပြဿနာ က တစ်မျိုး"



"ကျုပ်တို့ ကုန်တိုက်က ဘယ်တုန်းကမှ သကြားလုံးအမ်း ခဲ့တာ မဟုတ်ဘူး၊ ဘယ်ကုန်တိုက်မှလဲ သကြားလုံးအမ်း မယ် မထင်ပါဘူးကွာ"

"အမ်းတဲ့ဆိုင်တွေ ရှိတယ်ကွ"

"အဲဒါကွာ ... သကြားလုံးမအမ်းတဲ့ ကုန်တိုက်ကိုလာပြီး သကြားလုံးနဲ့ ဝယ်နေတဲ့သူက တစ်မျိုး"

ပန်းစကား ရယ်မိပါတော့သည်။

"ဒေါ်ပန်းစကား ရုံးတက်ပါပြီလား ခင်ဗျာ"

"ဟော ... ကြွချီတော်မူလာပါပြီ ... ဦးသံခဲ"

သံခဲက ပန်းစည်းကိုပွေ့၍ တံခါးဝမှာ ရပ်နေ၏။ ထုံးစံအတိုင်း ခတ္တာ သွားယူသည်။

"ဒီလိုလုပ်ပါလား မောင်သံခဲရဲ့၊ မင်း နေ့တိုင်း ပို့ရမှာ သွေ့ရှာရင် လဆန်းတစ်ရက်နေ့မှာ ပန်းစည်းပေါင်းသုံးဆယ် ပို့လိုက်ပေါ့။ တစ်လစာလေ။ မင်း လာရတာ နှစ်ဆယ့်ကိုး ခေါက် သက်သာသွားတာပေါ့၊ မကောင်းဘူးလား"

သံခဲက ရယ်နေ၏။ ပြန်ပါဦးမယ် ... ဟု နှုတ်ဆက် ဖော်တောင် ရနေပြီမို့၊ ကလေးသာသာ မောင်သံခဲကို ခတ္တာတို့ အုပ်စု ပြောင်ရင်း နောက်ရင်းနှင့် တော်တော်ရင်းနှီးနေကြပြီ ဆိုတာ သိရတော့သည်။ ရင်ခတ်က ပြတင်းပေါက်သို့ ပြေးသွားကာ ခန်းဆီးကွယ်၍ ချောင်းကြည့်လိုက်ပြန်သည်။

"ရှင် ရုံးမတက်တဲ့နေ့ကစပြီး၊ ကိုအဇာလည်း မပေါ်လာ ဘူး။ နှစ်ပတ်လောက် ဆက်တိုက်လာမော့ကြည့်နေပြီးမှ ပျောက်ချက်သား ကောင်းသွားတယ်၊ ဒီနေ့လည်း မလာ ဘူး"

"ပန်း ... သိလား။ ရှင် ရုံးမတက်လို့ မပြောဘဲထားရတာ၊ မနေ့က မနက်ပိုင်း ကျုပ်ရုံးကိုအလာမှာ သက်ထားတို့အဖွဲ့လည်း ပါလာတယ်၊ သူတို့က ဝယ်စရာရှိလို့ လိုက်လာတာ၊ ကိုအဇ္ဇာက ဖလော်ရာကနေသာ လာမမော့တာ၊ သူကဖြင့် အရောင်းကောင်တာတွေထဲ ရောက်နေတာ"

ခဏ္ဍာမှာ သက်ထားတို့အဖွဲ့ဆိုသော ဆယ်ကျော်သက် ညီမဝမ်းကွဲလေးများနှင့် ညီမလေးများ၏ သူငယ်ချင်းများပါ ပေါင်းလျှက် စုစုပေါင်း ရှစ်ယောက်ခန့် အုပ်စုတစ်စု ရှိပါသည်။ ဆယ်ကျော်သက်များပီပီ လေတိုက်လို့ သစ်ရွက်လှုပ်လျှင်တောင် ရယ်ကြသည်။ စပ်စုကြသည်။ အတင်းပြောကြသည်။ စကားမရှိ စကားရှာလျက် စကားတွေ အများကြီးပြော၏။ အလကားနေရင်း အချင်းချင်း တွန်းထိုးကာ ရယ်မော၏။ နေရာတကာ ဝါဝင်ကာ သူတို့ မသိလိုက်ရသော သတင်းထူးဟူ၍ မရှိစေရအောင် ကိုးကျင်းကိုးကြောင်းလည်း ရောက်သည်။ ကောလာဟလမှန်သမျှကိုလည်း ဆင့်ပွား၏။

သိလိုသော အကြောင်းအရာ တစ်ခုခုရှိလျှင် သူတို့အဖွဲ့ကိုသာ မေးလိုက်ပါ။ အဖြေသည် မှန်ချင်မှန်မည်၊ မှားချင်မှားမည်၊ အဖြေဟူ၍ တစ်ခုတော့ ထွက်လာတာပင်။ သက်ထားတို့အဖွဲ့က အဲဒါမျိုး ဖြစ်၏။

"အလွန်ရိုးစင်းတဲ့ နည်းလမ်းကြီးကို သုံးသွားပါရောလား"

"ရေမွှေးပုလင်း ခွဲပြန်ပြီလား"

ပန်းစကားက ဝင်မေး၏။

"နှုတ်ခမ်းနီတောင့် ချိုးတာရှင် ...။ နှုတ်ခမ်းနီတောင့်ကို အဆုံးထိ လှည့်ထုတ်ပြီးမှ ပြန်မချဘဲ ပိတ်ထည့်လိုက်တာ"



"အဲဒါ ... ကိုအဇ္ဇာလား"

"ဟုတ်ပါ့ ..."

"နှုတ်ခမ်းနီတောင့်တွေချည်း ကျိုးနေပါလား၊ ချိုးပစ်ပြီး မလျော်နိုင်တဲ့ အမျိုးသမီးက တစ်မျိုး"

"အဲဒါ ပြောတာပေါ့ ... သီလွဲတင် ပြောတာ။ သူ ... ရယ်ဗလွန်ကောင်တာ ရောက်တာမှ လေးရက်ရှိသေးတယ်၊ နှုတ်ခမ်းနီဘူးတွေ ကပ်သင့်နေတယ်၊ တစ်နေ့တည်း နှစ်တောင့်ကျိုးလို့တဲ့။ ဒါပေမဲ့ ... ကိုအဇ္ဇာက လျော်သွားတယ်"

"အဲသည်တုန်းက အနားမှာ ဘယ်သူရှိလဲ"

"ခဏ္ဍာရယ်၊ သက်ထားတို့ အဖွဲ့ရယ်"

"ကျုပ် ... ကိုအဇ္ဇာကို သေချာလည်း မြင်ဖူးလိုက်တယ်၊ သက်ထားတို့အဖွဲ့ကိုလည်း သေချာပြလိုက်တယ်။ ကိုယ်ရေးရာဇဝင် အပြည့်အစုံကို တစ်ပတ်အတွင်း လိုချင်တယ်လို့"

"ရှုပ်ရှုပ်ယှက်ယှက် ... တာရယ်"

"ကျုပ် ထောက်ခံတယ်"

ဇီဇဝါက ဝင်ထောက်ခံနေသေး၏။

"ယဉ်ယဉ်အေးဆီမှာ ရေမွှေးပုလင်း ကျကွဲတုန်းကလည်း ကိုအဇ္ဇာပဲတဲ့"

"ဟုတ်လို့လား"

"ယဉ်ယဉ်အေးနဲ့ သီလွဲတင်နဲ့ တစ်ဆက်တည်း တစ်တွဲတည်းဟာကို၊ ရယ်ဗလွန်နဲ့ အဲလီဇဘက်အာဒင်နဲ့က ယှဉ်ထားတာလေ။ ယဉ်ယဉ်အေးက အဲလီဇဘက်အာဒင် Elizabeth Arden ကလေ။ ဟိုတစ်ခါ ကျကွဲတဲ့ ရေမွှေးပုလင်းက Arden Beauty ။ Elizabeth Arden က ထုတ်တာ။

အဲဒီတုန်းက ရယ်ဗလွန် Revlon မှာ သီလုံတင် မရောက်သေးဘူး၊ နှင်းနှင်းဆွေ ထင်တယ်"

"ဒါဆို ... ဒီလူကြီး၊ ဒီကောင်တာပဲ တရစ်စဲဲ ဖြစ်နေတဲ့ သဘောပေါ့"

"အပေါ်ထပ်ကို မော့ကြည့်နေတာကတော့ရော ဘာသဘောလဲ"

"ဟာ ... ဒီနေ့ နည်းနည်းနောက်ကျပြီး ရောက်လာတာကိုး။ ဟိုမှာ ရောက်နေပြီ။ မော့ကြည့်နေတယ်"

"ရွှေရင်ခတ်ရေ ... ကိုယ့်မျက်မှန်လည်း ကိုယ်အားနာဦး၊ ဒီလိုသာ ထွက်ထွက်ချောင်းနေရင် မျက်မှန်ဒီဂရီ တိုးဖို့ရှိတယ်"

ရင်ခတ်က သူ့မျက်မှန်လေးကို နှာခေါင်းပေါ် မ, တင်ရင်း ရယ်၏။

"တိုးကာမှ တိုးရော။ ကျောင်းတုန်းကတည်းက၊ စာသာ ခေါင်းကိုက်လို့ မကျက်ရှိရမယ်၊ ဝတ္ထုကကျတော့ တစ်နေ့ နှစ်အုပ်လောက် ဖတ်ခဲ့တာ"

"ချီးကျူးပါတယ်"

"ကိုအဇာက ရုပ်တော့ ဖြောင့်သားတော့"

"ရွှေခတ္တာ ... ရှင်တော့မပြောချင်ဘူး၊ ကိုယ်မလွဲမသွေ ပိုင်ဆိုင်ရမဲ့ ဦးသဝန်ကြောင်ကြီးကလွဲရင် ကမ္ဘာပေါ်မှာ ရှိသမျှယောကျ်ား ... လူချောချည်းပဲ ထင်တယ်"

"အဲဒီလူကြီးကို မိဘတွေ သဘောတူလို့ လက်ခံလိုက်ရတာပေမဲ့ သည်းခံစိတ်ရှည်ပြီး သဘောကောင်းလွန်းတာရယ်၊ အနွံအတာ ခံတာရယ်ကြောင့် သံယောဇဉ်ဖြစ်လာပါတယ်



ဟယ်၊ ဒီကြားထဲက စိတ်ပျက်ပျက်လာတယ်။ ပြောလို့လဲ မရဘူး"

"ဘာတွေဖြစ်လို့လဲ"

"နေ့တိုင်းပဲ ရေမချိုးတာလား၊ ချွေးထွက်ပဲ သန့်တာလား မသိဘူး၊ သူနဲ့ တစ်ပေကွာအနီးကို ရောက်တိုင်း ချွေးချဉ်နံ့ဂ အရင်ဆိုးကြိုတယ်"

"အင်္ကျီတွေ မလျှော်ဘဲ ပြန်ဝတ်တာလည်း ဖြစ်နိုင်တယ်။ ကျုပ် ကြားဖူးတယ် သိလား။ တချို့ယောကျ်ားတွေ ... တယ် ... ဂျီး(ကြေး) နမြောဆိုပဲ။ ကိုယ် လျှော်ရတာလည်း မဟုတ်ဘဲနဲ့၊ တစ်ခါဝတ်ပြီးရင် ချိတ်ထား၊ နောက်တစ်ခါ ထပ်ဝတ်တဲ့။ အိမ်မှာ လျှော်ပေးမဲ့သူရှိလည်း လျှော်တောင်းထဲ မထည့်ဘူးတဲ့။ ခဏခဏ လျှော်ရင် အင်္ကျီနာတယ်ဆိုပဲ။ အမှန်က ဂျီး(ကြေး) ကြိုက်တာ ဖြစ်မယ်၊ ရှင့်လူကြီးက အဲဒီလိုလားမှ မသိတာ"

"အသားညိုတာကို လက်ခံနိုင်ပါတယ်၊ အဆီတဝင်းဝင်းနဲ့၊ ငါ့ညီ ပြောင်ဝင်း မောင်သစ်ဆင်း ဖြစ်နေတာကျတော့လည်း စိတ်ပျက်ရပြန်ရော၊ လက်ကိုင်ပဝါလေး ဘာလေး ဆောင်ပြီး၊ မျက်နှာကို ပွတ်ပစ်ပေါ့ကွာ ... ပြောလို့လည်း မရဘူး"

"အဲဒါကြောင့် ... ရှိသမျှ ယောကျ်ားတိုင်းကို လူချောပြော နေတာ နေမှာပေါ့"

"မဟုတ်ပါဘူး၊ တကယ်လည်း ချောပါတယ်။ ယောကျ်ား တစ်ယောက်ဟာ အသားဖြူမယ်၊ မျက်ခုံးမျက်လုံးကောင်းမယ်ဆိုရင် လူချောစာရင်းဝင်ပါပြီ။ ပြီးတော့ ... သန့်ရှင်း

သပ်ရပ်နေရင်လည်း ကြည့်ကောင်းတာပဲ၊ ခုခေတ်မှာ ယောကျ်ားလေး တော်တော်များများဟာ သပ်သပ်ရပ်ရပ်၊ ရှင်းရှင်းသန့်သန့်နေတတ်ကြပါတယ်"

"ရှင့် ကိုခွန်းဆက် ဆိုတဲ့ ပန်းချီဆရာနဲ့ ဘယ်သူ့ပိုချော လဲ"

ကိုအဇ္ဈာကို လေးယောက်လုံး မြင်ဖူးပြီးသားပေမဲ့ အဝေးက အပေါ်စီးမှ ငုံ့ကြည့်ကြရတာသာ ဖြစ်သည်။ ခုတွာက တော့ ကောင်တာမှာ လူချင်းနီးကပ်စွာ တွေ့လိုက်ရတာဖြစ်၏။

"ကိုခွန်းဆက်ကိုတော့ မမီဘူး"

"အရုပ်လား"

"အစစ်ပေါ့ ... ကိုခွန်းဆက် အရုပ်က ခြောက်ပေအတိရှိ တယ်တဲ့"

"သက်ထားတို့အဖွဲ့ရဲ့ သတင်းလား"

"ဟုတ်ပါ့"

"ကိုခွန်းဆက်ကို အမှတ်တစ်ရာမှာ ဘယ်လောက်ပေးကြ မလဲ"

မျက်မှန်သမား ရင်ခတ်က ဝင်မေး၏။

"ကိုးဆယ့်ငါး"

"များလှချည်လား"

"ငါးမှတ်တောင် သိပ်လျှော့ချင်တာ မဟုတ်ဘူး၊ မကောင်း တတ်လို့ လျှော့တာ"

"ကိုအဇ္ဈာကိုရော ..."

"ခုနစ်ဆယ်"

"ရှင့် ဦးသဝန်ကြောင်ကြီးကိုရော"



"ပေးချင်တာကတော့ သုံးဆယ့်ငါးပဲ ... မော်ဒရေးရှင်း Moderation ငါးမှတ် ထည့်ပေါင်းပြီး၊ လေးဆယ်ပေးထား တယ်"

"ဒေါက်ဒ်နပ်ကြိုက်မ ... ဒေါက်ဖိနပ်ကို ရာသက်ပန် စွန့် လွှတ်ရတော့မယ်"

"ဒေါ်ရွှေဇီ ... ရှင့်ကျရင်သာ ငါးပေအတိ ကောင်လေးကို ကောက်မချိရစေနဲ့"

"သေလိုက်ပါလား"

အရပ်ကလေး ငါးပေလောက်သာရှိသည်မို့ "ကောင် ပုလေး"ဟု သူတို့ခေါ်သော မျိုးညွန့်ထွန်း ခမျာ အရပ်ပုတာက လွဲ၍ ပညာ၊ ဥစ္စာ၊ စာရိတ္တနှင့် အသက်မွေးဝမ်းကျောင်းမှု ဖူလုံ ခြင်းတို့မှာ ပြောစရာမရှိ၊ ကောင်းရှာသူ ဖြစ်ပါ၏။

"ယောကျ်ားတစ်ယောက်ကို အရပ်ပုလို့ ပယ်ရတာ၊ နမြောတော်တော်တော့ အရှိသား" ... ဟု ဇီဇဝါက ရယ်စရာပြော ၍ ဝိုင်းရယ်ခဲ့ရဖူးပြီး နောက်ပိုင်းမှာ ဇီဇဝါကို "ကောင်ပုလေး" နှင့် အမြဲစကြတော့သည်။

"အလုပ်တွေ လျှောက်ရှာလုပ်မနေနဲ့၊ စာရင်းအင်းပါ အတိအကျ ကျုပ်တို့ လုပ်ထားတယ်၊ ရှင် ရုံးတက်လာရင် နားပါစေတော့လို့"

ပန်းစကားက ဖိုင်တွေ စာရင်းစာအုပ်တွေ လျှောက် လှန်သည်မို့ ဇီဇဝါက ဝင်ပြော၏။

"ဒီလိုဆိုတော့လည်း ကျုပ်သူငယ်ချင်းတွေက အားကိုးရ သားပဲ"

——"အနီတီပန်းရေ ..."

လေးယောက်ထဲမှာ လူကြီးဂိုက်ဖမ်းလွန်းလို့ဟုဆိုကာ ကျန်သုံးယောက်က တစ်ခါတစ်ရံမှာ "အန်တီပန်း"ဟု ခေါ် တတ်၏။

"ရှင့်တစ်ယောက်တည်း တတ်တယ် မထင်နဲ့နော်၊ ရှင်နဲ့ အသက်တူတူ၊ ဘွဲ့တူတူ ရထားတာတွေ၊ ရှင်သိသလောက် သိတယ်၊ ရှင်တတ်သလောက် တတ်တယ်၊ ရှိသမျှအလုပ်ကို ရှင်က သိမ်ကျုံးလုပ်နေလို့ အချောင်ခိုလို့ရလို့ ခိုနေတယ်မှတ်ပါ"

ပန်းစကား ရယ်ပါလေတော့သည်။

ခတ္တာ၏စားပွဲပေါ် တင်ထားသော လက်ကိုင်ဖုန်း မြည်လာသည်မို့ ခတ္တာက ကောက်ကိုင်လိုက်၏။

"ဟော ... ဟုတ်လား၊ မြန်တယ်၊ မြန်တယ်။ ကော်ဖီပဲ တိုက်မယ်။ ပြည့်မှ မပြည့်စုံသေးတာ။ ပြည့်စုံမှ တစ်ပွဲ အေး ... အေး ... ပြောလိုက်မယ်။ ဒါပဲနော်"

ခတ္တာက ပန်းစကားကိုကြည့်၍ ပြုံးပြလိုက်၏။

"သက်ထားလေ"

"ကိုယ်ရေးရာဇဝင် ရပြီလား"

"မပြည့်စုံသေးဘူး၊ ဘွဲ့တော့ မရဘူးတဲ့။ အဝေးသင်နဲ့တော့ ဆက်ဖြေဖို့ ရှိတယ်တဲ့။ ဘော်တော်ငယ်ငယ်ကတည်းက သင်္ဘောတက်လိုက်၊ သင်္ဘောစာမေးပွဲတွေ ပြန်ဖြေလိုက်နဲ့ဆိုတော့၊ အခု သင်္ဘောပေါ်မှာ ရာထူးတော်တော်ကြီးနေပြီ။ အတိအကျတော့ မသိရဘူး၊ ချိဖ် Chief လို့ ထင်တယ်တဲ့။ လခသုံးထောင်ကျော် ရတယ်ဆိုပဲ"

"ကျုပ်အိမ်က ကောင်မလေးတောင် တစ်သောင်းပေးရတာ။ သုံးထောင်ကျော် ဘာလုပ်ဖို့လဲ"



"ရင်ခတ် ငတုံးရေ ... ဟို သုံးထောင်ကျော်က ဒေါ်လာဟဲ့"

"ဒီလိုလား"

"ဒီလိုပဲ"

"ဆက်ပြောပါဦး၊ အပြည့်အစုံ မသိရရင် ဇီဇဝါ အသည်းယားတယ်နော်"

"အခုသင်္ဘောက ပြန်ဆင်းလာတာ မကြာသေးဘူး၊ မြန်မာပြည်မှာ ခြောက်လနေမယ်ဆိုပဲ"

"ဒါပဲလား"

"ဒါပဲ"

"မပြည့်စုံသေးဘူး"

"ဘယ်သူက ပြည့်စုံပါပြီလို့ ဝန်ခံထားလို့လဲ"

"နာမည်"

"ရွှေဘုန်းခေါင် ... တဲ့"

"ဘာ ... ရွှေပိုးကောင် ဟုတ်လား"

"ရွှေဘုန်းခေါင် ပါဆို ... ရွှေပိုးကောင်ပါ ဆိုမှတော့ လမ်းပေါ်ကနေ မော့ကြည့်မနေနဲ့ဘူး၊ ရှင့်ငယ်ထိပ် လာကိုက်မှာပေါ့"

"မိဘမျိုးရိုး"

"မသိသေးဘူး"

"သက်ထားကို မေးလိုက်စမ်းပါ။ ဇီဇဝါဆိုတဲ့ ကျုပ်ကို အစစ်စတင့် Assistant ခန့်မလားလို့၊ တစ်လ ဒေါ်လာ သုံးထောင်ပေးရင်၊ မြန်မာပြည်လူဦးရေ သန်းပေါင်းငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရဲ့ ကိုယ်ရေးရာဇဝင်အတိအကျကို တစ်ပတ်အတွင်း အစီရင်ခံမယ်"

"ဒေါ်လာသုံးထောင် ပေးနိုင်မှတော့၊ ရှင့်မခန့်တော့ဘူး၊ စကော့တလန်ယာ့ဒ်ကပဲ ငှားလိုက်တော့မယ်"

"သုံးထောင်နဲ့ ရပါလိမ့်မယ် အားကြီးကြီး"

"မရလည်း မငှားရုံပေါ့ဟယ် ... မလွှမ်းလောက်ပါဘူး။ ပျင်းတောင် ပျင်းသေးတယ်"

တစ်ယောက်နှင့် တစ်ယောက် အကြောတင်လည်း မခံ၊ စိတ်လည်း မဆိုးကြ၊ စကားမရှိ စကားရှာ ပြောနေကြသူတွေကို ပန်းစကား ငေးကြည့်ရင်း၊ တယ်လီဖုန်းထဲမှ ချိုရှသော အံသံတစ်ခုကို သတိတရ ဖြစ်ရလေတော့၏။

နာရီကို ကြည့်လိုက်၏။

အချိန်မှန်ရထားကြီးပါပဲ။ ရှစ်နာရီနှင့် လေးဆယ့်ငါးတိတိမှာ ဖုန်းသံဝင်ပြီ။ ပန်းစကားက ရှစ်နာရီလေးဆယ်လောက်မှစ၍ လက်ကိုင်ဖုန်းကို မအားအောင် လုပ်ထားလိုက်လျှင်၊ လိုင်းဖုန်းကို ခေါ်၏။ လိုင်းဖုန်းဆိုတော့ အိမ်ရှေ့ထွက်ပြောရသည်။ ဆယ်ကျော်သက်ကလေးလည်း မဟုတ်တော့ပြီမို့၊ ခုလို ဖုန်းသရဲဆန်ဆန် (သူ့စကားတွေက ယဉ်ကျေးသိမ်မွေ့ပေမဲ့) အပြုအမူမျိုးကို လက်ခံစကားပြောဖို့ မသင့်ပါ။ သို့ပေမဲ့ ... အဲသည် စကားလုံးတွေက ပန်းစကား ဆိုသော စီးပွားရေးလုပ်ငန်းရှင်မကို ညို့ငင်ဆွဲဆောင်နိုင်စွမ်းသည်။ သူ့အသံတွေက ပန်းစကား၏ နားထဲသို့ ပျားရည်မြစ်တစ်စင်း ဖောက်ချပေးသလား ထင်ရသည်။ သူ့စကားတွေ နား



ထောင်ရင်း၊ ပန်းစကား ရင်ကလေး သိမ့်သိမ့် ခုန်ရတာလည်း အမှန်ပါ။

သူဟာ ... ရွှေဘုန်းခေါင်များလား။

"ရှင် ... ရွှေဘုန်းခေါင်လား" ... ဟု ဖွင့်မေးဖို့ရာကျတော့ မိန်းမသား၏ ဂုဏ်သိက္ခာကို ထိခိုက်နိုင်ပါသည်။ ရွှေဘုန်းခေါင်က လမ်းထဲပန်းဆိုင်မှ မော့ကြည့်တာကို ခန်းဆီးကွယ်၍ ချောင်းကြည့်ဖူးပါသည်။ လေအေးပေးစက် ဖွင့်ထားသည်မို့ ပိတ်ထားသော မှန်ကြည့်တံခါးနောက်မှသာ ကြည့်ရသည်။ မော့ကြည့်သူက မြင်နိုင်ဖို့ ခဲယဉ်းပြီး၊ ပန်းစကားတို့ကသာ ထင်ထင်ရှားရှား တွေ့ရတာဖြစ်၏။

ရွှေဘုန်းခေါင် ကြည့်လိုသူသည် ဘယ်အထပ်မှာမှန်း သိဟန်မတူသော ရွှေဘုန်းခေါင်၏ မျက်ဝန်းတို့က ပန်းစကားတို့ ရှိနေသော လေးထပ်ရုံးခန်း ပြတင်းဆီသို့ တန်းတန်းမတ်မတ် ရောက်ရှိမလာတတ်ပါ။

မျက်ဝန်းကို ရွှေ့လျားစေလျက်၊ ဟိုရှာသည်ရှာနှင့် လိုလိုမို့ အမြင့်စီးမှ ငုံ့ကြည့်ခွင့်ရသော ပန်းစကားတို့က ရွှေဘုန်းခေါင်ကို လွတ်လပ်စွာ ကြည့်ခွင့်ရပါသည်။ ခတ္တာ ပြောသလို လူချောစာရင်းဝင်ပေမဲ့၊ သူဟာ ခိုင်မာသော အသက်မွေးဝမ်းကြောင်းနှင့်ပေမဲ့၊ ရွှေဘုန်းခေါင်၏ အသားဖြူဖြူ ခပ်ချောချော မျက်နှာသည် ပန်းစကား၏ရင်ကို မခုန်စေခဲ့ပါ။ တယ်လီဖုန်းထဲမှ အသံကိုကျတော့၊ လူမမြင်ရပါဘဲ၊ ဘယ်သူဘယ်ဝါမှန်း မသိရပါဘဲ ရင်ခုန်နေရတော့၏။ သူ့ဖုန်းကို လုံးဝလျစ်လျူရှုပစ်လိုက်ဖို့ ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ပါ။ သူ ဖုန်းခေါ်လျှင် စကားပြန်ပြောဖြစ်သည်ချည်း ဖြစ်၏။

ရုံးခန်းထဲမှာ အပျိုမ လေးယောက်ရှိသည် ဆိုရာ၌ ခတ္တာသည် နံပါတ်ချိတ်ပြီးသား ဖြစ်၏။ ရင်ခတ်သည် ပုလင်းဖင်နီးပါးမျှသော မျက်မှန်ကြီး (ဘယ်လိုမှ ခေတ်မရှိတော့သည့် ကော်ကိုင်းခပ်ကြီးကြီး)တပ်လျက် ယောကျ်ားလျာတစ်ပိုင်းလိုလို။ အားနာစွာနှင့်ပဲ ပြောရလျှင် ရုပ်ကခပ်ဆိုးဆိုး။

"ဘယ်တော့မှ ယောကျ်ားမယူဘူး၊ တစ်သက်လုံး အပျိုကြီးနေမှာ"... ဟု အရပ်တကာသိအောင်လည်း အော်ဟစ်ကြေညာထားသူ ဖြစ်သည်။ ဦးသဝန်ကြောင်ကြီး မကြာခဏလာကြိုတတ်သည်မို့ တွဲပြထားသလိုဖြစ်သော ခတ္တာရယ်၊ အပျိုကြီးလုပ်မည့် ရုပ်ခပ်ဆိုးဆိုး ရင်ခတ်ရယ်ကို ဖယ်လိုက်လျှင်၊ ပန်းစကားနှင့် စီဇဝါပဲ ကျန်၏။ အဲသည်နှစ်ယောက်ကို ဘယ်အချိန်မှာပဲ ယှဉ်ယှဉ်၊ တစ်ရေးနီး ထယှဉ်လည်း ပန်းစကားကသာ အပြတ်သာပြီး လှပချောမောသည်မို့ ရွှေဘုန်းခေါင် မော့မော့ကြည့်နေသူဟာ "ပန်းစကား"... ပဲဟု ကျန်သုံးယောက်လုံးက သဘောတူညီစွာ သတ်မှတ်ထားပါသည်။

"နေ့တိုင်း ပန်းစည်းပို့နေတာ ရွှေဘုန်းခေါင်ပဲ ဖြစ်ရမည်"... ဟု သုံးယောက်သား တညီတညွတ်တည်း ယုံကြည်နေမှတော့ ယုံကြည်အုပ်စုထဲ ပန်းစကားလည်း စီးမျောပါဝင်သွားရတော့၏။ ရွှေဘုန်းခေါင်ကို ရင်မခုန်ပါ။ အသဲကို ရင်ခုန်သည်။ ပန်းစည်းများကို မက်မောစွာ ရင်အခုန်ဆုံး ဖြစ်၏။ အားလုံးတွေးကြသလို၊ ပန်းစည်းပေးသူ ဖုန်းဆက်သူ နှစ်မျိုးလုံးဟာ မော့ကြည့်သူ "ရွှေဘုန်းခေါင်"ပဲ ထားပါတော့။ လူတစ်ယောက်လုံးကြီးကိုတော့ ရင်မခုန်၊ အသံနှင့် ပန်းကိုသာ ရင်ခုန်နေတော့သည့် အဖြစ်က တော်တော် ကိုးလိုးကန့်လန့်နိုင်သော ပြဿနာဖြစ်တော့၏။



"ပန်းစကား"

သူ ဖုန်းထဲမှ ခေါ်နေပြီ။ "ရှင်"ဟု မထူးလိုက်မိအောင် ထိန်းချုပ်ရင်း မျက်နှာကလေး ပျက်နေမိတာဟာလည်း ရင်ခုန်နှုန်းကြောင့်ပါပဲ။

"နေကောင်းသွားပြီလား"

"ကျွန်မ ဖျားတာ ရှင် ဘယ်လိုသိလဲ"

"ပန်းစကားဆိုတဲ့ ပန်းတစ်ပွင့်ကို ပန်းလိုရှုနေခဲ့တာပဲ။ ယောကျ်ားဖြစ်နေပေမဲ့ ပန်းစကားသာ ခွင့်ပြုမယ်ဆိုရင် ကိုယ်က ပန်းလိုပန်ထားချင်တဲ့သူပါ။ ပြောပါဦး... ထမင်းတွေ ဘာတွေ စားနိုင်ပြီလား"

"စားနိုင်ပါပြီ၊ သိပ်ဖြစ်တာမှ မဟုတ်ဘဲ"

"ကိုယ်ပို့ပေးတဲ့ ကြေးအိုးကို စားရဲ့လား"

ကြည့်စမ်း...။ တစ်လုံးတည်း စတီးချိုင့်နှင့် ရောက်လာသော ကြေးအိုးဟာ သူပို့တာဆိုပဲ။

အဲသည်နေ့က ... မေမေက ဗန်းကလေးထဲ ပန်းကန်လုံးကြီးကြီးထည့်၊ လက်သုတ်ပဝါနှင့် ဇွန်းပါ မကျန်စေရဘဲ၊ ပန်းစကား အခန်းထဲသို့ ဝင်လာ၏။

"သမီးသူငယ်ချင်းက ပို့နိုင်းလိုက်တာတဲ့"

မေက တွေတွေထူးထူး တွေးတောမနေရှာ။ ဤသည်ပင်လျှင် မေမေ့ ရိုးသားမှု ဖြစ်၏။ ဘယ်အရာမဆို ဖြောင့်စင်းစွာ တွေးတတ်ခြင်းဟာလည်း မေမေ့ရဲ့ မြင့်မြတ်သောစိတ်ထားတည်း။ သူငယ်ချင်း ပို့လိုက်တာပါဆိုပြီး ရောက်လာသော ကြေးအိုးတစ်ချိုင့်ဟာ၊ ခတ္တာ၊ စီဇဝါ၊ ရင်ခတ်တို့ ပန်းစကား ရုံးမတက်နိုင်လို့

ပို့နိုင်းလိုက်တာပဲဟု ယုံကြည်ပြီးသား ဖြစ်နေကာ၊ ကျေးဇူးတွေများတောင် ထင်နေသေး၏။ ကြေးအိုးသောက်ရန် ပထမတစ်ခွန်းကို အစပ်မှာ၊ မသိစိတ်ဖြင့် လုပ်ခနဲ ရင်ခုန်သွားသောရင်ကို ပန်းစကား သတိထားလိုက်မိ၏။ အစားမက်သော ရင်ခတ်က ရောက်လေရာ အရပ်မှာ အစားစားသည်။ လမ်းဘေးဆိုင်လည်း ထိုင်စား၊ ဟိုတယ်တွေပေါ်လည်း တက်စား၊ သူမို့ အစားကောင်း အသစ်အဆန်းတစ်ခုခု စားခွင့်ကြုံပြီ ဆိုတာနှင့် သူငယ်ချင်းတွေကို ဖုန်းဆက်ပြောကာ၊ စုပြီးသွားစားချင်လည်းစား၊ သူက ချိုင့်ကြီးချိုင့်ငယ်နှင့် ဝယ်ပြီး အိမ်ပေါက်စေ့လိုက် (ကိုယ့်ကားကိုယ်မောင်းလျက်) ပို့လိုပို့ လုပ်တတ်၏။

မေမေ ထင်သလို၊ ဤကြေးအိုးဟာ (ရင်ခုန်သက်သေ သို့မဟုတ် နှလုံးသားသက်သေကြောင့်) ခတ္တာတို့အုပ်စုမှ ပို့တာ မဟုတ်မှန်း ပန်းစကား နိုင်မြဲစွာ သိလေ၏။ အဲသည်ကြေးအိုးဟာ အသက်နှစ်ဆယ့်သုံးနှစ်အတွင်း၊ စားဖူးသမျှသော ကြေးအိုး များထဲတွင် အကောင်းဆုံးတည်း။ ပန်းစကားက ... ကောင်းလိုက်တာ၊ ကောင်းလိုက်တာ ပြောနေသည်မို့ တစ်ခွန်းဝင်မြည်းသော မေမေက ...

"ပုံမှန် သူလို ငါလိုပါပဲ၊ ကြေးအိုးဟာ ကြေးအိုးလောက်ပဲ ကောင်းမှာပေါ့၊ ရွှေအိုးလောက်တော့ ဘယ်ကောင်းနိုင်ပါ့မလဲ"... ဟု အရွှန်းဖောက်နေသေးသည်။

ဒီကြေးအိုးဟာ ... သူပို့လိုက်မှန်း သူ ဖွင့်ပြောမှ သိရတာ မဟုတ်ပါ။ ရင်ခုန်သက်သေနှင့် ပန်းစကား သိပြီးသား ဖြစ်နေရတော့သည်။



"ကျွန်တော် ... ပန်းစကားနဲ့ မိတ်ဆွေဖြစ်ချင်လို့ ဖြစ်ခွင့်ပေးပါ"

"မိတ်ဆွေတွေဟာ ပေါ်ပေါ်ထင်ထင် ခင်မင်ရင်းနှီးကြတာပဲ။ ရှင့်လို ပုန်းလျှိုးကွယ်လျှိုး အလုပ်မျိုးက လူလားမမြောက်ရာကျတယ်။ ကလေးဆန်တယ်။ စကားပြန်ပြောနေမိတဲ့ ကျွန်မမှာ သိက္ခာကျတယ်။ ဒါပေမဲ့ ... ရှင်ဟာ ကျွန်မထက် ဘယ်လိုနည်းနဲ့မှ မငယ်နိုင်တဲ့ ...

"လူကြီးလူကောင်း တစ်ယောက်လို့ သဘောထားပြီး၊ ကျွန်မ လေးစားစွာ ပြန်ပြောနေတာပါ။ ပြီးတော့... ကျွန်မတို့လို စီးပွားရေးသမားဆိုတာ၊ ပြည်သူချစ်တဲ့ အနုပညာသည်မဟုတ်ပေမဲ့၊ ပြည်သူချစ်အောင် နေရတဲ့ အမျိုးအစားထဲမှာ ပါပါတယ်။ မာနကြီးတာ ရိုင်းပျတာတွေကို ဝေးဝေး ရှောင်ရပါတယ်"

"ကျွန်တော်က ပျော်နေတာ"

"ရှင် ... ဘယ့်အတွက်ကြောင့်ပါလိမ့်"

"ဝန်ခံပါတယ်။ ကျွန်တော့်လုပ်ပုံက လူကြီးလူကောင်း မဆန်ဘူး။ ကလေးလိုလို အရူးလိုလို ဖြစ်နေမှန်းလည်း သိပါတယ်။ ဒါပေမဲ့ ... ကျွန်တော် အဲဒီလို ကိုယ်ယောင်ဖျောက်ပြီး စကားပြောရတာ ကလေးဆန်ဆန် ပျော်နေမိတယ်။ စကားကောင်းပြောရရင်၊ အဓိက ... ကတော့ ပန်းစကားကို အထင်ကြီးပြီး ခင်မင်ရင်းနှီးချင်တာပါပဲ"

"ကျွန်မမှာ ရှင်အထင်ကြီးစရာ ဘယ်လိုအရည်အချင်းတွေများ ရှိနေပါလိမ့်လို့ မေးရမလိုပဲ"

"မေးချလိုက်စမ်းပါ။ ကျွန်တော်ကလည်း ဖြေချင်နေတာပါ။ ပန်းစကား စီးပွားရေးလုပ်တာ သိပ်တော်တာပဲ။ လာဘ်မြင်တယ်။ သွက်လက်တယ်။ ထက်မြက်တယ်။ တော်ရုံမိန်းမသားတွေမှာ ဒီလိုအရည်အချင်းတွေ ဘယ်ရှိလိမ့်မလဲ။ ကျွန်တော်တို့ မြန်မာပြည်က ... မိရိုးဖလာအကျင့်စွဲတစ်ခုရှိတယ်လေ၊ မိန်းမသားတွေဟာ ...

"ယောက်ျားတွေနဲ့ ပခုံးချင်းမယှဉ်ဘူး၊ ခြေတစ်လှမ်းနောက်ဆုတ်ပြီး နေကြတာများတယ်။ တချို့ကတော့ ကိုယ့်အဖေ၊ ကိုယ့်မောင်၊ ကိုယ့်ခင်ပွန်းပေါ့နော် ... အဲဒါတွေကို လေးစားအထင်ကြီးပြီး ခြေတစ်လှမ်းစာ နောက်ချန်နေကြတာ၊ တချို့ကျတော့ ဦးဆောင်မဲ့သူရှိလို့ ရှေ့သွားတာ ...

"ယောက်ျားဆိုတဲ့ အမျိုးအစားကို ဦးစီးခေါင်းဆောင်မျိုးလို့ သတ်မှတ်ထားကြတာပေါ့လေ။ ပန်းစကားတို့လိုရှေ့တန်းထွက်ပြီး ထက်မြက်တဲ့ ယောက်ျားတွေနဲ့ တန်းတူယှဉ်ပြိုင်လုပ်ကိုင်ရဲတဲ့ မိန်းမသားဟာ မြန်မာပြည်မှာ ရှားတယ်။ ကျွန်တော် သိရသလောက် ...

"ပန်းစကားကုန်တိုက် အပါအဝင်၊ ရန်ကုန်မှာ အဲဒီလိုစူပါမားကက်ပေါ့ဗျာ၊ ကုန်တိုက်ကြီး အားလုံးပေါင်း၊ ပြေးလွှားရေတွက်မှ သုံးခုတည်း။ အဲဒီသုံးခုဟာ မိန်းမသားပိုင်တွေချည်းဖြစ်နေတာ၊ ကျွန်တော် ... လက် ဖျားခါပြီး ချီးကျူးပါတယ်။ ကျွန်တော်က ... တော်တဲ့သူတွေကို ခင်မင်လေးစားတယ်၊ ရင်းနှီးချင်တယ်၊ အဲဒါပါပဲ၊ ပန်းစကားကို ကျွန်တော် ခင်တယ်"



"ရှင် ရိုးရိုးသားသား မိတ်ဖွဲ့ချင်ရင်၊ ကျွန်မကရော ဘာလက်မခံစရာ အကြောင်းရှိလဲ။ ကျွန်မရုံးခန်းလည်း လာနိုင်တာပဲ။ စီးပွားရေးကိစ္စလည်း ဆွေးနွေးနိုင်တာပဲ၊ တချို့ဆိုတစ်ခါမှ မမြင်ဘူးဘဲနဲ့၊ ကျွန်တော်ဘယ်သူပါလို့ မိတ်ဆက်ပြီး ...

"အလုပ်ကိစ္စ ဆွေးနွေးသွားကြတာပဲ၊ ရှင့်လို ကိုယ်ရှောင်ဖျောက် ဖုန်းဆက်ပြီး ခင်မင်တယ်ဆိုတာ ရှင်တစ်ယောက်တည်း ရှိသေးတယ်။ ပြောပါ ... ရှင် ဘာစီးပွားရေး လုပ်လဲ။ ကျွန်မ ဘာကူညီရမလဲ။ ဒါမှမဟုတ် ကျွန်မကုန်တိုက်မှာ အလုပ်လိုချင်တာလား"

"အမှန်ကို ဝန်ခံရရင်၊ ပန်းစကားဆီမှာ အလုပ်လုပ်ချင်ပါတယ်"

"ဒါဆို ... ရှင့်ကိုယ်ရေးရာဇဝင် ပြော"

"ကျွန်တော် ... အင်ဂျင်နီယာနဲ့ ပတ်သက်တဲ့ ပညာတတ်တယ် ဆိုပါတော့"

"ရှင်တတ်တဲ့ပညာနဲ့ ကျွန်မလုပ်ငန်းနဲ့က လုံးဝဆီလျော်မှုမရှိပါဘူး"

"ဒါတော့ ... ဝါသနာလည်း ရှိသေးတာပဲ။ ခုခေတ်မှာဆရာဝန်တွေ နှုတ်ကြပ်မကိုင်ဘဲ၊ ကလောင်ကိုင်ပြီး စာရေးတဲ့သူနဲ့၊ မိုက်ကိုင်ပြီး သီချင်းဆိုတဲ့လူနဲ့၊ ကော်ဖီဆိုင်လေးကို ချစ်စရာကောင်းအောင် ဖွင့်တဲ့သူနဲ့၊ အဲဒါ ... ဆရာဝန်ပညာနဲ့ ဘာဆိုင်လို့လဲ"

"ထားပါတော့ ... ရာထူးကြီးတွေကတော့ လူပြည့်နေပြီ။ ကျွန်မ ကုန်တိုက်မှာ အမြဲတမ်း လိုအပ်နေတာက အရောင်း

စာရေးရယ်၊ သန့်ရှင်းရေးရယ်၊ လုံခြုံရေးရယ်ပဲ။ ရှင် ဘာ လုပ်ချင်လဲ"

"ခန့်မလို့လား"

"ဒါတော့ ... လူတွေ့စစ်ဆေးပြီးမှ"

"ကျွန်တော်က အရုပ်ဆိုးပါတယ်"

"ရုပ်ချောဖို့ မလိုပါဘူး၊ အရောင်းစာရေးဆိုရင် သွက်လက် ချက်ချာဖို့၊ မျက်နှာထားချိုဖို့၊ ကပ်စတမ်မာ Customer ကို အမြဲတမ်း သည်းခံစိတ်ရှည်ပေးနေဖို့ပဲ လိုတယ်"

"လောလောဆယ်တော့ အလုပ်မလျှောက်သေးပါဘူး၊ လုပ် ချင်တယ်သာ ပြောတာပါ။ စိတ်သွားတိုင်း ကိုယ်ကမပါ နိုင်ဘူး ဖြစ်နေသေးလို့"

"ရှင် ... လေဖြတ်ထားလား"

မှတ်ထား။ စိတ်သွားတိုင်း ကိုယ်မပါတာ သွက်ချာ ပါဒလေငန်းဝေဒနာရှင်တွေပဲ မဟုတ်လား။

"ကြဲကြဲဖန်ဖန်ဗျာ။ ကျန်းမာရေး ကောင်းပါတယ်"

"ဒါဆိုလည်း ပြီးရော၊ ဒါပဲ မဟုတ်လား"

"ကျွန်တော်တို့ မိတ်ဆွေဖြစ်ပြီလား"

"မဖြစ်နိုင်ဘူး။ မဖြစ်သေးတာ မဟုတ်ဘူးနော်။ ဖြစ်ကို မဖြစ်နိုင်တာ။ လူချင်းမြင်တွေ့နေရရင်တောင် ငယ်ပေါင်း အကြောင်းသိ မဟုတ်တဲ့ ယောကျ်ားသူစိမ်းဆိုရင် ကျွန်မ လူတော်တော်ရွေးပြီးမှ ခင်တာ။ မြင်တောင် မမြင်ဘူးတဲ့ သူနဲ့ ဘယ်လိုမှ မိတ်ဆွေမဖြစ်နိုင်ဘူး"

"နည်းနည်းလေးမှ မခင်ဘူးလားဗျာ"

"ဟုတ်ကဲ့ ... နည်းနည်းလေးမှ မခင်ပါဘူး"



"ပန်းကလေးတွေ ငိုကြတော့မှာပဲ၊ သူတို့မှာတော့ ပန်းစကား သခင်မလေး အလိုကျ တစ်နေ့ တစ်နေ့ ... ကုန်တိုက်ကြီး အပေါ်ဆုံးထပ်ထိ တက်လိုက်ရတာ။ ခုတော့ ... နည်းနည်း လေးမှ မခင်ဘူးတဲ့"

"ရှင်ဟာ ကလေးကလား အလုပ်တွေတော့ တော်တော် လု...တယ်။ ပန်းစည်းဆိုလည်း နေ့တိုင်းပို့နေတယ်။ ဖုန်း လည်း နေ့တိုင်းဆက်နေတယ်။ ဒါပေမဲ့ ... ဘယ်သူဘယ်ဝါ ဆိုတာ သိခွင့်မရတော့၊ ပန်းစည်းအတွက် ကျေးဇူးတင်ချင် ရင်တောင် ကျေးဇူးရှင်ကို ရှာမရလို့ သတင်းစာထဲမှာ ... ကျေးဇူးရှင် အမြန်လာတွေ့ပါ ... ဆိုပြီး လူပျောက်ကြော်ငြာ ရမလိုပဲ"

ချိုရွှဲ သြရှဝါညက်သော ရယ်သံတစ်ခု ဖုန်းထဲမှ ...က်ရှိလာပါသည်။ ပန်းစကားလည်း တိုးဖွစွာ ရယ်မိ၏။ ဘာပဲ ...ဖြစ် ... ဒီလူတစ်ယောက်နှင့် စကားပြောရတာ ပျော်သလို သည်။ ရင်ခုန်သံကလည်း တိုးညက်စွာ မြန်ပါသည်။ ပန်း ...ကို မက်မောသလို (ပန်းစကားက လှတပတ ပန်းစည်းလေးများ ...က်မောတတ်၏။) ပန်းစည်း လက်ခံရရှိတိုင်းလည်း ရင်ကလေး ...သည်။ ပြတင်းပေါက်နားပြေးပြီး ခန်းဆီးကွယ်မှ ချောင်းကြည့် ...သည့်အခါ ... မှင်သက်ငေးနှင့် အသက်မရှူမိလောက်အောင် ...တ်ငြား၊ တော်တော်လေး ကြည့်ကောင်းသော သန့်ရှင်းသပ်ရပ် ...သည့် ယောကျ်ားတစ်ဦး၏ မော့ကြည့်နေခြင်းကို ခံယူရရှိပါသည်။ ...သည့်အခါကျတော့ ရင်ခုန်သံက တိတ်နေ၏။

ဖြစ်ရပ်သုံးခုကို နိဂုံးချုပ်ကြည့်သည့် အခါမှာ ... ...စကားအတွက် အဖြေတစ်ခု ရရှိ၏။ ပန်းစည်းကို မက်မော

ရင်ခုန်ခြင်းက မိန်းမသားပီပီ၊ ပန်းကိုချစ်တာ၊ ပန်းရလျှင် ပျော်တာ၊ ပြီးတော့၊ လှလှပပကလေး စည်းနှောင်ထားသည့်အတွက် ရယူပိုင်ဆိုင်ခြင်း အပေါ်မှာ နစ်လိုတာ၊ ပြီးတော့ … မိန်းမသားလေ …။ ဘာပဲဖြစ်ဖြစ်၊ ကိုယ့်ဆီ ပန်းစည်းတစ်စည်း ရောက်လာတာကို ဘယ်မိန်းမသားမဆို၊ မျက်ကြောစင်းလေးနှင့်တော့ ကျေနပ်သွားရမှာပဲ မဟုတ်လား။ အဲဒီအတွက် ရင်ခုန်ခြင်း… "ရိုးသားစွာ"ဟုပဲ မှတ်ချက်ချ၏။

ဖုန်းပြောတာ ကျတော့ရော …။

ငယ်ငယ်တုန်းက ကျောင်းဝင်းထဲမှာ တက္ကသိုလ်… တက်တော့ ကော်ရစ်ဒါတစ်လျှောက်မှာ အနောက်ကလှုလိုက်ခြင်… ခံရတာဟာ ပန်းစကား အဖို့ ရိုးလို့တောင် နေပါပြီ။ ချစ်စကား… မျက်နှာပြောင်ကြီးတိုက်ကာ လိုက်ပြောသူကပြော၊ ဘာမှမပြော… တမေ့တငေးနှင့် ထက်ကြပ်ပါသူကပါ၊ တချို့ကျတော့ … မုန်းစ… ကောင်းလောက်အောင် စောင်းချိတ်စကားတွေဆိုပြီး နောက်… စ,ချင်သူမျိုး၊ တချို့ကျတော့ ရှေ့မှသွားနေသော မိန်းမသား … လှမ်းပျက်အောင် ခြေလှမ်းများကို (အလွန် အောက်တန်းကျ… ဘယ် … ညာ … ဘယ် … ညာ …ဟု လွန်လေပြီးသောကာ… အတိတ်နှစ်ပေါင်းများစွာဆီတုန်းက နည်းကို ပြန်သုံးလိုသုံး …

အစပိုင်းမှာတော့ ပန်းစကား စိတ်ဆိုးသည်။ ရှ… သည်။ ခြေလှမ်းပျက်သည်။ နောက်ပိုင်းကျတော့ များလွန်းအ… ကြီး၍ အတွေ့အကြုံ ရင့်ကျက်လာတာရော၊ ကိုယ် … ကိုယ်… အသက်ကလေး နည်းနည်းပါးပါး ရလာတာပါ … ပေါင်းလ… နောက်မှာ စက်ယန္တရားကြီး ခုတ်မောင်းလိုက်ပါလာလျှင်တော… မတုန်လှုပ်တော့ပါ။ ကိုယ်နှင့် မဆိုင်သလို လုံးဝဥပေက္ခာ…



သာခဲ့သည်။ တယ်လီဖုန်းဆက်ကြတာများလောက်တော့၊ ဖုန်းကိုင်ရတာ လက်ညောင်းလွန်းလို့ ပျင်းတောင် ပျင်းသေးတယ်ဟု ဆိုရမည်ပင်။ အခု ဒီလူ … ဖုန်းဆက်နေတာကိုလည်း "ပျင်းတောင်ပျင်းသေးတယ်အုပ်စု"… ထဲပဲ ထည့်ထားဖို့ပါ။ သို့ပေမဲ့ သူက သူများတွေလို ချစ်တယ်တွေ ကြိုက်တယ်တွေ (အမှန်တော့ အဲဒါတွေအတွက် အစပျိုးနေခြင်းမှန်း သိပါသည်) မလာသည်မို့ နောက်ဆက်ဖို့ မာဆတ်ဆတ်ပြောကာ ဖုန်းချပစ်ဖို့ (ရိုင်းပျရာရောက်မှာ စိုးပါသည်) ဝန်လေးမိရင်း၊ လက်ခံစကား ပြောဖြစ်နေတာမို့၊ တိုးဖွသော ရင်ခုန်သံကို "ရိုးသားစွာ"ဟုပဲ မှတ်ချက်ချပါသည်။

လူတစ်ကိုယ်လုံးကြီး မြင်ရပါလျက် လုံးဝ(လုံးဝ) ရင်မခုန်ခြင်းကတော့ "ရိုးသားစွာ"ထက်တောင် ရိုးသားပါသေးသည်။ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ထားသော "သတ်မှတ်ချက်"ဟာ မှားချင်မှားမည်၊ မှန်ချင်မှန်မည်။ သို့ပေမဲ့ … ပန်းစကား လိပ်ပြာသန့်နေသည်။ (မသန့်လည်း သန့်စေဖို့ ကိုယ့်ဆင်ခြေနှင့်ကိုယ် ပြီးသား) လိပ်ပြာလုံနေသည်။ အဲဒါကြောင့် ပန်းစည်းကိုလည်း ပျော်ပျော်ကြီး လက်ခံသည်။ ဖုန်းဆက်တော့လည်း ပြန်ပြောရပါသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာ မှတ်ချက်ချထားပြီး ဖြစ်ပါ၏။ အဲသည်လို … စကားလက်ခံပြောဖြစ်သည် ဆိုတာကပင် "ရင်းနှီးမှု"တစ်ခုကို အတိုင်းအတာတစ်ခုဆီသို့ ပို့ဆောင်ခဲ့ပါသည်။ သူနှင့် စကားပြောသည့်အခါမှာ ရယ်စရာလေးတွေတောင် ပြောဖြစ်ပြီ။ ပန်းစကား၏ ပင်ကိုယ်ပုံစံကိုက (သူငယ်ချင်းများလည်း တွေ့တွေ့) အာဝဇ္ဇန်းရွှင်သည်။ အပြောကောင်းသည်။ စကားထဲမှာ ဟာသလေးများ ပါတတ်၏။ အစွန်းမလွတ်ချင်သော စကားလေးများနှင့်

အပြောင်အပြက် ထိုးနက်တတ်သည်။ ဒါဟာ ပန်းစကားရဲ့ ကိုယ်ပိုင်ပုံစံပါ။ လိုအပ်လာလျှင်တော့ တိကျကျစ်လျစ်သော စကားလုံးနည်းနည်းကလေးနှင့် တစ်ဖက်သားနားထဲမှတစ်ဆင့် ရင်ထဲသို့ တန်းခနဲ ရောက်သွားအောင် မျက်နှာထားတည်တည်နှင့် ပြောတတ်ပါသည်။

ကိုယ့်ကုမ္ပဏီ ကိုယ့်ကုန်တိုက်မှ၊ ကိုယ်နှင့်တိုက်ရိုက်ဆက်ဆံရသော အကြီးတန်း ဝန်ထမ်းများအား စည်းကမ်းချပေးရာတွင် အဲသည်စကားမျိုးကိုပဲ တိတိကျကျ ပြောခဲ့တာ ဖြစ်၏။

"ရုပ်မမြင် အသံကြား"... ဟု ကွယ်ရာမှာ ကိုယ့်ဘာသာ နာမည်ပေးထားသော "ထိုလူ"နှင့် စကားပြောရင်း၊ ရင်းနှီးမှုတစ်ခုဟာ အတိုင်းအတာ တစ်ခုအထိ ဖြစ်ထွန်းမိရှိပါပြီ။ ဒါကို အံ့သြချင်သားပါ။ သို့ပေမဲ့ မအံ့သြမိချေ။ ပန်းစကား၏ ထိန်းသိမ်းအပ်သော ဂုဏ်သိက္ခာ၊ မြှင့်တင်ထားသော အတ္တမာနနှင့် ရင့်ကျက်သော ဏာဏ်ရွေ့တို့နှင့် ချင့်တွက်ရပါလျှင် "ထိုလူ"ကို စကားလက်ခံပြောနေဖို့ မရှိပါ။ ပြောမိလျှင် ဘယ်သူမှ မသိဘူးဆိုလျှင်တောင် ကိုယ့်ဘာသာ အံ့သြရပါမည်။

မအံ့သြမိသည်အတွက်ကိုပဲ အံ့သြရတော့၏။

"ကျေးဇူးရှင်ကလည်း ပုန်းရာကနေ ထွက်လာချင်လှပါပြီ"

"သြော် ... လက်စသတ်တော့၊ ရှင်က အချိန်တွေတော်တော်ပိုနေလို့ မကြီးမငယ်နဲ့ တူတူပုန်းတမ်းကို၊ တယ်လီဖုန်းထဲမှာ ကစားနေတာပေါ့။ ကျွန်မမှာ ဒီလောက်အချိန်မပိုလို့ ဝမ်းနည်းပါတယ်။ ဖုန်းချလိုက်တော့မယ်"

"ခဏ ... ခဏ ... လေးပါ ပန်းစကား။ ပြောချင်တာလေး တစ်ခု ကျန်လို့ပါ။ ကျွန်တော် ... ပန်းစကားဆီ ညတိုင်း



လည်း ဖုန်းဆက်ပါတယ်၊ နေ့တိုင်းလည်း ပန်းစည်းပို့ပါတယ်၊ ပြီးတော့ ... တစ်နေ့ကို တစ်ခါ၊ အလုပ်ဘယ်လောက်ရှုပ်ရှုပ်များများ၊ ပန်းစကားကို တစ်ကြိမ်တော့ အနည်းဆုံးတွေ့ရအောင် လာကြည့်ပါတယ်"

"အဲဒါ ... ဘာအတွက်လဲ"... ဟု မေးချင်ပါသည်။ မေးရလျှင် "ရေလာမြောင်းပေး" ဖြစ်တော့မည်။ "ပန်းစကားကို ချစ်လို့"... ဆိုသည့် အဖြေကို လိုချင်လို့ထုတ်သော ရှေ့ပြေးနိမိတ်ပြမေးခွန်းမျိုး ဖြစ်တော့မည်။ မမေးတော့ပါ။

ပန်းစကား အံ့သြတာ တစ်ခုတော့ရှိ၏။ ပန်းစည်းနှင့် တယ်လီဖုန်းသံမှာ ရင်ခုန်ပြီး၊ လူတစ်ယောက်လုံးကို ရင်မခုန်ခြင်းပါ။ ပန်းစည်းရယ်၊ တယ်လီဖုန်းသံရယ်၊ နေ့ရှိသရွေ့ ... ျလော်ရာမှာရပ်ပြီး မျှော်ကြည့်နေသူရယ်ဟာ တစ်ယောက်တည်းဆိုတာတော့ သေချာနိုင်လုံသလောက် ရှိသွားပါပြီ။ ပန်းစည်းနှင့် ဘယ်လီဖုန်းသံကတော့ ကာယကံရှင်ကိုယ်တိုင် ဝန်ခံပြီးဖြစ်၏။ ျလော်ရာထဲမှာရပ်၍ မျှော်ကြည့်နေသူကိုတော့ "သူ"ပါပဲဟု ဝန်မခံသေးပါ။ ဝန်မခံသေးပေမဲ့ သေချာသလောက်ရှိ၏။ သူကိုယ်တိုင် အနည်းဆုံး တစ်နေ့တစ်ခါ လာကြည့်သည်ဟု ပြောထားသားပဲ။

"ရှင် ... ရွှေဘုန်းခေါင်လား"... ဆိုသည့် မေးခွန်းကို မေးချဖို့ပဲ ကျန်၏။ အဲဒါကို မေးချရလျှင်၊ မိန်းမသားဘက်မှ သိက္ခာ"လျှော့"လွန်းရာ ရောက်မည်။ မမေးတော့ပါ။ မိန်းမသားဆိုတာ ဏာဏ်ရွေ့ရှင်မျိုး။ ယောကျ်ားတစ်ယောက်က ကိုယ်တိုင်ဖွင့်မပြောဘဲ၊ ကြားလူ မိတ်ဆက်ပေးခြင်း မရှိဘဲ၊ အဲသည်ယောကျ်ား၏ နာမည်ကို မိန်းမသားဘာသာ စုံစမ်းသိရှိထားပါသည် ... ဆို

တာ မဖြစ်ကောင်းသော အရာလေ။ ကိုယ်တိုင် စုံစမ်းတာတော့လည်း မဟုတ်ပါ။ ခဏ္ဍာမှတစ်ဆင့် "သက်ထားတို့အဖွဲ့"၏ စွမ်းဆောင်မှု ဆိုပေမဲ့ ပန်းစကား သိနေခွင့်ရခြင်းကိုပဲ လှသိမ်ဖို့ သင့်သော ကိစ္စမဟုတ်ဟု ဆုံးဖြတ်ကာ "ရှင် ... ရှေ့ဘုန်းခေါင်လား" ... ဆိုသည့် **မေးခွန်းကို** မမေးလိုတော့ပါ။ မမေးသင့်ပါ။

**"ကျွန်တော်ရဲ့ အပြုအမူတွေ**ဟာ ပန်းစကားကို အထင်ကြီးလေး**စားစွာ ခင်မင်**ခြင်းတွေကို ပြတာပါ။ မိတ်ဆွေ ဖြစ်ချင်တာပါ။ ဒါဖြင့် ... ရုံးခန်းမှာလာပြီး မိတ်ဖွဲ့ချင်ဖွဲ့၊ စီးပွားရေးကိစ္စ ဆွေးနွေးချင် ဆွေးနွေးပါတော့လားလို့ ပန်းစကား ပြောရင် ... အဲဒါ ကျွန်တော့်ရဲ့ အားနည်းချက်ပါပဲ။ သဘောထားကြီးတဲ့ လူကြီးလူကောင်းတွေဟာ ...

"တစ်ဖက်သားရဲ့ အားနည်းချက်ကို ခွင့်လွှတ်တတ်ကြပါတယ်။ အားနည်းချက်အပေါ် ဖိနှိပ်ပြီး မဆက်ဆံတတ်ကြပါဘူး။ အဲဒါကို အရဲကိုးပြီး၊ ကျွန်တော် ... လူလုံးမပြဘဲ၊ ပန်းစကားကို ခင်မင်ရင်းနှီးနေမိတယ် ဆိုတာကို လက်ခံပြီး၊ ကျွန်တော့်ကို နားလည်ပေးပါ။ ကျွန်တော် ... မေတ္တာရပ်ခံတာ မဟုတ်ပါဘူး။ လေးလေးစားစား တောင်းဝန်တာပါ"

"ကောင်းပြီလေ။ ထားလိုက်ပါတော့။ ဒါပေမဲ့ ... တစ်နေ့ပန်းတစ်စည်းပို့နေတာကို ရပ်စေချင်ပြီ။ ပန်းစည်းတန်ဖိုးက ကြီးတော့ ယူရတဲ့သူလည်း လိပ်ပြာမသန့်ဘူး၊ ရှင့်အတွက်လည်း နေ့ရှိသရွေ့ စရိတ်ဆိုတော့ စရိတ်ထောင်းလာမယ်။ အဲဒါကို ကျွန်မ လက်မခံတော့ဘူး။ ပန်းစည်းပို့တာ ရပ်ပေးရင်၊ ကျွန်မ ဖုန်းလက်ခံစကားပြောပါမယ်"



"ကျေးဇူးတင်ပါတယ် ပန်းစကား။ ကျွန်တော် ... ပန်းစည်း မပို့တော့ပါဘူး။ စရိတ်ထောင်းလို့တော့ မဟုတ်ပါဘူး။ ပန်းစကား ချမှတ်တဲ့ အမိန့်ကို နာခံချင်လို့ပါ"

**"ရှင် ... မင်းယောက်ျားကြီး** ဖြစ်ပါလျက်နဲ့၊ အားနွဲ့မျိုး**တစ်ယောက်ဆီမှာ ဒီလောက် အလျှော့ပေး** ဆက်ဆံစရာ **မလိုပါဘူး"**

"ကျွန်တော့်ဘက်က **နစ်နာ**နေပြီ၊ ဂုဏ်ငယ်နေပြီရယ်လို့မှ ကျွန်တော် သဘောမထားဘဲ။ ဒီထက်မက အောက်ကျနောက်ကျ အနေအထားဆိုတဲ့ အဆင့်ကို ရောက်သွားလည်း ကျွန်တော် ကျေနပ်မိမှာပါ။ ကျွန်တော် လျှာရှည်နေတာနဲ့ ပန်းစကား စိတ်တိုလောက်ပါပြီ။ ကျွန်တော် ဖုန်းချလိုက်ပါတော့မယ်"

ပန်းစကားက အမှတ်မထင် ... ပေါ်နေသည့် ဖုန်းနံပါတ်ကို ကြည့်လိုက်မိ၏။ ဖုန်းစကားပြောလျှင် နံပါတ်ကို မကြည့်မိတာ များပါသည်။ ဘာရယ်တော့ မဟုတ်၊ ဦးနှောက်ထဲမှာ (ကိုယ့်အလုပ်နှင့် ကိုယ်ရှုပ်ကာ) မှတ်ရတာတွေ များလွန်းသည်မို့ သိပ်အရေးမကြီးသည့် ကိစ္စမျိုးကို ခေါင်းထဲ ထပ်မထည့်ချင်တော့တာပဲ ဖြစ်၏။ သူနှင့် စကားပြောဖူးပေါင်း များလှပြီပေမဲ့၊ နံပါတ်ကို မကြည့်မိခဲ့။ ယခုတစ်ကြိမ်မှာ အမှတ်မထင်ဆိုသလို၊ လှစ်ခနဲ ကြည့်လိုက်မိသည်။ ကြည့်လိုက်မိတော့လည်း ... အလွန်ထက်မြက်လှသည့် ကွန်ပျူတာဦးနှောက်က အဲဒီနံပါတ်ကို အထူးတလည် မှတ်သားနေဖို့ မလို၊ တစ္ဆက်စာတမ်းနှင့် ချရေးစရာမလိုဘဲ၊ အလိုလို မှတ်မိသွားရတော့သည်။

အဲသည် ဖုန်းနံပါတ်ကို တကူးတက မေ့ပစ်ဖို့ မကြိုးစားပေမဲ့၊ ကိုယ်ကစတင်ပြီး ဘယ်တော့မှ မခေါ်မိစေဖို့ကိုတော့ ဆုံးဖြတ်ချက် ချလိုက်ပါသည်။

ပန်းစကား ... ရင်ကလေး တလှိုက် ငြိမ့်ငြိမ့် ... ဗိုမိပါသတည်း။

ဏ ဏ ဏ



ရွှေဘုန်းခေါင် ... ရှင်ပဲလား။

ရှင်ပဲဆိုရင်တော့ ဝမ်းနည်းရလိမ့်မယ်။ ရှင့်ကိုကျွန်မ လုံးဝရင်မခုန်ပါဘူး။ စိတ်ဝင်စားစရာဖြစ်အောင် ဖန်တီးနေမှုတွေအတွက် ကျွန်မ စိတ်ဝင်စားပါတယ်။ ရင်ခုန်ပါတယ်။ ဒါပေမဲ့ ... ပုဂ္ဂိုလ်ရေးအရမှ ရင်မခုန်ရင်၊ ရှင့်ကို ဘယ်လိုမျှော်လင့်ချက်မျိုးမှ ကျွန်မ မပေးနိုင်ပါဘူး။

နောက်နေ့တွေမှာ အီးမေးလ် မှန်မှန်ရောက်ပြန်၏။ ဖုန်းကလည်း တစ်ညမပြတ်စေရ။ ပန်းစည်းကတော့ ရောက်မလာတော့ပါ။ ဖလော်ရာမှနေ၍ လာ ဥငေးခြင်းကျတော့ နှစ်ရက်ခြားသုံးရက်ခြား ဆိုသလို၊ ရက်ကျဲလာ၏။

သူငယ်ချင်းတွေကို ပြောပြဖို့ သင့်ပြီ။

ဏ ဏ ဏ

ပြောဖို့ အခွင့်သင့်လာတာ၊ ပန်းရှူး ခတ္တာ ... ပန်းစည်းမျှော်ခြင်းကစ၏။

"ပန်းစည်းရှင်ကလည်း ဗီရိယ နည်းတာလား၊ ကပ်စေးနည်းတာလား မသိဘူး၊ မောင်သံခဲလည်း မလာတော့ပါလား"

"ကျုပ်က ... မိုနာလီဇာကိုသာ ဆင်းမေးလိုက်ချင်တော့တယ်။ မောင်သံခဲရေ ... ရှင်တို့မမ ဆိုဖီဆီကို ပန်းအွမှာ မရောက်တာလား၊ ပို့ပြီးသား ပန်းတွေအတွက် ငွေမချေလို့ ရပ်စဲလိုက်တာလားလို့"

"ဒေါ်ဇီ ... တားလိုက်ပါပေရဲ့နော်၊ နဲနည်းနည်းလေးမှ သွားမလုပ်လိုက်ပါနဲ့"

"လုပ်မလားဟဲ့ မိပန်းရဲ့၊ စကားအဖြစ် ပြောတာ"

"ပန်းစည်း မရောက်တော့တာက ကျုပ် တားလိုက်လို့"

"ဟောတော့ ... မောင်သံခဲကိုလား၊ ပန်းလာပို့တိုင်း ခတ္တာ ထွက်ယူတာ၊ ရှင်က ထိုင်ရာမထ၊ ဘယ်လိုများ တားမြစ်လိုက်သလဲ။ တယ်လီပသီနည်းနဲ့များလား"

"ဖုန်းထဲမှာ ..."

"ဘုရားရေ ... ရှင့်ဆီကို ဖုန်းဆက်တယ်"

"အင်း"

"ရွှေဘုန်းခေါင်ကလား"

"ရွှေဘုန်းခေါင်လား၊ ငွေဘုန်းခေါင်လားတော့ မသိဘူး၊ ရှင် ... ရွှေဘုန်းခေါင်လားလို့ မေးပစ်လို့ရတာမှ မဟုတ်တာ"

"ကြည့်စမ်း ... ဒါဟာ အုပ်စုတွင်း ထိမ်ချန်မှုပဲ"

ရင်ခုတ်က ဒေါ်သလေးနှင့် ရှေ့တိုးလာ၏။

"အရေးမှ မပါတာ"

"အရေးပါတယ် မပါဘူးဆိုတာ ကျုပ်တို့ ဆုံးဖြတ်မှာပေါ့ ဒေါ်ပန်းရဲ့၊ ကျုပ်ဆို ... ပုတုပုတု အကြောင်းဆိုလည်း ပြန်ပြောရတယ်၊ တကယ်ဆို ... ပုထုပုတုဟာ ကျုပ်အတွက် အရေးပါလို့မှ မဟုတ်ဘဲ၊ ခတ္တာဆိုလည်း ဦးသဝန်ကြောင်ကြီးအကြောင်း ပြန်ပြောရတယ်၊ ဒေါ်ပန်း တစ်ယောက် ... ထိမ်ချန်မှု ကျူးလွန်နေပါပြီ"

"ပြောပါမယ်ဟာ ... ပျင်းနေလို့ပါ"



ဖုန်းဆက်သူနှင့် ပန်းပို့သူ တစ်ဦးတည်းဖြစ်ကြောင်း၊ နောက်ထပ် အီးမေးလ်ပို့သူတစ်ဦး တိုးလာကြောင်း၊ အဲဒီလူဟာ ဖုန်းဆက် ပန်းပို့သူနှင့် တစ်ဦးတည်း ဟုတ်လား မဟုတ်လား မသိကြောင်း၊ အဲဒီလူဟာ ရွှေဘုန်းခေါင် ဟုတ်လား၊ မဟုတ်လား မသေချာကြောင်းတွေ အားလုံးပြောပြလိုက်တော့သည်။

"သက်ထားတို့အဖွဲ့ဆီက ... ရွှေဘုန်းခေါင် သတင်းထပ်ရထားတယ်၊ အဲဒါ ပြောရဦးမယ်"

ခတ္တာက သူ သိထားရတာလေးတွေ ပြောပြ၏။

"သူ့အဘိုးလက်ထက်ကစပြီး ချမ်းသာတာတဲ့။ ဟိုတုန်းကတည်းက ဘွိုင်လာအင်ဂျင်နီယာတဲ့၊ သိတယ်မှလား ... စက်ရုံမှန်သမျှ ဘွိုင်လာတွေ လျှော့ကစ်စစ်ရတာ။ အဘိုးက သူဌေးသမီးနဲ့ရပြီး သူ့အဖေတစ်ယောက်တည်း မွေးတယ်။ သူ့အဖေက ဘွဲ့တောင်မရသေးဘူး၊ သင်္ဘောလိုက်သွားတာ၊ စာမေးပွဲတွေအောင်ပြီး ... ရာထူးတက်တာ၊ ကက်ပတိန် ဖြစ်နေတာ ကြာပြီတဲ့ ...

"စဉ်းစားကြည့်၊ လခ ... ဘာကောင်းသလဲ မမေးနဲ့၊ ချမ်းကလည်း ချမ်းသာသေး၊ သူ့အမေက မိုလ်ချုပ်ဈေးထဲမှာ ပိုးထည်ဆိုင်၊ အမရပူရ၊ စစ်ကိုင်းဘက်မှာ ကိုယ်ပိုင်ရက်ကန်းစင်တွေပိုင်တာ၊ မွေးထားတာ ညီအစ်ကိုနှစ်ယောက်၊ ရွှေဘုန်းခေါင်က သင်္ဘောလိုက်တယ်၊ အဖေ့ခြေရာ နင်းတာပေါ့၊ သူက အခု ချိဖ်အင်ဂျင်နီယာ Chief Engineer ဖြစ်သွားပြီ။ အသက်က သုံးဆယ့်နှစ် ...

"သူ့ညီက ဆရာဝန်၊ နိုင်ငံခြားမှာ အမေရိကားလို့ ထင်တယ်၊ မသေချာဘူးတဲ့။ ပြန်မလာတော့ဘူး၊ အဲဒီမှာ

အမေရိကန်သူနဲ့ အိမ်ထောင်ကျနေပြီ။ သူ့အဖေက အသက်ခြောက်ဆယ်ပြည့်ဖို့ တစ်နှစ်လိုသေးတယ်။ ခြောက်ဆယ်ပြည့်ရင် နားမယ်။ တစ်သက်လုံးက သင်္ဘောလိုက်လာတဲ့သူဆိုတော့၊ နိုင်ငံခြားတွေ အနေများတယ်၊ နိုင်ငံပေါင်းစုံရောက်ရတယ် ...

"အဲဒါ ... သူ့သားအငယ်ရှိရာ၊ အမေရိကားပဲဖြစ်မှာပါ။ အဲဒီကို သွားမယ်။ အဲမေပါ လိုက်မယ်။ အဲဒီမှာသွားပြီး ခေါင်းချမလို့တဲ့ကွာ၊ အတွေးအခေါ်က။ ကောင်းတော့လည်း ကောင်းသားကွ။ မြန်မာပြည်မှာ ရွှေဘုန်းခေါင်တစ်ယောက်ပဲ ကျန်ရစ်မယ်"

"သူလည်း သင်္ဘောလိုက်တာပဲဆိုတော့၊ သူလည်းနိုင်ငံခြားပြေးဖို့ပဲ စိတ်ကူးရှိမှာပေါ့"

"မရှိဘူးတဲ့။ ဘိုးဘွားလက်ထက်ကစပြီး ချမ်းသာလာသူကလည်း၊ ဒီမှာကျန်ရစ်တဲ့သူက သိမ်းကျုံးရမှာ၊ သူစုထားတာတွေလည်း အများကြီးရှိနေပြီ။ ပြီးတော့ ... သူ့စိတ်ကျတော့ မိဘနဲ့ မတူဘူး။ သူ့အဖေက နိုင်ငံပေါင်းစုံမှာနေရတဲ့နှစ်က များပြီး၊ ကိုယ့်တိုင်းပြည် ပြန်နေရတဲ့နှစ်ကနည်းတော့ ...

"နိုင်ငံတကာမှာပဲ မနေချင်စိတ် ဖြစ်တယ်တဲ့။ ရွှေဘုန်းခေါင်ကကျတော့၊ နိုင်ငံတကာ သွားရတာကို ငြီးငွေ့ပြီတဲ့ ကိုယ့်မှာလည်း စုမိဆောင်းမိ ဖြစ်နေပြီ၊ ဘာဖြစ်လို့ နိုင်ငံတကာကိုလှည့်ပြီး ဒုက္ခဆင်းရဲ ခံတော့မလဲတဲ့။ ကိုယ့်တိုင်းပြည်မှာပဲ ကိုယ်နေတော့မယ်တဲ့။ ဒါဟာ ... သူက အရာတွေ သိမ်းကျုံးရမှာမို့လို့ မဟုတ်ပါဘူးတဲ့ ...



"တစ်ပြားမှ မကျန်ခဲ့ရင်တောင် သူ့ရဲ့အသက်ကြီးပိုင်း အချိန်တွေဟာ မြန်မာပြည်မှာပဲ နေချင်တယ်တဲ့။ သူ့မိဘတွေ အမေရိကားပြောင်းတော့မယ်ဆိုရင် သူက သင်္ဘောဆက်မလိုက်တော့ဘဲ၊ အမရပူရ စစ်ကိုင်းဘက်က ပိုးရက်ကန်းစင်တွေကို သူ ဦးစီးမယ်တဲ့။ အမွေတွေကလည်း သူတစ်ယောက်တည်း စုပုံရတော့မှာ"

"ကောင်းတာတွေချည်း ကြားလာသလား၊ သင်္ဘောလိုက်ရင်းနဲ့ အိပ်ချ်အိုင်ဗီ HIV ပိုးလေး ဘာလေးများ ရမလာခဲ့ဘူးလား၊ အဲဒီသတင်းရော ဘာကြားလဲ"

"သူတို့မျိုးရိုးက မိန်းမနဲ့ ပတ်သက်လို့ နာမည်ပျက်မရှိဘူးတဲ့"

"မိန်းမနဲ့ ပတ်သက်တဲ့ နာမည်ပျက် မရှိပေမဲ့ ရောဂါကင်းတယ်လို့ ဘယ်သူပြောနိုင်မလဲ"

"ပြောနိုင်တယ်။ သက်ထားတို့အုပ်စု သွေးသွားလှူတဲ့နေ့မှာ တိုက်တိုက်ဆိုင်ဆိုင်လေ၊ သူလည်း သွေးလာလှူတာ၊ ရန်ကုန်ဆေးရုံကြီးမှာ သွေးလှူတယ်ဆိုတာ တွေ့ကရာသွေးအကုန်ယူတာမှ မဟုတ်တာ၊ စစ်ဆေးပြီးတော့မှ ယူတဲ့ဥစ္စာ။ ရွှေဘုန်းခေါင်က မြန်မာပြည်မှာရှိတဲ့အခိုက်ဆိုရင် လေးလတစ်ကြိမ် အမြဲသွေးလှူတာတဲ့၊ သွေးလှူရှင်ဘယ်နထပ်ကွမ်းဆိုလားပဲ ...

"ဆေးရုံဝန်ထမ်းတွေနဲ့တောင် သူက ခင်နေတာ၊ ရွှေဘုန်းခေါင် ခင်တဲ့လူနဲ့ သက်ထားသူငယ်ချင်း အစ်ကိုနဲ့ကလည်း ခင်လို့ သူတို့ စပ်စုခွင့် ရတာလေ။ သိပ်သဘောကောင်းတယ်တဲ့။ လူမှုရေးစိတ်ဓာတ် အပြည့်ရှိတယ်တဲ့။

တစ်ခါလည်း ... လူတစ်ယောက်ကို ညဘက်ကြီး၊ လူခြေတိတ်တုန်း ကားတစ်စီးက တိုက်ပြီးမောင်းပြေးတာ၊ သူက ကားနံပါတ်လည်း မှတ်ထားတယ်၊ လူနာကို ကောက်ပွေ့ပြီး၊ ဆေးရုံကို သူလာတင်ပေးတာ ...

"ဆေးရုံကို အချိန်မီရောက်တာရယ်၊ သွေးထွက်များတဲ့ အတွက်လည်း သူပဲ သွေးလှူပေးခဲ့တာရယ်နဲ့၊ လူနာက အသက်ရှင်သွားတယ်၊ နင့်မို့ဆို မလွယ်ဘူး၊ ကားနံပါတ်လည်း သူ မှတ်ထားပေးလို့ အရေးယူလို့ ရတာ"

"ကောင်းလှချည်လား၊ အကောင်းလွန်တဲ့ ပုဒ်မနဲ့ ကြိမ်ဒဏ်အချက်နှစ်ဆယ်လောက် ပေးဖို့ကောင်းနေပြီ"

"သွားလေရာ လူချစ်လူခင် သိပ်ပေါဆိုပဲ"

"ဒီလောက်ကောင်းနေမှာတော့ သမီးရှင်တွေ ဝိုင်းဝိုင်းလည်မနေပေဘူးလား၊ သူ့အမေ ဆန်တစ်စိတ်နဲ့ ရွှေမန်းဆိုတောင်တော်ရိပ်မှာ ... ပုန်းအိပ်နေရလောက်ပြီ"

"သူ့အမေက အိမ်မှာထိုင်ပြီး လာသမျှ သတို့သမီးလောင်းကို အိုးများလို တတိမ်တိမ်ခေါက်ပြီး ရွေးနေမှာပေါ့"

"သူ့အမေက သူ့သားကို အိမ်ထောင်ရေး လွတ်လပ်ခွင့်လုံးဝပေးထားတယ်တဲ့။ ကြိုက်တာယူ၊ ကြိုက်တဲ့သူ ခေါ်လာ၊ သမီးဆီးခေါ်ဖို့ အဆင်သင့်ပဲတဲ့။ သူတို့ရွေးမပေးပါဘူးလို့ အတန်တန် ငြင်းနေရတယ်တဲ့"

"ငြင်းတဲ့ကြားကပဲ သူ့သားကို တစ်ယောက်တလေတော့ ပြချင်ပြမှာပေါ့"

"ကြည့်ကို မကြည့်တာဆိုပဲ။ ပွဲစားတော်တော်များများကတောင် ဒီသူဌေးမကြီး၊ အထာကိုင်လွန်းလို့ဆိုပြီး စိတ်ပျ



ဆိုးကြတယ်တဲ့၊ စောင့်ကြည့်မယ်တဲ့။ မယားဖံရွေး၊ မယားရွေးနဲ့ ညားဆိုသလို၊ ဘယ်က ... ကလေကချေ တစ်ယောက်အိမ်ပေါ်ဆွဲတင်လာမှ သူဌေးမကြီး မျက်ဖြူလန်မယ်၊ ကိုယ့်မြေးမဟုတ်တဲ့ မြေးအင်ကြီး ထိန်းရမယ်နဲ့ ...

"ပွဲစားတို့ ထုံးစံပေါ့။ ကိုယ်နဲ့ အလုပ်မဖြစ်ရင်။ အမနာပ သိပ်ပြောတာ။ ခုတောင် ... သူ့အဖေသဘော်တစ်ခေါက် ပြန်နားနေလို့ သားမိသားဖသုံးယောက် ဆုံတုန်း၊ သူ့ညီနဲ့ ခယ်မတောင် မကြာခင် လာလည်မယ် သတင်းကြားတယ်"

"သွေးလှူတဲ့ဆီက လူတစ်ယောက်နဲ့ သိရုံနဲ့၊ သတင်းက ဒီလောက်စုံရသလားကွယ်၊ ယုံတောင် မယုံချင်ဘူး"

"ဒီတစ်ယောက်တည်း ဘယ်ဟုတ်ပါ့မလဲ။ ပြောရရင် ... သက်ထားသူငယ်ချင်း ကောင်မလေးတစ်ယောက်ရဲ့ အမေကိုယ်တိုင်က၊ မနေနိုင် မထိုင်နိုင် အောင်သွယ်ဖို့ ဝါသနာပါတဲ့ စေတနာ့ဝန်ထမ်း အကျိုးဆောင်တဲ့။ အဆင်ပြေသွားရင် ကြိုးကြိုးချိတ်တစ်ထည်လောက် ကန်တော့ရုံနဲ့ ပြီးတယ်ဆိုတဲ့ အထဲက။ သက်ထားတို့ကတောင် နောက်နေသေးတာ ...

"သူ့သူငယ်ချင်းကိုလေ။ နင့်အမေက အိမ်ထောင်ဖက်အကျိုးဆောင်ဆိုတော့၊ သတို့သားလောင်းရော သတို့သမီးလောင်းတွေပါ မျက်စိဖွင့်ပြီး အမြဲကြည့်နေမှာတဲ့။ အကောင်းဆုံး အစားလေးများ တွေ့ရင် နင့်အတွက် ဆွဲထားလိုက်မှာ၊ နင်တော့ လင်ကောင်းသားကောင်းရမှာ မြင်ယောင်သေးတယ်လို့ ပြောသေးတယ်"

"ဟုတ်ပါ့ ... ရွှေဘုန်းခေါင် ဒီလောက်ကောင်းနေမှတော့ သူ့သမီးနဲ့ မစပ်ဘူးလား"

"ကောင်မလေးက သက်ထားနဲ့မှ ရွယ်တူ၊ ဆယ့်ရှစ်နှစ်တောင် ကောင်းကောင်း ပြည့်ချင်သေးတာ မဟုတ်ဘူး။ ရှင်တို့မေးသလို ကျုပ်လည်း သက်ထားကို မေးခဲ့တာပေါ့။ ရွှေဘုန်းခေါင်နဲ့ ဆိုရင် အသက်က ဆယ့်လေးနှစ်တောင် ကွာမှာ၊ ကောင်မလေးနဲ့နှစ်ဆနီးပါး ကွာနေလို့တဲ့ဟေ့ ...

"အဲဒီလောက် အသက်ချင်း ကွာတာကို မကြိုက်လို့တဲ့။ ကျန်တာတွေ ပြောစရာမရှိဘူးတဲ့။ ဒါတောင် ပတ်သက်ရာ ပတ်သက်ကြောင်းတွေနဲ့ နွယ်ပြီး၊ သူတို့အိမ်က ဘုရားကိုးဆူပွဲကို၊ ရွှေဘုန်းခေါင်ကိုဖိတ်ပြီး သူ့သမီးနဲ့တော့ မိတ်ဆက်ပေးသေးတာတဲ့ ...

"ကြည့်ရတာ... သက်ထားကတော့ ဘာမှမပြောပါဘူး။ ကျုပ်စိတ်ထင်၊ ရွှေဘုန်းခေါင်က စိတ်မဝင်စားလို့၊ အသက်ချင်းကွာတာ မကြိုက်ဘူးတွေ ဘာတွေနဲ့ လျှော့ချတာတောင် ဖြစ်နိုင်တယ်။ ရွှေဘုန်းခေါင်ကသာ စိတ်ဝင်စားရင်၊ ဆယ့်လေးနှစ် ကွာတာလောက်တော့ အပျော့ဖြစ်နိုင်သေးတယ်"

"သူက သုံးဆယ့်တစ် ဟုတ်လား"

ဒီတစ်ကြိမ် ဝင်မေးသူက ပန်းစကားပါ။

"ရှင် စိတ်ဝင်စားပြီလား"

"ဝေးသေး ... ကျုပ်တို့က ရွှေဘုန်းခေါင် ဆိုပြီး ကျွယ်ရာမှာ သုံးစွဲနေတာ ကောင်းပါ့မလားလို့၊ ကျုပ်တို့တွေထက် ကိုးနှစ်လောက် ကြီးတော့ အားနာလို့ပါဟယ်၊ အဲတွေးမှလွဲ စမ်းပါနဲ့၊ ကျော်ရဲအောင်ညီမရဲ့။ လုပ်လိုက်ရင် တလွဲချည်း"



တီဗီကြော်ငြာမှာ စူပါကော်ဖီမစ် ကြော်ငြာတွင် ကျော်သူနှင့် ကျော်ရဲအောင်တို့ သရုပ်ဆောင်ကြတာ၊ ပရိသတ်ကော်တော်များများ နှစ်ခြိုက်ကြပါသည်။ အဲသည်ကြော်ငြာထဲမှာ... ကျော်ရဲအောင်က တလွဲချည်း လုပ်လွန်းသည်မို့၊ တစ်ယောက်ယောက်က တစ်ခုခု တလွဲလုပ်ပြီဆိုလျှင် "ကျော်ရဲအောင်ညီ" "ကျော်ရဲအောင် ညီမ"စသဖြင့် ပြောစမှတ်တောင် တွင်နေခဲ့ပါ၏။

"ရှင်ခတ်က ကျော်ရဲအောင်ညီမမို့ တော်သေးတာပေါ့။ အိမ်မှာလေ... ကျုပ်အဖေလည်း အပြောခံနေရတာ။ မေမေနဲ့ဖေဖေဟာ ချစ်လိုက်ကြတာလည်း တုန်လို့၊ သူတို့ချင်းနှစ်ပေါင်းများစွာ ရည်းစားဖြစ်တာကို ကျုပ်အဘိုးအဘွားတွေ နှစ်ဖက်လုံးက အသိအမှတ်ပြုထားပေးပြီးမှ၊ ကြာမှ လက်ထပ်ကြတာ။ ဒါပေမဲ့ကွာ ... စိတ်သဘောချင်းက နည်းနည်းလေးမှ မတိုက်ဆိုင်ဘူး ...

"ဒီလောက် သဘောထားကွဲလွဲတဲ့ သူနှစ်ဦး၊ တုန်နေအောင် ချစ်ကြတာလည်း အဆန်းပဲ။ ကျုပ်တို့ မောင်နှမတွေ နေ့တိုင်း ရယ်နေရတယ်။ အကြိုက်ချင်းဆိုလည်း ဆန့်ကျင်ဘက်၊ အတွေးအခေါ်ဆိုလည်း ဆန့်ကျင်ဘက်၊ တစ်ယောက် ဒီလိုတွေးရင် နောက်တစ်ယောက်က ဟိုလိုတွေးပြီ။ အဲဒီတော့ ဦးရာလူက အပြစ်တင်တာပေါ့ ...

"ဦးရာလူက အမှန်စကားကို စောအောင်လုပြောနိုင်တဲ့သူက ကျန်တဲ့သူကို အမှားပေါ့။ တလွဲပေါ့။ များသောအားဖြင့် မေမေက ဦးတာများတယ်။ မိန်းမမှုလား။ ဖေဖေကို အမြဲပြောတာ။ ကျော်ရဲအောင် ဘကြီးတဲ့။ ဖေဖေက

ပြန်ပြောတော့ ... မင်းသာ ကျော်ရဲအောင်ကြီး တော်တဲ့။
တစ်နေ့ တစ်နေ့ အဲဒါ ရယ်နေရတယ်"

ဇီဇဝါ စကားကို လိုက်ရယ်မောရင်း၊ ခတ္တာက သူ့ရင်ဘတ်မှ ကတ္တီပါညိုရောင် ကက်တလီယာ အသေးစားလေး ကို ကိုင်တွယ်ရင်း ...

"ပန်းစည်းကို လွှမ်းတယ်ကွယ်"... ဟု ပြောလေ၏။

ပန်းစကား စားပွဲပေါ်မှ တယ်လီဖုန်း (ကုန်တိုက်တွင်းပြော)သံ မြည်လာသည်မို့ စကားစ ပြတ်သွားကြပါသည်။

"မမ ... ကုန်တိုက်မှာ ပစ္စည်းတင်ချင်လို့ လူတစ်ယောက် မမနဲ့ တွေ့ခွင့်တောင်းပါတယ်"

ပန်းစကား စားပွဲပေါ်မှ တယ်လီဖုန်းပင်ဖြစ်ပြီး ပန်းစကားက အဲဒီစားပွဲနောက်မှ ကုလားထိုင်မှာ ထိုင်နေပြီး စားပွဲ၏ ထိပ်ဘက်မှာ ထိုင်နေသော ရင်ခတ်က ဖုန်းကိုကောက်ကိုင်လိုက်ခြင်း ဖြစ်ပါသည်။ အပေါ်ထပ် ရုံးခန်းမှာ သူတို့လေးယောက်လုံးအတွက် သီးသန့်စားပွဲတွေ ရှိပေမဲ့ (ပန်းစကား၏ စားပွဲကတော့ တော်တော်လေး ပိုကြီးပါသည်) ကိုယ့်စားပွဲမှာ ကိုယ်ထိုင်သည်ဟူ၍ မရှိဘဲ၊ ပန်းစကား၏ စားပွဲမှာသာ ကျန်သုံးယောက်က လာထိုင်ပြီး စကားပြောဖြစ်တာ များ၏။ အပေါ်ထပ် ရုံးခန်းမှာ အခန်းနှစ်ခုရှိသည်။ တစ်ခန်းမှာ (ဝန်းကျယ်) ပန်းစကားတို့ သူငယ်ချင်းလေးယောက် ထိုင်၏။ နောက်တစ်ခန်းမှာ ကွန်ပျူတာနှစ်လုံး၊ စားပွဲနှစ်လုံးနှင့် စာရေးမနှစ်ယောက်ရယ်၊ ငွေစာရင်း သီးသန့်ကိုင်သည့် ငွေကိုင်အတွက်က သီးသန့်စားပွဲတစ်လုံးနှင့် ကွန်ပျူတာတစ်လုံးရယ်၊ လူသုံးယောက်၊ စားပွဲသုံးလုံး၊ ကွန်ပျူ



တာ သုံးလုံးနှင့် နည်းနည်းပိုကျဉ်းသည့် အခန်းတစ်တစ်ခန်းလည်း ရှိပါသေးသည်။

အခန်းနှစ်ခန်းကို မှန်နောက်များဖြင့် ခြားထား၏။ နှစ်ခန်းလုံးမှာ လေအေးပေးစက် တပ်ဆင်ထားသည်။ ဟိုဘက်ခန်းမှ ဝန်ထမ်းသုံးဦးလုံးဟာ အမျိုးသမီးတွေချည်း ဖြစ်လေ၏။

ရင်ခတ်က ဖုန်းစကားပြောခွက်ကို လက်တစ်ဖက်နှင့် ပိတ်ပြီး ပန်းစကားကို ပြော၏။ ပန်းစကားက လောလောဆယ် အရေးတကြီး လုပ်စရာကိစ္စ မရှိသောကြောင့် လက်ခံစကားပြောရမည်ဆိုလျှင် ပြောနိုင်ပါသည်။ ပန်းစကား ခေါင်းညိတ်ပြပေမဲ့ ရင်ခတ်က မျက်လုံးပြန်ပြူးပြသည်။

"ဘယ်သူလဲ ... ကိုကြည်ဝင်းလား"

"ဟုတ်ကဲ့ပါ မမ ... ဘာပြန်ပြောလိုက်ရမလဲ"

ကိုကြည်ဝင်း ဆိုသည်မှာ ကောင်တာအင်ချာ့ချ် Counter Incharge တစ်ဦး ဖြစ်ပါ၏။ အသက်အစိပ်လောက်ရှိပေမဲ့ ပိုင်ရှင်များကို လေးစားစွာ "မမ"ဟုပဲ ခေါ်သည်။

"ချိန်းထားလား မေးကြည့်လိုက်လေ"

"မေးပြီးပါပြီ မမ။ ချိန်းမထားပါဘူးတဲ့။ အဲ ... မချိန်းရသေးပါဘူး၊ အခု အဆင်မပြေလို့ တွေ့ခွင့်မရရင်၊ တွေ့နိုင်မဲ့အချိန်ကို ရက်ချိန်းရချင်ပါတယ်တဲ့"

"နေဦး ... နာရီဝက်လောက် စောင့်ပါလို့ ပြောလိုက်ပါလား၊ ကူညီတဲ့အနေနဲ့၊ နောက်တစ်နေ့ မချိန်းတော့ပါဘူးလို့၊ ဒီနေ့ပဲ တွေ့ပေးပါမယ်လို့၊ လောလောဆယ် ... မမတို့လေးယောက် အစည်းအဝေးသဘော၊ အရေးကြီးတဲ့ကိစ္စ ဆွေးနွေးနေတာ၊ မပြတ်သေးသူး ဖြစ်နေတယ်။ နောက်

နာရီဝက်လောက်ကြာရင်တော့ အပေါ်ထပ်ကို၊ ကိုကြည်ဝင်း ဆီကပဲ ဖုန်းလှမ်းဆက်ပြီးမှ တက်လာပါလို့၊ မှတ်မိတယ် နော် ကိုကြည်ဝင်း"

"ဟုတ်ကဲ့ မမ"

တယ်လီဖုန်းကို ချပြီးနောက် ရင်ခတ်က ခွိခနဲရယ် လေ၏။

"ရှင်ကလည်း တစ်ဖက်သားကို ကြံဖန်နှိပ်စက်တယ်"

"ရွှေခတ္တာရဲ့။ ရှင် ဘာသိလဲ၊ ကြိုဖြင့် ချိန်းမထားဘဲနဲ့၊ သူ့ဆီများ ... ကိုယ်က ကိစ္စရှိလို့ သွားရင် သူကရော ချက်ချင်းအတွေ့ခံပါ့မယ်လို့ ရှင် အာမခံနိုင်လား"

"ဒါတော့ ဘယ်သိမလဲ"

"ပြီးတော့ ... ချက်ချင်း လက်ခံတွေ့လိုက်ရင်၊ ကျုပ်တို့လေးယောက်က အလုပ်မရှိ အကိုင်မရှိ၊ အားအားယားယားကြီး တွေလို ဖြစ်မနေဘူးလား"

"မဟုတ်လို့လား"

"ရှင်တို့သာ ဟုတ်ချင်ဟုတ်၊ ကျုပ်ကတော့ ... လောလောဆယ် အကြံပြုလွှာတွေ ဖတ်နေတာ"

သူတို့ကုန်တိုက်မှာ ဝေဖန်အကြံပြု တိုင်တန်းလိုသူများကို စာရေးပြီး ထည့်နိုင်ဖို့ စာတိုက်ပုံးလေး တစ်ပုံး ချထားပါသည်။ အဲသည်စာတွေကို ပန်းစကား ကိုယ်တိုင် ဖတ်ပါသည်။

"အေးလေ ... ပန်းစကားမှ မအားတာ၊ အကြံပြုလွှာတွေ ဖတ်နေတယ်"

"ဒါတွေကုန်အောင် ဖတ်ပြီးမှ အတွေ့ခံရမယ် ဆိုရင်၊ နာရီဝက်နဲ့ မပြီးဘူး"



"နာရီဝက်ပြည့်လို့ ကိုကြည်ဝင်းဆီက ဖုန်းလာတော့လည်း ရှင့်စာတွေ ချထားလိုက်ပေါ့ကွယ်။ ညီမလေးကလည်း၊ ခုလည်း ... စာဖတ်လိုက် စကားပြောလိုက်၊ ရွှေဘုန်းခေါင် အတင်းတုတ်လိုက် လုပ်နေတဲ့ဟာပဲ"

"ညီမလေး"ဆိုသည်မှာ နိပ်ကွပ်စွာ ခေါ်လိုက်ခြင်း ဖြစ်၏။

"နောက်တစ်ခု ရှိသေးတယ် သိလား၊ ရှင်တို့ ကြိုမမြင်တာကို၊ ကျုပ် ... ရွှေရင်ခတ်ကလေးကမှ ကြိုမြင်တာ"

"ဘယ်လောက် တန်ဖိုးရှိတဲ့ ကိစ္စတွေ ကြိုမြင်နေလို့လဲ"

"နာရီဝက်ကို ဘယ်သူက အိမ်ပြန်စောင့်မလဲကွယ့်၊ ကုန်တိုက်ထဲမှာပဲ ဟိုလျှောက်ဒီလျှောက်နဲ့ စောင့်မှာပေါ့။ ပစ္စည်း ဝယ်ချင် ဝယ်မှာပေါ့၊ ကျုပ်တို့ မရောင်းရပါလား"

"ဝယ်ချင်မှ ဝယ်မှာပေါ့"

"မဝယ်လည်း ရပါတယ်။ ဒီကုန်တိုက်မှာ ဘာတွေရှိတယ် ဆိုတာတော့ မျက်စိထဲ ဝင်သွားတာပေါ့။ နောက်တစ်ကြိမ် သူ လိုချင်တာရှိရင် မျက်စိထဲ မြင်ထားတဲ့ ကုန်တိုက်မှာ လာဝယ်ပေါ့"

"သူဖြင့် ဘယ်မှာနေမှန်း မသိဘဲနဲ့၊ ရန်ကုန်မြို့မှာ ကျုပ်တို့ကုန်တိုက် တစ်တိုက်တည်း ရှိတာလား၊ တခြားကုန်တိုက်တွေလည်း အများကြီးရှိတဲ့ဟာ၊ သူ့အိမ်နဲ့နီးတဲ့ဆီပဲ သွားမှာပေါ့"

"အပျက်ဘက်က တယ်ရှေ့ရှုတာပဲကွယ်၊ ဒီညီမလေးတွေ နဲ့တော့ ခက်ပါပြီ"

ရင်ခတ်က လက်ဝါးတစ်ဖက်ကို ယပ်တောင်ပုံစံကား၍ ယပ်ခတ်ဟန်ကလေးမှာ မျက်နှာလေးချို၍ နိပ်ကွပ်၏။

"ဘာမှမဝယ်ဘဲ ... ကြွေပန်းအိုးကြီးတစ်လုံး ဝင်ပြီးခလုတ်တိုက်သွားမှ ဟုတ်ပေ့ ဖြစ်နေမယ်"

"မှဟုတ် ... လွဲပါစေ၊ ဖယ်ပါစေ။ ဟုတ်ပါရဲ့ဟယ် ... အရင်းဈေး ရှစ်သောင်းရှိတဲ့ အဲဒီ တရုတ်ကြွေပန်းအိုးကြီးဟာ ကောင်တာနစ်ခုရဲ့ထိပ်ဘက်မှာ နံရံနဲ့ကပ်ပြီး ချထားရတာ၊ ရင်ထဲတောင် ပူလာပြီ။ စိတ်တောင်မကောင်းဘူး၊ အဲဒါကြီးကို နေရာရွှေ့မှထင်တယ်၊ ခလုတ်ဝင်တိုက်နိုင်သေးတယ်။ တော်ကြာ ... လျော်တော့ မလျော်နိုင်ဘူး၊ တရားစွဲရင်လည်း ထောင်ထဲဝင်ပါ့မယ်၊ လုပ်အားခနဲ့ကြွေးဆပ်ဆိုရင်လည်း ဆပ်ပါ့မယ် ဆိုရင် ဘယ့်နှယ်လုပ်ကြမလဲ"

"ရှင့်အိမ်ခေါ်သွား၊ ရှင်တို့ ခြံထဲက ရေတွင်းထဲက ရေကိုငင်ပြီး တစ်ခြံလုံး ပန်းပင်တွေ ရေလောင်းခြင်းအလုပ်ဆယ့်ခြောက်လ လုပ်ပစေ၊ တစ်လငါးထောင်နဲ့ အလုပ်ခန့်ပေးလိုက်"

"ထမင်းက အဆစ်ကြွေးရဦးမှာ"

ရင်ခတ်က ရင်ဘတ်ကလေးဖိ၍ မျက်လုံးပြူးပြောသောကြောင့် ရယ်ကြရပြန်၏။

"ထမင်းလေးတစ်နပ်များ ..."

"ဆန်ဈေးက ကြီးတယ်။ ကျုပ်အမေက ဆီးချိုဖြစ်လို့ဘာစမာတီ Basmati ဆန် စားရတယ်လေ။ အဲဒါ မေမေတစ်ယောက်တည်း အဲဒီဆန်စားရရင် စိတ်ဓာတ်ကျမှာစိုးလို့ဆိုပြီး ကျုပ်အဖေက တစ်အိမ်လုံး လိုက်စားလို့ အမြဲ



ချတော့ ဖေဖေရော ကျုပ်ပါ Basmati လိုက်စားနေရတယ်။ အရသာမရှိတဲ့အပြင်၊ ဈေးက ကြီးသေး ...

"ကီလိုနဲ့ချိန်တော့ တစ်ပြည်နီးပါး၊ တစ်ပြည်မပြည့်တပြည့်လေးကို ထောင့်လေးရာတောင် ပေးရတာ၊ ပေါ်ဆန်းမွှေးကမှ တစ်ပြည်ခြောက်ရာရယ်။ ကျုပ်တို့အိမ်မှာလူတစ်ယောက် ထမင်းကျွေးရရင် ဆန်ဖိုးကချည်း တစ်ရာနှစ်ဆယ်ကျော်"

"ဒါဖြင့်လည်း ... ဟင်းချည်းကျွေးဟယ်"

"ကျွေးနိုင်ပေါင်"

"ဒီလောက် စစ်စစ်ပေါက်ပေါက် ကပ်စေးနည်းပုံနဲ့တော့ မဟာရောမသူဌေးမကြီး ဖြစ်ဦးမယ်"

ရင်ခတ်က သူ့ဝါသနာအတိုင်း လက်ငါးချောင်းကို ယပ်တောင်သဖွယ် ကားကာ၊ သူ့ရင်ဘတ်သူ ယပ်ခတ်ရင်း မျက်ကြောစင်းကလေးချလျက် မျက်နှာလေး ချိုပြထားလိုက်၏။

"ရွှေရင်ခတ်ရေ ... တွက်ပြနေလိုက်တာ၊ ကျုပ်မသိတဲ့အတိုင်း၊ ကျုပ်ကုန်တိုက်ရဲ့ အောက်ဆုံးထပ်မှာ အဲဒီဘာစမာတီ ရောင်းတယ်လေကွယ်။ ဈေးနှုန်းကို ရှင့်ထက် ကျုပ်ကပိုသိသေးတယ်"

ပန်းစကားက ရယ်၍ ဝင်ပြောသည်။

"ဟုတ်သား ... ဟဲ ဟဲ"

"ကျုပ်က ... ပန်းစကားကို Basmati တင်ပါလားလို့တောင်ပြောတော့မလို့၊ အောက်ထပ်မှာရှိတာ မေ့နေတယ်"

"တော်တယ် ဇီဇဝါရေ ... ကုန်တိုက်ပိုင်ရှင် လုပ်နေပြီး၊ ကိုယ့်ကုန်တိုက်မှာရှိတဲ့ ပစ္စည်း ... အကုန်မသိဘူး"

"ကျုပ်က ဆယ့်ငါးရာခိုင်နှုန်းလေးပိုင်တာ၊ ဘာလို့ အကုန်သိရမှာလဲ၊ သိနိုင်ဘူးတော်"

အဲသည်အချိန်မှာ စားပွဲပေါ်က ဖုန်းမြည်လာတော့သည်။

"ကြည်ဝင်းပါ မမ ... လွှတ်လိုက်လို့ရပြီလားလို့ပါ"

"အေး ... အေး၊ ရှင်ပါ လိုက်ခဲ့နော်"

"ဟုတ်ကဲ့ မမ"

အပေါ်ထပ်မှာက မိန်းမသားချည်း။ အားလုံးပေါင်းမှ ခုနစ်ယောက်တည်း။ ဟိုဘက်ခန်းက သုံးယောက်အုပ်စုဟာ သူ့အလုပ်နှင့် သူမို့ ဒီဘက်ခန်းမှာ အေးစားပြတိုက်၊ အနှောက်အယှက် စီးနေလို့တောင် သိကြမည့်သူတွေ မဟုတ်ပါ။ အဲဒါကြောင့် ကိုကြည်ဝင်းကိုပါ လိုက်ခဲ့ဖို့ ခေါ်ရသည်။ ဓါတ်ပုံဆိုလည်း ရိုက်နေကျဖြစ်၏။

ဓာတ်လှေကားနှင့် တက်လာသည်မို့ ချက်ချင်းဆိုသလို ရောက်ပါသည်။ ပန်းစကား၏ ရုံးခန်းဟာ လေအေးပေးစက်နှင့်မို့ မှန်တံခါးက အမြဲတမ်း စေ့ထားပါသည်။ စေ့ထားရုံနှင့် အံကျကာ လုံ၏။ တကူးတက ပိတ်မထားလျှင် ဝင်လာသူက တံခါးရွက်နှစ်ခု အနက်မှ တစ်ခုခုကို လက်ကိုင်ကိုင်းကို တွန်း၍ ဝင်လာရုံသာပါ။ ဒါကို အကြောင်းသိတွေပဲ သိထားပါသည်။ ညွှန်သူစိမ်းဆိုလျှင် မှန်တံခါးဝမှာသာ ရပ်နေတတ်သည်မို့ (ချက်ချပိတ်ထားမည်ဟု ထင်တတ်ကြသည်မို့) တစ်ယောက်ယောက် သွားထွင့်ပေးရမြဲဖြစ်သည်။

ဒါကို ... ခဏ္ဍာ လှစ်ခနဲ တွေးလိုက်မိ၏။



မောင်သံခဲဟာ တံခါးရွက်ကို တွန်းဖွင့်၊ ပြန်စေ့ပြီးမှ၊ တံခါးရွက်နားမှာ ကျောကပ်ပြီး ... ဒေါ်ပန်းစကားအတွက် ... ဆိုသော စကားကို ပြောတာ။ ပထမဆုံး အခေါက်မှာကတည်းက အဲဒီလို လုပ်နိုင်ခဲ့ခြင်းကို အခု ကိုကြည်ဝင်း တက်လာကာမှ ဖျတ်ခနဲ တွေးလိုက်မိတာ ဖြစ်သည်။ မောင်သံခဲ ... ဘယ်လိုများ၊ အကြောင်းသိ ဖြစ်နေခဲ့ပါလိမ့်။ ဒီပြဿနာကို အုပ်စုထဲမှာ ဖွင့်ချရပါဦးမည်။

ရှေ့ဆုံးမှ ... တံခါးရွက်ကို တွန်းဖွင့်ဝင်သူက ကိုကြည်ဝင်း။ သူက တံခါးရွက်ကို လက်ကိုင်ကိုင်းမှ ကိုင်၍ (နောက်လူဝင်လာနိုင်ဖို့ အဆင်သင့်ဖြစ်အောင်) ဆက်ဖွင့်ပေးထားသည်။ နောက်လူဝင်လာပြီးမှ တံခါးရွက်ကို ပြန်စေ့၏။ ဝင်လာသူကို တွေ့လိုက်ရသည့်အခါမှာ၊ သူငယ်ချင်းလေးယောက်လုံး မျက်လုံးတစ်စုံစီ ကိုယ်စီကိုယ်င ပြူးကြရလေ၏။ နှုတ်ခမ်းလေးခု ပြိုင်တူပွင့်၏။ နာမည်တစ်ခုကို ရေရွတ်လိုက်မိကြသည်။ သို့ပေမဲ့ ... အသံထွက်မသွားမိအောင်လည်း အချိန်မီ ထိန်းသိမ်းလိုက်နိုင်ကြပါသည်။

ရွှေဘုန်းခေါင်။

ယိုယွင်းမျက်နှာများကိုလည်း လျှပ်တစ်ပြက်အတွင်းမှာ ပြိုင်တူ ပြန်ပြင်လိုက်နိုင်ကြပါတော့သည်။

ပေ:ပေ့ ကုမ္ပဏီနှင့် ပတ်သက်၍ နိုင်ငံခြားမှ ရောက်လာသော ဧည့်သည်က လေးဆယ်ကျော် အမျိုးသမီးမို့၊ ရောက်သည့်နေ့ကပင် ပေပေနှင့်အတူ မေမေ လိုက်ကြိုခဲ့ရသည်။ တည်းခိုရန် ဟိုတယ်သို့ ပို့၏။ နောက်နေ့တွေမှာ ပေပေ့ ရုံးခန်းတွင်ပဲ၊ အလုပ်ကိစ္စ ပြောဆိုကြ၊ လက်မှတ်ရေးထိုးကြ၊ သဘောတူကြတာတွေ လုပ်၏။ ထိုအမျိုးသမီးကြီးက သူ့မှာ အချိန်ရပါသေးသည်။ မြန်မာပြည်မှ မပြန်ခင်၊ ကမ္ဘာမှာ နာမည်ကြီးလှသော "မြန်မာ့ပုဂံ" သို့ သွားရောက်လည်ပတ်ချင်သည်။ တောင်ပေါ်မှာ ရှိနေသည့် ရေကန်ကြီးဟု တင်စားခေါ်ဝေါ်ပါသော "အင်းလေး"သို့ ရောက်ချင်သည်တဲ့။

"ဂိုက်" Guide တစ်ယောက်နှင့် လွှတ်ပေးလို့ရပါသည်တဲ့။ စီစဉ်ရှုံသာ စီစဉ်ပေးပါတဲ့။ နိုင်ငံခြားသူတို့၏ ထုံးစံအတိုင်း၊ ယောကျ်ားရယ် မိန်းမရယ် သိပ်ခွဲခြားနေတာ မဟုတ်သည်မို့ Guide သည် မိန်းကလေးဖြစ်လည်း ရသည်။ ယောကျ်ား



လေးဖြစ်လည်း ရသည်တဲ့။ ပေပေက မေမေ့ကို နားချပြီး လိုက်ပို့ပေးဖို့ အကူအညီတောင်းသည်။ မေမေက လိုက်ပို့ပေးမည်ဆိုတော့ နိုင်ငံခြားသူ အမျိုးသမီးကြီးက ရယ်မောလေ၏။

"အဲဒါ ... မြန်မာလူမျိုးတွေရဲ့ အလွန်ချစ်စရာကောင်းတဲ့ ဖော်ရွေပျူငှာမှုပဲ။ ကျွန်မ အသိအမှတ် ပြုပါတယ်၊ ကိုယ့်အတွက် အချိန်တွေ ကုန်သွားမယ်၊ အလုပ်ပျက် အကိုင်ပျက် ဖြစ်မယ်၊ တကယ်တမ်း ကိုယ်တိုင်သွားချင်စိတ်လည်း မရှိလှဘူး၊ ဒါပေမဲ့ ... ဧည့်သည်ကို အဆင်ပြေစေဖို့အတွက် အနှော်နှာခံပေးမယ် ဆိုတဲ့ စိတ်စေတနာဟာ မြန်မာလူမျိုး တစ်မျိုးတည်းမှာပဲ တွေ့ဖူးပါတယ် ...

"ကျွန်မတို့ဆီ လာလယ်တဲ့အခါမှာ ကျွန်မဆိုရင်တောင် မနည်းကြိုးစားပြီး ကူညီပေးရမှာ၊ လုပ်ငန်းရှင်တွေဆိုတာ အချိန်ပိုလည်း အရမ်းနည်းတတ်တယ်၊ အထူးသဖြင့် အချိန်ဆိုတာ ကုန်ပြီးရင် ပြန်ခေါ်လို့မှ မရတာ၊ ကျွန်မအတွက် ဒုက္ခမခံပါနဲ့၊ ကျွန်မ နားလည်တယ်၊ ဟိုနိုင်ငံကနေတောင် ဒီနိုင်ငံကို ရောက်အောင်လာခဲ့ပြီးပြီပဲ၊ ဒီနိုင်ငံထဲမှာ လည်ပတ်ဖို့အတွက် ...

"ဘယ်သူမှတော့ သိပ်မလိုပါဘူး၊ တိုးကုမ္ပဏီ Tour Company တစ်ခုခုနဲ့ ဆက်သွယ်လိုက်ရင် ပြီးတာပဲ။ Guide လိုချင်တယ် ဆိုတာတောင် ပုဂံအကြောင်း သိချင်တာတွေ မေးနိုင်အောင် တောင်းတာ" ... တဲ့။

ပေပေရော မေမေပါ အင်္ဂလိပ်စကားကို အဆင့်အတန်းမြင့် ချောမွေ့စွာ ပြောနိုင်တာကိုလည်း ထိုအမျိုးသမီးကြီးက အံ့သြနေသေး၏။

"ကမ္ဘာပေါ်မှာ နိုင်ငံတော်တော်များများဟာ ကိုယ့်ဘာသာစကားကိုပဲ ပြောနိုင်တယ်။ အင်္ဂလိပ်ဘာသာစကားပြောနိုင်တဲ့ ရာခိုင်နှုန်းသိပ်နည်းတာပဲ၊ ဗန်ကောက်လေဆိပ်မှာ ထရန်စစ် Transit လုပ်တုန်းကလည်း၊ အင်္ဂလိပ်ဘာသာစကားကို သိပ်ရေရေလည်လည် မပြောနိုင်ကြတာ တွေ့ရတယ်၊ မြန်မာပြည်မှာ အိမ်တိုင်းလိုလိုမှာ အနည်းဆုံး တစ်ယောက်တော့ ပြောနိုင်တယ်နော်"

ထိုအမျိုးသမီးကြီးကို ပုဂံခရီးအတွက်လိုက်မပို့လိုက်ရပါ။ ကင်မရာတစ်လုံး လွယ်၍ ထွက်သွားသော အမျိုးသမီးကြီး ပြန်ရောက်လာတော့မှ ပန်းစကားနှင့် တွေ့ခွင့်ရသည်။ ပန်းစကားလည်း အင်္ဂလိပ်ဘာသာစကားကို အဆင့်အတန်းမြင့် ချောချောမွေ့မွေ့ ပြောနိုင်တာကို အံ့သြနေပြန်၏။

"ပုဂံမှာ ကလေးလေးတွေကအစ၊ အင်္ဂလိပ်ဘာသာစကားကို တစ်ဖက်သား နားလည်ရုံတော့ ပြောတတ်တယ်" ... ဟု ချီးကျူးနေပြန်၏။ ထိုအမျိုးသမီးကြီး (သူ့နာမည် ရီဇာလင်း)က ရန်ကုန်မှာ ပန်းချီပြခန်းတွေ ရှိလျှင်သွားချင်ပါသည်။ ပန်းချီကားတစ်ချပ် နှစ်ချပ်လောက် ဝယ်သွားချင်သည်ဟု ဆိုပြန်၏။ အဲသည်အခါကျတော့ ပန်းစကားက နေရာတကာ စပ်စပ် စုံစုံ ပါတတ်သော ခတ္တာကိုပဲ အကူအညီတောင်းရတော့သည်။

"Art Gallery တွေ ဘယ်မှာရှိလဲဟာ၊ လိုက်ပို့စမ်းပါ"

"လောလောဆယ် ... တစ်ကိုယ်တော်ပြပွဲလုပ်နေတဲ့ နေရာတွေလည်း ရှိတယ်၊ နှစ်ဦးသုံးဦး ပေါင်းပြီး ပြထားတဲ့နေရာတွေလည်း ရှိတယ်၊ အမြဲတမ်းဖွင့်ထားတဲ့ Art Gallery တွေတော့ အများကြီးပေါ့။ လိုက်ပြမယ်"



ပန်းစကားနှင့် ခတ္တာတို့၏ နာမည်အဓိပ္ပာယ်တွေ နေပြန်သည်မို့ ပန်းစကားတို့ ခြံထဲမှာ ရှိသော ခတ္တာပင်ကလည်း ဆင်သင့် ပွင့်နေသည်မို့ ခတ္တာက အဲဒီပန်းကို လက်ညှိုးထိုးပြ အဲဒါ ... သူ့နာမည်ဟာ ဒီပန်းရဲ့ နာမည်ပဲဟု ဆိုတော့ လင်းက ပန်းကို ငုံ့မွှေးကြည့်သည်။

"အရမ်းမွှေးပါလား။ အဖြူနှစ်ရောင်လေးနဲ့ တအားဘယ်။ မင်းတို့ မြန်မာမိန်းကလေးတွေ ပန်းပန်တာ အရမ်းကောင်းတယ်၊ ကိုယ့်နာမည်နဲ့ ပန်းကို ကိုယ့်ဘာသာ ပန်ပါလား" ... ၍ ခတ္တာက တစ်ပွင့်ခူးကာ သူ့ဘိုကေသာသာ ဆံပင်အုံမွမွထဲ စိုက်လိုက်ရတော့၏။

"လှတယ် ... လှတယ်" ... နှင့် သဘောကျနေသော လင်းကြောင့် ခတ္တာမှာတော့ ငိုရခက် ရယ်ရခက် ဖြစ်နေ၏။ ခတ္တာပန်းဟာ ဖိန်၍ ရှည်မျောသော ပွင့်ချပ်ငါးခု အပြင်သို့ လန်နေသည့်ပုံစံဖြင့် အရွယ်ကြီးသော ပန်းမျိုးမို့ ဆံပင်ရှည်ရှည် ကျော့ကျော့ထုံးသူများပန်လျှင် လိုက်ကောင်းလိုက်မည်ဖြစ်ငြား၊ ခတ္တာ ဘိုကေသာသာ ဆံအုံမွမွထဲ ထိုးစိုက်ထားတာတော့ ဘယ်လိုမှ ကြည့်မကောင်းနိုင်ပါ။ ခဏကြာတော့ ခတ္တာက ပန်းကို ခေါင်းမှ ချွတ်ပြီး၊ သူ လုပ်နေကျအတိုင်း ရင်ဘတ်မှာ ချိတ်နှင့် တွယ်လိုက်တော့လည်း ရီဇာလင်းက ... လှတယ်၊ လှတယ် ... နှင့် ဖြစ်နေ၏။

"မြန်မာပြည်နဲ့ ပတ်သက်သမျှ တော်တော်အကောင်းမြင်တဲ့ အမျိုးသမီးကြီးပဲ၊ မွှေးစေးလိုက်ပါလား" ... ဟု စကားကို ဘိုးလှည့်၍ ကျိတ်ပြောလိုက်သေး၏။ ပန်းစကား မောင်းသော ကားပေါ်မှာ ရီဇာလင်းက ရှေ့မှ ထိုင်၍ ခတ္တာက နောက်ခန်းမှာ

ထိုင်ကာ ပန်းချီခန်းတွေဆီသို့ ချီတက်ရတော့သည်။ လမ်းမှာ မီးပွိုင့်မှာ၊ ကားခဏရပ်တုန်း ကလေးမလေးတစ်ယောက်က ဗန်းက လေးထဲမှာ၊ စကားဖြူတွေ စကားဝါတွေ၊ စကားနီတောင် ပါသေး၊ သံကိုင်းလေးတွေမှာ သုံးပွင့်စီ စိုက်၍ ထိုးထားသော ပန်းခိုင်ကလေး များ လာရောင်းသည်မို့ ခတ္တာက ကားပြတင်းပေါက်မှ လှမ်း ဝယ်လိုက်၏။

"အဲဒါ ... သူ့နာမည်ရဲ့ ပန်းပဲ"

ရိုဇလင်းကို ပြောတော့ ရိုဇလင်းက နမ်းကြည့်ပြန်၏။

"အရမ်းမွှေးတယ်၊ ဒီအနံ့နဲ့ ရေမွှေးထုတ်ရရင် သိပ်ကောင်း မယ်၊ မင်းတို့ မြန်မာပြည်က ပန်းတွေအကုန်လုံး မွှေးတာ ပဲ"

ပန်းစကားက သူ့ နောက်တွဲထုံးလေးမှာ ပန်းထား သည့် နှင်းဆီဝါဝါတစ်ပွင့်လေးကို ဖြုတ်၍ စကားနီတစ်ခိုင် ပန် လိုက်၏။ ဘာဖြစ်လို့ သံချောင်းတွေနဲ့ ထိုးထားလဲ မေးနေပြန်၍ ရှင်းပြရသေးသည်။ ရိုဇလင်းက သူ့ဆံပင် ဘိုကေပွပွမှာ စကားဝါ တစ်ပွင့် ယူထိုးသည်မို့ ခတ္တာက၊ ကလစ်တစ်ချောင်း ပေးပြီး နိုင်မြဲအောင် ပန်ပေးလိုက်ရသေးသည်။

ခတ္တာလည်း အင်္ဂလိပ်စကားကို သွက်လက်ရည်မွန် စွာ ပြောနိုင်သည်မို့ "မြန်မာပြည်မှာ ... မင်းတို့အရွယ် မိန်းကလေး တွေ အကုန်လုံးက အင်္ဂလိပ်စကား ပြောတတ်လား" ... ဟု မေးမေး ပြန်သေးသည်။

"ဒီတစ်ခေါက် မြန်မာပြည်ကို ပထမဆုံး ရောက်ဖူး တာ၊ နောက်နှစ်တွေ Holiday ဟောလီဒေးတိုင်းမှာ မြန်မာပြည်ကို လာမယ်၊ Beach ကမ်းခြေတွေလည်း အရမ်းလှတယ်ဆို၊ မရောက်



သေးဘူး၊ ဒီတစ်ခေါက်တော့ အချိန်ထပ်မရတော့ဘူး၊ ရေကူး အောင်၊ မင်းတို့နှစ်ယောက်အတွက် ရေကူးဝတ်စုံနှစ်စုံ လက်ဆောင် ပို့ခဲ့မယ်" ... ဟု ပြောနေသေးသည်။

အဲသည်နေ့က "ခွန်းဆက်" ဆိုသော ပန်းချီဆရာကို တွေ့ဖူးခဲ့တာပါ။

* * *

ခတ္တာက သူ မျက်စိကျ၍ မဆုံးနိုင်အောင် ဖြစ်နေ သာ "ချစ်ခြင်းနိဒါန်း" ပန်းချီကားရှိရာ ပြခန်းသို့ အရင်ဆုံး သွားခဲ့ပါသည်။ အာဒမ်က ဧဝကို ပန်းတစ်ပွင့် လက်ဆောင်ပေး ၏။ ပန်းချီကားက ရိုးရိုးလေးပဲဖြစ်သည်။ သို့ပေမဲ့ အဓိပ္ပာယ်တွေ များကြီး သက်ဝင်နေ၏။ ဧဝ ထိုင်နေပုံလေး ကဗျာဆန်၏။ နှစ်ချောင်းကို ကွေးကွေးဆင်းထားသည်။ အာဒမ်က ဘေးမှာ ထောက်နေ၏။ လက်နှစ်ဖက်ဖြင့် ပန်းတစ်ပွင့်ကို ကိုင်ပြီး ဧဝကို ပေးနေပုံမှာ မျက်နှာက သရုပ်ပေါ်လွန်း၏။ အာဒမ်၏ မျက်နှာကို တိုက် Profile ရေးမထားပါ။ မျက်နှာတစ်ခုလုံး ပေါ်သည်။ ၏ နောက်နားခပ်ကျကျမှ ဒူးထောက်တာမို့ ဧဝနားသို့ မကပ်ရဲ ရဲ့ပုံစံ သရုပ်ပေါ်သည်။ ပန်းကို မကြည့်ဘဲ ဧဝကိုပဲ ကြည့်နေပုံ ၊ ချစ်ခြင်း၊ ကြင်နာခြင်း၊ အရိပ်တစ်ခုနှယ် လုံခြုံမှုပေးလိုခြင်း၊ ကလေးဆယ်မှာ ... နောက်နားခပ်ကျကျတွင် မရဲတရဲ ဒူးထောက် တာပေမဲ့၊ ဘာမဆို ရှေ့မှ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပေးခြင်းဖြင့် အားကိုးမှု လိုခြင်း စသော ... ယောကျာ်းတစ်ယောက်၏ ပေးဆပ်လိုမှုများ လွှင် ၏။

ဝေက လက်တစ်ဖက် မြေပြင်မှာ ထောက်ပြီး လက်တစ်ဖက်က ကွေးကွေးဆင်းထားသော ဒူးပေါ် တင်ထားသည်။ ပန်းကို လှမ်းမယူသေးပါ။ မျက်နှာတစောင်းငဲ့နှင့် ရှက်သွေးဖြာနေပုံလေးက မျက်ဝန်းနှင့် နှုတ်ခမ်းမှာ ပေါ်၏။ ပုံခပ်သေးသေး ဆိုလျှင်တောင် သူတို့ မျက်နှာပြင် ခံစားမှုတွေ ဒီလောက် ပီပြင် ပေါ်လွင်မည် မထင်ပါ။ ခုတော့ ... မျက်နှာနှစ်ခုလုံးသည် တကယ့် လူတစ်ယောက်၏ မျက်နှာနီးပါး ရှိသည်မို့လည်း ခံစားချက် ပီပြင် အောင် မှန်းထားနိုင်ခြင်း ဖြစ်ပါလိမ့်မည်။ ရိုဇလင်းက ပန်းချီကားကို အနားတိုးကြည့်လိုက်၊ လေးငါးဆယ်ပေခွာ၍ ကြည့်လိုက်နှင့် ကြည့်မဝအောင် ရှိတော့သည်။

"အဲဒီကား လိုချင်တယ်"

"အဲဒါ မရောင်းဘူးကွယ့်"

"ဘုရားသခင်"

သူ လိုချင်သော ပန်းချီကားကို ဝယ်လို့မရ ဆိုသော ကြောင့် ရိုဇလင်းက ဘုရားတလေ၏။ ပန်းချီတွေ ကြည့်သည့် ရာတွင် ပြေးလွှားကြည့်၍မရ။ အနုစိပ် သေသေချာချာ ကပ်ကြည့်လိုက် နောက်ဆုတ်ကြည့်လိုက်၊ မျက်တောင် မခတ်တမ်း ကြည့်လိုက်နှင့်မို့၊ ပြခန်းတစ်ခန်း ... တစ်ခန်းမှာ အချိန်တော်တော် ကြာပါသည်။ နေ့လယ်စာကို ဒူးဆစ်အင်းယားလိပ်ခ်မှာ ပန်းစကား က ကျွေး၏။ နေ့လယ်စာ မစားမီ ပြခန်းနှစ်ခန်းပဲ ကြည့်နိုင်သည်။ နေ့လယ်စာ စားပြီးတော့ တစ်ခန်းပဲ ကြည့်နိုင်၏။ ထိုနေ့က ပန်းချီ ပြခန်းသုံးခန်းတည်းနှင့် တစ်နေကုန်တော့သည်။

ရိုဇလင်းက ပန်းချီကားနှစ်ကား ဝယ်သည်။ တစ်ကား ပုဂံရှုခင်းဖြစ်၍ နောက်တစ်ခုက ဆရစ်ဝိုင်းကလေးနှင့်၊ သနပ်ခါး



ကွက်ကြားနှင့် ရှင်မီးကလေးဝတ်ကာ ထဘီတိုတိုနှင့် ကြက်ဖခွပ် ကြသော ကလေးမလေးနှစ်ယောက်ပုံဖြစ်၏။

"ခွန်းဆက်နဲ့ တွေ့ချင်တယ်၊ သူ့ပန်းချီကား တစ်ခုမဟုတ် တစ်ခုရမှဖြစ်မယ်"

ရိုဇလင်း ဂိုကျတော့၏။ ပြခန်းမှာ ခွန်းဆက်ပန်းချီ ကားက သိပ်မတွေ့ရပါ။ အားလုံးပေါင်းမှ ငါးကားတည်းပဲ ရှိ၏။ ငါးကားလုံးမှာ ရောင်းရန်မဟုတ်တွေချည်း။

"ပန်းစကားနဲ့ ပန်းချီဆရာနဲ့ သိလား"

"ခတ္တာရေ ... ရှင် စီစဉ်ပေးနိုင်မလား"

"ဖုန်းဆက်ပြီး ... ချိန်းကြည့်ရမှာပဲ"

မြန်မာစကားနားမလည်သော နိုင်ငံခြားသူ ရှေ့မှာမို့ စကားရော ခတ္တာပါ အင်္ဂလိပ်လိုပဲပြောကြ၏။

"ချိန်းပေါ ... ချိန်းပါ၊ တောင်းပန်ပြီး တစ်ကားဝယ်မယ်၊ မဝယ်ရရင်လည်း ဒီပန်းချီဆရာနဲ့ စကားပြောခွင့် ရချင် တယ်"

ရိုဇလင်းသည် လူရာသာ ကုမ္ပဏီစီးပွားရေး လုပ်နေ သူ၊ သူ့ဝါသနာက "ပန်းချီ" ... ဟု ပြော၏။ သူငယ်ငယ် ကလေးတည်းက ပန်းချီဆွဲခဲ့သည်တဲ့။ သူ့အနားယူချိန်တွေကို ပန်းချီဆွဲခြင်းဖြင့် ကုန်စေသည်ဟုပြော၏။ ပုဂံရှုခင်းတွေ ဓာတ်ပုံ များကြီး ရိုက်ခဲ့သည်တဲ့။ သူ့တိုင်းပြည် သူ ပြန်ရောက်လျှင် သည် ဓာတ်ပုံတွေကို ကြည့်ပြီး ပန်းချီပြန်ဆွဲဦးမည်ဟု ပြော၏။

"မြန်မာပြည်ကို လာရတာ ပန်းချီကားတစ်ချပ်ထဲကို င်သွားရသလိုပဲ" ... ဟုလည်း ကဗျာဆန်စွာ ပြောနေပြန်တော့ ခတ္တာမှာ ခွန်းဆက်နှင့် ခင်မင်လှသည်တော့မဟုတ်၊ တစ်ခါတော့

စကားပြောဖူးသည်။ ခွန်းဆက်၏ ကိုယ်ရေးအကြောင်း အရာတချို့ကို သက်ထားအဖွဲ့၏ စပ်စုမှုနှင့် သိထားသည်။ ကိုယ့်ကိစ္စနှင့် ဆိုလျှင်တော့ မိန်းမသားဖြစ်ပြီး ယောက်ျားသား တစ်ဦးဆီ ဖုန်းဆက်ချိန်းဖို့ သိပ်မလုပ်ချင်လှပါ။ ဦးသဝန်ကြောင်ကြီးနှင့် ပြဿနာတက်ဖို့ကလည်း ရှိသေး၏။ နိုင်ငံခြားသူကြီး တစ်ဦးနှင့် ဆိုတော့၊ ခွက္ကာ ဖုန်းဆက်ချိန်းလည်း ခွန်းဆက်အနေနှင့် အထင်သေးဖို့ မရှိနိုင်သလို ဦးသဝန်ကြောင်ကြီးဆီမှာလည်း ပေးရန်ခိုင်လုံသော ဆင်ခြေရှိနေရပါတော့သည်။

ဟ ဟ ဟ

ရှီဇလင်းက သန်ဘက်ခါ ပြန်မှာမို့၊ မနက်ဖြန်ကို ခေါ်ချိန်းရပါမည်။

"မှတ်မိမလားတော့မသိဘူး၊ ကျွန်မ ခွက္ကာပါ၊ ပန်းစကားကုန်တိုက်က ဒါရိုက်တာဖွဲ့ဝင်တစ်ဦးပါ။ ကိုခွန်းဆက်ရဲ့ ချစ်ခြင်းနိဒါန်းပန်းချီကားအကြောင်း မေးဖူးပါတယ်"

"အာ ... မှတ်မိပါတယ်ဗျာ၊ ပြောပါ။ ကျွန်တော် ဘာကူညီရမလဲ"

**ရှီဇလင်း**အကြောင်း ပြောပြကာ လာတွေ့ပါရန် **အားသည့်အချိန်**၊ တွေ့ခွင့်ပေးနိုင်သည့်အချိန်ကို အမိန့်ရှိပါဆိုတော့ ဖုန်းထဲမှ ရယ်သံသဲ့သဲ့ကလေး ထွက်လာသည်။

"ကျွန်တော်တို့ မြန်မာတွေပဲဗျာ။ မြန်မာဆိုတာ ချိန်းမထားဘဲ ညှိသည် ရောက်လာရင်၊ ရှိတဲ့အလုပ် ချထားပြီး ထညှိ



ခံတတ်တဲ့ လူမျိုးပါ။ လာချင်ဟဲ့အချိန်လာပါ။ အခုလာလည်း ရပါတယ်။ အဲ ... တစ်ခုတော့ ရှိပါတယ်၊ ကျွန်တော်က လောလောဆယ်မှာ စတူဒီယိုကို ရောက်နေပါတယ်၊ ပန်းချီကားတွေ ကြည့်ချင်ရင်တော့ ပန်းချီပြခန်း လုပ်ထားတဲ့ဆီမှာ တွေ့ကြရင် ကောင်းတာပေါ့ ..."

"ခုလာလည်း ရတယ်တဲ့၊ ဘယ်လိုလဲ" ... ဟု ပြန်မေးတော့ ရှီဇလင်းက လက်ဖျားခါပြန်၏။

"မြန်မာလူမျိုးဆိုတာ ချိန်းမထားဘဲ ညှိသည်ရောက်လာရင်လည်း၊ ရှိတဲ့အလုပ် ချထားပြီး ထညှိခံကြတာပဲ"... ဆိုတာကို ရှင်းပြရသေးသည်။

"အရမ်းပျူငှာဖော်ရွေတယ်နော်၊ တစ်ဖက်သားကို ဦးစားပေးတယ်၊ ကိုယ်ရေးကိုယ်တာ အနစ်နာခံတယ်၊ သိပ်ယဉ်ကျေးတာပဲ"

"လောလောဆယ် စတူဒီယိုမှာ ရောက်နေလို့"... ဆိုတာ ပြောမိကာမှ၊ ရှီဇလင်းက အဲဒီစတူဒီယိုကို သွားချင်သည် ဖြစ်ပြန်၏။

"စတူဒီယိုမှာ သီချင်းသွင်းနေတာ ခဏကြည့်မယ်၊ ပြီးရင် ပန်းချီခန်းကို လိုက်မယ်" ... တဲ့။

မြန်မာလူမျိုးတွေ ကိုယ်ရေးကိုယ်တာ စွန့်လွှတ်ပြီး အားနာတတ်သလောက်၊ သူတို့ လူမျိုးတွေမှာက အားနာတယ်မှ မရှိတာ။ ဖြစ်ချင်တာကို အားမနာတမ်း ပြောသည်။ တစ်ဖက်က မလိုက်လျောလည်း. သူတို့က စိတ်ဆိုးတာမှ မဟုတ်ဘဲ။ သူတို့ အလှည့်ကျလည်း လိုက်လျောချင်မှ လိုက်လျောကြမှာ မဟုတ်လား။

"ညနေ နည်းနည်းစောင်းနေပြီ။ မိုးချုပ်သွားလိမ့်မယ်၊ ဖြစ်ပါ့မလား" ... ဟု ခတ္တာက မေးတော့ ရိုဇလင်းက ... "အပြင်မှာ ကျ ... အဲဒီပန်းချီဆရာ အချိန်ပေး လိုက်စားနိုင်မယ်ဆိုရင် သူက ဒင်နာကျွေးမယ်" ... ဟု ဖွတ်ပြောတော့၏။ အဲဒါတွေ အကုန်လုံး ခွန်းဆက်ကို ပြောပြသည့်အခါမှာ သဘောတူ၏။

"ဒင်နာကို၊ မခတ္တာရဲ့ ဧည့်သည် မကျွေးပါစေနဲ့၊ ကျွန်တော်ပဲ ကျွေးပါ့မယ်။ ကိုယ့် အနုပညာကို ချီးမြှောက်တဲ့ ပရိသတ်ပဲ။ ကျွန်တော်က ကျွေးရမှာပေါ့။ Candle Light မှာပဲ ကျွေးမယ်။ ကျွန်တော့် ဆိုင်ပါ။ ကော်ဖီဆိုင်ဆိုပေမဲ့ တစ်ခြမ်းမှာ အကင်ဆိုင်နဲ့ တွဲဖွင့်ထားတာ၊ အဲဒီမှာ ... နိုင်ငံခြားသားတွေအတွက် ရည်ရွယ်ပြီးတော့ အသစ်စီစဉ်ထားတဲ့ အဆင့်အတန်းမြင့် မြန်မာထမင်းဟင်းပါ အခု ရနေပြီ။ အဲဒီမှာ ကျွေးပါရစေ"

ရိုဇလင်းကို ပြန်ပြောတော့ ... သိုင်းခရူး ... သိုင်းခရူး ... တွေ မိုးမွှန်အောင် ပြောလျက် လက်ခံတော့၏။

"အားနာစရာ အရမ်းကောင်းနေပြီကွာ"

ပန်းစကားက မြန်မာစကားနှင့် တိုးတိုးလေး ကျိတ်ညည်းတော့ ခတ္တာ ပခုံးကိုပဲ တွန့်ပြလိုက်တော့၏။

"စားရက်ကြလို့ မုတ်ဆိတ်ပျားစွဲတယ်လို့ပဲ သဘောထားလိုက်ပေါ့"

မြန်မာစကားနှင့် ပြန်ပြောလိုက်မိတာကို ရိုဇလင်းနားစွန်နားဖျား ကြားသွားကာ၊ ဘာလဲ ... ဘာလဲ မေးပြန်သည်မို့ မုတ်ဆိတ်ပျားစွဲသည့် အကြောင်းကို ရှင်းပြရာမှာ အင်္ဂလိပ်စကား



တော်တော်အခက်တွေ့သွားရတော့၏။ ခါတိုင်းလို သွက်သွက်ကြီး မပြောနိုင်တော့ပါ။ ပန်းစကားက အသံမထွက်အောင် ရယ်လေ၏။

ꩤ ꩤ ꩤ

ဆယ်ကျော်သက်လည်း မဟုတ်တော့ပါဘဲ ...။

ဒီလို ခြံကြီးဝင်းကျယ်ဆိုသည့်ထဲ မနေဖူး၊ မရောက်ဖူးတာလည်း မဟုတ်ပါဘဲ ...။

ရှစ်မိုင် ... ပြည်လမ်းမကြီးမှ အတွင်းထဲသို့ တော်တော်လေး မောင်းဝင်ခဲ့ရသည်။ ခုတော့ လူနေအိမ်တွေနှင့်၊ ခြံတွေနှင့် ဖြစ်ကုန်ပြီ။ မေမေ ပြောတာကြားဖူး၏။ အဲသည် နေရာတွေဟာ ပန်းစကားတို့ မမွေးခင်ကဆိုလျှင် လူနေနည်းလွန်းလို့ တောကြီးမျက်မည်းလိုဖြစ်ကာ၊ အများဆုံး ပေါက်နေတာ ဝါးပင်တွေ ... တဲ့။ ဂရုံမရှိ၊ ဘိုးဘွားပိုင်မဟုတ်၊ ဆင်းတောင့်ဆင်းရဲသမားတွေ၊ ကိုယ်တတ်နိုင်သလောက် တပိုင်တနိုင်လေး ခြံခတ်၊ စိုက်ချင်စိုက်၊ မွေးချင်မွေး၊ အဲဒီလမ်းရဲ့ အဆုံးမှာ ရေကန်လေး တောင် ရှိသေးသည်တဲ့။ အဲသည်ရေကန်ရဲ့ အဆုံးမှာဟိုဘက်ကို ဆက်သွားလို့မရတော့ဘူးတဲ့။ ရေကန်လေးနှင့် ထိစပ်လျက် တစ်ကောခန့် အကျယ်အပန်းကို ကျပ်ငါးထောင်နှင့် ရောင်းတာ၊ မဝယ်ခဲ့ရကောင်းလားဟု ဖေဖေ့ကို မေမေက ယခုတိုင် အပြစ်တင်၍ မဆုံးခဲ့ပါ။

"အဲသည်တုန်းက မင်းနဲ့တောင် ... အိမ်ထောင်မကျသေးပါဘူးကွာ။ ဘွဲ့ကလေးရကာစ ဘာလုပ်ရမှန်းမသိခင်၊ မြေက

လေးဝယ်လိုက်၊ အိမ်ဆောက်လိုက်၊ ပြန်ရောင်းလိုက် စ,လုပ်နေတာ၊ အဲဒီနား ဝယ်ပြီး အိမ်ဆောက်လို့ ဘယ်သူ လာဝယ်မှာလဲ၊ ရေမရှိ၊ မီးမရှိ ...” တဲ့။

ခုတော့... တကယ့်ကို သူဌေးရပ်ကွက်ကြီး ဖြစ်နေပါပြီ။

မီးလည်း ရှိသည်။ ရေလည်း ရှိပြီ။ တယ်လီဖုန်းလိုင်းတွေလည်း အဆင်သင့်။ Candle Light ဟာ ကိုခွန်းဆက်တို့ဘိုးဘွားလက်ထက်ကတည်းကများ၊ အဲဒီနားတစ်ဝိုက်မြေတွေ လူနေခွင့်လျှောက်ပြီး ဘိုးဘွားပိုင်မြေအဖြစ် သတ်မှတ်ခံရ၊ ပိုင်ဆိုင်ခဲ့လေသလား မသိပါ။ ခန့်မှန်းခြေ ... နှစ်ဧကလောက်ကို ကျုပ်ဝန်းပါသည်။ ဒါကြီးကို ခုမှ ဝယ်ယူရတာဆိုလျှင်တော့ မြေတန်းဖိုးသည် သိန်းထောင်ပေါင်း ဘယ်လောက်လဲဟု မှန်းချင့်ရပါမည်။ ခြံဝလမ်းမှစ၍ စိမ်းစိုညိုမှောင်နေသော သစ်ပင်ကြီးများ အုပ်ဆိုင်းနေတာကို စမြင်ရသည်။

အဲသည် အပင်ကြီးတွေ လေတစ်ချက် အဝှေ့မှာ ယိမ်းခနဲ ဖြစ်သွားရုံနှင့် ပန်းစကား ရင်ထဲ လှိုက်ခနဲ ခုန်၏။ ရင်ထဲမှာ ဆွတ်ပျံ့ကြည်နူးသွားလိုက်တာ မပြောပါနှင့်တော့။ ခြံဝမှာ အစောင့်အိမ်ကလေးတွင် အစောင့်တစ်ယောက် ရှိနေပြီး၊ ပန်းစကားကို မြင်သည်နှင့် ပြေးလာ၍ တံခါးဖွင့်၏။ အဝင်လမ်းသည် သစ်ပင်စိမ်းမှောင်အုပ်ဖားကြီးအောက်မှာ အနီရောင် ပြေးနေ၏။ လမ်းကလေးကစ၍ ကဗျာဆန်ပါပြီ။ ကွန်ကရိလမ်း မဟုတ်၊ ကတ္တရာလမ်း မဟုတ်၊ ဂဝံကျောက်ဟု ခေါ်သော ကျောက်ပိုးထိုးအနီရောင်တွေကို ခင်းပြီး ကြေမွမာကျောသွား အောင် ကြိတ်ခြေထားသည့် အနီရောင်လမ်းကလေးက တော်တော်လှ၏။



“ရင်ထဲမှာ ကြည်နူးလိုက်တာ”

မနေနိုင်စွာ ဖွင့်ပြောသော ခဏ္ဍာ၏ စကားကို ပန်းစကားရော ရှိဇလင်းပါ ထောက်ခံရတော့သည်။ ရှိဇလင်းကို အသက်လေးဆယ်ကျော် ခန့်ဟု မှန်းသည်မို့ စကား စပြောကာစမှာ “အန်တီ”ဟု မြန်မာပီပီ လေးစားစွာ သုံးစွဲမိပေမဲ့၊ သူက “ရှိဇလင်းပဲ ခေါ်ပါ” ... ဆို၍ ရှိဇလင်းဟုပဲ ခေါ်ရပါ၏။ လမ်းက အပင်ကလေးတွေလည်း ရှိ၏။ အထဲမှာကျတော့ အပင်ကြီးတွေနှင့် မှောင်မည်း အုပ်ဆိုင်းမှု လျော့၏။

မလိုအပ်သော၊ ဤနေရာတွင် မရှိစေချင်သော အပင်ကြီးများကို ခုတ်လှဲထားပုံ ရပါသည်။ တချို့နေရာတွေမှာ သစ်ပင်ငုတ်တိုကြီးတွေ တွေ့ရသည်။ ငုတ်တိုပြင်ညီပေါ်မှာ၊ အောက်သို့ ဖြာကျစေသောစွာ ပွင့်တတ်သော ပန်းနွယ်မျိုးတစ်မျိုးကို ပန်းအိုးထဲ ထည့်စိုက်၍ တင်ထားသောကြောင့်၊ ပန်းခက်တွေ ဖြာကျနေပုံ ကဗျာဆန်လှပါသည်။

“အဲဒါ ဘာပန်းလဲ”

ပန်းရှုးကို မေးကြည့်ရ၏။

“ခွာပြူ ...။ အမှန်က စင်တင်ပေးရမဲ့ နွယ်ပင်။ စင်မတင်ဘဲ အမြင့်ကနေ ဒီတိုင်း ချထားတော့ အကိုင်းတွေ အောက်ဆင်းပြီး ပန်းပုံကြီးလို ဖြစ်သွားတာ၊ စိတ်ကူးကောင်းလိုက်တာ ဟယ်၊ ကိုခွန်းဆက်ဟာ တကယ့်အနုပညာရှင်စစ်စစ်ပဲ”

ပန်းကလေးတွေက အဖြူရောင်ပြင့် မွှေးပျံ့နေ၏။ တစ်နေရာမှာ ရောမအုန်းမြစ်ဆုံကြီး ချထား၏။

"လှလိုက်တာ ... ဒါ အုန်းပင်ကို လှဲလိုက်တော့ တူးထုတ်ရတဲ့ အုန်းမြစ်ဆုံလေ၊ အဲဒါကို တုံးလုံးလှဲပြီး ကျောက်ခက်တွေ ကပ်ထားတော့ အစိမ်းရောင် တောအုပ်ကလေး ဖြစ်သွားတာပေါ့၊ ဒီလောက် စိတ်ကူးကဗျာဆန်တဲ့သူ မတွေ့ဖူးသေးဘူးကွာ"

ရီစလင်းက ...

"ခြံထဲကို ဝင်လိုက်ရကတည်းက၊ ကိုယ်တို့တွေ ပန်းချီကားတစ်ချပ်ထဲ ဝင်သွားပြီ" ... ဟု ပြောကာ သဘောအကျကြီး ကျနေ၏။

"ကိုယ်တို့ တိုင်းပြည်မှာ မီလျှံနာတွေတောင် ဒီလို မနေနိုင်ဘူး"

"ဒီလူက မီလျှံနာပဲ ရီစလင်းရဲ့"

"ဘုရားသခင် ကျေးဇူးတော်ပဲ။ ပန်းချီဆရာက မီလျှံနာတဲ့"

နေ့ပူသည့်နေရာလေးတွေမှာ နေကြိုက်သည့် ပန်းတွေ (များလွန်းလို့ ဘာပန်းတွေလဲ မသိနိုင်တော့ပါ၊ ပန်းစကားကနှင်းဆီနှင့် ဒေလီယာလောက်ပဲ သိသည်) နည်းနည်းအရိပ်ကျသည့် နေရာမှာတော့ အရိပ်ကြိုက်သည့် ပန်းတွေ၊ သစ်ခွစင်ကြီးကလည်း ဟိန်းနေ၏။ တော်တော်မြင့်သော သစ်ခွစင်ကြီးမှ သစ်ခွပန်းတချို့ သစ်သားခြင်းများဖြင့် ချိတ်ဆွဲထားကာ အောက်မှာကျတော့ ပိန်းပင်တွေ ထားထားသည်။

"မာလီ သီးသန့်မရှိလို့ မဖြစ်ဘူး"

"တစ်ယောက်နဲ့တောင် လောက်ပါ့မလားပဲ"



သူ ပြောသည့်လိပ်စာအတိုင်းသာ လာခဲ့ရတာ၊ သူ့ **ပန်းချီကားပြထားသည့်** နေရာတော့ မဟုတ်ပါ။ ပန်းချီကားက **မြို့ထဲမှာ တခြားပန်းချီဆရာများ၏** လက်ရာတွေနှင့် ရောပြထားတာ ဖြစ်သည်။ **ဖုန်းဆက်စဉ်က** လမ်းညွှန်သည့်အတိုင်း၊ လမ်းနှစ်ခွမှာ ဝဲဘက်သို့ ကွေ့ရသည်။ ယာဘက်မှာ အဆောက်အအုံ ပြာပြာ ရှည်ရှည်တစ်ခုကို အယ်လ် "L" ပုံသဏ္ဌာန်နှင့် တွေ့၏။ အဆောက်အအုံ၏ မျက်နှာစာသံပန်းတွေမှာ Candle Light ဟူသော ဆိုင်းဘုတ်သေးသေးရှိ၏။

"အဲဒါ စတူဒီယို ထင်တယ်။ လောလောဆယ် သီချင်းသွင်းနေတာ ရှိတယ်တဲ့၊ စောစောက ပြောတာ၊ သူ့အိမ်ကို ဘယ်ဘက်ကွေ့မှ ရောက်မယ်တဲ့"

"ဟော ... ဟိုဟာ အဆိုတော်တွေ မဟုတ်လား"

"အေး ... သုံး၊လေးယောက် ပေါင်းဆိုတဲ့ ဆီးရီး ထင်တယ်။ တီးဝိုင်းသွင်းတဲ့ စက်မစ္စည်းတွေဟာ Candle Light မှာ အကောင်းဆုံးပဲတဲ့။ Track ထရက်ခ် ဘယ်နှစ ဆိုလား၊ ဆီးရီးအကြောင်း သိပ်မသိလို့၊ သက်ထားတို့မှ ပြောတတ်တယ်"

ပန်းစကားက ကားကို (မနေနိုင်စွာ) ရပ်၍ ငေးလိုက်၏။ စတူဒီယိုမှာ ဓတ္တုနားချိန်လားမသိ၊ စကားသံရယ်မောသံတချို့ကြားနေရသည်။

"L ပုံသဏ္ဌာန်ရဲ့ နောက်ဆုံးမှာ ဘေးဘက် ခွဲထုတ်ထားတာ ကော်တင်း Canteen ထင်တယ်"

"ဆိုတဲ့ ဟီးတဲ့ လူတွေဟာ တချို့ဆို စတူဒီယိုမှာပဲ တဒ်ပတ် ဆယ်ရက်ဆိုသလို မပြန်တော့ဘဲ အိပ်ကြ နေကြရတာလေ"

"ဪော်"

"စားဖို့ သောက်ဖို့ လိုတာပေါ့၊ ထွက်ဝယ်စားနေရရင် အချိန်ပုပ်တာပေါ့၊ ဒီလိုပဲ Canteen ထားပေးကြတာများ တယ်"

"ဪော်"

ခဏ္ဍာသည် လောလောဆယ်မှာတော့ ပန်းစကား တို့အုပ်စုမှာ ဆရာမကြီး ဖြစ်လေ၏။ ရှိဇလင်းကို ရှင်းပြတော့ ရှိဇလင်းက သဘောတကျကျ ရှိလေ၏။

ပန်းစကားက ကားမောင်းထွက်ခဲ့တော့ ပုဏ္ဏရိုက် အသေးစားပင်ကလေးများဖြင့် (စတူဒီယိုနှင့် ခြားသွားအောင်) စည်းရိုးခြားထားသော ရောမ ဟိန်းဟိန်းမားမား တိုက်ကြီးကို တွေ့လေသည်။ ပန်းစကား မော့ကြည့်လိုက်သည်။ အဲသည်နေရာ ဟာ နဂိုက ချိုင့်ဝှမ်းတချို့၊ မြေညီတချို့၊ တောင်ကုန်းတချို့ဆို သလို မြေမညီတာမို့ လူကြိုက်နည်းခဲ့သည် ...ဟု မေမေ ပြောဖူး တာကို သတိရ၏။ ခုတော့ ... အဲသည် ချိုင့်ဝှမ်းတွေ၊ တောင် ကုန်းတွေကပင် တိုက်ကြီးကို လှပစေဖို့ ဖြစ်တော့သည်။ နှစ်ထပ်ခွဲ ဟု ခေါ်ရမလား၊ သုံးထပ်လို့ပဲ ပြောရမလားမသိပါ၊ မြင့်မညီ (Split Level) ဆောက်ထားသော တိုက်ကြီးက လှပလွန်း၏။ တစ်ချိန်တုန်းက Split Level တွေ တော်တော်လေး ခေတ်စားခဲ့သေး သည်။ နောက်တော့ အင်ဂျင်နီယာ ညံ့လျှင် ညံ့သလို အုတ်နံ့ရဲ့ အက်ကွဲလိုက်လာတာတွေ အဖြစ်များတော့၊ အဲသည် Split Level တွေ မဆောက်ကြတော့ပါ။

မျက်စိရှေ့မှ တိုက်ကြီးကတော့ ဟိုနေရာက လျှော ထွက်လာ၊ ဒီနေရာက လျှောထွက်လာနှင့်၊ မြင့်မညီဆောက်ထား



ပေမဲ့၊ တိုက်သားထုထည်ကြီးကို မြင်လိုက်ရုံနှင့် ဘယ်သောအခါမျှ ကွဲအက်ကြောင်း ထင်နိုင်မည် မဟုတ်ပါ။ အဆောက်အအုံက ွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က ခေတ်စားခဲ့သော Split Level ဖြစ်ပြီး၊ ပေါ်တီကိုမှာ တိုင်လုံးကြီးနှစ်လုံး ထုတ်ထားတာကျတော့ ခေတ်ပုံစံ ဖြစ်နေပြန်၏။ ဆေးရောင်၏ သစ်လွင်တောက်ပမှုကြောင့်၊ ဤတိုက်ကြီးဟာ အိုမင်းပြီလား၊ နုပျိုဆဲလား မပြောနိုင်လောက်အောင် သင်းလက်နေတော့သည်။

တိုင်လုံးကြီးနှစ်လုံးကို ဆက်၍ မြေကြီးမှ နှစ်ပေ ခန့်အမြင့် Flower Box ထဲမှာလည်း၊ ဘာပန်းတွေမှန်းမသိ၊ အဖြူ ရောင်လေးတွေ ပွင့်ကာ ပိန်းပန်းနှင့် ခပ်ဆင်ဆင်၊ အပင်ကလေးတွေ လျက် အရွက်စိမ်းမှောင်ပုံက မြရည်ဝင်နေသလား ထင်ရသည်။ ပေါ်တီကိုအောက်မှာ ကားရပ်လိုက်သည်နှင့် ကားတံခါးကို ယောကျ်ား တစ်ယောက် ကိုယ်တိုင် လာဖွင့်ပေးပါသည်။ လက်ဝဲဘက်လမ်းကို တွေ့ခဲ့ရပြီး အိမ်ဆီရောက်ဖို့ ညာပြန်ကွေ့ရသောကြောင့် ကားမောင်း သူ ပန်းစကားက အိမ်တံခါးမကြီးဘက်ခြမ်းသို့ ရောက်နေရသည်။ ပန်းစကား၏ တံခါးကိုပဲ လာဖွင့်ပေးပါသည်။ ပန်းစကား မော့ကြည့် လိုက်၏။

Thank you သင့်ခရူး ... ဟု ပြောဖို့ပါ။ စကားနှစ် ခွန်းတည်းသည် ... ပြည့်စုံအောင် ထွက်ခွင့်မရ။ လမ်းတစ်ဝက်မှာ ပင် တစ်ဝက်တစ်ပျက်နှင့် ရပ်တော့သည်။

ကိုယ်ကို ကိုင်းထားပေမဲ့ ဆန့်မတ်လိုက်လျှင် ခြောက် ပေပြည့်မှာ ... ဆိုတာ သိသာ၏။ အပြာနုရောင်၊ အစိမ်းနုရောင် နှင့် အဝါနုရောင်ပါသော (အရောင်ပါသည် ဆိုရုံလေး) ကွမ်းရိုးစင်း သေးသေးလေးများပါသည့် ရှပ်ဖြူလက်တိုနှင့် ဆိပ်ခွန်ခရမ်းအစိမ်း၊

နှင့် အနက်တို့ ရောကွက်ထားသည့် ခပ်မှောင်မှောင် လုံချည်ကို ဝတ်ထားသော ထိုယောက်ျား၏ လက်ချောင်းများသည်၊ ကား တံခါးရွက်ပေါ်မှာ ဖြူစင်ရှင်းသန့်လျက် သွယ်ပျောင်းနေကြသည်။ တံခါးပွင့်အသွားမှာ၊ သူ့ကိုယ်ကို ပြန်အမတ် ... ပန်းစကားက ခြေများတွေကို ငုံ့ကြည့်မိလိုက်ရာ (အမှတ်မထင်စွာ) ရှင်းသန့်နေ သည့် ခြေခုံ၊ ပန်းရောင်ခြေသည်း ပြန့်ပြန့်များက ခုံးခုံးကလေး တိရိစွာ။ ပန်းစကား ပြန်အမော့တွင် ငုံ့ကြည့်ပြုံးတစ်ခုက ရင်ထဲသို့ တွန်းတိုက်ပြေးဝင်လေ၏။

ဖြစ်ရပ်အားလုံးသည် စက္ကန့်ပိုင်းကလေးပါပဲ။

"ကြွပါခင်ဗျ၊ စောင့်နေတာပါ"

မှင်သက်ငေးကို တကူးတက သိမ်းဆည်းနေရသော ပန်းစကား ...။ ခတ္တာက အချင်းချင်းမို့၊ ကိုယ်လည်း ဖြစ်ခဲ့ဖူးပြီမို့ ပန်းစကား ဖြစ်ပျက်ပုံကို ရိပ်မိစွာ တံတောင်နှင့် မသိမသာ တွတ် လိုက်သည်။ ရိုဇလင်းက ကား၏ ဟိုဘက်တံခါးမှ ဆင်းလာသည်။

"မိတ်ဆက်ပေးရဦးမယ်"

ခတ္တာက ခုချိန်မှစ၍ အင်္ဂလိပ်လို ပြောပါသည်။ ဒါ ... ရိုဇလင်းပါ၊ ဒါ ပန်းစကားပါ၊ ဒါ ပန်းချီဆရာ ကိုခွန်းဆက်ပါ ဆိုတာတွေ၊ တွေ့ရတာ ဝမ်းသာပါတယ် ဆိုတာတွေ ပြောပြီး ခွန်းဆက်ကပင် အိမ်ထဲသို့ ဦးဆောင်၍ ဝင်၏။ ပြောရလျှင် ဧည့်ခန်းသည် ရဲတိုက်တမျှ ခမ်းနားလေ၏။

"ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ထုံးစံမှာ၊ ကိုယ့်အိမ် ဧည့်သည်လာရင် တစ်ခုခု ဧည့်ခံကျွေးမွေးရပါတယ်၊ ... ကြာရင် ညစာကျွေးမှာမို့၊ ဗိုက်ပြည့်မှာ အစားအစာ မကျွေးတော့ပါဘူး၊ မြန်မာပြည်ရဲ့သီဥတုဟာ နိုင်ငံခြား



တကူးတက လာသူတွေအတွက် ပူအိုက်နေမှာဖြစ်တဲ့အတွက် အအေးပဲ တိုက်ပါ့မယ်"

ရိုဇလင်းကို ဦးတည်ပြောပြီး၊ ကလေးမလေးတွေ ...လာသည့် ဖန်ခွက်များကို သူကိုယ်တိုင် တစ်ဦးချင်းစီထံ ပို့ရာ၌ ...ဇလင်းကိုပဲ ဦးစားပေးပါသည်။ ရိုဇလင်းက ချက်ချင်း မော့သောက် ...ဘ အားနာတတ်သည့် အလေ့အကျင့် မရှိသူပီပီ ...

"ကောင်းလိုက်တာ၊ ဘာဖျော်ရည်လဲ" ... ဟု မေး သော့၏။

ရန်ကုန်မြို့ ဈေးတွေထဲမှာထက်၊ နိုင်ငံခြားသားတွေ အဝယ်များသော City Mart စီးတီးမာ့တ်လို ကုန်တိုက်မျိုးမှာ သာ ...င်ရောင်းလေ့ရှိသော စပျစ်သီးအကြီးစားကြီးများ (မြန်မာပြည်တွင် ...မ်းသပ်စိုက်ပျိုးကြည့်နေပြီ ဖြစ်သော်ငြား၊ များများစားစား မအောင် ...င်သေးပါ)ကို အရည်ညှစ်ဖျော်ရာတွင် သကြားကဲ့သို့သော ဘာအချိုမှု ...ထည့်ဘဲ သဘာဝချိုဖြစ်ကြောင်း၊ ပူတူတူ ရှိန်းတိန်းတိန်းလေး ...စားရသလိုလိုနှင့် မွှေးတေးတေးလေး ဖြစ်နေတာ၊ သံပရာသီးအခွံ ညှစ်လိုက်လျှင် အနံ့အငွေ့နှင့်တူသည့် အရည်များ ထွက်သည့်ဘက် ...မ်း)မှ အရည်ကလေးများ ညှစ်ထည့်ထားပါကြောင်း၊ ရိုဇလင်းကို ...ှင်းပြသည်။ ရိုဇလင်းက ... မြန်မာပြည်မှာ သူတွေ့ရသမျှ လူတိုင်း ...ဒီလို အင်္ဂလိပ်စကားကို လွန်စွာအဆင့်မြင့်မြင့် ပြောနိုင်တာ တွေ့ ...သည့်အတွက် အံ့သြကြောင်း၊ နိုင်ငံတော်တော်များများဟာ ကိုယ့် ...မျိုး ဘာသာစကားမှလွဲလျှင် အခြားဘာသာစကားကို ပြောတတ်သူ ...ည်းကြောင်းတွေ ချီးကျူးလေ၏။

"ကျွန်တော့် ပန်းချီကားတွေ ပြထားတဲ့ ပြခန်းကလည်း ဒီနေ့ နောက်ဆုံးဖွင့်တာ ဆိုတော့ ရောင်းရန်မဟုတ်တဲ့

ကားတွေကို ဒီညနေပဲ လာပြန်ပို့ပါတယ်၊ မခတ္တာတို့ နေ့ခင်းက ကြည့်ခဲ့ရတဲ့ ပန်းချီကားငါးကား ... ချစ်ခြင်း နီဒါန်းလည်း ပါတာပေါ့ ... အဲဒါတောင်၊ စောစောလေး ကပဲ ပြန်ရလို့ ကျွန်တော့် ပန်းချီခန်းထဲ ပို့ထားလိုက်ပြီ"

သူ့အိမ်ဟာ ဘယ်နှထပ်ပါဟု ပြောဖို့ တော်တော် ခက်ပါသည်။ ညှိခန်းမှတစ်ဆင့် လှေကားနှင့် ဆင်းသွားရသည့် အနိမ့်ခန်းရှိသည်။ အဲဒီအထပ်မှ ဝေ့ဝိုက်၍ လေးငါးထစ်တက်ပြီး တော့ နောက်တစ်ထပ် ဖြစ်ပြန်၏။ အဲသည်အထပ်ကျတော့ ညှိခန်းဘက်မှာပေမဲ့ ညှိခန်းကို လုံးဝ ဖုံးအုပ်မနေပါ။ အထပ်တွေ ဘယ်လို ဖွဲ့ထားမှန်း လုံးဝမပြောတတ်တော့ချေ။ လေးငါးထပ်လောက် တော့ တက်ရ၏။ အဲသည်အထပ်တွေအတွက် လှေကားဟာ ဈေး အဝိုင်းကြီးလိုဖြစ်ပြီး ညှိခန်းတည့်တည့်ပေါ်မှာ ဘာအထပ်မျှမရှိ ညှိခန်းကို အပေါ်ဆုံးထပ်မှ ငုံ့ကြည့်လျှင် မြင်နေရသည်။ အပေါ် ဆုံးထပ် မျက်နှာကြက်ဆီမှ ဆွဲချထားသော ခရစ်စတယ် Chris များ တလက်လက် လင်းနေသော ပန်းဆိုင်းကြီး Chandaliaကြီး လှပလွန်း၏။

ဝန်ခံရလျှင် တော်တော်လေး ချမ်းသာပါသည် သော (ဖေဖေက သူ့ကိုယ်ပိုင် ကုမ္ပဏီစီးပွားရေးနှင့်၊ ပန်းစကား ကိုယ်ပိုင်လေးထပ်ကုန်တိုက်နှင့်) ပန်းစကား၏ အိမ်သည် ဤ ကြီးနှင့် နှိုင်းစာသော် တဲသာသာအဆင့်သို့ ရောက်သွားတော့သည်။

"အပေါ်ဆုံးထပ်မှာ ဘုရားခန်းနဲ့ ကျွန်တော့် ပန်းချီ အခန်း၊ နှစ်ခန်းပဲ ရှိပါတယ်"

ဘုရားခန်းသည် ပြင်ကျယ်မှာပင် ဘုရားစင်ကို ကျယ်ခမ်းနားစွာ ပြင်ဆင်ထားသည်မို့ ခတ္တာနှင့် ပန်းစကား



ကျ်အုပ်မချိဘဲ မနေနိုင်တော့ပါ။ ဘုရားစင်၏ သပ္ပာယ်ကြည်ညို ရာ ကောင်းပုံဟာ၊ ဤအိမ်၏ အိမ်ရှင်မအရည်အချင်းကို မချီးကျူး မနေနိုင်တော့ပါ။

"ကိုစွန်းဆက် မိဘများရော"

ပန်းစကား မနေနိုင်စွာ မေးမိ၏။

"မေမေက ဒီလထဲမှာ ငါးဆယ့်ငါးနှစ် ပြည့်ပါတယ်၊ အဲဒါ ... ငါးဆယ်ငါးရက်စခန်း ရိပ်သာဝင်ပါတယ်၊ ရှေ့လထဲကျမှ ပြန်ရောက်ပါမယ်၊ မေမေ မရှိတော့ ဘုရားစင်ရဲ့ တာဝန်က ကျွန်တော့် တာဝန်ပေါ့။ ဖေဖေကတော့ စင်ကာပူမှာ အနေ များပါတယ်။ ကုမ္ပဏီလုပ်ငန်း ပါပဲ၊ ဟိုမှာသွားပြီး အဆင် ပြေနေတော့၊ ဒီအိမ်ကို သိပ် ပြန်မလာနိုင်ပါဘူး ...

"တစ်နှစ်တစ်လလောက် ပြန်လာရင်း၊ ဒီကို ငွေပို့ရင်း ပေါ့ဗျာ ... နောက်ဆုံးတော့ ပြန်မလာတော့ပါဘူး၊ အဲဒီ မှာ အိမ်ထောင်ကျနေပါပြီ။ ကျွန်တော့်ရဲ့ အဖေတူ အမေ ကွဲ ညီမလေးတစ်ယောက် စင်ကာပူမှာ ရှိပါတယ်၊ ဒီက ပိုင်ဆိုင်မှုအားလုံး မေမေ့ကို လွှဲခဲ့ပါတယ်၊ ခုတော့ ... မေမေ့ နားမှာ ကျွန်တော်ပဲ ရှိပါတယ်"

"မေးမိတာ အားနာလိုက်တာ"

"ဘာဖြစ်လဲ ... ကျွန်တော်တို့ မြန်မာလူမျိုးက ခင်မင်ပြီ ဆိုရင် မိသားစုအကြောင်းတွေ အပြန်အလှန် အသိပေးကြ တာပဲ။ ကျွန်တော် ... ပန်းစကားကို ခင်ပါတယ်"

"ဟောရှင့် ... ကျွန်မကိုရော"

ခတ္တာက ပထမဆုံး သိခွင့်ရခဲ့သူ အခွင့်အရေးနှင့် င်းနီးပစ်လိုက်၏။

"မခတ္တာကို အရင်ဆုံး ခင်မင်ခွင့်ရခဲ့တာပါ"

ခတ္တာ ရယ်၏။ သူတို့ အင်္ဂလိပ်လိုပဲ ပြောကြသည်မို့ ရိုဇလင်းက နားလည်ကာ သူ့ရင်ဘတ်သူ ပုတ်ပြနေသေးသည်မို့ ... ရိုဇလင်းကိုလည်း ခင်ပါတယ် ... ဟု ရယ်၍ ပြောလေ၏။

အဲသည်ကနေမှ ... အခန်းတံခါးတစ်ခုကို ဖွင့်လိုက်သည့်အခါမှာ ဝါညက်အလင်းရောင်ဖျော့ဖြင့် လှပနေသော ပန်းချီခန်းကလေး။

ဘ ဘ ဘ



## ၉

ရိုဇလင်း ပြန်သွားခဲ့ပါပြီ။

ဖေဖေနှင့်တော့ စီးပွားရေးအလုပ်တွေ ဖြစ်သွားသည်။

"ကိုယ်က ငယ်ငယ်လေးတည်းက ကျောင်းမှာ ပန်းချီကို အပိုသင်ခန်းစာအဖြစ် ယူခဲ့တယ်"

ရိုဇလင်းဟာ ပန်းချီကို တကယ်နားလည်ပြီး၊ တကယ်မြတ်နိုးကာ၊ ကိုယ်တိုင် ဆွဲတတ်သူဖြစ်၏။ ခွန်းဆက်၏ ပန်းချီကားများကို လက်ဖျားခါ၍ ချီးကျူးကာ "ချစ်ခြင်းနိဒါန်း"ကို အားနာပါးမနာ အတင်းဝယ်၏။ ခွန်းဆက်၏ ပန်းချီကား တစ်ကားမျှ ရောင်း၊ ညစာလည်း မစားတော့၊ အဲသည် ပန်းချီခန်းထဲမှ တစ်ခါးမခွာတော့ဆို၍ ပန်းစကားနှင့် ခတ္တာတို့ စိတ်လည်းညစ်ရသည်။ ရယ်လည်း ရယ်မိသည်။ သူတို့လူမျိုးတွေမှာလည်း၊ ဒီလို ... ကလေးဆိုးကြီးအကျင့်ရှိသား ... ဟု တွေးရ၏။

"ဟို ... ရွှေရောင်ကတ္တီပါစကြီးနဲ့ ဖုံးထားတာကို ဖွင့်ပြပါ"

ဒေါက်ပေါ်ရှိဆဲ ပန်းချီကားတစ်ခုကို ရွှေအိုရောင်နန်းကတ္တီပါစနှင့် အုပ်ထား၏။ ခွန်းဆက်က ဖွင့်မပြပါ။ ရယ်လျက် ...

"အဲဒါ ... ကျွန်တော့် နှလုံးသား။ နှလုံးသားဆိုတာ ဖွင့်ပြလို့ရတဲ့ ကိစ္စမှ မဟုတ်တာ၊ ကျွန်တော့် အသည်းနှလုံးကို ပေးရမဲ့သူတွေ့မှ ဖွင့်ပြပြီး၊ တစ်ချိတည်း လက်ထပ်ခွင့်ပါ တောင်းမယ်လို့ ဆုံးဖြတ်ထားတာ၊ ရိဇာလင်းကို ဖွင့်ပြရမှာလား၊ ကြည့်ချင်သေးလား"

ခွန်းဆက် ရယ်၍ နောက်တော့၊ ရိဇာလင်း ပခုံးခါခါ လက်ခါခါနှင့် ရယ်ရင်း ငြင်းတော့သည်။

"မလုပ်နဲ့။ မလုပ်နဲ့။ ကိုယ့်ခင်ပွန်းက သဝန်တိုတယ်" ... ဟု ပြောသည်မို့ ရယ်ကြရသေးသည်။ တကယ်တော့... အဲသည်ရွှေအိုရောင် ကတ္တီပါစကြီးကို ပန်းစကားလည်း ဆွဲဖယ်ကြည့်လိုက်ချင်တာပါ။ ခတ္တာက ...

"ဦးသဝန်ကြောင်ကြီးသာ မရှိရင်၊ အဲဒီကတ္တီပါစကို ငါ သွားဆွဲဖွင့်တယ်" ... ဟု ပြောနေ၍ ဦးသဝန်ကြောင်ကြီး ဆိုတာကို၊ ရိဇာလင်းကို ရှင်းပြရပါသေးသည်။ ရိဇာလင်းက ပန်းချီကားတစ်ကားတော့ ရောင်းဖို့ ဖွတ်ပြော၏။

"ရောင်းတော့ မရောင်းဘူး၊ ကျွန်တော်က ပန်းချီကို အနုပညာအဖြစ်နဲ့ ချစ်တာ၊ ကျွန်တော် ထမင်းစားတဲ့ စီးပွားရေးက သပ်သပ်လေ။ ပန်းချီနဲ့ အသက်မွေးဝမ်းကျောင်းပြုရတဲ့နေ့ကျမှ ရောင်းမယ်၊ ဒါပေမဲ့ ... သူငယ်ချင်းတစ်ယောက်ကိုတော့ တစ်ကား လက်ဆောင်ပေးဖူးပါတယ်၊ သူ လက်ထပ်တဲ့နေ့က လက်ဖွဲ့တာ"

"ကျွန်တော့် သူငယ်ချင်းက ယောကျ်ားလေးနော်" ဟု မလုံမလဲ ပြောနေသေးသည်မို့ ရယ်ရပြန်၏။

"ကျွန်တော် လက်ဆောင်ပေးလိုက်ရမလား ပန်းစကား"



"အို ... ကျွန်မက ဆုံးဖြတ်ခွင့်ရှိတဲ့သူမှ မဟုတ်တာ"

"ပန်းစကား ခေါ်လာတဲ့ မိတ်ဆွေဆိုတော့လေ၊ ပန်းစကားက ပေးလိုက်ပါဆိုရင် ကျွန်တော် ပေးပါ့မယ်၊ ကတ္တီပါစနဲ့ အုပ်ထားတဲ့ကားရယ်၊ ချစ်ခြင်းနိဒါန်းရယ်က လွဲရင်ပေါ့"

"ရိဇလင်းကို ပန်းစကား ခေါ်လာတဲ့ မိတ်ဆွေမို့ ပန်းချီကားတစ်ချပ် လက်ဆောင်ပေးမယ်ဆိုရင်၊ ကျွန်မ မိတ်ဆွေတစ်ယောက် ခေါ်လာရင်လည်း ရှင် ပေးရမယ်နော် ... ကိုခွန်းဆက်"

"ရှင်က ဘယ်သူ့ကို ခေါ်လာမလို့လဲ"

"ဘယ်သူရှိရမလဲ၊ ဦးသဝန်ကြောင်ကြီးပေါ့၊ သူ ရရင်၊ တစ်နေ့ ကျုပ် ပိုင်ရမှာပဲ"

"စိတ်ချပါ ... မခတ္တာတို့ လက်ထပ်ပွဲကျရင် ပန်းချီကားတစ်ကား လက်ဖွဲ့ပါ့မယ်"

"ဒါဆို ... ပန်းစကား လက်ထပ်တဲ့နေ့ကျရင်လည်း ... ရှင် ပန်းချီတစ်ကား လက်ဖွဲ့ရတော့မှာပေါ့"

"တော်ပြီ ... မရတော့ဘူး"

အချိန်လင့်လာပြီမို့ ပန်းချီခန်းထဲမှ မထွက်ချင် ထွက်ချင် ထွက်ရ၏။ ခွန်းဆက်က ရိဇလင်းကို ပန်းချီကားတစ်ချပ် လက်ဆောင်ပေးပါသည်။

"ကိုယ် နောက်တစ်ခေါက်လာရင်၊ ယူ့အတွက် ကိုယ်ကိုယ်တိုင်ဆွဲတဲ့ ပန်းချီတစ်ကား ယူခဲ့ပေးမယ်" ... ဟု ရိဇလင်းက ပြောသည်။ ပြီးတော့ ... အောက်ထပ် ပြန်ဆင်း၊ ခြံထဲမှ ကွေ့သျှက် လမ်းတော်တော်လေးလျှောက်(သူ့ခြံတွင်းမှာပဲ)ပြီး Candle Light သို့ ရောက်လေ၏။

"ဟိုဘက်လမ်းက ဝင်ပေါက် ဖွင့်ထားတယ်၊ လာစားကြတဲ့ သူတွေ ဟိုဘက်လမ်းက ဝင်ရတယ်"

ကော်ဖီဆိုင်လေးမှာ ဖယောင်းတိုင်မီးလေးများ မှိန်လျက်၊ ဒီဘက်က အကင်ဆိုင်မှာတော့ မီးများလင်းပါသည်၊ မကြာမီကမှ အစီအစဉ်အသစ်ဖြစ်သော မြန်မာညနေစာထမင်းက နိုင်ငံခြားသားအကြိုက်၊ အစပ်နည်းနည်း အချိုချက်များဖြစ်ပြီး၊ မြန်မာစာစစ်စစ်လည်း ရသေး၏။ ရိုဇလင်းပါနေသည်မို့၊ နိုင်ငံခြားသားကြိုက် ဟင်းပွဲများသာ မှာပေး၏။ ဘဲပေါင်းစွန်တန်ဟင်းချိုတောင် ရိုဇလင်းက စပ်ချင်၏။ ပုစွန်ကင်နှင့် ငါးရံ့အူ ငရုတ်သီးမပါ အချိုချက်ကို ရိုဇာလင်းက ကြိုက်သည်။ ငါးသော့က်လောက်ကင်လည်း ကြိုက်၏။ သခွားသီးလေးများကို လှီးပြီး၊ ဆားနှင့်နယ်၍ ငါးနာရီလောက် ဖိထားပြီးမှ၊ ရေပြန်ဆေး၊ ဆီချက်ပုစွန်ခြောက်တို့နှင့် သုပ်ကာ သံပရာရည် ညှစ်ထားတာမွှေးလည်း ရိုဇလင်း ကြိုက်သည်။ ငါးရံ့ခြောက် မီးဖုတ်သုပ်လည်း ကြိုက်၏။ ထမင်းနည်းနည်းနှင့် ဟင်းများများစားရင်း၊ ထမင်းများများစားသော မြန်မာတွေကို ကြည့်ပြီး ရိုဇလင်းက အံ့ဩနေ၏။

"ယူတို့ ဆန်တော်တော်ကြိုက်တယ်နော်"ဟု ပြော၏။ ရိုဇလင်းတင် စားလို့ကောင်းတာ မဟုတ်ပါ။ ခတ္တာရော ပန်းစကားပါ စားလို့ကောင်းပါသည်။ ငါးဖယ်ငါးဆုပ်ကြော်ကို ရိုဇလင်းက "ဒါဘာလဲ ... ဒါဘာလဲ ... ဘာငါးလဲ" ... မေးနေ၍ သူတို့ဆီမှာ မရှိသော ငါးဖယ်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်ရမှန်း မသိဖြစ်လျက် ရယ်ကြရသေး၏။ မြန်မာပြည် ရောက်ကတည်းက ဟိုတယ်တွေမှာသာ တည်းလျက် "ဘိုစာ"ချည်း စားနေခဲ့သော ရိုဇလင်းက "မြန်မာဟင်းဆိုတာ တော်တော်ကောင်းတာပဲ" ... ဟု ချီးကျူး၏။



"ကိုယ်စားဖူးသမျှ ဒင်နာတွေထဲမှာ အကောင်းဆုံးပဲ၊ ဒီဝိုင်ကလည်း ကောင်းလိုက်တာ"

ခွန်းဆက်က ရှမ်းပြည်နယ်မှာ သူတို့ပိုင်သော ကော်ဖီခြံ၊ မက်မန်းခြံတွေ ရှိသေးကြောင်း၊ အဲဒီမက်မန်းခြံမှ ပို့ပေးသော မက်မန်းသီးများကို၊ မေမေကိုယ်တိုင် ထည့်ထားသည့်ဝိုင် ဖြစ်ကြောင်း၊ သူ့အဖေ ကြိုက်တတ်၍ ထည့်ပေးခဲ့ရာမှ၊ သူလည်း ကြိုက်တတ်လာသည်မို့ မေမေက သူ့အတွက် ထည့်ပေးနေသေးကြောင်း၊ မေမေကတော့ ကိုးပါးသီလမယူသည့်အခါတွေမှာတောင် ငါးပါးသီလကို လုံအောင်ထိန်းသည်မို့ ဝိုင်မသောက်တော့ကြောင်း၊ ဖေဖေ ရှိတုန်းကတော့ ဖေဖေနှင့် တူတူသောက်ကြောင်းတွေ ပြောပြပါသည်။

ပန်းစကားက ... သူ့အမေအကြောင်း ပြောတိုင်း မျက်နှာပြင်မှာ ခံစားမှုပြသည့် ခွန်းဆက်ကို သနားနေမိသည်။ အမေချစ်တဲ့ သားပဲဟု တွေးမိကာ ... သားလိမ္မာတွေဟာ ခင်ပွန်းကောင်း မဖြစ်တတ်ဘူး ... ဆိုသော ဆိုရိုးစကားကို မဆီမဆိုင် သတိရလိုက်ပါသေးသည်။ ဘာကြောင့်မှန်းမသိ ... ရှစ်နာရီလေးဆယ့်ငါးမှာ ပန်းစကားက လက်မှနာရီလေးကို တစ်ချက်၊ လက်ကိုင်ဖုန်းလေးကို တစ်ချက် ကြည့်ဖြစ်၏။ အဲသည် ညက ဖုန်းမလာပါ။ ရင်ထဲမှာ တစ်ခုခု လိုအပ်နေသလို ခံစားရလျက်၊ ဘာတွေနှင့် ပြည့်လျှံနေမှန်းမသိ၊ မွန်းကျပ်သလိုလိုလည်း ရှိ၏။ အိမ်ကို ဖုန်းလှမ်းဆက်ကာ ခုချိန်ထိ ရိုဇလင်းနှင့် တူတူရှိနေသေးကြောင်း၊ ညစာကျွေးနေကြောင်းပြောတော့ ညကိုး နာရီ။

"မှောင်တောင်သွားပြီ၊ ဖန်းစကားက ရိုဇလင်းကိုရော၊ ခတ္တာကိုပါ လိုက်ပို့ပြီးမှ ပြန်ရမှာဆိုတော့ တော်တော်တောင် ညနက်သွားပြီ"

"ဟုတ်ပါရဲ့ ... ဖေဖေနဲ့ ယာဥ်မောင်းနဲ့ကို လိုက်လာခိုင်းမှ ထင်တယ်၊ ကျွန်မ တစ်ယောက်တည်း ညကိုးနာရီထိ အပြင်လည်း ထွက်မလည်ဖူးဘူး၊ ကားလည်း မမောင်းဖူးဘူး"

"ဘာလို့ မှာနေမလဲ ... အိမ်က လူတွေ ပင်ပန်းပါတယ်၊ ပန်းစကားက ရှေ့ကမောင်းသွား၊ ကျွန်တော် နောက်ကနေ ကားတစ်စီးနဲ့ လိုက်ခဲ့ပေးပါ့မယ်"

ရီဇလင်းက တော်တော်အားမနာတတ်သည့် အမျိုးသမီးဖြစ်၏။ Candle Light မှာ အဆိုတော်တွေ သီချင်းဆိုတာ၊ ပန်းကုံးစွပ်တာကိုလည်း သွားကြည့်လိုက်သေး၏။ အိမ်ကို ပြန်လျှောက်လာ၊ စတူဒီယိုဘက်ကူး၊ အဆိုတော်တွေ သီချင်းသွင်းနေတာ၊ အသံဖမ်းနေတာလည်း ကြည့်လိုက်သေးသည်။ နှုတ်ဖျားမှတော့ Thank you တွင်တွင်ပြောလျက် ခုမှ မြင်ဖူး ရောက်ဖူးသည့်နေရာမှာ ညဆယ်နာရီခွဲထိနေ၏။ ဒါတောင် ... မနက်ဖြန် ပြန်ရမှာမို့၊ ပြန်သာမပြန်ရသေးဘူးဆိုလျှင်၊ ဆီးရီးသွင်းကြတာကို မိုးအလင်းထိုင်ကြည့်ချင်သည်ဆိုပဲ။

"မြန်မာပြည်က မိလျှံနာတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတာ အရမ်းဂုဏ်ယူပါတယ်" ... ဟု ပြောသွားလိုက်သေးသည်။

ခွန်းဆက်က သူ ... မီလျံနာ မဟုတ်ကြောင်းငြင်း၏။

"ကိုယ်တို့ဆီမှာ မိလျှံနာတွေမှ အဲဒီလို နေနိုင်တာ၊ ဒီတော့ ယူက မိလျှံနာပဲ" ... ဟု ဖွတ်ပြောကာ၊ ပြန်တော့ ညဆယ်နာရီခွဲ။ ပန်းစကားက ရီဇလင်းပို့၊ ခင္ဘာပို့၊ နောက်မှာ ... ခွန်းဆက်က သူ့ Cygnus စစ်ဂနပ်စ်ကား အဖြူကြီးနှင့် မလှမ်းမကမ်း မောင်းလိုက်လာ၏။ ပန်းစကားတို့ ခြံရှေ့ အရောက်မှာ၊ မကောင်းတတ်၍ ...



"အိမ်ထဲ ဝင်ပါဦးလား ကိုခွန်းဆက်"

"အရမ်းနောက်ကျနေပြီ။ မြန်မာပြည်မှာ အပျိုတစ်ယောက်ရှိတဲ့အိမ်ကို လူပျိုတစ်ယောက် အိမ်လည်လာသင့်တဲ့အချိန် မဟုတ်တော့ဘူး" ဟု ပြောပြီး ပြုံးနေ၏။

မေမေက လက်ကိုင်ဖုန်းကို ဆယ်မိနစ်တစ်ခါလောက်၊ ဘယ်ရောက်ပြီလဲ၊ ဘယ်ရောက်ပြီလဲ ဆက်နေ၍၊ ခြံတံခါးဝထိ ထွက်ကြိုနိုင်သည်။ ခြံတံခါးဖွင့်ပေးသူမှာ မေမေ ကိုယ်တိုင် ဖြစ်၏။

"ကျွန်တော် ... ခွန်းဆက်ပါ အန်တီ။ ပန်းစကားတစ်ယောက်တည်း ဖြစ်နေလို့ နောက်က ကားတစ်စီးနဲ့ လိုက်လာတာပါ"

ရီဇလင်း ဂိုကျမှုဖြင့် ခွန်းဆက်ဆီမှာ ညစာစားဖြစ်တာကအစ မေမေ့ကို ပြောပြပြီးမို့ မေမေက ခွန်းဆက်ကို သိနှင့်ပါသည်။

"ကျေးဇူးတင်ပါတယ် မောင်ခွန်းဆက်ရယ် ... အိမ်ထဲ ဝင်ပါဦးလား"

"ညဥ့်နက်နေလို့၊ နောက်ကြုံမှပဲ ဝင်ပါရစေတော့"

"အေး ... အေး၊ ခုလို လိုက်စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်ကွယ်"

ပန်းစကား စိတ်အိုက်လူအိုက်နှင့်မို့၊ ရေချိုးနှင့်စပ်ကာ ရေချိုးပြီးမှ အိပ်ရာဝင်၏။

"ဒီည ... သူ ဖုန်းမဆက်ဘူး"

ဖုန်းသံကို တမ်းတရင်း၊ ရွှေဘုန်းခေါင်ကို မြင်ယောင်၏။ ခွန်းဆက်ကိုလည်း မြင်ယောင်သည်။

"ကိုခွန်းဆက် ... ရှင်သာ ကျွန်မရဲ့ အစ်ကိုရင်းဆို ဘယ်လောက်ကောင်းမလဲ"

ခွန်းဆက်ကို တစ်ကြိမ်တည်းနှင့် လေးစားခဲ့ပါသည်။ အားကြီးခဲ့ပါသည်။ စကားပြောပုံ ရည်မွန်၏။ တစ်ဖက်သား ဦးစားပေးစိတ်ရှိ၏။ သားလိမ္မာတွေဟာ ခင်ပွန်းကောင်း မဖြစ်တတ်ဘူးဆိုပေမဲ့၊ လူကောင်းလေးတွေတော့ ဖြစ်နေတတ်ပါသည်။ ကိုခွန်းဆက်ဟာ လူကောင်းတစ်ယောက်၊ လေးစားအပ်သော ပုဂ္ဂိုလ်၊ ရိုးသား ကြိုးစားသော စီးပွားရေးလုပ်ငန်းရှင် အနုပညာသမား၊ ပြီးတော့ ... ခင်္တွာပြောတာ မှန်ပါသည်။ ရက်ရွဲ့စိတ်ကိုသာ ခဏဘေးသို့ ဖယ်ထားလို့ရမည်ဆိုလျှင် “ကိုခွန်းဆက်“ဆိုသူကို ငေးလို့သာ ကြည့်နေချင်တော့၏။ ကြည့်လို့ကောင်း၏။ လှသော ပန်းချီကားတစ်ကား၊ လှသော သဘာဝရှုမြော်ခင်းတစ်ခုကို ငေးရစဥ်မှာ ရရှိသော ကြည်နူးခြင်းမျိုးကို ရရှိခံစားရသည်။ ဒီလူတစ်ယောက်ဟာ တစ်ဖက်သားတွေအပေါ်မှာ မေတ္တာအကြင်နာထားတတ်သူဆိုတာ မျက်နှာမှာ ပေါ်၏။ မေမေ့ စကားတစ်ခွန်းကိုလည်း သတိရပါသည်။

“ကိုယ် ရွေးတဲ့ အိမ်ထောင်ဖက်ဟာ ... ကိုယ့်တစ်ယောက်တည်းအပေါ် ကောင်းနေလို့ မပြီးသေးဘူး။ ပတ်ဝန်းကျင်မှာလည်း ကြည့်ရမယ်။ တကယ်ကောင်းတဲ့သူဟာ ပတ်ဝန်းကျင်မှာလည်းကောင်းတယ်၊ အဲဒီလို လူမျိုးမှ တစ်သက်တာ အကြင်နာမျိုး ပေးတတ်တာ ...

“ကိုယ့်အပေါ်တော့ ကောင်းပါရဲ့၊ ဘေးလူတို့ လက်အောက်ငယ်သားတို့ကျတော့ ဗိုလ်ကျအနိုင်ယူချင်၊ သည်းခံစိတ် မရှိတဲ့လူမျိုးဟာ ကိုယ့်အပေါ်မှာလည်း တစ်နေ့ ဆိုးလာမှာပဲ၊ ချစ်တဲ့စိတ်နဲ့ မွန်နေတုန်းခဏတော့ သည်းခံဖယ်လေ ...



“အရှိန်လည်း ကျသွားရော၊ မူလဇာတ ပေါ်လာရော၊ မိန်းမလုပ်တဲ့သူလည်း ဒူးနဲ့မျက်ရည် သုတ်ရရော၊ မိန်းမသားဆိုတာ သမီးရေ ...

“စကားပုံက ရိုးလွန်းလို့ သမီးလည်း ကြားဖူးတာပဲ၊ ရွေးနိုင်လွန်းမှ တော်ရုံကျမှာ၊ ဆူးပေါ်ဖက် ကျလည်း ဖက်ပေါက်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက် ...

“လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်... တဲ့။ မိန်းမသားဆိုတာ အပျိုဂုဏ်လေးရှိတုန်း ကိုယ့်ဘက်က အသာစီးလေးရတာ၊ အိမ်ထောင်ကျပြီးတာနဲ့ ဘာတန်ဖိုးမှ မရှိတော့ဘူး” ... တဲ့။

ခွန်းဆက်ရဲ့ အမေအကြောင်းကို တွေးမိပြန်၏။

“ရှင်က အမေ့တူ သားလား၊ အဖေတူ သားလားဟင်” ... ဟု မေးချင်၏။

အသားစိမ်းဖန့်ဖန့်၊ မျက်ခုံးစိမ်း မှောင်မှောင်၊ မျက်တောင်စိမ်းမှောင်မှောင်၊ စိုလက်နက်နေသည့် ဆံပင်နှင့် နဖူးပြေပြေတို့၏ ဆံစပ်နေရာလေး၊ သူငယ်အိမ် စိမ်းစိမ်းမှောင်မှောင်တို့ဟာ ယောက်ျားတစ်ယောက်အဖို့ မလိုလားအပ်စွာ ချောမောနေလွန်းသည်။ အဖေတူဆိုလျှင် သူ့အဖေဟာ အဲဒီလောက် ချောလွန်းလို့လည်း ဇင်ကာပူမှာ နောက်အိမ်ထောင်ကျတာ ဖြစ်ရမည်။

ကိုယ့်ဘဝအတွက် ကိုယ်ငြိမ်းချမ်းမှုကို ရှာကြံနေရှာသော သူ့မိခင်ကြီး၏ ဘဝဟာ မရိုးရှာပါ။ ခွန်းဆက်သာ အမေတူဆိုလျှင်၊ မိန်းမသားမို့ မိန်းမသား အဆင်အပြင်နှင့် ပေါင်းစပ်ပြီး ခွန်းဆက်ထက်တောင် လှဦးမှာပေါ့။ ဒီလောက်လှတဲ့ မိန်းမ၊ ဒီလောက် အေးဆေးငြိမ်းချမ်းညှံ့သက်တဲ့ ဇနီးကို ဟိုအဖေ

ဟာ ဘာကြောင့်များ ပစ်ပယ်ခဲ့ပါလိမ့်။ သူ လျှော်ကြေးပေးသွားသည့်အတိုင်းအတာဟာ တော်တော်ကြီးများပါသည်။ တော်တော်ကြီးကို များပါသည်။ သို့ပေမဲ့ ... အဲဒီ ... တော်တော်ကြီးများ သောရုပ်ဝတ္ထုပစ္စည်းတွေဟာ မိန်းမသားတစ်ယောက်ရဲ့ ဘဝနဲ့ လဲလှယ်ပြီးမှ ရသည်ဆိုတော့ ... တန်ရဲ့လား။"

အဲသည်ညက အိပ်ပျက်၏။

အိပ်ချိန်ကို ခိုးယူသူတွေထဲမှာ ခွန်းဆက်က ရှေ့ဆုံးမှ ပါဝင်ပေမဲ့၊ ဒီနေ့ ဖုန်းမဆက်သော "ကိုယ်ပျောက်ပုဂ္ဂိုလ်" "ရုပ်မမြင် အသံကြား"အကြောင်းလည်းပါ၏။ ရွှေဘုန်းခေါင်လည်း မကျန်ခဲ့ပါ။ ယောကျ်ားတွေဟာ စကားပြောလျှင် အသံတွေ ဩရှပြီး ဝါညက်ကုန်ကြလေသလား။ မဟုတ်ဘူးထင်သည်။ ဖေဖေ့ အသံကျတော့ တိကျပြီးမာ၏။ ရှင်းလင်းပြတ်သား၏။ အောင်မြင်ကျယ်လောင်သော အသံမျိုးဖြစ်သည်။ ရွှေဘုန်းခေါင်ရဲ့အသံ။ ညအကျော် ဖုန်းဆက်သံနှင့် ခွန်းဆက်ရဲ့အသံတို့ဟာ ဘာဖြစ်လို့များ ခပ်ဆင်ဆင်ဩရှရှ ဝါညက်ညက် ဖြစ်နေကြပါလိမ့်။ လူတူမရှား၊ နာမည်တူမရှားဆိုသလို၊ အသံတူလည်း မရှားဘူး ထင်ပါရဲ့။ ရွှေဘုန်းခေါင်ဆိုသော ပုဂ္ဂိုလ် ဝင်လာပုံက လမ်းရိုးလမ်းဟောင်းကြီးအတိုင်းဟု ဆိုနိုင်ပါသည်။ သူ ရောက်လာပုံ ရိုးသားလွန်းလို့၊ သူသာ မိုနာလီဇာပဲလော်ရာမှနေ၍ မော့မော့ကြည့်မထားဘူးဆိုလျှင် တကယ့်ရိုးရိုးသားသားကြီးလိုပင်။

"ကျွန်တော့် ရက်ကန်းစင်တွေက ထွက်တဲ့ လွန်းရာကျော်ချိတ်တွေ၊ ပန်းစကား ကုန်တိုက်မှာ တင်ချင်ပါတယ်" ...တဲ့။

ပန်းစကားမှာ အမျိုးသမီး အသုံးအဆောင်နှင့် ပတ်သက်ပါလျှင် ... ခုံဖိနပ်မှစ၍ စိန်နားကပ်ထိရသည် ... ဟု ဆိုနိုင်



ပါသည်။ ပန်းစကား၏ ဒုတိယထပ်မှာ ရှိသော ရတနာဆိုင်ဟာ မေမေ ရှယ်ယာတစ်ဝက် (၄၉ ရာခိုင်နှုန်း) ပါဝင်သော မေမေ့သူငယ်ချင်းဆိုင်ပါ။ မေမေ့သူငယ်ချင်းက ငါးဆယ့်တစ်ရာခိုင်နှုန်းပါသည်။ မေမေက လေးဆယ့်ကိုးရာခိုင်နှုန်း ထည့်ဝင်ထားခြင်းမှာ ဆိုင်သွားမထိုင်ချင်လို့ဖြစ်၏။ သူငယ်ချင်းကို ယုံကြည် စိတ်ချသည်မို့ အိမ်မှာ အေးအေးနေချင်လို့လည်းဖြစ်သည်။ အဲဒါကြောင့် ပန်းစကားမှာ မိန်းမအသုံးအဆောင်၊ မိန်းမတွေ ဝယ်ခြမ်းလေ့ရှိသော အိမ်သုံးကုန်ပစ္စည်းဆိုလျှင် ခုံဖိနပ်မှစ၍ စိန်နားကပ်ထိရသည်ဟု ဆိုကြခြင်းပါ။ အဲသည် ကုန်တိုက်မှာ လွန်းရာကျော်ချိတ်တွေ မရှိသေးတာတော့ အမှန်ပင်။

မြန်မာရက်ဟု ခေါ်သော မာဆရိုက်များ အမရပူရ၊ ဝန်းလေး၊ ရခိုင် စသော ဒေသထွက်လုံချည်များ၊ ကချင်၊ ကရင်၊ ချင်း၊ မြန်မာ၊ ရခိုင်၊ ရှမ်း ... တိုင်းရင်းသားအားလုံးတို့၏ ဝတ်စုံများ ဒေသထွက်အထည်များအားလုံး ရှိပေမဲ့၊ မြန်မာပိုးစစ်၊ ဇင်းမယ်ကြိုးကြီးချိတ် စသည်တို့ မရှိသေးပါ။

"ပန်းစကား ... ကျုပ်တို့ ကုန်တိုက်မှာ လွန်းရာကျော်ချိတ်တွေ မရှိသေးဘူးကွ၊ တင်ရင် ကောင်းမယ်"

ရင်ခတ်က သူကိုယ်တိုင်ဖြင့် အလှမပြင်၊ အလှမမြင်တတ်ပေမဲ့ သူ တင်ချင်သည့် ပစ္စည်းတွေက၊ သူမို့ ပြောလိုက်လျှင် အင်္ဂါသိစ္စတ်တွေချည်းဖြစ်၏။

"အဲဒါ ... ကျုပ်တို့ စစ်ကိုင်းတို့ ဘာတို့ဘက်တွေ ခရီးထွက်ပြီး ရက်ကန်းစင်တွေနဲ့ ချိတ်ဆက်လုပ်ပြီး တင်မှဖြစ်မယ်၊ ရန်ကုန်မှာ ထိုင်ဝယ်ပြီး တင်လို့ကတော့ ... ဈေးကြီးနေမှာပေါ့"

ပန်းစကားမှာ ကုန်ပစ္စည်းတိုင်းသည် အခြားနေရာများတိုင်းထက် ဈေးနှုန်းသက်သာစေရမည် ဆိုတာ ပန်းစကား၏ မူဝါဒဖြစ်၏။ အမရပူရ၊ စစ်ကိုင်း၊ မန္တလေးဘက် ခရီးမထွက်ဖြစ်သေးလို့ မတင်ဖြစ်သေးသော လွန်းရာကျော်ချိတ်တွေ (ကိုယ်တိုင်တင်ချင်နေသော ကုန်ပစ္စည်း)ကို၊ ရွှေဘုန်းခေါင်းက တင်ပါရစေ ... ဟု လာစပ်သည့်အခါမှာ၊ ငြင်းပယ်ရန်မရှိ ဖြစ်တော့၏။

အဲသည်နည်းနှင့် ... ခုဆို ရွှေဘုန်းခေါင်နှင့်တောင် ခင်နေပါပြီ။ ရွှေဘုန်းခေါင်ဟာ တစ်ခါတလေကျလျှင် အပေါ်ထပ် ရုံးခန်းနှစ်ခန်းလုံးမှ မိန်းမသားခုနစ်ယောက်အတွက် မုန့်တွေဝယ်လာလိုလာ။ အောက်ထပ်ကောင်တာတွေမှာ ဈေးဝယ်ရင်း အရောင်းစာရေး မိန်းကလေးတို့နှင့် ခင်လိုခင်။

"ရေမွှေးပုလင်းက တကယ်ကျကွဲတာပါဟာ ... ညည်းတို့က ကျုပ်ကို ပုံလာပြောနေတယ် ထင်လို့လား"

ယဉ်ယဉ်အေးနှင့် တော်တော်ခင်နေပါပြီ။

"နှုတ်ခမ်းနီတောင့်က တမင်ချိုးတာ၊ ညည်းတို့အလုပ်ရှင် သူဌေးမ သဘောကောင်းလား မကောင်းလား သိချင်လို့၊ သိချင်ဆို ... ငါက အလုပ်သဘောအနဲ့ ဆက်ဆံရတော့မှာလေ"

အဲသည် ကော့စမက်တစ်ကောင်တာမှ ကောင်မလေးတွေနှင့်တော့ အဖွဲ့အကျဆုံးဖြစ်သည်။

"ဦးက ယောက်ျားဖြစ်ပြီး၊ အလှကုန်ကောင်တာချည်း အမြဲလာတယ်"

"ဟ ... ငါ့မှာလည်း ပေးစရာရှိချင်ရှိမှာပေါ့"



အလှကုန်ပစ္စည်းတွေ မကြာခဏ ဝယ်သည်မို့ အဲသည်ကောင်တာမှ ကောင်မလေးတွေနှင့် ပိုခင်တာဖြစ်၏။ ကောင်မလေးတွေနှင့်ဆို အစ်ကိုကြီးအရွယ်ပေမဲ့၊ ကောင်မလေးတွေက "ဦး"ပဲ ခေါ်၏။ ရွှေဘုန်းခေါင်ကလည်း မငြိုငြင်ပါ။ အပေါ်ထပ် ရုံးခန်းသို့လည်း မကြာခဏ ရောက်ရောက်လာတတ်ကာ ဟိုပြောဒီပြောနှင့် အချိန်ဖြုန်းတတ်ပေမဲ့၊ မရိုးမသားတို့၊ ရိသဲ့သဲ့ စကားတို့ မဆိုသည်မို့ ခင်မင်ရသည်သာ။

ခွန်းဆက်နှင့်ကတော့ နောက်ထပ်ဆုံရန် အကြောင်းဆိုနှ မပေါ်သည်မို့ မတွေ့ဖြစ်တော့ချေ။

ရွှေဘုန်းခေါင်သည်သာ ပန်းစကားကုန်တိုက်ကြီး၏ အထပ်တိုင်းမှာ၊ ကောင်တာတိုင်းမှာ တဝဲဝဲရယ်တဲ့ တလည်လည်ရှိသလိုပါ။

❧ ❧ ❧

ကိုယ်ပျောက်ပုဂ္ဂိုလ်၊ ရုပ်မမြင်အသံကြားဟု နာမည်မျိုးပိုင်ရှင်တလည်း ရက်ဆက်မဟုတ်တောင် တစ်ရက်ခြားလောက်၊ နှစ်ရက်ခြားလောက်၊ တစ်ခါတလေကျတော့လည်း ရက်ဆက်၊ ဖုန်းထဲမှာ ပြောသည့်စကားတွေထဲတွင်၊ သောင်းစဉ်ရေမရတွေလည်း ပါ၏။ စီးပွားရေးအကြောင်းတွေ ပါ၏။ အနုပညာ ဖန်တီးမှုများအကြောင်းပါ၏။ ခေါင်းစဉ်မျိုးစုံအောက်မှာ ဆွေးနွေးရတာ၊ ပန်းစကားဆိုလာခဲ့သည်ပင်။ တစ်ခါတစ်ရံမှာ သူက အရွှန်းအနောက်တွေပါအောက်လာတတ်သည်မို့ ရယ်ရသေး၏။ သူ့စကားတွေမှာလည်း

ရှိသဲ့သဲ့တို့ ဘာဘို့ မပါဝင်ချေ။ အဲဒါကြောင့် သူ့အသံကိုလည်း ခင်မင်စွာ ကြားနာဖို့ မျှော်လင့်ရသည်ပင်။

ခွန်းဆက်တစ်ယောက်သာ ...။

သူ့ကို ပန်းစကား(မညာတမ်း ဝန်ခံရပါလျှင်) နေ့စဉ်လိုလို သတိရပါသည်။ ပန်းစကားကုန်တိုက်သို့ ရွှေဘုန်းခေါင်ရောက်လာလျှင် ရွှေဘုန်းခေါင်နှင့် စကားပြောရင်း ခွန်းဆက်ကို သတိရတတ်၏။ ညဘက် ဖုန်းလာလျှင်လည်း ဖုန်းပြောရင်း ခွန်းဆက်ကို သတိရတတ်၏။ ခင်မွန်းကောင်းဖြစ်လာဖို့ မလွယ်သော သားလိမ္မာတစ်ယောက်ဟာ မာနလည်း ကြီးတတ်သည် ထင်ပါရဲ့။

"ဟော ... ပန်း၊ ကိုခွန်းဆက်နဲ့ တွေ့သေးလား"

"ဘာလို့ တွေ့ရမှာလဲ၊ အကြောင်းမှ မရှိတာ"

တစ်နေ့မှာ ခတ္တာက စိတ်လိုလက်ရ မေးလေ၏။

"သူက အမေတူတဲ့။ သူ့အမေဟာ အသက်သာ ငါးဆယ်ကျော်ရော၊ ခုချိန်ထိ ငေးကြည့်ရလောက်အောင် လှတုန်းတဲ့"

"ဘယ်က သတင်းလဲ"

"ဘယ်သူရှိမလဲ၊ သက်ထားတို့အဖွဲ့ပေါ့"

"သက်ထားတို့အဖွဲ့ဟာ သိပ်ပျော်စရာကောင်းမှာပဲ၊ သူတို့သူငယ်ချင်းတွေ သိပ်ပျော်ကြမှာပဲနော်၊ သူတို့ရဲ့ စစ်စုစုံနိုင်ခြင်းဟာ ကလေးတွေ ဂိမ်း Game ကစားသလိုပဲ"

"ကျုပ်တို့လေးယောက်လည်း သူတို့လို Gameမျိုး ကစားမယ်ဆိုရင်၊ ဒီအသက်အရွယ်မှ နောက်မကျသေးပါဘူးကွယ်"

"ဗီ ... ရှင့်အသက်လည်း ပြန်စစ်ဦး"

"ဒီလထဲမှာ နှစ်ဆယ့်သုံးပြည့်မယ်"



"ဟိုအုပ်စုက ဆယ့်ရှစ်နှစ်တွေ"

"ကျုပ်အမေက ပြောတယ်၊ အိမ်ထောင်မကျသေးရင် ... ကလေး ... တဲ့။ ကျုပ်တို့ ကလေးဘဝ ပြန်ဆင်းရအောင်ဟယ်၊ ဒီအရွယ်ကြီးက စကောစကနဲ့။ မုန်းစရာကောင်းတယ်။ အိမ်မထောင်သားမွေးပြီး လူကြီးဘဝထဲ ဝင်ရင်ဝင်၊ ဒါမှမဟုတ်ရင်လည်း ကလေးပြန်လုပ်ကြမယ်"

"ရွှေခတ္တာတော့ ပါနိုင်တော့မယ် မထင်ဘူး"

"ဘာလို့ မပါရမှာလဲ၊ ကျုပ်က အိမ်ထောင်ကျလို့ ကလေးရရင်တောင်၊ အဲဒီကလေးရဲ့ နို့ဘူးကို လုစို့ဖို့ စိတ်ကူးရှိတယ်"

"ဟဲ့ ... အဲဒီကလေးဆိုတာ ရှင့်ကလေးလေ ..."

"ဘယ်သူ့ကလေးဖြစ်ဖြစ်၊ သူ့တစ်ယောက်တည်း တိုက်လို့ဖြစ်မလား၊ ကျုပ်လည်း တစ်ဝက်"

"အင်း ... ရှေ့ရေးဟာ ရင်မအေးစရာကြီးပါလားကွယ်"

"စကားကောင်းပြောရင် ခတ္တာ ပြဿနာက ကြော်ငြာဝင်သလို ဝင်ပြီ၊ ကိုခွန်းဆက်အကြောင်း ပြောစမ်းပါ၊ ဒီလောက်ချောတဲ့ ယောကျ်ားကို ကျုပ် မမြင်ဖူးသေးဘူး၊ ရွှေဘုန်းခေါင်လည်း တော်တော်ချောတာနော်"

— ဗီဇဝါက ဝင်ပြော၏။

"ကိုခွန်းဆက်ကိုသာ မမြင်ဖူးရင်၊ ရွှေဘုန်းခေါင်ဟာ လူချောပါပဲ"

"ကျုပ်တို့က သူ့ကို ရွှေဘုန်းခေါင် ခေါ်နေတယ်၊ ကျုပ်တို့ထက် လေးငါးနှစ် ကြီးနိုင်တယ်နော်"

"သူကလည်း ငယ်ချင်ပုံရပါတယ်၊ ရှေ့တင် မခေါ်ရင် ပြီးတာပဲ"

"ဟော့ ... ကိုခွန်းဆက်အကြောင်း ဆက်ပြော"

"သူ့အမေက အရမ်းသဘောကောင်းပြီး နူးညံ့သိမ်မွေ့တယ်တဲ့၊ လှလည်း အရမ်းလှတယ်တဲ့၊ တော်လည်း တော်တော်တော်တဲ့ မိန်းမတဲ့"

"ဒါနဲ့များတောင် အပစ်ခံရတယ်နော်"

"ဟဲ့ ... ယောကျ်ားဆိုတာ၊ သွားလေရာ ခါးပုံစခွဲပြီး လိုက်နိုင်မှကွ။ စင်ကာပူ ဆယ့်တစ်လ၊ ရန်ကုန်မှာ တစ်လနေတော့၊ စင်ကာပူမှာ အိမ်ထောင်ကျရောပေါ့"

"ကိုခွန်းဆက်အမေက ကွာပေးလိုက်တာလား"

"သိသိချင်းမှာ မျက်ရည်တစ်ခါကျတယ်တဲ့။ နောက်တော့ မငိုတော့ဘူးတဲ့။ သူဟာ ဒီအချိန်မှာ ဒီလို အဖြစ်ဆိုး ကြုံရဖို့ ကံကြမ္မာပါလာခဲ့မှတော့ ရှောင်လွှဲလို့ ဘယ်ရမလဲတဲ့။ ခွင့်လွှတ်တယ်တဲ့။ ဒါပေမဲ့ ... သူ့ကို ကွာပေးပါတဲ့။ ဒါမှ ဟိုက မိန်းမလည်း စိတ်ချမ်းသာမယ်တဲ့။ ဟိုကမိန်းမက ကိုခွန်းဆက်နဲ့မှ ရွယ်တူဆိုလား"

"ဩော် ... ငယ်တော့လည်း"

"အေးကွ ... ယောကျ်ားတွေဟာ ကိုယ့်မိန်းမ နည်းနည်း အိုလာရင် ငယ်ငယ်လေးတွေ ထပ်ရှာချင်လာရောနော်၊ မိန်းမ ဖွယ်"

"ကိုခွန်းဆက် အဖေက ရှိပစ္စည်း အကုန်ထားခဲ့ပြီး၊ အဝတ် တစ်ထည် ကိုယ်တစ်ခုနဲ့ ပြန်ထွက်သွားတာတဲ့"

"ခုရော ... သူဌေးပြန်ဖြစ်ပြီလား"



"ဖြစ်သလောက်ပဲ၊ အဲဒီလူက စီးပွားရေး ဘယ်လို လာဘ်မြင်မှန်း မသိဘူး။ သိပ်တော်တယ်တဲ့။ ကိုခွန်းဆက်က အမေတူ။ အနုပညာသမား၊ ငယ်ငယ်ကတည်းက အလကား နေရင်း ပန်းချီဆွဲနေလို့ ပန်းချီဆရာကြီးတွေဆီ လွှတ်ပြီး တော့ကို သင်ထားတာတဲ့ ...

"ဒါကြောင့် ... သူ တော်နေတာ၊ သူက ပန်းချီဆွဲလိုက်၊ တယောထိုးလိုက်နဲ့ပဲနေတာ။ သူ့အဖေက ငါ့ရှာကျွေးလည်း မင်းတို့သားအမိ စည်းစိမ်မပျက် နေနိုင်တာပဲ၊ ဒါပေမဲ့ ... မင်းက ထစ်နေ့ မိန်းမယူမှာ၊ အိမ်ထောင်ဦးစီးဟာ စားဝတ် နေရေးမှ မရှာဖွေရင် မိန်းမက ထွက်ရှာလိမ့်မယ်၊ ခုခေတ်မှာ မိန်းမတွေကို အထင်မသေးနဲ့တဲ့ ...

"ထက်မြက်ပြီး စီးပွားအရှာတော်တဲ့ မိန်းမတွေ အများကြီးရှိလာပြီတဲ့။ မင်းက စီးပွားမရှာ၊ မိန်းမက စီးပွားရှာဆိုရင်၊ မင်းက ဘာလုပ်မှာလဲ၊ အိမ်မှာ ထမင်းချက် အဝတ်လျှော်မှာ လား၊ ကလေးတော့ မင်းမွေးလို့မရဘူးပေါ့ကွာ၊ မိန်းမက မွေးရုံမွေးပေးပြီး ထွက်ရှာ ...

"မင်းက အိမ်မှာ အနီးလျှော်၊ နို့ဘူးတိုက်ပေါ့တဲ့။ အဲဒီလို ရက်ရက်စက်စက်ပြောမှ မခံချင်စိတ်ဖြစ်ပြီး Candle Light ကို ထင်ထောင်တာ။ တကယ့်အနုပညာသမား စစ်စစ် ပဲကွာ၊ စီးပွားရှာရမယ်ဆိုရင်တောင် အနုပညာနဲ့ပဲ ရှာချင်တယ် ဆိုတော့လေ ...။ Candle Light စတူဒီယို၊ Candle Light တီးဝိုင်း၊ အဲဒီကနေ တေးသံသွင်းဆိုင် ဖြန့်ချိရေးပေါ့၊ အဲဒါ က ပန်းခြံလမ်းမှာ ...

"Candle Lightလည်း သူ ကော်ဖီကြိုက်လို့ ဖွင့်တာတဲ့၊ အကင်ဆိုင်ကတော့ တွဲပြီးဖွင့်လိုက်တာ၊ စီးပွားရေးက ထလုပ်တော့လည်း အရည်အချင်းရှိတဲ့လူပဲ၊ အောင်မြင်တာပေါ့"

"တစ်နေ့တစ်နေ့ ... မြို့ထဲ ဖြန့်ချိရေးပြေးလိုက်၊ အိမ်ပြန်လာလိုက် လုပ်နေရမှာပေါ့နော်"

"လုပ်ရတာပေါ့။ သူ့အမေကိုလည်း ဥပုသ်နေ့တိုင်း ဘုရားပို့ပေးတယ်၊ ကားတစ်စီးနဲ့ လမ်းပေါ်ပြေးလွှားနေရတာပဲ၊ လူချစ်လူခင်လည်း ပေါတယ်၊ ပြီးတော့ ... သူတို့သားအမိနှစ်ယောက်လုံး စိတ်ဓာတ်တွေ သိပ်ကောင်းတယ်တဲ့။ လူတိုင်းချီးကျူးတယ် ...

"ငယ်ငယ်တုန်းကတော့ အပြောခံရတာပေါ့ ကျွန်းသားလိမ္မာ မဟုတ်လား။ စာကလေးကျက်လိုက်၊ အမေ့စကားနားထောင်လိုက်၊ ဆရာ ဆရာမတွေအကြိုက် နေလိုက်နဲ့ဆိုတော့ အပေါင်းအသင်းတွေ ကြားထဲမှာ ... ကိုမင်္ဂလာပေါ့။ ဒါမျိုးက ဒီလိုပဲ အပြောခံရပါတယ် ...

"သူ့သူငယ်ချင်းတွေက သူ့ကို ဗီဒီယိုထုတ်လုပ်ရေး ရှယ်ယာလုပ်ကြဖို့ ပြောသေးတယ်တဲ့။ နောက်ကျရင် ရုပ်ရှင်ကားကြီးတွေလည်း ရိုက်မယ်ပေါ့၊ ကုမ္ပဏီထောင်မယ်ပေါ့၊ သူက အနုပညာသမားမှလား၊ စိတ်ပါတယ်၊ သူ့အမေက ခွင့်မပြုလို့ မလုပ်တော့ဘူးတဲ့"

"သူ့အမေက ဘာဖြစ်လို့ ခွင့်မပြုတာတဲ့လဲ"

"ဒါတော့ မသိဘူး"

"အဲဒီလူကြီး ရည်းစားရှိလား မသိဘူး"

"ဒီအရွယ်ရောက်လို့ အမြီးမပေါက်ရင် ဘာမျောက်လဲ"



"မျောက်မြီးတိုဖြစ်ချင်ဖြစ်မှာပေါ့။ သူ့အမေနဲ့ မတည့်မှာစိုးလို့နေမှာပေါ့"

"လာ,လာ ... စပ်ကြတယ်ဆိုပဲ"

"ကျုပ်အိမ်ထောင်ကျလို့ သမီးမိန်းကလေးမွေးရင်၊ သိကြားမင်းရဲ့သား၊ လူ့ပြည်ဆင်းလာရင်တောင်၊ သွားမစပ်ဘူး"

"ဣန္ဒြေရှင်ပေါ့လေ။ တော်ပါပေတယ်"

"သွားမစပ်ဘူး ပြောတာက၊ တာဝတိံသာကို တစ်ခါတည်း ထည့်လိုက်မယ်လို့ပြောမလို့"

"သွား ... ဗရုတ်မ"

"ဟော့ ... ကျုပ်တို့ထဲမှာ ဘယ်သူ အရင်စွံမယ်ထင်လဲ"

"ခက္ကာပေါ့ ... မေးစရာလား။ သူက လက်ကိုင်ရှိနေတဲ့သူ"

"ကျုပ် နာမည်ကြီးထမင်းငတ်နဲ့ ကြာဦးမှာ၊ ကျုပ်တော့ ... ပန်းစကားလို့ ထင်တာပဲ"

"ထင်ရအောင် ကျုပ်မှာ မူးလို့တောင် ရှူစရာမရှိဘူး"

"ရှင်က ပယ်ချနေတာကိုး။ ရှင့်အမေ ကြည့်ရတာ၊ ရှင့်ကို မြင်ပြင်းကတ်လာပုံ ရတယ်နော်၊ တစ်ယောက်ယောက်နဲ့ နားချတော့မဲ့ပုံ"

"ကျုပ် ကြိုက်မှဖြစ်တာ"

"ရွှေဘုန်းခေါင်က ခုဆို ... ရှင့်အမေဆီတောင် ခြေဆန့်လာပြီဆို၊ ဟိုနေ့က အိမ်တစ်ခေါက်ရောက်တယ်ဆို၊ အန်တီဖို့ဆိုပြီး သြစတေးလျားပန်းသီးတွေ အလုံးနှစ်ဆယ်တောင် ဝယ်လာတယ်ဆို"

"အဲဒါ ... ချိတ်တွေ လာပို့တာပါဟာ"

"ရုံးခန်းလာပို့လည်း ရသားနဲ့"

"ကျုပ်တို့ အိမ်ဘက် လမ်းကြုံနေလို့"

"ရှင့်အမေအတွက်လည်း တစ်ထည် လက်ဆောင်ပေးသွားသေးတယ်ဆို"

"ကျုပ်တို့ဆီမှာ တင်တာ၊ သူ့ပစ္စည်း အရောင်းရတွင်ဖို့ မျက်နှာလုပ်သွားတာပါကွ၊ ဒါတွေဟာ စီးပွားရေးသမားတွေရဲ့ အကွက်အကွင်းလုပ်ရပ်တွေပါ"

"မှန်မှန်ပြောစမ်း ... ရှင် နည်းနည်းလေးမှ ရင်မခုန်ဘူးလား"

"လုံးဝပဲ။ ဘယ့်နှယ် ... ဒီမှာ အပျိုလေးယောက် ရှိတယ်၊ ခတ္တာ ဖယ်လိုက်ရင် ..."

"ကျုပ်လည်းဖယ်"

ရင်ခတ်က ယောက်ျားရှာပုံစံ ဝင်နေသလောက်မို့ မြန်မြန်ခါးခါးလေး ဝင်ငြင်း၏။

"ဒါဖြင့် ဖီဗဝါလည်း ကျန်သေးတာ၊ ဘယ့်နှယ် ကျုပ်ဆီချည်း တွန်းပို့လောက် ... လုပ်နေရတာတုံး"

"ဒါတော့ ... ရှင်က အလှဆုံးကို။ ကျုပ်တို့လို ဆံပင်ဖြစ်ကတတ်ဆန်းနဲ့ မဟုတ်ဘဲ၊ အပျိုကိုက်ကလေးဖမ်းပြီး ဆံထုံးနောက်တွဲမှာ ပန်းကလေး တစ်ပွင့်နှစ်ပွင့်ပန်လို့ ဆိုတော့ ရှင်နဲ့ပဲ စ,ရတာပေါ့"

"ကျုပ် ရင်ထဲမှာ မခုန်လိုက်တာများကြီး"

"ဒါဆို ... ဘယ်သူ့ ခုန်နေလဲ"

မျက်နှာတစ်ခုကို ဒိုင်းခနဲ မြင်ယောင်ကာ၊ ရင်ထဲမှာ ဝုန်းခနဲ ဆောင့်ခုန်သွားလေ၏။

"ဘယ်သူ့မှ မခုန်ဘူး၊ ကျုပ် ကုန်တိုက်အတွက်ပဲ ခုန်တယ်၊ တစ်နေ့ တစ်နေ့ ကုန်တိုက်ကြီးပွားတိုးတက်ရေးပဲ ခေါင်းထဲမှာ ရှိတယ်၊ မိန်းမတွေ တော်ကြတော့၊ မြင်းကမလှုပ် ခုံကလှုပ်တွေ ဖြစ်မနေနဲ့၊ ကိုယ့်ကို ဘာမှ ရိသဲ့သဲ့တောင် မပြောတဲ့ ယောက်ျားတစ်ယောက်အကြောင်းကို သူ့ကွယ်ရာမှာ စကားလုပ်ပြောနေကြတာကိုက ရှက်စရာကောင်းလှပြီ"

"လိမ္မာလိုက်တဲ့ ဣန္ဒြေရှင်လေးပါလား။ ရှင့်စကားတော့ ဟုတ်မယ် မထင်ပါဘူး၊ ရှင့်အမေ ပြောထားတာနေမှာပါ။ ရှင့်မှာ အသိဉာဏ် ဒီလောက် မရှိပါဘူး"

"အေး ..."

မေမေ ဆုံးမထားသည့် စကားမို့ မြန်မြန်ဝန်ခံပစ်လိုက်မှ သူတို့တွေ ကျေနပ်သွားကြလေတော့၏။

@ @ @

## ၁၀

ဟိုတလောက ... ဖျားသည့်နေ့က "ရွှေနှင့်ယိုးမှား" ၏ ဒိုင်ယာရီဆိုသော ဝတ္ထုဆန်ဆန် ဇာတ်လမ်းလိုလို ရေးထားသည့် စာအုပ်ကလေးကို ဖတ်မိပါသည်။ သို့ပေမဲ့ ... မပြီးဆုံးခဲ့ချေ။ ဖတ်စမှာ ရွှေနှင့်ယိုးမှားအပေါ် စိတ်နည်းနည်း မျက်တာလည်းပါ၏။

ကိုယ်ကတော့ သူ့ကို ခင်မင်နှစ်လိုခြင်းတွေ ဖြစ်ထွန်းရသည်။ ကိုယ်နှင့် သူနှင့် သက်တူရွယ်တူဆိုငြား၊ သူက ကလေးပုံစံဝင်လွန်းနေသည်။ နည်းနည်းကလေးမျှ ရင့်ကျက်မှုမရှိသေးသလို၊ လုပ်တာကိုင်တာကအစ၊ ဖြတ်စဗျင်းတောင်း ဆိုသလိုမို့ ကိုယ့်ထက်အငယ်လေးလို့ ညီမလေးလို သဘောထား လိုက်မိခဲ့သည်။ သူကတော့ နာမည်မှန်ကို ပြောခဲ့လည်းရငြား၊ နာမည်မှားကိုပြောလိုပြော၊ သိမ်းမထားပါရစေနဲ့ ငြင်းခဲ့သော စာအုပ်ကို ဖွတ်ထားလိုထားခဲ့မို့ နည်းနည်း မကြိုက်ချင်ဖြစ်မိသည်မို့ သူ့စာအုပ်ကို ဆုံးအောင် မဖတ်ဖြစ်ခဲ့ပါ။ ခုတလောကျတော့ "အမြဲစိမ်းသစ်တော" က ကိုယ့်ခေါင်းထဲသို့ ဝင်နေသည်။



အဖြူလေးဆမှာ ဖက်ဖူးနုတစ်ဆ ရောစပ်ထားသည့် ဆေးရောင်လို အသားမျိုး ..."ဆိုတာ၊ အမြဲစိမ်းသစ်တောတစ်အုပ်နဖူးပေါ် ကျရောက်နေသလို၊ မှောင်ပေမဲ့ စိမ်းသည့်မျက်ခုံး၊ စိမ်းမှောင်သော မျက်တောင်ရှည်တွေဟာ ကော့မနေဘဲ စင်းကျနေတာ ...။

ယောက်ျားတစ်ယောက်၏ အလှကို ဖွဲ့ရာတွင် "အစိမ်းနုရောင်" အမြဲပါနေသော အလှအပမျိုးကို ကိုယ်လည်း အပြင်မှာ တွေ့မြင်ရပြီမို့ ရွှေနှင့်ယိုးမှား၏ "အမြဲစိမ်းသစ်တော"နှင့် "အစိမ်းနုရောင်"တို့ကို ပြန်လည်စိတ်ဝင်စားမိကာ၊ သူ့စာအုပ်ကို ဆက်ဖတ်ဖို့ ဆုံးဖြတ်မိတော့၏။

ချစ်သူရေ ... အရမ်းတအားကြီးကို ချစ်ပါတယ်။

ဒါပေမဲ့ ... ချစ်သူက ကျွန်မကို မချစ်နိုင်ဘူးနော်။ ကျွန်မဟာ ချစ်သူခင်သူ ပါးရှားတဲ့ အကျည်းတန်မ တစ်ယောက်လည်း မဟုတ်ရပါဘူး။ ကမ္ဘာပေါ်မှာ ကျွန်မကို မချစ်တဲ့သူဆိုလို့ ရှင်တစ်ယောက်ပဲ ရှိပါလိမ့်မယ် ထင်ပါရဲ့ ချစ်သူရယ်။ ကျွန်မ အံ့သြတာပေါ့ရှင်။ ဒါပေမဲ့ ... ကျွန်မက မိန်းမသားလေ။

"ရှင် ... ကျွန်မကို မချစ်နိုင်ဘူးလား" ... လို့ မေးလို့ရတဲ့ အမျိုးအစားထဲမှာ ကျွန်မတို့မိန်းမသားတွေ မပါဘူး။

"ရှင့်ကို ကျွန်မ ချစ်နေမိပါပြီ" ... စတင်ဖွင့်ပြောခံလောက်အောင် သိက္ခာမဲ့ အရှက်မဲ့ မိန်းမသားထဲမှာ ကျွန်မ မပါဝင်ပါဘူး။

"ကျွန်မကို မချစ်နိုင်ခြင်းဟာ ... ရှင့်ညီကြောင့်လား၊ ရှင့်မှာ ချစ်ရမဲ့သူ ရှိနေလို့လား" ... လို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမေးမြန်းခွင့်မျိုး ကျွန်မမှာ မရှိပါဘူး။

တစ်နေ့တော့ ...

"ကိုကြီး ... ရွှေလေးက ငါ့ကို အရမ်းငြင်းနေတာ ဘာကြောင့်လို့ မင်း ထင်လဲ"

ကိုကြီးနဲ့ ကိုလေးဟာ သုံးနှစ်ကွာပေမဲ့၊ ကိုကြီးဟာ တကယ့် အစ်ကိုကြီးတစ်ယောက်ရဲ့ ရင့်ကျက်မှုမျိုးနဲ့ပေမဲ့၊ ကိုလေးကို ညီငယ်တစ်ယောက်လို အစစညှာတာသည်းခံခြင်းမျိုးနဲ့ ဆက်ဆံပေမဲ့၊ ကိုလေးကတော့ ... ဘယ်လိုမှ သင်မရ၊ မင်း ... ငါ ... နဲ့ပဲ ပြောခဲ့တာဟာ ငယ်ငယ်တုန်းကတည်းကအကျင့်။ ကိုလေး ... မင်းနဲ့ ငါနဲ့ ပြောတာကို၊ ကိုကြီးရဲ့ မိဘနှစ်ပါးဟာလည်း ကိုလေးကို ရိုက်နှက်ပြီးမှ မဆုံးမခဲ့တာ။ ကျွန်မမှာသာ ဆုံးမခွင့် ရှိရင်တော့ ကိုလေးရဲ့ တင်ပါးကို ဝါးစိမ်းခက်ကလေးနဲ့ ခပ်စပ်စပ်ကလေး ရိုက်ပြီးတော့ကို ဆုံးမမှာ။

"ပြောဦးမလား ... မင်းနဲ့ ငါနဲ့ ... ရှမ်း"

"ပြောဦးမလား ... မင်းနဲ့ ငါနဲ့ ... ရှမ်း"

နှစ်ကြိမ်ဆိုရင်တော့ လုံလောက်ပါပြီ။ သုံးကြိမ် မလိုပါဘူး။ ဒါပေမဲ့ ... မိဘတွေက အဲဒီလို မ"ရှမ်း"ခဲ့တော့၊ မင်းနဲ့ ငါနဲ့ပဲပေါ့လေ။

"သူ မကြိုက်လို့နေမှာပေါ့ကွာ"

"ငါ့မှာ မကြိုက်စရာ ဘာရှိလဲ"

"ဘာမှ မရှိတိုင်း၊ ကြိုက်ချင်မှ ကြိုက်မှာပေါ့"

"မင်းကိုများလား ကိုကြီး"



"ဟာ ... ကိုလေး၊ ညီအစ်ကိုချင်း စိတ်ဝမ်းကွဲမယ်များ မကြံနဲ့နော်၊ ရွှေလေးကို ငါ နည်းနည်းမှ စိတ်မဝင်စားဘူး"

နှစ်ခြံဟာ ... ခြံကြီးတွေ ကျယ်ဝန်းလှပေမဲ့၊ တစ်ခြံနဲ့တစ်ခြံက နှစ်ခြံတစ်ခြံဆိုသလို။ ကိုယ့်ခြံထဲကထွက်၊ လမ်းမပေါ်ရောက်၊ လျှောက်၊ သူ့ခြံထဲဝင်၊ အိမ်ထဲထိ အဝေးကြီးလျှောက် ဆိုတာမျိုးမှ လုပ်စရာမလိုတာ။ လိုအပ်လို့ လုပ်ရမယ်ဆိုရင်လည်း၊ ကိုယ့်အိမ်တံခါးဝ၊ ပြီးတော့ သူ့အိမ်တံခါး ဝ၊ လမ်းမပေါ်မှတစ်ဆင့် သူ့ခြံတံခါးဝ၊ ပြီးတော့ သူ့အိမ်တံခါးဝ ... ထိဆိုလျှင်၊ အနည်းဆုံးတော့ မိနစ်နှစ်ဆယ်လောက် လျှောက်ရမယ် ထင်တာပဲ၊ ပြေးမသွားဘူးဆိုရင်ပေါ့။ ခုတော့ ... မလွယ် ပေါက်တံခါးလေးနဲ့၊ ခြံကူးပေါက်ကလေး ရှိနေခြင်းဟာ အချိန်ကို ဆယ့်ငါးမိနစ်လောက် ချွေတာပြီးသား ဖြစ်သွားတော့တာလေ။ ကျွန်မကဖြင့် ခြံချင်းကူးဖို့အတွက် ငါးမိနစ်ဆိုတဲ့အချိန်ကို နေ့တိုင်းလည်း သုံးတယ်၊ တစ်နေ့တည်းမှာလည်း သုံးလေးကြိမ် သုံးတယ်၊ ကိုလေးလည်း ဘုတ္တူ။ ကျွန်မ လူမှန်းသိတတ်စ ကတည်းက၊ အဲဒီ ငါးမိနစ်ဆိုတဲ့ အချိန်ကို လုံးဝမသုံးသူဟာ "ကိုကြီး"။

ဒါကိုတော့ ... ကျွန်မ မေးဖို့ မြန်းဖို့ သိတတ်လာတဲ့ အချိန်မှာ၊ မေးရဲတဲ့ မေးခွန်းမို့ မေးခဲ့ဖူးတယ်နော် ... ချစ်သူ။

"ကိုကြီးက ကျွန်မတို့ ခြံဘက် ... ဘာလို့ မကူးတာလဲ၊ ကိုလေးနဲ့ ကျွန်မပဲ ကူးရတယ်"

"နင်တို့က ကလေးတွေ၊ ငါက လူကြီး၊ ဆင်ခြင်ရမယ်၊ အပျိုတစ်ယောက်ရှိနေတဲ့ ခြံထဲကို လူပျိုတစ်ယောက်က ခွပ်ခနဲ ခွပ်ခနဲ ကူးကူးသွားလို့ သင့်တော်ပါ့မလား"

"ကိုလေးကျတော့ရော"

"ဒီကောင်က အဲဒါကို မစဉ်းစားမိတာရယ်၊ နင့်ကို ကြိုက်နေတာရယ်၊ နှစ်ဖက်လူကြီး ကျေနပ်ကြည်ဖြူတာရယ်ဆိုတော့၊ ကူးကူးသွားတာပေါ့"

"အဲဒီနှစ်ဖက်မိဘဆိုတဲ့ ပုဂ္ဂိုလ်လေးဦးက ကျွန်မကို ကျေနပ်ကြည်ဖြူတာ ကိုလေးနဲ့မှတဲ့လား၊ အဲဒါ ဘာဖြစ်လို့လဲ"

ဒီမေးခွန်းဟာ မမေးသင့်ဘူးဆိုပြီး၊ အနုတ်လက္ခဏာ အုပ်စုထဲ ထည့်လို့လည်းရရဲ့၊ မေး ... ဘာဖြစ်လဲဆိုပြီး အပေါင်းလက္ခဏာအုပ်စုထဲ ထည့်လိုက်လို့လည်းရရဲ့မို့ ကျွန်မတော့ မေးချပစ်လိုက်တာပါပဲ ... နော် ... ချစ်သူ မှတ်မိသေးလား။

"ကိုလေးနဲ့ပဲပေါ့။ နင့်ကို ကိုလေးက ကြိုက်တာကိုး" ... တဲ့။

မေးချင်လိုက်တာ၊ လျှာကြီးယားနေတဲ့ မေးခွန်းကလေ ... ကိုကြီးကကျတော့ ကျွန်မကို မကြိုက်ဘူးလားလို့။ ကိုလေးတောင် ကြိုက်တာ ကိုကြီးက ဘာလို့ မကြိုက်တာလဲလို့။ ကိုလေး ကြိုက်နေပြီဆိုတာ အရင်ဆုံးလူသိနတ်ကြား ဖြစ်သွားလို့၊ နောက်ကျသွားရတဲ့အတွက် ကိုကြီးက ကျွန်မကို စွန့်လွှတ် အနစ်နာခံရှောင်ပေးလိုက်တာလားလို့။

ထားပါတော့ ... အဲဒါတွေ။

အဲဒီနေ့က ... ကျွန်မ ... ငါးမိနစ်ဆိုတဲ့ ခြကူးခြင်း အချိန်ကို နေ့တိုင်းလည်းသုံးရဲ့၊ တစ်နေ့မှာ သုံးလေးကြိမ်လည်း သုံးရဲ့ဆိုတဲ့ မူအတိုင်း၊ ကျွန်မကဖြင့် ကိုကြီး အိမ်ရှေ့ရောက်နေပြီး ဧည့်ခန်းမှာက ကိုကြီးနဲ့ ကိုလေး ထိုင်စကားပြောနေကြတာ။ ကျွန်မက ကိုယ်ကလေးပုပြီး ပြတင်းပေါက်နား သွားကပ်ချောင်း နားထောင်လို့ ကြားခဲ့ရတာ၊ အဲဒီပြတင်းပေါက်တွေ ဖောက်ထားတဲ့ နံရံမှာက —



ဒီဖာဆက်တီတွေ ကပ်ပြီး ချထားတာဆိုတော့၊ ကျွန်မ သဲကွဲစွာ ကြားရတာပေါ့ ချစ်သူရယ်။

"ဟာ ... ကိုလေး၊ ညီအစ်ကိုချင်း စိတ်ဝမ်းကွဲမယ်များ မကြံနဲ့နော်။ ရွှေလေးကို ငါ နည်းနည်းမှ စိတ်မဝင်စားဘူး" ... တဲ့။

ချစ်သူရယ် ... ရင်ညွန့်တည့်တည့်အရှိက်ကို ဆောင့်ကန်ခံလိုက်ရသလိုပါပဲ။ ရက်စက်လိုက်တာ။ ရှင့်ဆီမှာ အဲလောက် က်စက်နိုင်တဲ့ နှလုံးသား ရှိတယ်နော်။

"ဒါပေမဲ့ ... ရွှေလေး ငါ့ကို လက်မခံတာ၊ ငါ့စိတ်ထင်တော့ မင်းကို သူ စိတ်ဝင်စားနေတယ်"

"အဲဒါ ငါနဲ့ မဆိုင်ဘူး၊ ငါ့ဘက်ကတော့ လုံးဝ ရှင်းတယ်၊ ညီမလေးတစ်ယောက်လိုထက်၊ နှမ်းတစ်စေ့ မပိုဘူး"

"မင်းက ရွှေလေး ဒီလောက်လှတာ စိတ်မဝင်စားဘူးဆိုတာ ဖြစ်နိုင်ရဲ့လား၊ ငါ့ကို လျှော့ပေးနေတာမျိုးတော့ မဖြစ်စေနဲ့၊ ငါ့အပေါ် တစ်သက်လုံး ကောင်းခဲ့တဲ့ အစ်ကိုကို၊ ငါ့ဘက်က တစ်ခါတလေ လျှော့ဖူးတယ်ရှိအောင် လျှော့ပေးချင်စိတ် ရှိပါတယ်"

"လာအစ်မနေနဲ့ ကိုလေး၊ ငါက ကြိုက်နေပါတယ်ဆိုရင်၊ မင်းက ချက်ချင်း ထနိုးပြေးမဲ့ကောင်ပါကွာ။ အကြောင်းသိချင်းပုံလာမပြောနဲ့၊ ငါက တကယ် စိတ်မဝင်စားတာ။ မင်း ယုံအောင် ပြောလိုက်မယ်။ ငါ့မှာ ငါ့ကောင်မလေးနဲ့ ငါ"

ဒုတိယအကြိမ် ထိုးနှက်မှုက ပိုပြင်းထန်လို့ အရှိက်ကို မင်းကန်လိုက်သလားတောင် ထင်မိပါရဲ့။ ချစ်သူရယ် ... ကျွန်မ င်ဘတ်ကလေးဖိပြီး မျက်ရည်ပေါက်ခနဲ ကျပါတယ်။

"ဘယ်မှာလဲ၊ ငါလည်း မသိပါလား၊ တစ်ခါမှလည်း မတွေ့ဘူး၊ မင်းလည်း ဘယ်မှ မသွားဘူး၊ အိမ်ထဲမှာ အခန်းတံခါးပိတ်ပြီး ပန်းချီဆွဲနေတာပဲ တွေ့တာ"

"သူ့အပေါ်မှာ ချစ်တဲ့စိတ်တွေ ပြင်းထန်ပေါက်ကွဲလာတိုင်း ငါ့ရဲ့ ထွက်ပေါက်က ပန်းချီ ထဆွဲလိုက်တာပဲ။ သူ့ကို ငါ ဖွင့်မပြောရဲဘူး"

"မင်းလိုကောင်တောင် ဖွင့်မပြောရဲရလောက်အောင်၊ မင်း ကောင်မလေးက ဘယ်လောက် အဆင့်အတန်းမြင့်နေလို့လဲ သိကြားမင်းရဲ့ သမီးလား"

"ထားပါတော့ကွာ ... ငါ့ပျော့ညံ့ချက်နဲ့ငါလို့ပဲ။ ဒါပေမဲ့ မင်း ယုံအောင် သူ့ကို ငါ ပြမယ်၊ လူကိုယ်တိုင်ကိုတော့ ခဏ စောင့်ပြမယ်၊ ပြီးတော့ ငါ ဆွဲထားတဲ့ သူ့ရဲ့ ကိုယ် တစ်ပိုင်းပုံ၊ ပုံတူပန်းချီကား၊ မင်းကို ပြမယ်။ ငါ့မှာ သူ့ဓာတ်ပုံ မရှိဘူး၊ ဒါပေမဲ့ ငါ့မျက်စိသူငယ်အိမ်ထဲမှာ သူ့ပုံရိပ်ဟာ ဘယ်တော့မှ မပျက်အောင် စွဲနေတယ်။ ငါ အမြဲမြင်ယောင်တယ်။ ပုံစံထိုင်ပေးစရာ မလိုဘူး၊ ဓာတ်ပုံ မလိုဘူး၊ သူ့မျက်နှာကို စုတ်တစ်ချက်စာ မလွဲအောင် ငါ အလွတ်ဆွဲနိုင်တယ်။ မင်းကို ပြရင် ပန်းချီကားနဲ့ လူနဲ့ ယှဉ်ကြည့်ပေါ့" ... တဲ့။

ချစ်သူရယ် ... ကံကောင်းသူကဝေမကို မနာလိုလိုက် တာများနယ်နော်။

ချစ်သူဟာ ... ချစ်သူရဲ့ ချစ်သူကို၊ ကိုလေး မြင် အောင် ဘယ်လိုဝေးတစ်နေရာကနေ ပြခဲ့သလဲတော့ ကျွန်မ မသိ ဘူး။ ကျွန်မတော့ ထုံးစံအတိုင်း အလစ်ကို ချောင်း၊ ငါးမိနစ်ဆို



အချိန်ကိုသုံး၊ ခြံကူး၊ ကိုကြီး အခန်းထဲဝင်၊ များပြားလှစွာသော ကိုကြီး ဆွဲထားတဲ့ ပုံတွေထဲမှာ ကိုကြီးရဲ့ ချစ်သူပုံဟာ ဘယ်ပုံလဲလို့ ခမ်းစရာမလို။ ချစ်သူ ဆွဲထားတာက ရှုခင်းပုံတွေ၊ နိမိတ်ပုံပါတဲ့ ပန်းချီကားတွေ၊ တိုင်းရင်းသူ တိုင်းရင်းသားစုံတွဲ ပုံတွေကတစ်မျိုး၊ အဲဒါတွေထဲမှာ ကိုယ်တစ်ပိုင်းပုံနဲ့ မိန်းကလေးဆိုလို့ ဒီတစ်ပုံတည်း ပါလား၊ ဒါဟာ ... ကိုကြီးရဲ့ ချစ်သူပဲပေါ့။ ကျွန်မ ချစ်တဲ့သူက ချစ်နေသော သူ့ရဲ့ ပုံပဲပေါ့။

ကံကောင်းမ။ ကဝေမ။ ကိုကြီးကို ဘယ်လိုများ မြှူစားစီရင်လိုက်လေသဲ။

မှုန်းလိုက်တာ။ ပန်းချီကားမို့သာပေါ့နော်။ သက်ရှိ အင်္ဂါရှိလူတစ်ယောက်လုံးကြီးများ ငုတ်တုတ်ထိုင်နေတာသာ ဆိုရင်၊ ဒီးရာတုတ်တစ်ချောင်းနဲ့ ဆွဲပြီး ခေါင်းကို ရိုက်ခွဲပစ်မိမှာ အသေ အချာ။

အသိအမှတ်ပြုမပေးဘဲ မနေနိုင်တာက၊ အဲဒီပုံထဲက အမျိုးသမီးဟာ ကျွန်မထက် ပိုလှတယ် ဆိုတာပါပဲ။ ဒါပေမဲ့ ... ကျွန်မက ရွှေအဆင်းလေ။ ရွှေရောင်အသားပိုင်ရှင်လေ။ ဒီပုံရှင် မိန်းမသားဟာ ရုပ်ကလေး ဘယ်လောက်လှလှ၊ ကျွန်မရဲ့ ရွှေရောင် အသားကို မီနိုင်ပါ့မလား၊ ကျွန်မလို ဝင်းဝါအိစက်နူးညက်နေတဲ့ ရွှေရောင်အသားမျိုး သူ့မှာ ရှိပါ့မလား။ သူ ... အသား မည်းပါစေ။

ငယ်ငယ်ကတည်းက စိတ်ဓာတ်ခိုင်ကျည်၊ တည်ငြိမ် တတ်တဲ့ ချစ်သူရဲ့ ... ရှင့်ရင်ထဲက နှလုံးသားဟာ မိန်းမတစ်ယောက် အတွက် ဖြစ်နေပြီဆိုတာကို သိလိုက်ရချိန်ကစပြီး၊ ကျွန်မဟာ ဘဝကြီးတစ်ခုလုံး အမိုက်မှောင်မဲ့၊ ညှိုးရော်ခြောက်သွေ့၊ အထီးကျန် အိပ်မက်ထဲမှာ ကြမ္မာဆိုးတွေနဲ့ ရင်ဆိုင်ရသလို နေလို့လည်း

မပျော်၊ သေလို့လည်း မပျော်၊ ကျွန်မရဲ့ ကြီးစွာသော စိတ်ဒုက္ခအတွက် ကျွန်မ အသက်သေသွားရမယ်ဆိုရင်တောင် ကျွန်မရဲ့သေခြင်းဟာ အဲဒီစိတ်ဒုက္ခအတွက် ပေးလျော်ချေဖျက်ဖို့ မမီနိုင်သေးပါဘူး ချစ်သူရယ်။ သေခြင်းရဲ့ အခြားမဲ့မှာတောင် မကုန်ဆုံးနိုင်သေးတဲ့ စိတ်ဒုက္ခတွေကို ဆက်လက်ခံစားနေရဦးမှာပါ။

ချစ်သူရေ ... ရှင်ရဲ့ ချစ်သူဆိုတာကို မြင်ဖူးလိုက်ရတဲ့အချိန်မှာတော့၊ ကျွန်မ ဘယ်လိုမှ ယှဉ်ပြိုင်ရင်ဆိုင်ဖို့ မစွမ်းသာတော့ဘဲ လက်မြှောက်အရှုံးပေးလိုက်ဖို့ ဆုံးဖြတ်ချက် မချမီဘူးဆိုရင်တောင်၊ စိတ်ဓာတ်ကတော့ အလိုလို ကျသွားခဲ့ရပြီ။ ကဇေမ ... လို့ ခေါ်မိတဲ့အတွက် ခွင့်လွှတ်ပါ။ တောင်းပန်ပါတယ်။ အသားမည်းပါစေ ... လို့ တောင်းခဲ့တဲ့ဆုလည်း မပြည့်ဝပါဘူးရှင်။ ချစ်သူ ချစ်သော သူ့ကို ချစ်သူကတော့ ဘယ်ပြပေးပါ့မလဲ။ ကျွန်မနည်း ကျွန်မဟန်နဲ့ ကျွန်မဘာသာ စုံစမ်းပြီး မြင်ဖူးအောင် ကြည့်လိုက်မိခြင်းဟာ၊ ကျွန်မထံမှာ ကိန်းအောင်းမြဲ ရှိနေတဲ့ စိတ်ဆိုးစ်တ်ပုပ်၊ စိတ်ညစ်တွေကို ချေဖျက်ပေးလိုက်ဖို့ ဖြစ်သွားရတာပါပဲ။

သူမရဲ့ အသားရောင်ဟာ ရွှေရောင်မဟုတ်ပေမဲ့ သူလည်း သူ့အတိုင်းအတာနဲ့သူ ပတ္တမြားရဲရဲမှာ ပုလဲနှစ်များများဆန်းထားသလို၊ ပုလဲရောင်လည်း လက်ပါရဲ့၊ ပတ္တမြားသွေးလည်း ပြေးပါရဲ့ ဆိုသလို။ သူ တတ်ထားတဲ့ပညာ၊ သူ့အရည်အချင်း သူ့အောင်မြင်မှု ...။ သူဟာ ကျွန်မ ချစ်သူနဲ့မှ လိုက်ဖက်ထိုက်တန်သော၊ ကျွန်မ ချစ်သူလို အဖော်မျိုးနဲ့သာ ဘဝခရီးမှာ လက်တွဲသင့်သော ... သူတို့ချင်းချင်းသည်သာလျှင် နတ်ရေးတဲ့ဖူးစာဖြစ်သင့်သော၊ နေနှင့်လ ရွှေနှင့်မြဆိုသလို ...



ကျွန်မ အရှုံးပေးခဲ့ပါပြီ ချစ်သူရယ်။

ကျွန်မထက် တစ်ဖုံတစ်စလောက်သာလျှင်တောင်မှ ...ှဉ်ရရဲ့။ ခုတော့ ရှုထောင့်ပေါင်းစုံ ... အဘက်ဘက်မှာ ဘယ်ဘက် ...ကမှ ကျွန်မက လိုက်မီနိုင်ဖို့ ဝေးစွ၊ ယှဉ်တောင် မယှဉ်သာတဲ့ ...ာန်ဖိုးရှိ အမျိုးကောင်းသမီးတစ်ယောက်အပေါ်မှာ ကျွန်မ မုဒိတာ ...ားလိုက်ပါပြီ။ ကဝေမလို့ ခေါ်မိတာကိုလည်း ခွင့်လွှတ်ပါ။ ...ျွန်မ ... တောင်းပန်ခြင်းနည်းမျိုးစုံနဲ့ အရှုံးပေးခဲ့ပါတယ် ချစ်သူရယ်။

ချစ်သူရေ ... ရှင်လည်း အသိဉာဏ်ရှိသော ယောကျာ်း ...တစ်ယောက်။ ဘယ်မိန်းကလေးဟာ ကိုယ့်အပေါ် မဆွတ်ခင်က ...ွတ်နေသလဲ ဆိုတာ မသိဘဲ နေပါ့မလား။ ညွှတ်သော်လည်း ...ဆွတ်ခဲ့ဘူးနော်။ ယောကျာ်းတစ်ယောက်မှာလည်း ဂုဏ်သိက္ခာ ...ဆိုတာ တန်ဖိုးထားအပ်တာပဲ မဟုတ်လား၊ ကိုယ်က ယောကျာ်း ... အရှုံးမရှိဆိုတဲ့ ... ဖက်ပေါ်ဆူးကျလည်းဆူးမကျိုး၊ ဆူးပေါ် ...က်ကျလည်း ဆူးမကျိုးတဲ့၊ ဆူးရဲ့အခွင့်အရေးမျိုးကို လက်ကိုင် ...ားတတ်သူ ယောကျာ်းစုမျိုးတွေရဲ့ အလယ်မှာတော့ ကျွန်မ ...စ်သူဟာ ဂုဏ်သိက္ခာရှိတဲ့ သူရဲကောင်း တစ်ယောက်ပါပဲ။ သူရဲကောင်းတို့မည်သည် ... မျက်စိရှေ့ ကြွေကျသော သစ်သီးကို အလွယ်တကူ ကောက်ယူစားသုံးလေ့ မရှိ၊ ပင်ယံမြင့်မှ မှည့်ရွှမ်းသော အသီးကိုသာလျှင် ကိုယ်တိုင် စွမ်းအားထုတ်၍ စားသုံးရာ...တဲ့။

ချစ်သူရေ ... ချစ်သောသူနှင့် ကွေကွင်းရခြင်း ...ဆင်းရဲကို ကျွန်မ ခါးသီးစွာ ခံစားရပြီးတဲ့နောက်မှာ မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရခြင်း ဆိုတဲ့ ဆင်းရဲနောက်တစ်မျိုးကို ...ထပ်မံခံစားနိုင်ဖို့အတွက် ကျွန်မမှာ ဘဝတစ်ခုအပို၊ အသက်တစ်

ချောင်းအပို၊ နှလုံးသားအပိုတစ်ခုပါ ရှိမနေခဲ့ပါဘူး။ ဘာကြောင့်ဆို ... ချစ်သောသူနှင့် ကွေကွင်းရခြင်းဆင်းရဲကြောင့်၊ ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့ အသွေးအသားနဲ့အသက်၊ ကျွန်မရဲ့ နှလုံးသားတို့ဟာ အကြိမ်ကြိမ် သေဆုံးပြီး ဖြစ်နေလို့ပါပဲ။ အကြိမ်ကြိမ်သေဆုံးပြီးသား လူတစ်ယောက်ဟာ ထပ်မံသေဆုံးခြင်းကို ရင်ဆိုင်စရာ ဘာတစ်ခုမျှ လက်ကျန်မရှိတော့လို့ပါပဲ။

ကိုလေးကို လုံးဝ ငြင်းလိုက်ပြီ ချစ်သူရယ်။
ကိုကြီးကို လုံးဝ အရှုံးပေးခဲ့တယ် ချစ်သူရယ်။

အချစ်မဲ့၊ အနှစ်မဲ့၊ အဓိပ္ပာယ်မဲ့တဲ့ ကျွန်မရဲ့ ဘဝခြောက်သွေ့နွမ်းလျော်ကြီးကို ... "သက်တမ်း" ဆိုတာသုံ့ မြစ်တစ်စင်းဆီ၊ ကျွန်မ မျှောချလိုက်ပါတယ်။ တကယ်။ မျှောလိုရာမျော၊ လွင့်လိုရာလွင့်၊ ပင်လယ်ထဲထိပါပြီးပဲ လှိုင်းအပုတ်မှာကြေလိုကကြေ၊ သေလိုကသေ။ နှစ်မြုပ်ချင်သပဆိုလည်း ပင်လယ်ပြင်ရဲ့ အောက်ခြေအနက်ရှိုင်းဆုံးနေရာထိပေါ့ရှင်။

ချစ်သူရေ ... ရိုးသားခြင်း၊ ကြိုးစားခြင်း၊ ဘဝကိုခွဲလုံ ၁တို့ဖြင့် လျှောက်လှမ်းခြင်း၊ ကာ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ သုံးမျိုးမှာ ဉာဏ်နှင့် ဝီရိယကိုသာ ပို၍ အားကိုး စိုက်ထုတ်ခြင်းမိသားစုအတွက် သားကောင်း၊ သူငယ်ချင်းများအတွက် အဆွေမွန်ကောင်း၊ တပည့်လက်သားများအတွက် ဆရာသမားကောင်းလူ့လောကကြီးအတွက် သားကောင်းရတနာ၊ မိန်းမသားတွေအပေါ်မှာ ထိန်းသိမ်းအပ်သော ယောကျ်ားကောင်းတို့ရဲ့ ဟုဏ်သိက္ခာအဲဒီ အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့ လူကောင်းတစ်ယောက်လူတော်တစ်ယောက်ကို ချစ်ခဲ့မိတဲ့အတွက်တော့ ကျွန်မ နောင်တမရပါဘူး။



ခွင့်လွှတ်ပေးပါ ချစ်သူရေ။
ခွင့်လွှတ်ခဲ့ပါတယ် ချစ်သူရယ်။

❦ ❦ ❦

အိမ်ပြေးမလေး ရွှေနှင့်ယိုးမှာ (သူ့နာမည် ရွှေနှင့်ယိုးမှားပဲထားပါတော့) ဟာ ဒီခရီးမှာ အသက်မဆုံးရှုံးခဲ့ဘူး ဆိုရင်တောင် သူဟာ အိမ်ကိုတော့ မပြန်တော့မဲ့ ကောင်မလေးဖြစ်မှာပါ။ အိမ်ကနေ ... အသက်နှင့် ဆင်းသွားသည့် ကောင်မလေးရဲ့ကိုယ်ခန္ဓာရုပ်ကြွင်းကို၊ သူ့မိဘများက အိမ်သို့ ပြန်လည်သယ်ဆောင်သွားသောအခါမှာ အသက်ရှင်လျက်၊ အသက်နှင့်အတူ ပါမသွားခဲ့ရှာတော့ပါ။ အသက်နှင့်တော့ ... အိမ်ပေါ် ပြန်မတက်ဘူးဟူ၍များဆုတောင်းမှားခဲ့လေသလား။ ကောင်မလေး ချစ်ခင်စွဲလမ်းခဲ့သောသူအကြောင်းတွေ ဖတ်ရင်း "ခွန်းဆက်"ကိုပဲ မျက်စိထဲမှာ မြင်ယောင်နေမိသည်။ သို့ပေမဲ့ ... ခွန်းဆက်က တစ်ဦးတည်းသောသား၊ ကောင်မလေးရဲ့ ချစ်သူမှာက ညီတစ်ယောက် ရှိလေရဲ့ ... တဲ့။

ခွန်းဆက်သည် တွေ့မြင်လိုက်ရုံဖြင့် လူကောင်းတစ်ယောက်မှန်း သိသာလွန်း၏။ လူတော်တစ်ယောက်မှန်း သိသာလွန်း၏။ လူရည်မွန်တစ်ယောက်မှန်း သိသာလွန်း၏။ စိတ်ဓာတ်နိုင်ကျသော အနုပညာရှင်တစ်ယောက်ဖြစ်၏။ ပျူငှာဖော်ရွေတတ်ကာ သဘောသကာယ ကောင်းမွန်လျက် နှစ်လိုလေးစားဖွယ်သောယောကျ်ားကောင်းတစ်ယောက် ဖြစ်ကြောင်း သိသာထင်ရှားလွန်းပါ

သည်။ တစ်ဆက်တည်းမှာပင် ... ကောင်မလေးရဲ့ ချစ်သူ၊ မည်သူဆိုတာတောင် သိချင်စိတ်ပြင်းပြမိသေးသည်။ အဲသည်ချစ်သူနှင့်ခွန်းဆက် ... ဤယောက်ျားနှစ်ဦးကို ဘာကြောင့်များ နှိုင်းယှဉ်ကြည့်လိုစိတ် ဖြစ်မိပါလိမ့်။

သူငယ်ချင်းလေးယောက် ... ညနေစောင်းလေးတစ်ခုမှာ Candle Light သို့ သွားပြီး ကော်ဖီပြင်းရှလေး တစ်ခွက်စီသောက်ကြဦးမှ ထင်ပါရဲ့။

ဏ ဏ ဏ

ဗီဇဝါ ပြောတာ မှန်ပါသည်။

ရွှေဘုန်းခေါင်ဟာ ... လွှန်းရာကျော်ရိုတ်များ ပန်းစကားမှာ တင်ခွင့်ရပြီးသည့်နောက်ပိုင်းမှာ၊ ရုံးခန်းထိ တက်လာပြီး မှန်တွေ ဝယ်လာနိုင်သည်ထိ ခင်မင်ခွင့်ရပြီးသည့် နောက်ပိုင်း။ အောက်ဘက် အရောင်းကောင်တာတွေမှာ (အထူးသဖြင့် ကော့စမက်တစ်ကောင်တာ)အရောင်းစာရေးမလေးများ (အရောင်းစာရေးကလေးများနှင့်ဆို မေးပြောခေါ်ထူးသာသာရယ်၊ ရင်းနှီးမှု မရှိလှချေ)နှင့် တရင်းတနှီး လည်ပတ် နောက်ပြောင်ပြောဆိုရပြီး သည့်နောက်ပိုင်း ... အဲသည် နောက်ပိုင်းတွေမှာ၊ မိန်ုလီဇာမှနေ၍ လာမော့ကြည့်နေခြင်းအလုပ်ကို လုံးဝစွန့်လွှတ်လိုက်ပါသည်။

"ပန်းစကားပေါ်ထိ တက်လာခွင့်လည်းရရော၊ ပန်းဆိုင်ကနေ မော့ကြည့်တဲ့အလုပ်ကိုလည်း မေ့ပစ်လိုက်ရော"



"ရှင် အရင်တုန်းက မိန်ုလီဇာဖရော်ရာမှာ ရပ်ပြီး အပေါ်ကို မော့မော့ကြည့်နေတာ၊ ဘာလုပ်တာလဲလို့ ပြောင်ဖွင့်မေးကြည့်မလား"

"ရင်ခတ်ရယ် ... အလုပ်မရှိ အလုပ်ရှာကွယ်"

လေးယောက်ထဲမှာ ကျန်သုံးယောက်ဟာ ပန်းစကားသက် ပိုပြီး ကလေးဆန်ကြသည်။ ရင့်ကျက်မှု လျော့သည်။ ဆယ်ကျော်သက်ကလေးတွေလို လှုပ်ရှား ယိမ်းထိုးချင်စိတ်ကလေးတွေကိုယ်စီနှင့်ဖြစ်၏။

"ရှင်က အသက်ချင်းတူတူမှာ ဘာဖြစ်လို့၊ တစ်ယောက်တည်း ရွေးကွက်ပြီး လူကြီးဖြစ်နေရတာလဲ"

မေးလည်းမေးချင်စရာပါ။ ပန်းစကားဟာ သူတို့သက် စကားနည်းသည်။ အရယ်နည်းသည်။ မျက်နှာထားတင်းသည်။ တင်းသည်ဆိုတာထက် တည်သည်ဆိုလျှင် ပိုမှန်ပါသည်။ မာနကြီးသည့် အရိပ်အယောင်မျိုးကို မတွေ့ရသော်ငြား၊ လှုပ်ရှားယိမ်းထိုးခြင်း ကင်းတာတော့ အမှန်ပါ။ ပြောရလျှင် ... လူကြီးဆန်သည်ဟုပင်။ အားလုံးဟာ ဘိုကေသာသာ ဆံပင်ကလေး၊ ကုပ်ထောက်ဆံတိုလေးချင်းတူတူ၊ မည်သူမျှ တစ်ပတ်လျှိုထုံးလောက်အောင် ဆံပင်မရှည်ကြငြား၊ ပန်းကစကားမှလွဲ၍ ကျန်သုံးယောက်ဟာ ဆံပင်တိုကလေးများ တဝဲဝဲ တခါခါနှင့်ပင် ဖြစ်ပါလျက်၊ ပန်းစကားတစ်ဦးတည်းသာ ကုပ်ထောက်ဆံပင်လေးကို အုပ်လုံးသိမ်းလျက်သားရေကွင်းနှင့် စုစည်းပြီး ပိုက်ကလေး အုပ်၊ နည်းနည်းဆွဲဖွလိုက်ရုံနှင့် နောက်တွဲထုံးလေး ဖြစ်အောင် ပြင်ဆင်ပြီး၊ ပန်းကလေးပန်တတ်တာဖြစ်သည်။ ပန်းစကားသာလျှင် သူတို့ထဲမှာ "လူကြီးမလေး" ဖြစ်နေ၏။

"ရှင်က ခင္ဗ်ာလိုလည်း ပန်းမရူးဘဲနဲ့၊ ဘာဖြစ်လို့ နေ့တိုင်း ပန်းပန်တာလဲ"

"မေက ပန်းသိပ်ကြိုက်တယ်။ စိုက်လည်းစိုက်တယ်။ ဝါသနာကိုပါတာ။ သူ့ပန်းတွေ သူ့ဘာသာခူး၊ ဘုရားတင်၊ ဧည့်ခန်းမှာ ပန်းအိုးထိုး၊ ပြီးရင် တစ်ပွင့်လောက်တော့ ပန်လိုက်တာပဲ၊ ကျုပ်ကိုလည်း ငယ်ငယ်လေးကတည်းက ဆံပင်တိုလေးပေါ်မှာ ကလစ်နဲ့ ညှပ်ပြီး ပန်းပန်ပေးခဲ့တာ ...

"ပန်းပန်တာ အကျင့်လိုဖြစ်နေပြီ။ ပန်းမပန်ရရင်တောင် ကိုယ့်ရဲ့ ဝတ်စားဆင်ယင်မှုမှာ တစ်ခုခု လိုနေသလိုပဲ၊ ပန်းကလေးတစ်ပွင့်တော့ ပန်လိုက်ရမှ ပြည့်စုံသွားတယ်လို့ ခံစားရတယ်"

"ရှင့်အမေက ဥယျာဉ်မှူး ပန်းမခူးရဘူးဆိုတဲ့ စကားနဲ့ ဆန့်ကျင်နေပြီနော်။ ကျုပ်တို့ ကြားဖူးတာက၊ ပန်းစိုက်တဲ့သူတွေဟာ ကိုယ်စိုက်တဲ့ ပန်းဆို ... ခူးရမှာ အလွန်ဝန်လေးတာတဲ့။ ကျုပ်အမေလည်း ပန်းစိုက်တာ ဝါသနာပါတာပဲ။ အိမ်မှာလည်း စိုက်တာပဲ။ ခြံထဲမှာဆို ... ပန်းတွေကို မွေးနေတာ ...

"အဲဒါ ... ဘုရားညောင်ရေအိုးကပ်ဖို့ ပန်းကို ဈေးထဲက ဝယ်တယ်။ ကျုပ် နေ့တိုင်း ရင်ဘတ်မှာ ထိုးနေတဲ့ ပန်းတွေဟာ မေမေ ဈေးက ဝယ်ပေးတာများတယ်။ ကျုပ်ကလည်း ရှင့်လိုပေါ့။ ပန်းမပန်ရရင် မပြည့်စုံသလို၊ ရင်ဘတ်မှာ ပန်းမထိုးရရင် ကျုပ်ဟာ ကျုပ်မဟုတ်သလို ခံစားရတယ်"

"ထူးဆန်းသောအကျင့်စရိုက်ကြီးနှင့် မိန်းမများ ... လို့ စာတမ်းတောင် ဆင်ချင်လာပြီ"



ရင်ခတ်က မျက်လုံးပြူး၍ ဝင်ပြောၡ၏။

"တစ်ခါတလေများ ... ဘုရားပန်း လန်းနေလို့၊ မေမေ ဈေးမှာ ပန်းသွားမဝယ်တဲ့နေ့၊ ကျုပ်က မေမေ့ ပန်းတစ်ပွင့်လောက်များ ခူးပြီး ရင်ဘတ်မှာ ထိုးမိရင် မေမေဆိုတာ နမြောလွန်းလို့ ပြောမဆုံးဘူး။ ရှင့်အမေနဲ့တော့ ပြောင်းပြန်"

"ပန်းစိုက်တာချင်း တူတူတောင် စိတ်ဓာတ်မတူဘူးနော်"

"အဲဒါပြောတာပေါ့ ... ကျုပ်က ရွှေဘုန်းခေါင်နဲ့ ကိုခွန်းဆက်နဲ့ကို ယှဉ်ကြည့်နေတာ"

"ဟာ ... ပြောနေတဲ့ စကားလမ်းကြောင်းနဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးဆိုလည်း ... By the way ဘိုင်းသဘောပေါ့ကွာ"

"ကိုခွန်းဆက်ကျတော့ ကိုခွန်းဆက်လို့ ခေါ်ပြီး၊ ရွှေဘုန်းခေါင်ကျတော့ ကိုရွှေဘုန်းခေါင်လို့ မခေါ်ဖြစ်ဘူးကွ၊ သူတို့ချင်း အသက်တူချင်တူ၊ မတူရင်တောင် ရွှေဘုန်းခေါင်က နည်းနည်းကြီးနိုင်တယ်"

"ခင္ဗ်ာ ... ဦးသဝန်ကြောင်ကြီး သင်္ဂြိုဟ်တိုမယ်ဆိုလည်း တိုလောက်တယ်၊ ရှင်ဟာ ... သူစိမ်းယောကျ်ားအကြောင်းတွေ တော်တော်ပြောတယ်"

"ပန်းစကားရယ် ... ကျုပ်က ရှင့်အတွက်"

"ဘာရှင့်အတွက်လဲ ... ကျန်တဲ့ ..."

"ကျုပ်မပါဘူး"

ရင်ခတ်က ဒါမျိုးဆိုလျှင် အော်ဟစ်၍ ငြင်း၏။

"ဓိဇဝါ"

"လာမပြောနဲ့ ... ကုမုဒြာဖတ်ပြီးသား"

"ဟာ ... ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးလား ... မဆိုင်ရင်လည်း By the way"

ဇီဇဝါစကားကြောင့် ရယ်ဖြစ်ကြလေ၏။

"ရွှေဘုန်းခေါင်ဟာ အကြောင်းတစ်ခုခုကြောင့်၊ သိသိသာသာ ရောတာ ထင်ထင်ရှားရှားကြီး။ မိုနာလီဇာကနေ မော့ကြည့်နေခဲ့ဘူးတဲ့ သာဓကလည်း ရှိသေး။ ဘယ်သူပို့မှန်းမသိတဲ့ ပန်းစည်းကတော့ မရောက်လာတော့ဘူး"

"ကျုပ် ပြောပြီးပြီလေ ... ဖုန်းဆက်တဲ့ သူနဲ့ တစ်ယောက်တည်း။ ပန်းစည်းမပို့နဲ့တော့လို့ ပြောလိုက်တယ် ဆိုတာလေ"

"ဟုတ်ပြီ ... နိဂုံးတစ်ခု ဆွဲချုပ်လိုက်ရင်၊ ပန်းစည်းပို့၍ ဖုန်းဆက်သောသူဟာ ရွှေဘုန်းခေါင်ဖြစ်ဖို့ မများဘူးလား"

"မှန်ရန်ရာနှုန်း ခုနစ်ဆယ့်ငါး"

"အရေးထဲ ... မိုးလေဝသခန့်မှန်းရေးနဲ့ သွားရောပြန်ပြီ။ မိုးလေဝသက ရွာရန်ရာနှုန်းရှစ်ဆယ်ပါကွာ"

"ရွှေဘုန်းခေါင် ဖြစ်နိုင်ချေက၊ မှန်ရန် ရာနှုန်းခုနစ်ဆယ့်ငါး"

"ထားတော့ ... ဒီကတည်းက ရွှေဘုန်းခေါင်ဟာ ပန်းစကားလား၊ ဇီဇဝါလားဆိုတာ ထင်ရှားနေပြီ။ ကျုပ် အိမ်ကိုမှ ဖုန်းမဆက်တာ၊ ပယ်တဲ့စာရင်းထဲမှာ ကျုပ်ကိုပါ ထည့်ရင်၊ ပန်းစကားသည်သာလျှင် ပြိုင်ဘက်မရှိ ပန်းဝင်ကြောင်းပါ"

"အဲဒါတွေ မပြောကြပါနဲ့ဆိုကွယ် ... မိန်းကလေးတွေ ဖြစ်ပြီး၊ တစ်နေ့တစ်နေ့ ... သူစိမ်းယောက်ျားအကြောင်း ပြောနေကြတာ၊ သိက္ခာပိုင်းဆိုင်ရာ ထိခိုက်တယ်"



"ဟုတ်ကဲ့"

ပန်းစကားက လူကြီးလေသံနှင့် ပြောသည်မို့ ခေါင်းကလေးတွေ ကိုယ်စီ ညိတ်ကာ ပြိုင်တူ "ဟုတ်ကဲ့"လိုက်ကြ၏။

"ကဲ ... ကဲ ... ရွှေဘုန်းခေတ်အကြောင်း မပြောကြနဲ့ကွယ် တို့ရေ ... ကိုခွန်းဆက်အကြောင်း ပြောရအောင်"

"လုပ်ပြန်ပြီ"

"ကျုပ်တို့နဲ့ ဆိုင်တဲ့ကိစ္စ မဟုတ်ပါဘူး၊ သူ့အကြောင်း သပ်သပ်ပါ။ ကျုပ်တို့ သွားတဲ့နေ့က၊ မြို့ထဲပြခန်းက ပန်းချီကားတွေ ယူထားပြပါရောလား၊ ငါးကားလားပဲ"

"ဟုတ်တယ် ထင်တယ်"

"အဲဒါ ... ပြခန်းက ပြန်တောင်းလို့ ပြန်ပို့ရတယ်၊ နိုင်ငံခြားသားတစ်ယောက်က ဒေါ်လာနဲ့ ဝယ်တယ်တဲ့"

"သူက မရောင်းဘူးဆို"

"ရောင်းရန် မဟုတ်ပါဆိုတော့ ... ဖြတ်ဈေး မရှိဘူးပေါ့။ ဥပမာ ... ရောင်းမယ်ဆိုရင် ဒေါ်လာငါးရာ၊ ဒေါ်လာတစ်ထောင် စသဖြင့်ပေါ့ကွာ။ ရောင်းရန်မဟုတ်ဆိုတော့ ဝယ်သူက ဈေးပေးရတာပေါ့"

"ဘယ်နိုင်ငံကလဲ"

"ပြင်သစ်"

ခွန်းဆက်အကြောင်းကို ပြောဖြစ်တော့ ပန်းစကားနှင့် ခဏ္ဍာတို့ပဲ ပြောရသည်။ ဇီဇဝါနှင့် ရင်ခတ်တို့က မမြင်ဘူးကြသေးပါ။

"ပထမဆုံး ဒေါ်လာသုံးထောင်စပေးတယ်တဲ့"

"မရောင်းဘူး မဟုတ်လား"

"ကိုခွန်းဆက်က ပြခန်းမှာ မရှိဘူး၊ ရှိတဲ့သူတွေကပဲ မရောင်းဘူးဆိုတဲ့အကြောင်း ငြင်းရတာပေါ့။ အဲဒီ ပြင်သစ်က ပန်းချီဆရာ ခေါ်ပေးပါ၊ ကိုယ်တိုင် ပြောချင်တယ် ဖြစ်တာနဲ့၊ ဖုန်းဆက်ခေါ်ပေးရတယ်တဲ့"

"ရောင်းလိုက်လား"

"ဘာလို့ လောမလဲ မိပန်းရဲ့၊ အေးဆေးနားထောင်ပါလား"

"မပြောချင်နေ"

"သြော် ... ပြောချင်လို့ ပြောနေတဲ့ဥစ္စာ၊ မပြောချင်နေ ... ဆိုတော့၊ ကျုပ်က ဘာလုပ်ရမှာလဲ၊ ကျုပ်က ပြောချင်တယ်"

"ပြော ... ခင္ဗျာ၊ ကျုပ် နားထောင်နေတယ်။ ကျုပ် သတိထားမိတယ်သိလား၊ ပန်းစကားဟာ ကိုခွန်းဆက်အကြောင်းမို့ ပြောရင် မျက်နှာကြောပိုတင်းသွားသလားလို့။ ဒါဟာ ... အခြေခံ အကြောင်းတစ်ခုခု ရှိရမယ်၊ အမုန်းဓာတ်ခံလား၊ မြင်ပြင်းကတ်နေတာလား၊ ဒါမှမဟုတ် ..."

"တွေ့ကရာတွေ မပြောနဲ့နော်။ ဇီဇဝါနော် ..."

"ဘာလဲ ... ခေါင်းမှာ ပန်ထားတဲ့ပန်းနဲ့ ချွတ်ပေါက်လို့ကတော့ ဆက်ပြောမှာပဲ"

"ပြောချင်ပြောပေါ့၊ တွေ့ကရာတွေသာ မပြောနဲ့ပြောတာ။ ပန်ထားတဲ့ ပန်းနဲ့ ဘာလို့ ချွတ်ပေါက်ရမှာလဲ၊ ပေါက်ချင် ပေါက် ... အောက်ဆုံးထပ် စတောရှင်နာရီကောင်တာက စက္ကူဖိတဲ့ ဖန်လုံးတွေနဲ့ သွားယူပေါက်မှာပေါ့"

"ပြောချင်ပြောဝေါ့တဲ့။ ပြောချင်တယ်။ ပြောမယ်။ အမြင်ကတ်ဓာတ်ခံလား၊ အမြင်ကတ်ခြင်းရဲ့ ဆန့်ကျင်ဘက်ဓာတ်ခံလား၊ တစ်ခုခုပဲ"



"လွဲချက်က နာတယ်။ တစ်ခုမှ မဟုတ်ဘူး"

"လူတစ်ယောက်အပေါ်မှာ အမုန်းဓာတ်ခံ ရှိရင်လည်း၊ စိတ်ထဲက မကြိုက်တော့၊ သူ့နာမည်ကြားရုံနဲ့ မျက်နှာကြောတင်းတယ်။ မုန်းနေတာကိုး။ အမုန်းရဲ့ ဆန့်ကျင်ဘက် ... အဲ ... အမုန်းရဲ့ ဆန့်ကျင်ဘက် ... ဘာပါလိမ့်"

ပန်းစကားက စားပွဲပေါ်မှာ ရှိနေသော တစ်ရှူးဘူးနှင့် လှမ်းပေါက်လိုက်၏။ ဇီဇဝါ့ရင်ဘတ်သို့ မှန်သည်။

"အဲ ... ရင်ဘတ်တည့်တည့် လာမှန်တော့မှ သိသွားတယ်။ အမုန်းရဲ့ ဆန့်ကျင်ဘက်ဟာ အချစ်ဖြစ်ရမယ်။ သေချာတယ် အချစ်ပဲ"

ပန်းစကားက ဇီဇဝါကို ကျောခိုင်းနေပစ်လိုက်တော့သည်။

"အချစ်ဓာတ်ခံရှိရင် ... မျက်နှာလေးက ရှန်းလက်တောက်ပကြည်စင် ... နောက် ဘာရှိသေးလဲဟင် ... ပန်းစကား"

ရင်ခတ်က ဝင်စပြန်၏။ ပန်းစကားက မဖြေပါ။

"အဲဒါမျိုး ဖြစ်ရမှာပေါ့။ မျက်နှာကြော ဘယ်တင်းပါ့မလဲ ဇီရဲ့"

"တင်းတယ်၊ ဘာကြောင့် တင်းရသလဲ ဆိုတော့၊ အချစ်ဓာတ်ခံကြောင့်၊ ရင်ခတ့် ပြောသလို၊ မျက်နှာလေး ဝင်းပ ရှန်းလက်တောက်ပကြည်စင်သွားမှာ ကြောက်လို့ကို၊ ကြိုပြီး တင်းပစ်လိုက်တာ"

"ဟုတ်ပါ့မလား"

"ဟုတ်တာပေါ့ ... ခင္ဗျာကို ကြည့်။ ဒီလူကြီး မုန်းလိုက်တာ၊ မုန်းလိုက်တာနဲ့ သူ့ ပုတုပုတုကြီးကို ချစ်လိုက်တာ

တုန်လို့။ ဒါတောင် လူကြီးတွေ စပ်တာနော်၊ သူ့ဘာသာ ရှာထားတာဆိုရင် ဘယ်လိုနေမယ် မသိဘူး"

"ထားပါ ... ကျုပ်ကိုပဲ စ,စရာရှိတော့ ကျုပ်ပဲ ဝိုင်းပြောနေကြ။ ရှင်တို့ကျမှ ရှည်တောရှည်ဝေကြီးနဲ့ မတွေ့ပါစေနဲ့၊ ကျုပ့် ပုတုပုတုကြီးကို ကျုပ်ဘာသာ တုန်နေအောင်ပဲ ချစ်ချစ်၊ ခုန်ပေါက်ပြီးတော့ပဲ ချစ်ချစ်၊ ရှင်တို့ အပူပါသလား"

"မပူပါဘူး။ အပူမပါပါဘူး၊ ဘယ်တော့မှလဲ ပူဖို့စိတ်ကူးမရှိပါဘူး"

ခင္တာက လှမ်းထုလိုက်တော့ ဇီဇဝါ ကျောကော့၍ ရှောင်၏။

"ဇီ ပြောတာ ဟုတ်တယ်၊ ကိုခွန်းဆက်အကြောင်း ပြောရင်၊ ပန်းမျက်နှာထား ပြောင်းတယ်။ တင်းတဲ့ဘက် ရောက်ရောက်သွားတယ်။ မုန်းနေတာတော့ မဖြစ်နိုင်ဘူး"

"တော်ပါတော့ ခင္တာရယ် ... တို့တွေဟာ တစ်ယောက်နဲ့ ဒါမျိုးနဲ့ စကြရအောင်၊ ဆယ်ကျော်သက်တွေလည်း မဟုတ်တော့ပါဘူး၊ ခုနက ပန်းချီကား ရောင်းဖြစ်လား မရောင်းဖြစ်လားပဲ ဆက်ပြောပါ"

ပန်းစကားက ပြန်လှည့်လာပြီး မျက်ကြောပြေပြေလေးနဲ့ ပြော၏။

"အေးကွ ... သိပ်လေးစားစရာကောင်းတာကို ပြောမလို့ပါ။ ပြင်သစ်က ကိုခွန်းဆက်နဲ့ တွေ့တော့ ဒေါ်လာငါးထောင်ပေးတယ်။ နှစ်ကားရောင်းပါတဲ့"

"ငါးထောင်နှစ်ကား ... တစ်သောင်းဆိုတော့၊ သိန်းတစ်ရာလောက်ရှိမှာပေါ့နော်၊ ရောင်းလိုက်လား"



"တစ်ကားပဲ ရောင်းလိုက်တယ် ... ရောင်းပြီးတာနဲ့ ရန်ကုန်မှာရှိတဲ့ မိဘမဲ့ကလေးကျောင်းသုံးကျောင်းနဲ့ လှည်းကူးက မိဘမဲ့ကလေးကျောင်း၊ တစ်ကျောင်းကို လေးသိန်းစီ၊ ဘိုးဘွားရိပ်သာနဲ့ ဇီဝိတဒါနသံဃဆေးရုံကို လေးသိန်းစီ ... ကျန်တဲ့ နှစ်ဆယ့်ခြောက်သိန်းက ဘယ်ရွာမှာဆိုလဲ မူလတန်းကျောင်း ဆောက်ဖို့ မတည်အလှူတဲ့၊ တစ်ခါတည်း သွားလှူလိုက်တယ်"

"ကောင်းလိုက်တာ"

"ဈေးရလိုက်တာနော် ... ပန်းချီတစ်ကားကို မြန်မာငွေနဲ့ သိန်းငါးဆယ်တဲ့"

"လက်ရာကိုလည်း ကြိုက်လို့၊ ပြင်သစ်ကလည်း ပိုက်ဆံပေါလို့ ဝယ်သွားတာဖြစ်မှာပေါ့"

ပန်းစကား ရင်ထဲမှာ ပီတိတစ်မျိုး ခံစားရလေ၏။

"ရောင်းဖို့ရည်ရွယ်ချက် မရှိပေမဲ့၊ မြန်မာတစ်ယောက် ရေးဆွဲတဲ့ပန်းချီကားတစ်ချပ်၊ ပြင်သစ်ကို ရောက်သွားမယ်၊ ပြင်သစ်မှာ ... မြန်မာ ဆိုတာ ပြခွင့်ရမယ်၊ သူ့လုပ်အားနဲ့ရတဲ့ ... ဒီမနည်းမနော ပိုက်ဆံကို တစ်ချီတည်း လုံးခနဲ ခဲကနဲ လှူခွင့်ရတယ်။ အဲဒါကြောင့် ရောင်းတာတဲ့။ ရောင်းလို့ရတဲ့ ပိုက်ဆံအကုန်လုံးလည်း တစ်ခါတည်း လှူပစ်လိုက်တာ၊ လူသာခု နတ်သာခု ခေါ်ပဲဗျာ"

"ရှင် ဘယ်က ကြားလာတာလဲ၊ သက်ထားတို့ အဖွဲ့ပဲလား"

"မဟုတ်ဘူး၊ ကျုပ်က ... ရှင်တို့စကားနဲ့ ပြောရရင်၊ ပန်းရူးတင်မဟုတ်ဘူး၊ ပန်းချီလည်းရူးတော့၊ အဲဒီပန်းချီပြခန်းက

လှူတွေနဲ့ ခင်တောင်နေပြီ။ မနေ့ကပဲ ဦးသဝန်ကြောင်ကြီးနဲ့ နှစ်ယောက် ညနေဘက် ရောက်သွားတာ၊ ပန်းချီကားသစ်များ ထပ်ရောက်သေးလားလို့ သွားကြည့်တာ၊ အဲဒီမှာ ပြောလိုက်တာ"

သူတို့လေးယောက် တစ်ပတ်မှာ ... လှူခွဲ၍ တစ်ရက်စီ နားကြပါသည်။ မနေ့က ခင်ဗျာ နားရက်ဖြစ်၏။ ခင်ဗျာသည် သူ့"လှူ"ကြီးကို သူငယ်ချင်းတွေ ခေါ်သလို ဦးသဝန်ကြောင်ကြီးဟု ခေါ်နေတော့သည်။

"ကိုခွန်းဆက်နဲ့ တွေ့ခဲ့သေးလား"

"မတွေ့ခဲ့ဘူး၊ သူက အလုပ်က ခပ်များများရယ်၊ ဒီပြခန်းကို လာထိုင်နိုင်ဖို့ အချိန်လည်း သိပ်နည်းတယ်တဲ့"

"အိမ်မှာ ... ရိုဇလင်း ပြန်တော့၊ ရိုဇလင်း အကြောင်း ပြောရင်းနဲ့ ကိုခွန်းဆက်အကြောင်း ပြောဖြစ်သေးတယ်။ မေရဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ကိုခွန်းဆက်အမေနဲ့ ဆွေမျိုးနီးစပ်တော်တယ်တဲ့၊ မေက ကိုခွန်းဆက် အမေအကြောင်းကို ကြားဖူးတယ်တဲ့"

"ကြည့်စမ်း ... ဒါကို ခုမှ ပြောရလား"

"သိသိချင်း ဖုန်းထဆက်ပြောလောက်အောင် အရေးပါလို့လား"

"အင်း ... ပြောပါဦး၊ မြင်ဖူးသတဲ့လား"

"မေ့သူငယ်ချင်း ... သူငယ်ချင်းဆိုတာ ဆယ်တန်းတုန်းက သူငယ်ချင်း၊ အဲဒီသူငယ်ချင်းက ချမ်းတော့ချမ်းသာတယ်၊ ဆယ်တန်းမအောင်ဘဲ ကျခဲ့တာ၊ တက္ကသိုလ်ကို တွေ့ ပါမလာဘူးပေါ့ကွာ၊ အဲဒါဆိုတော့ ခဏခဏတော့ မတွေ့



ဖြစ်ဘူးပေါ့၊ တစ်ခါကျတော့ ... အဲဒီအိမ်မှာ ဘုရားကြွတယ်၊ သိတယ်မှလား တန်ခိုးကြီးဘုရားတွေအိမ်ကို ပင့်ကြတာ"

"သိတယ်"

"ကျုပ်လည်း ပါတယ်တဲ့။ ကျုပ်ကတော့ မသိလိုက်ဘူး၊ မေ့သူငယ်ချင်းရဲ့ သမီးတွေ တူမတွေနဲ့ တစ်ဝိုင်း၊ မေက လူကြီးဝိုင်းပေါ့၊ မေ့သူငယ်ချင်းက မိတ်ဆက်ပေးတယ်တဲ့၊ သူ့အစ်မဝမ်းကွဲ ဆိုလား၊ ညီမဝမ်းကွဲဆိုလား၊ မေ့တောင် နေပါပြီတဲ့၊ နာမည်လေး မှတ်မိနေတာ၊ နာမည်က လှလို့တဲ့"

"ဘယ်သူတဲ့လဲ"

"ဒေါ်ရွှေခွန်းရှိတဲ့"

"ဩော် ... လှရော လှလား"

"လှလည်း တအားလှလို့၊ နာမည်နဲ့ပါ တွဲပြီး မှတ်မိသွားတာတဲ့။ သူ့သား ခွန်းဆက်ဆိုတာ Candle light စတူဒီယိုတို့၊ တီးဝိုင်းတို့၊ တေးသံသွင်းတို့ ဖြန့်ချိရေးတို့ လုပ်တယ်ဆိုတာပြောတယ်တဲ့။ ခွန်းဆက်ဆိုတဲ့ နာမည်ကလည်း ခပ်ဆန်းဆန်းမို့ မှတ်မိနေတာတဲ့။ ကိုခွန်းဆက်က အဲဒီတုန်းက ပါတော့လာတယ် ...

"ဘယ်ရောက်နေမှန်း မသိလို့၊ သားကိုတော့ မတွေ့ခဲ့ရဘူး၊ အမေကတော့ ခုချိန်ထိ ... ထိရက်စရာမရှိအောင် လှတုန်းတဲ့။ ဟိုတစ်ညက ... ကိုခွန်းဆက် နောက်က ကားတစ်စင်းနဲ့ လိုက်ပို့တာလည်း မေ့ကို ပြောပြခဲ့တာလေ"

"သူ့အမေ အရှမ်းလှရဲ့သားနဲ့၊ ယောကျ်ားက ပစ်သွားတယ်ဆိုတော့ သနားစရာနော်"

"ဟော့ ... နောက်ထပ်ယူတဲ့ မိန်းမက သားနဲ့မှ ရွယ်တူဆို၊ အဲဒီမိန်းမလည်း ဘယ်လောက်လှမှန်းမှ မသိတာ။ သူ့အမေ နာမည်ရော သိလား၊ အဲဒီလူကြီးရော ချောလား မသိဘူး"

"စိတ်ချ ... တစ်ပတ်မကြာခင် သိရမယ်၊ သက်ထားတို့အဖွဲ့ ရှိတယ်"

"သိပ်ပေါ်တင်ကြီးတွေ လုပ်မနေနဲ့ဦး၊ ဒီမိန်းမအုပ်စုက ဒီယောကျ်ားတစ်ယောက်အကြောင်းကို လိုက်စုံစမ်းတယ် ဖြစ်နေဦးမယ်။ ကျုပ်တို့က ခင်မင်လေးစားစရာကောင်းတဲ့ လူအဖြစ်သာ သဘောထားတာ။ ဒါတောင် ... တစ်ခါတည်း တွေ့ဖူးတဲ့လူနဲ့ ဒီလောက်ခင်သွားစရာ မရှိဘူး၊ အဲဒီလူက အဲဒီညမှာ အရမ်းဖော်ရွေပျူငှာနေလို့"

"သူ ... ဒီလိုပဲ အလွန်ဖော်ရွေတယ်၊ လူချစ်လူခင် သိပ် ပေါတယ်လို့ ပြောပါတယ်။ လှူလိုက်ပုံလည်း ကြည့်ဦးလေ။ သာဓုခေါ်ချင်စရာ"

"ကျုပ်လည်း ကြားရတာ ပီတိဖြစ်တယ်"

"ခင္ဗ်ာ ... ကျုပ်တို့ပါ ခင်ချင်လာပြီ၊ မိတ်ဆက်ပေး"

"သီချင်း ကြိုက်တယ်။ အနည်းဆုံး သူ့ဆီကထုတ်တဲ့ သီချင်းစီဒီဖြစ်ဖြစ်၊ ဗီစီဒီဖြစ်ဖြစ် တစ်ချပ်နှစ်ချပ်ရ ... နည်း လား"

"ဩ ... ခင်ချင်တဲ့ ရည်ရွယ်ချက်ကလည်း တော်တော်မွန် မြတ်ရှာတာကိုး"

"အမေကို ဥပုသ်နေ့တိုင်း ဘုရားပို့တယ်ဆို ... ကျုပ်က အဲဒီအချက်ကို သိပ်သဘောကျတာ"



ရင်ခတ်သည်၊ သူတို့အုပ်စုထဲမှာ အမေဆိုမှအမေ၊ အဖေ့ထက် ဆယ်ဆသာတယ်ဟု ပေါ်တင်အော်ဟစ်ကာ အမေချစ် သမီး ဖြစ်ပါသည်။ အသက်သိပ်မကြီးသေးသည့် သူ့အမေကို၊ ခြေသည်း လက်သည်း ညှပ်ပေး၊ အားလျှင်အားသလို (ပြုစုခံရမည့်သူ က ပြုစုမခံချင်လို့လည်းမနေရ) အမေကို ပြုစုတတ်သူ ဖြစ်ပါသည်။

"ဟုတ်တယ်ကွ ... အဲဒီလူ လေးစားခင်မင်စရာကောင်းတာ တော့ အမှန်ပဲ။ ဒါပေမဲ့ ... ကျုပ်တို့က မိန်းမသားတွေလေ၊ တိုက်ဆိုင်မှုနဲ့ ခင်သွားတာက အရေးမကြီးဘူး၊ ခင်ချင်လို့ဆိုပြီး လိုက်မိတ်ဆက်ရအောင် သူက ရုပ်ရှင်မင်းသား အဆိုတော် လည်း မဟုတ်၊ ရုပ်ရှင်မင်းသား အဆိုတော်ဆိုရင်တောင် ...

"ကျုပ်တို့ ဒီအသက်အရွယ်နဲ့ ဒီအလုပ်ကို လုပ်ဖို့ မသင့်တော်တော့ဘူးနော်၊ မိန်းမတွေ ... စဉ်းစဉ်းစားစား လည်း လုပ်ကြဦး"

"ရွှေဘုန်းခေါင်ဆိုတဲ့ လူကတော့ စီးပွားရေးသမား သက်သက် ပဲနော်၊ သူ့ကြည့်ရတာ လူမှုရေး သိပ်စိတ်ဝင်စားပုံ မရဘူး။ ဟိုမှာ ဒီမှာ လှူတယ် ကြားဖူးကြလား"

"အဲဒါ ... ရှင်တို့ အပူလား"

"ဟုတ်ကဲ့ ... ကျွန်မတို့အပူ မဟုတ်ပါဘူး၊ ပူဖို့လည်း ရည်ရွယ်ချက် မရှိပါဘူး။ သန့်သန့်လေးတွေ"

"သွား ... ပြောလေ ကဲလေ"

"သန့်သန့်လေးပါဆို"

ရယ်သံလေးများ လွင့်ဝဲသွားရပြန်ပါ၏။

ဏ ဏ ဏ

## ၁၁

ပန်းစည်း ရောက်မလာတော့ပေမဲ့၊ ရက်ခြားဆိုသလို ဖုန်းဆက်နေတတ်ပါသေးသည်။ ရင်ခတ်က ... ဖုန်းဆက်သူနှင့် ပန်းစည်းပို့သူဟာ တစ်ဦးတည်းဆိုတာ သိပြီးကတည်းက၊ အဲဒါ ဟာ ရွှေဘုန်းခေါင်ပဲ ... ဟု အတိအကျ ပြော၏။

"စီးပွားရေးသမားဆိုတော့ ကပ်စေးကလည်းနည်းချင်သေးတာနေမှာပေါ့။ ဖုန်းတစ်ခါဆက်ရတာ ဘာအရေးလဲ၊ တစ်နာရီပြောရင်တောင် ဘယ်လောက်မှ မကျဘူး၊ ပန်းစည်းက ပေးရမယ်ကွ ... ခုနစ်ထောင် ရှစ်ထောင်ကျနိုင်တယ်၊ အဲဒါ နေ့စဉ်ရက်ဆက်ဆိုတော့ နမြောလာလို့နေမှာပေါ့"

ကွယ်ရာမှာ အတင်းလိုလို ပြောပေမဲ့ ... ရွှေဘုန်းခေါင်ကို သူတို့ သဘောကျကြပါသည်။ ရွှေဘုန်းခေါင်က ဆက်ဆံရေးညက်၏။ နိုင်ငံတကာ လှည့်လည်လာသည့် သဘော်အရာရှိဆိုတော့ လူမှုရေး၊ လူကဲခတ်ခြင်းနှင့် လူတစ်ယောက်ကို ဘယ်လိုပေါင်းရမလဲဆိုတာတွေ, ပြောစရာမရှိ ကျွမ်းကျင်ပြီးသားဖြစ်၏။ ဘာပဲဖြစ်ဖြစ် ... ရွှေဘုန်းခေါင်ကို မခင်မင်ပါဘူးဟု နေလို့မရပြောရင်းဆိုရင်း ဝေဖန်ရင်းကပင် ခင်မင်သွားရပြီ ဖြစ်ပါသည်။



"ကျုပ်တို့ သူငယ်ချင်းကို သဘောကျတဲ့ သူတွေများတဲ့ထဲမှာ၊ ဆန်ကာတင်ရွေးလိုက်ရင်၊ ရွှေဘုန်းခေါင်ကိုလည်း ထည့်လို့ရနိုင်ပါတယ်။ သူက ပညာရော၊ ဥစ္စာရော၊ အဝေါ်အသင်းဆန့်တာရော၊ ပြောစရာသိပ်မရှိဘူးကွ။ ရုပ်ရည်လည်း ချောတဲ့ထဲမှာပါတယ်"

ပန်းစကား ကွယ်ရာမှာ သူငယ်ချင်းသုံးယောက်၊ ပန်းစကားအကြောင်း ပြောကြလျှင်၊ သုံးယောက်မှာ နှစ်ယောက် (ဇဝါနှင့် ရင်ခတ်)တို့က ရွှေဘုန်းခေါင်ကို အမှတ်ပေးသည့်ဘက် ဖြစ်၏။

"အောက်ထပ်ဆောင်တာတွေမှာ သွားရောတာတော့ မကြိုက်ပါဘူးကွာ။ လူကြီး ... လူကြီးသိက္ခာနဲ့ မနေဘူး"

"ဒါတော့ ... သူက ပေါင်းကိုပေါင်းတတ်တာ"

"သူက ပန်းစကားကို ချစ်နေပါပြီလို့မှ မပြောတာ"

"မပြောရဲသေးလို့ဖြစ်မယ်၊ ပန်းစကားရဲ့ အရှိန်အဝါကလည်း မသေးတော့လေ ... တော်ရုံတန်ရုံ မပြောရဲကြဘူး၊ ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိဆိုသလို ... ပြောလိုက်မှ၊ မိတ်ဖြစ်ဆွေဖြစ် ခင်မင်မှုလေးတောင် ပျောက်သွားမှာစိုးတာလည်း ဖြစ်နိုင်တာပဲ"

"အသိသာကြီးပါ၊ ရွှေစွန်ညို ဘာလို့ဝဲသလဲဆိုတာ၊ ရွှေစွန်ညိုကြီးက ပန်းစကားရုံးခန်းထိ လာလာဝဲတာ၊ ဟိုဘက်ခန်းက ကောင်မလေးတွေတောင် အချောင်မုန့်စားရသေး"

"ပန်းစည်းအဖိုးတန်ကြီးကို အစကတည်းက မပေးရင်နေ၊ ပေးပြီးမှတော့၊ နေ့တိုင်းဆိုတော့ ဈေးကြီးတာနဲ့ ရုပ်ပစ်လိုက်တာကျတော့ ဘဝင်မကျပါဘူးကွာ"

"ဒါ့တော့ ... ပန်းစကားကလည်း မပေးနဲ့တော့လို့ ပြော လိုက်တာကို"

"မွေဘုန်းခေါင်က ဖွင့်ပြောရင် ပန်းစကားက လက်ခံမယ် ထင်လား"

"မထင်ဘူး"

ခတ္တာရင်ကော့၍ ပြော၏။

"လက်ခံစဉ်းစားနိုင်လောက်တဲ့ အရည်အချင်းတွေ ရှိတဲ့သူ ပဲဟာ"

"ပန်းစကားက အိမ်ထောင့်ရေးကို ခေါင်းထဲမသွင်းသေး တာ"

"ဟိုနေ့ကတော့ ပြောတယ်။ သူ့အမေက ... ပြောတယ်တဲ့။ သမီးကညာ အခါမလင့်စေနဲ့တဲ့၊ သမီး အသက်နှစ်ဆယ့်သုံး တောင် ပြည့်ပြီးသွားပြီ၊ သမီးမှာ ချစ်သူရှိပလားလို့ မေး တယ်တဲ့"

"ဟော ... ကျုပ် အတင်းပြောနေကြတာလား"

ပန်းစကားက နားစွန်နားဖျား ကြားလိုက်ရုံဖြင့် သူ့ အကြောင်း ပြောနေမှန်း သိလိုက်၏။ တကယ်တော့ ... ဒီနေ့က ပန်းစကား နားရမည့်နေ့ဖြစ်၏။ နားရမည့်နေ့မှာပဲ ရောက်လာ တာပေမဲ့၊ အိမ်မှာ နေ့လယ်စာ စားပြီးမှ လာတာမို့ မွန်းလွဲ တစ် နာရီလောက် ရှိပါပြီ။

"ဟိုး ... မလာတော့ဘူး ထင်တာ"

"မလာဘူးထင်လို့ အတင်းပြောနေကြတယ်ပေါ့"

"သြော် ... ရှင့်အမေပြောတဲ့အကြောင်း ပြောပြတာပါ"



ပန်းစကားက သူ့စားပွဲမှာ ဝင်ထိုင်တော့၊ ခတ္တာ စားပွဲမှာထိုင်နေသည့် သုံးယောက်လုံးက ပန်းစကား စားပွဲဆီ ရောက်လာ၏။

"တကယ်တော့ ... မေ အစိုးရိမ်ကြီးတာပါ"

ပန်းစကားတို့နှင့် ခြံနီးချင်း၊ ခြံချင်းကပ်နေထိုင်လာခဲ့ သော ကောင်လေးတစ်ယောက် ရှိသည်။ အဲဒီ ကောင်လေးဟာ တစ်ဦးတည်းသောသားတော့ မဟုတ်ပါ။ အစ်မသုံးယောက်အောက် မှ စတုတ္ထမြောက် အငယ်ဆုံးမို့၊ တစ်ဦးတည်းသောသားဟု သတ် မှတ်မည်ဆိုလည်း ရနိုင်သူဖြစ်၏။ အစ်မတွေက ပန်းစကားထက် ကြီးကြသည်။ ဒီကောင်လေးကမှ ပန်းစကားနှင့် ရွယ်တူမို့ သူငယ် တန်းမှစလို့ အတန်းတူခဲ့ကြ၏။

"အဲဒီကျော်ဇောမင်းဟာ ငယ်ငယ်ကတည်းက စာပျင်းတယ်။ ဉာဏ်ကထိုင်းတာ မဟုတ်ဘူး၊ အစ်မတွေ ဝိုင်းဖျက်နေတာ၊ စာမကျက်ချင်ဘူးဆိုလည်း ကိုယ်တော်ကငိုတယ်၊ ဘာမလုပ် ချင်လဲငို၊ ညာမလုပ်ချင်လဲငို၊ အားအားရှိငို၊ ဒီကောင် ငိုပလား ဆို ... အစ်မတွေကို အရင်နှာနပ်ရမလား ထင်ရတယ်၊ ဖြစ် တကီနေလိုက်ကြတာ ပျာယာကို ခတ်နေတာပဲ၊ ကျုပ်ဆို ... အဲဒီကောင်ကို လူမှန်းသိစကတည်းက ကြည့်မရခဲ့တာ"

ကျော်ဇောမင်းအကြောင်းကို သူငယ်ချင်းတွေလည်း ကြားဖူးနားဝ ရှိထားပါသည်။

ကျော်ဇောမင်းဟာ နာမည်က ခန့်ထည်သလောက်၊ လူက လူပျော့ဖြစ်လာသည်။ လူကသာ ပျော့တာ၊ မာနကျတော့ ကြီးသလားမမေးနှင့် ဆိုကထဲက။ သူဌေးသား ဖြစ်ရသည့်အထဲ၊ သားသမီးလေးယောက်ထဲမှာ သူက ပိုက်ဆံသုံးခွင့် အများဆုံးရသူ

မို့၊ သူ့ကို ကပ်ပွဲ့မြှောက်ပြီး ဝိုင်းစားနေကြသူတွေလည်း ရှိသည်။ သူ့ကားကို ကပ်စီး၊ သူ့မုန့်ဖိုး ဝိုင်းသုံး၊ သူ့အင်္ကျီတွေ ဘောင်းဘီတွေ ယူဝတ်၊ သူ့ကို မှီခိုပြီး လူလုပ်နေကြရသော သူငယ်ချင်းတွေက သူ့ကို ဘုရင်ခံလောက်နီးပါး မြှောက်ပင့်ထားကြသည်။

"အဲဒီကောင်က သူ့ကို ဝိုင်းမြှောက်နေတဲ့ သူငယ်ချင်းတွေ အပေါ်မှာ ကျေတော့ကျေပါရဲ့၊ အဲဒီလိုကျေရတဲ့ အတွက်ကို သိပ်မောက်မာတာ။ ဘေးလူ အမြင်ကတော်လောက်တယ်။ မာနရှိတဲ့ သူငယ်ချင်းတွေက ဘယ်ပေါင်းတော့မလဲ၊ ညှာ စားချင်တဲ့ အလကားကောင်တွေပဲ သူ့နားရှိတာပေါ့။ သူက သူငယ်ချင်းလို့လည်း သဘောမထားပါဘူး ...

"တပည့်တွေလိုပဲ၊ ဟေ့ကောင် ... ဟိုဟာလုပ်စမ်း၊ ဒီဟာလုပ်စမ်းနဲ့။ အဲဒါကို ခံနေပြီး အနားကပ်နေတယ် ဆိုကတည်းက၊ ဘေးနားကကောင်တွေရဲ့ အဆင့်အတန်းနဲ့ စိတ်ဓာတ်ဟာ ဘယ်လောက်သိမ်ဖျင်းနေမလဲ စဉ်းစားကြည့် ကွာ။ တစ်ခါကပေါ့၊ ကျုပ် ရှေ့မှာပဲ၊ ငဇောက ... ကျုပ် က သူ့ကို ငဇောလို့ ခေါ်တာ၊ ဒီလို ခေါ်ရင် သူ့အစ်မ တွေက ဆတ်ဆတ်ကိုခါနေတာ ...

"သူတို့ ခေါ်ပုံကကျတော့ ကိုဇောလေး ... တဲ့။ မုန်းတယ်ကွာ၊ တကယ်ပဲ ... သူ ကျုပ်ကို ပိုးရကောင်းမှန်း စသိလာတဲ့အချိန်ပေါ့၊ ကိုးတန်းဆယ်တန်းလောက် ရောက် ပြီ၊ ကျုပ်တို့ ခြံထဲကိုလေ ချောကလက်ပြားတွေ လေးငါး ပြား အကြီးကြီးတွေ Cadbury တွေ ထင်တာပဲ၊ သူငယ်ချင်း တစ်သိုက်နဲ့ ဝင်လာတာ၊ ပန်းစကား ... တဲ့။ နှင့်ဖို့ ချောက လက်တွေတဲ့ ...



"ကျုပ်က ... စားဖူးတယ်၊ လုံးဝ မကြိုက်လို့၊ နောက် ဘယ်တော့မှ မစားဘူးလို့ ဆုံးဖြတ်ထားတယ်လို့ ပြော လိုက်တယ်ကွာ ...။ အဲဒီတော့ ဘာလုပ်တယ်မှတ်လဲ၊ ဟေ့ ကောင်တွေ ... သူက စားဖူးတယ်တဲ့ကွ၊ မင်းတို့က မစား ဖူးဘူး မဟုတ်လား၊ ငါကျွေးမှ စားကြရမဲ့ကောင်တွေ၊ ရော့ ... ယူကြ တစ်ယောက်တစ်ပြားတဲ့ ...

"ပြီးတော့ ပြောသေးတယ် ... ကောင်းလား၊ ကြိုက် ကြလား၊ မင်းတို့ ဒါမျိုး စားဖူးဖို့ဝေးလို့ တွေ့ဖူးရဲ့လား၊ မြင်ဖူးရဲ့လား၊ ရှူဖူးရဲ့လား၊ အနံ့ခံဖူးရဲ့လား ... တဲ့"

"ဟား ... ဟား ..."

ပန်းစကားက နှာခေါင်းရှုံ့၍ ပြောတာကို သူငယ်ချင်း အုပ်စုက ဝိုင်းရယ်တော့သည်။

"ကျွေးပုံကို ပြောပါတယ်။ စားတဲ့ကောင်တွေကလည်း ဘာအပြောခံရခံရ စားရပြီးရော၊ စားတာပဲ။ အပြောခံတာ ပဲကွာ။ အံ့သြတယ်"

"သူ ... ဆယ်တန်းအောင်မလာတော့ဘူးမှလား"

"အင်းလေ ... ကိုးတန်းထိကတော့ ကျောင်းစစ်ဆိုတော့ ... သိတယ်မှလား၊ ကျောင်းအုပ်ဆရာကြီး လက်မှတ်နားက ကပ်အောင်တာ၊ Position ပိုဇီရှင်ဘိတ်ချီး၊ Moderation မိုဒရေးရှင်း ဘယ်နှဘာသာလုပ်ပြီး တင်ပေးထားရတယ် မသိဘူး။ ဆယ်တန်းရောက်တော့ ... ရမလားကွာ"

"ခုထိလည်း မအောင်ဘူးလား"

"အောင်ဘူး"

"ခု ... သူက ဘာဒုက္ခပေးတာလဲ"

"ပေးတာတော့မပြောနဲ့၊ ရှစ်တန်းလောက်ကတည်းက ပေးလာတဲ့ဒုက္ခ၊ ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်နီးပါးတောင် ရှိပြီ။ ခုနောက်ပိုင်းကျတော့ သူ့အမေကြီးက အိမ်မှာ လာတောင်းတာ"

"ငြင်းလိုက်တယ်မှလား"

"ငြင်းတာပေါ့"

"ပြီးရောပေါ့"

"မပြီးဘူး။ သူ့အမေကလည်း ... သူတို့ကုမ္ပဏီဟာ ကိုဇော်လေးအပိုင်ပါ။ သူတို့မှာ ခြံနဲ့တိုက်က သုံးခုလောက် ရှိတော့ ကျန်တဲ့နှစ်ခုသာ အစ်မသုံးယောက် ဝေမှာပါ။ အကြီးဆုံးတစ်ခုက ကိုဇော်လေး အပိုင်ပါပေါ့။ လူကြီးဘက်ကလှည့်ဝင်လည်း ငြင်းတာပဲ၊ ခုတော့ ... ကားတင်မယ်တို့၊ ခိုးပြေးမယ်တို့ ဖြစ်နေတယ်၊ မေမေက အဲဒါကို စိုးရိမ်တာ"

"အို ... ဥပဒေမရှိတာမှ မဟုတ်တာ"

"သူကားတင်ချင်ရအောင် ပန်းစကားက လမ်းမပေါ် လျှောက်နေတဲ့သူမှ မဟုတ်ဘဲ၊ သူ ခိုးတိုင်း ဘယ်သူက လိုက်မှာလဲ။ အေးလေ ..."

"ဒါပေမဲ့ ... လူကြီးကတော့ ပူတာပေါ့"

"အဲဒါကွာ ... ကျုပ်ကို ကြိုက်ရာလူတစ်ယောက် အမြန်ဆုံး ရွေးပေတော့တဲ့။ ငဇောရန် ကြောက်လို့ဟ"

"သူ့တော့ ကြောက်စရာမလိုပါဘူး၊ ဒါပေမဲ့ ... ရွေးတာကတော့ မမှားဘူး၊ ရွေးတော့ရွေးထားသင့်ပြီ။ ကျုပ်တို့အသက်တွေက နောက်ကျပြီလို့ ပြောလို့မရပေမဲ့၊ စောတယ်လည်း မဟုတ်တော့ဘူးလေ"



"ဒီ ... ရှင်က ခေါင်းညိတ်ဖို့ တဲတဲကလေး၊ ပြဿဒါး ရက်ရာဇာ ရွေးရုံကျန်တဲ့သူ ဆိုတော့"

ဇီဇဝါက တစ်ရက် နှစ်ရက်မဟုတ်တောင် တစ်ပတ်အတွင်းလောက်မှာ ခေါင်းညိတ်မည့်သူ အဆင်သင့် ရှိနေပါပြီ။ လူကြီးမိဘ သဘောတူသော လူကောင်းတစ်ယောက်ပဲ ဖြစ်၏။ ရင်ခတ်ကတော့ ယောကျ်ားတစ်ပိုင်းလိုမို့၊ ရွှေဘုန်းခေါင်ကို ပန်းစကားနှင့်ချည်း ဝိုင်းစနေကြခြင်းဖြစ်၏။

"ကျုပ် ... ဘယ်သူ့ကိုမှ မချစ်ဘူး"

"ဟုတ်လို့လားကွယ် ... မယုံပါဘူး"

"မယုံရင်ပြောလေ ... ကျုပ်က ဘယ်သူ့ကို ကြိတ်ကြိုက်နေလို့လဲ"

"ဘယ်သူမှန်း မသိလို့ ခက်နေတာပေါ့။ ရှင် ... ကိုယ်ပျောက်ပုဂ္ဂိုလ်၊ ရုပ်မမြင်အသံကြားကို စိတ်မဝင်စားဘူးလားပြော"

"မဝင်စားပေါင်"

"ဟုတ်လို့လား မယ်ပန်းရယ်။ အဲဒီအကြောင်းများ ပြောရင်၊ ရှင့်ရဲ့ တောက်ပြောင်တဲ့ မျက်ဝန်းကလေးတွေဟာ တလက်လက်ဖြာလာပြီး ပါးပြင်ပေါ်မှာဆို ... ပန်းနုရောင် ရက်သွေးကလေးများ ဖြတ်ပြေးလို့"

"သွား ... ဟုတ်လည်းမဟုတ်ဘဲနဲ့"

ပန်းစကားက မျက်နှာကြီး ဖျင်းခနဲ ပူသွားရသည်။ အဲသည် အသံဟာ ပန်းစကားကို ရင်ခုန်အောင် စွမ်းဆောင်နိုင်ခဲ့ဘာ မငြင်းနိုင်ပေ။ ပန်းစည်းတွေ ရတုန်းကလည်း တမြတ်တနိုးရှိခဲ့ပါသည်။ ရင်ကလေး တလှိုက်ဖိုဖိုနှင့်၊ လူမသိ သူမသိ ရှက်

သွေးဖြာရပါသည်။ ဖုန်းထဲက အသံဟာ၊ ကိုယ့်ကို ဆွဲဆောင်နိုင်စွမ်း၊ ရင်ခုန်နိုင်စွမ်း မရှိခဲ့ပါလျှင်၊ ကိုယ့်ရဲ့ အိပ်ပျက်ညကလေးများကို မဖန်တီးနိုင်ခဲ့ဘူးဆိုလျှင်၊ အဲဒီဖုန်းကို၊ စကားအပြန်အလှန်လက်ခံပြီး ပြောနေဖို့ ဘာအကြောင်းမျှ မရှိတော့ပါ။ ဖုန်းမလာသည့်ရက်တွေမှာ မျှော်ရပါသည်။ အသံကြားရချိန်မှာ ကျေနပ်ခြင်းပီတိတစ်မျိုး ခံစားရပါသည်။ နေ့တစ်နေ့၏ နောက်ဆုံးအချိန်၊ မအိပ်စက်မီ အချိန်ပိုင်းကလေးမှာ အဲသည် အသံကို ကြားလိုက်ရမှ တစ်နေ့တာဘဝ ပြီးပြည့်စုံသွားသလို ခံစားရပါသည်။ ဒီလိုဖြစ်ရအောင် ... ကိုယ်ဟာ ဆယ်ကျော်သက်လေးလည်း မဟုတ်ပါ။ ဒီလိုဖြစ်ရသည့်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ဆိုးပါသည်။ ရှက်စိတ်လည်း မွန်ရပါသည်။ သို့ပေမဲ့ ... အချိန်တန်လျှင် ရင်က လေးတဖိုဖို မျှော်လင့်မိသည်ပင်။

ဖုန်းသံမကြားရသော ညများမှာ နာရီတွေ နောက်ဆုတ်ကုန်ကြသလို၊ အိပ်ပျော်ချိန် အလွန်နောက်ကျလျက်၊ အိပ်ပျက်ညတစ်ခု ဖြစ်ထွန်းရမြဲ။ ကိုယ့်ခံစားချက်ဟာ အဓိပ္ပာယ်မဲ့နေတာကိုလည်း မသိမဟုတ် သိနေတာပင်။ တစ်ဖက်လူဟာ စိတ်ပါလက်ပါ မဟုတ်ဘဲ၊ စားကောင်းအိပ်ပျော်ရုံဆိုသလို နောက်ပြောင်ကျီစယ်နေတာရော မဖြစ်နိုင်ဘူးလား ... ဟု ကိုယ့်ကိုယ်ကိုယ်လည်း အကြိမ်ကြိမ် သတိပေးဆုံးမပြီးပါပြီ။ အသိခေါက်ခက် အဝင်နက်ဆိုသလို၊ အချိန်တန်တော့လည်း မျှော်မြဲ၊ မကြားရတော့ အိပ်ပျက်ညကြားရတော့ ပီတိစား၊ လိုလိုလားလား ပြန်ပြောမိသည့် စကားတွေထဲမှာတော့ ကိုယ့်သိက္ခာကလေး ကိုယ်ဆယ်ရင်း၊ သူ့အပေါ် တမာန်မဲမဲ၊ ခပ်တင်းတင်းကလေး ပြောရတာကိုပင်၊ ရင်ထဲမှာလည်း ကျေနပ်၊ အားလည်းအားနာ၊ စိတ်ဆိုသွားမှာလည်း စိုးရိမ်



သေး ...။ ကိုယ်တစ်ယောက်တည်း ဗျာများရတာကို မည်သူသိသိမသိ၊ ကိုယ့်ဘာသာ သိခဲ့ပါ၏။

"ဖုန်းဆက်နေတဲ့သူဟာ ရွှေဘုန်းခေါင် ဖြစ်နေပါပြီတဲ့။ လက်ခံစဉ်းစားမှာလား"

ဇီဇဝါက တိတိကျကျ မေးလာ၏။ အဲသည်လိုဆိုပြန်တော့လည်း ရင်ထဲမှာ ဘာကိုမှန်းမသိ ဘဝင်မကျသလိုလို၊ ရွှေဘုန်းခေါင်ဟာ ရုပ်ရည်၊ ပညာ၊ စီးပွားဥစ္စာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ လူမှုဆက်ဆံရေး ဘာတစ်ခုမျှ အပြစ်ဆိုစရာ မရှိပါ။ သုံးလေးငါးလဆိုသလို ခင်မင်ရင်းနှီးစွာ ဆက်ဆံဖူးပြီမို့ သူ့အကြောင်း၊ သူ့မိသားစုအကြောင်းတွေလည်း သိသင့်သလောက် သိထားပါပြီ။ မနှစ်မြို့ဖွယ် မရှိပါ။ မနှစ်မြို့တာ၊ မကြည်ဖြူတာ မဟုတ်ပေမဲ့ ရင်ထဲမှာ ရှင်းလင်းကြည်စင်ပြီး သူနှင့် ပတ်သက် လျှင် ခံစားမှုဗလာနှင့် ကိုယ့် ရင်ခွင်ဟာ ရေခဲစိမ်ထားသလို အေးစက်စက်နိုင်လှတော့၏။

"သူ့ကို ကျုပ် ရင်မခုန်ဘူး"

ခပ်ရှင်းရှင်း ပြောချလိုက်၏။

"မတော်တဆ ... ကိုယ်ပျောက်ပုဂ္ဂိုလ်၊ ရုပ်မမြင် အသံကြားဟာ ရွှေဘုန်းခေါင်အစစ် ဖြစ်နေရင်တော့ တော်တော်မလွယ်တဲ့ ပြဿနာပဲ"

"ဘာဖြစ်လို့လဲ"

"အသံကို ရင်ခုန်တယ်၊ လူတစ်ယောက်လုံးကြီးကို ရင်မခုန်ဘူးဆိုတော့၊ ချစ်သူတွေရယ်လို့ ဖြစ်လာရင်တောင်၊ ပုဆိုးခြုံပြီး စကားပြောနိုင်းမှ ရင်ခုန်သံ ကြားရတော့မှာပဲ"

"အသံကို ရင်ခုန်တယ်လို့၊ ရှင့်ကို ဘယ်သူက ဝန်ခံထားလို့လဲ ရွှေရင်ခတ်ရဲ့"

"ကျုပ်တို့လေးယောက် ပေါင်းလာတာ ကြာပြီ။ တစ်ယောက်ရဲ့ ခံစားမှုကို ကာယကံရှင် ဖွင့်ပြောမှ နောက်တစ်ယောက်က သိကြေးလားကွယ်။ မယ်ပန်းရဲ့။ ရှင့်နှုတ်ခမ်းလှလှလေး နည်းနည်းပွင့်ရုံနဲ့ ခြေမထိ မြင်တယ်နော်"

"သွား ... ကြဲကြဲဖန်ဖန်"

"ဟော ... ရှူး တိုးတိုး၊ အခန်းတံခါးဝနားမှာ ရုပ်မြင်ကြီး ကြွလာပြီ။ အသံမပါပါစေနဲ့"

အားလုံး လှည့်ကြည့်လိုက်သည့်အခါမှာ မှန်တံခါးကို တွန်းဖွင့်နေသူက ရွှေဘုန်းခေါင်ပါ။

"မိုနာလီဇာဆိုင်ရှေ့မှာ တွေ့လို့ ဝယ်လာခဲ့တယ်။ ခင်ဗျားတို့ကြိုက်မှာပဲဆိုပြီး ..."

ပလတ်စတစ်အိတ်ကြည်ထဲမှာ ငှက်ပျောဖက်ကို မြင်လိုက်ရကတည်းက၊ ငှက်ပျောဖက်ထဲမှာ သဇင်ပန်းတွေမှန်း သိလိုက်ကြပါသည်။ ပန်းဆို ခတ္တာက သူနှင့်သာ ဆိုင်သလို သူ့လက်နှင့် အရင်ဆုံး ထိရမှမို့၊ သူပဲ သားရေကွင်းကို ဖြုတ်လေ၏။

"မင်္ဂလာဆောင်မဲ့ သတို့သမီးက ဆံထုံးမှာလည်း ပန်တယ်၊ လက်ကိုင်ပန်းမှာလည်း သဇင်ထည့်ပေးပါဆိုလို့ ခေါင်ခက်တွေချည်း နှစ်ရာမှာလိုက်တာ၊ အခက်ငါးဆယ် ပိုတယ်၊ ယူချင်ယူဆိုလို့"

"အားပါး ... လှလိုက်တဲ့ သဇင်တွေပါလား"



မိန်းမသားမို့ ယောကျ်ားလျာ တစ်ပိုင်းပါ ဆိုသည့် ရင်ခတ်တောင် မနေနိုင်တော့။ စင်စစ် ... ရင်ခတ်ဟာ ယောကျ်ားစိတ်ပေါက်နေတာတော့ မဟုတ်ပါ။ သူဟာ မိန်းမသားစိတ်ဓာတ် စစ်စစ်နှင့်ပါပဲ။ သို့ပေမဲ့ ... အစ်ကိုရင်းတွေ တစ်ဝမ်းကွဲအစ်ကိုတွေ လေးငါးဆယ်ယောက်ကြားထဲမှာ တစ်ဦးတည်းသော မိန်းမသားမို့ ငယ်ငယ်ကတည်းက ယောကျ်ားလိုဆော့၊ ယောကျ်ားလိုဝတ်ကာ၊ အမူအရာ ခပ်ကြမ်းကြမ်းနှင့် အလှပြင်လိုစိတ် မရှိသော မိန်းမသားဖြစ်နေခြင်းပင်။ ပြီးတော့ ... သူ့ခမျာလေးက အသားညိုရှာသည်။ လေးယောက်တည်းမှာ မလှဆုံးမို့ (သူကတော့ သူ့ကိုယ်သူ အရုပ်ဆိုးသည်ဟုတောင် ဝန်ခံထားပါသည်) ပြင်နေလည်း၊ သူများတွေထက် ညံ့နေမဲ့တူတူ၊ ပြင်ဆင်မနေတော့ပါဘူးဟု နေလိုက်ခြင်း ဖြစ်ပါသည်။

ယောကျ်ား (ဆွေမျိုးထဲမှာ) တွေနှင့်သာ အပေါင်းများသည်မို့ အစ်ကိုတွေ မောင်တွေအကြောင်းကိုလည်း နောကြေအောင် သိလျက်၊ ယောကျ်ားများရဲ့၊ "အဆိုး"ဆိုလည်း သူ အသိဆုံး။၊ "အကောင်း"ဆိုလည်း သူ အသိဆုံး၊ နောက်ဆုံးမှာ ... သူ့ကိုယ်သူ မိန်းမသားတစ်ယောက်အဲဖြစ် အလှပြင်လိုစိတ် လုံးဝ ပျောက်သွားသည်မို့ ယောကျ်ားလျာတစ်ပိုင်းလို သဘောထားရခြင်းဖြစ်သည်။

"ကျုပ်တစ်သက် ... ဘယ်တော့မှ ယောကျ်ားမယူဘူး"

အဲသည်လို ပြောလျှင် သူငယ်ချင်းတွေက ဝိုင်းရယ်၏။

"ဒါဖြင့် ... မိန်းမယူမှာလား"

သည်လိုမေးလျှင် ရင်ခတ် အလွန်စိတ်ဆိုးသည်။

"ကျုပ် ယောက်ျားလျာ မဟုတ်ဘူး။ မိန်းမစစ်စစ်။ ယောက်ျား မယူဘူးဆိုတာက ယောက်ျားတွေနဲ့ အပေါင်း များတော့ ယောက်ျားတွေအကြောင်း နောကြေနေလို့ စိတ်ပျက်တာ။ တစ်သက်လုံး မျက်စိဒေါက်ထောက်ကြည့် လိုက်ကြ။ အပျိုကြီး လုပ်မှာ။ အပျိုကြီးမို့လို့ဆိုပြီး ရှင်တို့ ကလေးတွေများ လာ ထိုးထည့်မယ်လည်း စိတ်မကူးနဲ့ ...

"ကိုယ့်ဘာသာတောင် ဒုက္ခမခံနိုင်လို့ အပူမရှာတာ။ ရှင်တို့ အပူကို ယူပြီး ဒုက္ခခံမပေးနိုင်ဘူး၊ ရင်ခတ်ဆိုတာ ဘဝမှာ သခင်မရှာဘူး၊ မိဖုရားလုပ်ဖို့ စိတ်ကူးမရှိဘူး ကျုပ်ကိုယ်တိုင် ဘုရင်မ။ ကိုယ့်မင်းကိုယ့်ချင်း၊ ဘယ်သူ့ ကျွန်မှ မဟုတ်ဘူး"

အဲသည်လို ပြောထားသည့် ရင်ခတ်လည်း သခင်ပန် တွေ ဝိုင်းလုတဲ့အထဲမှာ ပါ၏။

"ဟော ... မလုကြနဲ့လေ။ ကလေးတွေလား၊ ဝေယူပါ"

ရွှေဘုန်းခေါင်က လှူကြီးလေသံနှင့် တရင်းတနှီးဆို၏။

"ရှင်က အခက်ငါးဆယ်ဝယ်လာတော့ ငါးဆယ်ကို လေးနဲ့ စားတာ မပြတ်ဘူးရှင့်"

"ခင်ဗျားတို့သုံးယောက်က ဆယ့်နှစ်ခက်စီယူ၊ ပန်းစကားက ဆယ့်လေးခက် ယူလိုက်ပေါ့"

"ဩ ... ရှင် ဝေခြမ်းပုံက တရားမျှတရာတယ်"

"ဆယ့်တစ်ခက်စီ ယူလိုက်ရင်၊ ခြောက်ခက် ပိုမယ်၊ ဟိုဘက် က ကောင်မလေး သုံးယောက်ကို နှစ်ခက်စီ ပေးလိုက်မယ် မကောင်းဘူးလား။ ကောင်းတယ်"



ဇီဇဝါက သူ့ဘာသာ အဆိုသွင်း၊ ထော်က်ခံ၊ အတည် ပြုပြီး၊ သခင်ခြောက်ခက် ယူကာ ဟိုဘက်ခန်းသို့ ကူးသွားတော့ သည်။ ရွှေဘုန်းခေတ်က ဇီဇဝါကို ကြည့်ကာ ရယ်နေ၏။

"အားလုံး ကျေနပ်တယ်မှုလား"

"တော်ပါပေတယ် ဉာဏ်ကြီးရှင်"

ဇီဇဝါက ပြန်ရောက်လာပြီး၊ ရွှေဘုန်းခေါင်အတွက် ကော်ဖီ ဖျော်တိုက်လေ၏။

"ဦးရွှေဘုန်းခေါင်ရေ ... ကျွန်မကတော့ သိချင်တာ မမေးရရင် အသည်းထဲက တယားယားနဲ့ မေးချင်နေတာ ကြာပြီ"

ဇီဇဝါ့စကားကြောင့် ကျန်သုံးယောက် မျက်လုံးက လေးတွေ ပြူးလေ၏။

"ဟာ ... ဘာဖြစ်လို့ တံတောင်နဲ့ လာတွက်ရတာလဲ၊ ပဌမ နံရိုးကို ထိသွားပြီ နာလိုက်တာ"

"သေပါလား"

ရင်ခတ်က တံတောင်နှင့် တွက်၍ မသိမသာ တားတာ ပေါ်သွားသည်မို့ ရွှေဘုန်းခေါင်က ခပ်တိုးတိုး ဆက်ရယ်၏။

"မေးပါ ... ရပါတယ်၊ ကျွန်တော်လည်း မေးမလို့"

"ဒါဖြင့် ... ရှင် အရင်မေး"

"ဇီဇဝါ အရင်မေးပါ"

"ရှင်ပဲ မေးပါ"

"ဪ ... ဒီလကုန်ရင်၊ လွန်းသုံးရာချိတ်ကို ဈေးနည်းနည်း မြင့်ချင်တယ်။ ပိုးချည်ခင်ဈေးတွေ တက်လို့ပါ၊ အဲဒါ ဖြစ် မလားလို့ပါ၊ မတိုင်ပင်ဘဲနဲ့ ဈေးမဖြတ်လိုက်ချင်ဘူး"

"အမယ်လေး ... ဒါများ၊ ရှင် တင်ချင်သလောက်တင်။ ဈေးကြီးလို့ ဝယ်သူ မရှိရင်၊ ရှင်က မရောင်းရဘူး၊ ကျွန်မတို့က ကော်မရှင်မရဘူး။ အရေးကြီးတာက ... ပန်းစကားကုန်တိုက်မှာတင်တဲ့ ဈေးဟာ ဗိုလ်ချုပ်ဈေးဆိုင်တွေမှာ ရောင်းနေတဲ့ ဈေးထက် အနည်းဆုံး တစ်ရာနှစ်ရာတော့ လျှော့ချင်တယ်။ ဟုတ်တယ်လေ၊ တစ်ထည်ဆို ... ငါးသောင်းခြောက်သောင်း အနည်းဆုံးဆိုတော့လေ"

"ဗိုလ်ချုပ်ဈေး ဆိုင်တွေထက် နှစ်ရာ့ငါးဆယ် လျှော့မပေးမယ်"

"ရပြီ ဒါဆို။ ရှင် ဖြတ်ချင်တဲ့ဈေးသာဖြတ်။ ပြီးပလား၊ ဘာမေးဦးမလဲ"

"ပြီးပြီ"

"သူ့ပစ္စည်း ဈေးတင်ချင်တာနဲ့ သဇင်ပန်း လာဘ်ထိုးတာကိုး၊ ခုမှ သိတယ်"

"အဲဒါ စီးပွားရေးသမားတွေရဲ့ အမူအကျင့်ပဲ။ မသိရင် မှတ်ထားလိုက်ဦး"

"ရှင့်ဆီကရတဲ့ပုညာတွေ များပါပြီ"

ရွှေဘုန်းခေါင်နှင့်က အဲဒီလောက်ထိ ရင်းနှီးကြပါပြီ။

"ကဲ ... မေးလေ။ ဘာမေးမလို့လဲ"

"ရှင် မှန်မှန်ဖြေနော်"

"လိုအပ်ရင် ညာတတ်ဖြီးတတ်တာတော့ ကျွန်တော့် စီးပွားရေးရဲ့ သော့ချက်ပဲ"

"ခုဟာက စီးပွားရေး မဟုတ်ဘူးရှင့်"

"မေးကြည့်လေ"



"လွန်ခဲ့သော ... သုံးလေးလလောက်က ... ရှင်ဟာ မိုနာလီစာဖလော်ရာကနေ၊ ဒီကုန်တိုက်ကြီးကို လာလာမှော့ကြည့်နေတာ ဘာလုပ်တာလဲ။ ဘာအဓိပ္ပာယ်လဲ။ အဲဒါ သိချင်တယ်"

ရွှေဘုန်းခေါင်က သဲ့သဲ့ရယ်၏။

"အဲဒါ ... ကျွန်တော့် ကိုယ်ရေးကိုယ်တာပါ။ စီးပွားရေးနဲ့ မပတ်သက်ပါဘူး"

"ရှင့်ကိုယ်ရေးကိုယ်တာက ဘယ်အထပ်မှာမို့ မျက်စိတစ်ဆုံး မှော့မှော့ကြည့်နေရတာလဲ"

"ခင်ဗျားတို့ ကုန်တိုက်က ဘေးနံရံမှာ အုတ်ထရံမှ မကာဘဲ။ အောက်ထပ်တစ်ထပ်တည်းသာ အုတ်နံရံ။ ပထမထပ်က စပြီး သံပိုက်လုံးနဲ့ မှန်နဲ့ ကာထားတော့ အထပ်ထဲမှာ သွားလာလှုပ်ရှားနေတဲ့ သူတွေကို တွေ့နေရတယ်"

"ရှင် ဘယ်အထပ်ကို ကြည့်တာလဲ"

"ဘယ်အထပ်မှာ တွေ့မလဲ လို့ ကြည့်တာ"

"ဘယ်အထပ်မှာ တွေ့လဲ"

"အဲဒီမေးခွန်း ကျွန်တော် မဖြေပါဘူး"

ဒီတစ်ကြိမ်မှာတော့ ... ရွှေဘုန်းခေါင်မှာ အပျော်မျက်နှာပျောက်၍ ခပ်တည်တည် ပြောလေ၏။

"ဘယ်သူ့ကို ကြည့်တာလဲ"

"အဲဒီမေးခွန်းလည်း ကျွန်တော် မဖြေပါဘူး"

"ရေမွှေးပုလင်း တမင်ခွဲတာလား"

"မဟုတ်ဘူး၊ သူ့ဘာသာ လွတ်ကျတာ"

"နှုတ်ခမ်းနီတောင် ချိုးတာကျတော့ရော"

"နှုတ်ခမ်းနီတောင့်ကို ပြန်သွင်းပြီးပြီမှတ်လို့ အဖုံးပိတ်ချလိုက်တာ"

"ရှင်နဲ့ ရေမွှေး၊ ရှင်နဲ့ နှုတ်ခမ်းနီတောင့် ... ဘာမှလဲ မဆိုင်ပါလား"

"ကျွန်တော်ကလည်း ဆိုင်တယ်လို့ မပြောမိပါလား"

"ရှင့် လုပ်ရပ်တွေကို မရိုးသားဘူးလို့ ကျွန်မတို့က ယူဆတယ်"

ရွှေဘုန်းခေါင် မျက်နှာတင်းစပြုသည်။ ဖြေသည့်အဖြေက နည်းနည်းပါးပါး မာရေကျောရေ ဖြစ်လာသည်မို့ ဇီဇဝါကလည်း မျက်နှာပျက်လေ၏။ မေးခွန်းမေးသူနှင့် ဖြေသူတို့ နှစ်ဦးကြားမှာ တင်းမာမှုက သိသိသာသာ ဖြစ်ထွန်းတော့၏။ ဒါကို ... ပန်းစကားနှင့်တကွ ကျန်နှစ်ယောက်ပါ "တော်ပါတော့ပါ" ဆိုတာမျိုးနှင့် ဝင်ဖြင်ဖို့ မည်သူ့မှာမှ စိတ်ကူးမရှိပါ။ တကယ်တမ်း ဖြစ်လာလျှင် ဇီဇဝါဘက်မှ ဝိုင်းကူဖို့ကိုပဲ စဉ်းစားထားကြသည်။ သူတို့လေးဦးဟာ လေးယောက်တည်း ဆိုလျှင်သာ ငြင်းကြခုန်ကြရင်း ရန်ဖြစ်လုနီးပါးသို့လည်း ရောက်ချင်ရောက်သည်။ သူများနှင့် ဖြစ်ပြီဆိုလျှင်တော့ ကိုယ့်လူမှားချင်မှား၊ မှန်ချင်မှန်၊ ကိုယ့်လူဘက်ကချည်း ရပ်မြဲ ဖြစ်လေ၏။

"မကောင်းတဲ့ ရည်ရွယ်ချက်တော့ မပါဘူး။ ကျွန်တော်က ကိုယ့်ကိုယ်ရေးကိုယ်တာ လှုပ်ရှားတာ ခင်ဗျားတို့အမြင်မှာ ရိုးသားချင်ရိုးသားမယ်၊ မရိုးသားဘူးလို့ မြင်ချင်လည်း မြင်မယ်၊ ကျွန်တော် မဖြေရှင်းပါဘူး၊ တစ်စုံတစ်ယောက် ထိခိုက်နစ်နာစေဖို့ဆိုတဲ့ ဆန္ဒမျိုး လုံးဝမပါတာတော့ အမှန်ပဲ"



"ရှင်ကလည်း ပွင့်ပွင့်လင်းလင်း မဖြေဘူး၊ ဝေ့လည်ကြောင်ပတ်နဲ့"

"ကိုယ်ရေးကိုယ်တာမို့ မဖြေပါဘူးလို့ ပြောပြီးပြီပဲ"

"ဥပမာ ရှင် ... ဒီကုန်တိုက်ကို အနုကြမ်းစီးချင်လို့ ရှင့်အမြင်ကနေ လေ့လာတာလို့ ကျွန်မတို့က ထင်ရင်ရော"

"ထင်တယ် ဆိုတာ ကိုယ်ပိုင်အခွင့်အရေးပဲ။ ထင်ချင်သလို ထင်နိုင်ပါတယ်"

"ဒီလိုဆိုးဆိုးဝါးဝါးကြီး ထင်ပြီဆိုရင်၊ ရှင်က မဟုတ်ကြောင်း ငြင်းပါလား"

"ငြင်းခိုင်းကတည်းက၊ ခင်ဗျားရဲ့ စွပ်စွဲချက်ဟာ အမှားကြီးဆိုတာ ခင်ဗျား ကိုယ်တိုင်လည်း လက်ခံပြီးသား ဖြစ်နေပြီ။ ကျွန်တော် ဘာငြင်းစရာလိုတော့မလဲ"

"ရှင်နဲ့ စကားပြောရတာ အဆင်ကို မပြေဘူး"

"ကျွန်တော်လည်း မေးခွန်းထုတ်ခံရတာ အဆင်ကိုမပြေဘူး"

"လူကြီးလူကောင်း တစ်ယောက်ပဲရှင်၊ ပွင့်ပွင့်လင်းလင်းပေါ့။ လူကြီးလူကောင်းဆိုတဲ့ သူတွေမှာ လူသိမခံချင်တဲ့၊ လူသိမခံနိုင်တဲ့ လျှို့ဝှက်ချက် မရှိတတ်ဘူး"

"ကျွန်တော့်မှာလည်း မရှိပါဘူး။ ဒါပေမဲ့ ... ကျွန်တော် လူကြီးလူကောင်းပါ ခင်ဗျာလို့လည်း မပြောမိပါလား"

ဇီဇဝါက မျက်နှာတင်းတင်းနှင့်ပင်၊ ပန်းစကား စားပွဲမှ ထွက်သွားကာ သူ့စားပွဲ သူ့ သွားပြန်ထိုင်လိုက်၏။ စိတ်ဆိုးသွားတာကို သိသိသာသာပြသည်။ ရွှေဘုန်းခေါင်က ပခုံးကိုတွန့်၍ လက်နှစ်ဖက် စုံခါ၏။

"ကျွန်တော် ဒီနေ့ ကံမကောင်းဘူး"

ဒီစကားကိုတော့ ပြုံး၍ ပြောပါသည်။

"လကုန်လောက်မှ လာတော့မယ်၊ ဒီတစ်ခေါက် စစ်ကိုင်းကို ကိုယ်တိုင် သွားစရာရှိလို့ တစ်ပတ်ဆယ်ရက်တော့ ကြာမယ်"

ပန်းစကား စားပွဲမှာ ထိုင်ဆဲဖြစ်သော ပန်းစကား၊ ရင်ခတ်နှင့် ခတ္တာတို့ကို တစ်ယောက်ချင်းစီ စေ့အောင်ကြည့်၊ ပြုံးပြီးမှ ကိုယ်ကို လှည့်ကာ ...

"မဇီဇဝါ ... ပြန်ဦးမယ်"

ဟု နာမည်တပ်ခေါ်၍ နှုတ်ဆက်၏။

"ပြန်သင့်တာ ကြာပြီ"

ဇီဇဝါက သိပ်သည်းခံတတ်သူ မဟုတ်သည်မို့ ခပ်စူးစူးပဲ (အားမနာစွာ) ပြောလိုက်တော့သည်။

ကော ကော ကော

ရွှေဘုန်းခေါင်သည် တစ်ပတ်ပြည့်အောင် မရောက်ဘဲ နေတတ်သူမဟုတ်ပါ။ ဒီတစ်ခေါက်ကတော့ တစ်ပတ်ဆယ်ရက် ကြာမည်ဟု ပြောသွားသည်အတိုင်း၊ ရောက်ရှိမလာပါ။

တယ်လီဖုန်းသံက ရက်ခြားမှ ညတိုင်းပြန်ဖြစ်လာသည်။ စကားပြောရာတွင် တဖြည်းဖြည်း ရင်းနှီးမှုပြလာ၏။

"ပန်းစကား ... ကျွန်တော် ဒီနေ့ အရမ်းပျော်နေတယ် သိလား"

ဖုန်းထဲမှ သူ့အသံသည် သြရှဝါညက်သည့်အထဲ တာကယ်ပင် ပျော်နေသည့် ခံစားမှု ပေါ်လွင်၏။



"ဘာဖြစ်လို့လဲ"

"ဒီနေ့ ... ပန်းစကားကုန်တိုက်ကို ရောက်တယ်"

"ဘာလာဝယ်တာလဲ"

"လာတုန်းကတော့ ဘာရယ်မဟုတ်ဘူး၊ ဝင်းဒိုးရှော့ပင် Window Shopping ပဲ။ ဟိုငေးဒီငေးပေါ့၊ ကြိုက်တာတွေ့ရင် ဝယ်မယ်ပေါ့၊ အဲဒါ ... ဝက်ဝံရုပ်ကြီးတွေ ကျွန်တော် အရမ်းသဘောကျသွားတယ်"

အဲသည်ဝက်ဝံရုပ်က နှစ်ရုပ်ပဲ ရှိပါသည်။ တစ်ရုပ်က အထီး၊ တစ်ရုပ်က အမသဘော သက်ဝင်အောင်၊ ဝက်ဝံအစ်မမှာ ပန်းတွေ့ဘာတွေ ပန်ပေးထားသည်။ ကြည့်လိုက်သည်နှင့် တစ်ရုပ်ဟာ ဝက်ဝံထီး၊ တစ်ရုပ်ဟာ ဝက်ဝံမမှန်း သိသာပါသည်။ တစ်ရုပ်လျှင် လေးပေခွဲ မြင့်၏။ မတ်တတ်ထောင်ထားလို့ရသလို၊ အိပ်ရာပေါ် တင်ပြီး ဖက်အိပ်လည်းရ၏။ သို့ပေမဲ့ အထီးနှင့် အမ တစ်စုံမို့ ညှိခန်းလို နေရာမျိုးမှာဖြစ်ဖြစ်၊ နှစ်ရုပ်ယှဉ်တွဲ၍ မတ်တတ်ရပ် ခိုင်းထားလျှင်၊ လှပသလောက် ခန့်ထည်၏။ အရုပ်ကြိုက်သမားများ လက်မလွှတ်နိုင်လောက်အောင် မက်မောဖွယ်ပါ။ တစ်စုံပဲ ရှိသည်။ အရုပ်တွေတင်သည့် ကုမ္ပဏီမှ လာတင်တာ နှစ်ရက်ပဲ ရှိသေးသည်။

ဈေးကလည်း ကြီးမှကြီး။ သို့ပေမဲ့ ... အရုပ်တွေဟာ ဈေးကြီးမြင့်တတ်သည်မို့ သူ့ဈေးနှင့်သူကတော့ မြင့်လှသည်ဟု မဆိုသာပါ။ အရုပ်မို့ ဘယ်နေရာမှ အသုံးမဝင်ဟု သတ်မှတ်လျှင်တော့ မဝယ်ပျော်ပါ။ တစ်ရုပ်လျှင် တစ်သောင်းရှစ်ထောင့် ငါးရာ။ တစ်စုံဆိုတော့ သုံးသောင်းခုနစ်ထောင်။ အရုပ်မက်မော တတ်သူတွေကို ဝယ်ပြီး လက်ဆောင်ပေးဖို့တော့ကောင်း၏။ ကိုယ့်ဘာသာ

ဝယ်သုံးရလျှင်တော့၊ ဘာမှ သိပ်သုံးလို့ မရသော အရုပ်ဖိုးကို သုံးသောင်းခုနစ်ထောင်သုံးရမှာ ဝန်လေးစရာကြီးပါ။

ပန်းစကားနှင့် ခတ္တာက တစ်စုံတည်းသော ထိုအရုပ်ကို ကြိုက်ကြလေ၏။

"ခတ္တာရယ် ... ရှင်က ပန်းဆိုလည်း ရှုးလိုက်၊ ပန်းချီကားဆိုလည်း ရှုးလိုက်၊ အရုပ်ဆိုလည်း ရှုးလိုက်၊ ဒီတစ်ကြိမ် ကျုပ် ဝယ်ပါရစေ"

ကုမ္ပဏီမှ လာပို့စဉ်မှာ ရင်ခတ်နှင့် တွေ့သွား၍ ယူထားပြီး စာရင်းသွင်းပြီးမို့ (ရင်ခတ်ကတော့ အရုပ်ဝါသနာ မပါ) ကိုယ်လိုချင်လျှင် အရုပ်ကောင်တာ ဆင်းပြီးဝယ်မှရမည်။ ပန်းစကားကလည်း ဝယ်ချင်သည်။ ခတ္တာကလည်း ဝယ်ချင်သည်။ ကိုယ့်ဆိုင်က အရုပ် ကိုယ်ပြန်ဝယ်ဖို့ လုနေကြတာကို၊ ကောင်တာအင်ချာ Counter Inchargeကမသိသေး။ ပြောလည်း မပြောရသေး။ အပေါ်ထပ်ရုံးခန်းမှာဖြင့် ငြင်းလို့ခုန်လို့ ကောင်းတုန်းဖြစ်၏။

"မဲချကွာ။ မဲပေါက်တဲ့သူဝယ်"

ဒီဇဝါကလည်း အဲသည်ပုဂ္ဂိုလ်ကြီးတွေကို ကြိုက်သည်ပင်။ သို့ပေမဲ့ ... ဝင်မလုတော့ပါဘူးဟု အလျှော့ပေးထားတာဖြစ်၏။

"မဲမနှိုက်ဘူး၊ ကျုပ်ပဲ ဝယ်မယ်"

"ရရိုးလား၊ ရှင် မဝယ်နဲ့"

ငြင်းရင်း ခုန်ရင်း လုရင်း၊ မဲတောင် မနှိုက်နိုင်၊ (မဲမပေါက်လျှင် အရှုံးပေးရမှာစိုး၍) ကိုယ်ပဲ နိုင်အောင် လုပြောရင်းကရုံးဆင်းလာခဲ့ကြရတာပင်။

"မနက်ဖြန် အစောကြီး လာထဲ့ဝယ်မယ်လို့ စိတ်မကူးနဲ့နော်"



ခတ္တာက ပန်းစကား ရင်တွင်းစိတ်ကူးကို ကြိုသိနေမာခနေ၏။

"မနက်ဖြန်ကြမှ ဆက်ဆွေးနွေးမယ်"

"တစ်ယောက်တစ်ရုပ် ယူကြပါလား"

ရင်ခတ်က ဝင်ဆုံးဖြတ်ပါသေးသည်။

"အဲဒါဆို ... ကျုပ်အမ"

"ကျုပ်လည်း အမပဲ"

"ရှင်တို့ကလည်းကွာ၊ မုန်းတောင်လာပြီ"

တစ်ယောက် တစ်ရုပ်စီ ယူပါဆိုတော့လည်း၊ နှစ်ယောက်လုံးက အမကိုသာ လိုချင်နေကြပြန်၏။

"အမ မှရရင်၊ တစ်စုံလုံး"

"ကျုပ်လည်း တူတူပဲ"

"မနက်ဖြန် မနက်စောစောဝယ်သူ ပေါ်သွားပါစေတော်"

ရင်ခတ်က အော်ကျယ်ဟစ်ကျယ် ဆုတောင်းသည်မို့၊ ရောင်းတော့ဖို့ ကောင်တာကို လှမ်းတားမိလိုက်သေးသည်။ ကောင်တာ အင်ချာချ်ကို ...

"ဝက်ဝံတစ်စုံအရုပ် မရောင်းနဲ့တော့" ... ဟု ပြောမိ၏။ ဘယ်သူ တစ်စုံလုံး ဝယ်ခွင့်ရမလဲ၊ သို့မဟုတ် ဘယ်သူ အမ ယူခွင့်ရမလဲဆိုတာ မနက်ဖြန်မှ ဆက်ညှိရပါဦးမည်။ ကုန်တိုက်ကကြီးနာရီဆိုဖွင့်ပြီ။ ပန်းစကားတို့အဖွဲ့က ဆယ်နာရီမှ ရောက်ကြမြဲဖြစ်၏။ ရောက်ရောက်ချင်းလည်း အရုပ်ကို ပြေးမကြည့်မိပါ။ ရှိဦးမှာပဲထင်၏။ အေးအေးဆေးဆေးဆိုပေမဲ့ မဲလိပ်တော့ လုပ်နေကြပါပြီ။ နှစ်ရုပ်လုံးဝယ်၊ ဘယ်သူ အမလဲဆိုတာတော့ မဲနှိုက်ဆိုသည့်အဆင့်မှာ သဘောမတူချင် တူချင်နှင့် ကျေနပ်ထားရသည်။ ဤ

ဝှယ်မျှ မကျေနပ်လျှင် ဓိဇဝါနှင့် ရင်ခတ်က အလုပ်မှ ထွက်မည်ထိ ပြောလာမှ ကျေနပ်ထားမိတာ ...။

"မမ ..."

ကောင်တာအင်ချာချ်၏ မျက်စိမျက်နှာပျက် ယိုယွင်းနေပုံကို မြင်လိုက်ရကတည်းက၊ ရင်ထဲ ဒိန်းခနဲတော့ ဆောင့်စုန်သွားပါပြီ။

"ကျွန်တော့်ကို အပြစ်ပေးပါ။ အရုပ်ကြီးတွေ ရောင်းပစ်လိုက်ပြီ"

"ဟယ် ..."

ပန်းစကားနှင့် ခတ္တာတို့ ခြေပစ်လက်ပစ်ကြီးများတောင် ဖြစ်သွားရတော့၏။

"ကျွန်တော် ... ဖွင့်ဖွင့်ချင်းမှာ လွင်မင်အေးကို မပြောမိသေးခင်၊ သန့်စင်ခန်း ခဏလေးဝင်တုန်း၊ လွင်မင်အေးက မသိလို့ ရောင်းလိုက်မိပါတယ်၊ ကျွန်တော် ရောက်သွားတော့ အရုပ်က ဝယ်တဲ့သူ ငွေချေပြီး၊ သူ့လက်ထဲ ရောက်နေပါပြီ"

"နှစ်ရုပ်လုံးလား"

"ဟုတ်ကဲ့ ... ကျွန်တော် လိုက်တောင်းပန်ပါသေးတယ်၊ ဝယ်သူက လုံးဝ ပြန်မပေးပါဘူး၊ ရောင်းရန်မဟုတ်ဘူးလို့ ကျွန်တော် ပြောပါတယ်၊ ဘယ်လိုပြောလို့မှ မရဘဲ၊ ဖွတ်ထွက်သွားပါတယ်ခင်ဗျာ"

"သေပါယ် ... ရေမရှိတဲ့ ချောင်းမှာ နှာခေါင်းဖော်ပြီး သေလိုက်ကြတော့"

ပန်းစကားနှင့် ခတ္တာတို့ စကားတောင် မပြောနိုင်ကြ၊ အသက်တောင် ရှူမိရဲ့လား မသိ၊ အမောဆို့သွားရတော့သည်။



ကိုယ်က ဒီလောက်မက်မောအဖြစ်သည်းနေပေမဲ့ (ဒီလို မက်မောအဖြစ်သည်းတာကိုက ကလေးဆန်လှသည်မို့) ဒီလို သည်းသည်းလှုပ်တာမျှ ကိုယ့်လက်အောက်ငယ်သားတွေ သိမှာကျတော့လည်း စိုးရိမ်သေး၊ ဒီလောက်အမှားအယွင်းနှင့်၊ ပစ်ခတ်ဆူပူကြိမ်းမောင်းပစ်ဖို့ကလည်းခက်။

"ကျုပ်တို့ ပြန်ဝယ်မလို့၊ ရှင်ကလည်း အရောင်းမြန်လိုက်တာ၊ ကုမ္ပဏီက လာပို့ကတည်းက ကျုပ်တို့နဲ့ မဆုံလို့သိလား၊ ရင်ခတ်မို့လို့ ကောင်တာ ရောက်သွားတာ၊ နှင့်မို့ဆို စာရင်းထဲတောင် မသွင်းဘူး"

ခတ္တာကတော့ စူပွစူပွနှင့် ပြောသေးသည်။ အားလုံးထဲမှာ လူကြီးလုပ်၍ အုပ်ချုပ်ရသော ပန်းစကားကတော့ သည်းခံခွင့်လွှတ်ပေးလိုက်ရတော့သည်။

"ရှိပစေတော့။ သန့်စင်ခန်းဝင်နေလို့ မှားသွားရပါတယ်ဆိုတာမျိုးသာ၊ တခြားကိစ္စတွေမှာပါ ခဏခဏ ကြုံနေရင်တော့ မကောင်းဘူးပေါ့"

"မဖြစ်စေရပါဘူး မမ"

"အေး ... အေး ... ရပြီ။ သွားတော့"

ခတ္တာ တစ်နေ့လုံး စူပွစူပွ လုပ်သော်ငြား လက်လွှတ်ဆုံးရှုံးလိုက်ရသည့် အရုပ်ကြီးတစ်စုံကို ဝယ်သွားသူဟာ ကိုယ်ပျောက်ပုဂ္ဂိုလ် ရုပ်မမြင်အသံကြား ... ဆိုပဲ။ ရင်ထဲ ဒိတ်ခနဲတော့ ပျော်သွားသား။ ရင်ခုန်မှာ ရင်ခုန်ဆင့်လျက်၊ ဒီနေ့ကတော့ ခါတိုင်းနေ့တွေထက် နှစ်ဆရင်ခုန်ရတော့သည်။

"အဲဒီနှစ်ရုပ်က ရောင်းဖို့ မဟုတ်ဘူးရှင့်၊ ဝယ်သွားတာ ရှင်လား၊"

"ဟုတ်တယ် … ကျွန်တော် လက်ဆောင်ပေးစရာရှိလို့"

"တခြားပစ္စည်းပေးလို့ ဖြစ်မယ်ဆိုရင်၊ အဲဒီအရုပ်တစ်စုံကို ကျွန်မ ပြန်ဝယ်ချင်ပါတယ်"

"ပန်းစကားက ကြိုက်လို့လား"

"ကျွန်မနဲ့ ကျွန်မသူငယ်ချင်းတစ်ယောက်၊ လုရင်း ငြင်းရင်းနဲ့ မနေ့က မဝယ်ဖြစ်လိုက်ရတာ"

"ကျွန်တော်က အဲဒီအရုပ်ပေးမှ ဖြစ်မှာမို့"

"အင်းလေ … ရှိပစေတော့ပေါ့"

ပန်းစကား နှုတ်ခမ်းစူချင်၏။ ပန်းစကားက လိုချင်လျှင် ပြန်ရောင်းပါတော့လား။

"ကျွန်တော် အရုပ်မကြိုက်တတ်ပါဘူး၊ ဒါပေမဲ့ … ကျွန်တော် လက်ဆောင်ပေးမဲ့သူက အရုပ်မက်တယ်"

"ကလေးလား"

"မက,တော့ပါဘူး"

"အပျိုကြီးဖားဖားဆိုရင်တော့ ကြိုက်ရင်ကြိုက်မယ်၊ လူပျိုကြီးဖားဖားဆိုရင်တော့ အရုပ်မကြိုက်ဘူးရှင့်"

"သူကတော့ ကြိုက်မှာပါ။ သူ့အကြိုက်ကို လက်ဆောင်ပေးခွင့်ရတော့မယ်ဆိုပြီး အရမ်းဝမ်းသာနေတာ"

"ကျွန်မကတော့ ဝမ်းမသာနိုင်ဘူး၊ ဝမ်းနည်းနေတယ် ကောင်တာကနေ ပြန်သိမ်းတော့မယ်ဆိုကာမှ ရောင်းပြီးသွားရတယ်လို့"

"အရုပ်ကြီးတွေက ဧည့်ခန်းမှာ အလှချထားရင်လည်း ခန့်တယ်။ ဆောင်းဖောက်စီ Sound Box တွေ တီဗီတွေနားမှာ ယှဉ်ပြီး ချထားရင်လည်း အရမ်း ကြည့်လို့ကောင်းတာ



ကျွန်တော် အိမ်မှာ … နေရာအနှံ့ လျှောက်ထားကြည့်နေတယ်၊ ဘယ်နားထားထား …

"အရုပ်ကြီးတွေက ကျက်သရေကို ရှိနေတာပဲ။ ကျွန်တော့်မှာတော့ ဘယ်နားထားရမှန်းကို မသိတာ၊ လျှောက်ရွှေ့နေမိတယ်"

"လက်ဆောင်ပေးဖို့ဆို"

"မပေးခင် အိမ်မှာ တစ်ရက်နှစ်ရက် ထားဦးမလားလို့"

"ဒါပဲ မဟုတ်လား၊ ကျွန်မ စာဖတ်စရာရှိသေးတယ်"

"ဘာစာလဲ"

"မေးစရာလား၊ စာဖတ်တယ် ဆိုတာ စာအုပ်ပေါ့။ ဝတ္ထုပေါ့။ မဂ္ဂဇင်းပေါ့"

"ပန်းစကား စာဖတ်ဝါသနာပါတယ်နော်"

"ဟုတ်"

"ပြီးတော့ရော ဘာဝါသနာပါသေးလဲ"

"ကျွန်မက ဝါသနာ တော်တော်နည်းပါတယ်"

ပန်းစကား … တမင်ရွဲ့၍ ဖြေလိုက်၏။

"ပန်းစိုက်တာရော"

"ဟင့်အင်း"

"အချုပ်အလုပ်နဲ့ ဇာထိုးပန်းထိုး၊ ခရှရေးတို့ ဘာတို့"

"ဟင့်အင်း"

"ဟင်းချက်၊ မုန့်လုပ်"

"ဘာမှ ဝါသနာမပါဘူး"

"အနုပညာထဲကရော"

"ဘာမှ ဝါသနာမပါဘူး"

"အဆို ..."

"လေတောင် မချွန်တတ်ဘူး"

"အတီးရော"

"ကျွန်မသာ ကျောင်းဆရာမဖြစ်ရင်တော့ ခပ်ဆိုးဆိုး ကျောင်းသားတွေကို နားရင်းတီးမိမှာပဲ၊ ပါးဆိုရင် အဲဒီ အတီးမျိုးပဲ နီးစပ်တယ်"

"ပန်းချီ"

"လုံးဝ နားမလည်ဘူး"

ပြောရင်းက ရယ်ချင်လာ၍ ကိုယ့်လျှာကိုယ် ပြန်ကိုက်ရသေးသည်။

"ဟုတ်လို့လား"

"ဘာကိစ္စ ညာပြောနေမလဲ"

"ရတုရကန်၊ သာသည့်သီချင်း၊ အဲစောင်းညင်းတို့၊ မကင်းမပြတ်၊ တီးမှုတ်လျက်သာ နေကောင်းစွာတဲ့"

"မကြားဖူးပါဘူး"

"ကိုယ့်ကိုယ်ကိုယ်တော့ အလုပြင်တယ် မဟုတ်လား"

"ဒါတော့ ... မိန်းကလေးပဲ"

"အဲဒါလည်း အနုပညာတစ်ရပ်ပါပဲ။ ဆံထုံးနောက်တွဲလေးမှာ ပန်းလေးတစ်ပွင့် ပန်ထားတာလည်း ကြည့်တတ်ရင် အနုပညာပါပဲ။ ကဗျာလေးဘာလေး မစပ်ဘူးလား"

"ကျွန်မသာ ကဗျာစပ်ရင် ... ပျိုတို့မောင်ရွှေရောင်ဝိုက်တယ်၊ ဖဲထီးကောက်ကောက် ... ဆိုတာမျိုးပဲရမယ်"

"ဝတ္ထုရေးပါလားဟင်"



"အမယ်လေး ... ဒီလောက်အများကြီး တစ်နှစ်လုံး ထိုင်ရေးမှ တစ်အုပ်ပြီးမယ်၊ ဒါတောင် စဉ်းစားချိန်မပါသေးဘူး။ ဝတ္ထုများ ... မရေးတတ်လိုက်တာမှ"

"အကုန်လုံးကို ဒီလောက်ပုတ်ထုတ်နေကတည်းက၊ ပန်းစကားရဲ့ ရင်ထဲမှာ အနုပညာတွေ ပြည့်ဝပျော်ဝင်နေတယ် ဆိုတာ သိလိုက်ပါပြီ။ ပန်းစကား ဘာလုပ်လုပ်၊ ဥပမာ ... ကဗျာတစ်ပုဒ် ကောက်စပ်မယ်၊ သီချင်းတစ်ပုဒ် ဆိုမယ်၊ အင်္ကျီတစ်ထည်ချုပ်မယ်၊ ပန်းပင်တစ်ပင်စိုက်မယ်"

"ဘာတစ်ခုမှ မလုပ်ဘူး"

"မီးဖိုထဲဝင်ပြီး ဟင်းတစ်ခွက် ချက်မယ်၊ မုန့်တစ်မျိုးလုပ်မယ်"

"လုံးဝပဲ"

"မလုပ်ချင်၊ ဝါသနာမပါတဲ့ကြားကပဲ မတော်တဆ တစ်ခုခုလုပ်မိသွားရင်၊ ပန်းစကား လုပ်မှတော့ ဘာတစ်ခုမှ အညံ့မထွက်နိုင်ဘူးလို့ အထင်ကြီး လေးစားထားပါတယ်။ ပန်းစကား ပြောလေ့ရှိတဲ့ စကားဘစ်ခွန်း မေ့သွားပြီလား၊ ကျွန်တော်ကတော့ ကြိုတုန်းကြိုက်တုန်း ...

"မတော်တဆ ... လျှပ်တစ်ပြက် ကြားခဲ့ရတာပါ။ မိန်းမသားတို့ တတ်အပ်တဲ့ ပညာတွေ ကျွန်မ အကုန်တတ်တယ်၊ ဝါသနာလည်းပါတယ်၊ ကိုယ်တိုင်လည်း လုပ်တာယ်ဆိုတာ"

"ရှင် နားကြားလွဲထားတာ ဖြစ်ပါလိမ့်မယ်၊ ဒါပဲနော်"

"ဖုန်းပြောတိုင်း၊ ပန်းစကားက အမြဲတမ်း အရင်ဖုန်းချဖို့ ပြောတယ်၊ တစ်ညလောက် မိုးအလင်း ပြောကြည့်မလား"

"ဘာလို့ ပြောရမှာလဲ၊ ကျွန်မ အဖေ နိုင်ငံခြားသွားတုန်းကတောင် ကြာကြာမပြောဘူး၊ ဖုန်းအကြာကြီးပြောတယ်ဆိုတာ၊ တယ်လီဖုန်းကိုယ်ပိုင် မရှိတဲ့ သူတွေ၊ လမ်းဘေးအများသုံးဖုန်းကပြောတဲ့ သူတွေရဲ့ ဝါသနာ"

"ဟုတ်တယ် ... ကျွန်တော် လမ်းဘေးက ပြောနေတာ၊ ကျွန်တော် ရပ်နေတဲ့ လမ်းလေးက သိပ်လှတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ အရမ်းမွှေးတဲ့ ရောင်စုံပန်းလေးတွေပွင့်နေတော့ ဖုန်းပြောရင်း ပန်းရနံ့လေးတွေနဲ့ မွှေးအီနေတယ်၊ ကျွန်တော့်တစ်ကိုယ်လုံး ပီတိထဲ စိမ်ထားရသလိုပဲ"

"သေချာပါပြီ၊ ရှင် နတ်ပြည်က ပြောနေတာ၊ ဒါပဲနော်"

ဖုန်းကို တစ်ခါတည်း အပြီးပိတ်ပစ်လိုက်ရင်း၊ လျှိုက နတ်ခမ်းပဲ စူရတော့မလိုလို၊ ပြုံးတုံ့တုံ့လေးလည်း ဖြစ်ရဲ့၊ ရင်ထဲမှာ တစ်ခုခုကို ကြိုတင်မျှော်လင့်နေသလို၊ လှိုင်းထန်လှုပ် ရှားယိမ်းထိုးနေတဲ့ ဒီရင်ဘတ်ကြီးကိုလည်း မုန်းလိုက်တာ။ အရုပ်ကြီးတွေ ကိုယ့်ကိုပေးမှာ ထင်ပါရဲ့။

ပျော်ဖို့ စောင့်နေလိုက်တော့မယ်။

ဂ ဂ ဂ



# ၁၂

စစ်ကိုင်းဘက် သွားမည်ဟု ပြောသွားပေမဲ့ ညဘက်တွေ ဖုန်းလာနေတာပဲမို့ ဇီဇဝါက ...

"ဒီလူကြီး ဘယ်မှမသွားဘဲ ခြေရာဖျောက်ပုံထောက်တော့ ရှေ့တစ်လှမ်းတိုးတော့မလို့ ထင်တယ်" ... တဲ့။

ရွှေဘုန်းခေါင် ... တကယ်ပဲ ရှေ့တစ်လှမ်းတိုးလိုက်ပါသည်။ စစ်ကိုင်းဘက်သို့ သွားမည်ဟု ပြောသွားသည့်အတိုင်း၊ သူ တကယ်ပဲ စစ်ကိုင်းကိုရောက်တာ သေချာ၏။ သေချာဆို ... ရွှေဘုန်းခေါင်နှင့် စစ်ကိုင်းမြို့မှ ဦးကျော်အေး၊ ဒေါ်ခင်မေရီတို့၏ သမီး "ခင်ရီအေး"တို့ စေ့စပ်ကြောင်းလမ်းခြင်းသတင်း ... သတင်းစာထဲမှာ ပါလာခဲ့တော့၏။ ပထမဆုံး ဖတ်မိသူက ... "ရင်ခတ်"။

"ဟောတော့ ... ကြည့်စမ်း၊ ဟိုလူကြီး စေ့စပ်သွားပြီ"

"ဘယ်လူကြီးလဲ"

"ရွှေဘုန်းခေါင်"

"ဘာ ..."

ခုန်ထ၍ မေးသူက ခတ္တာတည်း။ သူက ... ရွှေဘုန်းခေါင်ဟာ ပန်းစကားကို သဘောကျနေပါသည်၊ အဲဒါကြောင့် နည်းမျိုးစုံနှင့် လာရောက်ပတ်သက်နေပါသည်။ ပို့ပြီးခဲ့သမျှသော ပန်းစည်းတွေဟာ ရွှေဘုန်းခေါင်ပေးတာ၊ ညဘက်ဖုန်း ဆက်လေ့ရှိတာ ရွှေဘုန်းခေါင် ဆိုပြီး ... သူကခိုင်လုံစွာ အယုံကြည်ဆုံးလူဖြစ်၏။ ဇီဇဝါနှင့် ရင်ခတ်တို့ကမူ "ဖြစ်နိုင်ချေ" ဆိုတာလောက်နှင့် "အထင်"အဆင့် (ရာခိုင်နှုန်း တော်တော်များများတော့ ထင်သည်) မှာပဲ ရှိကြတာလေ။ ခတ္တာကတော့ ခိုင်ခိုင်မာမာသမား။

"ဟုတ်ပါရဲ့ ... တကယ်ပဲ၊ ပန်းစကား ... ဒီလူကြီး စေ့စပ်သွားပါ့မလား"

"မျက်စိနောက် သက်သာသွားတာပေါ့ကွယ်၊ တို့ရုံးခန်းကို ချောင်းပေါက်အောင် မလာတော့ဘူးပေါ့"

"တော်ပါသေးရဲ့ ... ရှင်က ရင်မခုန်ဘူးဆိုလို့"

"ခုန်စရာလား၊ သိပြီလား၊ သူ လုပ်နေသမျှတိုင်းဟာ စီးပွားရေးသမား. တစ်ယောက်ရဲ့ လုပ်နည်း လုပ်ဟန်တွေပါလို့ မပြောခဲ့ဘူးလား။ သူ့ပစ္စည်း ... ဒီမှာတင်ချင်လို့ လာရေ တယ်။ အရောင်းရတွင်တော့ သူ မြတ်စွန်းတယ်။ ကျုပ် တို့ကို မျက်နှာလုပ်တယ်။ ဒါဟာ စီးပွားရေးသမားတိုင်း လျှောက်ခဲ့တဲ့ သမားရိုးကျ လမ်းဟောင်းကြီးပဲ ...

"သူ့စင်ကထွက်တဲ့ ပိုးချိတ်၊ မေ့ကို လက်ဆောင် ပေးတာလည်း ဒီသဘောပဲ၊ ဈေးတက်ချင်တော့ သဇင်ပန်း တွေနဲ့လာတယ်။ ကျုပ် ပြောခဲ့တယ်မဟုတ်လား၊ ယောက်ျား သူစိမ်းတစ်ယောက် အကြောင်းကို အလကားနေရင်း ပြော မနေပါနဲ့လို့။ ခုတော့ ... ကျုပ်တို့ ပြောခဲ့တာတွေကိုသာ —



"ကက်ဆက်နဲ့ စောင့်ဖမ်းထားမိရင်၊ ပြန်နားထောင် တိုင်း အရှက်ကွဲနေရမှာ၊ တော်သေးတယ် ... ရှင်တို့ပေါ် တင် မစ,ကြလို့။ ပေါ်တင်များ စခဲ့ကြရင် ကျုပ်မျက်နှာ ကြီး လှိုးပစ်ဖို့ပဲရှိတယ်"

ပန်းစကား နည်းနည်းတော့ ခံပြင်းပါသည်။ ရှက် ဘလည်းပါ၏။ ရွှေဘုန်းခေါင်ဟာ ပန်းစကားကို သဘောကျပြီး ဘနေတာရယ်လို့ အုပ်စုထဲမှာ အစခံထားရတာ မဟုတ်လား။ န်းစကားက တစ်ခါမျှ ကျေနပ်လိုလားဟန်မပြ (တကယ်လည်း င်မခုန်ခဲ့ပါ)ခဲ့မိလို့သာ တော်တော့သည်။ ကိုယ်ကပါ ရောထင် ဦး၊ သူတို့စ,တိုင်း ရှက်သွေးကလေးဖြာလျက် ကြည်နူးကျေနပ်မှု များ ပြခဲ့မိလျှင်၊ ကွဲလိုက်မည့် အရှက်က (ကိုယ့်အချင်းချင်း မှာပေမဲ့) ဟက်တက်။

"လူကြီးတွေ ဇွတ်စီစဉ်တာလည်း ဖြစ်နိုင်သေးတာပဲ"

"ရှင် မလျှော့သေးဘူးလား"

"စစ်ကိုင်းသွားနေတဲ့ ရက်ထဲမှာလည်း နေ့တိုင်းဆိုသလို ဖုန်းဆက်တယ်ဆို"

"အဲဒါ ... သူပါလို့ ရှင့်ကို ဘယ်သူပြောလဲ"

"သူပဲ နေမှာပေါ့။ အသံတူတယ်ဆို"

"သူက စစ်ကိုင်းထိတောင် လိုက်သွားပြီး စေ့စပ်မှတော့ သူ့သဘော သူ့ဆန္ဒမပါဘဲ ဖြစ်နိုင်ပါ့မလား"

ရင်ခတ် ဝင်ပြော၏။

"အို ... လိုက်ဖျက်တာလည်း ဖြစ်နိုင်တာပဲ"

"လိုက်ဖျက်တယ်ပဲ ထားဦး၊ မပျက်လို့ဘဲ သတင်းစာထဲ ပါလာပြီ"

"ကျုပ်ကတော့ သူလာတောင်းပန်လိမ့်မယ် ထင်နေသေးတယ်"

"မမျှော်သေးပါလား"

"ကျုပ်ထင်ရင် လွဲခဲ့တယ်။ သူ ပြောတယ်လေ။ ကုန်တိုက်ကို မော့ကြည့်တာလည်း ဝန်ခံတယ်။ ဖွင့်ပြောလို့ရတဲ့ သူ့ကိုယ်ရေးကိုယ်တာတဲ့။ ပြီးတော့ ... သင်္ဘောမှာ သူလုပ်ခဲ့တာ Chief Engineer ချိဖ်အင်ဂျင်နီယာ။ ညဘက် ဖုန်းဆက်တဲ့ လူကလည်း ... စကားမရှိ စကားရှာပြီး၊ ပန်းစကားကုန်တိုက်မှာ အလုပ်လုပ်လိုကြောင်း ပြောခဲ့စဉ်က၊ "ရှင့်ကိုယ်ရေးရာဇဝင်ပြော" .... ဆိုတော့ ...

"ကျွန်တော် ... အင်ဂျင်နီယာနဲ့ ပတ်သက်တဲ့ပညာ တတ်တယ် ဆိုပါတော့ ... တဲ့။ ကိုက်ညီမနေဘူးလား၊ ပန်းစည်းပို့သူ၊ ဖုန်းဆက်သူဟာ ရွှေဘုန်းခေါင်မှ ရွှေဘုန်းခေါင်ပဲ။ စေ့စပ်ပွဲဟာ သူ့ဆန္ဒမပါဘူး၊ သူ လာတောင်းပန်လိမ့်မယ်၊ မယုံစောင့်ကြည့်"

"ဟိုတစ်ခါ သက်ထားတို့အဖွဲ့ စုံစမ်းပေးတုန်းက၊ သူ့အမေက သူ့ကို အိမ်ထောင်ရေး လွတ်လပ်ခွင့် ပေးထားတယ်ဆို၊ ကြိုက်တာယူဆို၊ ခုကျမှ ... မိဘစီစဉ်တာ မလွန်ဆန်နိုင်ဘူး ဖြစ်ရပြန်တာလား"

"ဟာကွာ ... စိတ်ညစ်လာပြီ။ ချောင်းပိတ်မေးခွန်းတွေ မထုတ်နဲ့။ သက်ထား ဆိုတာကလည်း ပုထုဇဉ်ပဲ။ ပြီးတော့ ကလေးသာသာရယ်။ မှားတဲ့အခါလည်း မှားနိုင်သေးတာပေါ့။ ဤမဟာဘဒ္ဒကမ္ဘာကြီးထဲမှာ လွဲချော်မှုလေးတွေ ဆိုတာကတော့ သန်းပေါင်းများစွာ ရှိနေကြမှာပဲ"



"ဟုတ်မှာပါ ရင်ခတ်ရယ်၊ ငြင်းမနေနဲ့တော့။ ခင်ဗျား ထင်ရင် လွဲခဲ့တယ်"

"ဘာလွဲခဲ့တယ်လဲ။ လွဲခဲ့တယ် လုပ်စမ်းပါ။ အောက်ကမြစ်မပါဘူး"

"အေး ... အေး ... အဲသလိုပဲ ထားလိုက်"

ဒီနေ့ တစ်နေ့လုံးမှာ ရွှေဘုန်းခေါင့် အကြောင်းချည်း ပြောနေကြတာ မဟုတ်ပေမဲ့၊ စကားတစ်ခု ပြောလိုက်၊ ရွှေဘုန်းခေါင် အကြောင်းက အလိုလိုပါလာလိုက်၊ နောက်ထပ်စကားခေါင်းစဉ်ပြောင်းတော့လည်း ရွှေဘုန်းခေါင် အကြောင်းပဲ ပါလာလိုက်နှင့် ဖြစ်နေတော့သည်။ ပန်းစကားဟာ ရွှေဘုန်းခေါင်ကို သို့အကောင်လိုက်ကြီး မြင်ပါလျက် ရင်မခုန်၊ ပန်းစည်းနှင့် ဖုန်းထဲမှ စကားသံကိုမှ ရင်ခုန်ပါသည်ဟု ဝန်ခံထားပြီး၊ ပန်းစည်းပို့သူ ဖုန်းဆက်သူဟာ ရွှေဘုန်းခေါင် ဖြစ်နိုင်ချေ ရာနှုန်းငါးဆယ်ကျော်ဟု တွက်ဆထားခဲ့မိသူတွေထဲမှာ ပန်းစကားလည်း ပါခဲ့ပါသည်။ ခင်ဗျား ပြန်သတိပေးသည်မို့ ဖုန်းဆက်သူကလည်း သူ့ကိုယ်သူ အင်ဂျင်နီယာဟု ပြောသည်။ ရွှေဘုန်းခေါင်ကလည်း သင်္ဘော ချိဖ်အင်ဂျင်နီယာနှင့် ဆင်းသည် ဆိုတာခြင်း၊ သွားတူနေတာ ညက်ညြရှိသော အသံချင်း ဆင်နေတာတွေကြောင့် ဖုန်းဆက်သူဟာ ရွှေဘုန်းခေါင်ပဲဟု ထင်လိုစိတ် ရာနှုန်းတောင် နည်းနည်း မြင့်တက်လာပါ၏။ ရွှေဘုန်းခေါင်ဟာ ပန်းစကားကုန်တိုက်ရုံးခန်းမှာ အဝင်အထွက် များပေမဲ့၊ ပန်းစကားတို့နှင့် ဆက်ဆံခင်င်သည့်အခါတွေမှာ ရိသဲ့သဲ့လိုမျိုး၊ ချိတ်တိတ်တိတ်လိုမျိုး မသိုးသန့် စကားမျိုး တစ်ခါမျှ မပြောခဲ့ပါ။ ဖုန်းဆက်သူကတော့ ပြော၏။ ဖုန်းထဲမှာသာပြောပြီး အပြင်မှာ မပြောရဲလို့ မပြောတာလား။

မပြောရဲတာဟာလည်း သူဟာ မိဘအလိုကျ (မတွန်းလှန်နိုင်စွာ) မကြာမီ စေ့စပ်ရတော့မည့်သူ ဖြစ်နေရပါ သောကြောင့် မပြောရဲခြင်းလား။ သူ့ဆန္ဒအမှန်တွေကို ဖုန်းထဲကျမှ ပြောဖြစ်ပြီး၊ လူချင်းဆက်ဆံရာမှာကျတော့ ခင်မင်ရင်းနှီးမှု နက်ရှိုင်းအောင်သာ ကြိုးစားနေခဲ့တာလား။

လက်ဆောင်တွေ ဆိုလျှင်လည်း ခတ္တာ၊ ရင်ခတ်နှင့်ဇီဇဝါတို့ထက် ပန်းစကားကို ပိုပေးသည်။ ဒါဟာ ပန်းစကားကကုန်တိုက်အရင်းအနှီးတစ်ဝက်တိတိကို ပိုင်သည့် သူဌေးမ၊ ဟိုသုံးယောက်က သုံးယောက်ပေါင်းမှ တစ်ဝက်ပိုင်ကြရသူတွေမို့၊ ပန်းစကားကိုသာ အမိကထားပြီး မျက်နှာလုပ်တာလား၊ ပန်းစကားအပေါ်မှာ စိတ်ဝင်စား နှစ်လိုခြင်း ဖြစ်ထွန်းသည်မို့ ပန်းစကားကိုချည်း အပေးများခဲ့တာလား။ တယ်လီဖုန်းကတော့ ရန်ကုန်ကလည်း ဆက်နိုင်သည်။ အမေရိကရ၊ စစ်ကိုင်းမှလည်း ဆက်နိုင်တာပဲ မဟုတ်လား။ ရွှေဘုန်းခေါင် ဆိုသည့် ပုဂ္ဂိုလ်ဟာ ဘယ်လိုလူလဲ။ ဘယ်လိုစိတ်ဓာတ်မျိုးနှင့်လဲ။ ပန်းစကား အပေါ် ဘယ်လိုသဘောထားနှင့်လဲ ... ဆိုတာ တွေးရင်း၊ တွေးရင်း သူငယ်ချင်းတွေဘက်သို့ တဖြည်းဖြည်း ပင်းလာမိတာက ရွှေဘုန်းခေါင်ဟာညဘက်ဖုန်းဆက်သူပဲ၊ ဝက်ဝံရုပ်ကြီး နှစ်ရုပ်ကို သူကိုယ်တိုင်သော်လည်းကောင်း၊ တပည့်လက်သား တစ်ယောက်ယောက်ကို လွှတ်ပြီးတော့ ဝယ်ခိုင်းတာသော်လည်းကောင်း၊ ဖြစ်နိုင်သည်။ သူက လက်ဆောင်ပေးဖို့ဟု ပြော၏။ ကိုယ့်မှာတော့ ကိုယ့်ဖို့များလား ဟူ၍ပျော်မိတာဟာ ဘယ်လောက် ရှက်စရာကောင်းလိုက်ပါသလဲ။ ကိုယ်ပျော်လိုက်မိတာ မည်သူသိသိ မသိသိ ... ကိုယ် သိသည်လေ။

ကော် ကော် ကော်



ဒီနေ့ည ... ဖုန်းကိုတော့ စောင့်နေမိတာပါ။

ဒီနေ့ည စောင့်နေသည်ဆိုတော့ အရင်နေ့တွေကျ
တော့ မစောင့်တာကျလို့။ စောင့်တာခြင်းတော့ မတူပေ။ ဒီနေ့များ
ဘစ်ခုခု ရှိသဲ့သဲ့လိုလို ပြောလျှင် ပြောကိုချပစ်ဖို့ စောင့်တာပါ။

"ပန်းစကား"

ကြားရပါပြီ။ သြရှ၍ ဝါညက်သောအသံ။ ဤအသံ
ာ တစ်ဖက်သားကို ဆွဲဆောင်နိုင်စွမ်းပါသည်။ သူ ဖုန်းဆက်လျှင်
"ဟဲလို"တွေ ဘာတွေ ပြောလေ့မရှိတာ များသည်။ ပန်းစကား ...
ှုပင် တနီးခေါ်လိုက်တတ်၏။

"ဟုတ်ကဲ့ ... ပြောပါ"

"ကျွန်တော် ... ဒီနေ့ ထူးခြားခံစားမှု ဖြစ်ရပ်ကလေးနဲ့ ကြုံရတယ်"

"ဟုတ်မှာပေါ့"

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းကြော်ငြာ သတင်းစာ
ထဲမှာ ပါလာသည့်နေ့တွင်၊ သတို့သားသည်လည်းကောင်း၊ သတို့
သမီးသည်လည်းကောင်း၊ ကြော်ငြာလေး ဖတ်လိုက်၊ ပီတိလေးဖြစ်
လိုက်နှင့် ခံစားမိမှာပင်။

"ပျော်လည်း တော်တော် ပျော်နေပါတယ်"

"ဟုတ်မှာပါ"

"အဲဒါကြောင့် ... ပန်းစကားကို ကျွန်တော့်ရင်ထဲက စကား တစ်ခွန်း ပြောတော့မယ်"

ပန်းစကား ရင်ထဲမှာ ဒိုင်းခနဲ ဆောင့်ခုန်တော့၏။

"ပြော" ... ဟု မပြောဖြစ်ဘဲ၊ သူ့စကားကို နားစွင့်နေမိ၏။ နားစွင့်ရင်း၊ ရှင်သည် တဒိတ်ဒိတ်ခုန်၏။

"ပန်းစကားကို ကျွန်တော် ချစ်တယ်၊ သိပ်ချစ်တာပဲဗျာ။ ရင်ထဲမှာ ချစ်နိုင်တဲ့ စွမ်းအားတွေ အကုန်လုံးနဲ့ကို ချစ်နေပါတယ်။ ဒါပါပဲ ပန်းစကားရယ်။ ရင်တွေ ခုန်လွန်းလို့ ကျွန်တော် စကားဆက်မပြောနိုင်တော့ဘူး၊ ခဏကြာမှ တစ်ခါပြန်ဆက်တော့မယ်။ ဒါပဲ။ ဒါပါပဲဗျာ"

ဖုန်းပိတ်သွားပါပြီ။ ပန်းစကားမှာ အလစ်တွင် အရိုက်ထိုးချ ခံလိုက်ရသကဲ့သို့ လူကကြောင်ပြီး ကျန်ရစ်၏။ သေငယ်သေသကဲ့သို့ မတုန်မလှုပ်ကြီး ငြိမ်သက်လျက် ကျန်လေ၏။

ခဏကြာတော့မှ အသက်ပြန်ဝင်လာသလို၊ ရင်က ဒိန်းဒိုင်း ပြန်ခုန်သည်။ ဒီတစ်ကြိမ် ရင်ခုန်သံ မြန်ရတာကတော့ ဒေါသတွေနှင့်ပါ။ ဘာကြောင့်မှန်းမသိ၊ အဲဒီအသံကို ပန်းစကား စွဲလမ်းပါသည်။ ဒီအသံနှင့် တစ်ခုခုပြောလျှင် ပန်းစကား ယုံကြည်ချင်ပါသည်။ အမြဲစိမ်းသစ်တောကြီး အပြာရောင်ဖြစ်သွားပြီဆိုလည်း ပန်းစကား ယုံနိုင်ပါသည်။ ဒီအသံသည် ပန်းစကား စွဲလမ်းသော အသံဖြစ်၏။ ဒီအသံနှင့် ... ပန်းစကား နှစ်လိုသော စကားများကိုသာ ရွေး၍ပြောလေ့ရှိသော အသံရှင်ဟာ ဒီတစ်ကြိမ်မှာတော့ ပန်းစကားကို လှလှပပကြီး စော်ကားသွားခဲ့ပါပြီ။

လက်ကိုင်ဖုန်းမှာ ပေါ်နေကျ နံပါတ်ကလေးကို စာရွက်မှာ ရေးမချခဲ့ဘူးပါ။ ကျက်မှတ်လို့လည်း မထားခဲ့ဘူးပါ။ သို့ပေမဲ့ ရင်ထဲမှာ စွဲနေသည်။ မျက်စိထဲမှာ မြင်နေသည်။ ကိုယ့်ဆီ နောက်ဆုံးဝင်သွားသော ဖုန်းနံပါတ် ဘာလဲဟူ၍ ဖုန်းထဲမှာ ပြန်ရှာစရာ



မလိုအောင် မျက်ဝန်းရိပ်မှာ စွဲထင်ပြီးဖြစ်၏။ ပန်းစကား အဲသည်ဖုန်းနံပါတ်ကို ပြန်ခေါ်လိုက်ပါသည်။

"ပန်းစကား"

"ရှင် စော်ကားလှချည်လား"

"ဗျာ ... ချစ်တာဟာ စော်ကားတာလားဗျာ၊ ကျွန်တော် ပျော်စေ ပြက်စေ ပြောတာမှ မဟုတ်ဘဲ၊ ဒီနေ့မှာ အပျော်လွန်ပြီး ရင်ပွင့်ပေါက်ကွဲတာပါ"

"အပျော်လွန်မှာပေါ့၊ ရှင့် စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း ကြော်ငြာက သတင်းစာထဲမှာ ပါလာတာကိုး"

"ဗျာ ... မဟုတ်ဘူး ပန်းစကား"

"ရှင့်ဆန္ဒမပါဘဲ လူကြီးတွေ စီစဉ်တာလို့ ပြောဦးမလို့လား။ ရှင်ဟာ သူငယ်နုပ်စားလေးလည်း မဟုတ်ဘူး။ ရှင့်မိဘက လည်း ရှင့်ကို အိမ်ထောင်ရေး လွတ်လပ်ခွင့် ပေးထားတယ်၊ ရှင့်သဘော ရှင့်ဆန္ဒ မပါဘဲ ရှင်လိုလူကို စေ့စပ်ကြောင်းလမ်းလို့ ရမလား၊ တစ်ဖက်မှာ အကြီးအကျယ် စေ့စပ်ကြောင်းလမ်းထားပြီး၊ ကျွန်မကို ကျတော့လည်း ချစ်ပြန်သတဲ့ ...

"ကျွန်မဟာ ရှင် ဖုန်းပြောနေတာကို လက်ခံနားထောင်နေတာက၊ ရှင့်ကို လူကြီးလူကောင်း တစ်ယောက်အဖြစ် သတ်မှတ်လို့၊ ကလေကချေ တစ်ယောက်လို မဆက်ဆံချင်လို့၊ ကျွန်မဟာ ရိုင်းပျသူတစ်ဦး မဖြစ်ချင်လို့။ ဒီမှာ ရှင့် ... ကျွန်မရဲ့ အနေအထိုင်ဟာ ရှင့်မျက်စိထဲမှာ ကလက်တက်တက် ဖြစ်နေလို့များ၊ ခုလိုမညှာမတာ ..."

ပန်းစကား ဆက်မပြောနိုင်တော့ပါ။ ဝမ်းနည်းသံပါလာ၏။ ငိုချင်လာသည်မို့ အသံတွေ တုန်လျက် ရှိုက်သံစွက်ချင်

လာရပါသည်။ ပန်းစကား ဝန်ခံလိုပါသည်။ ပန်းစကား မျှော်လင့်ပြီး စောင့်နားထောင်ရသည့် တယ်လီဖုန်းသံထဲမှာသာ (စေ့စပ်ခြင်းကြော်ငြာ မပါမီက) ပန်းစကားကို ချစ်တယ် ... ဟုပြောသံကြားခဲ့ရပါလျှင်၊ ဒေါသတွေအစား ငြိမ့်ညောင်းရင်ဖိုခြင်းတွေသာ အစားထိုး ဖြစ်ထွန်းကြမှာ။ လူကို မမြင်ရဘဲ ချစ်ခွင့်တောင်းခြင်းဟာ တစ်ဖက်မိန်းမသားကို စော်ကားရာ ရောက်ကြောင်းတော့ ပြောဖြစ်မည်သာ။ သို့ပေမဲ့ ... ဒေါသတော့ မပါနိုင်ချေ။

"ကျွန်မဟာ ချဉ်ချဉ်တူးတူး ... မူးပြီးရောဆိုတဲ့ အရက်သမားလို၊ ဘယ်သူဘယ်ဝါမှန်းမသိ၊ မြင်တောင်မှ မမြင်ဘူးတဲ့ ဘယ်ယောကျ်ားမဆိုက ချစ်ခွင့်တောင်းစေ၊ ကျေနပ်ကြည်နူးမှာပဲလို့ ပေါပေါပဲပဲ သဘောထားနှင့် ရှင် အချိန်တွေပိုတိုင်း နှုတ်ဆော့နေတာလား"

အဲသည်လို ပြောလိုက်လျှင်၊ ကျွန်တော် ဘယ်သူဘယ်ဝါပါဆိုပြီး၊ သူ့ဇာတိရုပ်ကို သူ ဖော်ပြမှာပင်။ ရွှေဘုန်းခေါင်တကယ်ပဲ ဖြစ်နေခဲ့သော် ... ရွှေဘုန်းခေါင်ဟာ ယောကျ်ားညံ့ တစ်ယောက်တော့ မဟုတ်ပါ၊ ရင်မခုန်ပါဘူးဆိုငြား၊ နလုံးသားမှာ မစွဲငြိပါဘူးဆိုငြား၊ ဦးနှောက်ထဲမှတော့ ထည့်သွင်းစဉ်းစားထိုက်တဲ့ လူတစ်ယောက်ပင်။ အဲဒါဆိုလည်း စဉ်းစားရသေးတာပေါ့ ... ဟု ပြောမိမှာ။ ရှင် ခုထိဖုံးဖိထားသေးတဲ့ ရှင့်ရဲ့ ကိုယ်ရေးကိုယ်တာဆိုတာကို ပြောပြ ... ဟု မေးမိဦးမည်သာ။

နောင်တစ်ချိန်မှာ ဒီရွှေဘုန်းခေါင်ကို လက်ခံချင်လည်း လက်ခံဖြစ်မည် (သူဟာ အိမ်ထောင်ရှင်ကောင်း တစ်ယောက်အဖြစ် ကိုက်ညီသော အချက်အလက်တွေ ရှိသည်မို့၊ ဦးနှောက်ထဲတော့ ထည့်သွင်းသင့်သူ ဖြစ်သည်)၊ လက်ခံချင်မှ လည်း လက်ခံဖြစ်မည်။



လက်ခံခြင်း၊ ငြင်းခြင်းဆိုတာ နောက်ပိုင်း စဉ်းစားခံစားမှု ဖြစ်ရမည်။ ခုလို ... သူတစ်ပါးနှင့် စေ့စပ်ပြီးကာမှ ကိုယ့်ကိုချစ်ပါသည် ဆိုတာကတော့ စော်ကားလွန်းပါ သည်။

"ပန်းစကား ဘာကို ဒီလောက် ဆတ်ဆတ်ခါ နာသွားတာလည်းဗျာ၊ ကျွန်တော် သဘောမပေါက်လိုက်တာ၊ ကျွန်တော့်စိတ်ကူးယဉ်အိပ်မက်ကလေး ပျက်ပါပြီ"

"ရှင် ... မိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ပြီးမှ ကျွန်မကို ချစ်တယ်လို့ လာပြောတာဟာ၊ ကျွန်မရဲ့ ဂုဏ်သိက္ခာကို နှံ့ဖွက်ထဲ ချနင်းလိုက်တာပဲ။ ကျွန်မရဲ့ အတ္တကို ထက်ပိုင်းချိုးပစ်တာပဲ၊ ကျွန်မကို တန်ဖိုး သုညဆိုတဲ့ မိန်းမဖြစ်သွားအောင် လုပ်လိုက်တာပဲ"

"ခဏ ... ခဏ ... မေးပါရစေ ပန်းစကား၊ ကျွန်တော့်စေ့စပ်သတင်းကြော်ငြာ သတင်းစာထဲ ပါတယ်ဆိုတော့၊ ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာ ပန်းစကားက သိလို့လား၊ မှားနေပြီ ထင်ပါတယ်"

"ရှင့်စကားဟာ ကျွန်မကို ထပ်စော်ကားပြန်ပြီ။ ရှင်က ရှင့်ကိုယ်ရှင် ဘယ်သူ ဘယ်ဝါပါ ဆိုတာကို မပြောပေမဲ့ ကျွန်မက သိနေရတယ်ဆိုရင်၊ ကျွန်မကပဲ လိုက်စုံစမ်းထားသလိုလို၊ ကျွန်မမှာ သိက္ခာဆိုတာရော လက်ကျန်ရှိသေးရဲ့လား"

"ပန်းစကား ... ကျွန်တော် ဘယ်သူနဲ့မှ မစေ့စပ်ပါဘူး"

ပန်းစကား အသံနည်းနည်းတော့ တိတ်ရပါသည်။

"ကျွန်တော် ... နည်းနည်းတောင် ဝမ်းနည်းသွားပြီဗျာ။ ကျွန်တော်ဟာ အလုပ်မရှိ အကိုင်မရှိ အချိန်တွေ ဖောချင်း

သောချင်း ပိုနေတဲ့သူတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ မလောက်ငနိုင်တဲ့ အချိန်တွေကို ပန်းစကားအတွက် အများကြီး သုံးခဲ့ပါတယ်။ ပန်းစကားရဲ့ ဝန်းကျင်မှာ ကျွန်တော်ဟာ အရိပ်လို ရှိနေခဲ့ပါကယ် ...

"ပန်းစကားရဲ့ ပတ်ဝန်းကျင်ကို ပန်းစကားကိုယ်တိုင်တောင် ကျွန်တော့်လောက် မျက်ဝန်းဖြန့်ကျက်မိပါ့မလားလို့ ကျွန်တော် ပြောရဲပါတယ်"

"ဒါပဲမှလား။ ကျွန်မ ဖုန်းပိတ်လိုက်တော့မယ်၊ ဒီလိုပြောပြီးမှ ပိတ်ခြင်းဟာ ကျွန်မ လူကြီးလူကောင်း ပီသချင်လို့"

"ခဏ ... ခဏ ... ခဏလေးပါ ပန်းစကားရယ်။ ကျွန်တော် စကားဆုံးအောင် ပြောပါရစေ။ ပန်းစကား ဆိုတဲ့ ပန်းတစ်ပွင့်နားမှာ ဘယ်သူတွေ ဝဲပျံနေသလဲဆိုတာ ကျွန်တော်သိတယ်။ ဘယ်သူဟာ အနီးကပ်ဆုံး အခွင့်အရေး ရနေသလဲ ကျွန်တော် သိတယ်။ ကျွန်တော် ပန်းစကားကို ချစ်တဲ့အကြောင်း ဖွင့်ပြောဖို့ ဝန်လေးနေမိတာ အကြောင်းနှစ်ချက် ရှိပါတယ် ...

"တစ်ခုက ကျွန်တော့်ရဲ့ အားနည်းချက်။ အဲဒါကို ပန်းစကားနဲ့ ပန်းစကား မေမေ ခွင့်လွှတ်နိုင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်၊ နောက်တစ်ချက်က ... ဗေကင်စီ Vacancy မရှိတဲ့ ဌာနမှာ လျှောက်လွှာတင်မိမှာ စိုးတာပါ။ ကျွန်တော် ပြောတာ ပန်းစကား သဘောပေါက်ပါတယ်နော် ...

"ကျွန်တော် ... ပန်းစကားဆီ ဖုန်းဆက်တော့ ပန်းစကားက ယဉ်ကျေးတဲ့သူ ပီသစွာ၊ ကျွန်တော့်ကို ကလေးကချေတစ်ယောက်လို ပစ်ပစ်ခါခါပြောမချတာကို ကျွန်တော်



က ဝမ်းသာနေတာ၊ ခုတော့ ... ကျွန်တော် ဝမ်းနည်းရပြီ။ ပန်းစကားက ကျွန်တော့်ကို တစ်စုံတစ်ယောက်နဲ့ မှားနေတာကိုး"

မှားနေသည် ဆိုပဲ။ အဲဒီအမှား ... မှားနေတာမှန်လျှင် ပန်းစကား ဝမ်းသာချင်ပါသည်။ သူဟာ ရွှေဘုန်းခေါင် မဟုတ်ဘူးဆိုလျှင်ပေါ့။ ပန်းစကားရဲ့ ရင်ခုန်သံထဲမှာ ရင်ခုန်သံ တိတ်ဆိတ်ရသည့် အခန်းကဏ္ဍ မပါဝင်တော့ဘူးပေါ့။

"ပန်းစကား ... ကျွန်တော့်ကို ဘယ်သူနဲ့ မှားနေသလဲဆိုတာ ကျွန်တော် ရိပ်စားမိပါပြီ။ ကျွန်တော့်ကို အဲဒီလူထင်ပြီး လက်ခံစကားပြောနေတာ ဆိုရင်တော့ ကျွန်တော် ဝမ်းနည်းရပြီပေါ့ဗျာ။ ပန်းစကားဟာ ကျွန်တော့်ကို ကျွန်တော်အဖြစ်နဲ့ လက်ခံစကား ပြောနေတဲ့အဖြစ်ကိုပဲ ကျွန်တော် ရချင်တာပေါ့၊ ကျွန်တော် ဘယ်သူဘယ်ဝါပါလို့ မပြောသေးတဲ့ အချက်ကလည်း ကျွန်တော့်မှာ နှစ်ချက်ရှိပါတယ် ...

"တစ်ချက်က ... စောစောက ပြောခဲ့တဲ့ထဲက ပထမတစ်ချက်ပါပဲ။ ကျွန်တော့်မှာ အားနည်းချက် ရှိတယ်။ အဲဒါကို ပန်းစကားနဲ့ ပန်းစကားမေမေ ခွင့်မလွှတ်နိုင်မှာ စိုးတယ်။ နောက်တစ်ချက်ကတော့ ... ပန်းစကားကို ချစ်လို့ ကျွန်တော် ကျီစယ်နောက်ပြောင်ချင်လို့ပါ ...

"ပန်းစကားဟာ ... ကုန်တိုက်ပိုင်ရှင် သူဌေးမကြီးအဖြစ်နဲ့ လူကြီး လုပ်နေပေမဲ့ ကျွန်တော့်မျက်စိထဲမှာတော့ ကျွန်တော်ချစ်တဲ့ မိန်းကလေးဟာ ကလေးလေးပဲ၊ အဲဒီမိန်းကလေးကိုသာ ချစ်ခွင့်ရခဲ့ရင်၊ ကျွန်တော်က တစ်သက်လုံး ကလေးလေးလို စောင့်ချစ် ခွင့်လွှတ်သွားချင်တာ ...

"နောက်ဆုံး ပြောချင်တာကတော့ ... ကျွန်တော် ... ရွှေဘုန်းခေါင် မဟုတ်ပါဘူး ဆိုတာပါပဲ၊ ဒါပဲနော် ... ကျွန်တော် ဖုန်းပိတ်လိုက်တော့မယ်"

"ဒီမှာရှင့်"

"ပြောပါ ... ပန်းစကားမှာ ပြောစရာရှိရင် ကျွန်တော် နားထောင်ပါ့မယ်"

"ရှင့်ကို ကျွန်မက ရွှေဘုန်းခေါင်နဲ့ မှားနေပါတယ်လို့ ရှင်က ဘာဖြစ်လို့ ပြောနိုင်ရတာပဲ"

"ရွှေဘုန်းခေါင်ဟာ ပန်းစကားနားမှာ ရစ်ဝဲရစ်ဝဲ ပျံသန်းနေတဲ့ လူလွတ်တစ်ယောက်ပဲ။ သူနဲ့ ပန်းစကားတို့ရဲ့ ရင်းနှီးမှု အတိုင်းအတာကို ကျွန်တောင် စောင့်ကြည့်ရင်ထိတ်နေရတာပေါ့။ ဒီနေ့ ... ရွှေဘုန်းခေါင် စေ့စပ်တဲ့သတင်း သတင်းစာထဲမှာ ပါလာတယ် ...

"ရွှေဘုန်းခေါင်နဲ့ ပန်းစကားတို့ရဲ့ ဆက်ဆံရေးဟာ တရင်းတနှီး ရှိပေမဲ့၊ ဒါဟာ စီးပွားရေး သီးသန့်ပဲလို့ ကျွန်တော်လက်ခံယုံကြည်ပြီး ပျော်သွားရတာပေါ့ ပန်းစကားရယ်။ ဒါကြောင့် ဒီနေ့ သိပ်ပျော်နေပါတယ်လို့ ပြောတာ။ ရွှေဘုန်းခေါင်သာ ပန်းစကားရဲ့ စိတ်ဝင်စားမှုကို သိမ်းပိုက်မထားဘူးဆိုရင် ...

"ပန်းစကားရဲ့ ရင်ခွင်ဟာ လစ်လပ်ဆဲပဲ ဆိုတာ ကျွန်တော် သိတာပေါ့။ ပန်းစကားကို ချစ်သူဝိုင်းဝိုင်းလည်ပေမဲ့ ပန်းစကားမှာက ခင်မင်တဲ့ ယောကျ်ားမိတ်ဆွေဆိုတာတောင် ရှိမှမရှိဘဲ။ ခြင်လာကိုက်ပြီး ယင်တစ်ကောင်လာနားရင်တောင် အဲဒီခြင်နဲ့ယင်ဟာ အမ,တွေပဲ ဖြစ်မယ်ဆိုတာ ကျွန်တော် သိတာပေါ့ ပန်းစကားရယ် ...



"ပန်းစကားကို တန်ဖိုးထားပြီး ချစ်မိတဲ့အထဲမှာ ပန်းစကား မြန်မာမိန်းကလေး ပီသတာ၊ ဣန္ဒြေကြီးတာ၊ စိတ်ဓာတ်တည်ငြိမ် ရင့်ကျက်တာ၊ ပြီးတော့ ... သိပ်လှတာ၊ ဒါတွေအားလုံးဟာ ကျွန်တော် တန်ဖိုးထားပြီး မြတ်နိုးလေးစားတဲ့ အချက်တွေချည်းပါပဲ၊ ကျွန်တော် ပန်းစကားကို ဘာရှင်းပြရဦးမလဲ၊ ပန်းစကား ကျွန်တော့်ကို ဘာပြောချင်သေးလဲ"

"ရှင် ဘယ်သူ ဘယ်ဝါပါ ဆိုတာ လူသိမခံဘဲ ကျွန်မကို ချစ်တယ် ပြောခြင်းဟာ၊ ကလေးတစ်ယောက်ကို ကျီစယ်နောက်ပြောင်ရာ မရောက်ဘဲ ကျွန်မကို မလေးစားရာ၊ တန်ဖိုးမထားရာ ရောက်တယ် ဆိုတာပါပဲ"

ပန်းစကားထံမှာ ငိုချင်စိတ်ကလေးတွေ၊ ဒေါသလေးတွေ ထွက်ပြေးသွားကြပြီ ဆိုတာ အသံကြောင့် သိသာနေတော့သည်။

"ပန်စကားအတွက် လက်ဆောင်ပေးချင်လို့ ကျွန်တော် ဝယ်ထားတဲ့ ဂက်ဝံတစ်စုံနဲ့အတူ ကျွန်တော် လာခဲ့ပါ့မယ်။ အဲဒီအခါကျရင်သာ အိမ်ပေါ်က မောင်းမချပါနဲ့။ ပန်းစကားအရုပ်ကြိုက်တတ်မှန်း ကျွန်တော် သိပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော် ချစ်တဲ့ ပန်းစကားကို ကျွန်တော်က ... ကလေးပေါက်စလေးလို မြတ်နိုးနေမိတာပါဗျာ"

"ပြီးရော ... ပြီးရော ... ဒါပဲနော်"

"ကောင်းပါပြီဗျာ"

ရင်ဖိုလှိုက်လှဲ ဆိုသည့် ခံစားချက်လို့ပဲ ထင်မိပါသည်။ သူဟာ ဘယ်သူဖြစ်နိုင်မလဲ။ ပန်းစကား ထံမှာ ချစ်ခွင့်တောင်း (ကိုယ်တိုင်)ထားကြသူတွေတော့ ရှိပါသည်။ စိတ်မဝင်စားသည်မို့ မေ့ထားခဲ့ပါသည်။ လူကြီးမိဘများမှတစ်ဆင့် ကမ်းလှမ်းထားကြသူတွေလည်း ရှိပါသည်။

"အိမ်ထောင်ရေးကို စိတ်မဝင်စားသေးလို့ပါ။ အလုပ်ထဲမှာပဲ စိတ်နှစ်ပြီး ကြိုးစားနေတုန်း ဆိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း ငယ်သေးတယ်လို့ ထင်ပါတယ်"

အဲသည် အကြောင်းပြန်နှင့် ငြင်းထားခဲ့သည်။ အဲဒါတွေထဲကတော့ မဟုတ်ဘူး ထင်ပါရဲ့။ မဟုတ်ပါစေနဲ့။ ပန်းစကား မျက်နှာတစ်ခုကိုတော့ ပြေးမြင်မိသည်။ အဆက်အစပ်ရယ်လို့တော့ မရှိလှပါ။ သို့ပေမဲ့ ... သူနှင့် စကားပြောခွင့် ရနေစဉ် တစ်ချိန်လုံးမှာ ရင်ကလေး တလှပ်လှပ်ဖိုလျက်၊ ကိုယ်ဟာ ကိုယ်မဟုတ်သလို ခံစားချက် ဆန်းသစ်နေခဲ့သည်။ ကိုယ့်အသံကို ... အဝေးကြီး ပြန်ကြားနေရသည်။ သူနှင့်ကတော့ ... နီးစပ်မှုမရှိ ဘူး ထင်ပါရဲ့။

အဲသည် ညသည်လည်း ပန်းစကားအတွက် အိပ်မပျက်ညတစ်ခု ဖြစ်ခဲ့၏။ မနက်ဖြန်ကျလျှင်တော့ ... ပန်းစကား ဖုန်းဆက်နေသူဟာ ရွှေဘုန်းခေါင် မဟုတ်ဘူးတဲ့ ... ဆိုတာကို သူငယ်ချင်းတွေကို ပြောပြရပါဦးမည်။

ო ო ო



"ဒေါ်ပန်းစကား အတွက်"

"ဟော ... မောင်သံခဲ ... မတွေ့တာ ကြာပါရောလား"

ပန်းစည်းကို ပြေးယူသူက ခတ္တာပါပဲ။

သံခဲက ခေါင်းလေးညွတ်၍ ပြန်ဆင်းသွားပေသည်။ ပန်းစကားက ဒိတ်ခနဲခုန်သော ရင်နှင့်အတူ၊ ဝင့်ခနဲ လှမ်းကြည့်လိုက်မိ၏။ လက်ထပ်ပန်းတွေပါလား။

"ဟော့ ... ဟယ်ယွမ်ကြိုက်တဲ့ ဟိုက်ရီပန်း၊ ရင်မှေ့ကြိုက်တဲ့ ဟိုက်ရီပန်းတွေပါလာပြီ။ နှလုံးသားက ကျောက်မဖြစ်တော့ဘူး၊ ကျောက်ခဲနှလုံးသား မဟုတ်တော့ဘူး"

"ဟာ ... ဘာတွေ အော်နေတာလဲ"

ဇီဇဝါက မာန်မဲလိုက်၏။

"ဒီမှာလေ ... ဒီပန်း၊ ကျုပ်တို့ မြန်မာပြည်မှာလည်း ရှိပါတယ်နော်၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ အရမ်းပွင့်တယ်။ တောင်ပိုင်းမှာလည်း ပွင့်တော့ပွင့်ပါတယ်။ လက်ထပ်ပန်းလို့ ခေါ်တယ်။ မင်္ဂလာဆောင်တွေမှာ၊ သတို့သားနဲ့သတို့သမီးရှေ့မှာထားတဲ့ ပန်းပုံထဲမှာ ဒီပန်းထည့်ပေးရမယ်ဆိုရင်၊ ဈေးပိုကြီးတယ် ...

"ရန်ကုန်မှာ မပွင့်တော့ ရှမ်းပြည်နယ်က မှာရတာ။ ခူယူလာပြီး ရန်ကုန်မှာစိုက်ရင် အပင်တော့ ပေါက်တယ်၊ ပန်းမပွင့်ဘူး၊ ခဏကြာတော့ အပင်ကျသွားရော၊ လန်ဒန်

မှာလည်း အဲဒီပန်းရှိတယ်၊ အသေးစားတစ်မျိုးဆိုရင် သတို့သား သတို့သမီး ရင်ဘတ်မှာ ထိုးတယ်”

“အမယ်လေးဟဲ့ ... သူ့ကို ဘယ်သူက ပန်းကျမ်းပြုခိုင်းနေတာကျနေတာပဲ”

ဇီဇဝါက ဝင်လုကာ ပန်းစကားဆီ ပို့၏။ ပန်းစကားက ဆီးယူပြီး၊ လက်ထပ်ပန်း ဆိုတာလေးကို ငုံ့၍မွှေးမိလေ၏။

“နမ်းတယ်တော့”

“အနံ့ရှိလားလို့ပါဟယ်၊ သိပ်အမွှေးကြီးတော့ မဟုတ်ဘူး နည်းနည်းကလေး ... သင်းတယ် ဆိုရုံလေး”

“ဒါလည်း ... ရှင့်ရွှေဘုန်းခေါင် ပို့တာပဲလား ခွေစ္ဆွာ”

ရင်ခတ်က လှမ်းမေး၏။

“ဘယ်ဟုတ်နိုင်ပါတော့မလဲ၊ ဖုန်းဆက်တဲ့သူနဲ့ ပန်းပို့တဲ့သူ တစ်ယောက်တည်းဆို”

“အဲဒီ တစ်ယောက်တည်းဟာ ရွှေဘုန်းခေါင်ဆို ... ဟို ဖြင့် စစ်ကိုင်းမှာ ဧစပ်နေတာ”

“မှားသွားတယ်ကွာ။ ရွှေဘုန်းခေါင် မဟုတ်တဲ့ တခြား တစ်ယောက်”

“ဖြစ်ရပြန်ပြီ။ ဒါဖြင့် ... ဘယ်သူလဲ”

ခတ္တာနှင့် ရင်ခတ်တို့ရဲ့ အပြန်အလှန်စကား ဇီဇဝါက မျက်စိစွေ၍ ကြည့်၏။

“မယ်ခတ္တာ။ ရှင် မရိုးဘူး။ ရှင့် ရင်ထဲမှာ စကား မျိုထားတယ်၊ သိထားတာတွေ ဖွင့်မချဘူး၊ ကျုပ် အသည်း ယားလာပြီနော်”



“အသည်းယားရင်လည်း ဗိုက်ကြီးခွဲချပြီးတော့သာ၊ ကုတ်ပေတော့။ ကျုပ်ဗိုက်ထဲမှာ ဘာမှမရှိဘူး”

“အေးပေါ့လေ ... သိတဲ့တစ်နေ့ကျရင် သေမယ်။ လည်ပင်းကို ညှစ်မှာ။ ဒီမှာ ... ရှင့်မှာတင် သက်ထားတို့ အဖွဲ့ရှိတယ် မထင်နဲ့”

“ရှင့်မှာ ဘာအဖွဲ့ရှိလို့လဲ”

“နှစ်ယောက်အဖွဲ့၊ ကျုပ်နဲ့ ရင်ခတ်”

“ဟား ... ဟား ... တကယ့် ကမ္ဘာကျော်စကော့တလန်ယာ့ဒ်ကြီးတွေပါလား”

“ရှင့်ကို လူတစ်ယောက် လာရစ်နေတာ၊ ရှင်က ပြန်ကြည်နေတယ်၊ ဘယ်သူလဲ သိချင်ရင် ကျွန်မတို့ဆီမှာ လာမေးပါလို့ ဦးသဝန်ကြောင်ကြီးဆီ ဖုန်းဆက်မယ်၊ ရှင်ဖွင့်ချရင်ချ၊ မချရင်၊ ခုပဲဆက်ပြီ။ ကျုပ်ဖုန်း ဘက်ထရီမပြည့်ခဲ့ရလို့၊ ရင်ခတ်ရေ ... ဆက်ပေ့ါ”

“ဟာ ... မလုပ်နဲ့နော်”

ခတ္တာက ပြေးလု၏။ ရင်ခတ်က မပေးဘဲ လှည့်ပတ်သည်။

“မဆိုင်သူတွေ ဘာလို့ သွားဆွဲထည့်မလဲ”

“ရှင်ကမှ မြှုထားတာကို”

“ဘာကို မြှုထားလို့လဲ”

“မသိဘူး၊ မြှုတော့ ထားတယ်။ ဘာမြှုထားမှန်းသာ မသိတာ။ ရှင့် မျက်နှာက တစ်ခုခု မှိုင်းလုပ်ထားတဲ့ သူခိုးရုပ် ဖြစ်နေတယ်”

“ရှင်တို့နှစ်ယောက်သာ ဓားပြရုပ်တွေ”

"ရတယ်လေ ... သူပုန်ကြီး ဒေါ်သူပုန် ထပြီးလိုက်လာမှ၊ ရှင့်ပြဿနာမဆုံး ဖြစ်ကုန်မယ်။ ရှင့်လူကြီးတင် မကဘူး၊ ရှင့်ယောက္ခမလောင်းကြီးဆီပါ ဆက်မယ်၊ ဦးသစ်ကြောင်ကြီးရဲ့ အမေကလည်း ဒေါ်သဇင်တို့၊ ဒီချွေးမလောင်းပေါ် ဖြုတ်နားရင်တောင် ဖြုတ်ထီး မဖြစ်စေရဆိုတဲ့ထဲက ..."

"ဖြုတ်က ကျုပ်ပေါ် ဘာဖြစ်လို့ နားရမှာလဲ"

"ရှင်က သိုးပုပ်နေလို့ ဖြစ်မှာပေါ့၊ ပြောမှာလား၊ မပြောဘူးလား"

"ပြောစရာမရှိ ..."

ပန်းစကား စားပွဲပေါ်မှ တယ်လီဖုန်းက မြည်လာ၏။ အောက်ထပ် ကောင်တာအင်ချာ တစ်ယောက်ဆီမှ ဖုန်းဖြစ်သည်။ ဒီတယ်လီဖုန်းဆိုလျှင် ဆိုင်တွင်းဖုန်းပဲမို့ အားလုံးက ဝိုင်းစိတ်ဝင်စားသွားကြ၏။ ပန်းစကားက ဖုန်းကောက်ကိုင်သည်။

"မမ ... အောက်မှာ ညှို့သည်တစ်ယောက်၊ မမကို တွေ့ချင်လို့ပါတဲ့၊ လွှတ်ပေးရမလား မမ"

"ဘယ်သူလဲ"

"သူ့နာမည် ပြောရင် မမ မသိပါဘူးတဲ့။ အလုပ်ကိစ္စ ... ခုမှ မိတ်ဆက်ပြီး ဆွေးနွေးရမှာတဲ့"

ပန်းစကား ... စကားပြောခွက်ကို ခဏပိတ်ပြီး စဉ်းစား၏။

"ညှို့သည်တဲ့"

"ဒီမှာဖြင့် ... ပြဿနာက မပြီးသေးဘူး၊ အရေးကောင်းရှင့် ဒိန်းဒေါင်းက ဖျက်ပြီ။ ခဏစောင့်ခိုင်းလိုက်ကွာ"

ဇီဇဝါက မျက်စောင်းထိုး၍ ပြော၏။



"အရေးကြီးကိစ္စ မရှိတုန်း၊ တွေ့လိုက်တာပေါ့ကွာ၊ တော်ကြာ အရေးကြီးကိစ္စ တကယ်ပေါ်လာမှ ခက်နေဦးမှာ"

"ရှင့်သဘောပဲ"

"ကဲ ... ကဲ ... လွှတ်လိုက်ပါ။ ရပြီနော်"

မောင်သံခဲ လာပို့သွားသည့် ပန်းစည်းကြီးကို နေရာဘကျ ထားလိုက်ပြီး၊ ကိုယ့်စားပွဲ ကိုယ်ပြန်ကာ၊ ဖိုင်တွဲလေးတွေ ဟိုလှန်ဒီလှန် အလုပ်ရှုပ်သလို ဖြစ်နေကြသော ခင်ဗျာ၊ ရင်ခတ်နှင့် ဒီဇဝါတို့ကို ပန်းစကားက ပြုံးကြည့်လိုက်လေ၏။ ကိုယ့်သူငယ်ချင်းတွေဟာ ကလေးတွေလိုပါပဲလေ။

ပန်းစကားသည်သာလျှင် တကယ် အလုပ်ရှိ၊ သူ့ ကြည့်စရာရှိသော စာရင်းတွေ သူ ကြည့်ရှုစစ်ဆေး၊"

သည်။ ညှို့သည်ရောက်မလာမီမှာ ပန်းစကား၏ လ

ာလေး မြည်၏။ ကောက်ယူကြည့်လိုက်သည့် အခါ ‌and Phone ကို

ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားရသည်။ ရင်သည် း ဆီကတစ်ဆင့်

လာ၏။ ခါတိုင်း ... ညရှစ်နာရီလေးဆယ့်ငါးကာပဲ၊ တစ်ယောက်

ုန်းက ... ဘယ့်နှယ် ... ရုံးချိန်ကြီး။ မနက်တော့ဘူး"

"ဟုတ်ကဲ့" ဖြစ်နေတာလဲ"

"ပန်းစကား ... ကျွန်တော်ပါ" တော် ... တကတဲ"

"ဟုတ်ကဲ့" န်းစကားကို အစ်အောက်

"သိရဲ့လား" ဆေးဆေး ငေးကြည့်နေ

"သိပါတယ်" စိတ်ဝင်စားမှုက ပန်းစကား

"ကျွန်တော် မလာတော့ဘူး" ခင်ဗျာ သက်သာခွင့်ရလေ၏။

"ဘယ်သူက ဖိတ်ထားလို့လဲ" ရတာ မဟုတ်ပါ။ ယောက္ခမ

"မဟုတ်ဘူး ... စောစောတုန်းက တွေ့ခွင့်တောင်းလိုက်တာ၊ တက်လာပါဆိုလို့။ စောင့်နေမှာစိုးလို့ မလာတော့ဘူးလို့ ပြောတာ။ ကျွန်တော် မလာရဲလို့၊ ပန်းစကား သူငယ်ချင်းတွေနဲ့။ မိန်းကလေး ... လေးယောက်ရှေ့မှာ ကျွန်တော် မနေတတ်လို့ပါ"

ပန်းစကား သဲ့သဲ့လေး ရယ်လိုက်၏။

"ဝိုင်းနောက်ကြမှာလည်း စိုးတယ်၊ ကျွန်တော် မလာရဲတော့ဘူး၊ မနက်ကပို့လိုက်တဲ့ ပန်းစည်း ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်။ လှပါတယ်"

'လက်ထပ်ပန်းတွေ ထည့်စည်းခိုင်းထားတယ်"

အောက်ထွေ့ပါတယ်"

ဒီတယ်လီဖုန်းတော် ... လက်ထပ်ခွင့်ပါ တစ်ခါတည်းတောင်းတဲ့

ဝင်စားသွားကြ]"

"မမ ...ပ်လိုလူလဲ၊ ရှင့်လုပ်ပုံက အချိုးကို မပြောဘူး။

ချင်လို့ပါတ့ာတွေကို ခွဲ့ဖွက်ထဲ နှစ်ပြန်ပြီ"

"ဘယ်သူလဲ ပန်းစကား၊ ဒီနေ့ညနေစာ ကျွန်တော်ကျွေး

"သူ့နာမည် ပ်မှာ ပြောစရာတွေ အများကြီးရှိနေပါတယ်"

ခုမှ မိတ်ဆက်[ထင်ပြတော့မဲ့ ရက္ခစိုးကြီးပေါ့"

ပန်းစကား ကျွန်တော် ရင်တွေခုန်နေတယ်"

စား၏။ ၊တွေ့ မမြင်ဘူးတဲ့ သူစိမ်းယောက်ျား

"ညှိသည်တဲ့" မက ထမင်းလိုက်စားရမှာလား၊ တစ်

"ဒီမှာဖြင့် ... ပြသ လာခဲ့တဲ့ ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့၊

ဒိန်းဒေါင်းက ဖျက်၊တဲ့ ကျွန်မရဲ့ ကိုယ်ကျင့်တရားက

ဇီဇဝါက မပြုပါဘူး"



"ဒုက္ခပဲ ... ဘာလုပ်ရမှန်း မသိဘူး၊ ကျွန်တော် ပန်းစကားနဲ့ နှစ်ယောက်တည်းပဲ တွေ့ချင်လို့ပါ"

"ကျွန်မ ခွင့်ပြုမပေးနိုင်ပါဘူး၊ ဝမ်းနည်းပါတယ်"

"ဒါဖြင့်လည်း ... ရုံးခန်းကိုပဲ တက်လာတော့မယ်ဗျာ၊ ဖြစ်ချင်ရာဖြစ်"

"ဒါပဲနော်"

"ကောင်းပါပြီဗျာ"

သူ တကယ်ပဲ ရှက်နေတာ ... ထင်ပါရဲ့။ ပန်းစကား မျက်နှာက ပြုံးပြုံးကြီး ဖြစ်နေ၏။

"ဟော့ ... ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာတဲ့လဲ"

"လာရင် တွေ့မှာပေါ့ ... မိတ်ဆွေတစ်ယောက်ပါ"

"စောစောက တွေ့ခွင့်တောင်းတဲ့သူလား"

"မပြောတတ်ဘူး၊ ခုဟာက ဟဲန်းဒ်ဖုန်း Hand Phone ကိုဆက်တာ၊ စောစောကတော့ ကိုကြည်ဝင်း ဆီကတစ်ဆင့်ဆိုတော့ တစ်ယောက်စီလည်း ဖြစ်နိုင်တာပဲ၊ တစ်ယောက်တည်းလည်း ဖြစ်နိုင်တာပဲ၊ မပြောတတ်ဘူး"

"ရှင့်မျက်နှာက ပြုံးစိစိ ..., ဘာလို့ ဖြစ်နေတာလဲ"

"ပြုံးတာ ခွင့်ပြုမိန့် ယူရဦးမှာလားတော် ... တကတဲ"

ရင်ခတ်နှင့် ဇီဇဝါတို့က ပန်းစကားကို အစ်အောက်နေကြချိန်မှာ ခတ္တာကတော့ အေးအေးဆေးဆေး ငေးကြည့်နေလိုက်တော့သည်။ ဇီဇဝါနှင့်ရင်ခတ်တို့ရဲ့ စိတ်ဝင်စားမှုက ပန်းစကားဆီ ရောက်သွားပြီမို့၊ လောလောဆယ်မှာ ခတ္တာ သက်သာခွင့်ရလေ၏။ မဟုတ်လျှင် ... ဒီမိန်းမတွေက စိတ်ချရတာ မဟုတ်ပါ။ ယောက္ခမ

လောင်းကြီးဆီထိ ကုန်းတိုက်ဝံ့ကြသူတွေမို့၊ အမြင်ကတ်ကတ်နှင့် ချစ်နေရသည့် သူငယ်ချင်းတွေပါပဲ။

မိတ်လေ့ကားနှင့် တက်လာသည်မို့ ချက်ချင်းရောက်ကာ မှန်တံခါးရှေ့မှာ ရပ်လာသူက ... ခွန်းဆက်။



## ၁၃

သက်ထားတို့အဖွဲ့ စုံစမ်းသိရှိခဲ့ရပါသည် ... ဟု ခဏ္ဍာ ပြောသည့် ဘုရားပင့်ပူဇော်ပွဲမှာ "ပန်းစကား"ကို စတင်တွေ့ဖူးခဲ့ပါသည်။

ဘယ်တုန်းကမှ ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့သော ခွန်းဆက်ဟာ ပန်းစကားကို ငေးကြည့်နေခဲ့ရသည်။ မျက်တောင်လေးမှ မခတ်နိုင်သလို၊ မျက်စိတစ်ချက် မလွှဲနိုင်၊ ဏှာခြေမျက်လောက်အောင်ပင် ဖြစ်ခဲ့ရပါသည်။ သို့ပေမဲ့ ... ပန်းစကားကတော့ လုံးဝ မသိချေ။ ပန်းစကားကို မြင်လိုက်ချိန်မှာ ကိုယ်တစ်သက်တာ လက်တွဲရမည့် ဘဝအဖော်မှန်ကို တွေ့ပြီ ... ဟု တစ်ထိုင်တည်း ဆုံးဖြတ်ခဲ့သည်။ သူနှင့် ပတ်သက်၍ စုံစမ်းရတော့မည်။

"ဘမျိုးဘိုးတူ ... တဲ့။ ဒီသူငယ်လေးနဲ့တော့ မဖြစ်နိုင်ဘူး ထင်ပါရဲ့ ရှယ်လီရယ်"

အန်တီရှယ်လီဟု ခေါ်သောအိမ်ရှင်မှာ မြန်မာနာမည် ရှိပါသည်။ သို့ပေမဲ့ ကွန်ဗင့်ကျောင်းထွက်မို့ အင်္ဂလိပ်နာမည်လည်း ရှိနေသေးတော့ သူငယ်ချင်းအပေါင်းအသင်းတွေက "ရှယ်လီ"ဟု

လွယ်လွယ်ကူကူ ခေါ်ကြသည်။ ခွန်းဆက်မိခင် ဒေါ်ရွှေခွန်းချို လည်း "ဂျက်စမင်"ဆိုသော နာမည်ရှိသည်။ သို့ပေမဲ့ ... မေမေ တက္ကသိုလ်တက်ကတည်းက ဂျက်စမင်ဆိုသော နာမည်က အသုံး နည်းရုံမျှမက၊ အသုံးမရှိတော့သလောက်ပင်။ သိသူတောင် ရှားကာ၊ အလွန်လှသော အီကိုကွင်း "ရွှေခွန်းချို"ဟုသာ လူသိများခဲ့၏။ "ခွန်း"ဟု တစ်လုံးတည်းခေါ်သူလည်းရှိ၊ "ခွန်းချို"ဟု ခေါ်သူလည်း ရှိပါ၏။ အန်တီရှယ်လီဟာ မေမေ ကျောင်းတုန်းက သူငယ်ချင်းမို့ မေမေကလည်း "ရှယ်လီ"၊ ခွန်းဆက်တို့ကလည်း၊ အန်တီရှယ်လီဟု ခေါ်၏။

မေမေ ဒေါ်ရွှေခွန်းချို ဘုရားကန်တော့အပြီးမှာ ခွန်းဆက်က မေမေ့ကို၊ အန်တီရှယ်လီနှင့် စကားပြောနေသည့် "အစ်မကြီး"ဟာ ဘယ်သူလဲလို့ မေးတော့ မေမေရယ်မောနေခဲ့တာ ခုထိတိုင် မြင်ယောင်ဆဲပါ။

"ဘယ်က အစ်မကြီးရမှာလဲ။ အန်တီခေါ်ရမှာပါ သားရယ်။ ဒေါ်စုစုလွင်တဲ့။ ရှယ်လီနဲ့ကတော့ ငယ်သူငယ်ချင်းဆိုလား၊ မေမေနဲ့ လူချင်းတော့ မသိပါဘူး၊ ဒါပေမဲ့ ဒါဟာ ဒေါ်စုစုလွင်၊ ဒါဟာ ဒေါ်ရွှေခွန်းချိုဆိုပြီးတော့ ... တော့ မြင်ဖူးကြားဖူး ရှိပါတယ်။ သားက အစ်မကြီးလို့ ခေါ်ရ လောက်အောင်ကို အရွယ်တင်တာ၊ သူ့ခင်ပွန်းက ဦးထင်လင်းတဲ့။ သမီးလေး တစ်ယောက် ရှိတယ်လေ။ ပန်းစကား ... တဲ့"

မေးငေါ့ပြရာသို့ လှမ်းအကြည့်မှာ၊ ကိုယ့်ရဲ့ နှလုံး သည်းအူနာမည် ပန်းစကားပါလားဟု သိလိုက်ရသည်။

"သားက ... စုစုလွင်ကို ဘာစိတ်ဝင်စားသွားလို့ မေးတာ လဲ"



သားမေးပုံ ထူးခြားလွန်းလို့ ဒေါ်ရွှေခွန်းချို အံ့ဩရပါ သည်။

"တော်တော်လေးလှလို့ပါ၊ နောက်ပြီး သူနဲ့ မျက်နှာချင်း ဆင်တဲ့ ခပ်ငယ်ငယ်တစ်ယောက်လေ ... မေမေ ပြောတဲ့ ပန်းစကားပေါ့။ ပန်းစကားကိုတွေ့ပြီး ... သူတို့နှစ်ယောက် မျက်နှာချင်းဆင်တော့ ညီအစ်မလားလို့"

"သားက ပန်းစကားကို စိတ်ဝင်စားတာလား"

"ကျွန်တော် ... သူ့ကို ပန်းချီဆွဲချင်လို့ပါ"

သားက ဘယ်လို (ရုက်စိတ်နှင့်) လိုးလွဲပြောငြား၊ ဒေါ်ရွှေခွန်းချို ရိပ်မိပါသည်။

"ပန်းချီဆွဲချင်လို့ပဲဖြစ်ဖြစ်၊ မေမေရေ လိုက်တောင်းပေးပါပဲ ဖြစ်ဖြစ်၊ မေမေ့ဘက်ကတော့ အဆင်သင့်ပါပဲ။ တစ်ခုတော့ ရှိတာပေါ့၊ မေမေ့မွေးနေ့မှာ အမိဋ္ဌာန်ဝင်ရင် ရက်ပေါင်းငါး ဆယ်ကျော် ဝင်ရမှာဆိုတော့၊ လိုက်တောင်းပေးရမှာဖြင့် အမိဋ္ဌာန်က ထွက်ပြီးမှပေါ့နော် ... စောင့်နိုင်တယ်မှုလား"

"ဟာ ... မေ့မေကလည်း"

မေမေက အန်တီရှယ်လီ၏ ဆွေမျိုးသားချင်းတွေနှင့် ပါခင်မင်သည်မို့ မေမေ စကားဝိုင်း ပြောင်းသွားချိန်မှာ၊ ခွန်းဆက် က အန်တီရှယ်လီနှင့် ဒေါ်စုစုလွင်တို့ စကားဝိုင်းနား မသိမသာ ကပ်လာခဲ့ပါသည်။ ပထမဆုံး ကြားလိုက်ရသောဝါကျက ...

"ဘမျိုးဘိုးတူ ... တဲ့။ ဒီသူငယ်လေးနဲ့တော့ မဖြစ်နိုင်ဘူး ထင်ပါရဲ့ ရှယ်လီရယ်" ... တဲ့။

အန်တီရှယ်လီဟာ ဟိုသားနှင့် ဒီသမီး၊ ဟိုသမီးနှင့် ဒီသား ... ဆိုတာမျိုး စပ်တာဟပ်တာ အလွန်ဝါသနာပါ၏။ အခ

ကြေးငွေရယူဖို့ထား ... သူ့အိတ်ထဲက စိုက်ပြီးတော့တောင် သူ့အိမ်မှာ ... နှစ်ဦးနှစ်ဖက်တို့ ဆုံကြဖို့ ထမင်းဝိုင်းကြီး ကျင်းပပေးရဖို့လည်း ဝန်မလေးသူတည်း။ ခွန်းဆက်ကိုဆိုလည်း အဲဒီလို စပ်ဟပ်နေတာ။ ပန်းစကားကိုပဲ မျက်စိရှုန်းသလား၊ ခွန်းဆက်ကိုပဲ မျက်စိရှုန်းသလား၊ ဒီနှစ်ယောက်ကိုကျတော့ မေ့လျော့နေပုံရ၏။ ပန်းစကားကို မျက်စိရှုန်းတာတော့ ဟုတ်ဟန်မတူပါ။ ခုပဲ ပန်းစကားကို ဘယ်သူ့အတွက် တောင်းနေမှန်းမသိ၊ ဒေါ်စုစုလွင်က ငြင်းနေပုံရ၏။

"ဘာဆိုင်လဲ စုစုလွင်ရဲ့။ ခြေညှိုးမကောင်း ခြေညှိုး။ ခြေမ, မကောင်း ခြေမဆိုသလို၊ သူ့အဖေနဲ့ သူ့သားနဲ့ တစ်ကဏ္ဍစီပါ"

"သူ့အဖေက အရက်အရမ်းသောက်တယ်၊ သောက်ပြီးရင်လည်း အိမ်မှာ ပြဿနာမရှိ ပြဿနာရှာတတ်တယ် ဆိုတဲ့ သတင်းကို ကြားထားပါတယ်။ သူ့အဖေအကျင့် ... သူ့သားဆီ ပါလာမှာ ကြောက်ပါတယ်၊ ပြီးတော့ ... သားဆီ ပါမလာဘူးပဲထားဦး၊ အဲဒါမျိုးကြီးနဲ့ ခမည်းခမက် မတော်ချင်ပါဘူး ရှယ်လီရယ်"

ခွန်းဆက် ရင်ထဲမှာမှ မျှော်လင့်ချက်ရောင်ခြည်ကလေး မှိန်ကျသွားရတော့၏။

"သူ့အဖေဟာ ... ဒီလောက်လှတဲ့ မိန်းမကိုပစ်ပြီး သားနဲ့မှ ရွယ်တူမိန်းကလေးတစ်ယောက်ကို ထပ်ယူထားတာ၊ သူ့အဖေအကျင့်က သူ့သားဆီ ပါမလာဘူးလို့ ပြောနိုင်မလား။ ပါမလာဘူးပဲထားဦး၊ ဒီလိုအိမ်ထောင်ရေး ဖောက်ပြန်တတ်တဲ့လူမျိုးနဲ့ ခမည်းခမက် မတော်ချင်ပါဘူး"



ပြောပင်မပြောပြား၊ အထက်ပါစကားစုဟာ ခွန်းဆက်နားထဲမှာ ခေါင်းလောင်းတီးသလို ဆူညံစွာ ဝဲပျံရတော့၏။ ခွန်းဆက်၏ အားနည်းချက်ဟာ အဲဒါပင်။ ဖေဖေနှင့် ပတ်သက်၍ တခြား ဘာမျှ ပြောစရာမရှိ။ ဒီပြဿနာတစ်ခုပဲ ရှိသည်။

"မမျှော်လင့်ဘဲ ဖြစ်သွားမိလို့ ရှိမှတော့ ကိုယ်တာဝန်ယူချင်တယ် ခွန်းချိုရယ်။ ဟိုမိန်းကလေးက ငယ်လည်းငယ်တော့လေ၊ သူ့ဘဝလေး ကိုယ့်ကြောင့် ပျက်ရတာ"

စင်ကာပူမှာ ဆယ့်တစ်လ၊ ရန်ကုန်မှာ တစ်လ နေသော ဖေဖေ၊ အလုပ်အကိုင် ကြိုးစားပြီး၊ စီးပွားရှာကောင်းသော ဖေဖေ၊ ဖေဖေဟာ အလုပ်ထဲမှာ မွန်းနစ်ပြီး ပင်ပန်းနွမ်းနယ်စွာ အထီးကျန်ခံစားရချိန်များ ရှိမည်ဆိုတာ၊ သားက ယောကျ်ားချင်း စာနာနိုင်ခဲ့သည်။ မေမေ့မှာ ပြိုင်ဘက်ရယ်လို့ ပေါ်လာတာကို မကြိုက်ပေမဲ့၊ ဖေဖေသာ မှုဆိုးဖိုဆိုလျှင်၊ ခွန်းဆက်က ကြည်ဖြူစွာ လက်ခံပေးလိုသူပါ။ ပြီးတော့ ... အဖေဟာ အဖေပဲ။ အနန္တဂိုဏ်းဝင်။ ခွန်းဆက်က နားလည်ပေးနိုင်ပါ၏။

"သား ... ဖေဖေ့ကို အပြစ်တင်တဲ့စကား မပြောဘူးလား"

အပြစ်ရှိစွာ ခံစားပြီး အနေအထိုင်ရ ခက်စွာ အပြစ်ဝန်ခံနေသော ဖေဖေ့ကိုလည်း သနားပါသည်။ ငယ်ငယ်ရွယ်ရွယ် ... ကိုယ်နှင့်မှ ရွယ်တူပါဆိုသည့် မိန်းကလေးတစ်ယောက် ကိုယ့်အဖေကြောင့် ဘဝပျက်ရတာကိုလည်း ... လူတင်ပါလို့ နားကျားကိုက်တာ ... ဟု မဝေဖန်ရက်ပါ။ သနားကရုဏာဖြစ်မိသည်ပင်။ မေမေနောက်ထပ် တစ်ယောက် ထပ်ရှာလိုက်တာကို မကျေနပ်ပေမဲ့ ဖြစ်ပြီးမှတော့ ဖေဖေ့မှာ တာဝန်ရှိသည်ဟုပဲ ယူဆပါသည်။ အားလုံးထဲမှာ အကြောင်နာတွေ သွန်ချပြီး သနားမိဆုံးကတော့ မေမေပါပဲ။

ဘာအပြစ်မှ မရှိပါဘဲ၊ စိတ်ဆင်းရဲရဖို့ မတန်ဟု ထင်၏။ ဒီလောက်လှ၊ ဒီလောက်ကျက်သရေရှိပြီး၊ ဒီလောက် သဘောထားမြင့်မြတ်သည့် မိန်းမသား၊ ခင်ပွန်းကိုလည်း ချစ်ကြောက်ရိုသေ၊ အိမ်ထောင့်တာဝန် မလစ်ဟင်းစေရ။ ဆွေရေး မျိုးရေး သာရေးနာရေး လူမှုရေးအားလုံးမှာ ထောင့်စေ့ကြေညက်သော မေမေ။ ဖေဖေ့အမျိုးတွေ ကိုယ်တိုင်က ဖေဖေ့ထက်တောင် မေမေနှင့်သာ ပိုခင်ပိုရင်းနှီးခြင်း ခံယူရပါသော မေမေ။ ဘာအပြစ်မှ မရှိပါဘဲ မေမေ ခံလိုက်ရသည့် လောကဓံ ထိုးနက်ချက်က ရက်စက်လွန်းသည်။

ခွန်းဆက်ဟာ သုံးယောက်လုံး၏ ရှုထောင့်မှ ကြည့်ပေးနိုင်သူတည်း။

"ဖေဖေ့ကို အပြစ်မတင်ပါဘူး ဖေဖေ။ ဘာပဲဖြစ်ဖြစ် ... ဖေဖေဟာ ကျွန်တော့်ဖေဖေပါပဲ"

"စိတ်ချ သား။ ဖေဖေဟာ သားရဲ့ ဖေဖေ၊ ခွန်းချိုရဲ့ ခင်ပွန်းဘဝကနေ တစ်လက်မလေး မတိမ်းစောင်းစေရဘူး။ ဖေဖေ ကတိပေးတယ်"

ဖေဖေက ခါတိုင်းလို စင်ကာပူ ဆယ့်တစ်လ၊ ရန်ကုန်တစ်လနေ။ ရန်ကုန် ဇနီးက မေမေ။ စင်ကာပူဇနီးက အဲဒီ တရုတ်ကပြားမလေး။

"ရှင့်ကို ကျွန်မ နားလည်ပေးနိုင်ပါတယ် ကိုဆက်အောင်"

ဖေဖေ့ မျက်နှာ ကွက်ခနဲ ပျက်လေ၏။ ရုပ်ကလေး ချောသလောက်၊ တက္ကသိုလ်က အီကိုကွင်း ဖြစ်ခဲ့သော ... ဖေဖေ သုံးနှစ်တိတိ (ဒုတိယနှစ် တက်ကာစ အချိန်မှစ၍ ဖေဖေက မေမေ့ကို ပိုးပန်းခဲ့ရပါသည်တဲ့) ဖွဲ့ခပ်နိုင်လွန်းမှ၊ နောက်ဆုံး နှစ်စာမေးပွဲဖြေပြီးမှ ခေါင်းညိတ်ခဲ့သော ... နောက်ထပ်နှစ်နှစ်တိတိ



စောင့်ကြည့်သေးကာ၊ မေမေ့ဘက်က ချစ်သက်တမ်းနှစ်နှစ်၊ ဖေဖေ့ဘက်က ချစ်သက်တမ်း ငါးနှစ်ကြာမှ လက်ထပ်ခဲ့သော ... နူးနူး ညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့ကလေး မေမေသည်၊ ဖေဖေ့ကို ချစ်မြတ်နိုးလွန်းစွာ "ကို"ဟု ခေါ်ခဲ့ပါသည်။ သူ့ကိုယ်သူ "ခွန်းချို"ဟု ပြောခဲ့ပါသည်။ ကိုဆက်အောင် ... ကျွန်မဆိုသော ... အသုံးအနှုန်းက မေမေ့ ဆုံးဖြတ်ချက်ကို ပြသခဲ့ပါပြီ။

"ခွန်းချိုကိုပဲ ချစ်ပါတယ်၊ အဲဒါ ယုံပါ"

"ကျွန်မ ယုံပါတယ်၊ သားရှေ့မှာ မရှိသေ့စကား ပြောရရင်၊ ရှင်တို့ ယောကျ်ားတွေ အချစ်စစ်စစ် တစ်နေရာ၊ အိမ်ထောင်ရေးက တစ်နေရာဆိုပြီး နှစ်နေရာခွဲပြီးလည်း ချစ်နိုင်ကြတယ်။ ကျွန်မတို့ မိန်းမသားတွေမှာတော့ အဲဒီလို မရှိပါဘူး။ ရှင့်အဖြစ်ကို ကျွန်မ နားလည်ပေးနိုင်ပါတယ်။ တကယ်ပါ။ ရှင်က ယောကျ်ားပဲ၊ ဒီနေရာမှာ ... သားကိုထားခဲ့ပြီး၊ စင်ကာပူ မလိုက်တဲ့ ကျွန်မရဲ့ လုပ်ရပ်ကိုလည်း ကျွန်မ နောင်တ မရပါဘူး ...

"ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ငါးနှစ်တိတိ စောင့်ပြီး လေ့လာခဲ့တာတောင် ဆုံးဖြတ်ချက်မှားယွင်းလေခြင်းရယ်လို့လည်း ကျွန်မ မပြောပါဘူး၊ ကျွန်မ ... ဒီအချိန်မှာ လင်ပစ်ခံရဖို့ကံက ပါလာတာပဲ။ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ပါတယ်"

"ကိုယ် ခွန်းချိုကို မပစ်ပါဘူး"

"ရှင်က မပစ်ပေမဲ့၊ ကျွန်မက ရှန်းထွက်ပါတယ်။ တရားဝင် ကွာရှင်းပေးပါမယ်"

"အဲဒါမျိုး မဖြစ်ချင်ဘူး ခွန်းချို၊ ကိုယ် ကွာမပေးဘူး"

"အခုကိစ္စမှာ ... ကျွန်မ အပြစ်၊ ကျွန်မ အမှားတစ်ခုပါ သလားဟင်"

"လုံးဝ မပါပါဘူး၊ မဆင်ခြင်နိုင်တဲ့ ကိုယ့်အပြစ်ပါ"

"ကျွန်မ အပြစ်မပါပေမဲ့၊ အမှားပြုသူဟာ ကျွန်မ မဟုတ်ပေမဲ့၊ ကျွန်မ အသည်းကွဲရပါတယ်။ ဖျတ်ခနဲ မကွဲပေမဲ့၊ သွေးတွေ စီးမကျပေမဲ့၊ ကျွန်မ အသည်းကွဲပါတယ် ကိုဆက်အောင်၊ ရှင့်ကို ကျွန်မ နားလည်ပေးသလို၊ ရှင်ကလည်း ကျွန်မကို နားလည်ပေးနိုင်မယ်ဆိုရင် ...

"ကွာရှင်းပေးပါ။ သားဟာ တစ်သက်လုံး ရှင့်သားပါပဲ။ ရှင်ဟာ သားရဲ့ အဖေပါပဲ။ ဒါပေမဲ့ ... ကျွန်မ ခင်ပွန်းမဟုတ်တော့ပါဘူး။ ဒီတော့ ... ရှင့်သားကို တွေ့ချင်လို့ပဲဖြစ်စေ၊ အလုပ်ကိစ္စနဲ့ ရန်ကုန်ကို လာလည်သည့်ဖြစ်စေ၊ ရှင် တစ်နေရာရာမှာ တည်းခိုပြီး သားနဲ့ တွေ့နိုင်ပါတယ်၊ ဖြစ်နိုင်ရင် ... ကျွန်မကတော့ ခုချိန်ကစပြီး ရှင်နဲ့ လုံးဝ မျက်နှာချင်းမဆိုင်ချင်တော့ပါဘူး"

"ရက်စက်လိုက်တာ ခွန်းချိုရယ်"

"ရက်စက်တယ်ဆိုတဲ့ စကားလုံး ... ရှင့်မှာ သုံးခွင့်မရှိဘူးလေ။ ရှင့်ကို မတွေ့ချင်ဘူးဆိုတာက၊ ရှင့်ကို ကျွန်မက မုန်းတဲ့စိတ်နဲ့ ခွဲခွာတာမှ မဟုတ်တာ၊ နားလည်ခွင့်လွှတ်ပေးခဲ့တာ ဆိုပေမဲ့ ရှင်နဲ့တွေ့လို့ ရှင့်မျက်နှာကို မြင်ရရင် ရှင့်အပေါ် ကြင်နာ သာယာစိတ် ဖြစ်သွားခဲ့ရင် မကောင်းပါဘူး ...

"ကျွန်မဟာ ငါးပါးသီလကို လုံအောင် ထိန်းတာပါ။ ရှင်ဟာ သူတစ်ပါးရဲ့ ခင်ပွန်းဖြစ်နေမှ၊ ရှင့်အပေါ် ကြင်နာစိတ် ဝင်မိရင် ကျွန်မ ကာမေသုမိစ္ဆာစာရကံ ထိုက်မှာစိုးလို့ပါ"



"ခွန်းချို ပြောတဲ့ကံကို ထိုက်နေတာက ကိုယ်နဲ့ ဟိုတစ်ယောက် မဟုတ်ဘူးလား"

"ကျွန်မကိုယ်ကျွန်မပဲ ဝေဖန်ပြီး ကောင်းအောင် နေပါတယ်။ တစ်ဖက်သားကို အပြစ်တင်တဲ့ အမြင်မျိုးနဲ့ ကျွန်မ ကြည့်လေ့မရှိပါဘူး၊ ကျွန်မ ကိစ္စ မဟုတ်ဘူးလို့လည်း ထင်ပါတယ်"

ဘယ်လိုမှ ပြောမရသည့်အခါမှာ ဖေဖေက ရှုပ်စွည်းအကုန် လွှဲကာ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် စင်ကာပူသို့ ပြန်ပါသည်။ ဟိုတရုတ်ကပြားမလေး ဝင်နီလင်းကလည်း "ကဲ"ပဲ ထင်ပါရဲ့။ အဖေ့ရှယ် ဦးဆက်အောင်ကို ချစ်ရှာသည်ဆိုတော့ သူဖေတို့ အိမ်ထောင်ရေးဟာ စင်ကာပူမှာတော့ သာယာပါသည်။ ဖေဖေက ရန်ကုန်လာလျှင် ဟိုတယ်မှာတည်း၊ ခွန်းဆက်ဆီ ဖုန်းဆက်၊ သားအဖချင်းတွေ့၊ အလုပ်ကိစ္စ ပြောစရာရှိတာပြော၊ သားကို သင်တန်တာသင်၊ ကူတန်တာကူညီပြီး ...

"ခွန်းချို နေကောင်းလား" ... ဟု မေးရုံနှင့် ကျေနပ်ပြီး ပြန်ရပါသည်။

"မေမေက သိပ်ငြိမ်သွားတာပဲ။ တရားနဲ့ပဲ မွေ့လျော်တော့မဲ့ပုံ ဖြစ်နေတယ်။ မေမေ တရားရတာ စောလွန်းတယ်ဆိုတော့ မေမေက ပြုံးတယ်။ လူဆိုတာ ကြီးငယ်မဟူ၊ သီးမှည့်တဝင်းဝင်း၊ သီးကင်းတဖြုတ်ဖြုတ်လည်း ဖြစ်နိုင်တာပဲ၊ တရားဆိုတာ စောစောတွေ့လေ ကောင်းလေပေါ့တဲ့"

"ခွန်းချိုက ဘဝကူး ကောင်းမှာပါ။ လောဘအလွန်နည်းတယ်"

"ဒေါ်သနဲ့ မောဟလည်း မရှိသလောက်ပါ ဖေဖေရဲ့။ နောက်ဘဝမှာ လူယောကျ်ား ဖြစ်ချင်တယ်တဲ့။ ဆုတောင်းတယ်တဲ့။ မိန်းမ မဖြစ်ချင်ဘူးတဲ့"

ကိုယ့်ဘဝက အဲဒီလို အကျိုးပေးခဲ့သည်။ အရက်သမားသားဟာ အရက်သမားပဲ ဖြစ်တော့မပေါ့ ... ဟူ၍ သတ်မှတ်သော ဒေါ်စုစုလွင်ဟာ ကိုယ့်ကို ဘယ်လိုသတ်မှတ်လေမလဲ။

"သူ့အဖေတောင် လူမှုရေးဖောက်ပြန်သေးတာ၊ သူ့သားလည်း ဖောက်ပြန်မှာပေါ့"... ဟု မပြောနိုင်ဘူးလား။

အဲဒီလိုပြောမှာ၊ ဒေါ်စုစုလွင် တစ်ယောက်တည်းက နိုင်မည်မထင်ပါ။ လူတကာ အပြောခံရမှာ စိုးရိမ်လွန်းလို့ ဖေဖေ နောက်အိမ်ထောင်ပြုပြီးကတည်းက မိန်းမတွေနှင့် ခပ်ကင်းကင်းကြီးကို နေခဲ့တာပါ။ ဘယ်မိန်းမကိုမှလဲ သွားချစ်မိဖို့ စိတ်မကူးခဲ့ချေ။ ချစ်မိမှာ ကြောက်လွန်းလို့ကို ဝေးဝေးရှောင်ခဲ့တာ၊ ခုတော့ ကံကြမ္မာဟာ ကိုယ့်ကို ချောင်ပိတ်၍ ဖမ်းချေပြီ။

"ပန်းစကား" ကို မြင်မြင်ချင်း ချစ်သွားမိပြီ ဖေဖေရယ် ... ဟုသား၊ သားလိမ္မာ ပီသစွာ မေမေ့ရင်ခွင်မှာ ခေါင်းသွင်း၍ ပြောချင်တော့၏။

ဒေါ်စုစုလွင် ဘယ်လိုမှ အမှတ်မပေးနိုင်သော အချက် နောက်တစ်ချက် ရှိပါသေးသည်။ ဖေဖေ့ညီမ။ ဖေဖေ့မှာညီမတစ်ယောက် ရှိပါသည်။ အရင်း။ ဒေါ်ခင်ဆက်မော် ... တဲ့။ ဖေဖေ သူငယ်ချင်း ဦးမျိုးမြင့်နှင့်ပင် အိမ်ထောင်ကျသည်။ လက်ထပ်ပြီး ကတော့ သူတို့ချင်း ချစ်လို့ပါပဲ။ အိမ်ထောက်သက် ခြောက်လ လောက်မှာပင် အိမ်ထောင်ရေးက အက်သံပါလာ၏။ ဦးမျိုးမြင့် က ခပ်ပွေပွေ၊ အန်တီဆက်က ခပ်ရှုပ်ရှုပ်။ အန်တီဆက်က



တကယ်တမ်းကြီး ရှုပ်တာ ပွေတာ ဖောက်ပြန်တာတော့ မဟုတ်ပါ။ ခေတ်မီသည် ဆိုရှယ်ကျသည် ဆိုတာကို အကောင်းထင် အကြောင်းပြပြီး၊ ယောကျ်ားတွေနှင့် တွဲသွားတွဲလာ ရှိခြင်းပင်။

တကယ်တမ်းကျတော့လည်း ဘာမျှမဟုတ်ချေ။ သို့ပေမဲ့ မည်သည့် သူစိမ်းယောကျ်ားနှင့်မဆို၊ ညနေစာထွက်စားဖို့၊ ရုပ်ရှင်တူတူကြည့်ဖို့ ဝန်မလေးသူ ဖြစ်၏။ သူက ခေတ်မီသည်၊ အပေါင်းအသင်း ဆန့်သည်ဟု မြင်၏။ ဦးမျိုးမြင့် အဲသည်လို နေလျှင်လည်း သူက ခွင့်လွှတ်၏။ ဆူဆူပူပူ မရှိ။ ကြည်ဖြူ၏။ ဒါတွေဟာ ဘဝရဲ့ ကြမ်းတမ်းသော ရုန်းကန်ရမှုများ၏ ထွက်ပေါက်ဟု ဆို၏။ ဦးမျိုးမြင့်သည်လည်းပဲ အန်တီဆက်နည်းတူ သွားသည် လာသည် တွဲသည်။ အန်တီဆက်က ကြည်ဖြူပေမဲ့ ဦးမျိုးမြင့်ဘက်ကကျတော့ ကြည်ဖြူမပေးနိုင်ပါ။

"မင်းက မိန်းမ ... ယောကျ်ားနဲ့တန်းတူ လိုက်ပြိုင်လို့ ရမလား" ... တဲ့။

"လိုက်ပြိုင်တာ မဟုတ်ဘူး၊ ကိုယ့်ဘာသာ နေတတ်သလို နေတာ၊ တစ်သက်လုံးကလည်း နေခဲ့တယ်၊ ဒီလိုနေလို့လည်း မှဲ့တစ်ပေါက် မစွန်းခဲ့ဘူး၊ တကယ်လို့ လိုက်ပြိုင်တယ်ဆိုရင်တောင် ရှင် တားခွင့်မရှိဘူး ...

"ဘယ့်နှယ် ... မိန်းမကျတော့ အိမ်တွင်းအောင်း၊ ချက်ပြုတ်၊ ကျွန်ခံ၊ ယောကျ်ားကျတော့ ထွက်လည်၊ လုပ်ချင်ရာလုပ်၊ သန်းခေါင်ကျော်မှ ပြန်လာတဲ့ ယောကျ်ားကို ကျွန်မက အိမ်ပေါက်ဝကနေ ဆီးရှိခိုးရမှာလား၊ တစ်သက်လုံး မရဘူး၊ ခင်ဆက်မော်တို့ကို လာမကြောနဲ့။ ဘယ်သူ့အကြောမှလဲ မခံခဲ့ဘူး ...

"ယောကျ်ားရမ့်၊ ကလေးမဟုတ် သူငယ်မဟုတ်၊ ဘယ်ရှိနေပါ ဘယ်လိုထိုင်ပါ လာလုပ်မနေနဲ့၊ သေတောင်မရဘူး၊ ပျော်သလိုနေမှာပဲ၊ မုဲ့တစ်ပေါက် မစွန်းရင်ပြီးရော"

ရန်ပွဲတချိန်းချိန်း (ကိုယ့်ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် မလျော်ညီစွာ သတ်ပုတ် ထိုးကြိတ်ကြသည်) ဖြစ်ချိန်မှာ ဒေါ်ခင်ဆက်မော်က ကိုယ်ဝန်ကြီးနှင့်ပါ။

"မင်းကလည်း၊ မိန်းမမှာ ကိုယ်ဝန်ကြီးတစ်ဖက်နဲ့ဟာ၊ ပါးစပ်နဲ့ ပြောပါလား၊ လက်ပါစရာလား"

ဖေဖေပါ သူ့များအိမ်ထောင်ရေးထဲမှာ ဝင်ပါရသေး၏။

"မင်းညီမက ပါးစပ်နဲ့ပြောလို့ ရသကိုး။ မင်းပဲပြော၊ လာပြီး လေကုန်ခံလှည့်"

"သူ့ အပျိုထဲက ဒီလို ဆိုရှယ်အသိုင်းအဝိုင်းနဲ့ နေတတ်တာ မင်း မျက်စိနဲ့ အမြင်ပဲ၊ ခုမှ ထလုပ်တာမှ မဟုတ်တာ"

"အပျိုက အပျိုကွ။ အိမ်ထောင်သည်က အိမ်ထောင်သည်။ မင်းမိန်းမ ... ရွှေခွန်းချို။ တက်သလား ပါတီ။ ကြည့်သလား ရုပ်ရှင် ... သူစိမ်းယောကျ်ားနဲ့။ သွားသလား ဒင်နာ ... တခြားယောကျ်ားနဲ့"

"ဒါတော့ ... သူက အပျိုထဲက အိမ်ထဲမှာ နေရတာကြိုက်တဲ့သူပဲ။ စရိုက်ချင်းမှ မတူတာ။ အိမ်ထဲမှာ နေနေချင်ရင် အစကတည်းက အိမ်ကုပ်တဲ့ဒီဇနဲ့ မိန်းမကိုယူခဲ့ပါလား၊ မင်းပဲ သေလုအောင်ကြိုက်ပြီး အရက်တွေမူး၊ ငါ့ဆီလာပြီး တဂျီဂျီနဲ့"



"ငယ်ကျိုးငယ်နာ လာဖော်မနေနဲ့၊ ဟိုတုန်းက ဟိုတုန်း၊ ခုကာခုပဲ"

ကြာကြာနေလျှင် ဖေဖေနှင့် ဦးမျိုးမြင့်နှင့် သမီးယောကျ်ားဖချင်း ထထိုးကြိတ်ဖို့သာ ရှိတော့သည်မို့ မေမေက ဖေဖေ့ကိုချော့မော့ခေါ်ခဲ့ရသည်။ ဦးမျိုးမြင့်နှင့် ဒေါ်ခင်ဆက်မော် တို့ ကွဲတော့ဒေါ်ခင်ဆက်မော်မှာ ကိုယ်ဝန်ကြီးနှင့်။ အိမ်ပေါ် ရောက်လာသည်။ မျက်နှာတစ်ချက် မညှိုးပါ။ ကိုယ်ဝန်ကြီး တကားကားနှင့်လည်း လျှောက်လည်တာပဲ ဖြစ်၏။ အိမ်ထောင်ထိန်းသိမ်းမှု၊ ချက်ရေးပြုတ်ရေး ... ဘာတစ်ခုမှ စိတ်မဝင်စား၊ စားချင်တာ စားသည်။ မိုးအလင်း မထတမ်း (ကိုယ်ဝန်နေ့စေ့လစေ့ထိ) ဖဲရိုက်တာကပါသေး။ ဖေဖေကလည်း ရန်ကုန်မှာ အမြဲမရှိ။ မေမေကလည်း ယောက်မမို့ ဘာမျှမပြော။ ပြောလည်း ရမှာမဟုတ်။ ဦးမျိုးမြင့်ကတော့ ... ဘယ်ရောက်သွားမှန်း မသိ။

ဒါတွေကို ... ခွန်းဆက် မှတ်မိတာတော့ မဟုတ်ပါ။ မေမေ ပြောပြလို့ သိရတာက များပါသည်။ ခွန်းဆက်သုံးနှစ်သားမှာ ... ဒေါ်ခင်ဆက်မော် သားလေးမွေးသည်။ ကိုယ်ဝန်အဆိပ်တက်သည်ဆိုလား၊ ခွန်းဆက် သေချာမသိပါ။ ကလေးသာ အသက်ရှင်လျက် မိခင်ကွယ်လွန်၏။ အဲဒီကတည်းက ... ဖေဖေက၊ မျိုးဆက် ... ဟု နာမည်ပေးသော "ညီ"တစ်ယောက်ကို မေမေက နို့ဘူးတိုက်၍ မွေးခဲ့ရသည်တဲ့။

နည်းနည်းလေး ကြီးလာတော့ ဦးမျိုးမြင့် ... ဘယ်အရပ် ဘယ်ဒေသကမှန်းမသိ ပြန်ပေါ်လာပြီး မျိုးဆက်ကို ခေါ်သွားလိုက်၊ မျိုးဆက်က မနေလို့၊ ဦးမျိုးမြင့် ထိန်းသိမ်းတာဝန်ယူဖို့ မနိုင်လို့ ... စသော အကြောင်းပြချက်များနှင့် လာပြန်ပို့လိုက်၊

တော်ကြာ လာပြန်ခေါ်သွားလိုက်၊ မျိုးဆက် ဆယ်တန်းတွေ ဘာတွေ အောင်ပြီး လူပျိုကြီးဖားဖားဖြစ်တော့မှ အိမ်ပြီတော့သည်။ သူ့အဖေ လာခေါ်လည်း မလိုက်တော့ပါ။ အကြောင်းကတော့ ... နိုင်လုံပါသည်။ ကပ်ရက်ခြံမှ ကောင်မလေး "ရွှေဝါသွေး"ကို ကြိုက်လို့ပင် ဖြစ်တော့၏။

မေမေက ရွှေဝါသွေးနှင့် သဘောတူ၏။ ရွှေဝါသွေး မိခင်ကလည်း မျိုးဆက်နှင့် သဘောတူ၏။ သူတို့က မီးဝင်မီးထွက်တွေ ဆိုလား။ ပြီးတော့ ... ရွှေဝါသွေး မေမေဟာ အန်တီဒေါ်ခင်ဆက်မော်နှင့်လည်း သူငယ်ချင်းတွေဆိုပဲ။ ရွှေဝါသွေးက မျိုးဆက်ကို မကြိုက်၊ ရွှေဝါသွေး ဘယ်သူ့ကြိုက်သလဲ ဆိုတာ ... မျိုးဆက် သိသည်။ ခွန်းဆက်က မသိချင်ယောင် ဆောင်ရ၏။ ဘာကြောင့်ဆို ရွှေဝါသွေးရဲ့ အိပ်မက်မင်းသားက "ကိုယ်"ဖြစ်နေသည်မို့ပင်။

ရွှေဝါသွေးကို ရှောင်ရင်း တိမ်းရင်းမှာပင် ... "ပန်းစကား"ကိုတွေ့ခဲ့တာ ဖြစ်၏။ ပန်းစကား၏ ရုပ်သွင်သည် ခွန်းဆက် မျက်ဝန်းမှာ စွဲထင်၏။ ဓာတ်ပုံမလို၊ ပုံစံထိုင်ပေးမည့်သူ မလိုပါဘဲ ပန်းစကား ပုံကို အနုစိပ် မှန်းခြယ်ရေးဆွဲ၏။ ရွှေအိုရောင်ကတ္တီပါစနှင့် ဖုံးထားသည်။ ဘယ်နခါ ပြန်ကြည့်ကြည့် ကိုယ့်လက်ရာ ပြီးပြည့်စုံသွားပြီဟု မထင်။ အနည်းဆုံး စုတ်ချက်တစ်ချက်တော့ တင်ဖြစ်လိုက်တာပင်။ စပ်စုလှသော ရွှေဝါသွေးက ပန်းစကားကို သိသွားတော့သည်။ အနေအထိုင် မတတ်သော ရွှေဝါသွေးဟာ ခွန်းဆက် ဒိုင်ယာရီကိုလည်း ခိုးဖတ်လိုဖတ်၊ ပန်းချီခန်းထဲ ဖွတ်ဝင်ပြီး ရွှေအိုရောင် ကတ္တီပါစကို လှန်လှောလို လှန်လှော။



ရွှေဝါသွေးမှာ ဘာစိတ်ကူးပေါက်သလဲတော့ မသိ၊ ပန်းစကား သွားလေရာ တကောက်ကောက် လိုက်တတ်တာ၊ ခွန်းဆက်ကလည်း ပန်းစကားကို တစ်နေ့မမြင်ရ မနေနိုင်၊ အမြဲလိုလိုက်ချောင်းကြည့်ရင်းက သိနေတွေ့နေရသည်။

"ရွှေဝါ ... နင် ဘာတွေ လျှောက်လုပ်နေတာလဲ"

"ဘာလုပ်လို့လဲ"

"ဘာဖြစ်လို့ ပန်းစကားနဲ့ လျှောက်လိုက်နေတာလဲ"

"ကိုခွန်း ချစ်တဲ့ မိန်းမဟာ ဘယ်လိုအရည်အချင်းတွေ ရှိနေသလဲ ဆိုတာ သိချင်လို့"

မျိုးဆက်က ... ရွှေဝါသွေး ခွန်းဆက်ကိုသာ ချစ်ကြောင်း သိပေမဲ့ ...

"နင် ငါ့ကို ပြန်မချစ်ရင်နေ၊ ငါ တစ်ဖက်သတ်ချစ်ခွင့်ရရင်လည်း ကျေနပ်တယ်" ... ဟု ဆို၏။ ခွန်းဆက် အနေမှန်တာသိသည်မို့ ခွန်းဆက်ကိုတော့ ရန်မလုပ်ပါ။ ခွန်းဆက်ကလည်း မျိုးဆက် သိအောင် ... ပန်းစကားကို ပြထားလိုက်သည်။

"အဲဒါ ... ငါ့နှလုံးသည်းအူလေးပဲ"

"လှလိုက်တာ"

"မင်းရဲ့ ရွှေဝါလည်း လှပါတယ်ကွ"

"လှပေမဲ့ ... ငါ့ကို ပြန်မကြိုက်တာက ခက်နေတယ်"

"ယောက်ျားပဲ ... ပေပေတောင် မေမေ့ကို နှစ်ပေါင်းများစွာစောင့်ပြီး ပိုးခဲ့ရတာ၊ မင်းစွဲမလျှော့နဲ့"

"ဒီလောက်ကြာအောင် ခဲရာခဲဆစ် လိုက်ထားရပြီးမှများ အိမ်ထောင်ရေး ပြိုကွဲရတယ်လို့ ငါ့ဘကြီးကတော့ တကယ့်နမူနာပဲ"

"ကံတရားတွေပေါ့ကွာ"

ညီအစ်ကို စိတ်ဝမ်းမကွဲတာ တော်ပါသေးရဲ့။

ဒါက ခွန်းဆက် အထင်သာ ဖြစ်သည်။ မျိုးဆက်က ကျိတ်၍ စိတ်ဝမ်းကွဲ၏။ ခွန်းဆက်ကို အပြစ်တင်ဖို့ ခက်ပေမဲ့၊ ရွှေဝါသွေးဟာ ခွန်းဆက်ရှိနေလို့ သူ့ကို ပြန်မကြိုက်တာ ... ဆိုတာကို စကားစပ်မိသူတိုင်းအား ပြော၏။ ခွန်းဆက် အနေရခက်လှသည်။ အနေကျုံ့လှသည်။ ရွှေဝါသွေးကလည်း နည်းနည်းကလေးမျှ မလျှော့ချေ။

"တောင်ငူသွားမလို့ ကိုခွန်း ဘာမှာဦးမလဲ"

"တောင်ငူ ဆိုတော့ အပြန် ကွမ်းသီးဝယ်ခဲ့ပေါ့"

"တကယ်လား"

"အလကား ပြောတာ ... နင်က တောင်ငူကို ဘာသွားလုပ်မှာလဲ"

"ပန်းစကား သွားမှာမို့ လိုက်မှာ"

"နင် ပန်းစကားကို ဒုက္ခတစ်ခုခု သွားမပေးပါနဲ့ကွာ၊ နင်က တစ်ခုခု ဝင်ရှုပ်ထားရင်၊ ပန်းစကားကို ငါ ချစ်ခွင့်တောင်းတဲ့အခါကျ ပြဿနာတက်နေပါ့မယ်"

"ဘယ်မှာ ရှုပ်လို့လဲ၊ သူ့ဘေးမှာ ကပ်ထိုင်ပြီး သူ့မှာ ဘာအရည်အချင်းတွေ စိုးမိုးနေသလဲ လေ့လာမှာ။ မေမေက မျိုးဆက်နဲ့ လက်ထပ်ပေးတော့မယ်တဲ့။ တောင်ငူခရီးကို မျိုးဆက်ကို လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိပေးပြီးမှ လိုက်ခွင့်ပြုတာ၊ ဒီခရီးအတွက် ရွှေဝါ့ ဘဝတစ်ခုလုံးနဲ့ ရင်းရတာ"



"အကြောင်းမရှိဘဲ လိုက်ရတာ စိတ်မပျက်ဘူးလား။ ပြန်စဉ်းစားစမ်း ရွှေဝါ။ နင်လုပ်ပုံက အရူးလိုပဲ"

ရွှေဝါ ဘာကို ရည်ရွယ်မှန်းကို မသိပါ။ ရွှေဝါဟာ ငယ်ငယ်ကတည်းက ကျန်းမာရေး ချို့တဲ့စွာ ချူချာရှာ၏။ အဲဒါကြောင့် မိဘတွေက အလိုလိုက်သည်။ လွန်လွန်းသော အလိုလိုက်မှုကို ခံရသည့် ကလေးပီပီ၊ စိတ်က တစ်ဖက်စွန်းသို့ ရောက်သည်။ သူ့စိတ်ဟာ ဝဲဘက်စွန်းပဲပြေးပြေ၊ ယာဘက်စွန်းပဲပြေးပြေး၊ အလယ်မှာနေချင်နေ၊ မိဘနှစ်ပါးက ကျေနပ်ကြည်ဖြူနေသည်ပင်။ ရွှေဝါသွေးလုပ်ပုံတွေ မှုမှုမှန်ရဲ့လားဆိုတာလည်း စဉ်းစားပုံမရ။ ဟိုသွားချင်လျှင် ... သွား။ ဒီသွားချင်လျှင် ... သွား။ ဟိုဟာဝယ် မည် ... ဝယ်။ ဒီဟာ ဖြုန်းမည် ... ဖြုန်း။ အဲသည့်လိုနှင့် ပန်းစကား ခရီးထွက်မည့်အကြောင်းတောင် ရွှေဝါသွေးမှတစ်ဆင့် သိရတာဖြစ်၏။ ရွှေဝါသွေးကို မျိုးဆက်က လိုက်ပို့သည်။ မျိုးဆက်နှင့် ဆိုလျှင် တာဝတီံသာ တက်တက်၊ အဝီစိဆင်းဆင်း၊ သူ့မိဘတွေက စိတ်ချ၏။

"ငါလည်း ကားဂိတ်ရောက်မှာနော်။ ပန်းစကားကို သွားကြည့်မလို့"

ပြောရသေးသည်။ မဟုတ်လျှင်၊ ရွှေဝါသွေးကိုပဲ ပြန်ရော်သလိုလို ဖြစ်မှာစိုးရသေး ... မဟုတ်လား။

အဲဒီခရီးဟာ ရွှေဝါသွေးရဲ့ နောက်ဆုံးခရီးပါပဲ။

ရွှေဝါသွေး မရှိတော့သည်နှင့် မျိုးဆက် ... သူ့အဖေဆီ တစ်ခါတည်း ပြောင်းတော့၏။

"ဟိုဘက်ခြံကို တွေ့နေရသမျှ ငါ့စိတ်တွေ မပြေနိုင်ဘူး" ... တဲ့။

မျိုးဆက်ကို အလိုလိုက်သည့်အနေနှင့် ပြောင်းခွင့်ပြုလိုက်ရသည်။ မျိုးဆက်ဟာ အလည်အပတ်ကလေးတောင် ပြန်မလာတော့ဘဲ ...

"ရွှေဝါဟာ ခွန်းဆက်ကို ကြိုက်တာ၊ ခွန်းဆက်က ပြန်မကြိုက်လို့ စိတ်ကောက်ထွက်သွားရာကနေ ဒီအဖြစ်ဆိုးကို ကြုံရတာ" ...ဟု လျှောက်ပြောသည်တဲ့။ သတင်းစကား ပြန်ရောက်သည်။ သတင်းဟူသည် တစ်နားဝင် တစ်ပါးစပ်ထွက်နှင့် ဝင်ပါထွက်ပါ များလာသည့်အခါမှာ ... စကားဆိုသည့်အတိုင်း၊ ကားချင်တိုင်း ကားတော့၏။ နောက်ဆုံးသတင်းမှာ ...

"ခွန်းဆက်က မယူလို့ ရွှေဝါသွေး ထွက်သွားရင်း ..."

ဒီလိုဆိုတော့ ရွှေဝါသွေးဟာ အိမ်ကထွက်သွားရလောက်အောင် ဘယ်လိုဒုက္ခကြီးကိုများ ပွေ့ပိုက်သွားရလို့ပါလိမ့် ... ဆိုသော ဝေဖန်ချက်က ကပ်ပါသေးသည်။ တစ်ယောက်ချင်းလည်း လိုက်မပြေရှင်းချင်တော့။ ကိုယ့်မှာသာ နာမည်ပျက်ရတော့သည်။

ဖေဖေက မေမေ့ကို ပစ်ခဲ့တာ၊ အန်တီဆက် အနေအထိုင်ဆိုးခဲ့တာ၊ ရွှေဝါသွေး အကြောင်းနှင့် ပတ်သက်သည့် ခပ်ကားကား သတင်းတွေ ထွက်တာအပြင် ...။ ရွှေဝါသွေး ကိုယ်တိုင်က ပန်းစကားနှင့် ခုံချင်းယှဉ်ထိုင်ပြီး ထွက်သွားကြတာဆိုတော့ ရွှေဝါသွေး၊ က ပန်းစကားကို ဘာတွေများ ပြောသွားဦးမယ် ဆိုတာလည်း ကြိုမတွေးနိုင်ပါ။ ခွန်းဆက်မှာ ... ပန်းစကားကို ချစ်ခွင့်တောင်းဖို့၊ ပန်းစကားမေမေ ဒေါ်စုစုလွင်ထံမှာ သမီးတောင်းဖို့ ... ဘယ်လိုမှ မျက်စိမျက်နှာမလှ၊ နေကလည်း မနေနိုင်။ ပန်းစည်းလက်ဆောင်နှင့် ကိုယ်ပျောက်ပုဂ္ဂိုလ် ရုပ်မမြင်အသံကြားဇာတ်လမ်းဟာ ... အဲဒီအချက်တွေကြောင့် စတင်ခဲ့ရတာဖြစ်တော့၏။



ꩻ ꩻ ꩻ

"အဲဒါ ... သူ့ရဲ့အားနည်းချက် ဆိုတာ၊ သူ့အဖေရယ်၊ သူ့အဒေါ်ရယ်၊ ရွှေဝါသွေး ကိစ္စရယ်၊ အဲဒါတွေကြောင့် ရှင့်ကို မပြောရဲလို့တဲ့ တော်ရေ့"

ဒါတွေအားလုံးကို ရှင်းပြသူက "ခတ္တာ" ဖြစ်၏။ ခတ္တာ ပြောနေစဉ် ဇာခ်ချိန်လုံးမှာ ရင်ခတ်နှင့် ဇီဇဝါက မျက်လုံးကလေးတွေပြူးလျက် အသက်မရှူဘဲ နားထောင်ကြသလား ထင်ရပါသည်။ ပန်းစကားလည်း အသက်ရှူဖို့ မေ့တာပင်။ သို့ပေမဲ့ ... မျက်ကြောစင်းစင်းချလျက်၊ မျက်လုံးမပြူးဝံ့ဘဲ ရင်တလှပ်လှပ်ဖို၍ နားထောင်ရပါသည်။ ခတ္တာ စကားဆုံးသည့်တိုင် ပန်းစကား ငြိမ်ချက်သား ကောင်းသလောက် ... ရင်ခတ်နှင့် ဇီဇဝါတို့က ခတ္တာကို ထုရိုက်ကြတော့သည်။

"အဖွဲ့ထဲမှာ ထိန်ချန်မှု"

"နာတယ်ကွ … ကျုပ် သေသွားရင်၊ ရှင်တို့ လွှသတ်မှ"

"နေပါဦး … ရှင်က ဘာကြောင့် ဒါတွေအကုန်လုံး သိနေရတာလဲ"

"ကျုပ်နဲ့ ကိုစွန်းဆက်နဲ့က အစကတည်းက ခင်ပြီးသား။ ဦးသဝန်ကြောင်ကြီး မိတ်ဆက်ပေးလို့။ သူက ကိုစွန်းဆက်နဲ့ ကျောင်းတုန်းက တွဲခဲ့သေးတယ်။ သူငယ်ချင်း။ ကျုပ်နဲ့ ဦးသဝန်ကြောင်ကြီးနဲ့ လူကြီးတွေ စေ့စပ်ပေးပြီးကတည်းက ကိုစွန်းဆက်ကို သူက ဖြတ်လိုက်တာ"

"ဘာဖြစ်လို့"

"မပြောချင်ဘူး၊ ကိုစွန်းဆက်က ချောလို့တဲ့။ ကျုပ်ကြိုက်သွားမှာ စိုးလို့တဲ့ဟေ့"

နွှီးခနဲ ရယ်ကြတော့မှ ပန်းစကား လန့်ဖျပ်ရောရယ်ရ၏။

"ကိုစွန်းဆက်က ပန်းစကားကို သဘောကျလို့ လိုက်တော့ ကျုပ်သူငယ်ချင်းမှန်းသိလို့ ကျုပ်လူကြီးဆီ သွားလည်ပြီး ခွင့်ကတစ်ဆင့် မိတ်ဆက်ပေးပါပြောတော့မှ၊ ကိုစွန်းဆက်နဲ့ ပန်းစကားနဲ့ဆိုရင်၊ ကျုပ်မှာ ပြဿနာမရှိနိုင်တော့ဘူး ဆိုပြီး ကျုပ်လူကြီးက ပြန်ကူညီတာလေ …

"ကိုစွန်းဆက်အကြောင်း ပြောပြထားတုန်း၊ ရှိစေလင်းက ပန်းချီပြပွဲသွားမယ်၊ ကိုစွန်းဆက်လက်ရာတွေ ကြိုက်တယ်ဆိုတာကတော့ ကံကောင်းစွာ တိုက်ဆိုင်မှု"

"ဒါနဲ့များ … ရုပ်မပြင် အသံကြားကို ရွှေဘုန်းခေါင်လို့ ရှင်ပဲ နိုင်နိုင်လုံလုံ ထင်နေသေး"



"အစက တကယ်ထင်တာကွ။ ကိုစွန်းဆက်လည်း သူ့ကိုလေးကလား လုပ်ပုံကျတော့ ဘယ်ပြောပြမလဲ။ နောက်တော့ သိတယ်။ ဒါပေမဲ့ … တမင်လမ်းလွှဲထားတာ"

"လွှဲရတဲ့ အကြောင်းရင်း"

"ကောင်းမယ် ထင်လို့"

"ရှင်းသွားတာပဲ"

"ကဲ … ရှင်မယ်ပန်းရေ၊ ဘယ်လိုသဘောရသလဲ"

"ဘယ်လိုမှ သဘောမရဘူး၊ အနုပညာရှင်တစ်ယောက် အဖြစ်ကတော့ လေးစားပြီးသားပါ"

"ဒီလောက်ကပဲ စရတာပေါ့။ ပလောင်တောင်တက်နေးမှ လက်ဖက်ကောင်း စားရမှာ"

"ကျုပ်တို့ သဘောတူတယ်"

ရင်ခတ်နှင့် ဇီဇဝါက လက်သီးလက်မောင်းတန်းပြီး သဘောတွေထ တူရင်း ရယ်မောနေကြပြန်သည်မို့ ပန်းစကားပါ ရောရောင်ပြုံးမိတော့၏။

"ရွှေဘုန်းခေါင်ဟာ … လက်စသတ်တော့ တကယ်ပဲ စီးပွားရေးသမားကိုး။ ဟောတော့ … ရွှေဘုန်းခေါင်"

ပြုံးစိစိ စပ်ဖြဲဖြဲနှင့် ဝင်လာသူက ရွှေဘုန်းခေါင်ပါ။ သူဆိုလျှင် တွေ့ခွင့်တောင်းစရာ မလိုတော့၊ လွန်းရာကျော်ချိတ်တွေ လာတင်နေသူမှန်း အောက်ထပ်ကလူများ သိပြီးဖြစ်တော့၏။

"ထိုးမုန့်၊ လမုန့်နဲ့ အရိုးတောင်းလက်ဖက်၊ ဒေါ်သီသနပ်ခါးမှုန့်၊ ကျွန်တော့်စင်က ဇင်းမယ်လေးကွင်းလည်း ဖြတ်လာခဲ့တယ်။ အဆင်နဲ့ အရောင် ကြိုက်ရာရွေးကြပေတော့"

လက်ဆောင်တွေကို၊ ပန်းစကား စားပွဲပေါ်တင်၏။

"ရှင်ကလည်း ... ပြောဆိုတောင် မသွားဘူး၊ သတင်းစာထဲမှာ တွေ့တယ်"

"မေမေ ရွေးပေးတဲ့ ဆန်ကာတင်တွေထဲက အလှဆုံးတစ်ယောက်ကို လက်ညှိုးထိုးပြလိုက်တာ"

"ဟင် ... ရှင် ကြိုက်တာ မဟုတ်ဘူးလား"

"ကြိုက်ပါတယ်။ သေလုအောင် ကြိုက်တာနဲ့၊ သုံးနှစ်သုံးမိုးပိုးပန်းမှ ရတာနဲ့၊ မိဘပေးစားလို့ ယူလိုက်ရတာနဲ့ ... အိမ်ထောင်သက် သုံးလေးနှစ် ရောက်လာရင် အတူတူပဲ၊ ဘာမှ မထူးတော့ဘူး။ အိမ်ထောင်ပြုတယ် ဆိုတာ၊ သူနဲ့ ကိုယ်နဲ့ အပြန်အလှန် အဖော်ပြုကြတာ၊ လက်တွဲကြတာပဲ၊ လူကောင်းသူကောင်းတွေ ဖြစ်ကြဖို့နဲ့ စီးပွားရေးမှုလုံဖို့ပဲ ..."

"အရေးကြီးပါတယ်။ ကျန်တာတွေ သိပ်အရေးမကြီးပါဘူး။ အိမ်ထောင်မပြုခင် အချစ် အချစ်နဲ့ အော်နေကြတဲ့ သူတွေပဲ၊ လက်ထပ်ပြီးတော့ ဆက်အော်နိုင်သေးလား စောင့်ကြည့်ပါ။ အိမ်ထောင်ရယ်လို့ ဖြစ်လာတဲ့အခါမှာ အချစ်ဟာ နောက်နားကို တော်တော်ရောက်သွားတာပဲ"

"ရှင့်ဒဿနကလည်း တစ်မျိုးပါလား"

"ကျွန်တော်က အမှန်အကန်ကို ပြောတာ"

"ရှင့်ဇနီး ဖြစ်ရမဲ့ မိန်းမသားကို သနားလိုက်ချည်သေး"

"မသနားနဲ့၊ ကျွန်တော့်က ရွှေဘုံပေါ် တင်ထားမှာ"

"ဩော် ... ဩော် ... ကောင်းလေစွ"

"ဦးရွှေဘုန်းခေါင် ... ရှင့်ရဲ့ လျှို့ဝှက်ချက်ကို ပြောနိုင်ပြီလား"



"မဇိဝေါ ... မမေ့သေးပဲကိုး"

"ဘယ်မေ့ပါ့မလဲရှင့်၊ ခဏ ခဏကို မေးဦးမှာ"

"ပြောနိုင်ပါပြီ။ ကျွန်တော်က ယဉ်ယဉ်အေးကို စိတ်ဝင်စားတာပါ"

"ဟော ... ရှင်လုပ်ပုံက"

"နေပါဦး ... ပြောတာဆုံးအောင် နားထောင်ပါဦး၊ ကျွန်တော့်အဖေကဗျာ ... အကြောင်းရင်းတော့ မမေးနဲ့တော့၊ တစ်နေရာမှာ သူ့သမီးတစ်ယောက် ရှိနေတယ်၊ သိပ်မချောင်လည်ဘူး၊ အဲဒါကို စောင့်ရှောက်ဖို့၊ ကျွန်တော်နဲ့ကျတော့ အဖေတူအမေကွဲ"

"အဲဒါ ယဉ်ယဉ်အေးလား"

"အဖေပေးတဲ့ အချက်အလက်နဲ့ လိုက်တော့ ယဉ်ယဉ်အေးထင်လို့"

"ဟုတ်နေရောလား"

"တင်လှဲ့သီ ဖြစ်နေတယ်"

"ဟောတော့"

"ရှင် ... မိုနာလီဇာကနေ လာလာမော့ကြည့်နေတာကရော"

"အဲဒီတုန်းက ယဉ်ယဉ်အေး ထင်လို့ ယဉ်ယဉ်အေးကို ကြည့်တာ၊ ဘယ်လိုမိတ်ဆက်ရမလဲ၊ ဘာကစပြောရမလဲပေါ့"

"တင်လှဲ့သီမှန်း ဘယ်လိုသိသွားလဲ"

"ယဉ်ယဉ်အေးနဲ့ စကားပြောရင်းက မဟုတ်မှန်း သိသွားတာ၊ ယဉ်ယဉ်အေးက တင်လှဲ့သီ အကြောင်း သိထားတော့၊ စကားစပ်မိပြီး ပြောရင်းက တင်လှဲ့သီမှန်း သိသွားတာ"

"ဒါဆို ... တင်လှဲ့သီ မိဘက မွေးစားထားတာလား"

"ဟုတ်တယ် ... ပန်းစကား ကုန်တိုက်မှာ အရောင်းစာရေးမ တစ်ယောက် အလုပ်ထွက်မယ်"

"တင်လှဲ့သီလား"

"ဟုတ်ကဲ့ ... ဖေဖေက မေမေ မသိအောင်ရှာတာ၊ မေမေ က သိသွားတယ်။ မိန်းမတွေများ တော်တယ်ဗျာ ... ထစ်ခနဲဆို၊ ဒေါက်ခနဲပဲ၊ လျင်ပါ့၊ အကွက်မြင်ပါ့၊ ကောင်းတော့လည်း ကောင်းပါတယ်လေ။ မေမေ့ ခွင့်ပြုချက်နဲ့ သိန်းငါးဆယ် အမွေသွားပေးလိုက်တယ် ...

"ကောင်မလေး အိမ်ထောင်ပြုတော့မယ်၊ နောက်လည်း လိုအပ်ရင် ဆက်ထောက်မှာပေါ့ဗျာ"

အင်း ... အရာရာဟာ နှမှပဲ ရှင်းလင်းတော့တယ် ... ဟု တွေးမိရတော့သည်။

"အစက မေမေ မသိသေးလို့ သတင်းပေါက်ကြားမှာစိုးလို့ ဖွက်ထားတာပါဗျာ၊ မေမေ သိပြီးမှတော့ မြှုပ်ထားဖို့ အကြောင်း မရှိတော့ဘူး"

"တင်လှဲ့သီရဲ့ အမေရော"

"မရှိတော့ဘူးဗျ၊ မသိတာ။ ရှိချင်လည်း ရှိမယ်ပေါ့။ ဒဖရင်မှာလေ (ဗဟိုအမျိုးသမီးဆေးရုံ)မွေးပြီး ကလေးမယူဘဲ ဆင်းချသွားတော့၊ ကလေးလာမွေးပေမဲ့ ကလေးအဖတ် တင်လို့ ငိုနေတဲ့ အစုအမေက၊ ကိုယ်တိုင်နို့တိုက်ပြီးတော့ ကို မွေးခဲ့တာ"

"ကောင်းပါလေရဲ့"



"မြန်မယ်ဗျ ... လက်ဆောင်တွေ လာပို့တာ၊ မင်္ဂလာဆောင်ရင် ခင်ဗျားတို့ဆိုင်ကို စာရင်းပေးလိုက်မယ်၊ လက်ဖွဲ့လိုသူများ၊ ဘယ်လောက်ဖိုးဖွဲ့မယ်သာ ပြောလိုက်၊ ခင်ဗျားတို့က ထုပ်ပိုးပေးပေါ့၊ ကျွန်တော်ကလည်း လိုအပ်တာတွေ စာရင်းလုပ်ပြီး လာပေးထားမယ်"

"သူဌေး မင်္ဂလာဆောင်ကလည်း တစ်မျိုးပါလား"

"မဟုတ်လည်း ... လက်ဖွဲ့ရမှာပဲလေ။ ကျွန်တော် လိုချင်တဲ့ စာရင်းတင်ထားတော့၊ တစ်ယောက်တည်းက တတ်နိုင်ရင် တစ်ယောက်တည်းကဖွဲ့၊ မတတ်နိုင်ရင် စုဖွဲ့ပေါ့၊ ခင်ဗျားတို့ဆိုင်လည်း ရောင်းကောင်းတာပေါ့"

"ဟုတ်ပါပြီ။ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးရှင်"

"သွားမယ်"

"ကောင်းပါပြီ"

ရွှေဘုန်းခေါင် လောကကြီးကို ဘယ်လောက်ကျေနပ်နေသည် မသိ။ လျှောက်လှမ်းတာကိုက မြောက်ကြွမြောက်ကြွ ခြေဖဝါးနှင့် ကြမ်းပြင်တို့ မထိသလိုပါပဲလား။

## ၁၄

အန်တီရှယ်လီနှင့် အတူပါလာသူ အမျိုးသမီးကြီးကို တစ်ခါမျှ မမြင်ဖူးပါပဲလျက်၊ ဘယ်သူ ... ဆိုတာ သိနှင့်သလို ခံစားရပါသည်။

"စုစုလွင်ရေ ... ဒီဘက်ရောက်တာနဲ့ ဝင်လည်တာ။ မှတ်မိတယ် မဟုတ်လား၊ ဂျက်စမင်လေ ...။ ရွှေခွန်းချိုပေါ့။ သူက သူ့ကို ခွန်းချိုခေါ်မှ ကြိုက်တယ်၊ ကိုယ်ကတော့ ကိုယ့်ကို ရှယ်လီခေါ်မှ ကြိုက်တယ်"

ပန်းစကားရင်ထဲ ဆောင့်ခုန်ရပြန်ပါ၏။

ဒီနေ့ ပန်းစကား နားရက်မို့ ဓာစာမသွားပေ။ ထမင်းစားပြီး မွန်းလွဲပိုင်းလောက်မှာတော့ ရုံးခန်းသွားလိုက်မည် စိတ်ကူးထားတာ၊ သွားကာနီးမှာ ဧည့်သည် ရောက်လာတော့ ရောက်လာသည့် ဧည့်သည်ဟာလည်း ဒေါ်ရွှေခွန်းချို ဆိုတော့ ပန်းစကား ... ဒီနေ့တော့ ရုံးရောက်ဖွယ် မမြင်တော့ပါ။

"မြင်ဖူး တွေ့ဖူးတော့ ရှိနေပါတယ်၊ ရင်းရင်းနှီးနှီးသာ မဆုံဖြစ်ကြတာပါ။ ရှယ်လီ ဘာသောက်မလဲ အပူလား



အအေးလား၊ ဒါမှမဟုတ် ထမင်းစားလိုက်ရင်လည်း ရတယ်၊ နေ့လယ်စာ စားပြီးခဲ့ကြပြီလား"

"စားခဲ့ပြီကွ။ အပူသောက်မှာပေါ့။ ကော်ဖီသောက်မယ်၊ ရေနွေးကြမ်းနဲ့ လက်ဖက်ဆိုရပြီ"

အန်တီရှယ်လီဟာ လာတိုင်း သူစားချင်တာ ပြောခဲ့မို့ ခုတစ်ကြိမ်လည်း အားမနာပါ။

"သမီးရေ ... ပြောပါဦး၊ နောက်ဖေးကို"

ပန်းစကားက အစကတည်းက မေနှင့် မနီးမဝေးမှာပါ။

"သမီး လုပ်ခဲ့ပါ့မယ် မေ"

"သမီးလေးကတော့ လှသလောက် လိမ္မာပါ့"

ဒေါ်ရှယ်လီက စတင်ချီးကျူးခန်းဖွင့်ပေမဲ့၊ ပထမဆုံးအခေါက်မို့ သမီးအကြောင်း သိပ်မပြောသေးဘဲ၊ မိခင်ချင်း ရင်းနှီးအောင် လုပ်ပေးဖို့သာ ရည်ရွယ်ပါ၏။

"ခွန်းချိုက အိမ်တွင်းသိပ်ပုန်းတယ်လေ။ အိမ်တွင်းပုန်းလိုက်၊ ရိုပ်သာဝင်လိုက်နဲ့၊ ဒါပဲ လုပ်နေတာ၊ ကြားတယ်မှလား သူ့အကြောင်း"

ဒေါ်ရှယ်လီက တမင်ပဲ ပြောချလိုက်သည်။ ဒေါ်စုစုလွင်က ဘာပြန်ပြောရမှန်းမသိဘဲ အင်း ... အင်း ... ဟု မသက်သာရယ်ရှာ၏။ ဒေါ်ရှယ်လီက ဦးဆက်အောင် အကြောင်းကို တမင်ပြောသည်။ တကယ်တော့ ဦးဆက်အောင် အကြောင်းကို ဒေါ်စုစုလွင်လည်း သဲ့သဲ့တော့ ကြားထားပါသည်။

"အဲဒါ လူတွေက အထင်သေးပါပြီဆိုပြီး အိမ်တွင်းပုန်းကြီးလုပ်နေတော့ ကိုယ်က သွားလေရာ ခေါ်ပြီး မိတ်ဆွေ

တွေအိမ် အတင်းလိုက်လည်၊ အတင်းဆွဲခေါ်၊ ဘဝထဲပြန်ရောက်အောင် ဆွဲထုတ်နေရတာပဲကွာ"

"ကံတရားတွေပေါ့ ဒေါ်ရွှေခွန်းချိုရယ်"

"ခွန်းချိုလို့ပဲ ခေါ်ပါ။ ရွယ်တူတွေပဲ၊ တက္ကသိုလ်မှာ ဘာသာချင်း မတူလို့ မရင်းနှီးခဲ့ရပေမဲ့ တစ်နှစ်တည်း ကျောင်းပြီးခဲ့ကြတာမှလား လွင်ရယ်။ လွင့်လို့ခေါ်တာ ကြိုက်ရဲ့နော်"

"ခေါ်ပါ … ခေါ်ပါ … သမီး အဖေကလည်း လွင်လို့ပဲ ခေါ်ပါတယ်။ ခွန်းချိုက လွင့်ကို သိတာ ဝမ်းသာပါတယ်၊ လွင်ကတော့ ခွန်းချိုကို အီကိုကွင်းဆိုပြီး သိခဲ့တာ"

"အီကိုကွင်းမှ ကံဆိုးရတယ်ရယ်လို့ကွာ"

"ဒါတော့ ရှယ်လီရယ် … ဘဝအကျိုးပေးတွေပေါ့"

"သူ့အဖေ လုပ်ပုံကြောင့် သူ့သားကိုပါ လူတွေ အထင်သေးမှာ စိုးပြီး၊ အမေရာ သားရော လူရှောင်နေတာလေ"

"မဟုတ်တာ … လွင်တို့ ကြားရတော့လည်း ဦးဆက်အောင်မှာ အပြစ်သိပ်မကြီးပါဘူး။ မဖြစ်ရင်တော့ ကောင်းတာပေါ့လေ။ ဒါပေမဲ့ … ယောက်ျားဆိုတော့လည်း၊ နားလည်ပေးရတော့မှာပါပဲ။ မဆိုင်ပါဘူး၊ ခွန်းချိုကလည်း သားကို ပျောင်းဖျပေါ့။ ဟုတ်တော့ ဟုတ်တာပေါ့နော်၊ သားက ရှက်ရှာမယ်"

"ဒါတစ်ဘယ်ကမလဲ … သူ့ယောက်မ ခင်ဆက်မော်ရော စုစုလွင် သိသေးလား"

"ကိုယ်တို့ထက် ငယ်မယ်နော်၊ ခုဘယ်မှာလဲ"

"ဆုံးတာ ကြာပြီ၊ နှစ်ပေါင်းကို အစိတ်နားနီး ဆိုပါတော့။ သူကလည်း ကိုယ်တို့လိုပဲ ကွန်ဗင့်က ထွက်တော့ ဖွင့်ဖွင့်



လင်းလင်းပေါ့ကွာ။ ဆိုရှယ်ပေါ့။ အဲဒီ အတွက် ဆုံးကာနီးထိ ယောက်ျားနဲ့ တချိန်းချိန်းသတ်တာ"

"ဪ … ဟုတ်တယ်၊ ဦးဆက်အောင် သတင်းထွက်လာတော့လေ၊ ခွန်းချို စိတ်မဆိုးနဲ့နော်၊ လူတွေက သူ့ညီမလည်း ကလက်တဲ့ထဲက ဘာညာပြောကြလို့၊ သန့်သန့်ကြားရတယ်။ မယုံပါဘူး။ တချို့က ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေတတ်တယ်"

"ကျွမ်းကျိုန်ဆိုရင်တောင် ကျိုန်ရဲပါတယ်ကွာ၊ ခင်ဆက်မော်ဟာ မကလက်ပါဘူး။ ရှင်းပါတယ်"

"ယုံပါတယ် ရှယ်လီရယ်၊ နားလည်ပါတယ်"

"နောက်တစ်ခုရှိသေးတယ် သိလား"

"ဘာတဲ့လဲ"

"အဲဒီ ခင်ဆက်မော် သားပေါ့"

ရွှေဝါသွေးက ခွန်းဆက်ကို လိုက်လျောတာတောင် ခွန်းဆက်က တည်ကြည်ရောင်တိမ်းပုံ၊ မျိုးဆက်က သတင်းဆိုးလွင့်ပုံတွေ ပြောတော့၏။

ပန်းစကားက ထမင်းစားခန်းမှ နားစွင့်ရင်း ပြုံးမိရသေးသည်။

ဒေါ်ရှယ်လီက ခွန်းဆက်နှင့် ပတ်သက်သမျှ သတင်းဆိုးတွေ အကုန်ပြော၊ အကုန်ရှင်းပြီးမှ ခွန်းဆက်ကို အမွှန်းတင်၊ ဒေါ်ရွှေခွန်းချိုကို အမွှန်းတင်။

"ဒီအချိန်မှာ ဒီလိုဖြစ်ဖို့က ကံပါလာရင် ရှောင်လွဲနိုင်ခဲ့သားပဲ ခွန်းချိုရယ်၊ ဒီကိစ္စတွေ ဘာမှ မဟုတ်ဘူး၊ လောကထဲမှာ လူသားတွေထဲမှာ ဖြစ်တတ်လေ့ရှိတဲ့ သဘာဝထဲမှာ

တောင်မှ ခပ်ပေါ့ပေါ့ဖြစ်ရပ်တွေပါ။ ဒီထက်ဆိုးတာတွေ တစ်ပုံကြီးပါ ...

"ခုကြုံရတာတွေမှာ ခွန်းချိုက အပြစ် လုံးဝမရှိ၊ ခွန်းချိုသားအပြစ်လည်း လုံးဝမရှိ ဆိုတော့၊ သားအမိနှစ်ယောက်ဖြေပါ။ သူငယ်ချင်းတွေနဲ့ ပြန်ဆုံပါ ခွန်းချိုရယ်၊ လူ့ဘဝဆိုတာ တိုတိုလေး။ တရားထိုင်တာလည်း ထိုင်ပေါ့၊ အပေါင်းအသင်းနဲ့လည်း နေဦးမှ၊ မဟုတ်ရင် ခွန်းချိုမှာ ရောဂါတွေ ဝင်လာလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် လွင်ရယ်၊ ခွန်းချိုတို့ သားအမိနဲ့ ခင်မင်ဆက်ဆံဖို့ စိတ်မပျက်ဘူးပေါ့"

"ဘာပျက်စရာရှိလဲ"

"အဲဒါပဲ စုစုလွင်ရဲ့၊ ဘယ်သူမဆို ... သူတို့သားအမိနဲ့ အပေါင်းအသင်း လုပ်ချင်တော့မှာ မဟုတ်ဘူးဆိုပြီး စိတ်ဓာတ်ဆုတ်နစ်နေတာ"

"လွင်တို့အိမ်လည်း လာလည်ပါ။ အိမ်ထဲချည်း ကုပ်မနေပါနဲ့၊ သားဖြစ်သူကိုလည်း ပြောပေါ့၊ သားက ဘာလုပ်လဲ"

"သူ့အလုပ်တွေက စုံနေတာပဲ လွင်ရဲ့။ ခြံထဲမှာ စတူဒီယို ပေါ့နော်၊ သီချင်းသွင်းတာ၊ တီးဝိုင်းလည်းရှိ၊ ဝိုင်းပါ ငှားရင်လည်းရ၊ စက်ချည်းငှားရင်လည်းရ၊ မြို့ထဲကျတော့ သေးသံသွင်း ဖြန့်ချိရေးဆိုင်၊ ဆီးရီးတွေ ကိုယ်တိုင်လည်း ထုတ်တာပေါ့။ ခြံထဲမှာပဲ စားသောက်ဆိုင်နှစ်ဆိုင် ထပ်ဖွင့်ထားသေးတယ် ...

"အကင်ဆိုင်နဲ့ ကော်ဖီဆိုင်၊ သူ့မှာ ပြေးလွှားနေရတာပါပဲ။ အားတယ်မရှိဘူး၊ မိတ်ဆွေ အပေါင်းအသင်းကို



ရှောင်ချင်တော့ အလုပ်ထဲ စိတ်ဖိပြီး နှစ်ထားတာ၊ နည်းနည်းကလေး အချိန်အားတာနဲ့ ပန်းချီဆွဲတာပဲ"

"ကောင်းတယ် ... ကောင်းတယ်၊ ခုခေတ်ကော်ဖီဆိုင်လေးတွေက ချစ်စရာလေးတွေနော်၊ အရင်းအနှီးလည်း များသလို အမြတ်အစွန်းလည်းများမယ်၊ စတူဒီယိုကလည်း ဝင်ငွေ ဘယ်နည်းလိမ့်မလဲ"

"သူ့အလုပ်အကုန်လုံးက လူပင်ပန်းသလောက် အကျိုးအမြတ်များတဲ့ ဟာတွေချည်းပဲ စုစုလွင်ရဲ့။ ရယ်လီ ပြောရတယ်။ နည်းနည်းပါးပါးလည်း အနားယူဦးလို့။ လူရှောင်ရင်း အလုပ်ထဲနစ်ရင်းကနေ ... လူတွေနဲ့ ပိုပိုကွာသွားမယ် လို့"

"ဟုတ်တာပေါ့ ... သားကို ကြည့်ထိန်းပေးပါ ခွန်းချိုရယ်၊ ကလေး ... သနားပါတယ်၊ သူ့မှာ အပြစ်မှ မရှိဘဲ"

ပန်းစကားက စားစရာဗန်းကို ကိုင်တိုင်သယ်၍ ထွက်လာ၏။ မေတစ်ယောက် ... ကလေး သနားပါတယ်ဆိုတဲ့ အဆင့်ထိ ဖြစ်သွားရတာကို ရယ်ချင်နေတော့၏။

"သမီးလေးက လှလိုက်တာ"

"အမယ်လေး ခွန်းချိုရယ် ... ဆယ့်ခုနစ်သမီးတုန်းက အီကိုကွင်းကိုတော့ မမီသေးပါဘူး"

"အန်တီကမှ တကယ်နုပျိုပြီး ကျက်သရေရှိတာပါ"

"အန်တီက ကျပါပြီ။ သမီးမေမေ ... လွင်သာ၊ သမီးနဲ့ ညီအစ်မလား ထင်ရတယ်"

"စုစုလွင်ရော ဂျက်စမင်ရော ဒီသမီးရော အားလုံး အချော အလှချည်းပဲ၊ ရယ်လီတစ်ယောက်သာ ငယ်ငယ်ကတည်းက ဘောလောဂျန်းဒေါ၊ ခုထက်ထိပဲ"

လွင်ရေ ခွန်းချိုရေနှင့် ဖြစ်ရုံလေးမှာ စခန်းသိမ်းပြီး ပြန်သွားသည့် အန်တီရှယ်လီကို ပန်းစကားက ရယ်ချင်နေတော့သည်။ မေကဖြင့် ပါးပါပေ့။

"သမီး … ရိုဇလင်း လာတုန်းက ပန်းချီကားဝယ်တဲ့ မောင်ခွန်းဆက်ဆီကလား"

"ဟုတ်ပါတယ် မေ … ညဘက် သမီးတစ်ယောက်တည်း ကားမောင်းရမှာ ညနက်နေလို့ နောက်ကနေ စစ်ဂနပ်စ်နဲ့ လိုက်လာပေးတာ အဲဒီပန်းချီဆရာပါပဲ"

ပန်းစကားက အေးအေးစွာ ပြောလိုက်၏။ ဒေါ်စုစု လွင်က ခေါင်းညိတ်ကာ ပြုံး၏။

"သူတို့လာတဲ့ ရည်ရွယ်ချက်ကို ရိပ်မိပြီ။ အဆိုးတွေပြော ပြီး ခွင့်လွှတ်ချက်ကို ယူသွားတယ် ဆိုကတည်းက …"

"မေ ခွင့်လွှတ်စေချင်လို့ နေမှာပေါ့"

ပန်းစကားက ရိုးရိုးပဲ ပြန်ပြောလိုက်သည်။

"သမီးတို့ကို ပန်းချီခန်းပြတော့၊ လွင် ရှိလား"

"မရှိဘူး မေ … ရက်ငါးဆယ်ကျော်ပဲ၊ ဘယ်နှရက်ဆိုလား ရိပ်သာဝင်နေတယ်တဲ့"

"လူလှသလောက် ချမ်းသာပြီး ကံဆိုးတဲ့ မိန်းမသားပဲ။ သမီး ဒီနေ့ ကုန်တိုက်မသွားဘူးလား"

"မသွားတော့ဘူး မေရယ် … နားပစ်လိုက်မလို့၊ လုံးချင်း ကနစ်အုပ်၊ မဂ္ဂဇင်းသုံးအုပ် ခုတင်ပေါ် တင်ထားပြီးပြီ"

"ကောင်းတယ် … သမီးက အနားမယူလို့သာ၊ မေက အဲဒီလို နားစေချင်တယ်"



ပန်းစကား အခန်းထဲသို့ ဝင်ခဲ့တော့၏။ ခုတင်ပေါ် သို့ ကိုယ်ခန္ဓာကြီးကို ပစ်တင်လိုက်သည်။

စိတ်ထဲမှာ ထင်လို့စောင့်နေသည့် တယ်လီဖုန်းခေါ် သံဟာ မဂ္ဂဇင်းစာအုပ် တစ်ဝက်မကျိုးမီမှာပင် မြည်လာတော့၏။

"ပန်းစကား"

"ဟုတ်ကဲ့"

"ကျွန်တော် … ဒီဘက်မှာ ခုန်နေတယ်"

"ဘာဖြစ်လို့လဲ"

"အန်တီ ဒေါ်စုစုလွင်က ခွင့်လွှတ်တယ်တဲ့၊ ကလေးသနား ပါတယ်တဲ့၊ ကျွန်တော့်ကို ကလေးတဲ့ဗျာ … ချစ်စနိုးလေး"

"အို … ဒါ ပြောရိုးပြောစဉ် ရိုးရိုးသားသားပါ"

"အဲဒါလေးနဲ့တင် ဒီမှာ ကျွမ်းထိုးမတတ် ပျော်နေရပြီ။ ပန်းစကား … ကျွန်တော် ပန်းစကားကို ချစ်တယ်။ လက် ထပ်ပါရစေ။ မနက်ဖြန်ကျရင် ဝက်ဝံရုပ်ကြီးနှစ်ရုပ် လက် ဆောင်လာပေးမယ်နော်။ ကျွန်တော့်ကို ချစ်ရင် အရုပ်ကြီး တွေကို လက်ခံပါနော်"

"ဒါတော့ … ကျွန်မက အရုပ်ကြိုက်တာ၊ ခုထက်ထိ ထောင် လုဝယ်နေသေးတာ၊ ရှင်ဦးသွားလို့၊ ဒီလောက်ကြိုက်တဲ့ အရုပ်ကြီးတွေ ရမဲ့ဟာ၊ ဘယ်သူပေးပေး လက်ခံမှာပဲ"

"ဘယ်နည်းနဲ့ပဲ လက်ခံ လက်ခံ၊ ချစ်လို့ လက်ခံတယ်ပဲ ကျွန်တော် သဘောထားလိုက်မယ်"

"ဒါတော့ ရှင့်စိတ်နဲ့ ရှင့်ကိုယ်၊ ကျွန်မလည်း ကျွန်မစိတ် နဲ့ကျွန်မ၊ တခြားစီပဲ"

"ပြီးတော့ ... ပန်းချီကား နှစ်ကားလည်း လက်ဆောင်ပေးဦးမယ်"

"ကျွန်မ ပန်းချီလည်း ကြိုက်တယ်။ ကိုယ်တိုင်မဆွဲတတ်ပေမဲ့ ခံစားတတ်တယ်၊ နှစ်ကားတောင် ဆိုတော့ ရှင် မနှမြောဘူးလား၊ ဘယ်ကားတွေလဲ"

"ချစ်ခြင်းနိဒါန်း"

"ဟာ ... အဲဒီကား ကျွန်မ ကြိုက်တယ်"

"ပြီးတော့ ... ပန်းစကားရဲ့ပုံတူ"

"တကယ်တူလို့လား"

"ကြည့်ပေါ့ ... ဓာတ်ပုံမရှိ၊ ပုံစံမထိုင်ဘဲ ဆွဲထားတာ၊ ဒီလောက် တူတယ်ဆိုကတည်းက ပန်းစကားဟာ ကျွန်တော့်မျက်ဝန်းထဲမှာ ဘယ်လောက် ပုံရိပ်စွဲနေသလဲ ဆိုတာ"

"ဟို ... ရွှေအိုရောင်ကတ္တီပါစနဲ့ ဖုံးထားတဲ့ပုံလား"

"ဟုတ်တယ် ... ကျွန်တော့်ကို ချစ်ရင် လက်ခံပါနော်"

"ကျွန်မက အရုပ်ကြိုက်တယ်၊ ပန်းချီကားလည်း ကြိုက်တယ်၊ ချစ်ခြင်းနိဒါန်းကို လူတကာ ချီးကျူးပြီး အတင်းဝယ်နေတာ မျက်မြင်ပဲ၊ ကျွန်မကိုပေးရင် ကျွန်မ ယူမှာပေါ့။ ကျွန်မရဲ့ ပုံတူဆိုတာလည်း ကျွန်မ လိုချင်တာပေါ့၊ ယူမှာ၊ လက်ခံမှာ၊ ရှင့်ကို ချစ်တာ မချစ်တာနဲ့ ဘာမှမဆိုင်ဘူး"

"ပန်းစကား ... ကျွန်တော် အငြိမ်နေလို့ မရလောက်အောင် ပျော်နေတာ"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲ"

"ပန်းစကား ကျွန်တော့်ကို ချစ်တယ်မလား၊ အဖြေပေးမလားဟင်၊ ကျွန်တော် ပိုပျော်ချင်လို့"



"မပေးပါဘူး၊ မိန်းမသားတစ်ယောက်ရဲ့ တစ်သက်တာအရေးကို တစ်ထိုင်တည်း ဆုံးဖြတ်လို့ ရမလားရှင့်"

"ဦးနှောက်ထဲ ထည့်တွေးတဲ့ စာရင်းထဲမှာတော့ ပါတယ်မဟုတ်လား"

"ကျွန်မ စဉ်းစားပါမယ်"

"ဒီလောက်ဆိုရင် ကျေနပ်ပါပြီ။ ခေါင်းညိတ်လာတဲ့ထိ နည်းမျိုးစုံနဲ့ ကြိုးစားဖို့က ကျွန်တော့် တာဝန်"

"ရှင် တွေ့ကရာတွေ လျှောက်မလုပ်နဲ့ဦးနော်၊ သူများတွေသိပြီး ရှက်စရာကြီးလည်း ဖြစ်နေဦးမယ်"

"ကျွန်တော်တို့အိမ်မှာ စကားဝါပင်ကြီး ရှိတယ်၊ တအားပွင့်တာပဲ၊ အဲဒါကြီးတူးပြီး ပန်းစကား အိမ်မှာ လာစိုက်ပေးမယ်"

"အဲဒီလောက် ပင်ပန်းတာကြီး မလုပ်ပါနဲ့"

"ပန်းစကား ... ကျွန်တော် ပန်းစကားတို့ခြံရှေ့ ရောက်လာပြီ"

"ဟောတော့ ... ရှင်က ကားမောင်းလာရင်း ဖုန်းပြောနေတာလား"

"ဟုတ်တယ် ... အပျော်လွန်ပြီး ပန်းစကားကို တွေ့ချင်လို့။ ကျွန်တော့်ကို တံခါးဖွင့်ပေးမလား"

"ကောင်းမလားရှင် ... ခုနလေးပဲ ရှင့်အမေ ပြန်သွားတယ်၊ အမေလာလိုက် သားလာလိုက်နဲ့"

"ဒါဆို အပေါ်ထပ်က ဝရန်တာမှာ ခဏလေး ထွက်ရပ်ပြမလား"

"ဟာ ... မရပ်ပါဘူး ... နေ့ခင်းကြီး ကြောင်တောင်။ ကိုစွန်းဆက်၊ အဲဒီဥစ္စာ အရမ်းရိုးနေပြီ"

"ဒါဖြင့် ... ထွက်ခဲ့ဗျာ ... Candle Light မှာ ကော်ဖီတိုက်မယ်"

"အိမ်က မထွက်တော့ဘူးလို့ ပြောပြီးနေပြီ"

"ရတယ်လေ၊ ဒါဆိုလည်း ပြန်ရတာပေါ့၊ ကျွန်တော်သွားပြီ"

ဖုန်းပိတ်ချသွားသည်နှင့် ပန်းစကား ရင်မှာ လေးသွားရတော့သည်။ စိတ်များဆိုးသွားတာလား။ စိတ်မဆိုးနိုင်ကောင်းပါဘူးလေ။ သူလူကြီးလူကောင်းပဲ။ မဂ္ဂဇင်းစာအုပ်ကို ကောက်ကိုင်ပေမဲ့၊ တစ်ရွက်ချင်းသာ လှန်လှောရင်း စာတွေကို မမြင်။ ရင်ထဲမှာလည်း တလှပ်လှပ်။ သပ်ရပ်ရှင်းကြော့နေသည့် ယောကျ်ားတစ်ယောက်၏ ပုရိပ်က စွန်းထင်းလွန်းသည်။

ဖုန်းမြည်လာ၏။

"ပန်းစကား"

"အေး"

"နိုင်ငံခြားပို့မဲ့ အစားအစာတွေလေ၊ အချောက်တွေပေါ့၊ မျိုးစုံပဲ လာတင်နေတယ်၊ လက်ခံရမှာလား၊ လက်မခံဘူးလား၊ ကျုပ်တို့ဆီမှာတော့ မရှိသေးဘူး၊ ရှင်လာကြည့်ဦး၊ နောက်ပြီး သူနိုးတစ်ယောက် မိထားလို့ ရဲစခန်းပို့ရမယ်"

"ဟယ် ... ဘာတွေပါသွားလဲ"

"လာကြည့်လိုက်ကွာ"

ဆက်သူက ခွစ္စာသာ ဆိုလျှင်တော့ ပန်းစကားအပြင်ထွက်လာအောင် ခေါ်ထုတ်တာလားဟု တွေးမိပါဦးမည်။



အဲသည်လို တွေးမိလည်း ပန်းစကားက အလိမ်မိခံ၍ ထွက်လာမှာပဲ ဖြစ်၏။ ခုဆက်တာက ... ရင်ခတ်။ ရင်ခတ်မို့ ယုံကြည်ကာ စိတ်ပူသွားလိုက်၏။ အိပ်ရာမှထကာ မျက်နှာနှင့် ဆံပင်နည်းနည်းပြင်၊ အဝတ် ကမန်းကတန်းလဲ၊ ဆံထုံး ထုံးမထားမိသည်မို့ ဒီနေ့တော့ သားရေကွင်းနှင့်ပဲ စုစည်းလိုက်တော့၏။

"မေ ..."

ရင်ခတ် ဖုန်းဆက်တာ ပြော၏။

"ကားဖြည်းဖြည်းမောင်း သမီး၊ စိတ်မလောနဲ့"

ပန်းစကား မောင်းထွက်ခဲ့တော့သည်။

ဂ ဂ ဂ

မည်သူမျှ ဘာမှလာမတင်ပါ။

ဘာသူခိုးမှလဲ မိမထားပါ။ ရုံးခန်းမှာ ပြုံးစိစိနှင့်တတ်တုတ်ထိုင်နေသူက စွန်းဆက်။ ဝက်ဝံရုပ်ကြီး နှစ်ရုပ်နှင့်။

ပန်းစကားက အရုပ်ကို ပြေးယူလိုက်၏။

"ဟိုမှာ ပန်းချီကားနှစ်ချပ် ကျန်သေးတယ်"

ထောင်ပြထားသည့် ကားနှစ်ချပ်အနက်မှ ကိုယ်ပုံတူဆိုတာကို အရင်ကြည့်လိုက်သည်။ တူလှချည်လား။

"ကျေးဇူးတင်ပါတယ်"

စွန်းဆက်က အနားသို့ကပ်၍ ဘယ်သူမျှ မကြားအောင် တိုးတိုးလေး မေးလိုက်၏။

"ကျွန်တော့်ကို ချစ်လား"

"ရှင်ဟာလေ ... ဉာဏ်ကြီးပဲ"

"ကျွန်တော့်ကို ချစ်တယ်လို့ ပြောလိုက်သလားလို့"

ပန်းစကား ... မျက်စောင်းပစ်ပစ်ခဲ့ခဲ့ကြီး တစ်ခုကို ပိတ်ထိုးပစ်လိုက်ပါတော့သည်။

တချစ်သူတိုင်းကို ချစ်တဲ့

**နေနွယ်ဇင်မြင့်**